နိကာယသမုဋ္ဌာပက
ပဋ္ဌမ ရွှေကျင် ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသည့်

## သီရိလင်္ကာနိုင်ငံ

သာသနာ စင်ကြယ်ရေးကို ပြဆိုသော

# လင်္ကာသာသနဝိသုဒ္ဓိကထာ

## မြန်မာပြန်

အရှင်အဂ္ဂညာဏာဘိဝံသ၊ ဓမ္မာစရိယ-ပါဠိပါရဂူ
မြန်မာပြန်ဆိုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ စက်တင်ဘာလ ၁၉၇၉

၁၅၁၇၂

နိကာယသမုဋ္ဌာပကာ

ပဌမ ရွှေကျင် ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည့်

## သီရိလင်္ကာနိုင်ငံ

## သာသနာ စင်ကြယ်ရေးကို ပြဆိုသော

# လင်္ကာသာသနဝိသုဒ္ဓိကထာ

## မြန်မာပြန်

အရှင်အဂ္ဂညာဏာဘိဝံသ၊ ဓမ္မာစရိယ ပါဠိပါရဂူ
မြန်မာပြန်ဆိုသည်။

သာသနာရေး ဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ စက်တင်ဘာလ ၁၉၇၉

၁၅၁၇၂

ရန်ကုန်မြို့၊ကမ္ဘာ့အေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# လင်္ကာသာသနဝိသုဒ္ဓိကထာ
## နိဒါန်း

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ ဆက်ဆံရေး သာသနာရေးအခြေခံသည့် ချစ်ကြည်မှု

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများသည် ဘာသာအယူဝါဒရေး စီးပွါးရေး ကာကွယ်ရေး လူမှုရေးစသော များစွာသော အရေးအကြောင်းတို့တွင် အရေးအကြောင်း တခုခုကို အမှီပြု၍ အချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံကြပေသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတို့သည် ထိုများစွာသော အကြောင်းများတွင် ဘာသာအယူဝါဒကို အဓိကအကြောင်းပြု၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည်ကို ရာဇဝင်သမိုင်း မှတ်တမ်းများအရ အထင်အရှား သိရှိရပေသည်။

ဤလင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းသည်လည်း မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ သာသနာရေးကို အကြောင်းပြု၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည့် သမိုင်းမှတ်တိုင်တခု ဖြစ်ပေသောကြောင့် ဤကျမ်း၏ နိဒါန်း၌ ဘာသာအယူဝါဒရေး အကြောင်းပြု၍ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ မည်သို့ မည်ပုံ ဆက်ဆံ ပေါင်းသင်းခဲ့ကြသည်ကို အခြေအမြစ်နှင့်တကွ လက်လှမ်းမှီသမျှ အကျဉ်းချုပ် ရေးပြပါဦးအံ့။

## ပုဂံခေတ် အနော်ရထာမင်းလက်ထက်

သက္ကရာဇ် ၃၈၇ ခုနှစ်တွင် မြန်မာနိုင်ငံကို ပြည့်ဝချမ်းသ စည်းလုံးညီညာ၍ ထင်ပေါ်ကျော်ကြားသည့် ဗုဒ္ဓဘာသာ တိုင်းပြည်ကြီး ဖြစ်အောင် ပြုစု တည်ထောင်တော်မူသော အနော်ရထာမင်း လက်ထက်၌ အနော်ရထာမင်းကြီးသည် မင်းဆရာ အရှင်အရဟံနှင့် တိုင်ပင်၍ သထုံပြည်မှ ပိဋကတ်တော်များကို ပင့်ဆောင်ယူခဲ့သည်။ ထိုပိဋကတ်တော်များကို တိုက်ဆိုင်ပြင်ဆင်ရန် သီဟိုဠ်ကျွန်း သီရိသင်္ဃဗောဓိမင်းထံသို့ စစ်သူကြီးများကို စေလွှတ်၍ ပိဋကတ်တော်များနှင့် စွယ်တော်ကို ပင့်ဆောင်စေပြန်သည်။ သီဟိုဠ်ကျွန်းမှ ရရှိခဲ့သည့် ပိဋကတ်တော်များနှင့် သထုံပြည်မှ ရရှိခဲ့သည့် ပိဋကတ်တော်များကို တိုက်ဆိုင် ကြည့်သောအခါ အမှားအမှန် အပို အလိုမရှိ တထပ်တည်း တူညီကြောင်း တွေ့ရှိရလေသည်[၁]။

## အလောင်းစည်သူမင်း လက်ထက်

အနော်ရထာမင်း၏ မြစ်တော်ဖြစ်သည့် သက္ကရာဇ် ၄၇၀ ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် ရေကြောင်းခရီး လှည့်လည်တော်မူရာ သီဟိုဠ်ကျွန်းသို့ ရောက်၍ ရှင်မဟာကဿပ ဓုတင်ကျင့်နေတော်မူပုံ ရုပ်ထုတော်ကို ပူဇော်ရန် ရရှိတော်မူခဲ့သည်။ သီဟိုဠ် မင်းသမီးတော်ကိုလည်း ဆက်သ ခံယူရရှိတော်မူခဲ့သည်[၂]။

---

၁။ ဦးကုလား မဟာရာဇဝင်။ ပဌမတွဲ၊ နှာ-၁၉၃။ သာသနဗဟုသုတပ္ပကာသနီ၊ နှာ-၆၀။ သာသနာလင်္ကာရစာတမ်း၊ နှာ-၉၃။

၂။ မဟာရာဇဝင်၊ ပ-တွဲ၊ နှာ-၂၂၃။

## နရသူမင်းလက်ထက်

အလောင်းစည်သူမင်းကြီး နတ်ရွာစံသောအခါ သားတော်သတ် နရသူမင်း သက္ကရာဇ် ၅၂၀-ခုနှစ်၌ နန်းတက်သည်။ အလောင်းစည်သူ သားတော်ကြီး မင်းရှင်စောသည် အဝေးသို့ ရောက်နေရာမှ တိုင်းပြည်ကို သိမ်းယူရန် စစ်တပ်ကြီးဖြင့် ချီတက်လာခဲ့သည်။ ဤအကြောင်းကို ကြားသိရသော နရသူသည် တိုင်းပြည်၌ ထင်ပေါ်ကျော်ကြားတော်မူသော ပံသုကူ မထေရ်သို့ ချဉ်းကပ်၍—

> "အရှင်ဘုရား...နောင်တော် စစ်တပ်ဖြင့် ချီလာဖွယ်မလိုပါ၊ တပါးတည်းသာ လာပါစေ၊ နောင်တော်၏ ဓားကိုထမ်း၍ နန်းတင်ပါမည်"—

ဟု ကတိပေးသစ္စာပြု လျှောက်ထားသည်။

မထေရ်မြတ်လည်း ယုံကြည်တော်မူသောကြောင့် မင်းရှင်စောကို ပြောဟော၍ ခေါ်ပေးသည်၊ နရသူသည် ကတိအတိုင်း နောင်တော်၏ ဓားကိုထမ်း၍ နန်းတင်သည်။ နန်းတင်ပြီးမှ ညဘက်ရောက်သောအခါ အစာ၌ အဆိပ်ခပ်၍ သတ်လိုက်ပြီး နန်းတက်သည်။

ဤအကြောင်းကို သိတော်မူသောအခါ ပံသုကူ အရှင်သည်—

> "ဟယ် မင်းဆိုး မင်းညစ်....သင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤ စည်းစိမ်ကို ရလျှင် သင်၏ ကိုယ်ခန္ဓာသည် မအို မသေပြီဟု

မှတ်သည်လော၊ လောကတွင် သင့်ထက် ပျက်သော
မင်းကား မရှိ"—

ဟုမိန့်ဖတော်မူပြီး သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူသည်[၁]။

## နရပတိစည်သူမင်း လက်ထက်

သက္ကရာဇ် ၅၂၆-ခုနှစ် နန်းတက်သော နရပတိစည်သူမင်း လက်ထက်တွင်လည်း သီဟိုဠ်ကျွန်း သီရိသင်္ဃဗောဓိ ပရက္ကမမင်းကြီး က တောင်းပန်သောကြောင့် သီဟိုဠ်ကျွန်း၌ သာသနာ တော် ညစ်နွမ်းသည်ကို ထွန်းလင်း တောက်ပ အောင် သုတ်သင်ကြောင်း ရာဇဝင်မှတ်တမ်း တွေ့ရှိရပေသည်[၂]။

သက္ကရာဇ် ၅၂၃-ခုနှစ်တွင် မင်းဆရာတော် အရှင်ဥတ္တရာဇီဝသည် တပည့်သာမဏေငယ် ရှင်ဆပဒကိုခေါ်၍ သီဟိုဠ် ကျွန်းသို့ ကြွသွားတော်မူသည်၊ ရှင်ဆပဒကို ရဟန်းအဖြစ် ခံယူစေသည်။

ရဟန်းဖြစ်ပြီးနောက် အရှင်ဆပဒမထေရ်သည် သီဟိုဠ် ကျွန်းမှ—

အရှင်သီဝလိထေရ်
အရှင်တာမလိန္ဒထေရ်
အရှင်အာနန္ဒာထေရ်

တို့နှင့်အတူ သက္ကရာဇ် ၅၄၃-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ကြွ လာခဲ့၍ သာသနာတော်ကို ပြုစုတော်မူသည်[၃]။

---

၁။ မဟာရာဇဝင် ပထမတွဲ၊ နှာ-၂၄၁။
၂-၃။ မဟာရာဇဝင်၊ ပထမတွဲ၊ နှာ- ၂၅၃။

## အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်

အင်းဝခေတ် သီရိသုဓမ္မရာဇာဓိပတိဘွဲ့ ခံယူတော်မူသော သတိုးမင်းဖျားခေါ် မိုးညှင်း မင်းတရား လက်ထက် အခါ သက္ကရာဇ် ၇၉၁-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမ္မာလင်္ကာရ နှင့် သီရိသီဟဠမဟာသာမိ အမည်တော်ရှိ မထေရ်နှစ်ပါးကြွ လာသည်။ သရီရဓာတ်တော် ၅-ဆူကိုလည်း ပင့်ဆောင်လာ ကြသည်။

အင်းဝသို့ မထေရ်နှစ်ပါးနှင့် ဓာတ်တော်များ ရောက်သော အခါ မြေလျှင်လှုပ်သည်၊ ယင်းသို့ လျှင်လှုပ်ခြင်းသည် သာသနာတော် ရှည်မြင့်စွာ ထွန်းလင်းစည်ပင်မည့် နိမိတ်ဖြစ် ကြောင်း မင်းတရားကြီးကိုယ်တိုင် နိမိတ်ဖတ်တော်မူသည်။

သက္ကရာဇ် ၇၉၂-ခုနှစ်တွင် ဓာတ်တော် ၅-ဆူကို ဌာပနာ၍ စစ်ကိုင်းအနောက်ဘက်၌ 'ရတနာစေတီ'ဟု ဘွဲ့မည်သမုတ်၍ စေတီတဆူ တည်ထားသည်၊ ဆင်ရုပ်အများ ခြံရံထားသော ကြောင့် ဆင်များရှင် ဟု ခေါ်ဝေါ်ကြသည်။

ကျောက်သဒေရသုံးတိုက် ပြတင်းပေါက် ခုနစ်ဆယ်ရှစ်ရှိသော ရွှေဥမင်ကျောင်းကို ဆောက်လုပ် လှူဒါန်း၍ သီဟိုဠ်အရှင် နှစ်ပါးကို မင်းကြီး ကိုးကွယ်တော်မူသည်။

မထေရ်နှစ်ပါးလည်း သိမ်သမုတ်ခြင်း ပိဋကတ်ကျမ်းစာ ပို့ချခြင်းစသည်ကို ပြုလုပ်လျက် သာသနာတော်ကို ပြုတော် မူကြသည်[၁]။

---

၁။ သာသနာလင်္ကာရစာတမ်း နှာ-၉၉။
သာသနဗဟုသုတပ္ပကာသနီ နှာ-၇၄။

## ဟံသာဝတီခေတ်

မြန်မာပြည်ရာမညတိုင်း သိရိရတနာပူရမည်သောမုတ္တမမြို့ ကောင်းစားစဉ်အခါက မိဖုရားကြီးကိုးကွယ်သော ဗုဒ္ဓဝံသ မထေရ် နှင့် မဟာနာဂမထေရ် တို့သည် သီဟိုဠ်ကျွန်းသို့ ကူး၍ မဟာဝိဟာရဝါသီ အဆက်အနွယ် အရှင်တို့ထံ သိက္ခာ ထပ်ပြီးမှ မုတ္တမမြို့သို့ ပြန်ကြွလာကာ သာသနာပြုတော် မူသည်။

ထို့ပြင် မုတ္တမမြို့ ဆင်ဖြူရှင်ဘွဲ့ခံ ဘုရင် ဗညားဦး၏ မယ်တော် သိရိသုဘဒ္ဒါဒေဝီ ကိုးကွယ်သော မေဓင်္ကရာမထေရ် သည် သီဟိုဠ်ကျွန်းသို့ ကူး၍ တောကျောင်းနေ မဟာထေရ် ကြီးတို့ထံ သိက္ခာထပ်တင်ပြီးမှ မုတ္တမမြို့သို့ ပြန်လာကာ သာ သနာပြုသည်။ လောကဒီပသာရကျမ်းကို ပြုစီရင်သည်။

ထို့ပြင် သုဝဏ္ဏသောဘဏမထေရ်သည်လည်း သီဟိုဠ်ကျွန်း သို့ ကြွ၍ ကလမ္ဗု ရေအိုင်တွင်း ရေသိမ်၌ ဝန ရတန သံဃ ရာဇာ ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး သိက္ခာထပ်တင်ခဲ့ကာ မုတ္တမမြို့သို့ ပြန်ကြွ သာသနာပြုသည်[၁]။

## ဓမ္မစေတီမင်း လက်ထက်

ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် သက္ကရာဇ် ၈၃၇ ခုနှစ် တွင် နန်းတက်တော်မူသည်။ မင်းအဖြစ်သို့ ရောက်ပြီးသော် ဤသို့ ကြံစည် စဉ်းစားတော်မူသည်။ "သာသနာတော်

၁။ သာသနာလင်္ကာရစာတမ်း၊ နှာ- ၆၀။
သာသနဗဟုသုတပ္ပကာသနီ၊ နှာ- ၁၆၃။

ကြာမြင့်စွာ တည်ရှိရေးမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် အထူး သက်ဆိုင်နေပေသည်။ ရဟန်းတော်များဆိုသည်မှာလည်း ရဟန်းဖြစ်နိုင်ရန်မှာ—

၁။ ရဟန်းလောင်းပုဂ္ဂိုလ်၏ ပြည့်စုံခြင်း၊

၂။ ရဟန်းခံသောအခါ ရွတ်ဖတ်သည့် ဥတ်၏ပြည့်စုံခြင်း၊

၃။ ကမ္မဝါစာ၏ ပြည့်စုံခြင်း၊

၄။ ရဟန်းခံရာ သိမ်၏ ပြည့်စုံခြင်း၊

၅။ ရဟန်းခံပေးသော ဆရာတော်များ၏ ပြည့်စုံခြင်း—

ဟူသော ၅-ပါးသော ပြည့်စုံခြင်းဖြစ်မှ ရဟန်းကောင်း ရဟန်းစစ် ဖြစ်နိုင်သည်”ဟု အကြံအစည်ဖြစ်တော်မူသည်၊ထို့နောက် သီဟိုဠ်ကျွန်း၌ ဒုတိယ သံဂါယနာတင်ပြီး သာသနာပြုရောက်လာသည့် အရှင်မဟိန္ဒာနွယ် အဆက်မပြတ်သေး၊ ထိုအရှင်မြတ်တို့၏ အဆက်အနွယ်ကို ခံယူသင့်သည်ဟု ဆုံးဖြတ်ကာ—

ပဌမအကြိမ် မောဂ္ဂလ္လာန်ထေရ် အမှူးရှိသော ရဟန်း ၁၁-ပါးနှင့် သာမဏေ ၁၁-ပါးတို့ကိုရင်း၊

ဒုတိယအကြိမ် အရှင်သောမ-ထေရ်အမှူးရှိသော ရဟန်း ၁၁-ပါးနှင့် သာမဏေ ၁၁-ပါးတို့ကိုရင်း၊

သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်း လက်ထက်၌ သီဟိုဠ်ကျွန်းသို့ ကြွစေကာ ကလျာဏီမြစ် ရေသိမ်၌ သန့်စင်သော

မဟာဝိဟာရန္တယ်ဝင် အရှင်တို့ဖြင့် ရဟန်းအသစ် ထပ်မံ ခံယူစေသည်။

ပြန်ကြွလာသောအခါ ပဲခူးမြို့၌ ကလျာဏီ သိမ်ကြီးကို သမုတ်၍ ကျန်ရှိနေသည့် ရာမညတိုင်းရှိ ရဟန်းတော်တို့ကိုလည်း ထို ရဟန်းသစ်တို့ဖြင့် ထပ်မံ ရဟန်းခံစေ၍ သာသနာကို ချီးမြှောက်လေသည်[၁]။

## ဘုရင့်နောင် နော်ရထာလက်ထက်

သက္ကရာဇ် ၉၂၀-ခုနှစ် နန်းတက်သော ဘုရင့်နောင် နော်ရထာမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း၌—

၁။ ဓမ္မပါလမင်း
၂။ ခန်းတည်းမင်း
၃။ ကွတ်ဘီးမင်း
၄။ သီတာဝက်မင်း

ဟူသော မင်း ၄-ပါး အုပ်ချုပ်နေရာ ဓမ္မပါလမင်းမှာ ဗုဒ္ဓဘာသာဖြစ်၍ ကျန် မင်း ၃-ပါးမှာ မိစ္ဆာဒိဋ္ဌိမင်းများ ဖြစ်သောကြောင့် ဓမ္မပါလမင်းကို မိစ္ဆာဒိဋ္ဌိမင်းများက ဝိုင်းဝန်း၍ နှိပ်စက်ကြသည်။

ထိုအခါ ဓမ္မပါလမင်းက ဘုရင့်နောင် နော်ရထာမင်းထံ အကူအညီတောင်းသည်။ ဘုရင့်နောင် နော်ရထာသည် သီဟိုဠ်

---

၁။ သာသနာလင်္ကာရ၊ နှာ- ၆၄။
သာသနဝံသပ္ပဒီပိကာ၊ နှာ- ၄၀။
သာသနဗဟုသုတပ္ပကာသနီ၊ နှာ- ၁၅၄။

မင်းထံသို့ စန္ဒသူရိယကို တပ်မှူး, ရာဇဗညားကို စစ်ကဲ ခန့်တော်မူ၍ သင်္ဘော ၅-စင်း လူ ၇-သောင်းတို့ကို သီဟိုဠ်ကျွန်းသို့ လွှတ်လိုက်လေသည်။

သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ မြန်မာစစ်သည်တော်တို့သည် ကြက်ငှက်တို့ကို အစိမ်းစားကြခြင်း, အချင်းချင်း ခေါးလုံတို့ဖြင့် ထိုးခုတ်ကြခြင်း စသော အစွမ်း သတ္တိအိုကို ပြုလုပ်၍ ပြကြရာ ကျွန် မိစ္ဆာဒိဋ္ဌိ သီဟိုဠ်ဘုရင်များလည်း ထိတ်လန့်၍ ဗုဒ္ဓဘာသာအယူ ပြောင်း၍ ယူကြလေသည်။ ဘုရင့်နောင်သို့လည်း လက်ဆောင်ပဏ္ဏာများစွာဆက်သလိုက်လေသည်။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ သာသနာတော်သည် ထွန်းလင်း တောက်ပလာတော့သည် [၁]။

## ဘိုးတော် ဦးဝိုင်း လက်ထက်

**အမရပူရနိကာယ၂။** ။အမရပူရ ပဋ္ဌမ မြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်း လက်ထက် သက္ကရာဇ် ၁၁၆၂-ခုနှစ်၌ သီဟိုဠ်ကျွန်းမှ အရှင်ဉာဏဝိမလတိဿထေရ် ခေါင်းဆောင်သော သာမဏေ ၅-ပါးနှင့် ဥပါသကာ တယောက် ရောက်လာသည်။

ရောက်လာခြင်းအကြောင်းမှာ သီဟိုဠ်ကျွန်းရှိ မူလရှိရင်းစွဲ **သျာမနိကာယ** ခေါ် ရှမ်းယိုးဒယားဂိုဏ်းမှာ လူမျိုးဇာတ်ခွဲခြားသောဝါဒ ကြီးလွန်းသောကြောင့် အချင်းချင်း မညီမညွတ် မသင့်မတင့်ဖြစ်ကာ အကွဲအပြား များလှသည်။

---

၁။ မဟာရာဇဝင် တတိယတွဲ နှာ- ၃၄။

ထို့ကြောင့် မှန်ကန်၍ ညီညွတ်သော သံဃာဂိုဏ်းတခု တည်ထောင်ဖွဲ့စည်းခြင်းငှါ ရွှေအဆင်း ခေတ်တော် ၂-ဆူ၊ ပုလဲ အဆင်း ခေတ်တော် ၃-ဆူ၊ မုလေးငုံအဆင်း ခေတ်တော် ၅-ဆူတို့ကို ပင့်ဆောင်၍ အမရပူရမြို့သို့ ကြွလာကြသည်။

ယင်း ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့၌—

၁။ သာသနာပိုင် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ဆရာပြုလျက်-

၂။ ကဝိန္ဒာဘိရာဇဂုရုဆရာတော်၊

၃။ မုနိန္ဒာဘိရာဇဂုရုဆရာတော်၊

၄။ မုနိန္ဒဃောသရာဇဂုရုဆရာတော်—

တို့ကို ကမ္မဝါဆရာပြုလျက် ဆင်ကြိုးရွှေဂူ သိမ်တော်၌ ရဟန်းပြုပေးတော်မူသည်။

ထို ရဟန်းတော်များ သီဟိုဠ်ကျွန်းသို့ ပြန်သွားပြီး သာသနာပြုတော်မူကြရာ သီဟိုဠ်ကျွန်း၌ အမရပူရဂိုဏ်းဟု ဂိုဏ်းသစ်တခု ပေါ်ပေါက်လာကာ ယနေ့ထက်တိုင် တည်ရှိနေပေသည်[၁]။

## မင်းတုန်းမင်းတရားကြီးလက်ထက်

မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါ သက္ကရာဇ် ၁၂၁၉-ခုနှစ် တပေါင်းလတွင် သီဟိုဠ်ကျွန်းမှ ရဟန်းဝါ ၇-ဝါရ

---

၁။ သာသနဗဟုသုတပွကာသနီ နှာ- ၁၁၃။

အရှင်ဓမ္မက္ခန္ဓနှင့် ၄-ဝါရအရှင်ဝဏ္ဏာယတနတို့သည် လာရောက်၍ သိက္ခာအသစ်တင်၍ ရဟန်းအဖြစ် ထပ်မံ ခံယူကြသည်။ ထိုရဟန်းတော်တို့အား ပစ္စည်း ၄-ပါး လှူဒါန်းပူဇော်သည်။ တိုက်တော်အတွင်းမှာပင် ကျောင်းဆောက်လှူသည်[၁]။

သက္ကရာဇ် ၁၂၂၁-ခုနှစ်၌ သီဟိုဠ်မှ ရောက်လာသော သာမဏေ ရှင်ဉာဏနှင့် ရှင်ဂုဏာလင်္ကာရတို့ကို ပစ္စည်းလေးပါးဖြင့် ချီးမြှောက်၍ ရဟန်းအဖြစ်သို့ ရောက်စေသည်[၂]။

ယင်း ခုနှစ်မှာပင် ယခင်က ရဟန်းအဖြစ် ခံယူသွားသော အရှင်ဓမ္မက္ခန္ဓနှင့် အရှင်ဝဏ္ဏာယတနတို့သည် သီဟိုဠ်ကျွန်း၌ သိမ်အတွက် အငြင်းပွားနေသည်ကို ဖြေရှင်းရန် မြန်မာဆရာတော်ကြီးများထံမှ သိမာဝိနိစ္ဆယ သိမ်အဆုံးအဖြတ်ကို သီဟိုဠ်ကျွန်းသို့ ယူဆောင်သွားကြသည်[၃]။

**ရာမညနိကာယ။** ။မင်းတုန်း မင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၂၂၃-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ အရှင်သီရိသရဏင်္ကရ အမည်ရှိ ရဟန်းတော်တပါး ရောက်လာသည်။ထိုအရှင်သည်လည်း ကလျာဏီသိမ်၌ ရဟန်းအဖြစ် ထပ်မံခံယူသည်။ ဘွဲ့ကိုလည်း ဇလန္ဓာသဘဝရသာမိ ဟု ပြင်ဆင်ခံယူသည်။

ထိုအရှင်မြတ် တောင်းပန်အပ်သောကြောင့် အရှင်ပညာသာမိ အမည်ရှိ ဒုတိယ မောင်းထောင် ဆရာတော်သည်

---

၁။ ကုန်းဘောင်ဆက်မဟာရာဇဝင် တတိယတွဲ နှာ-၂၆၃။

၂။ ကုန်းဘောင်ဆက် တတိယတွဲ နှာ-၂၈၅။

၃။ ကုန်းဘောင်ဆက် တတိယတွဲ နှာ-၂၄၈။

သာသနာ သမိုင်းတစောင်ဖြစ်သည့် သာသနဝံသပ္ပဒီပိကာ အမည်ရှိ ကျမ်းကို ပြုစုတော်မူသည်။

ဣန္ဒာသဘာဝရသာမိ အရှင်မြတ်သည် သီဟိုဠ်ကျွန်းသို့ ပြန်ကြွပြီး ရာမညနိကာယဟူသော ဂိုဏ်းသစ်တခု တည်ထောင်တော်မူသည်။ ယခုတိုင် သီဟိုဠ်ကျွန်း၌ ထို ရာမညနိကာယ ဂိုဏ်း တည်ရှိနေပေသည်[၁]။

## ရွှေကျင်ဆရာတော်ကြီး

မင်းတုန်းမင်းတရားကြီး၏ အားထား ကိုးကွယ်ရာ ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၂၁-ခုနှစ်၊ မန္တလေးမြို့ တည်ထောင်ပြီးခါစကပင် မိမိ သီတင်းသုံးနေရာဌာန ရှိန်းမကားရွာတောင် သရက်ချောင် တောရ မန္တလေး နေပြည်တော်သို့ ပြောင်းရွှေ့၍ သီတင်းသုံး သာသနာပြုတော်မူခဲ့ရာ ၁၅-နှစ်ခန့်ကြာသော် ဂါမဝါသီ ရွာနီးကျောင်း၌ နေထိုင်ရသည်ကို ငြီးငွေ့စက်ဆုပ်တော် မူသောကြောင့် မန္တလေးမြို့နှင့်မနီးမဝေး တယူဇနာ နှစ်ယူဇနာခန့်ကွာဝေးသော ကိန္နရာတောင် ရေတံခွန်တောင် စဥ္စကိုင်တောရ ကုက္ကိုချောင် တောရတို့သို့ ထွက်ကြွကာ နှစ်နှစ်ခန့်တောရဆောက်တည်တော်မူသည်[၂]။

ထိုမှတဖန် မန္တလေးမြို့တော်နှင့် ၁၇-ယူဇနာဝေးသော မင်းလှရွာ၏ အရှေ့တောင် မြစ်တဘက်ရှိ ဝါးရုံချောင် နွား

၁။ သာသနဝံသပ္ပဒီပိကာနိဂုံးနှင့် သီဟိုဠ်သာသနာ့မှတ်တမ်း။

၂။ ရွှေကျင်နိကာယ သာသနာဝင် နှာ-၁၀၈။

လန်တောင် တောရသို့ နှစ်နှစ်ပတ်လုံး တောရဆောက်တည် တော်မူပြန်သည်[၁]။

ယင်းသို့ ဆောက်တည်နေစဉ်အတွင်း သီဟိုဠ်ကျွန်း၌ တည် နေသော မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ဖူးမြော်ပူဇော် လိုသော စိတ်ဓာတ်များ တဖွားဖွား ပေါ်လာတော်မူသည်။ ဤအကြောင်းကို ဒါယကာတော် မင်းတုန်းမင်းကြီးကို မိန့် တော်မူသော်လည်း မင်းတုန်းမင်းကြီးက တားမြစ်နေသည်။ သီဟိုဠ်သို့ သွားရန် ကြံစည်နေခြင်းဖြင့် ၄ နှစ်ခန့် ကြာ ပြန်သည်။ ၁၂၄၀-ခုနှစ် ရောက်သောအခါ ဆရာတော်မှာ သက်တော်ကလည်း ၅၆-နှစ်ရှိပြီး လေနာ ရောဂါကလည်း ဖိစီးနှိပ်စက်နေသည်။ ဤသည့်အကြားမှပင် ဒါယကာတော် မင်းတုန်းမင်းကြီးအား အသိမပေးမူ၍ သီဟိုဠ်ကျွန်းသို့ စွယ် တော်ကို ဖူးမြော်ပူဇော်ရန် ကြွတော်မူလေသည်[၂]။

## စွယ်တော်မြတ်ကို ဖူးခွင့်တောင်းလွှာ

ယင်းသို့ ကြွတော်မူသောအခါ၌ လမ်းခရီး အခက်အခဲ ရှိသည်၊ ဆရာတော်ကြီး၏ ကျန်းမာရေး အခက်အခဲလည်း ရှိသည်။ စွယ်တော်ဓာတ် ကိန်းဝပ်တော်မူရာ သေခဏ္ဍသေလ မြို့ ယခုအခေါ် ကန္ဒီမြို့သို့ ရောက်သော်လည်း စွယ်တော် ဓာတ်တော်ကို ဖူးမြော်ခွင့်ရရန် အခက်အခဲရှိသည်။ ယင်းသည့် အခက်အခဲများနှင့် လမ်းခရီး အတွေ့အကြုံများကို ဖော်ပြ လျက် စွယ်တော်ဓာတ်ကို ဖူးမြော်ခွင့်ပေးရန် တောင်းပန်

၁-၂။ ဤကျမ်းပါဠိ နှာ-၂၇၁။ မြန်မာပြန် နှာ-၃၂၈။

သည့် ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ¹ကို ရေးသားတော်မူလေသည်။

စွယ်တော်ထိန်း ဂေါပကလူကြီးများသည် ဆရာတော်ဘုရားကြီး၏ သန္ဒေသကထာကို ဖတ်ရှုပြီးလျှင် လျင်မြန်စွာ ဖူးမြော်ခွင့်ပေးကြသည်။ ဆရာတော်ဘုရားကြီးသည် မိမိ ဖူးမြော်ရန် တောင့်တ၍ အလိုဆန္ဒ ပြင်းပြလှစွာသော စွယ်တော်ဓာတ်ကို ဖူးမြော်ခွင့်ရပြီးလျှင် သီဟိုဠ်ကျွန်းရှိ သာသနာတော် အခြေအနေ၊ သံဃာတော်မြတ်တို့၏ အခြေအနေ၊ ဒါယကာတို့၏ အခြေအနေများကိုလည်း လက်လှမ်းမှီသမျှ လှည့်လည် လေ့လာတော်မူသည်။ တွေ့ရှိသမျှသော အကြောင်းအရာ အချက်အလက်များကိုလည်း သီဟိုဠ် သံဃာများနှင့် လူဒါယကာတို့အား ပြုပြင်ရန် ကျမ်းဂန်ဒေသနာတို့ဖြင့် ညွှန်းပြလျက် ဟောပြောတော်မူသည်။

ယင်းဟောပြောညွှန်ပြချက်များသည် အလွန်ပင်မှတ်သားကျင့်ကြံ နာယူဖွယ်ကောင်းလှရကား သီဟိုဠ်ကျွန်းရှိ ရှင်လူအပေါင်းတို့က ကျမ်းဂန်စာပေ တစောင်တဖွဲ့ စီစဉ်းပြုစုတော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်ကြသောကြောင့် သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်လာပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီကြီး၏ အရှေ့ဘက်ကျောင်းတော်ရာတိုက်တွင်းရှိ ဂူကျောင်း၌ သီတင်းသုံးတော်မူစဉ် ပါဠိဘာသာဖြင့် ဤ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို ရေးသားပြုစုတော်မူကာ သက္ကရာဇ် ၁၂၄၁-ခုနှစ် တန်ခူးလ

---

၁။ ဤကျမ်းပါဠိ နှာ-၂၆၇-မှ- ၂၇၈-ထိ၊ မြန်မာပြန် နှာ-၃၂၅-မှ-၃၃၆ ထိ ကြည့်ပါ။

အတွင်း ရန်ကုန်မြို့ မြန်မာသံတော်ဆင့် ပုံနှိပ်တိုက်၌ ရိုက်နှိပ် ထုတ်ဝေလေသည်။

**လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း**

ယင်းသို့ ဖော်ပြခဲ့သည့်အတိုင်း ရွှေကျင်ဆရာတော်ဘုရား ကြီး ပြုစုတော်မူသော လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း ဟူသည်မှာ—

သီဟိုဠ်ကျွန်း ယခုအခေါ် သီရိလင်္ကာနိုင်ငံ၏ သာသ နာတော် သန့်ရှင်းစင်ကြယ်ရေးကို ပြဆိုသော ကျမ်းဟု အဓိပ္ပါယ်ရရှိပေသည်။

ဤကျမ်း၌ သန္ဒေသကထာခေါ် သဝဏ်လွှာ ၄-မျိုး ပါရှိ သည်။

ယင်းတို့မှာ—

၁။ ဝိတ္ထာရသန္ဒေသကထာ

၂။ သခေ်ပသန္ဒေသကထာ

၃။ ပုနပါဟိတသန္ဒေသကထာ

၄။ ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ

ဟူ၍ ၄-မျိုး ဖြစ်သည်။

**၁။ ဝိတ္ထာရသန္ဒေသကထာ**

**၁။ သဝဏ်လွှာအကျယ်**

ဤတွင် ဝိတ္ထာရသန္ဒေသကထာ ဟူသည်မှာ သံဝဏ် လွှာအကျယ်ဟု အဓိပ္ပါယ်ရှိသည်။ ဆရာတော်ဘုရားကြီး

သီဟိုဠ်ကျွန်းသို့ရောက်စဉ် သာသနာနှင့်ပတ်သက်၍ ပြုပြင်ရန်တွေ့ရှိရသမျှ အချက်အလက်များကို တခုစီ တခုစီ ထုတ်ဖော်ပြသ၍ အကျယ်တဝင့် ရေးသားဖော်ပြထားပေသည်။

ယင်း ဝိတ္ထာရသန္နေသကထာခေါ် သဝဏ်လွှာအကျယ်၌လည်း ရှေးဦးစွာ လက်ာသာသနဗလဝဘာဝ-သီဟိုဠ်ကျွန်းသာသနာ အားရှိပုံကို ဥပမာ ဥပမေယျတို့ဖြင့် တခမ်းတနားရေးသားဖော်ပြသည်။ ထို့နောက်မှ ဆက်လက်၍ လက်ာသာသနဒုဗ္ဗလဘာဝ သီဟိုဠ်ကျွန်းသာသနာ အားနည်းနေပုံကို ဥပမာ ဥပမေယျတို့ဖြင့် ရေးသားဖော်ပြသည်။

ထို့နောက် ယင်းသို့ အားနည်းရခြင်း အကြောင်း ၃-မျိုးကို စိစစ်ဝေဘန်၍ ဖော်ပြထားသည်။ ယင်းတို့မှာ—

၁။ မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသ=ဘာသာခြားတွေ ရောထွေးနေခြင်း အပြစ်၊

၂။ သံဃရာဇသုညဒေါသ=သာသနာပိုင်မရှိခြင်းအပြစ်၊

၃။ မိထုဘေဒဒေါသ=ရဟန်းအချင်းချင်း မညီညွတ်ကွဲပြားခြင်းအပြစ်-

ဟူ၍ သာသနာ အားနည်းခြင်းအကြောင်း အပြစ် ၃-မျိုးဖြစ်သည်။

၁။ မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသ

၁။ အယူဘာသာခြားတို့ ရောမွှမ်းခြင်းအပြစ်

ပဌမ ဖော်ပြ ထားသည့် မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသ-အယူဘာသာခြားတို့ သီဟိုဠ်ကျွန်း၌ ဝင်ရောက်လာပုံ, သမ္မာ

ဒိဋ္ဌိခေါ် ဗုဒ္ဓဘာသာဝင်များ အားနည်းလာပုံမှာ အခြား ဗုဒ္ဓဘာသာဝင် နိုင်ငံများအတွက် မှတ်သားဖွယ် အလွန် ကောင်းလှပေသည်။ ဆရာတော်ကြီးက ယင်းအကြောင်းကို အဋ္ဌကထာပမာခေါ် ခွေးရူးနှင့် ဥပမာနှိုင်းခိုင်း ပြဆိုထား ပေသည်။

ခွေးရူးသည် မိမိသာ ရူးရုံမက အခြားခွေးကောင်းများ ကိုလည်း လိုက်လံကိုက်ခဲ၍ ရူးအောင် ဖန်တီးနေကြောင်းကို ဖော်ပြထားသည်။

ယင်း မိစ္ဆာဒိဋ္ဌိများသည်လည်း ဗုဒ္ဓဘာသာဝင်တို့ အား နည်းအောင် ပျက်စီးပြိုကွဲအောင် အမျိုးမျိုး ဖန်တီးနေပုံကို ၎င်း၊ ယင်းတို့ ဖန်တီးမှုကြောင့် ဗုဒ္ဓဘာသာဝင်များ အား နည်းလာပုံ ရဟန်းသံဃာများ အနေ အထိုင် ကျဉ်းမြောင်း လာပုံတို့ကိုလည်း ဤကျမ်းပါဠိ နှာ- ၆-မြန်မာပြန် နှာ- ၇-မှ စ၍ ဖော်ပြထားပေသည်။

### ၂။ သံဃရာဇသုညဒေါသ

### ၂။ သာသနာပိုင် ကင်းမဲ့ခြင်း အပြစ်

ရှေးအခါက သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင် ဒေဝါနံ ပိယတိဿမင်း စသော မင်းကောင်း မင်းမြတ်များ ရှိခဲ့ သောကြောင့် အရှင်မဟိန္ဒစသော သာသနာအကြီးအမှူး သာသနာပိုင် ဆရာတော်ကြီးများ ရှိခဲ့သည်။ ယခုအခါ၌ ဗုဒ္ဓဘာသာဝင် မင်းကောင်း မင်းမြတ်များ မရှိသောကြောင့် သာသနာ၌လည်း အကြီးအမှူးများ မရှိတော့ချေ။ သာသ နာ၌ သဒ္ဓါကြည်ညို၍ သာသနာ့ဘောင် ဝင်ရောက်လာသော

ရဟန်းနှင့် စားရေး ဝတ်ရေး စသော ဘေးအမျိုးမျိုး ကြောင့် သာသနာ့ဘောင် ဝင်ရောက်လာသော ရဟန်းတို့ ရောပြွမ်း ရှုပ်ထွေးနေသည်။

မိဘ အုပ်ထိန်းသူ မရှိသော အိမ်ထောင်တခု၌ နေထိုင်ကြ သော သားငယ် သမီးငယ်တို့သည် သင့်လျော်သည်ကို မစား မသောက် မဝတ်မဆင် မပြောမဆို မလုပ်ကိုင်ကြပဲ မသင့် လျော်သည်ကို စားသောက် ဝတ်ဆင် ပြောဆို လုပ်ကိုင် ကြလျက် အကွပ်မဲ့ကြမ်းပရမ်းပတာ ဖြစ်ပျက်နေသည့်အလား ပမာကဲ့သို့ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်များသည်လည်း သာသနာပြု မင်းနှင့် သာသနာ့အကြီးအကဲ ဦးစီး ဦးကိုင် သာသနာပိုင် မရှိသောကြောင့် လိုက်နာကျင့်ကြံရမည်ဟု မြတ်စွာဘုရား ပညတ်တော်မူသည့် ဥပဒေ သိက္ခာပုဒ်များကို မလိုက်နာ မကျင့်ကြံကုန်မူ၍ မပြုလုပ် မကျင့်ကြံကြရဟု တားမြစ်သည့် ဥပဒေသိက္ခာပုဒ်များကို ပြုလုပ် ကျင့်ကြံ ကျူးလွန်ကြခြင်းဖြင့် အကွပ်မဲ့ကြမ်း ပရမ်းပတာပမာ ဖြစ်ပျက်နေကြကုန်သည်။ ဤသည်လည်း သာသနာ အား နည်းခြင်းအကြောင်း ဖြစ်ပေသည်။

ဤအကြောင်းကို အကျယ်တဝင့် ဖွင့်ဆိုလျက် ဤကျမ်း ပါဠိဘာသာ စာမျက်နှာ ၉-မှစ၍ မြန်မာဘာသာ စာမျက်နှာ ၁၀-မှစ၍ ပါဠိတော် အဋ္ဌကထာ ဋီကာ ထုံးပုံ သက်သေ ဥပမာ သာဓကများဖြင့် မှတ်သားဖွယ်ရာ ရေးသားထား ပေသည်။

၃။ မိထုဘေဒဒေါသ

၃။ အချင်းချင်း မညီညွတ် ကွဲပြားခြင်းအပြစ်

ရဟန်းတော်များကွဲခြင်း။ ။သီဟိုဠ်ကျွန်းရှိ မြတ်စွာဘုရား သားတော်များ ဖြစ်ကြသည့် ရဟန်းတော်များသည် အချင်းချင်း မညီညွတ်ဖြစ်ကာ ဂိုဏ်းအမျိုးမျိုး ကွဲပြားခြင်းသည် သာသနာတော် အားနည်းခြင်း အကြောင်းတရပ်ပင် ဖြစ်ပေသည်။

သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒကြွရောက် သာသနာပြုတော်မူခဲ့သည်မှစ၍ သီဟိုဠ်သံဃာတော်များသည် တဂိုဏ်းတည်း ညီညီညွတ်ညွတ် ရှိခဲ့သော်လည်း ကာလ ကြာသော် အကြောင်းအမျိုးမျိုးကြောင့် ဂိုဏ်းအမျိုးမျိုး ကွဲပြားခဲ့ကြသည်။ ရှေးဦးစွာ မြန်မာန္တယ်ဂိုဏ်းနှင့် ဥပါလိန္တယ်ဂိုဏ်း ဟူ၍ ကွဲသည်။

မြန်မာန္တယ်ဂိုဏ်းမှတဖန် မြစ်တခုအတွင်း ရေသိမ်၌ရှိသည့် တံတားငယ်သည် ဂါမသိမ်နှင့် စပ်ယှက်သည်, ဂါမသိမ်နှင့် မစပ်ယှက်ဟု ငြင်းခုံကာ ဂိုဏ်းကွဲပြန်သည်။ ဂါမသိမ်နှင့် စပ်ယှက်သည်ဟူသော ဝါဒဘက်မှလည်း မိမိ၏ ရဟန်း အဖြစ်ကို ယုံမှားသံသယရှိ၍ ထပ်မံ ရဟန်းခံသည့်ဂိုဏ်းနှင့် ထပ်မံ ရဟန်းမခံသည့်ဂိုဏ်းဟု ကွဲပြားပြန်သည်။

ထပ်မံ ရဟန်း ခံသည့် ဂိုဏ်းမှလည်း ဝိနည်း အကျင့် အာစာရကို အကြောင်းပြု၍ ငြင်းကြခုံကြဖြင့် ဂိုဏ်းပေါင်း များစွာ ကွဲပြားပြန်လေသည်။ ဤသို့ဖြင့် သီဟိုဠ်ကျွန်းရှိ သံဃာတော်များသည် ဂိုဏ်းအမျိုးမျိုး ကွဲပြားကြပြန်သည်။ အချင်းချင်း တဘက်နှင့်တဘက် တဂိုဏ်းနှင့်တဂိုဏ်း အပြစ်

ဆိုကြသည်၊ ရန်စောင် မာန်ထောင်ကြသည်။ မြတ်စွာဘုရား ပညတ်ထားသည့် သိက္ခာပုဒ်တော်များကို ဖောက်ဖျက် ကျူးလွန်၍ မိမိအနိုင်ရအောင် ကြိုးစားကြသည်။ အပြန် အလှန် စွပ်စွဲကြ ကဲ့ရဲ့ကြ ဆဲရေးကြသည်၊ ဤသည်တို့ကို အကြောင်းပြု၍ သာသနာတော်ကြီး အားနည်း နွမ်းနယ် ညှိုးငယ်ခြင်း ဖြစ်ရသည်။

လူပုဂ္ဂိုလ်များကွဲပြားခြင်း။ ။တဖန် ထိုအကွဲကွဲ အပြားပြား ဖြစ်နေသော ရဟန်းတော်တို့ကို ကိုးကွယ်နေကြသော လူဒါယကာများသည်လည်း ကွဲပြားကြပြန်သည်၊ မိမိတို့ကိုးကွယ်ရာ ဆရာများကို အားပေး အားမြှောက်ပြုကြရင်း မိမိတို့လည်း ပါဝင်ရန် စောင်ကြ မာန်ထောင်ကြ ဆဲဆိုကြိမ်းပ ရန်ဖြစ်ကြပြန်သည်။

ဤသည့်ဖြစ်ရပ်များကို တွေ့ရှိရသော ဆရာတော်ကြီးသည် ဖြစ်ပေါ်သည့် အချက်အလက် အပြစ်အနာများကို ဖော်ပြ လျက် ဝိနည်းဒေသနာဖြင့်ရင်း, သုတ်အဘိဓမ္မာဒေသနာတို့ ဖြင့်ရင်း, မျက်မြင် ထုံးတမ်းစဉ်လာ ဥပမာ ပုံဝတ္ထုများဖြင့်ရင်း ပြဆိုညွှန်ပြ ဆုံးမထားသည်မှာ အလွန်လျှင် မှတ်သားနာယူ ဖွယ် ကောင်းလှပေသည်။

ဤအကြောင်းများကို ဤကျမ်း ပါဠိဘာသာ နှာ-၁၀၃၊ မြန်မာပြန် နှာ ၁၂၆-မှ စ၍ ရေးသားဖော်ပြထားပေသည်။

## အဘိယာစနကထာ တောင်းပန်လွှာ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သီဟိုဠ်သံဃာတော် များ အချင်းချင်း ကွဲပြားကြပုံ မညီညွတ်ဖြစ်ကြပုံနှင့် လူ

ဒါယကာများပါ လိုက်၍ကဲ့ပြီး မညီမညွတ်ဖြစ်ကြပုံကို ဖော်ပြပြီးလျှင် ဆက်လက်၍ အဘိယာစနကထာ=တောင်းပန်လွှာကို ရေးသားတော်မူသည်။

ဤ အဘိယာစနကထာ=တောင်းပန်လွှာအခန်း အပိုင်းကား ဤကျမ်း တကျမ်းလုံး၏ ကိုယ်ထည်သဖွယ် ဖြစ်တော့သည်။ ထို့ကြောင့် ဤအခန်းကို လေးလေးနက်နက် ဖတ်ရှုမှတ်သားသင့်ပေသည်။

ယင်း အဘိယာစနကထာ၌ ရှေးဦးစွာ ညီညွတ်သင့်တင့်စွာနေထိုင်ကြရန် တိုက်တွန်းတောင်းပန်သည်။ ထိုနောက် ဖြစ်ပေါ်နေသည့် ပြဿနာများကို တခုစီ ရှင်းလင်းဖော်ပြ၍ ပြေလည် ကြေအေးနိုင်မည့် နည်းလမ်းများကို ပါဠိတော် အဋ္ဌကထာဋီကာလာတို့ဖြင့် ကိုးကား၍ ညွှန်ပြတော်မူသည်။ ယင်း အဘိယာစနကထာကို ဤကျမ်း ပါဠိစာမျက်နှာ ၁၃၃-မှစ၍ မြန်မာပြန် စာမျက်နှာ ၁၆၉-မှစ၍ ရေးသားဖော်ပြထားပေသည်။ အဘိယာစနကထာ အပြီးတွင် သဝဏ်လွှာအကျယ် ဝိတ္ထာရသန္ဒေသကထာ ပြီးတော့သည်။

၂။ သခေ်ပသန္ဒေသကထာ

၂။ သဝဏ်လွှာအကျဉ်း

ဝိတ္ထာရသန္ဒေသကထာ သဝဏ်လွှာ အကျယ်၌ သီဟိုဠ်ကျွန်း၌ သာသနာရေး အခြေအနေ အကြောင်းခြင်းရာများကို အကျယ်တဝင့် ရေးပြသည်။

သို့သော် သီဟိုဠ်သားတို့ နားခံသာပြီး လိုက်နာချင်ဖွယ် ရေးသား ရသောကြောင့် ရှည်လွန်းသည့် အသိုင်း အဝိုင်း

အဆင်တန်ဆာ အကိုးအကားများလှသည်။ "ဆရာတော်ကြီး ဘာကို ရေးလိုရင်း ဖြစ်ပါလိမ့်"ဟု ဖြူးဖြူးဒိုင်းဒိုင်း သိနိုင်ရန်မှု မလွယ်လှ။ ထို့ကြောင့် ယင်း သဝဏ်လွှာအကျယ်၌ ပါရှိနေသည့် မိမိဆိုလိုရင်း အချက်အလက် အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှား စေလျက် အသိုင်းအဝိုင်း အဆင်တန်ဆာများ မပါဝင်စေပဲ သဝဏ်လွှာ အကျဉ်းတစောင် ထပ်မံ ရေးသားတော် မူပြန်သည်။

ယင်း သဝဏ်လွှာ အကျဉ်းသည် သဝဏ်လွှာ အကျယ်နှင့် အဓိပ္ပါယ် ထပ်တူထပ်မျှပင် ဆရာတော်ကြီး ဆိုလိုရင်း ဖော်ပြထားပေသည်။ အကျဉ်းအကျယ်သာ ကွာပေသည်။ သဝဏ်လွှာအကျဉ်း၌ ထူးခြားချက် နှစ်မျိုး တွေ့ရသည်။ ယင်းတို့မှာ

၁။ ရဟန်းတော်များ အဓိကရုဏ်း၌ လူဒါယကာများ ပါနေပုံ၊

၂။ ညီညွတ်ရေးအတွက် ဖိတ်ခေါ်ခြင်း—

တို့ဖြစ်သည်။

ရှင်းလင်း ရေးပြပါဦးအံ့—

၁။ လူများပါဝင်နေပုံ။ ။ဤကျမ်း၌ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်များ၏ အဓိကရုဏ်းမှာ လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမများ ပါဝင် ပတ်သက်နေပုံကို ဖော်ပြထားသည်။

ဤအတူပင် မြန်မာနိုင်ငံရှိ ရဟန်းတော်များ၏အဓိကရုဏ်းများမှာလည်း လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမ များလည်း ပါဝင် ပတ်သက်နေသည်ကို တွေ့နိုင်ပေသည်။ အကြောင်း

ရင်းကို စိစစ်ကြည့်လျှင် ရဟန်းတော်များသည် မိမိတို့ စားဝတ်နေရေး ပစ္စည်းလေးပါးလုံးမှာပင် လူပုဂ္ဂိုလ်များကို မှီခိုနေထိုင်ကြရသည်။ အထူးသဖြင့် တရားအမှုအခင်းများ ရှိသောကြောင့် ကုန်ကျရမည့် ငွေရေးကြေးရေးအတွက် လူပုဂ္ဂိုလ်များကို မှီခိုကြရသည်။ ထိုအမှုအခင်း ဖြစ်နေစဉ်အတွင်း လူပုဂ္ဂိုလ်များကပင် တရားအမှုအခင်း ပြိုင်ဆိုင်နေသော ရဟန်းတော်များကို နောက်ပိုင်းမှနေ၍ ငွေရေး ကြေးရေး ပစ္စည်းလေးပါးပေး၍ ဝိုင်းဝန်းထောက်ပံ့ နေတတ်ကြသည်ချည်းသာ ဖြစ်ပေသည်။

ယင်းသို့ သီဟိုဠ်ရဟန်းတော်များ အဓိကရုဏ်း၌ လူဒါယကာများ ပါဝင်နေပုံကို—

လူဒါယကာတို့သည် အလွန်ခက်ခဲ သိမ်မွေ့သော ဝိနည်းအရာ၌ ကိုယ်တိုင်က မကျွမ်းကျင် မလိမ္မာပါပဲဖြင့် ဝင်ရောက်စွက်ဖက် စိစစ်နေကြသည်။

မိမိတို့ ပါဝင်နေသည့်ဘက်မှ ရဟန်းသာမဏေတို့၏ စကားကို ကြား၍ အခြားတဘက်မှ ရဟန်းတော်များကို ရဟန်းကောင်း ရဟန်းဆိုး မခွဲခြားမူ၍ စွပ်စွဲဆဲရေး ကဲ့ရဲ့ပြုနေကြသည်။ ဥပမာအားဖြင့် အိမ်၌ မွေးထားသော ခွေးသည် အိမ်တွင်း ဝင်လာသမျှသော လူကို လူဆိုး လူကောင်း မရွေးချယ်မူ၍ ဟောင်သကဲ့သို့ ဖြစ်နေသည်။

အခြားတဘက်မှ ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်တို့ ဟောကြားသော တရားတော်များကိုလည်း မနာမကြားလို ဖြစ်ကြသည်၊ ဥပမာအားဖြင့် ခွေးကို လူ၏ နို့ကို တိုက်သော်လည်း မသောက်မစို့နိုင် သကဲ့သို့ ဖြစ်သည်။

[ ခါး ]   လက်ာသာသနဝိသုဒ္ဓိကထာ နိဒါန်း

အခြားတဘက်မှ ပညာရှိသူတော်ကောင်းတို့ ဟောပြော သော တရားတော်ကို နာကြားရသော်လည်း ကြည်ညိုသဒ္ဓါ မဖြစ်ပွါးကြ လိုက်နာကျင့်သုံးမှု မပြုလိုကြချေ။ ဥပမာအားဖြင့် ခွေးတို့သည် စတုမဓုကို စားသုံးရသော်လည်း နှစ်သိမ့် အား ရမှုကို မဖြစ်စေနိုင်သကဲ့သို့ ဖြစ်သည်။

အခြားတဘက်မှ အကျင့်သီလနှင့် ပြည့်စုံသည့် ပညာရှိ သူတော်ကောင်းများကို မဖူးမြင်လိုကြ၊ ဖူးမြင်ရသော်လည်း သဒ္ဓါတရား မဖြစ်ပွါးကြချေ။ ဥပမာအားဖြင့် မြတ်စွာဘုရား ကို တိတ္ထိတို့က မဖူးမြင်လိုကြ သဒ္ဓါတရား မဖြစ်ပွါးကြသကဲ့သို့ ဖြစ်သည်။

အခြားတဘက်မှ အကျင့်သီလနှင့် ပြည့်စုံသူများကို တွေ့ လျှင်လည်း အကျင့်ယုတ်သူများဟု အထင်ရောက်တတ်သည်။ ဥပမာ ကလေးသူငယ်များသည် မိမိတို့၏ မိဘနှင့် ရန်ဘက် ဖြစ်သူတို့ကို မကောင်း ထင်မြင်တတ် သကဲ့သို့ ဖြစ်သည် — စသည်ဖြင့် ရေးသား ပြဆိုတော်မူပြီးလျှင် ဆက်လက်၍ ရွာကြီး မီးလောင်ပုံကို ဥပမာပေး၍ ရေးသားတော်မူ ပြန်သည်။

ရွာကြီး မီးလောင်ပုံ ဥပမာ။   ။အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ရဟန်းတော်များ၏

အဓိကရုဏ်းတွင် ဘာမသိ ညာမသိဖြင့် လူပုဂ္ဂိုလ်များ ဝင် ရောက် စွက်ဖက် ပါလာတတ်ကြရာ အကုသိုလ်တရား အမျိုး မျိုး ဖြစ်ပွါး၍ အပါယ်ဆင်းရဲ ရောက်ကြရလေသည်။ ဥပမာ အားဖြင့် ရွာကြီးတရွာ မီးလောင်သောအခါ မျက်မမြင်

ဒုက္ခိတများ ဟိုပြေး ဒီပြေးဖြင့် မီးထဲကျကာ ဒုက္ခရောက်ရသကဲ့သို့ ဖြစ်တော့သည်။

အချို့သော ပုဂ္ဂိုလ်တို့သည် အဓိကရုဏ်း ငြိမ်းအေးစေလိမ့်မည်ဟု မှတ်ထင်ကြကာ အများများကို ပြောဆိုလုပ်ကိုင်ကြရာ အဓိကရုဏ်း ပို၍ ကြီးမားလာလေသည်။ ဥပမာအားဖြင့် ရွာကြီး မီးလောင်ရာ၌ မီးငြိမ်းစေရန် လောင်စာများဖြင့် လောင်းပေးသကဲ့သို့ ဖြစ်တော့သည်။

အချို့ လူပုဂ္ဂိုလ်တို့ကလည်း အဓိကရုဏ်း၌ တဖက်ဖက်မှ ပါဝင် ငြင်းခုံ ဆဲရေးကြရာ အဓိကရုဏ်း မငြိမ်းအေးပဲ ပို၍ ကြီးမားသည်၊ ဥပမာ ရွာကြီး မီးလောင်ရာ၌ မီးတိုင် မီးခဲများဖြင့် ဖုံးဖိ ငြိမ်းသတ်သည်နှင့် တူတော့သည်။

အချို့ကုန်သော သူတို့သည် အဓိကရုဏ်း ပိုဖြစ်အောင် ပြုလုပ်ကြသည်။ အဓိကရုဏ်းဖြစ်လျှင် ဝမ်းသာကြသည်။ ဥပမာ ရွာကြီးမီးလောင်ရာ၌ တရွာတည်းသား ဆင်းရဲသူများက ပစ္စည်းရှိသူတို့ ဥစ္စာရှိသူတို့ ဥစ္စာပစ္စည်းများ ရကြ၍ ဝမ်းသာအားရ ဖြစ်ကြသည်နှင့် တူတော့သည်။

အချို့ ဗုဒ္ဓဘာသာဝင်များက အဓိကရုဏ်း ကြီးအောင် လုပ်၍ အဓိကရုဏ်းကြီးရန် လိုလားကြသည်။ ဥပမာ ရွာတွင်းရှိ သူခိုး လူဆိုးတို့က ရွာမီးလောင်လျှင် ဝမ်းသာကြသည်နှင့် တူတော့သည်။

အချို့ ဝါဒကွဲ ဘာသာခြားများက အဓိကရုဏ်း မငြိမ်းအောင် လုပ်ကြသည်၊ အဓိကရုဏ်းကြီးလျှင် ပို၍ ဝမ်းသာကြသည်။ ဥပမာ ရွာကြီး မီးလောင်သောအခါ အခြား

ရွာသား လူဆိုးများ လုယက်ရန် ဝိုင်းလာသည်နှင့် တူတော့သည်။

အချို့ ဝါဒကွဲ ဘာသာခြားများက အဓိကရုဏ်းဖြစ်လျှင် ဝမ်းသာကြသည်။ အဓိကရုဏ်းကြီးမားပြီး ဗုဒ္ဓဘာသာကြီး ယိုင်လဲ ပြိုကွဲ ပျက်သုဉ်း သွားစေလိုကြသည်။ ဥပမာ ရွာကြီး မီးလောင်ရာ၌ တောထဲမှ သူခိုး လူဆိုးအုပ်ကြီး ချီတက် ဝိုင်းအုံလာသကဲ့သို့ ဖြစ်တော့သည်။

အချို့ ပညာရှိ သူတော်ကောင်းများက နည်းမှန် လမ်းမှန် သိ၍ ပြောဆိုကြပါသော်လည်း အဓိကရုဏ်းအားက ကြီးမား လှ၍ အရာမရောက် ဖြစ်တော့သည်။ ဥပမာ ရွာကြီးမီးလောင် ရာ၌ အနည်းငယ်မျှ လူစုကံ ပုံးငယ် ခွက်ငယ်ဖြင့် ရေလောင်း ငြိမ်းသော်လည်း မတတ်နိုင် လက်မှိုင်ချရသကဲ့သို့ ဖြစ်တော့ သည်။ ဤသို့လျှင် ရဟန်းတော်များ အဓိကရုဏ်း၌ လူ ဒါယကာများ အမျိုးမျိုးပါဝင်နေကြပုံကို ဤဥပမာ အမျိုး မျိုးဖြင့် ရေးသားထားသည်ကို ဤကျမ်းပါဠိ နှာ-၂၁၀ မှ စ၍ မြန်မာပြန် နှာ ၁၆၃-မှစ၍ ဖတ်ရှုနိုင်ပေသည်။

၂။ ညီညွတ်ရေးအတွက် ဖိတ်ခေါ်ခြင်း။　　။ရွှေကျင် ဆရာ တော်ကြီးသည်

သီဟိုဠ် ရဟန်း သံဃာတော်များ ကွဲပြားကာ အဓိကရုဏ်း ဖြစ်နေခြင်းနှင့် လူ ပုဂ္ဂိုလ်များ အဓိကရုဏ်း၌ ဝင်ရောက် စွက်ဖက်နေကြပုံကို သိမြင်တော်မူသည်အားလျော်စွာ ယင်း အဓိကရုဏ်း ငြိမ်းအေး၍ ညီညွတ်မှုကို ရစေချင်သည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်းသို့ မကြွမီ မြန်မာနိုင်ငံ နေစဉ်ကလည်း သီဟိုဠ် ရဟန်းတော်များ

ညီညွတ်ရေးကို ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ယခု သီဟိုဠ်သို့ ရောက်သောအခါ၌လည်း ဆောင်ရွက်ဆဲ ဖြစ်သည်။

မှန်လှပေသည်။

သီဟိုဠ်မရောက်မီ မြန်မာပြည်၌ နေစဉ်ကဆိုလျှင် သီဟိုဠ်ရဟန်းတော်များ ညီညွတ်မှုရရှိရေး အဓိကရုဏ်းငြိမ်းချမ်းရေးအတွက် အားစိုက် ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်းကြီးနှင့် အကြိမ်ကြိမ် တိုင်ပင်ခဲ့သည်။ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းပေါင်း မြောက်မြားစွာကို ကြည့်ရှုခဲ့သည်။ ပညာဗဟုသုတ ကြွယ်ဝသည့် ရှင်အဂ္ဂဓမ္မာလင်္ကာရ စသော ရာဇဂုရု တံဆိပ်တော်ရ ဆရာတော်တို့နှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့သည်။

ယင်းသို့ စာပေကြည့်ရှုပြီးလျှင် ပညာရှိပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်၍ **သီမာသင်္ကရဝိနိစ္ဆယ** အမည်ရှိ ကျမ်းတစောင်ကို ပြုစု စီရင်၍ စက်တင်ပုံနှိပ်ပြီး သီဟိုဠ် သံဃာတော်များထံသို့ ပို့ခဲ့သည်။

ယခု သီဟိုဠ်ကျွန်းသို့ ကိုယ်တိုင် ရောက်သောအခါ၌လည်း ရောက်လေရာ အရပ်ဒေသမှာ တွေ့တိုင်းသော သီဟိုဠ်ကျွန်းသား ရဟန်းရှင်လူများအား တတ်စွမ်းနိုင်သမျှ အဓိကရုဏ်းငြိမ်းချမ်း ညီညွတ်ရေး တရားကိုသာ ဟောခဲ့ပေသည်။

သို့စဉ်မှာလောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံ ဆောင်ရွက်ဆဲဖြစ်ပုံများကို ဖော်ပြရေးသားပြီးလျှင် အကယ်၍များ အဓိကရုဏ်း မငြိမ်းအေးပါမူ အဓိကရုဏ်း ဖြစ်ပွါးသော သီဟိုဠ် ရဟန်းတော်များကို အပြစ်မဆိုလိုပါ၊ အဓိကရုဏ်းကို

ငြိမ်းအေးအောင် မဆောင်ရွက်နိုင်သည့် မိမိတို့ မြန်မာနိုင်ငံသား ရဟန်းတော်များ၏ ညှိုဖျင်းမှု အပြစ်သာ ဖြစ်ကြောင်း အဓိကရုဏ်းကို ဖြစ်ပွါးစေသည့် အကုသိုလ် ကိလေသာ တရား၏ အပြစ်သာဖြစ်ကြောင်း ရေးသားပြီးမှ အကယ်၍ ညီညွတ်လို၍ သီဟိုဠ်၌ သံဃာတော်များက တောင်းဆိုလျှင် မိမိအပါအဝင် မြန်မာ ရဟန်းတော်များနှင့် မင်းကေရာဇ် အမှူးပြုသော မြန်မာ နိုင်ငံသူ နိုင်ငံသားတို့က အကူအညီ ပေးမည်ဖြစ်ကြောင်း ဖိတ်မန်ကာ သခေ်ပသန္ဒေသကထာကို နိဂုံးချုပ်ထားပေသည်။

ဤ အကြောင်းများကို ဤ ကျမ်း ပါဠိ နှာ ၂၂၂-မြန်မာပြန် နှာ-၂၇၆မှ စ၍ ကြည့်ရှု လေ့လာနိုင်ပါသည်။

## ပုနပါဟိတသန္ဒေသကထာ
## နောက်ထပ်ပို့သည့်သဝဏ်လွှာ

လင်္ကာသာသန ဝိသုဒ္ဓိကထာကျမ်းရှိ သန္ဒေသကထာကြီး ၄-မျိုးတို့တွင် ဤ သန္ဒေသကထာသည် တတိယ သန္ဒေသကထာ သဝဏ်လွှာဖြစ်သည်၊ ရှေ့သဝဏ်လွှာ (ဝိတ္ထာရနှင့် သခ်ေပ) နှစ်မျိုးကို ပို့ပြီးမှ နောက်ထပ်ပို့သည့် သဝဏ်လွှာ ဖြစ်သောကြောင့် ပုနပါဟိတသန္ဒေသကထာဟု အမည်ပေး ထားခြင်းဖြစ်၏။

ယင်းသဝဏ်လွှာ သန္ဒေသကထာ၌ ရှေးသဝဏ်လွှာ ၂-စောင်ကြောင့် အဓိကရုဏ်းဖြစ်နေသော သီဟိုဠ်သံဃာတော် အချို့ ညီညွတ်မှုရလာပုံကို ဖော်ပြထားသည်၊ မှန်၏။ ဂိုဏ်း ကွဲနေသော အချို့သော အမရပူရဂိုဏ်းဝင် သံဃာတို့သည်

ကံကြီးကံငယ် အတူဆောင်ရွက်သည်အထိ ညီညွတ်မှု ရလာကြောင်းကိုရင်း၊ ရဟန်းခံမည့် ရဟန်းလောင်းနှင့် ရဟန်းပြုပေးမည့် ဆရာရဟန်းများက ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင်ပါမည် စသည်ဖြင့် ဝန်ခံကတိ ပြုကြောင်းများကိုရင်း ဖော်ပြထားသည်။

ထို့နောက်မှ ရဟန်းသံဃာတော်များ အဓိကရုဏ်း ဖြစ်ပွါးရာ၌ နောက်ကွယ်မှနေ၍ ပါဝင်နေကြသော လူပုဂ္ဂိုလ်များကို ဆုံးမသြဝါဒစကား ရေးသားထားပေသည်။

ဤအကြောင်းများကို ဤကျမ်း ပါဠိဘာသာစာမျက်နှာ ၂၃၆-မှစ၍ မြန်မာပြန် စာမျက်နှာ ၂၈၁-မှစ၍ ဖတ်ရှုနိုင်သည်။

## ဒါဌာဓာတုပူဇနာဘိယာစန သန္ဒေသကထာ စွယ်တော်ဖူးခွင့်တောင်း သဝဏ်လွှာ

ဤသဝဏ်လွှာကို ဆရာတော်ကြီးသည် အခြား သဝဏ်လွှာတို့၏ ရှေးဦးစွာ ရေးသားတော်မူသည်ဟု ထင်ရသည်။ အကြောင်းမှာ စွယ်တော်ကို ဖူးမြော်ရန် သီဟိုဠ်ကျွန်းသို့ ကြွလာပြီးမှ ဦးစွာပဌမ စွယ်တော်ကိုဖူးခွင့်ရရန် ခွင့်တောင်းလွှာ ရေးသည်။ ဖူးခွင့်ရပြီးသောအခါမှ လိုအင်ဆန္ဒပြည့်ဝပြီးဖြစ်သောကြောင့် အခြားအဓိကရုဏ်း ငြိမ်းအေးရေးအတွက် ဆောင်ရွက်သည်ဟု ယူဆရပေသည်။

သို့သော် ဤကျမ်း၌မူ ကျမ်း၏ နောက်ဆုံးကျမှ "ဤကျမ်းကို ဘယ်သူပြုသနည်း ဟု ပုစ္ဆာထုတ်ကာ ဤသီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးရန်လာသည့် ရွှေကျင်ဆရာတော် ပြုစု

ပါကြောင်း”စသည်ဖြင့် ဖြေဆိုလျက် ဤသဝဏ်လွှာကို ရေးသားတော်မူပေသည်။

အမှန်စင်စစ် ဤ သဝဏ်လွှာသည် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၏ နိဒါန်းကဲ့သို့ ဖြစ်သော်လည်း ကျမ်း၏နောက်ဆုံးဖြစ်သော နိဂုံးနေရာသို့ ရောက်နေပေသည်။

ဤ သန္ဒေသ ကထာ၌ ရွှေကျင် ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်း၌ ကိန်းဝပ် တည်ရှိနေသော စွယ်တော်မြတ်ကို ဖူးမြော်ရန် လိုအင်ဆန္ဒ ဖြစ်ပေါ်ပုံမှစ၍ ဖူးမြော်ခွင့်ရအောင် ကြိုးစားရပုံ နာမကျန်းရှိလျက် ကုန်းတတန် ရေတတန် ခရီးသွားရပုံတို့ကို စိတ်ဝင်စားဖွယ် သီကုံး ရေးသားတော် မူသည်။

ထို့နောက် သီဟိုဠ်ကျွန်းသို့ ရောက်ရှိသော် တွေ့ကြုံရပုံအကြောင်း အရာများနှင့် စွယ်တော် ဖူးခွင့် ရရန် ခက်ခဲပုံအကြောင်းတို့ကို ဖော်ပြပြီး စွယ်တော်မြတ်ကို ဖူးမြော်ခွင့်ပေးပါမည့် အကြောင်းတို့ကို သာယာ ပြေပြစ်လှစွာသော ပါဠိဝေါဟာရ အသုံးအနှုန်းတို့ဖြင့် ရေးသားထားပေသည်။

ဤသို့လျှင် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို သန္ဒေသကထာကြီး ၄-ပိုင်းတို့ဖြင့် ဖွဲ့ဆိုရေးသားတော်မူသည်။

## ဤကျမ်း၏ ဂုဏ်ကျေးဇူးများ

ဤကျမ်းသည်ကား သာယာချောမွေ့သော ပါဠိစကားလုံးများကိုရွေးချယ်သုံးစွဲလျက် ကျစ်လစ်သိပ်သည်းစွာဖွဲ့စည်း

ထားသည့် မြန်မာပြည်သား ရဟန်းတော်တပါး ပြုစုထားသည့် ပါဠိကျမ်းတဆူ ဖြစ်သည်။

မှတ်သားနာယူ လိုက်နာကျင့်ကြံဖွယ် ကောင်းလှသော အဓိပ္ပါယ် သဘောသဘာဝ များကိုလည်း ပြဆိုထားသော ကျမ်းဖြစ်သည်။

ရှေးအတိတ် တချိန်က တစိတ်တဒေသသော အရပ်၌ ဖြစ်ပေါ်ခဲ့သော သာသနာရေးပြဿနာ အရှုပ်အထွေးများ ဖြေရှင်းရန် ကိုးပမ်းခဲ့သော ကျမ်းတဆူ ဖြစ်သောကြောင့် အနာဂတ်၌များ အခြားတရပ်တဒေသ၌ အလားတူ ပြဿနာရပ်များ ဖြစ်ပေါ်ခဲ့လျှင် ဖြေရှင်းနိုင်ရန် အကူအညီပေးနိုင်မည့် ကျမ်းတဆူလည်း ဖြစ်သည်။

သမိုင်းမှတ်တမ်း ရာဇဝင်များ၌ပါရှိသော မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့ အပြန်အလှန် တနိုင်ငံနှင့်တနိုင်ငံ ချစ်ကြည်ရင်းနှီးစွာ အကျိုးပြုခဲ့ကြပုံ များတွင် ထင်ရှား တောက်ပြောင်သော သမိုင်းဝင်မှတ်တမ်း ကျမ်းတဆူလည်း ဖြစ်ပေသည်။

သာသနာတော်၌ ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့သော မညီညွတ်မှု ဝါဒကွဲပြား ငြင်းခုံမှု အဓိကရုဏ်းများကို ပယ်မြစ်တားနိုင်သော စွမ်းအင်ရှိသော ကျမ်းတဆူလည်း ဖြစ်ပေသည်။

ဤ လက်ာသာသနဝိသုဒ္ဓိကထာကျမ်း၏ စွမ်းအင်ကြောင့် သီဟိုဠ်ကျွန်း၌ နှစ်ပေါင်းများစွာ ဖြစ်ပွါးနေခဲ့သော ငြင်းခုံကွဲပြားခြင်း အဓိကရုဏ်းကြီးသည် ဤကျမ်း ထွက်ပေါ်

ခါစဥ် ရာခိုင်နှုန်းများစွာ ငြိမ်းချမ်းမှုရခဲ့ပြီး ဤကျမ်းထွက်၍ ကာလအတန်ကြာသော် ယင်းအဓိကရုဏ်းကြီး လုံးဝ ချုပ်ပျောက် ငြိမ်းချမ်းသွားလေသည်။ ယခုအခါ၌မူ အဓိကရုဏ်း ချုပ်ငြိမ်းရုံသာမက သိဟိုဠ်ကျွန်း၌ ဤကျမ်းပြု ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း လိုက်နာ ကျင့်သုံးသည့် ရွှေကျင်နိကာယ သံဃာအဖွဲ့အစည်းတခုပင် မားမား မတ်မတ် ရပ်တည်လျက်ရှိနေပေပြီ။

ဤမျှလောက် အကျိုးများပြား စွမ်းအင်ကြီးမား ထက်မြက်လှသော လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းသည် မြန်မာသက္ကရာဇ် ၁၂၄၁ (ခရစ် ၁၈၈၀) ခုနှစ် တန်ခူးလက ရိုက်နှိပ်ပြီးစီးခဲ့ရာ ယနေ့သက္ကရာဇ် ၁၃၄၀-ခု (ခရစ် ၁၉၇၉) ခုနှစ်ဆိုလျှင် နှစ်ပေါင်းတရာမျှ ကြာမြင့်၍ ရာပြည့်ပွဲပင် ဆင်နွှဲဂုဏ်ပြုရန် သင့်လျော်သည့် အချိန်ကာလတိုင် ရောက်ခဲ့ပေပြီ။

သို့သော်လည်း နှစ်ပေါင်း တရာခန့်အတွင်း တကြိမ်တခါမျှ ထပ်မံရိုက်နှိပ်ခြင်း မရှိခဲ့ပဲ စာမူပင် ပျောက်ကွယ်လုနီးနီး ဖြစ်နေပေသည်။

အမျိုးဘာသာ သာသနာအတွက် ကျေးဇူးများလှ၍ ကျမ်းဂန်စာပေများကို ဖော်ထုတ်ရိုက်နှိပ်ရန်မှာ သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်၏ အဓိကကျသော လုပ်ငန်းတာဝန်ကြီးတရပ် ဖြစ်သည်ကတကြောင်း–

၁၉၆၇-ခုနှစ်က မြန်မာအစိုးရ ဧည့်သည်တော်အဖြစ် ရောက်ရှိလာသည့် သီရိလင်္ကာအစိုးရ ရှေးဟောင်းသုတေသန

မင်းကြီး ဒေါက်တာ ဂိုဒန်ဘူရီ အမည်ရှိ ပုဂ္ဂိုလ်ကြီးကလည်း သီဟိုဠ်-မြန်မာချစ်ကြည်ရေး သမိုင်းမှတ်တိုင်ဖြစ်သော ဤကျမ်းကို မြန်မာနိုင်ငံမှ ထပ်မံရိုက်နှိပ်ပါရန် တိုက်တွန်းခဲ့သည်က တကြောင်းတို့ကြောင့် မူရင်းဖြစ်သည့် လက်ာ-သာသနဝိသုဒ္ဓိကထာ ပါဠိကျမ်းကို သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ပြန်လည်ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

## လက်ာသာသနဝိသုဒ္ဓိကထာ မြန်မာပြန်ကျမ်း

ရွှေကျင် ဆရာတော်ဘုရားကြီးသည် ဤလက်ာသာသနဝိသုဒ္ဓိကထာကျမ်းကို သီရိလက်ာနိုင်ငံရှိ ပါဠိပညာရှင်များ ဖတ်ရှုစေရန်အတွက် ရည်ရွယ်၍ ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူသည်။

ဤကျမ်းကို ပါဠိဘာသာ တတ်ကျွမ်းသူများ ဖတ်ရှုနားလည်နိုင်မည်ဖြစ်သော်လည်း မြန်မာဘာသာ သက်သက်ကိုသာ တတ်ကျွမ်းသူ မြန်မာ တိုင်းရင်းသားများ ဖတ်ရှုနားလည်နိုင်မည် မဟုတ်ချေ။

ဗုဒ္ဓသာသနာပြု မြန်မာဆရာတော်ကြီးတပါး ရေးသားထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် သီရိလက်ာနိုင်ငံတို့၏ ချစ်ကြည်ရေး မှတ်တိုင်ကြီးလည်းဖြစ်၍ သာသနာ့အကျိုးကို သည်ပိုးထမ်းဆောင်နိုင်စွမ်းလည်းရှိသည့် ကျမ်းကြီးတဆူ၏ သဘောအဓိပ္ပါယ် အနှစ်သာရကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ မဖတ်ရှုနိုင်ပါ, နားမလည်နိုင်ပါဟု ဆိုပြန်လျှင်လည်း ဤကျမ်းကို ပြန်လည်ဖော်ထုတ် ရိုက်နှိပ်ထုတ်

ဝေသည့် သာသနာရေးဦးစီးဌာနကြီး၏ ချွတ်ယွင်း လစ်ဟင်း ချက် ကွက်လပ်ကြီးတခု ဖြစ်နေပေလိမ့်မည်။

ဤအကြောင်းအရာကိုဆင်ခြင်စဉ်းစား သတိထားမိသည့် ထိုစဉ်က သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်ခဲ့၍ ယခုနိုင်ငံတော်ကောင်စီဝင် ဖြစ်နေသူ ဆရာဦးလှမောင်သည် မြန်မာပြန် အယ်ဒီတာချုပ် ဦးကျော်ထွတ်၊ စာပြင်မှူးချုပ် ဦးထွန်းလှိုင် တို့နှင့် ညှိနှိုင်းတိုင်ပင်ကာ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း မြန်မာပြန်ကိုပါ ထည့်သွင်း ရိုက်နှိပ်ရန် ဆုံးဖြတ်၍ မြန်မာပြန် အယ်ဒီတာအဖွဲ့ကို မြန်မာပြန်ရန် ညွှန်ကြား စီစဉ်ခဲ့သည်။

သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရာထူးကို ဆက်လက်၍ တာဝန်ယူ ထမ်းဆောင်ရသည့် ဦးကြည်ညွန့်သည်လည်း ဤလင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၏ သာသနာပြု ဂုဏ်သတ္တိရှိပုံ၊ တန်ဖိုးကြီးမားပုံကို ကောင်းစွာသိရှိသူ ဖြစ်သောကြောင့် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း ရိုက်နှိပ်ထုတ်ဝေရေး အစီအစဉ်ကို မျက်ခြေပြတ်သွားခြင်းနှောင့်နှေးကြန့်ကြာခြင်းမဖြစ်စေပဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် စီစဉ် အမိန့်ချမှတ်ခဲ့ပေသည်။

## ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့မှ

သာသနာရေးဦးစီးဌာန အကြီးအကဲများနည်းတူပင် ဤလင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၏ သာသနာပြု စွမ်းအင်သတ္တိကို သိရှိ၍ ဤကျမ်း ပြန်လည်ဆန်းသစ်မှုကို အာရုံပြုဂရုစိုက်နေသည့် သံဃာ အဖွဲ့အစည်းတခု ရှိနေသည်ကိုရင်း၊

ယင်းအဖွဲ့ အစည်း၏ ဆောင်ရွက်ချက် ကိုရင်း ဤနေရာ၌ ဖော်ပြရန် လိုအပ်လှပေသည်။

ယင်း သံဃအဖွဲ့အစည်း ဟူသည်မှာ ရွှေကျင် ဂိုဏ်းဝင် ဦးစီးခေါင်းဆောင် ဂဏဝါစက စာချဆရာတော်များ ပါဝင် ဖွဲ့စည်းထားသည့် '**ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့**' ပင် ဖြစ်ပေသည်။

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေး အဖွဲ့သည် ရွှေကျင် ဂိုဏ်းဆိုင်ရာ စာပေများကို—

၁။ တိမ်းပါးမှားယွင်းခြင်းမရှိစေရန် စောင့်ရှောက်မည်။

၂။ ပျက်စီးချွတ်ယွင်းခြင်းမရှိစေရန် ထိန်းသိမ်းမည်။

၃။ တိမ်မြုပ် ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်။

၄။ တဦးတယောက် အမြတ်အစွန်းရရှိစေရေးမဖြစ်စေပဲ သာသနာ့ထွန်းကားရေး အတွက်သာ ဖြစ်စေမည်–

ဟူသောရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပေသည်။

အဖွဲ့ဝင် ဆရာတော်များသည် သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၌ လက်ာသာသနဝိသုဒ္ဓိကထာကျမ်းကို ရိုက်နှိပ်နေကြောင်း သတင်းကြားရလျှင်ပင် အလွန်အမင်း ဝမ်းမြောက်ခြင်း ဖြစ်တော်မူကြကာ—

**လက်ာသာသနဝိသုဒ္ဓိကထာကျမ်းကား သာသနာပြုရန် အတွက် အလွန်အစွမ်းထက်မြက်သော ကျမ်းဖြစ်သည်။ သို့**

သော် ပါဠိဘာသာဖြင့် ရေးသည့် ကျမ်းဖြစ်သောကြောင့် မြန်မာဘာသာ သက်သက်ကိုသာ တတ်ကျွမ်းသူများ ဖတ်ရှုနားလည်မည်မဟုတ်။ မြန်မာဘာသာသက်သက်ကိုသာ တတ်ကျွမ်းသူတို့ အတွက် မြန်မာပြန်ပေးရန် လိုအပ်သည်။ ထိုကြောင့် အဖွဲ့ဝင်ထဲမှ အသင့်လျော်ဆုံး ဖြစ်သည့် အရှင်အဂ္ဂ-ဉာဏာဘိဝံသက မြန်မာပြန်ဆို၍ အဖွဲ့သို့ တင်ပြရမည်–

ဟူ၍ စည်းဝေး တိုင်ပင်တော် မူကြပြီး ဆုံးဖြတ်ချက် ချတော်မူကြသည်။

လက်ာသာသနဝိသုဒ္ဓိကထာကျမ်းကို မြန်မာပြန်ရန် အဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံတော်မူရသည့် အရှင်အဂ္ဂဉာဏာဘိဝံသသည်လည်း—

သာသနဓဇ ဓမ္မာစရိယ (ပါဠိပါရဂူ)၊
ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊
မဟာဝိသုဒ္ဓါရုံ စာချဂဏဝါစက——

ဖြစ်တော်မူသည် အားလျော်စွာ ပေးအပ်သည့် တာဝန်ကို မငြင်းမဆန်မူ၍ မြန်မာဘာသာ ပြန်ဆိုပြီး အဖွဲ့သို့ တင်ပြသည်။ အဖွဲ့ဝင် ဆရာတော်များလည်း ပြန်လည်စစ်ဆေး အတည်ပြုပြီး သာသနာရေးဦးစီးဌာနသို့ ရိုက်နှိပ်ရန် ပေးပို့တော်မူကြသည်။

ဆရာတော်များ၏ လက်ာသာသနဝိသုဒ္ဓိကထာမြန်မာပြန် သာသနာရေးဦးစီးဌာနသို့ ဆိုက်ရောက်လာချိန်၌ သာသနာ

ရေးဦးစီးဌာန မြန်မာပြန် အယ်ဒီတာအဖွဲ့မှလည်း လင်္ကာ-
သာသနဝိသုဒ္ဓိကထာကျမ်း မြန်မာပြန်ဆိုပြီးဖြစ်ရာ—

(က) ဆရာတော်ပြန်မှု
(ခ) အယ်ဒီတာပြန်မှု

၂-မှု ရှိနေပေသည်။

ယင်းသို့ မြန်မာပြန်မှု ၂-မှု ဖြစ်နေပေရာ ညွှန်ကြားရေး
မှူးချုပ် ဦးကြည်ညွန့်နှင့် ပါဠိပညာရှင်များ ညှိနှိုင်းတိုင်ပင်၍

(၁) ရွှေကျင်ဆရာတော်ကြီး ပြုစုသည့် သာသနာပြု
ကျမ်းကြီး၏ အနက်အဓိပ္ပါယ်ကို နည်းအမျိုးမျိုးဖြင့်
ဖော်ပြရန်အတွက်ငှါး၊

(၂) ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ စေ
တနာ သဒ္ဓါ ဝီရိယကို ပေါ်လွင်စေရန်အတွက်ငှါး၊

(၃) သာသနာရေးဦးစီးဌာန မြန်မာပြန် အယ်ဒီတာ
အဖွဲ့၏ စေတနာ သဒ္ဓါ ဝီရိယကို ထင်ရှားစေရန်
အတွက်ငှါး၊

၂-မှုလုံးကိုပင် ရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ်ချက် ချလိုက်
ပေသည်။

ယင်းသို့ အဘက်ဘက်မှ တက်တက်ကြွကြွ ကြိုးစား
အားထုတ်ခဲ့မှုကြောင့် ဤ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း
သည် ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိုင်းပြည်နှင့်သာသနာ
အတွက် ထည်ဝါ ခန့်ညားစွာ ထွက်ပေါ်လာနိုင်ခြင်း ဖြစ်ပေ
သည်။

**အာသီသပတ္ထနာ။** ။လွန်ခဲ့သော နှစ်ပေါင်း တရာခန့်အခါ မြန်မာသက္ကရာဇ် ၁၂၄၁-ခုနှစ် တန်ခူးလက ရိုက်နှိပ်ထုတ်ဝေခဲ့၍ နောက်ထပ် ပြန်လည်ရိုက်နှိပ်ခြင်း မရှိသောကြောင့်—

၁။ စာမူရရှိရန် ရှားပါးနေခြင်း၊

၂။ ရရှိပြန်ပါသော်လည်း ဟောင်းနွမ်းလှပြီ ဖြစ်၍ စာလုံးများ မထင်ရှားခြင်း၊

၃။ ကြာညောင်းဆွေးမြည့်နေပြီဖြစ်၍ အထိအကိုင် မခံခြင်း—

**စသော** များစွာသော အကြပ်အတည်း အခက် အခဲများ အတွင်းမှ ခဲခဲယဉ်းယဉ်း ကျော်နင်းပေါ် ထွက်လာရသော—

မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့၏ ချစ်ကြည်ရေး သမိုင်းမှတ်တိုင် မဏ္ဍိုင်ကြီးလည်း ဖြစ်ကာ ဗုဒ္ဓသာသနာပြု ကျမ်းကြီးတဆူလည်း ဖြစ်ပေသော ဤ**လင်္ကာသာသနဝိသုဒ္ဓိ-ကထာကျမ်း** သည်—

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ချစ်ကြည်ရေးကို ကမ္ဘာတည်သမျှ အရှည် တည်တံ့ခိုင်မြဲအောင် ရှက်ဆောင် နိုင်ပါစေသတည်း။

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာ့ရန်စွယ် အန္တရာယ် အမိုက်မှောင်တို့ကို သုတ်သင်ပယ်ရှင်းဖျက်ချေခွင်း၍ အလင်းကို ဆောင်နိုင်ပါစေသတည်း။

## ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏

# အမှာစကား

ရွှေကျင်ဆရာတော်ကြီး၏ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို မြန်မာပြန်မှုနှင့် တွဲဖက်၍ အဖွဲ့၏ ဒုတိယကျမ်းစာအဖြစ် ပုံနှိပ်ထုတ်ဝေရန် ၁၃၃၇-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့တွင် ကျင်းပသော ရွှေကျင် နိကာယ စာပေထိန်းရေးအဖွဲ့ အစည်း အဝေးကြီးကဆုံးဖြတ်ပြီး ဘာသာပြန်မှုတည်းဖြတ်ရန်နှင့် မြန်မာပြန်ဆိုရန် မဟာဝိသုဒ္ဓါရုံ ဂဏဝါစကဦးအဂ္ဂညာဏာဘိဝံသ အား တာဝန်ပေးအပ်ခဲ့သည်။

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့အနေဖြင့် ထိုသို့ ဆုံးဖြတ်ဆောင်ရွက်နေဆဲတွင် ဤကျမ်းကို သာသနာရေးဦးစီးဌာနက ပြန်လည် ရိုက်နှိပ်နေပြီဖြစ်ကြောင်း မြန်မာဘာသာသို့လည်း ပြန်ဆိုနေကြောင်း ကြားသိရရာ "ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ ကိုယ်စား သာသနာရေးဦးစီးဌာနက ဆောင်ရွက်ပေသည်" ဟု ကျေးဇူးတင် ဝမ်းမြောက်ကြသည်။

သို့သော် အဖွဲ့က ဆောင်ရွက်လျက်ရှိသော မြန်မာပြန်ဆိုခြင်းကိစ္စ တော်တော်ကြီး ခရီးရောက်နေပြီဖြစ်ရကား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်၍ သာသနာရေးဦးစီးဌာနသို့ တင်ပြခဲ့သည်။

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ တင်ပြချက်ကို သာသနာရေးဦးစီးဌာနက လက်ခံ၍ သာသနာရေးဦးစီးဌာနက ပြန်ဆိုသော မြန်မာပြန်မှု၊ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့က ပြန်ဆိုသော မြန်မာပြန်မှု စာမူ ၂-ရပ်လုံးကိုပင် ပုံနှိပ်ထုတ်ဝေသဖြင့် စာရှုသူ၏လက်တွင် ဤ " လက်ာသာသနဝိသုဒ္ဓိမြန်မာပြန်ကျမ်း " ရောက်ရှိနေခြင်းဖြစ်သည်။

ဤကျမ်းနှင့် စပ်၍ သိမှတ်ဖွယ်ရာ အဖြာဖြာကို နိဒါန်း၌ ဖော်ပြထားပြီးဖြစ်၍ အထူး မဖော်ပြတော့ပါ။

ဤကျမ်းစာကို ရှာဖွေဖော်ထုတ်ပေးသော သာသနာရေးဦးစီးဌာနကိုင်း၊ အဖွဲ့၏ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးသော မဟာဝိသုဒ္ဓါရုံ ဂဏဝါစက ဦးအဂ္ဂဉာဏာဘိဝံသကိုင်း အထူး ကျေးဇူးတင်ရှိပါသည်။

အထူးအားဖြင့် ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့က ကျေးဇူးရှင် ရွှေကျင်ဆရာတော်ကြီး၏ စာမူများကို ဆက်လက် ဖော်ထုတ်သွားမည်ဖြစ်၍ ဤကျမ်းစာကို ဖတ်ရှုရင်း စောင့်မျှော်ကြပါရန် မှာကြားလိုပါကြောင်း။

ဦးမာနိတာသိရိ (အကျိုးဆောင်)
ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး

## အရှင်အဂ္ဂညာဏာဘိဝံသ၏

# အတ္ထုပ္ပတ္တိအကျဉ်း

ဤအရှင်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် (ရင်းမြို့ တောင်လက် ၇-မိုင်ကွာ) ဘုမ္မနိုး (ဆင်ကျွန်း) ကျေးရွာ တောင်သူကြီး ဦးအောင်ကျော်-ဒေါ်သိန်းမိတို့မှ မြန်မာနှစ် ၁၃၀၀-ပြည့် နတ်တော်လဆန်း ၁၃-ရက် တနင်္ဂနွေနေ့ (၄-၁၂-၃၈)တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းပေါက်ဖော် ၇-ယောက်အနက် ၄-ယောက်မြောက်သားဖြစ်သည်။ နိုင်ငံတော်အစိုးရ မူလတန်းကျောင်း၌ ဒုတိယတန်းအထိ ပညာသင်ယူပြီး ဘုန်းတော်ကြီး ကျောင်းသို့ ပြောင်းရွှေ့ကာ ဘာသာရေးနှင့် ယဉ်ကျေးမှု စာပေများကို လေ့လာ သင်ယူသည်။

၁၃၁၂-ခု ကဆုန်လဆန်း ၈-ရက်နေ့တွင် ဘုမ္မနိုး (ဆင်ကျွန်း)ရွာ တောင်ကျောင်း ဘုန်းတော်ကြီး ဦးသောဘိတထံတွင် ရှင်သာမဏေပြုခဲ့သည်။ ၁၃၁၃-ခု ဝါဆိုလတွင် ခမည်းတော်ကြီး၏ ဇာတိချက်မြှုပ် မွေးရပ်မြေဖြစ်သော (စာတတ်ငါးခုန်၊ စာကုန် မန်ကျည်းတော၊ စာပြော သံအင်း—ဟု ဥဒါန်းတွင်ခဲ့သည့်) ဆားလင်းကြီးမြို့နယ် ငါးခုန်ရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ရင်းရွာ ဒက္ခိဏာရာမ ကျောင်းတိုက် ဆရာတော် ဦးနန္ဒနှင့် လက်ထောက် ဘုန်းတော်ကြီး ဦးဝိလာသဝရတို့ထံတွင် သဒ္ဒါ၊ သင်္ဂဟစသော ပိဋကတ အခြေခံ

ကျမ်းစာများကို လေ့လာသင်ယူပြီး ၁၃၁၇-ခု, ၁၈-ခုနှစ်များတွင် အစိုးရ ပဌမငယ်, ပဌမလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

၁၃၂၀-ခုနှစ် ပဌမဝါဆိုလဆန်း ၁၄-ရက်နေ့တွင် ဒက္ခိဏာရာမ ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြုပြီး ပုခန်းဂိုဏ်းချုပ်ကျောက်ခတ်ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီး အမှူးရှိသောကာရက သံဃာတော်များနှင့် ခမည်းတော်, မယ်တော်တို့၏ ချီးမြှောက်မှုဖြင့် ဘုမ္မိနီးရွာအနီး ဥဒကုက္ခေပသိမ်တွင် ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့သည်။ ထိုနှစ် ဒုတိယဝါဆိုလတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ခင်မွန်ရွာ (သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၏ အဆက်အနွယ်ဖြစ်သည့်) သိင်္ဂါရုံကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသထံတွင် ပဌမကြီးတန်း ဆိုင်ရာ နေ့ဝါ, ညဝါများကို လေ့လာသင်ယူပြီး ၁၃၂၁-ခု အစိုးရပဌမကြီးတန်းကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

၁၃၂၂-ခု နယုန်လတွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့ကာ စည်ရှင်ကျောင်း ပိုက်ကျုံးဆရာတော် ဦးဇာနေယျ ဗုဒ္ဓိဘိဝံသနှင့် အသောကဆရာတော်ဦးသုဝဏ္ဏ-ဇောတျာဘိဝံသတို့ထံတွင် ဆက်လက် ပညာသင်ကြားပြီး ၁၃၂၃-ခုနှစ် မန္တလေးမြို့ပရိယတ္တိ သာသနဟိတ (သကျသီဟ) စာသင်တန်းကို အောင်မြင်ခဲ့သည်။ စာချတန်းဆိုင်ရာကျမ်းစာများကို မဟာဝိသုဒ္ဓါရုံဂဏဝါစက ဆရာတော်များနှင့် မန္တလေးမြို့ပေါ်ရှိ ထင်ပေါ်ကျော်ကြားသော ဆရာတော်များထံ နည်းခံ သင်ယူခဲ့သည်။ ၁၃၂၄-ခု အစိုးရ ဓမ္မာစရိယတန်း ကျမ်းရင်းသုံးကျမ်းကို တပေါင်းတည်း အောင်

မြင်၍သုံးကျမ်းစဲ့ ပုဂ္ဂိုလ်များအနက် အမှတ်အများဆုံး ရရှိသဖြင့် ရန်ကုန်မြို့မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလ (ဘီ-ဘီ-အမ် အေ)အသင်း၏ စာတိုက်ဗိုရှိနှင့် စာအုပ်ဆုကို ရရှိခဲ့သည်။ ၁၃၂၅-ခုနှစ်တွင် ဝိနယပါဠိပါရဂူ (ဓမ္မာစရိယ ဂုဏ်ထူး) တန်းကို အောင်မြင်ပြီး ၁၃၂၆-ခုနှစ်တွင် ပရိယတ္တိ သာသနဟိတ (သကျသီဟ) စာချတန်းကို ဆုံးခန်းတိုင်ရောက် ပြီးမြောက် အောင်မြင်ခဲ့သည်။

## ဆောင်ရွက်ချက်များ

၁၃၂၄-ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ဂဏဝါစကအဖြစ် ပါဝင်ပြီး အဘိဓမ္မတ္ထဝိဘာဝိနီ(ဋီကာကျော်) စာဝါကို စတင်ပို့ချ၍ နောက်နှစ်များတွင် အခြားသော အောက်တန်း, အထက်တန်းကျမ်းတို့ကို သင့်လျော်သလို ပို့ချခဲ့သည်။ ၁၃၂၇-ခုနှစ်တွင် မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သာသနာရေးဌာန၏ လျှောက်ထားချက်အရ—ဝိသုဒ္ဓါရုံဂဏဝါစက တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး ယနေ့တိုင်အောင် အဘိဓာန်ကျမ်းပြုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၁၃၃၂-ခုနှစ်မှစ၍ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဒုတိယနာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသထံတွင် သက္ကတနှင့် ပါကတဘာသာတို့ကို သင်ယူခဲ့ရာ သဒ္ဒါကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းနှင့် ဒဿနကျမ်းအချို့တို့ကို ဆုံးခန်းတိုင်ရောက် ပေါက်မြောက်ခဲ့သည်။ ၁၃၃၉-ခု နှစ်ဦးပိုင်းတွင် ဤလင်္ကာသာသနဝိသုဒ္ဓိကထာ မြန်မာပြန်

ကျမ်းကို ရေးသားပြုစုပြီး ထိုနှစ် နောက်ပိုင်းတွင် သက္ကတ ဘာသာ အတ္တဗောဓကျမ်းကို ပါဠိ, မြန်မာ နှစ်ဘာသာ ပြန်ဆို၍ အတ္တဗောဓနိဿယကျမ်း အမည်ဖြင့် ရေးသားပြုစု ခဲ့သည်။ ယခုအခါ အရှင်အဂ္ဂဉာဏာဘိဝံသသည် မဟာဝိသုဒ္ဓါ ရုံတိုက်သစ် စည်ရှင်ကျောင်းမှာပင် နေထိုင်လျက် အဘိဓာန် ကျမ်းပြုစုခြင်းကိစ္စနှင့် ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့၏ စာပေပို့ချမှု စသော လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

လင်္ကာသာသနဝိသုဒ္ဓိကထာ

# သီဟိုဠ် သာသနာ စင်ကြယ်ရေးကျမ်း

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သန္ဒေသကထာအကျယ် .... .... | ၁ |
| ကျမ်းဂန်စသည်အားထုတ်ခြင်း .... .... | ၁ |
| အခွင့်တောင်းခြင်း .... .... | ၂ |
| သီရိလင်္ကာသာသနာ အားကောင်းချိန် .... | ၂ |
| အစောင့်အရှောက် ကောင်းသော ရေကန်ဥပမာ | ၃ |
| သီရိလင်္ကာသာသနာ အားနည်းလာခြင်း .... | ၄ |
| သာသနာ အားနည်းခြင်း အကြောင်းသုံးပါး.... | ၆ |
| ခွေးရူးဥပမာ .... .... | ၇ |
| ဆူးငြောင့်များသော ခရီးသွားဥပမာ .... | ၈ |
| သာသနာပိုင် ဆိတ်သုဉ်းခြင်း အပြစ် .... | ၈ |

ဆောင် ] သီဟိုဠ်သာသနာ့ စင်ကြယ်ရေးကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သတိပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏အစွမ်း.... | ၁၁ |
| မိမိအတွက် ကိုးကွယ်ရာရသော ရဟန်း ၇ ပါး | ၁၇ |
| အလဇ္ဇီကို မှီခိုမှုအပြစ် .... .... | ၁၈ |
| ပြိတ္တာတို့ဖြစ်အောင် .... .... | ၂၂ |
| သီရိလင်္ကာ ရဟန်းများ နေလှဲကွမ်းစားခြင်း .... | ၂၂ |
| ဆေးဥပမာ .... .... | ၂၇ |
| တိုက်တွန်းခြင်း .... .... | ၂၇ |
| လွန်ကျူးသူတို့အား သိက္ခာပုဒ်က မချီးမြှောက်နိုင် | ၂၈ |
| ဆေးဥပမာတမျိုး .... .... | ၃၁ |
| တဖန်တိုက်တွန်းခြင်း .... .... | ၃၂ |
| ဖိနပ်စီးမှု တားမြစ်သောသိက္ခာပုဒ်.... .... | ၃၃ |
| ရှုးသွပ်နေသော သားဥပမာ .... .... | ၃၅ |
| တိုက်တွန်းခြင်း .... .... | ၃၆ |
| ထီးဆောင်းမှု တားမြစ်သောသိက္ခာပုဒ် .... | ၃၇ |
| အပြောခက်သော သားမိုက်ဥပမာ.... .... | ၃၉ |
| တိုက်တွန်းခြင်း .... .... | ၄၈ |
| အဝန်းညီစွာ ဝတ်ရုံရန် သိက္ခာပုဒ်နှစ်ပါး .... | ၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အဝန်းညီစွာ ဝတ်ရန် သိက္ခာပုဒ် .... .... | ၄၁ |
| အဖိုးတန် အဝတ်ပုဆိုးဥပမာ .... .... | ၄၅ |
| အဝန်းညီစွာ ရုမ်းရန်သိက္ခာပုဒ် .... .... | ၄၆ |
| အဖိုးတန် ကမ္ဗလာခြုံထည်ဥပမာ .... .... | ၅၁ |
| တိုက်တွန်းခြင်း .... .... | ၅၂ |
| သက်န်းရုံရန် ပညတ်သော သိက္ခာပုဒ်နှစ်ပါး .... | ၅၄ |
| ချုပ်ဝတ်ဥပမာ .... .... | ၅၇ |
| သက်န်းရုံရန် ပညတ်သော ဒုတိယသိက္ခာပုဒ် .... | ၅၀ |
| အဖိုးတန် ထီးဥပမာ .... .... | ၆၀ |
| တိုက်တွန်းခြင်း .... .... | ၆၁ |
| မျက်လွှာချကာ သွားလာနေထိုင်ရန်သိက္ခာပုဒ်.... | ၆၃ |
| ဖခင်ပေးသော လက်နက်ဥပမာ .... .... | ၆၉ |
| တိုက်တွန်းခြင်း .... .... | ၇၀ |
| လက်ခြေစောင့်စည်းမှု သိက္ခာပုဒ် စသည်ကိုလည်း မရှိသေးကြခြင်း .... .... | ၇၂ |
| သာသနာ့ဖျက်ပုဂ္ဂိုလ်များ ကိုးကွယ်ရာ မရသော ပုဂ္ဂိုလ်များ .... .... | ၇၄ |
| ကောင်းမြတ်သော ခွဲဖွယ်ဘောဇဉ်ဥပမာ .... | ၇၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တိုက်တွန်းခြင်း .... .... | ၇၈ |
| ရွှေ ငွေ ကိုင်ခံမှု သိက္ခာပုဒ် စသည်ကိုလည်း မရှိသေကြခြင်း .... .... | ၇၉ |
| သားရဲသစ်ကျား အစာဖြစ်ရသော သားမိုက်ဥပမာ | ၈၇ |
| ရွှေ ငွေ ကိုင်ခံမှု သိက္ခာပုဒ် .... .... | ၈၈ |
| ရှားမီးခဲကို စားမျိုသည့်ဥပမာ .... .... | ၉၂ |
| အမိပွါယ်မှားကို မှတ်ယူကျင့်သုံးခြင်း .... | ၉၃ |
| လမ်းကောက် လမ်းမှား လိုက်သွားသူပမာ .... | ၉၆ |
| တိုက်တွန်းခြင်း .... .... | ၉၈ |
| အမြဲအာပတ်သင့်ခြင်း .... .... | ၉၉ |
| လဇ္ဇီဖြစ်မှု အတိုင်းအရှည် .... .... | ၁၀၀ |
| မိမိကိုယ်ကို မိမိ စိစစ် ဆုံးမခြင်း .... .... | ၁၀၁ |
| ကုစားပုံနည်းလမ်း .... .... | ၁၀၆ |
| တိုက်တွန်းခြင်း .... .... | ၁၀၉ |
| အမိပွါယ်မှားကို မှတ်ယူကျင့်သုံးခြင်း .... | ၁၁၀ |
| အသောက်ခက်သည့် ဆေးပမာ .... .... | ၁၁၂ |
| တိုက်တွန်းခြင်း .... .... | ၁၁၃ |
| ဆေးလိပ်သောက်မှု သိက္ခာပုဒ်ကို မရှိသေခြင်း.... | ၁၁၃ |

**အကြောင်းအရာ** **စာမျက်နှာ**

ဝမ်းလျှောဆေး ဥပမာ .... .... ၁၁၅
တိုက်တွန်းခြင်း .... .... ၁၁၆
အချင်းချင်း ကွဲပြားမှုအပြစ် .... .... ၁၁၇
မြန်မာအနွယ်ဝင်တို့ အချင်းချင်း ကွဲပြားခြင်း.... ၁၁၇
ကွဲရှဲမှုသိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း .... ၁၁၉
အပြောခက်သော သားမိုက်ပမာ .... .... ၁၂၀
တုံ့ပြန်ကွဲရှဲခြင်း .... .... ၁၂၂
ခွေးရူးပမာ .... .... ၁၂၂
နှုတ်လှန်ထိုးမှု သိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း .... ၁၂၃
ဖခင်စကား မလိုက်နာသော သားမိုက်ပမာ .... ၁၂၅
တိုင်ပင်စကားကို ချောင်းမြောင်းနားထောင်မှု
သိက္ခာပုဒ်ကို မရှိသေခြင်း .... .... ၁၂၆
မြေဟောက်ရှာသော သားမိုက်ပမာ .... ၁၂၀
ချောပစ် ကုန်းတိုက်မှု သိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း ၁၂၉
မဟုတ်မမှန် ပြောဆိုမှုသိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း ၁၃၂
ရှုန်ရင်းသော အာပတ်ကိုပြောဆိုမှု သိက္ခာပုဒ်ကို
မျက်ကွယ်ပြုခြင်း .... .... ၁၃၃
လှူဒါယကာတို့က အမျိုးမျိုးကွဲရှဲကြခြင်း .... ၁၃၅

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တို့ပြန်ကဲ့ရဲ့ခြင်း .... .... | ၁၄၃ |
| အဆက်ဆက် ကွဲပြားခြင်း .... .... | ၁၄၅ |
| တောင်းပန်စကား .... .... | ၁၄၇ |
| အဘယ်သို့ ကျင့်ရမည်နည်း .... | ၁၅၃ |
| မြန်မာနှယ်ဝင်အတွင်း ငြင်းခုံမှုဖြစ်ခြင်း .... | ၁၅၅ |
| တပည့်တော်တို့၏ ဝန်ခံချက် .... .... | ၁၆၁ |
| နောက်ထပ် ဥပဇ္ဈာယ်ယူစေခြင်း .... .... | ၁၆၂ |
| တပည့်တော်တို့၏ တောင့်တချက် .... .... | ၁၆၃ |
| သားရဲ သစ်ကျားအစာဖြစ်သော လူမိုက်ပမာ | ၁၆၇ |
| သဝေါ်ပျက်သည့် မာလိန်မှူးပမာ .... | ၁၆၈ |
| မမေ့လျော့သည့် ပညာရှိပမာ ... .... | ၁၆၉ |
| သိက္ခာထပ်မှုလိုလားသော အရှင်တို့အား လျှောက်ထားခြင်း .... .... | ၁၇၇ |
| ခွင့်ပြုချက်နှင့်လျော်သော ဝိနည်းကံ .... | ၁၇၈ |
| သဘာဝယုတ္တိအကြောင်း .... .... | ၁၈၂ |
| ကုက္ကုစ္စ ပယ်ဖျောက်ပုံ အစီအစဉ် .... .... | ၁၈၄ |
| သံဃာတော်၏ ကုက္ကုစ္စ .... .... | ၁၈၅ |
| ကမ္မဝါဆရာ၏ ကုက္ကုစ္စ .... .... | ၁၈၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကျွမ်းကျင်သော အခြားဝိနည်းဓိုရ်ကြောင့် ကုက္ကုစ္စ ဖြစ်ခြင်း .... .... | ၁ဂဂ |
| ဆရာဥပဇ္ဈာယ်တို့၏ တာဝန် .... .... | ၁၉၀ |
| တိုက်တွန်းခြင်း .... .... | ၁၉၁ |
| ကျွမ်းဂန်ယုတ္တိအကြောင်း .... .... | ၁၉၂ |
| နည်းတမျိုး .... .... | ၁၉၄ |
| လက္ခဏာဟာရနေတ္တိနည်း .... .... | ၁၉၇ |
| သိက္ခာထပ်မှုနှင့် ခိုင်မြဲအောင်ပြုမှု .... .... | ၁၉ဂ |
| သိမ်သမုတ်ကံဖြင့် ထင်ရှားအောင်ဆောင်ပြခြင်း | ၂၀၀ |
| သိက္ခာထပ်မှုသည် ကြီးပွါးကြောင်းမဂ်လာ .... | ၂၀၄ |
| သိက္ခာမထပ်မှုသည် မကြီးပွါးခြင်းအကြောင်း | ၂၀၆ |
| ဝိနည်းလေးစားသူတို့၏ အလေ့အကျင့် .... | ၂၀၉ |
| ဝိနယဒုက္ကဋ်အာပတ်ဖြင့် စွပ်စွဲစောဒနာခြင်း .... | ၂၁၂ |
| ဖြေဆိုချက် .... .... | ၂၁၃ |
| ချွတ်ယွင်းပြောဆိုမှုအာပတ်ဖြင့် စောဒနာခြင်း | ၂၁၄ |
| ဖြေဆိုချက် .... .... | ၂၁၄ |
| အမည်ကိုစွဲ၍ စောဒနာခြင်း .... .... | ၂၁၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စောဒနာကို ဖြေဆိုခြင်း .... .... | ၂၁၆ |
| တောင်းပန်တိုက်တွန်းခြင်း .... .... | ၂၂၀ |
| နိဂုံး .... .... | ၂၂၄ |
| သန္ဒေသကထာအကျဉ်း .... .... | ၂၂၅ |
| ရေယုက် မရေယုက် ငြင်းခုံမှု .... .... | ၂၂၅ |
| ငြင်းခုံမှု ကျယ်ပြန့်လာပုံ .... .... | ၂၂၆ |
| အငြိမ်းခက်သော အဓိကရုဏ်း .... .... | ၂၃၅ |
| တပည့်တော်တို့၏ ကြိုးပမ်းချက် .... .... | ၂၃၆ |
| နောက်ဆုံး လျှောက်ထားချက် .... .... | ၂၃၈ |
| တပည့်တော်တို့၏ နောင်တ .... .... | ၂၄၁ |
| ကိလေသာတို့ကို ကဲ့ရဲ့ပုံ .... .... | ၂၄၂ |
| အကယ်၍ လျှောက်ထားလျှင် .... .... | ၂၄၅ |
| လျှောက်ထားပုံ .... .... | ၂၄၅ |
| အဘယ်သို့ လျှောက်ထားမည်နည်း .... .... | ၂၄၆ |
| နိဂုံး .... .... | ၂၅၀ |
| နောက်ထပ်ပို့အပ်သော သန္ဒေသကထာ .... | ၂၅၁ |
| ရှိသေစွာ တောင်းပန်ခြင်း .... .... | ၂၅၄ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သန္ဒေသကထာ၏အကျိုး .... .... | ၂၅၅ |
| (က) ၂-ဖက်ဂိုဏ်းဝင်တို့ အဆုံးအမကို လက်ခံကြခြင်း | ၂၅၅ |
| ( ခ )ဂိုဏ်းကွဲပုဂ္ဂိုလ်တို့ တပေါင်းတည်း ကံပြုကြခြင်း | ၂၅၆ |
| ( ဂ )ပဥ္စင်းလောင်းနှင့်ယင်းတို့၏ ဆရာများဝန်ခံကြခြင်း | ၂၅၆ |
| (ဃ)ဆုံးမရန် အခွင့်ရခြင်း .... .... | ၂၆၃ |
| စွယ်တော် မာတ်တော်ကို ပူဇော်ရန် ပန်ကြားလွှာ | ၂၇၂ |
| သန္ဒေသကထာ .... .... | ၂၇၂ |
| ပန်ကြားပုံ .... .... | ၂၇၄ |

# လင်္ကာသာသနဝိသုဒ္ဓိကထာ
# သီဟိုဠ်သာသနာ စင်ကြယ်ရေးကျမ်း

နမော လင်္ကာသာသနမာပကဿ
နာနာလင်္ကာဆုလင်္ကတဿ ဇိနဿ။

## သံဝဏ္ဏနာကထာအကျယ်

### ကျမ်းဂန် စတည်အားထုတ်ခြင်း

(က) ရဟန်းတို့ကို မကွဲပြားသော နိကာယ (ဂိုဏ်း) ဝင်များ ဖြစ်စေအောင် ပြုတော်မူတတ်သော ကိုးကွယ်ရာမရှိသူတို့၏ ကောင်းမြတ်သော ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး ပြီး၍ များစွာ အစု ကွဲပြားနေကြသော အမျိုးမျိုးသော နိကာယ(ဂိုဏ်း)ဖြင့် အသီးသီး ကွဲပြားခြင်းသို့ ရောက်နေကြသော–

(ခ) စိတ်၏ ပြောင့်တံသင်းအလား နှလုံးမသာယာမှု ဖြစ်ပွါး၍ အချင်းချင်း ကွဲရှဲမှုပြုနေကြသော ဤသီရိလင်္ကာ (သီဟိုဠ်ကျွန်း)နေ ရဟန်းတော်တို့အား သနားစောင့်ရှောက်လိုသော စိတ်ရှိသော ငါ(ဇာဂရယောဧ်)သည် ထို သီရိလင်္ကာ ရဟန်းတော်တို့၏ ညီညွတ်ခြင်းကိုရင်း၊ သီရိလင်္ကာသာသနာ၏ သန့်စင်ခြင်းကိုရင်း အလိုရှိသည်ဖြစ်၍ (လင်္ကာ)သာသန ဝိသုဒ္ဓိမည်သော ဩပါဒ်စာတမ်းကို ကြိုးပမ်းပြုစုပေအံ့။

(ဂ) ဤသီရိလင်္ကာ၌ ငါတို့ထက် အသက်သိက္ခာကြီးရင့်ကြသော မထေရ်တို့ကို ရှိခိုး၍ ဤမှတပါးသော ထေရ်ငယ်

တို့အပေါ်၌ သနားချစ်ခင်သော စိတ်ကို မပြတ်ဖြစ်စေပြီးလျှင် စင်ကြယ်သောစိတ်ရှိသော ငါသည် တရားနှင့်စပ်သော စကားကို မြွက်ကြားလျက် အမျိုးမျိုးသော ငြင်းခုံမှုကို ဓမ္မ-ဝိနယနှင့်အညီ ဆုံးဖြတ်လို၍ ဖော်ပြပါစာတမ်းကို ပြုစုပေအံ့။

## အခွင့်တောင်းခြင်း

အရှင်မြတ်တို့ဘုရား သီရိလင်္ကာ၌ သီတင်းသုံး နေထိုင်တော်မူကြသော ဘုရားတပည့်တော်ထက် အသက်သိက္ခာကြီးရင့်တော်မူကြသည့် မဟာထေရ်မြတ်တို့အား ဘုရားတပည့်တော် (ဇာဂရ) ရှိသေစွာ ရှိခိုးဦးချပါသည်ဘုရား။ သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော အရှင်မြတ်တို့အား တခုသော အကြောင်းအရာကို လျှောက်ထား တင်သွင်းလိုပါသည်။ ဘုရားတပည့်တော်အား ခွင့်ပေးသနားတော်မူကြပြီးလျှင် နားဆင်တော်မူကြ စေလိုပါသည်။

## သီရိလင်္ကာသာသနာ အားကောင်းချိန်

အရှင်မြတ်တို့ဘုရား ရှေးအခါက အရှင်မြတ်တို့ သီတင်းသုံး နေထိုင်တော်မူရာ သီရိလင်္ကာ၌ ဘုန်းတော်ကြီးတော်မူသော ဂေါတမဘုရားရှင်၏ ဤသာသနာတော်သည် လူ နတ် ပြဟ္မာ ဝေနေယျသတ္တဝါတို့အား "လာလှည့်၊ ရှုလှည့်၊ ကျင့်ကြံလှည့်"ဟု ဖိတ်ခေါ်နေသကဲ့သို့ အလွန်တရာ ကြည်ညိုဖွယ် မွေ့လျော်ဖွယ် ကောင်းလှပါသည်၊ အကြောင်းသော်ကား-မြေ၌ငုပ်လျှိုးခြင်း၊ ကောင်းကင်သို့ပျံတက်ခြင်းစသော အလွန်ကြည်ညိုဖွယ် အံ့သြဖွယ်ကောင်းသည့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းတော်မူနိုင်ကြသော ကိုယ်စိတ်နှစ်ဝ ငြိမ်းချမ်း

တော်မူကြ၍ ဒွါရ၆-ပါးကို လုံခြုံအောင် စောင့်ထိန်းတော်မူနိုင်ကြသော အမျိုးမျိုးသော အလိုအကြိုက် စရိုက်ဝါသနာပါရှိကြသည့် ဝေနေယျ သတ္တဝါတို့၏ နားသို့ သက်ဝင်ခြင်းငှါ လျောက်ပတ်သော အမျိုးမျိုးသောနည်းတို့ဖြင့် တန်းဆာဆင်ထားသဖြင့် အလွန် နာချင်ဖွယ် ကြည်ညိုဖွယ် ဆန်းကြယ်နက်နဲလှသည့် တရားဓမ္မကို ဟောပြတော်မူနိုင်ကြသော ပဋိသမ္ဘိဒါ ၄-ပါး၊ အဘိညာဉ် ၆-ပါး၊ ဝိဇ္ဇာ ၃-ပါး စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော မရေတွက်သာအောင် များမြောင်လှသည့် အရှင်မဟာမဟိန္ဒထေရ် အစရှိသော အရှင်ကောင်း အရှင်မြတ်တို့ဖြင့် တန်းဆာဆင်ထားသော ကြောင့် ဖြစ်ပါသည်။

## အစောင့်အရှောက်ကောင်းသော ရေကန်ဥပမာ

ဥပမာဆင်ကာ လျောက်တင်ရပါသော် – ဤကမ္ဘာဝယ် မိုးကောင်းသော အချိန်အခါ၌ ရေမြေရှင် ဘုရင်မင်းမြတ်တို့ ပြုလုပ် စောင့်ရှောက်ထားသော အကျိုးအပေါက်မရှိ အလွန် ခိုင်မာသည့် ကန်ပေါင်ရှိသော ကောက်သုံးမျိုးကို ဖြစ်ပွါးစေနိုင်သည့် မင်္ဂလာကန်တော်ကြီးသည် အလုံးစုံပွင့်နေသည့် ကြာညို ကြာနီ ကြာဖြူ စသော ကြာအမျိုးမျိုးတို့ဖြင့် ဖုံးလွှမ်း ပြည့်လျှံနေပါသည်။ အဆိုပါ မင်္ဂလာကန်တော်ကြီးသည် အလွန်ချိုမြိန်သည့် ကြာပန်းဝတ်မှုံကို စုပ်ယူ စားသုံးရန် ပျံဝဲလာသော ပျားပိတုန်းအပေါင်း၏ ကြည်နူးဖွယ်ရာ ယစ်ဝဲသံတို့ဖြင့်၎င်း၊ ကြည်လင်အေးမြ ချိုမြိန်မွှေးကြိုင်လှသည့် ရေကြည်စသည်ကို မှီဝဲသောက်သုံးရန် ချဉ်းကပ်လာသော ဥဒေါင်း ကြိုးကြာ ဟင်္သာ စက္ကဝါက် စသော

ငှက်အပေါင်း၏ သာယာငြိမ့်ညောင်း နှစ်သက်ဖွယ်ကောင်းသော တွန်ကျူးသံတို့ဖြင့်၎င်း အုတ်အုတ်သဲသဲ အမြဲဆူညံနေပါသည်။ ထိုကန်တော်ကြီးသည် ပတ်ဝန်းကျင်အရပ်သို့ လေပြေလေညှင်းဘို ဆောင်သွင်း ပို့လွှတ်အပ်သော ကြာနံ့တို့ဖြင့် "လာလှည့်၊ ကြည့်လှည့်၊ နမ်းရှုလှည့်"ဟု လူအပေါင်းအား ဖိတ်ခေါ်နေသကဲ့သို့၎င်း၊ အခါခပ်သိမ်း များစွာသောလူတို့၏ မှီခိုရာ ဌာနဖြစ်၍ ဆာလောင်မွတ်သိပ်သူ လူအပေါင်းအား "လာလှည့်၊ ကြည့်လှည့်၊ သောက်သုံးလှည့်"ဟုဖိတ်ခေါ်နေသကဲ့သို့၎င်း၊ ကြီးမားသော ပျားလဘို့နှင့်တူ၍ ချိုမြိန်ကောင်းမြတ်သော အရသာရှိသည့် ကြာစွယ် ကြာရင်း အပွင့်အသီးတို့ မပြတ်မစဲ အမြဲတည်ရှိနေသဖြင့် အပူဒဏ်နှိပ်စက်ခံရသူ လူအပေါင်းအား 'လာလှည့်၊ ကြည့်လှည့်၊ သုံးသပ်လှည့်"ဟု ဖိတ်ခေါ်နေသကဲ့သို့၎င်း ဤဘုရားရှင်သာသနာတော်သည်လည်း လူ နတ် ပြဟ္မာ ဝေနေယျသတ္တဝါအပေါင်းအား "လာလှည့်၊ ရှုလှည့်၊ ကျင့်ကြံလှည့်" ဟု ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ပါသည်။ ဘုန်းတော်ကြီးသော ဘုရားရှင်၏ သတ္တဝါတို့ ကိုးကွယ်အားထားရာ ပူတော်မူနိုင်ခြင်းသည်၎င်း၊ ထိုဘုရားရှင် သာသနာတော်၏ တင့်တယ်စမ့်ခြင်းသည်၎င်း အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## သီရိလင်္ကာ သာသနာ အားနည်းလာခြင်း

အရှင်မြတ်ဘုရား ပူပြင်းလှသော နွေအခါဝယ် ရေမြေရှင်ဘုရင် မင်းမြတ်တို့ မစောင့်ရှောက် မပွဲ့ပြင်သဖြင့် ကန်ပေါင်ကန်ရင်း ကျိုးပေါက်နေသော ကြာညို ကြာနီစသည်တို့ မရှိပဲ ငါး လိပ်တို့ကို ထိုးသုတ် စားသောက်နေသည့်

ကျီးငှက် ဗျိုင်းငှက်တို့ဖြင့် ပြည့်နှက်ရောပြွမ်းနေသော ရေကန်ကြီးသည် အလှန်မွေ့လျော်ဖွယ် နှစ်သက်ဖွယ် မရှိသကဲ့သို့ ယခုအခါ သီရိလင်္ကာ သာသနာသည် ဖော်ပြခဲ့ပြီးသော ဂုဏ်ကျေးဇူးသခင် ရဟန္တာအရှင်စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ အသင်အရှား မရှိတော့သဖြင့် အလှန်မွေ့လျော်ဖွယ် ကြည်ညိုဖွယ် မရှိသကဲ့သို့ ထင်ရပါသည်။ သင်္ခါရတရားတို့၏ မမြဲသည့်အဖြစ်သည် ထိတ်လန့်ဖွယ် သံဝေဂယူဖွယ် ကောင်းလှပါသည်။

သတ္တဝါတို့ကို ညစ်ညူးစေတတ်သော ကိလေသမာရ်သည် ဤမျှလောက်ပင် ထက်ဝန်းကျင် ပြူစင်နေသဖြင့် ပြိုးပြိုးပြက် အရောင်ထွက်နေသော ဘုရားရှင့် သာသနာတော်ကို အလွန်လျင်မြန်စွာ ညစ်နွမ်းဆုတ်ယုတ် စေနိုင်ပါဘိ၏။ ကိလေသာမာရ်၏ စင်ကြယ်မြင့်မြတ်သော တရားတော်တို့ကို ညစ်နွမ်းစေနိုင်ခြင်းသည်လည်း ထိတ်လန့်ဖွယ်ရာ ကောင်းလှပါသည်။ ဝသဝတ္တိမာရ်နတ်မင်းသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားရှင်သာသနာ ဆုတ်ယုတ်ပျက်စီးရန် အဖန်ဖန် အားထုတ်ခဲ့သော်လည်း အခွင့်ကောင်းကို မရခဲ့ပါ။ ယခုအခါ ဖခင်ဘုရား ထင်ရှားမရှိပဲ ကြီးပွါးနေရသည့် ဘုရားရှင့်တပည့်သားတို့ကို လွှမ်းမိုးနှိပ်စက်ခြင်းငှါ အတိုင်းထက်အလွန် အားထုတ်နေသကဲ့သို့ ထင်ရပါသည်။ ဘုရားရှင့်သာသနာ ဆုတ်ယုတ်ပျက်စီးရန် အားထုတ်နေသော မာရ်နတ်မင်း၏ အခွင့်ကောင်းကို ရရှိနေခြင်းသည်လည်း ထိတ်လန့်ဖွယ်ရာ ကောင်းလှပါသည်ဘုရား။

## သာသနာအားနည်းခြင်း အကြောင်းသုံးပါး

အရှင်မြတ်တို့ဘုရား အဆိုပါ သီရိလင်္ကာသာသနာသည် ယခုအခါ အားနည်းခြင်းအကြောင်း ၃-ပါးတို့ကြောင့် အလွန်အားနည်းနေသကဲ့သို့ ထင်ရပါသည်။ အားနည်းခြင်း အကြောင်း ၃-ပါးတို့ကား—

(၁) သာသနာတော်၏ ဆန့်ကျင်ဖက် မိစ္ဆာ အယူရှိသူ သာသနာ့ရန်သူတို့နှင့် ရောပြွမ်း ရှုပ်ထွေးနေခြင်း၊

(၂) ဗုဒ္ဓဘာသာ သမ္မာအယူရှိ၍ သာသနာ တော်၏ အကြီးအမှူးဖြစ်သော ဘုရင်မင်းမြတ်နှင့် ထိုဘုရင်မင်းမြတ်တို့ အလေးအမြတ်ပြုကာ ပြဋ္ဌာန်း သမုတ်အပ်သော သံဃထေရ် (သံဃရာဇာ)၏ အမိန့် အာဏာနှင့် ကင်းကွာနေခြင်း၊

(၃) အချင်းချင်း အသီးသီးသော နိကာယဝင် များဖြစ်၍ အသီးသီးအုပ်စုကွဲကာ သာသနာတွင်း ဋ္ဌပင် ကွဲပြားဆန့်ကျင်နေခြင်းတို့ ဖြစ်ပါသည်။

များစွာသော ခြသေ့်၊ သစ်၊ ကျား သားရဲတို့နှင့် ရော ပြွမ်းနေသော စန္ဒကူးတောသည် ကြောက်မက်ဖွယ် ဘေး ဘျမ်းရှိနေသကဲ့သို့ ယခုအခါ သီရိလင်္ကာရှိ ဘုရားရှင်သာသ နာတော်သည် ပင်ကိုယ်ပကတိအားဖြင့် အလွန် မြင့်မြတ် ကောင်းမွန်သော်လည်း သာသနာပ မိစ္ဆာအယူရှိသူတို့နှင့် ရောပြွမ်းနေသဖြင့် ကြောက်မက်ဖွယ် ဘေးဘျမ်း ရှိကာ အလွန် မမြင့်မြတ် မကောင်းမွန်သကဲ့သို ထင်ရပါသည်။ ဗုဒ္ဓ

ဘာသာ သမ္မာအယူရှိသူတို့သည်လည်း သာသနာပ မိစ္ဆာဒိဋ္ဌိတို့၏ စက်ဆုပ်ဖွယ် မိစ္ဆာအယူသို့ အစဉ်လိုက်ကာ များသောအားဖြင့် မိစ္ဆာအယူ ရှိသူတို့သာ ဖြစ်နေကြပါသည်။ ထိုမိစ္ဆာအယူရှိသူတို့သည် မိမိတို့ကိုယ်တိုင်သာ(မိစ္ဆာအယူဖြင့်) ဖောက်ပြန်ပျက်စီးနေကြသည် မဟုတ်သေး၊ အခြားသော သမ္မာအယူရှိသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ကိုလည်း မိမိတို့၏ စက်ဆုပ်ဖွယ် မိစ္ဆာအယူကို ကြီးမားသော လုံ့လ ဥဿာဟဖြင့် အဖန်ဖန် ဟောပြော ပြသဖြင့် အသပြာငွေကြေးတို့ဖြင့် ဖြားယောင်းသွေးဆောင်ကာ မိန်းမောတွေဝေစေခြင်း၊ မိစ္ဆာအယူကို ဖော်ပြသည့် ကျမ်းဂန်စာပေတို့ကို ပုံနှိပ်လုပ်ဆောင်ပေးခြင်း၊ စာရေးဆရာတို့ကို ရေးသားစေခြင်းဟူသော ဝါဒဖြန့်မှု အမျိုးမျိုးကိုပြုကာ ထိုထိုမြို့ရွာနိဂုံးတို့၌ ဆူးငြောင့်သစ်ခက်တို့ကို ကြဲဖြန့်ကြသကဲ့သို့ရင်း၊အဆိပ်မျိုးစေ့တို့ကို စိုက်ပျိုးကြသကဲ့သို့ရင်း နှောင့်ယှက် ဖျက်ဆီးနေကြပါသည်။

## ခွေးရူးဥပမာ

ခွေးရူးတို့သည် မိမိတို့ကိုယ်တိုင်သာ ရူးသွပ်ကြသည် မဟုတ်၊ မိမိတို့၏ အပေါင်းအဖော် ခွေးတို့ကိုရင်း, မိမိတို့ကို ကျွေးမွေးနေသူ လူတို့ကိုရင်း ကိုက်ခဲကာ (မိမိတို့ကဲ့သို့) ရူးသွပ်စေကြသကဲ့သို့ ဖြစ်ပါသည်။ ကိလေသမာရ်၏ အစွမ်းသတ္တိကြောင့် မိစ္ဆာအယူ ရှိသူတို့သည် ဘီလူးဖမ်းစားခံရသူများကဲ့သို့ ရူးနှမ်းတွေဝေနေကြပြီးလျှင် ဘုရားရှင်၏ တပည့်သာဝကတို့အား စင်စစ်ကိုးကွယ်အားထားရာ ပြုတတ်သည့် ဘုရားရှင့် တရားတော်တို့ကို၌ စွန့်လွှတ်စေကာ မိမိအလိုသို့

လိုက်ပါစေရန် အားထုတ်စွမ်းဆောင်နိုင်ကြပါသည်။ ကိလေသမာရ်၏ ကြမ်းကြုတ်ရဲရင့်သည့်အဖြစ်သည် ထိတ်လန့်ဖွယ်ရာကောင်းပါပေစွ၊ ဝသဝတ္တီမာရ်နတ်မင်းသည် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကပင် ဘုရားရှင်၏ တရားစစ်သည်တို့ကို နှောင့်ယှက် ဖျက်ဆီးရန် အဖန်ဖန် အားထုတ်သော်လည်း အလိုရှိတိုင်း မစွမ်းဆောင်နိုင်ခဲ့ပါ၊ ယခုအခါ ဖခင် ဘုရားထင်ရှားမရှိသည့် တပည့်သာဝက ဥပါသကာ (ဒါယကာ) တို့ကို နှောင့်ယှက်ဖျက်ဆီးရန် ဖော်ပြပါ အလှန်မိုက်မဲသည့် မိစ္ဆာအယူရှိသူတို့အား အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် လှည့်ပတ်သွေးဆောင်ကာ အဖန်ဖန် အားထုတ် စေဘိသကဲ့သို့ ထင်ရပါသည်။ တောမုဆိုးသည် မိမိ၏ ခွေးလိမ္မာတို့အား များစွာသော သားသမင်တို့ကို ကိုက်ခဲ သတ်ဖြတ်စေရန် တိုက်တွန်းနိုးဆော်သကဲ့သို့ ဖြစ်ပါသည်။ ဝသဝတ္တီမာရ်နတ်မင်း၏ မိမိစစ်သည်တော် မိစ္ဆာအယူရှိသူတို့အား ဘုရားရှင်၏ တရားစစ်သည်တို့ကို နှောင့်ယှက်ဖျက်ဆီးစေရန် ကြိုးမားသောလုံ့လဖြင့် တိုက်တွန်းနှိုးဆော်နေခြင်းသည်လည်း ထိတ်လန့်ဖွယ်ရာ ကောင်းလှပါသည်။

(ဆက်လက်လျှောက်ထားပါရစေဘုရား) ဘုန်းတော်ကြီးသော ဘုရားရှင်၏ တပည့်သား ရဟန်းတော်တို့သည်လည်း သာသနာ့ဆတော်၏ဆန့်ကျင်ဖက်ဖြစ်၍ အကျိုးမဲ့ကိုလိုလားကြသော သာသနာတော်၏ ပျက်စီးဆုတ်ယုတ်မှုကိုသာ တောင့်တ မြော်လင့်နေကြသည့် မိစ္ဆာအယူရှိသူ များစွာသောလူတို့၏ နှိပ်စက်ချုတ်ချယ်မှုကို ခံရ၍ ကိုယ်စိတ်နှစ်ပါး နွမ်းပါးကျဉ်းကြပ်ကာ ချမ်းသာစွာ ရဟန်းတရားကို ဖြည့်ကျင့်အား

ထုတ်ခွင့် မရကြသဖြင့် ဆုတ်နစ်သောစိတ် ရှိနေကြပါသည်။ အိမ်ရာတည်ထောင်သည့် လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်ခိုလှုံရာတွင် ရည်ရွယ်မှန်းထားသည့် အကျိုးစီးပွါးရဟန်းတရားကို လျင်မြန်စွာဖြည့်ကျင့်ရန် မစွမ်းနိုင်ပဲ ရှိကြပါသည်။

## ဆူးငြောင့်များသော ခရီးသွားဥပမာ

ဝေးလံလှသော ခရီးကို သွားနေကြသော ခရီးသည် ယောကျ်ားတို့သည် ဆူးငြောင့်သစ်ငုတ်များသည့် အသွားခက်သော လမ်းခရီး၌ ဆူးငြောင့်တို့၏ စူးဝင်ထိုးဖောက် နှောင့်ယှက်မှုကြောင့် သွက်လက်စွာ မသွားနိုင်သဖြင့် အလိုရှိအပ်သော ဘေးကင်းရာအရပ်သို့ လျင်မြန်စွာ မရောက်နိုင်ကြသကဲ့သို့ ဆိုးယုတ်ညစ်ညမ်းသော မာရ်နတ်မင်း၏ ဘုရားရှင် တပည့်သားတို့ကို သံသရာညွန်တွင်းမှ မလွတ်ကင်း မထွက်မြောက်စေရန် နှောင့်ယှက် တားမြစ် နေခြင်းသည် ကြောက်မက်ဖွယ်ရာ ကောင်းပါပေစွ၊ ဤလျှောက်တင်ခဲ့ပြီးသည်ကား သိရိလင်္ကာ သာသနာ၏ မိစ္ဆာဒိဋ္ဌိရန်ဘေးကြောင့် အားနည်းပုံကို ဖော်ပြသော စကားရပ်ဖြစ်ပါသည်။

## သာသနာပိုင် ဆိတ်သုဉ်းခြင်းအပြစ်

ဤလင်္ကာသာသနဝိသုဒ္ဓိဇာတမ်း၌ ယခုလျှောက်တင်မည့် စကားရပ်သည် သိရိလင်္ကာ၌ ဗုဒ္ဓဘာသာ သမ္မာအယူရှိ၍ သာသနာတော်၏ အကြီးအမှူးဖြစ်သော ဘုရင်မင်းမြတ်နှင့် ထိုဘုရင်မင်းမြတ်တို့ အလေးအမြတ်ပြုအပ်သော ရှင်ရဟန်း အားလုံးတို့၏ အကြီးအမှူး ဦးစီးပဓာန သံဃထေရ်၏ အမိန့်

အာဏာနှင့် ကင်းကွာမှုကြောင့် ဘုရားရှင်သာသနာတော်၏ ဆုတ်ယုတ်သွားပုံကို ဖော်ပြသော စကားရပ်တည်း၊ ယခု အခါ သီရိလင်္ကာ၌ ဒေဝါနံ ပိယတိဿမင်း စသည်တို့၏ လက်ထက်တော် အခါကဲ့သို့ ဗုဒ္ဓဘာသာ သမ္မာအယူရှိ၍ သာသနာတော်ကို ချီမြှောက်စောင့်ရှောက်တတ် သော ရေမြေ့ရှင် ဘုရင်မင်းမြတ် အချင်းခပ်သိမ်း မရှိတော့ပါ။ ယင်းသို့ သာသနာပြုမင်း မရှိခြင်းကြောင့် အရှင်မဟာမဟိန္ဒစသော မထေရ်မြတ်တို့၏ လက်ထက်တော်အခါကဲ့သို့ ဘုရင်မင်းမြတ် ပူဇော်ချီးမြှောက်အပ်သော သာသနာတော်၏ အကြီးအမှူး ဦးစီးပဓာန သံဃထေရ်လည်း မရှိတော့ပါ၊ ထိုသို့ သာသနာပြုမင်းနှင့် သံဃထေရ်တို့ လစ်လပ်ကင်းကွာနေသဖြင့် ဤ သီရိလင်္ကာ၌ အကြားအမြင်ရှိ မရှိသော ထေရ်ကြီးထေရ်ငယ် တို့သည်၎င်း၊ ရဟန်းလတ်ရဟန်းငယ်တို့သည်၎င်း၊ တောထွက် ရဟန်းကြီးတို့သည်၎င်း၊ သဒ္ဓါတရားဖြင့် ရှင်ရဟန်းပြုလာသူ ဘေးရန်ကြောင့် ရှင်ရဟန်းပြုလာသူတို့သည်၎င်း မိမိတို့ အလို ရှိအပ်သော အမှုကို အလိုရှိသလို ပြုကျင့်ကြပြီးလျှင် အလို ဆန္ဒအတိုင်း သွားလာနေထိုင်ခွင့်ကို ရနေကြပါသည်။ အရှင် သခင် ဘုရင်မင်းမြတ်နှင့် ကင်းကွာနေသော တိုင်းသား ပြည်သူတို့ကဲ့သို့၎င်း၊မိ–ဖနှင့် ကင်းကွာနေသော သားသမီး တို့ကဲ့သို့၎င်း ဖြစ်နေကြပါသည်။

ပုထုဇဉ်တို့မည်သည်မှာ လူဝတ်ကြောင်ပင်ဖြစ်စေ ရှင် ရဟန်းပင်ဖြစ်စေအုပ်စိုးသူလူတို့နှင့်ကျောက်ထီးအလား လေး စားအပ်သော ဆရာမိဘတို့က တားမြစ်ခြင်း၊ တိုက်တွန်းခြင်း ဖြင့် ဆုံးမပဲ့ပြင်သွန်သင်ပေးမှသာလျှင် အကျိုးမဲ့ကို ပြုတတ်

သည့် မကောင်းမှုကို ရှောင်ကြဉ်ကာ အကျိုးစီးပွါးကိုဖြစ်ထွန်းစေတတ်သည့်ဝတ်ကြီး-ဝတ်ငယ် အသွယ်သွယ်သောကျင့်ဝတ်တို့ကို စင်ကြယ် ပြည့်ဝအောင်ကျင့်ဆောင်နိုင်ကြပါသည်။ အဖျားစသော ရောဂါနှိပ်စက်ခံရသူ ကလေးသူငယ်တို့သည် လူကြီးမိဘတို့ အနီးအပါး၌ နေ၍ ပြောဆိုညွှန်ပြနေမှသာလျှင် အနာရောဂါနှင့် မသင့်သည့် အစားအစာတို့ကို ရှောင်ကြဉ်ကာ သင့်လျော်သော ဆေးဝါးဓာတ်စာတို့ကို မှီဝဲစားသောက်ကြသကဲ့သို့ ဖြစ်ပါသည်။

## သတိပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏အစွမ်း

ထင်ရှားအောင် လျှောက်ထားပါမည် အရှင်မြတ်တို့ဘုရား ဗုဒ္ဓဘာသာ သမ္မာအယူရှိသည့် ရေမြေ့ရှင် ဘုရင်မင်းမြတ်တို့နှင့် ကင်းကွာနေသော ဤသီရိလင်္ကာ၌ ယုံကြည်မှု 'သဒ္ဓါတရား'ရှိ၍ ယင်းသဒ္ဓါတရားဖြင့် ရှင်ရဟန်း ပြုလာကြသော သတိပညာ ၂-ဖြာ ပြည့်စုံသည့် အရှင်ကောင်း အရှင်မြတ်တို့ ရှိကြပါသည်။ ထိုအရှင်မြတ်တို့သည်——

“ရဟန်းတို့ စူးစူးစိုက်စိုက် ရှုကြလော့၊ မမေ့ကြလင့်၊ နောင်တ တဖန်ပူပန်မှု မရှိကြစေလင့် (မ၊ ၁။ ၁၆၇။ သံ၊ ၂။ ၃၄၇။ အံ၊ ၂။ ၅၀၄။ အံ၊ ၃။ ၁၉၄။)စသော ဘုရားရှင်ပေးသနားတော်မူအပ်သည့် များစွာသော တရားလက်နက်တို့ကို စွဲကိုင်ကြပြီးလျှင် ယုတ်မာသောလိုချင်မှု 'ပါပိစ္ဆာ' ကြီးမားသောလိုချင်မှု 'မဟိစ္ဆာ' လွန်ကဲသောလိုချင်မှု 'အတြိစ္ဆာ'ဟူသောခိုးသူတို့ မဖျက်ဆီးနိုင် မတုန်လှုပ် မယိမ်းယိုင်သော သဒ္ဓါတရား ရှိသူတို့လည်း ဖြစ်ကြပါသည်။

၃၇၂၄

"လာဘ်ရကြောင်း အကျင့်သည် တပါး၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းသည် တခြား၊ ဤသို့ ယုတ် မြတ် ကွဲပြားသော အကျင့် ၂-ပါးကို ခွဲခြားသိမြင်၍ ဘုရားရှင်၏ တပည့်သား ရဟန်းသည် လာဘ်ပူဇော်သကာကို မနှစ်သက် မတောင့်တရာ၊ ကိုယ်စိတ်ငြိမ်းအေးမှု 'ဝိဝေက' တရားကို (သာ) အဖန်ဖန် တိုးပွါးစေရာ၏" (ဓမ္မ။ ၂၄။)—

စသော ဘုရားရှင် ပေးသနားတော်မူအပ်သည့် များစွာသော တရားလက်နက်တို့ကို စွဲကိုင်ကြပြီးလျှင် လောကအာမိသ လာဘ်လာဘကို ငဲ့ခြင်း၊ မင်း, မင်းအမတ်စသူတို့၏ ပူဇော်သကာကို တောင့်တခြင်းတည်းဟူသော စေ်ဗိုလ်ချုပ်လျှင် ရှေ့သွားခေါင်းဆောင်ရှိသည့် များစွာသော ကိလေသာ စစ်တပ်ကြီးသည် မဖျက်ဆီးနိုင် မြဲခိုင်ကောင်းမြတ်သော သတိတရားရှိသူတို့သည်း ဖြစ်ကြပါသည်။

"သင်တို့သည် အကာယ်၍ ဆင်းရဲမှ ကြောက်ကြပါမူ ဆင်းရဲကို မနှစ်သက်ကြပါမူ မျက်မှောက်၌သော်ဎင်း၊ မျက်ကွယ်၌သော်ဎင်း မကောင်းမှုကို မပြုကြကုန်လင့်" (ဥဒါန။ ၁၃၇။ နေတ္တိ။ ၁၀၉)—

စသော ဘုရားရှင် ပေးသနားတော်မူအပ်သည့် များစွာသော တရားတည်းဟူသော သန်လျက်ကို စွဲကိုင်ကြပြီးလျှင် မပြုအပ်သော တောင်းခံခြင်း၊ ဒကာ ဒကာမတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊ ရွှေငွေကို သာယာလက်ခံခြင်း၊ နာဖျားမှု အကြောင်းမရှိပဲ နေလွဲကွမ်းစားခြင်း စသော များစွာသော ခုဒ္ဒါနုခုဒ္ဒက (ငယ်ကုန် အလွန်ငယ်ကုန်သော) အာပတ်

ကျူးလွန်မှုအပြစ်ကို ဖုံးလွှမ်းတတ်သည့် အဝိဇ္ဇာတည်းဟူသော စစ်ဗိုလ်ချုပ်လျှင် ရှေ့သွားခေါင်းဆောင်ရှိသော ကိလေသမာရ် စစ်သည်အပေါင်းတို့ မဖောက်ထွင်း မဖျက်ဆီးအပ်သည်ဖြစ်၍ မကွယ်မပျက် ထက်မြက်သော ပညာမျက်စိရှိသူဘို့လည်း ဖြစ်ကြပါသည်။

"ဘုရားရှင် သာသနာတော်၌ အားထုတ်ကြလော့၊ ထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့၊ ဘာဝနာနှင့်စပ်သော လုံ့လကို ကြိုးပမ်းကြလော့၊ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်းစစ်ကို ချေဖျက်ကြလော့" (သံ ၁။ ၁၅၇-၉)—

စသော ဘုရားရှင် ပေးသနားတော်မူအပ်သည့် များစွာသော ချွန်းတောင်း လက်နက်တို့ကို စွဲကိုင်ကြပြီးလျှင်—

'အိပ်ငိုက်ခြင်းကိုရင်း၊ ပျင်းရိခြင်းကိုရင်း၊ ကိုယ်လက်ဆန့်ငင်ခြင်းကိုရင်း၊ မမွေ့လျော်ခြင်းကိုရင်း၊ ထမင်းဆီယစ်ခြင်းကိုရင်း လုံ့လဖြင့် ဖယ်ထုတ်နိုင်ခဲ့သော် အရိယမဂ် (အရဟတ္တမဂ်) သည် စင်ကြယ်၏" (သံ၊ ၁။ ၇။)

စသော ဘုရားရှင် ညွှန်ပြတော်မူအပ်သည့် ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' ၏ များမြာသော အကျိုးအာနိသင်ကို ဖုံးလွှမ်းတတ်သည့် မောဟနှင့်ယှဉ်သော ပျင်းရိခြင်းတည်းဟူသော စစ်ဗိုလ်ချုပ်လျှင် ရှေ့သွားခေါင်းဆောင်ရှိသော တရားရှစ်ပါးသော တဏှာစစ်သည်တို့ မဖျက်ဆီး

အပ်သည့် ကောင်းမြတ်သော ဝီရိယရှိသူတို့လည်း ဖြစ်ကြပါသည်။

ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်၍ ကောင်းစွာ တရားကို ရှုမှတ်သော ငြိမ်သက်သော စိတ်ရှိသော ရဟန်းအား သာမန်လူဘို့နှင့် မထိုက်တန်သော(တရား၌) မွေ့လျော်မှုဖြစ်၏။ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်မှု 'ပီတိ' ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ကို ရ၏။ ထို နှစ်သက် ဝမ်းမြောက်မှုသည်ပင် တရားမှန်ကိုသိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်း ပေတည်း" (ဓမ္မ။ ၆၇။)–

စသော အနုဿာဏ်တော်သခင် ဘုရားရှင် ပေးသနားတော်မူအပ်သော သမာဓိကို ဖြစ်ပွါးစေတတ်သည့် များစွာသော တရားလက်နက်ကို စွဲကိုင်ကြပြီးလျှင်–

"တင့်တယ်၏ဟု အဖန်ဖန်ရှုနေသော ဣန္ဒြေတို့၌လည်း မစောင့်စည်း၊ ဘောဇဉ် (စားဖွယ်) ၌လည်း အတိုင်းအရှည်ကို မသိသော ဝီရိယ ယုတ်လျော့သည့် ပျင်းရိသူကို လေမုန်တိုင်းသည် အားနည်းသော သစ်ပင်ကို နှိပ်စက်ညှဉ်းဆဲဘိသကဲ့သို့ ကိလေသမာရ်သည် နှိပ်စက် ညှဉ်းဆဲနိုင်သည်သာတည်း" (ဓမ္မ။ ၁၄။) ဟူ၍၎င်း "မတင့်တယ်ဟု အဖန်ဖန် ရှုနေသော ဣန္ဒြေတို့၌လည်းစောင့်စည်းဘောဇဉ်၌လည်းအတိုင်း အရှည်ကိုသိသော သဒ္ဓါတရားရှိ၍ ထက်သန်သော

လှံ့လရှိသူကို လေမုန်တိုင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မညှဉ်းဆဲနိုင်သကဲ့သို့ ကိလေသာမာရ်သည် မနှိပ်စက် မညှဉ်းဆဲ နိုင်သည်သာတည်း” (ဓမ္မ။ ၁၄။)-

စသည်ဖြင့် ဘုရားရှင် ညွှန်ပြအပ်သော ဣန္ဒြေစောင့်စည်းမှု ‘သီလ’ မရှိခြင်း၏ ကြီးလေးသောအပြစ်၊ ဣန္ဒြေစောင့်စည်းမှု ‘သီလ’ ရှိခြင်း၏ ကြီးမားသော အကျိုးကို ဖုံးလွှမ်းတတ်သည့် မောဟနှင့်ယှဉ်သော လာဘ်မက်မောသူ၊ အာမိသ၌ လျှပ်ပေါ်သူ၏ ရှာမှီးမှု သိမ်းဆည်းမှု လောဘစသော ရာဂကိလေသမာရ် စစ်သည်အပေါင်းသည် မဖျက်ဆီးနိုင်မြဲခိုင်သော သမ္မာသမာဓိ ရှိသူတို့လည်း ဖြစ်ကြပါသည်။

ရဟန်းတို့ ရှက်မှု ‘ဟိရီ’ ကြောက်လန့်မှု ‘ဩတ္တပ္ပ’ ရှိ၍ ရိုသေတုပ်ဝပ်မှုရှိသော ရဟန်းသည် (ဓမ္မ ဝိနယခေါ်) ဤသာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန်ထိုက်တန်၏။ (အံ၊ ၂။ ဂ။)-

စသော များစွာသော ဟိရီ ဩတ္တပ္ပဟူသော သူတော်ကောင်းတရားကို ဖြစ်ပွါးစေတတ်သည့် ဘုရားရှင် အဆုံးအမတည်းဟူသော မှိန်းလက်နက် ကိုင်စွဲကြပြီးလျှင်-

“နှိပ်ကွပ်ရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်၏” ဟူ၍ရင်း-

> "အလွန်မြင်နိုင်ခဲသော အလွန်သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်၏" ဟူ၍ ဖြင့်း(ဓမ္မ။ ၁၇။)

ဤသို့ စသည်ဖြင့် ဘုရားရှင် ညွှန်ပြအပ်သော လျှပ်ပေါ်သော်လည်း၍ ကောက်ကျစ်ပျက်စီးသော စိတ်ကို ဆုံးမခြင်း၏ များမြတ်သော အကျိုးကို ဖုံးလွှမ်းဘတ်သည့် မောဟတည်းဟူသော စစ်ဗိုလ်ချုပ်လျှင် ရှေ့သွားခေါင်းဆောင်ရှိသော ထိုသိုသိက္ခာပုဒ် လွန်ကျူးမှုစသော မကောင်းမှုကို ပြုတတ်သည့် အဟိရိက အနောတ္တပ္ပ စသော များစွာသော ကိလေသာ၏ စစ်သည်တို့ မဖျက်ဆီးနိုင်သော ဟိရိ ဩတ္တပ္ပ ရှိသူတို့လည်း ဖြစ်ကြပါသည်။

လျှောက်တင်ခဲ့ပြီးသော သဘောရှိသည့် ပုဂ္ဂိုလ်မြတ်တို့သည်သာလျှင် မကောင်းမှုတို့ကို ရှောင်ကြဉ်၍ သိက္ခာပုဒ် လွန်ကျူးမှုမရှိကြပဲ သီလနှင့် ပြည့်စုံကြပါသည်။ ဒွါရ ၆-ပါးကို လုံခြုံအောင် စောင့်ရှောက်၍ ငြိမ်သက်တည်ကြည်ပြီးလျှင် ငြိမ်းအေးသော ဣန္ဒြေလည်း ရှိကြပါသည်။ ကောင်းစွာ ဝတ်ရုံကြသဖြင့် (ရဟန်းတို့၏) အသွင်အပြင်နှင့်လည်း ပြည့်စုံကြပါသည်။ ဖြောင့်မတ်၊ နူးညံ့သောစိတ် ရှိသည့် အပြင် ခန္တီ မေတ္တာ ကရုဏာလည်း ကြီးမား များပြားကြပါသည်။ ငွေ၊ စူမှု ဝန်တိုမှု မရှိကြပဲ အကြီး အငယ် အလယ်အလတ် ဖြစ်သော သီဘင်းသုံးဖော်ဘို့ အပေါ်၌ ရိုသေတုပ်ဝပ်မှုရှိပြီး တူမျှသော အသက်မွေးမှုလည်း ရှိကြပါသည်။ ထိုသို့သဘော

ရှိသော အရှင်မြတ်တို့သည် လဇ္ဇီသူမွန် သီလဝန် အရှင်မြတ်များဖြစ်ကြ၍ ဤသာသနာတော်ဝယ် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကြပြီးလျှင် မိမိတို့ ကိုးကွယ်အားထားရာကို ရှေးကလည်းရခဲ့၊ နောင်လည်းရလတ္တံ့၊ ယခုလည်း ရဆဲဖြစ်ကြပါသည်။

## မိမိအတွက် ကိုးကွယ်ရာရသော ရဟန်း ၇-ပါး

ပုံစံထုတ်ကာ လျှောက်တင်ပါမည်၊ ကဿပ ဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်လာသောအခါ အထူးသဒ္ဓါတရားရှိပြီးရဟန်းပြုလာကြသော သတိပညာနှင့်ပြည့်စုံ၍လဇ္ဇီသူမွန် သီလဝန်ဖြစ်သော အကျင့်ဂုဏ်အားဖြင့် အမျိုးကောင်းသားဖြစ်သည့်(အာဇာနေယျပုတ္တ) ရဟန်းတော် ၇-ပါးရှိပါသည်။ အဆိုပါ အရှင်မြတ်ဘို့သည် သတိကင်းကွာ ပညာနည်းပါး၍ သိက္ခာပုဒ်လွန်ကျူးနေကြသော မကောင်းသဖြင့် ဝတ်ရုံကြပြီးအသွင်အပြင်နှင့်ပြည့်စုံမှုတို့ကိုမျှ မရရှိကြသော ကာမဂုဏ်ခံစားသူ လူဝတ်ကြောင်တို့ကဲ့သို့ လောကီအာမိသကိုသာ တောင့်တလျက် ပစ္စည်း၌လည်း လျှပ်ပေါ်လော်လည် အာမိသကိုလည်း တပ်မက်ကြသော ကိုယ်နှုတ်ရိုင်းပြ၍ နှုတ်လျှာကြမ်းတမ်း ရှေပြွမ်း ထွေးသော စကား ရှိကြသော "မိမိ အားထုတ်မည့် ရဟန်းတရားများရှိကြပေသည်"ဟူ၍မျှ မအောက်မေ့ပဲ အချိန်အချည်းနှီးဖြုန်းတီး နေကြသည့် ယုတ်မာလှစွာသော ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမတို့၏ အမျိုးမျိုးသော ဖောက်ပြန်ပျက်စီးမှုကို တွေ့မြင်ကြပါသည်။

လက်ဝါသ.သန ၂—ပ.မ.ဿ ●

ယင်းသို့ တွေ့မြင်ရ၍ ထိတ်လန့်သောစိတ် ရှိသော အရှင်မြတ် ၇-ပါးတို့သည် အကျင့်ပျက်နေသော ပုဂ္ဂိုလ်တို့အား ကောင်းမွန်စွာ ကျင့်ကြရန် ဆုံးမခြင်းငှါ မစွမ်းနိုင်ကြသဖြင့် မိမိသည်သာ မိမိ၏ ကိုးကွယ်ရာကို ရှာမှီးရန် စိတ်ဆန္ဒ တူညီကြပြီး တောသို့ဝင်သွားကြပါသည်။ ထိုတောဝယ် လှေကား မပါပဲ တက်ခြင်း ဆင်းခြင်းငှါ မစွမ်းနိုင်သည့် တောင်ထွဋ်ကို တွေ့မြင်၍ ရှည်စွာသော လှေကားဖြင့် တက်ကာ တောင်ထိပ်သို့ ရောက်သွားကြပါသည်။ ထိုအခါ လှေကားတွန်းချပြီး ကိုယ်နှင့် အသက်မငဲ့ကွက်ပဲ အစာအာဟာရကို မသုံးဆောင်မူ၍ ကြိုးစားသောလုံ့လဖြင့် ရဟန်းတရားကို အားထုတ်ကြကာ မိမိအကြောင်းကံအားလျော်စွာ အသီးသီး ကိုးကွယ်ရာကို ရကြပါသည်။ မမေ့လျော့မှု 'အပ္ပမာဒ' တရား၏ သတ္တာဝါတို့အတွက် ကိုးကွယ်ရာကို ပြုနိုင်ခြင်းသည် အံ့ဩဖွယ်ရာကောင်းပါပေစွ။

## အလဇ္ဇီကို မှီခိုမှုအပြစ်

အချို့ပုဂ္ဂိုလ်တို့သည် ဘုရားရှင်သာသနာတွင်းသို့ ရောက်လာသည်မှ စ၍ ဝတ္ထုကာမ ကိလေသာကာမ အပြစ်ကိုရင်း ကိလေသာမှထွက်မြောက်မှု 'နေက္ခမ္မ'၌ အကျိုး အာနိသင်ကိုရင်း သိမြင်ကာ ရှင်ရဟန်းပြုလာသူများ ဖြစ်ကြပါသည်။ ယင်းသို့ ဖြစ်ပါသော်လည်း—

"သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းနေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့် ဆက်ဆံပေါင်းသင်း မိတ်ဖွဲ့ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ သူ

တော်ကောင်းကရားကို သိမြင်သည်ရှိသော် မြင့်မြတ်တိုးပွါး၏၊ ယုတ်ညံ့ ဆုတ်ယုတ်မှု မဖြစ်နိုင်”–

(သံ၊ ၁။ ၁၆၇။)

ဟူသော ဘုရားရှင့် အဆုံးအမတော်ကို မသိကြ၍သော်ရင်း၊ မအောက်မေ့ မဆင်ခြင်မိကြ၍သော်ရင်း “ဤပုဂ္ဂိုလ်တို့သည် ငါ၏ ကိုးကွယ်ရာကို ပြုတတ်သည့် သူတော်ကောင်းတို့တည်း၊ ဤပုဂ္ဂိုလ်တို့ကား ကိုးကွယ်ရာကို မပြုတတ်သည့် မသူတော်တို့တည်း”ဟု နှလုံးသွင်း ဆင်ခြင်မှု မပြုကြတော့ပါ။

“ယုတ်မာသော အဆွေခင်ပွန်းတို့ကို မမှီဝဲရာ၊ ယုတ်ညံ့သော ပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရာ၊ ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲရာ၏၊ ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရာ၏။” (ဓမ္မ ။ ၂၃)

ဟု ဘုရားရှင်ညွှန်ပြအပ်သော မှီဝဲသင့်၊ မမှီဝဲသင့်သော ပုဂ္ဂိုလ်တို့ကိုလည်း မစူးစမ်း မဆင်ခြင်တော့ပဲ အမှတ်မထား ဟူးဟူးငြားငြားသော အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ကို မှီဝဲ ဆည်းကပ်ကြပါသည်။ ထို့ကြောင့် ရဟန်းဖြစ်စအချိန်ကပင် နိဿယည်းမရရှိကြပဲ အလဇ္ဇီ ဒုဿီလ အဖြစ်သို့ ရောက်လျက် သဒ္ဓါတရားကိုလည်း ဖျက်ဆီး၊ သီလကိုလည်း ချိုးဖောက်ကာ ကသောကကယောက် ဝတ်ရုံနေထိုင်ကြပါတော့သည်။ ဤနည်းဖြင့် ရဟန်းငယ်ဘဝကို လွန်မြောက်၍ ရဟန်းလတ်၊ တောရငယ်၊ ထေရ်ကြီး အရွယ်သို့ ရောက်သော်လည်း ရဟန်းငယ်ဘဝကအတိုင်းသာ ဆက်လက်နေထိုင်ကြပါသည်။ အဆိုပါအလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် ထိုထိုဆရာတို့အထံ ပရိယတ်ပဋိပတ်နည်းခံရန် ချဉ်းကပ် နေထိုင်သော အခါ၌လည်း—

"ရဟန်းတို့ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို မှီ၍မနေရ၊ နေသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏-"

(ဝိ၊ ၄။ ၁၂၇)

ဟူသော ဘုရားရှင့် အာဏာတော်၊ အဆုံးအမတော်ကို မရှိသေကြတော့ပဲ လွန်ကျူးကျော်နင်း၍ မိမိတို့ကိုယ်တိုင် သီလညစ်နွမ်းသူများဖြစ်ကြပြီး သီလညစ်နွမ်းသော ပုဂ္ဂိုလ်တို့ထံ၌သာ မှီခိုဆည်းကပ်ကြလျက် တခါတရံမျှ သီလစင်ကြယ်မှုကို မရကြတော့ပါ။ ဝိနယကုက္ကုစ္စရှိ၍ သိက္ခာ ၃-ပါးကို လိုလားကြသော အကြားအမြင်များသူ လဇ္ဇီသူမွန်တို့ကို တွေ့မြင်သိရှိကြသော်လည်း ထိုလဇ္ဇီသူမွန် သီလဝန် ပုဂ္ဂိုလ်တို့နှင့်အတူတညဉ့်မျှသော်လည်း မနေလိုကြပဲ မိမိတို့နှင့် သဘောတူသည့် အလဇ္ဇီဒုဿီလတို့နှင့်သာ အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်ကြပါသည်။ ယင်းသို့ နေထိုင်ကြလျက် —

"အပြစ်ဖော်ပြ၍ နှိပ်ကွပ်ဆုံးမခြင်းရှိသော(ထိုသို့သော) ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားသူကဲ့သို့ ရှုကြည့်ထင်မှတ် ဆည်းကပ်ရာ၏—"

(ဓမ္မ။ ၂၄)

ဟူသော ကိုးကွယ်ရာပြုတတ်သော ဘုရားရှင်သည် ကိုးကွယ်ရာပြုရန် ဟောကြားအပ်သော စင်စစ် ကိုးကွယ်ရာပြုတတ်သည့် အဆုံးအမတော်ကို မျက်ကွယ်ပြုလျက် အပြစ်ပြကာ သနားကြင်နာသော စိတ်ဖြင့် ဆိုဆုံးမတတ်သော လဇ္ဇီကုက္ကုစ္စက သိက္ခာကာမ ဆရာသမားတို့ကို ကဲ့ရဲ့ရှုတ်ချပြီးလျှင် ဂုဏ်ကျေးဇူးကို ချေဖျက်ကာ ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့ကြ

ပါသည်။ အလင်္ကာ ဒုဿီလတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုကာ ထိုပုဂ္ဂိုလ်တို့နှင့်သာ အသက်ဆက်ဆံ ပေါင်းသင်းမှီဝဲပြီး မိမိပရိသတ်နှင့်တကွ အလင်္ကာ ဒုဿီလ ဖြစ်ကြပါသည်။ ကြောက်မက်ဖွယ် ဘေးဘျမ်းရှိသော တက်ဖို့ရန် ခဲယဉ်းသည့် အသူတရာနက်သော နရက်ချောက်၌ ကျရောက်နေသော သားကောင်တို့ကဲ့သို့ရင်း၊ မလိမ္မာသော တံငါသည်တို့ ကဲ့သို့ရင်း အချင်းချင်းအားထားရာပြုရန် မစွမ်းနိုင်ပဲ မိမိအား ငံ့လင့်စောင့်ဆိုင်းနေသော သံသရာဘေးကို မမြင်မူ၍ ဝမ်းမြောက်ရွှင်ပျော် ကျီစယ်မြူးတူးနေကြပါသည်။

အခြားသူတော်ကောင်းတို့၏ အပြစ်ကိုရှာမှီး၍ မိမိတို့ကိုယ်တိုင်လည်း ကဲ့ရဲ့ရှုတ်ချ၊ မိမိအလုပ်အကျွေး တပည့်သာဝကတို့အား သူတော်ကောင်းတို့၏ အပြစ်ကိုပြ၍ မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးမဲ့ကိုပြုတတ်သော မကောင်းမှုတို့ကို ဖြစ်ပွါးစေကာ နေထိုင်ကြပါသည်။ ထို အလင်္ကာ ဒုဿီလ ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာဝင် ဘုရင်မင်းမြတ်နှင့် သာသနာပြု ပဓာန သံဃာထေရ်ဘို့က မတားမြစ် မဆုံးမပဲ ထားပါလျှင် အလိုရှိတိုင်း ပြုမူနေထိုင်ကြလျက် အသက်ထက်ဆုံး အလင်္ကာမှုကို မစွန့်လွှတ်ပဲ အထူးယုတ်မာသည့် အလင်္ကာ အမှုနှင့်တကွ သေမင်းခံတွင်းသို့ ဝင်ရောက်ကာ ငရဲစသည်၌ ကျက်ရ-ခံစားရပါတော့မည်။ အဆိုပါပုဂ္ဂိုလ်တို့သည် ကိုးကွယ်အားထားရာ ရတနာသုံးပါးမှ ကိုးကွယ်ရာမရကြပဲ ကြောက်မက်ဖွယ် ဘေးကိုသာ ရရှိကြပြီး အကျိုးမဲ့ ပျက်စီးကြရပါသည်။

၁၅၁၇၂

## ပြိတ္တာတို့ ဖြစ်အင်

အကျိုးမဲ့ ပျက်စီးမှု သာမက ပြဆိုပါမည်။ ကဿပ ဘုရားရှင်သာသနာ ဆုတ်ယုတ်ချိန်အခါက သေးငယ်သည့် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို လွန်ကျူးသည့် ရှင်ရဟန်း တို့သည် ထိုဘဝမှ စုတေကြပြီး ငရဲ၌ နှစ်ပေါင်း အသိန်းမက ကြာမြင့်လှစွာ ကျက်ကြရပါသည်။ ထိုငရဲမှ စုတေ၍ ယခု အခါ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်၌ များစွာ ဖောက် ပြန်ပျက်စီးနေသော အတ္တဘောဖြင့် ပြိတ္တာများ ဖြစ်လာကြ ပါသည်။ ထိုပြိတ္တာတို့သည် ဝင်းဝင်းပြောင်ပြောင် တောက် လောင်နေသော သံသင်္ကန်းတို့ကို ဝတ်ရုံကိုင်တွယ် ကြပြီး အလျှံထွက်သော သံမီးခဲတို့ကို မျိုကာမျိုကာ ဆင်းရဲ ဒုက္ခ ခံစားကြရပါသည်။ ထို့မှတပါး အခြားသေးဆင်းရဲဒုက္ခ နှိပ်စက်ဒဏ်ကို ခံရ၍ ဆင်းရဲပင်ပန်းသာဖြင့် ဂိုတြေးမြည်တမ်း ကာ ယနေ့တိုင်အောင် ထိုဆင်းရဲမှမလွတ်ကြသေးပဲ အကျိုး မဲ့ ပျက်စီးနေကြပါသည်။ သတ္တဝါတို့၏ ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊အကုသိုလ်တရားတို့၌အားထုတ်ခြင်း၏အကျိုး မဲ့ကို ပြုတတ်သည့်အဖြစ်သည် ကြောက်မက်ဖွယ်ရာ ကောင်း ပါပေစွ၊ မာရ်နတ်မင်း၏ အလုံးစုံသော သတ္တဝါတို့ကို မိမိ အလိုသို့ လိုက်ပါစေနိုင်သည့် အဖြစ်သည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## သီရိလင်္ကာရဟန်းများ နေလွဲ ကွမ်းစားခြင်း

ယခုအခါ သီရိလင်္ကာ၌ ဝိကာလဘောဇနသိက္ခာပုဒ်သည် ဘုရားရှင်က မိမိတပည့်သား ရဟန်းတို့၏ ကိုးကွယ်ရာကို

ပြုခြင်းငှါ ပညတ်ထားပါသော်လည်း မာရ်နတ်ချောက်ချား မှုကြောင့် ကိုးကွယ်ရာကို မပြုသကဲ့သို့ ထင်ရပါသည်၊ ထင်ရှား အောင် လျှောက်ထားပါမည်။ ဤ ဝိကာလဘောဇနေသိက္ခာ ပုဒ်သည် လွန်ကျူးသောပုဂ္ဂိုလ်တို့၏ သိက္ခာပုဒ်လွန်ကျူးမှု အကုသိုလ်ဘေးမှုငှ်း၊ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း 'အတ္တာနုဝါဒ ဘေး' သူတပါးတို့၏ စွပ်စွဲခြင်း 'ပရာနုဝါဒဘေး' မကောင်း သော လားရာ 'ဒုဂ္ဂတိဘေး'နှင့် သံသရာဘေးတို့မှငှ်း လွှတ်မြောက်စေရန် ကိုးကွယ်ရာကို ပြုခြင်းငှါ မစွမ်းနိုင်ပါ၊ အကြောင်းကား—

"ယာမကာလိက စသည်တို့ကို အာဟာရ အကျိုးငှါ အကပ်ခံခြင်း စားမျိုခြင်းတို့၌ ဒုက္ကဋ်အာပတ်သင့်၏"ဟူ၍ငှ်း"အကြောင်းရှိလျှင် (ယာမ၊ သတ္တာဟ၊ ယာဝဇီဝိက ဟူသော) ကာလိက ၃-ပါး သည် နေလွဲအခါ၌ အပ်၏"ဟူ၍ငှ်း—

ဤသို့လာသော (ကခါ။ ၂၂၅။ ခုဒ္ဒသိက္ခာ။ ၉၈။)ပါဠိတို့အား လျော်စွာ အသက်ထက်ဆုံး နာဖျားမှုအကြောင်းမရှိပဲ နေလွဲ အခါ၌ ကွမ်းစားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်ခြင်း ကြောင့် ဖြစ်ပါသည်။ မှန်ပါသည်၊ နေလွဲအခါ၌ ထိုအခါနှင့် လျော်သော နာဖျားမှုအကြောင်းမရှိပဲ သက်သက် ရသာ ထကျာအလိုသို့လိုက်ကာ ဆားကိုမျှ သုံးဆောင်သော ရဟန်း အား (ဒုက္ကဋ်)အာပတ်သင့်သည်သာ ဖြစ်ပါသည်၊ ကွမ်းကား ဆိုဖွယ်ရာ မရှိတော့ပါ။

ဤအရာ၌ တစုံတယောက်သောသူ၏ ပြောဆို မေးမြန်းမှု ရှိရာပါသည်၊ ခံတွင်းနံ့မကောင်းခြင်းသည်လည်း အနာ

ရောဂါအရာ၌ တည်၏။ ထို့ကြောင့် ယင်း(ခံတွင်း) အနံ့ မကောင်းခြင်း ကင်းပျောက်စေရန် ကွမ်းစားခြင်းသည် နေလွဲအခါ၌လည်း အပ်ရာ၏။ ဤသို့ ပြောဆို မေးမြန်းရာပါသည်။ ယင်းကား မဖြစ်သင့်ပါသည်။ အကြောင်းကား– ဤ ခန္ဓာကိုယ်အကောင်ပုပ်၏ အခါခပ်သိမ်း အနံ့ မကောင်းခြင်းမျှကို အနာရောဂါအဖြစ်ဖြင့် ကျမ်းဂန်တို့၌ မဆိုသောကြောင့် ဖြစ်ပါသည်။ စင်စစ်သော်ကား ခံတွင်းနံ့မကောင်းခြင်းသည် အနာရောဂါအရာ၌ တည်သည်မူလည်းဖြစ်စေ၊ မတည်သည်မူလည်း ဖြစ်စေ၊ ထိုခံတွင်းနံ့ မကောင်းခြင်း ပျောက်ကင်းစေရန် ကွမ်းရွက်ရည်ကို လည်မျိုတဖက်သို့ မဝင်စေပဲ ကွမ်းဖြင့် ခံတွင်းကို ထုံခြင်း (ကွမ်းကို ငုံခြင်း)မျှ ပြုသော ရဟန်းအား အပြစ် မရှိသည်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိကာလဘောဇနသိက္ခာပုဒ် အဋ္ဌကထာ (ကခ်ါ။၂၂၅)၌ တစုံတခုသော အာဟာရတို့ လည်မျိုတဖက် (အတွင်း) ဝင်သွားသောအခါမှသာ ထိုက်သင့်သလို အာပတ်အဖြစ်ဖြင့် ပိုင်းခြားထားသောကြောင့် ဖြစ်ပါသည်။

အကြောင်းထူးမရှိပဲ နေလွဲအခါ ကွမ်းဖြင့် ခံတွင်းကို ထုံမွှမ်းမှုပြုသော ရဟန်းအား လည်မျိုတဖက်သို့ ကွမ်းရည် ဝင်သွားလျှင် ထိုကွမ်းရည်သည် မပြောပလောက်သော အရာ (အဗ္ဗောဟာရိက) မဟုတ်သောကြောင့် အာပတ်သင့်သည်သာ ဖြစ်ပါသည်။ မှန်ပါသည် ဒန္တပေါဏသိက္ခာပုဒ် အဋ္ဌကထာ(ကခ်ါ။၂၃၁)၌ ဒန်ပူရည် လည်မျိုတဖက်ဝင်သော အခါ၌လည်း အာပတ်အဖြစ်ဖြင့် မိန့်ဆိုထားပါသည်။ နေလွဲအခါ ကွမ်းစားသော ရဟန်းအား အာပတ်သင့်သကဲ့သို့

လုံ့လောက်သောအကြောင်းမရှိပဲ နေလွဲအခါ အဖျော်ရည် သောက်သော ရဟန်း၊ ဖန်ခါးသီး စသည်ကို ခဲစားသော ရဟန်းတို့အားသည်း လည်မျိုတွင်းသို့ ဝင်သွားသောအခါ အာပတ်သင့်သည်သာ ဟူ၍ သိအပ်ပါသည်။

လျှောက်တင်ခဲ့သည့်အတိုင်း မဟုတ်ပါမူ "နေလွဲအခါ၌ ကာလိက ၃-ပါးလုံး အကြောင်းမရှိပဲလည်း အပ်၏" ဟူသော အနက်ရောက်ရာပါသည်။ စင်စစ် ထိုအနက်သည် မရောက်သင့်ပါ။ ထင်ရှားစေပါမည်၊ တစုံတယောက်သောပုဂ္ဂိုလ်သည် မနာမဖျားပဲလည်း ကွမ်းအရသာ၌ တပ်မက်သော တဏှာ နှိပ်စက်ခံရသဖြင့် မိမိအား စောင့်ဆိုင်းနေသော လျှောက် တင်ခဲ့ပြီး ဘေးဘျမ်းကို ဆင်ခြင်ရန် မစွမ်းနိုင်တော့ပဲ ကာမဂုဏ်ခံစားသူ လူဝတ်ကြောင်ကဲ့သို့ ရသတဏှာသို့ အစဉ် လိုက်ကာ တကြိမ်တခါမျှသော်လည်း နေလွဲအခါ ကွမ်းစားမှု ပြုရာပါသည်။ အဆိုပါ ရဟန်း၏ မပိတ်အပ်သော အဝ ရှိသော လွယ်ကူစွာ ဝင်ရောက်နိုင်သည့် လည်မျိုတဖက်သို့ ကွမ်းရည်သည်၎င်း၊ ကွမ်းဖတ်သည်၎င်း အလိုမရှိပဲ ဖြစ်စေ မသိဘဲ ဖြစ်စေ တံတွေးနှင့်တကွ ဝင်သွားပါလျှင် ဒုက္ကဋ် အာပတ်သင့်ပါသည်။ အကြောင်းကား—ဤသိက္ခာပုဒ်သည် စိတ်မပါပဲလည်း သင့်နိုင်သော ( အစိတ္တက ) သိက္ခာပုဒ် ဖြစ်သောကြောင့်ပါတည်း။

ယနေ့ မွန်းလွဲချိန်မှစ၍ နောက်နေ့ အရုဏ်တက်ချိန် အတွင်း ကွမ်းအရသာ၌ တပ်မက်သော တဏှာကိလေသ မာရ်၏ အလိုသို့လိုက်ကာ အဖန်ဖန် ကွမ်းစားသော ပုဂ္ဂိုလ် အား တနေ့တည်း၌ပင် အရာမက များစွာသော အာပတ်

တို့သည် ရေအယဉ်ကဲ့သို့ လွှမ်းမိုးနေကြပါသည်၊ နေ့တိုင်း နေ့တိုင်း၊ နေလွဲတိုင်း နေလွဲတိုင်း ကွမ်းစားသော ပုဂ္ဂိုလ်အား လျှောက်ဆိုဖွယ်ရာ မရှိတော့ပါ၊ များစွာသော အာပတ်တို့၏ နှိပ်စက်မှု ခံရသော ထိုပုဂ္ဂိုလ်တို့သည် "တဖန် ဤသို့ မပြု တော့အံ့"ဟု နောင်အခါ စောင့်စည်းလိုမှု(အာယတိံ သံဝရ)၌ တည်လိုသော စိတ်ဖြင့် အာပတ်ကို မသုတ်သင် မကုစားကြ တော့ပဲ တခါတရံမျှလည်း လဇ္ဇီသူတော်ကောင်းတို့၏တရားသို့ မသက်ရောက်ကြတော့ပါ။

"အကြင် ရဟန်းသည် နေလွဲအခါ၌ ခဲဖွယ်ကို ဖြစ်စေ စားဖွယ်(ဘောဇဉ်)ကိုဖြစ်စေ ခဲစားငြားအံ့၊ ထို ရဟန်းအား ပါစိတ်အာပတ် သင့်၏" (ဝိ၊၂။ ၁၁၅။)—

ဟု ဘုရားရှင် ပညတ်တော်မူအပ်သော ဝိကာလဘောဇန သိက္ခာပုဒ်၏ ဒုက္ကဋပါဠိရအရာ၌ အဋ္ဌကထာဆရာ ထားအပ် သော—

"ယာမကာလိက စသည်တို့ကို အာဟာရအကျိုး ငှါ အကပ်ခံခြင်း စားမျိုသောက်သုံးခြင်းတို့၌ ဒုက္ကဋ်အာပတ်သင့်၏" (ကခ်၊ ၂၂၅)—

စသော လျှောက်တင်ခဲ့ပြီး ဝိနည်း အဋ္ဌကထာပါဌ်သည် အဆိုပါ ရဟန်းတို့၏ ကိုးကွယ်ရာကို ပြုခြင်းငှါ ထားအပ်ပါ သော်လည်း လျှောက်တင်ခဲ့ပြီး ၅-မျိုးသော ဘေးကြီးတို့မှ လွတ်စေကာ နတ်ရွာ မဂ်ဖိုလ်အကျိုးငှါ ကိုးကွယ်ရာ ပြုရန် မစွမ်းနိုင်တော့ပါ။

## ဆေး ဥပမာ

ဖခင် ဆေးဆရာကြီးက ကောင်းစွာ ပေးထားသော ဆေးကို သင့်လျော်သောအခါ၌သာ မသုံးဆောင်ပဲ မသင့် လျော်သောအခါ၌လည်း ကြိမ်ဖန်များစွာ သုံးဆောင်မိသဖြင့် သေဘေးထိရောက်သည့် သားမိုက်အတွက် ထိုဆေးသည် အဘယ်အကျိုးရှိတော့အံ့နည်း၊ ထို ဖခင်ဆေးဆရာကြီးသည် အဘယ်အရာ ပြုနိုင်တော့မည်နည်း။ ရသတဏှာကိလေသ မာရ်၏ သတ္တဝါတို့ အကျိုးမဲ့ကို ပြုနိုင်ခြင်းသည် ကြောက်မက် ဖွယ်ရာ ကောင်းပါပေစွ။ ဝသဝတ္တိမာရ်နတ်မင်း၏ သတ္တဝါ တို့ကို မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်းသည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

တောင်းပန် တိုက်တွန်းလိုပါသည်၊ သတိ, ပညာနှင့် ပြည့်စုံ၍ သူတော် သူမြတ်များ ဖြစ်တော်မူကြသော သီရိ လင်္ကာနေ လင်္ဘာ ကုက္ကုစ္စက သိက္ခာကာမ အရှင်မြတ်တို့ ဘုရား၊ လျှောက်တင်ခဲ့ပြီး အရာမျိုး၌ သီရိလင်္ကာနေ အရှင် မြတ်တို့သည် မကောင်းမှုကို ကဲ့ရဲ့သူတို့သာ ဖြစ်ကြ၍ မကောင်းမှု အကုသိုလ်တို့၏ အပြစ်ကိုသာ အဖန်ဖန် ရှုကြ ပြီးလျှင် ဖော်ပြပါ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ခြင်း ရှုတ်ချခြင်း အလျှင်း မပြုကြပဲ ထိတ်လန့်မှု ‘သံဝေဂ’ ကိုသာ ဖြစ်စေကာ ထို အလဇ္ဇီရဟန်းတို့အပေါ်၌ သနားမှု ‘ကရုဏာ’ ကို ဖြစ်ပွါး စေသင့်ကြပါသည်။ ယင်းသို့ ဖြစ်ပွါးစေကြပြီးလျှင်—

"တပါးသောပုဂ္ဂိုလ်တို့သည် အလိုကြီးသူတို့ ဖြစ်ကြလိမ့်မည်၊ ငါတို့ကား အလိုနည်းသူတို့ ဖြစ်ကုန်အံ့" (မ၊၁။၅၁။)—

စသော သလ္လေခ သုတ္တန်ကို အဖန်ဖန် အောက်မေ့ကြ၍ "ငါတို့သည် ဤအသင့် ဒုဿီလပုဂ္ဂိုလ်တို့ကဲ့သို့ မပြုကျင့်ကြပဲ မပြောပလောက်သည့် နေလွဲကွမ်းစား အရသာခံစားမှုကို (သော်လည်း) အမှီပြုလျက် အဖိုးများစွာ ထိုက်တန်သော စောင့်စည်းမှု သီလကို ဖျက်ဆီးကာ အလဇ္ဇီ ဒုဿီလအဖြစ်သို့ ရောက်ပြီး မပျက်စီးကုန်အံ့" ဟု နှလုံးပြုကာ အခါခပ်သိမ်း သတိပြုတော်မူကြပါကုန် အရှင်ဘုရား။

## လွန်ကျူးသူတို့အား သိက္ခာပုဒ်က မချီးမြှောက်နိုင်

သန္နိမိ သိက္ခာပုဒ်သည် ဘုရားရှင်က မိမိတပည့်သားရဟန်းများအား ကောင်းစွာချီးမြှောက်ရန် ပညတ်ထားသော သိက္ခာပုဒ်ဖြစ်ပါလျက် အချို့ပုဂ္ဂိုလ်တို့အတွက် နှိပ်ကွပ်ရန် ပညတ်ထားသကဲ့သို့ ထင်ရပါသည်။ ထင်ရှားအောင် လျှောက်ထင်ပါမည်။ ဤသန္နိဓိသိက္ခာပုဒ်သည် (ကွမ်းစားမှုစသည်ပြု၍ ) သိက္ခာပုဒ်လွန်ကျူးသော ပုဂ္ဂိုလ်တို့အား လျှောက်တင်ခဲ့ပြီး ဘေးကြီးငါးမျိုးတို့မှ လွတ်မြောက်စေ၍ ရှင်း၊ သိက္ခာပုဒ် ဖြည့်ကျင့်အားထုတ်မှုနှင့် စပ်သော သဒ္ဓါ သတိ၊ ဝီရိယ ရှေ့သွားရှိသည့် သီလကောင်းမှုကြောင့် ဖြစ်သော နှလုံးသာယာမှု ဝမ်းမြောက်မှု နှစ်သက်မှု ငြိမ်းအေးမှု ချမ်းသာမှု တည်ကြည်မှုနှင့် ငြီးငွေ့မှု 'နိဗ္ဗိဒါဉာဏ်' စသော မြောက်များစွာသော အကျိုးအာနိသင်ကို ပြည့်စေ၍ရှင့်၊

ကောင်းစွာ စောင့်ရှောက်ချီးမြှောက်ခြင်းငှါ မနှမ်းနိုင်ပါ၊ ယင်းသို့ ဖြစ်ရခြင်းကား လျှောက်တင်မည့် အကြောင်းတို့ ကြောင့် ဖြစ်ပါသည်။

"၇-ရက် အတွင်းသာ သုံးဆောင်ကောင်းသည့် 'သတ္တာဟကာလိက' ကို အသက်ထက်ဆုံး (စားသောက်ဖွယ်)အာဟာရအလို့ငှါ ခံယူသောရဟန်းအား ခံယူခြင်းကြောင့် ရှေးဦးစွာ ဒုက္ကဋ်အာပတ် သင့်၏၊ စားမျိုသော ရဟန်းအား အကယ်၍ အာမိသနှင့် မရောလျှင် မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ (ဝိ-ဋ္ဌ၊၃။၁၀၅။ ကခါ။၂၂၅။) ဟူ၍ရှင်း–

"'အသက်ထက်ဆုံး ယူဆောင်၍ အကြောင်းရှိလျှင် သုံးဆောင်ကောင်းသောကြောင့် 'ယာဝဇီဝိက' ဟု ဆိုအပ်၏" ဟူ၍ရှင်း–

"အကယ်၍ သပိတ်ကို စင်ကြယ်စွာ ဆေးကြော သုတ်သင်မထားအံ့၊ ယင်းသပိတ်ကို လက်ချောင်းဖြင့် ပွတ်တိုက်လျှင် လက်ချောင်းရာ ထင်နိုင်၏၊ အဖွဲ့ အတုပ်ရှိသော သပိတ်၏ အဖွဲ့အတုပ်ကြား၌ အကယ်၍ အဆီအစေး ဝင်နိုင်အံ့၊ ထိုအဆီအစေးသည် သပိတ် နေလှမ်းသောအခါ ယိုထွက်လာနိုင်၏။ ပူသော ယာဂုကို ခံယူသောအခါ ထင်ပေါ်လာနိုင်၏၊ ယင်းသို့သော သပိတ်၌ ထည့်၍ နောက်နေ့ဝယ် သုံးသော ရဟန်းအား ပါစိတ်အာပတ် သင့်၏" (ဝိ၊ ဋ္ဌ။ ၃ ၁၀၄။ ကခါ။ ၂၂၅) ဟူ၍ရှင်း–

"ယာဝဇီဝိက ဝတ္ထုသည် ယနေ့ ခံယူထားသော်လည်း ယာဝကာလိကဝတ္ထုနှင့် အရည်၊ အရသာချင်း ရောနှောလျှင် မအပ်၊ သိုမှီးသိမ်းထားသော ဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် သင့်သော (သန္နိဓိ) အာပတ်ကို ဆောင်နိုင် သင့်စေနိုင်၏။ ထို ယာဝဇီဝိကဝတ္ထုကို 'ဤဝတ္ထုသည် သိုမှီးထားအပ်သော ဝတ္ထုဖြစ်၏' ဟု မသိသော်လည်း အာပတ်မှ မလွတ်" (ဝိ၊ဋ္ဌ၊၄။၁၃၅၊)ဟူ၍ရှင်း—

ဤသို့လာသော (အဋ္ဌကထာ) ပါဠိအားလျော်စွာ ယာဝဇီဝိကဝတ္ထု ဖြစ်သော်လည်း ရှေးနေ့က ခံယူထားသော ကွမ်းကို နာဖျားမှု အကြောင်းမရှိပဲ သက်သက် ရသတဏှာ ကိလေသ မာရ်၏အလိုသို့ လိုက်ကာ နံနက်အခါဖြစ်စေ၊ နေလွဲအခါဖြစ်စေ သုံးဆောင်သော ရဟန်းအား သန္နိဓိ ဒုက္ကဋ် အာပတ် သင့်ပါသည်။ ထို့ပြင် ပါးစပ်တွင်းဝယ် ကောင်းစွာ မဆေးကြောသဖြင့် သွားကြား၌ တည်နေသော, ကောင်းစွာ မကြေညက်သေးသည့် ရှေးနေ့က စားထားသော ကွမ်းဖတ်တို့နှင့် ရောနှော၍ ယာဝကာလိကဝတ္ထု (ခဲဖွယ် ဘောဇဉ်) ကို သုံးဆောင်သော ရဟန်းတို့အား သန္နိဓိပါစိတ် အာပတ် သင့်ရောက်ပါသည်။ ကောင်းစွာ မဆေးကြောသဖြင့် အညစ်အကြေးစွဲနေသော သပိတ်, ခွက်တို့၌ ထည့်၍ သုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ် သင့်ပါသည်။ ဤအကြောင်းများကြောင့် သိက္ခာပုဒ် လွန်ကျူးသော ရဟန်းတို့အား သိက္ခာပုဒ်က ချီးမြှောက် စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်ပါ။

## ဆေးဥပမာ တမျိုး

ဖခင် ဆေးဆရာကြီး ပေးအပ်ထားသော ဆေးစွမ်းကောင်းကို လေးလေးစားစား မသောက်သုံးဘဲ လက်တလော သေစေနိုင်သည့် အဆိပ်ကိုသာ စားမိ၍ သေဘေးထိရောက်နေသော သားမိုက်အတွက် အဆိုပါ ဆေးစွမ်းကောင်းသည် အဘယ်အကျိုးရှိနိုင်တော့မည်နည်း၊ ထိုဖခင် ဆေးဆရာကြီးသည်လည်း အဘယ်အရာ ပြုနိုင်ပါတော့အံ့နည်း။

> "အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ပြန့်ပြော ကြီးကျယ်သော ချမ်းသာကို ရလိမ့်မည်ဟု သိမြင်ပါမူ ပြန့်ပြောကြီးကျယ်သော ချမ်းသာကို သိမြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏" (ဓမ္မ။ ၅၅)–

ဟူသော ဘုရားရှင်အဆုံးအမကို မအောက်မေ့ မဆင်ခြင်မိသော မေ့လျော့မှု ကိလေသမာရ်၏ သတ္တဝါတို့ အကျိုးမဲ့ကို ပြုနိုင်ခြင်းသည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။ ယင်းမေ့လျော့မှု ကိလေသမာရ်သည် ဘုရားရှင်တပည့်သားတို့ကို သီလစင်ကြယ်မှု၏ (အကျိုးအာနိသင် ဖြစ်သည့်) ပြန့်ပြောများပြားသော ချမ်းသာတို့ကို စွန့်လွှတ်စေကာ နာဖျားမှုအကြောင်းမရှိပဲ ရှေးနေ့က ခံယူထားသည့် ကွမ်းကို ခံစားမှုစသော အနည်းငယ်သော ချမ်းသာကို ခံစားစေလျက် မျက်မှောက် သံသရာ ၂-ဖြာလုံး အကျိုးမဲ့ဖြစ်အောင် ပြုနိုင်ပါပေစွ။

## တဖန် တိုက်တွန်းခြင်း

ဤသို့သော အဆာမျိုး၌ မကောင်းမှုကိုသာ ကဲ့ရဲ့ရှုတ်ချသူများဖြစ်ကြ၍ သိက္ခာပုဒ် ကျူးလွန်မှုအဖြစ်ကို ဖုံးလွှမ်းတတ်သည့် မောဟနှင့် ယှဉ်သော ရသတဏှာ ကိလေသာအယုတ်တရားကိုသာ ကဲ့ရဲ့ရှုတ်ချသင့်ကြပါသည်။ ယင်းသို့ကဲ့ရဲ့ကြပြီးလျှင် –

"သူတပါးတို့၏ အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု မပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြုကိုသာ ကြည့်ရှုရာ၏" (ဓမ္မ။ ၂၀။)——

ဟူသော ဘုရားရှင့်အဆုံးအမတော်ကို ကောင်းစွာ သက်ဝင်ဆင်ခြင်ပြီးလျှင် တခါတရံမျှသည်း ဤသို့သော (အလဇ္ဇီ) ပုဂ္ဂိုလ်တို့၏ ကောင်းမှု မကောင်းမှု ပြု မပြု အဖြစ်ကို မရှုပဲ မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြု အဖြစ်ကိုသာ အဖန်ဖန် ဆင်ခြင် အောက်မေ့ရာပါသည်။ ယင်းသို့ ဆင်ခြင်ကြပြီးလျှင် သန္တိမိအာပတ် အညစ်အကြေး လိမ်းကပ်နေသောထိုပုဂ္ဂိုလ်တို့အပေါ်၌ သနားခြင်း 'ကရုဏာ'ကို သာ ဖြစ်စေပြီးလျှင် "ငါတို့နှင့် အဖတူ တပည့်သား သီတင်းသုံးဖော်များဖြစ်သော ဤပုဂ္ဂိုလ်တို့သည် ဤသို့သော သန္တိမိအာပတ်ဘေးမှ လွတ်မြောက်ကြ၍ အဘယ်အခါ၌ သီလစင်ကြယ်ကာ မိမိ၏ ကိုးကွယ်ရာကို ရကြပါလိမ့်မည်နည်း"၊ ထို (အလဇ္ဇီ) ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးကို တောင့်တလျက် မေတ္တာတရားပွါးများစေသင့်ကြပါသည်။

ယင်းသို့ ပွါးများစေကြပြီးလျှင် "ငါတို့သည် ဤ(အလဇ္ဇီ) ပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်အောင် နေထိုင်ကြမည်" ဟု သတိပြု ကြပြီး နံနက်အခါ ခံယူထားသော ကွမ်းကို ယာဝဇီဝကပင် ဖြစ်သော်လည်း နာဖျားမှု အကြောင်းမရှိပဲ နံနက်အခါ၌ပင် မသုံးဆောင်မူ၍ နာဖျားမှုအကြောင်းဖြင့် သုံးဆောင်သော် လည်း မုခသန္နိဓိအာပတ်မှ လွတ်မြောက်စေရန် ပါးစပ်တွင်း ဝယ် ခဲထားသော ယာဝကာလိကအာဟာရ (ခဲ့ယ် ဘောဇဉ်)နှင့် မရောနှောအောင် ကောင်းစွာ ဆေးကြော သုတ်သင်သင့်ကြပါသည်။ ထိုမှတပါး ခြားသော အညစ် အကြေး စွဲကပ်နေသည့် သပိတ် ခွက်ဘို့ကို စင်ကြယ်အောင် သုတ်သင်ရန် နေ့စဉ် နေ့တိုင်း သာမဏေ ကျောင်းသား ကပ္ပိယကာရကများကို ဆေးကြောစေသင့်ကြပါသည်။ သီရိ- လင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့ဘုရား၊ တပည့် တော်၏ ချစ်အပ်သောမိတ်ဆွေ ချစ်အပ်သောဆရာ၊ ချစ်အပ် သော တပည့် ချစ်အပ်သော သီတင်းသုံးဖော်များ ဖြစ်ကြ သော အရှင်ကောင်း အရှင်မြတ်တို့သည် ဤသို့သော သန္နိဓိ- အာပတ်အညစ်အကြေးမှ ကင်းဝေး လွတ်မြောက်ခြင်းငှါရင်း၊ အလဇ္ဇီပုဂ္ဂိုလ် မဖြစ်ခြင်းငှါရင်း၊ စိတ်နှလုံးသာယာခြင်းငှါ ရင်း၊ ဝမ်းမြောက်မှု စသော တရားအရသာကို သာယာခံစား ခြင်းငှါရင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူကြပါကုန် ဘုရား။

## ဖိနပ်စီးမှုတားမြစ်သော သိက္ခာပုဒ်

မဟာဝါ ခန္ဓကာ၌လာသော ဖိနပ်စီးမှုနှင့်စပ်သည့် သိက္ခာ ပုဒ်သည်လည်း ဘုရားရှင်က မိမိတပည့် ရှင်ရဟန်းတို့အား

လူဝတ်ကြောင် ပုဂ္ဂိုလ်ဘို့ မကဲ့ရဲ့ခြင်းငှါ ပညတ် ထားပါသော်လည်း အချို့သော (အလဇ္ဇီ) ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ဖို့ရန် ပညတ်ထားသကဲ့သို့ထင်ရပါသည်။ ထင်ရှားအောင် လျှောက်တင်ပါမည်—

"ရဟန်းတို့ မနာမဖျားသော ရဟန်းသည် ဖိနပ်စီးလျက် ရွာတွင်းသို့ မဝင်အပ်၊ ဝင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" (ဝိ၊ ၃။ ၂၀၃။) ဟူ၍ ၎င်း -

"ရဟန်းတို့ ခြေဖဝါးကွဲသော ရဟန်းအားရှင်း၊ ခြောင့်ကဲ့သို့ အသားထွက်သော ခြေဖဝါးနာရှိသော ရဟန်းအား၎င်း ဖိနပ်စီးခြင်းငှါ ခွင့်ပြုတော်မူ၏" (ဝိ၊ ၃။ ၂၇၆။) ဟူ၍၎င်း -

ဤသို့ စသည်ဖြင့် လာသော ပါဠိတော်အားလျော်စွာ များသောအားဖြင့် ကဲ့ရဲ့လိုသူ လူတို့၏ အပြစ်မြင်လွယ်သော ဌာနဖြစ်သည့် ရွာတွင်း၌ ဖိနပ်မစီးပဲ မသွားနိုင်သော အနာရောဂါကင်းလျက် ဖိနပ်စီးခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်သော ထိုအာပတ်ကို နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် ဒေသနာလည်း မကြားသော ကြိမ်ဖန်များစွာ လွန်ကျူး၍ တခါတရံမျှ ထိုဖိနပ်စီးမှု၌ လဇ္ဇီသူမွန်တို့၏တရားသို့ မသက်ရောက်သော အလဇ္ဇီရဟန်းအား လျှောက်တင်ခဲ့ပြီး သိက္ခာပုဒ်က လူရှင်ရဟန်းတို့၏ကဲ့ရဲ့ခြင်းဘေးမှ လွတ်စေခြင်းငှါမစွမ်းနိုင်ပါ၊ ထို့ပြင် အာပတ်သင့်မှုမှ ရှောင်ကြဉ်အားထုတ်သော သတိ, ဝီရိယ စသည့် ရှေ့သွားရှိသည့် စောင့်စည်းမှု သီလကုသိုလ်နှင့် ပြည့်စုံစေခြင်းငှါလည်း မစွမ်းဆောင်နိုင်ပါ။

မှန်ပါသည် ထိုသို့သော အလဇ္ဇီရဟန်းအား "ဘုရားရှင်တပည့်သား ဤရဟန်းများသည် ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့ ရဟန်းတို့နှင့် မအပ်စပ်သော ဖိနပ်ကို ဆောင်ကြ စီးကြ၏။ ဘုရားရှင်၏ သိက္ခာပုဒ် ပညတ်တော်ကို ချိုးဖောက်ကြ၏"ဟု လူဝတ်ကြောင် ပုဂ္ဂိုလ်တို့က ကဲ့ရဲ့တတ်ကြပါသည်။ သီလချစ်ခင်သော လဇ္ဇီရှင်ရဟန်းတို့ကလည်း "ဤပုဂ္ဂိုလ်တို့သည် ငါတို့ဆရာဘုရားရှင်၏ ပညတ်တော်ကို ကျူးကျော်ဖျက်ဆီးသျက် အရှက်မရှိသူ မကောင်းသောသဘောရှိသူတို့တည်း၊ ဤပုဂ္ဂိုလ်တို့သည် မကြည်ညိုသေးသောသူတို့ မကြည်ညိုခြင်းငှါလည်း၊ ကြည်ညိုပြီးသူ အချို့လူတို့ အကြည်ညိုပျက်ခြင်းငှါလည်း ဖောက်ပြန်မှုကို ပြုကြ၏"ဟု ကဲ့ရဲ့စွပ်စွဲကြပါသည်။

## ရှူးသွပ်နေသော သားဥပမာ

ဖခင်ဖြစ်သော ပုဂ္ဂိုလ်က သနားကြင်နာသော စိတ်ဖြင့် အဖန်ဖန် တားမြစ်ထားပါလျက် ဘီလူးဖမ်းစားခံရ၍ ရှူးသွပ်နေသဖြင့် ဝင်းဝင်း ပြောင်ပြောင် တောက်လောင် နေသည့် မီးပုံကြီးကို နင်းသောသားအား ထိုဖခင်သည် အဘယ်အရာ ပြုနိုင်ပါအံ့နည်း။

"အနည်းငယ်သော မကောင်းမှုသည် (ငါ့အထံသို့) အကျိုးရောက်လာမည် မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက် အဖန်ဖန် ကျရောက်သဖြင့် ရေအိုးသည် ပြည့်ဘိသကဲ့သို့ သူမိုက်သည် မကောင်းမှုကို အနည်းငယ် အနည်းငယ် ဆည်းပူးလျက် မကောင်းမှုဖြင့် ပြည့်နှက်နေ၏"(ဓမ္မ။ ၁၃။)

ဟူသော ဘုရားရှင် အဆုံးအမတော်ကို မရှိမသေ ပြုတတ်သော မာရ်စစ်သည် အပေါင်း၏ ဘုရားရှင်အပေါ် အရှက်ကင်းသည့် အဖြစ်သည် အံ့သြဖွယ်ရာ ကောင်းပါပေစွ။ မာရ်နတ် ဂျက်စားရာ နယ်ပယ်၏ အရာကျယ်သည့် အဖြစ်သည်လည်း ကြောက်မက်ဖွယ်ရာ ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

လျှောက်တင်ခဲ့ပြီးသည့်အတိုင်း ဤသို့သော အရာမျိုး၌ အခြား တစုံတယောက်သော ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ရှုတ်ချမှု မပြုကြပဲ မကောင်းမှု အကုသိုလ်ဘိုကိုသာ ကဲ့ရဲ့ရှုတ်ချကြလျက် ဖော်ပြပါ အလဇ္ဇီအမှု၌ အပြစ်မြင်မှု၍ နောင်အခါစောင့်စည်းလိုသောစိတ်ဖြင့် ဒေသနာမကြားပဲ နေကြသော အလဇ္ဇီအမှုဖြင့် အပါယ်သို့ ရွေ့ရှုသွားနေကြသည့် ပုဂ္ဂိုလ်တို့အပေါ်၌ အထူးသဖြင့် သနားခြင်းကို ဖြစ်စေသင့်ကြပါသည်။ သီရိလင်္ကာ၌ သီတင်းသုံးနေကြသော ထေရ်ကြီး ထေရ်ငယ်နှင့်တကွ ရဟန်းလတ် ရဟန်းငယ် သာမဏေ အရှင်မြတ်အပေါင်းတို့ဘုရား တပည့်တော်တို့၏ မဖြစ်ဖူးသေးသော ချစ်မိတ်ဆွေ၊ မြင်ဖူးပြီး ချစ်မိတ်ဆွေ ဖြစ်ကြသည့် သီတင်းသုံးဖော် လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ အရှင်မြတ်တို့သည် လျှောက်တင်ခဲ့ပြီးသည့်အတိုင်း သနားခြင်းကို ဖြစ်ပွါးစေလျက် "ငါတို့သည် ဤအလဇ္ဇီ ပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်အောင်ကျင့်ဆောင်ကြကုန်အံ့"ဟု စိတ်ကို ဆောက်တည်ကာ အထူးသတိပြုတော် မူကြပါကုန်ဘုရား။

## ထီးဆောင်းမှုတားမြစ်သော သိက္ခာပုဒ်

ခန္ဓကဉ်လာသော ထီးဆောင်းမှုနှင့်စပ်သည့် သိက္ခာပုဒ်သည်လည်း၊ ဘုရားရှင်က မိမိတပည့်သား ရဟန်းတို့အား မကြည်ညိုသေးသော လူပုဂ္ဂိုလ်တို့ ကြည်ညိုအောင် ပညတ်ထားပါလျက် အချို့သော (အလဇ္ဇီ) ပုဂ္ဂိုလ်တို့ အတွက် အကြည်ညိုပျက်အောင် ပညတ်ထားသကဲ့သို့ ထင်ရပါသည်။ ဤသိက္ခာပုဒ်သည် အကြည်ညိုပျက်သူ လူပုဂ္ဂိုလ်, မကြည်ညိုသေးသော လူပုဂ္ဂိုလ်တို့ ကြည်ညိုခြင်းငှါ၎င်း၊ အလိုနည်းသော အခြားရဟန်းတို့ မစွပ်စိုခြင်းငှါ၎င်း သိက္ခာပုဒ် ကျူးလွန်သော ပုဂ္ဂိုလ်တို့၏ ကိုးကွယ်ရာကိုပြု ရန် မစွမ်းဆောင်နိုင်ပါ။

“ရဟန်းတို့ နာဖျားသော ရဟန်းအား ထီးဆောင်းရန် ခွင့်ပြုတော်မူ၏” (ဝိ၊ ၄။ ၂၆၉)ဟူ၍၎င်း-

“နာဖျားသော ရဟန်းအား ထီးဆောင်းဟူရာ၌ နာဖျားဟူသည် ကိုယ်ပူနာရှိသောရဟန်း၊ သည်းခြေပျက် ရောဂါရှိသောရဟန်း၊ မျက်စိအားနည်းသော ရဟန်း၊ ထီးမဆောင်းလျှင် ဖြစ်တတ်သော အခြား အနာရောဂါ တစုံတခုရှိသော ရဟန်းတည်း၊ ထို ရဟန်းသည် ရွာ၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ ထီးဆောင်း အပ်၏။ မိုးအခါ၌ သင်္ကန်းကို စောင့်ရှောက်ခြင်းငှါ၎င်း၊ သားရဲ သစ်ကျားဘေး၊ ခိုးသူဘေးတို့ကြောင့် မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှါ၎င်း၊ ထီးဆောင်း အပ်၏” (ဝိ၊ ဋ္ဌ၊ ၄။ ၅၂။)ဟူ၍၎င်း-

ဤသို့လာသော (ပါဠိအဋ္ဌကထာ) ပါဠ်အားလျော်စွာ ထီး မဆောင်းပဲ သွားခြင်းငှါ မစွမ်းနိုင်သော အနာရောဂါ၊ နွားလားဥသဘ စသော အန္တရာယ်၊ မိုးရွာခြင်း အန္တရာယ် မရှိပဲ ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ ထီးဆောင်းလျှင် လှုပ်ရှားမှု ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

"ထီးရွက်၌ မကရ်းသားသဏ္ဌာန် လခြမ်းသဏ္ဌာန်စသည် ထုခြင်းငှါ မအပ်၊ ထီးရိုး၌ ကြာသွတ်အိုးသည်ရင်း၊ သားရဲရုပ်သည်ရင်း၊ ကြံဆစ်အရေးသည်ရင်း မအပ်" –

ဟူသော ခုဒ္ဒသိက္ခာပါဠ်(ဂါထာ၊ ၂၅၉၊ ၂၆၀။)အားလျော်စွာ သီရိလင်္ကာ၌ အများအားဖြင့် ရဟန်းတော်များ အသုံးပြုသော လခြမ်းသဏ္ဌာန် ရေးထုထားသည့် မအပ်သောထီးကို ဆောင်းလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။ ထိုဒုက္ကဋ်အာပတ်ကို နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် တခါတရံမျှ ဒေသနာမကြား၊ လဇ္ဇီသူတော်ကောင်းတို့၏ တရားကိုလည်း မရရှိသော အလဇ္ဇီရဟန်းအား အကြည်ညိုပျက်သူ လူပုဂ္ဂိုလ်နှင့် လုံးလုံး မကြည်ညိုသေးသူ လူပုဂ္ဂိုလ်တို့က ကဲ့ရဲ့ရှုတ်ချ မကောင်းသတင်း လွှင့်တတ်ကြပါသည်၊ "ဤရဟန်းတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော ဘုရားရှင် သာသနာတော်၌ရဟန်းပြုနေကြပါလျက် ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့ရင်း၊သာသနာမှအပ တိတ္ထိ ပရိဗိုဇ်တို့ ကဲ့သို့ရင်း၊ ရဟန်းတို့နှင့် မလျော်သော ထီးကို ဆောင်းမိုးနေကြဘိ၏၊ ဘုရားရှင် ပညတ်တော်ကို မရိုသေ မလေးစားကြကုန်"။ဤသို့ ကဲ့ရဲ့ရှုတ်ချ မကောင်းသတင်း လွှင့်တတ်ကြပါသည်။

## အပြောခက်သော သားမိုက် ဥပမာ

ဖခင်ဖြစ်သော ပုဂ္ဂိုလ်က အဖန်ဖန် သွန်သင်ဆုံးမပါလျက် ဖခင်စကားကို မလေးစား မနာယူပဲ ဖောက်ပြန်မှုကိုပြုသဖြင့် အခြားသူတို့၏ ကဲ့ရဲ့ရှုတ်ချ မကောင်းသတင်းအလွှင့်ခံရသော မင်းမဏ်သင့်နေသည့် သားမိုက်အား ကောင်းစွာ သွန်သင် ဆုံးမထားသော ဖခင်စကားသည် အကျိုးမဲ့ပြီး အချည်းနှီးသာ ဖြစ်ပါသည်။ ထိုသားမိုက်၏ ဖခင်သည်လည်း အဘယ်အရာ တတ်နိုင်ပါတော့မည်နည်း။

"မိမိကိုယ်ကို ချစ်အပ်၏ဟုသိပါမူ ထို မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ လုံ့လထုတ်ကာသုတ်သင်ရာ၏" (ဓမ္မ ခု၊ ၁၊ ၃၇။) ဟူ၍၎င်း—

"မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ယင်း မိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ" (သံ၊၁။၇၂) ဟူ၍၎င်း–

ဆရာအရှင် ဖခင်ဘုရားက သနားကြင်နာသော စိတ်ဖြင့် တပည့်သား ရှင်ရဟန်းတို့အား အဖန်ဖန် သင်ပြဆုံးမထားပါလျက် ဆုံးမစကားကိုမလိုက်နာရန် လွှမ်းမိုးနှိပ်စက်နေသော ကိလေသာမာရ်၏ သတ္တဝါတို့ အကျိုးမဲ့ကို ပြုနိုင်ခြင်းသည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

သီရိလင်္ကာ၌ သီတင်းသုံး နေတော်မူကြသော ထေရ်ကြီး ထေရ်ငယ် ရဟန်းလတ် ဟန်းငယ် သာမဏေ အရှင်မြတ် အပေါင်းတို့ဘုရား ... သတိ၊ ပညာနှင့် ပြည့်စုံ၍ သဒ္ဓါတရားဖြင့် ရှင်ရဟန်း ပြုလာကြသော အရှင်မြတ်တို့သည် ဤသို့သော အရာမျိုး၌ အခြားသော (အသဇ္ဇီ) ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့တော် မမူကြပဲ မကောင်းမှု အကုသိုလ်တို့ကိုသာ ကဲ့ရဲ့တော်မူကြပြီး လျှင် ၎င်းတို့သည် ယင်းအကုသိုလ် အညစ်အကြေးတို့ဖြင့် မလိမ်းကပ် မညစ်နွမ်းခြင်းငှါ အဆူးသန့်ရှင်းစင်ကြယ်အောင် သတိတရား လက်ကိုင်ထားတော်မူကြပါကုန် ဘုရား။

## အဝန်းညီစွာ ဝတ်ရုံရန် သိက္ခာပုဒ်နှစ်ပါး

အဝန်းညီစွာ ဝတ်ရုံရန် ပညတ်ထားသော (ပရိမဏ္ဍလ) သိက္ခာပုဒ် ၂-ပါးသည်လည်း ဘုရားရှင် ရည်ရွယ်တော်မူရင်း အကျိုးကို မပြီးစေသကဲ့သို့ ဖြစ်နေပါသည်။ ဘုရားရှင်သည် မိမိကပည့်သား ရဟန်းတို့၏ ကောင်းစွာ ဝတ်ရုံမှု ဟူသော ကြည်ညိုဖွယ်ရာအခြင်းအရာမျှကို တွေ့မြင်ကြည်ညိုရ၍ လူ ပုဂ္ဂိုလ်တို့ သာသနာတော်ဝယ် အထူး သဒ္ဓါတရား ပွါးများ စေခြင်းငှါရင်း၊ မိမိတပည့်သား ရှင်ရဟန်းများ၏ အခြား ပုဂ္ဂိုလ်တို့ထက် အထူးကြည်ညိုဖွယ်ဂုဏ်ကို ဆောင်နိုင်ခြင်းငှါ ရင်း၊ ရှင်ရဟန်းတို့၏ သင်္ကန်းဝတ်ရုံပုံ အခြင်းအရာမျှဖြင့်ပင် မိမိသာသနာတော်၏ အခြားတိတ္ထိတို့၏ သာသနာထက် သာလွန်ထူးကဲသော ဂုဏ်နှင့်ပြည့်စုံခြင်းငှါရင်း ဤ သိက္ခာ ပုဒ်ကို ပညတ်တော်မူပါသည်။ ယင်းသို့ ပညတ်ထားပါသော်

လည်း အဆုံးအမကို မရရှိသဖြင့် မကြည်ညိုဖွယ် ဝတ်ရုံကြသော အချို့ပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်တော်မူရင်း အကျိုးမှတပါး အကျိုးမဲ့ဖြစ်အောင် ပညတ်ထားသကဲ့သို့ ထင်ရပါသည်။

## အဝန်းညီစွာဝတ်ရန် သိက္ခာပုဒ်

ဤ ပရိမဏ္ဍလသိက္ခာပုဒ် ၂ ပါးတို့တွင် သင်းပိုင်ကို အဝန်းညီစွာဝတ်ရန် ပညတ်ထားသော (နိဒါသန) သိက္ခာပုဒ်သည် သတိတရား ရှေးရှုထား၍ အဝန်းညီစွာ ဝတ်သောပုဂ္ဂိုလ်တို့ကိုသာ ကြည်ညိုဖွယ်အခြင်းအရာကို ဖူးမြင်လိုကြသည့် လူရှင် ရဟန်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းမှ လွတ်စေ၍ ဘုရားရှင် ရည်ရွယ်တော်မူရင်းအကျိုးကို ရရှိစေနိုင်ပါသည်။ အဝန်းညီစွာ မဝတ်သောပုဂ္ဂိုလ်တို့အား ထိုအကျိုးကို ရရှိစေခြင်းငှါ မစွမ်းနိုင်ပါ။

> "ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ၊ တွဲလျားကျစေ၍ (သင်းပိုင်ကို)ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" (ဝိ၊၂။၂၃၉။)ဟူ၍ရင်း—
>
> "တွဲလျားကျစေ၍ ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ - ဟူရာ၌ ထိုသို့ တွဲလျားကျစေ၍ ဝတ်သော ရဟန်းအားသာ ဒုက္ကဋ်အာပတ်သင့်သည် မဟုတ်သေး၊(စူဠဝါ)၌ နွကာဥ ဟောတော်မူအပ်သော ဝတ်နည်းအပြစ်တို့ဖြင့် ဝတ်သော ရဟန်းအားလည်း ဒုက္ကဋ်အာပတ်သင့်၏။ယင်း ဝတ်နည်းအပြစ်တို့ကား— လူတို့ ဝတ်သကဲ့သို့ ဝတ်ခြင်း၊ ဆင်နှာမောင်းနှင့်

တူသော ဝတ်ခြင်း၊ ငါးကြင်းမြီးနှင့်တူသောဝတ်ခြင်း၊ ၄-ခုသော အနားရှိသော ဝတ်ခြင်း၊ ထန်းရွက်ယပ်ဝန်းနှင့်တူသော ဝတ်ခြင်း၊ များသောအတွန့်ရှိသော ဝတ်ခြင်းတို့ ဖြစ်၏" (ဝိ၊ ၄၊ ၃။ ၁၆၁။)ဟူ၍ရင်း—

"အထက်ချက်အဝန်းကိုရင်း၊ အောက်၌ ပုဆစ်အဝန်းကိုရင်း ဖုံးလွှမ်းလျက် ပုဆစ်အဝန်းမှ အောက်၌ သလုံးမြင်းခေါင်းရိုးမှစ၍ လက် ၈-သစ်မျှ သင်းပိုင်ကို အောက်သို့ ကျစေကာ ဝတ်ရာ၏။ ထိုလက် ၈-သစ်ထက် အလွန်ကျစေကာ ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" (ဝိ၊ ၄၊ ၃။ ၁၆၁)ဟူ၍ရင်း—

"လက် ၈-သစ်မျှ ဟူသော အဋ္ဌကထာ စကား၌ 'မျှ'ဟူသော(မတ္တ)စကားဖြင့် ထိုလက် ၈-သစ်ထက် အနည်းငယ် အယုတ်အလွန်ကိုလည်း (အဋ္ဌကထာဆရာ)သိမ်းယူ၏။ ထို့ကြောင့်ပင် ထိုင်သော ရဟန်းအား လက် ၄-သစ်မျှ(ဖုံးလွှမ်းရ၏)ဟု မဟာပစ္စရီ အဋ္ဌကထာ၌ မိန့်ဆို၏"(ဝိမတိ၊ ၂။ ၅၉)ဟူ၍ရင်း—

"ခြောက်ခန်းသော ခြေသလုံးရှိသော ရဟန်းအားရင်း၊ ကြီးသော အသားဆိုင်ရှိသော ရဟန်းအားရင်း သင့်လျော်လျောက်ပတ်အောင် လက် ၈-သစ်ထက် အလွန်လည်း အောက်သို့ချကာ ဝတ်အပ်၏"ဟူ၍ရင်း—

"ဂိလာန-ရဟန်းအား ဟူရာ၌ ခြေသလုံး၌ဖြစ်စေ၊ ခြေ၌ဖြစ်စေ အနာရှိလျှင် အထက်သို့မြှင့်၍သော်ရင်း၊ အောက်သို့ ချ၍သော်ရင်း ဝတ်ခြင်းငှါ အပ်၏။

ဘေးရန်တို့ကြောင့်-ဟူရာ၌ ခြင်္သေ့ သစ် ကျား စသော သားရဲလိုက်လာမှု၊ ခိုးသူလိုက်လာမှု ဟူသော ဘေးရန်တို့ကြောင့် (အဝန်းညီစွာ မဝတ်သော ရဟန်းအား)အာပတ်မသင့်” (ဝိ၊၃။၁၆၂) ဟူ၍၎င်း—

“ဆင်နှာမောင်းနှင့်တူသော ဝတ်ခြင်း မည်သည် စောဠတိုင်းသူ မိန်းမတို့၏ ဝတ်ခြင်းကဲ့သို့ ချက်မှစ၍ ဆင်နှာမောင်းသဏ္ဌာန် ရှိအောင် တွဲလျားချ၍ ဝတ်ခြင်းတည်း၊ တဖက်မှ အမြိတ်အစွန်းကို၎င်း တဖက်မှ ကွင်းအစွန်းကို၎င်း တွဲလျားချ၍ ဝတ်ခြင်း သည် ငါးကြင်းမြီးနှင့်တူသော ဝတ်ခြင်း မည်၏၊ အထက်ရှိ ၂-ဖက်သော အစွန်း, အောက်၌ ၂-ဖက်သော အစွန်းအားဖြင့် ၄-ဖက်သော အနားစွန်းတို့ကိုပြ၍ဝတ်ခြင်း သည် ၄-ခုသော အနားစွန်းရှိသော ဝတ်ခြင်း မည်၏၊ ထန်းရွက်ယပ်ဝန်းအခြင်းအရာဖြင့် အဝတ်ကို တွဲလျား ချ၍ ဝတ်ခြင်းသည် ထန်းရွက်ယပ်ဝန်းနှင့် တူသော ဝတ်ခြင်း မည်၏၊ရှည်သောအဝတ်ကို အကြိမ်များစွာ ချီး၍ ကွင်းဖြစ်အောင် ( ပြုလျက် )ဝတ်ခြင်းသည် များသော အတွန့်ရှိသော ဝတ်ခြင်း မည်၏” (ဝိ၊ဋ္ဌ၊ ၄။၅၄။ ကခါ။၂၇၆။)ဟူ၍၎င်း—

ဤသို့လာသော ပါဠိ အဋ္ဌကထာ ဋီကာပါဠ်တို့အား လျော်စွာ—

(၁) သားရဲသစ်ကျားနှင့် ခိုးသား ဓားမြလိုက်လာခြင်း စသော အန္တရာယ်မရှိပဲ ပကတိရိုးရာအခါ နေရာအားလုံး၌ သင်းပိုင်ကို အဝန်းညီအောင် မပြုမူ၍ နောက်မှ တိုတောင်းစွာ

ရှေ့မှ ဆင်နှာမောင်းအခြင်းအရာအားဖြင့် အထူးရှည်လျားစွာ တွဲလျားချ၍ ဝတ်ခြင်း ဟူသော "ဆင်နှာမောင်းနှင့်တူသော ဝတ်ခြင်း"၊

(၂) အထက်မှ ဖြစ်စေ၊ အောက်မှ ဖြစ်စေ တဖက်မှ အမြိတ်အစွန်ကိုရင်း၊ တဖက်မှ ၂ထပ် ၂-လွှာ အခြင်းအရာ အားဖြင့် ယှည်သော ကွင်းအစွန်ကိုရင်း၊ တွဲလျားချ၍ ဝတ်ခြင်းဟူသော "ငါးကြင်းမြီးနှင့်တူသော ဝတ်ခြင်း"၊

(၃) အထက်မှရင်း၊အောက်မှရင်း ၂-ခုသော အစွန်တို့ကို တွဲလျားချ၍ ဝတ်ခြင်းဟူသော "၄-ဖက် အနားစွန်းပြ၍ ဝတ်ခြင်း"၊

(၄) နောက်မှ ရှည်လျားစွာ တွဲလျားချ၍ ရှေ့မှ တိုတောင်းစွာ ဝတ်ခြင်းဟူသော "ထန်းရွက်ယပ်ဝန်းနှင့် တူသော ဝတ်ခြင်း"၊

(၅) အချို့သော အမူလုပ်ယောကျ်ားတို့၏ ဝတ်ခြင်း ကဲ့သို့ သင်းပိုင်ကို အကြိမ် များစွာ ချိုး၍ အထပ်ထပ် (အလွှာလွှာ)ပြုကာ ရင်ဘတ်၌ ဖွဲ့စည်းပြီးလျှင် ကြွင်းသော အလျားစွန်ကို ပေါင်ကြားဖြင့်ယူ၍ နောက်ပိုင်းဖြစ်သော ခါးအရပ်၌ ထားလျက် ကွင်းဖြင်အောင်ပြုကာ ဝတ်ခြင်း ဟူသော "များသော အတွန့်ရှိသော ဝတ်ခြင်း"၊ ဤကား– မလျော်မလျောက်ပတ်သော ဝတ်ခြင်းတို့တည်း။

ဤသို့သဘောရှိသော ဖောက်ပြန်သော ဝတ်နည်းမျိုးဖြင့် မဝတ်မူ၍ ချက်အဝန်း၊ ပုဆစ်ဝန်းတို့ကို ဖုံးလွှမ်းလျက် ပုဆစ် ဝန်းမှ အောက် လက် ၈-သစ်မျှသော်ရင်း၊ ထို(လက် ၈-သစ်)

ထက် အနည်းငယ်မျှ အယုတ်အလွန်သော်ငြင်း တွဲလျားချ၍ (ထိုထက်အလွန်မကျစေပဲ)ရှာ၌ဖြစ်စေ ကျောင်း၌ ဖြစ်စေ အမြဲတမ်း သတိပြုကာ ဝတ်သင့်ပါသည်၊ စားရိမည်သော သားကောင်(တိဗက်နွား)သည် မိမိအမြီးကို ဆုံးခက်ရှိသော နေရာ၌ တခါတရံမျှ တွဲလျားချကာ မသွားသကဲ့သို့ ရှေ့မှ ဖြစ်စေ နောက်မှ ဖြစ်စေ တွဲလျားချ၍ မသွားခြင်းငှါ အားထုတ်သင့်ပါသည်။ ဘုရားဝတ်ပြုခြင်းစသော အကျိုးငှါ လှည့်လည်သွားလာသောအခါ အထူးသဖြင့် သတိတရား ရှေ့ရှုသား၍ အဝန်းညီစွာ ဝတ်သင့်ပါသည်၊ ခြောက်ခန်းသော ခြေသလုံးရှိခြင်း၊ ကြီးသော အသားဆိုင်ရှိခြင်း၊ ခြေသလုံး စသည်၌ အနာပေါက်ခြင်း ဟူသော အပြစ်အနာရှိသော ပုဂ္ဂိုလ်တို့ကား အဝန်းညီစွာ မပြုမူ၍လည်း သင့်လျော်သလို ချမ်းသာစွာ ဝတ်နိုင်ကြပါသည်။

## အဖိုးတန် အဝတ်ပုဆိုး ဥပမာ

ဖခင်ဖြစ်သော ပုဂ္ဂိုလ်က သနားကြင်နာသော စိတ်ဖြင့် တင့်တင့်တယ်တယ် ရှုချင်ဖွယ်ရှိအောင် ဝတ်ဆင်၍ ပေးကမ်း ချီးမြှင့်ကားသော အဖိုးထိုက် အဖိုးတန် အဝတ်ပုဆိုးကို ကောင်းမွန်သေသပ်စွာ မဝတ်ဆင်မူ၍ အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကိုမျှ လုံခြုံအောင် မဖုံး လွှမ်းပဲ ဝတ်ဆင်ကြသဖြင့် ပရိသတ်အလယ်၌ အခြားပုဂ္ဂိုလ် တို့၏ ပြက်ရယ်ပြောင်လှောင်မှုကို ခံရသဖြင့် အရှက်ရသော သားမိုက်အတွက် အဖိုးထိုက် အဖိုးတန်ဖြစ်သော ထိုပုဆိုး သည် အဖိုးထိုက် အဖိုးတန် မဖြစ်နိုင်တော့ပါ။ ပေးကမ်း ချီးမြှင့်သူ ထိုဖခင်သည်လည်း အဘယ်အရာကို ပြုနိုင်ပါ

တော့မည်နည်း။ မေ့လျော့မှု 'ပမာဒ' တရား၏ သတ္တဝါတို့ကို အရှက်ရအောင် ပြုလုပ်နိုင်ခြင်းသည် အံ့သြဖွယ်ရာ ကောင်းပါပေစွ။

## အဝန်းညီစွာ ရမ်းရန် သိက္ခာပုဒ်

ကိုယ်ရုံ (ကောသိ)ကို အဝန်းညီစွာ ရမ်းခြင်း(ကိုင်ခြင်း)ငှါ ပညတ်ထားသော ပါရုပနသိက္ခာပုဒ်သည်လည်း အဝန်းညီစွာ ရမ်းသော ရှင်ရဟန်းတို့အားသာ ရှင်ရဟန်းတို့နှင့် လျောက်ပတ်သည့် ကောင်းမွန်သပ်ယပ်စွာ သင်္ကန်း ရမ်းခြင်းဟူသော ကြည်ညိုဖွယ်အမှုအရာကို ရှုမြင်လိုကြသည့် လူ ရှင်ရဟန်းတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်မြောက်စေကာ ဤသိက္ခာပုဒ်ပညတ်ရာ၌ ဘုရားရှင် ရည်ရွယ်တော်မူရင်းအကျိုးကို ပြည့်စေခြင်းငှါ စွမ်းနိုင်ပါသည်။ အဝန်းညီစွာ မရမ်းသော ရှင်ရဟန်းတို့အတွက် အကျိုးပြုစေခြင်းငှါ မစွမ်းနိုင်ပါ။

"အဝန်းညီစွာ ရမ်းရာ၏·ဟူသည်ကား ထိုစဉ်အခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူတို့၏ရမ်းခြင်း ခြုံခြင်းမျိုးဖြင့် ရမ်းကြကုန်၏။ ဤသို့ (စူဠဝါ ခုဒ္ဒကဝတ္ထု ခန္ဓကဌ်) ဟောတော်မူအပ်သည့် လူတို့၏ရမ်းခြင်းမျိုး မရမ်းမူ၍ ဤသိက္ခာပုဒ်၌ ဟောတော်မူအပ်သော နည်းဖြင့်သာ (သင်္ကန်း၏) အစွန်း ၂-ဖက်တို့ကို အညီအမျှ ပြုလျက် သင်္ကန်းရမ်းမှု ကျင့်ဝတ်ကို ဖြည့်ကျင့်ကာ အဝန်းညီစွာ ရမ်းရာ၏။ ဤနိဝါသနပါရုပနသိက္ခာပုဒ် ၂-ပါးကိုလည်း သာမညအားဖြင့် ဟောတော်မူသော ကြောင့် ကျောင်း၌ဖြစ်စေ၊ ရွာတွင်း၌ဖြစ်စေ အဝန်း

ညီအောင် ဝတ်ရမည်၊ ရမ်းရမည်” (ဝိ၊ ၥ၊ ၃။ ၁၆၂) ဟူ၍ရှင်း၊

“ ကျောင်း၌ဖြစ်စေ-ဟူသော စကားကို သံဃာ စည်းဝေးရာ ဘုရားဝတ်ပြုရာ စသော အခါကို ရည်ရွယ်၍ (အဋ္ဌကထာဆရာ) မိန့်ဆိုအပ်၏” (ဝိမတိ၊ ၂။ ၆၁။) ဟူ၍ရှင်း၊

“အခတ်ဖြူ ဝတ်သူဘို့၏ ရမ်းနည်း၊ ပရိဗိုဇ်တို့၏ ရမ်းနည်း၊ အဝတ်တထည်တည်း ဝတ်သူတို့၏ရမ်းနည်း၊ သေသောက်ကြူးတို့၏ ရမ်းနည်း၊ နန်းတွင်းသူတို့၏ ရမ်းနည်း၊ လက်သမားကြီးတို့၏ ရမ်းနည်း၊ လယ်လုပ်တဲသို့ ဝင်သောသူတို့၏ ရမ်းနည်း၊ ပုဏ္ဏားတို့၏ ရမ်းနည်း၊ သံဃာအစဉ်အတန်းကိုပြုသော ရဟန်းတို့၏ ရမ်းနည်း၊ ဤသို့စသော ဆိုခဲ့ပြီး အဝန်းညီစွာ ရမ်းနည်းမှတပါး အခြားသော ရမ်းနည်းဟူသမျှ လူတို့၏ ရမ်းနည်း မည်၏။ ထို့ကြောင့် အခတ်ဖြူဝတ်၍ အသက်ပိုင်း ကိုယ်ကိုသာ စောင့်ရှောက်ကြသော နိဂဏ္ဌတို့ ရမ်းသကဲ့သို့ရင်း၊ အချို့သော ပရိဗိုဇ်တို့ ရင်ဘတ်ကိုဖွင့်၍ ၂-ဖက်သော ပခုံးစွန်းတို့၌ ခြုံထည်ကို ထားသကဲ့သို့ရင်း၊ အဝတ်တထည်တည်း ဝတ်သူ လူတို့သည် ဝတ်ထားသော အဝတ်၏ တခုသော အစွန်းဖြင့် ကျောကိုခြုံ၍ အစွန်းနှစ်ဖက်ကို ပခုံးစွန်း ၂-ဖက်၌ ထားသကဲ့သို့ရင်း၊ သေသောက်ကျူး စသောသူတို့သည် အဝတ်ဖြင့် လည်ပင်းကို ရစ်ပတ်၍ အစွန်း ၂-ဖက်ကို ရင်ဘတ်၌လည်း တွဲလျားချ၊

ကျောဌ်လည်း ပစ်ချထားသကဲ့သို့ငှင်း၊ နန်းတွင်းသူ စသည်တို့သည် မျက်လုံးပေါက်များကို ဖွင့်ပြ၍ ခေါင်း မြီးခြုံကာ ရမ်းထားသကဲ့သို့ငှင်း၊ လက်သမားကြီး တို့သည် ရှည်သောယုဆိုးကိုဝတ်ပြီးလျှင် ထိုပုဆိုး၏ အစွန်းတဖက်ဖြင့် တကိုယ်လုံးကို ရမ်းထားသကဲ့သို့ ငှင်း၊ လယ်သမားတို့သည် လယ်ထဲသို့ဝင်သောအခါ အဝတ်ကို ရစ်ပတ်ပြီးလျှင် လက်ကတီးကြားဌ်သွင်း၍ ထိုအဝတ်၏ အစွန်းတဖက်ဖြင့် ကိုယ်ကိုခမ်းသကဲ့သို့ ငှင်း၊ ပုဏ္ဏားတို့သည် နှစ်ဖက်သောလက်ကတီးကြား ဖြင့် အဝတ်ကိုသွင်း၍ ပခုံးစွန်းတို့ဌ် ထည့်ထားသကဲ့ သို့ငှင်း၊ သံဃာအစဉ်အတန်းကို ပြုသော ရဟန်းသည် ပခုံးတဖက်ကို ခြုံခြင်းဖြင့် ရမ်းထားအပ်သော လက်ဝဲ လက်မောင်းကိုဖွင့်၍ သင်္ကန်းကို ပခုံးစွန်းဌ် တင်ထား သကဲ့သို့ငှင်း၊ ဤသို့သောအခြင်းအရာဖြင့် မရမ်းမူ၍ ဤဆိုခဲ့ပြီးသော ရမ်းခြင်းအပြစ်တို့ကိုငှင်း၊ ဤသို့ သဘောရှိသည့် တပါးသော ရမ်းခြင်းအပြစ်တို့ကိုငှင်း ရှောင်ကြဉ်ကာ ဖောက်ပြန်ခြင်း မရှိအောင် အဝန်း ညီစွာ ရမ်းရာ၏။ ထိုသို့ အဝန်းညီစွာ မရမ်းပဲ (ကျောင်း) အာရာမ်တွင်းဌ်ဖြစ်စေ၊ ရွာတွင်းဌ်ဖြစ်စေ မရိုသေသောစိတ်ဖြင့် တစုံတခုသော ဖောက်ပြန်မှုကို ပြုသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏” (ဝိ၊ဋ္ဌ၊ ၄။၅၅။ ကခ်ါ။၂၇၈။) ဟူ၍ငှင်း

ဤသို့လာသော (အဋ္ဌကထာ၊ ဋီကာ)ပါဠ် အားလျော်စွာ ဆင်၊ ခိုးသူတို့လိုက်လာခြင်း စသော ဘေးရန်နှင့် ကိုယ်ဌ်

ထွတ်အိုင်းနှာစသော အနှာနှိပ်စက်ခြင်းဟူသော အကြောင်း မရှိပဲ ကျောင်းအာရာမ်တွင်းဝယ် သံဃာစည်းဝေးရာ ဘုရားဝတ်ပြုရာ မထေရ်ကြီးထံချဉ်းကပ်ရာ ဝတ်ကြီးဝတ်ငယ်ပြုရာ စသောအခါ၌ရင်း၊ ရွာတွင်းဝယ် အခါခပ်သိမ်းရင်း သွားလာနေထိုင်ကြသော ရဟန်းသာမဏေတို့သည် လူတို့၏ရမ်းနည်းဖြင့် မရမ်းသင့်ကြပါ။

ရဟန်းတို့နှင့် မလျော်သော လူတို့ရမ်းနည်းကား—

(၁) ပုဆစ်ဒူးဝန်းကိုဖွင့်၍ အလွန်တိုတောင်းစွာရမ်းခြင်းဟူသော "အဝတ်ဖြူဝတ်သူတို့၏ ရမ်းခြင်း"၊

(၂) ရင်ဘတ်ကိုဖွင့်ပြီး အနားစွန်း ၂-ဖက်၌ သွင်းကာ ပခုံးစွန်း ၂-ဖက်၌ထားလျက် ကျောဘက်၌ တွဲလျားချ၍ ရမ်းခြင်းဟူသော "ပရိဗိုဇ်တို့၏ ရမ်းခြင်း"၊

(၃) ကျော၌ခြုံ၍ အနားစွန်း ၂-ဖက်ကို ပခုံးစွန်း ၂-ဖက်၌ ထားလျက် ရင်ဘတ်ဝယ် တွဲလျားချကာ ရမ်းခြင်းဟူသော "အဝတ်တဆည်ဝတ်သူတို့၏ ရမ်းခြင်း"၊

(၄) အဝတ်တထည်လုံးကိုခေါက်၍ ရင်ကိုရင်း၊ ကျောကိုရင်း မခြုံပဲ ရှေ့အဖို့ဖြင့် လည်ပင်းကိုခြုံပြီးလျှင် အစွန်း ၂-ဖက်ကို ကျော၌ တွဲလျားချ၍သော်ရင်း နောက်အဖို့ဖြင့် လည်ပင်းကို ခြုံပြီးလျှင် အစွန်း ၂-ဖက်ကို ရင်ဘတ်၌တွဲလျားချ၍သော်ရင်း ရမ်းခြင်း ဟူသော "သေသောက်ကျူးတို့၏ ရမ်းခြင်း"၊

(၅) ဦးခေါင်းနှင့်ယှက်၍ ခြုံ၍ ရမ်းခြင်းဟူသော နန်းတွင်းသူတို့၏ ရမ်းခြင်း"၊

(၆) အဝတ်၏ တဖက်သော အစွန်းဖြင့်ဝတ်၍ တဖက်သောအစွန်းဖြင့် ကျောကိုဖုံးကာ ရမ်းခြင်းဟူသော "လက်သမားကြီးတို့၏ ရမ်းခြင်း"၊

(၇) အဝတ်၏ တဖက်သောအစွန်းဖြင့် ဝတ်၍ ကြွင်းအားလုံးကို ရစ်ပတ်ကာ လက်ကတီးကြား၌ ထားလျက် ရမ်းခြင်းဟူသော "လယ်လုပ်တဲသို့ ဝင်သောသူတို့၏ ရမ်းခြင်း"၊

(၈) လက်ကတီးကြား ၂ ခုတွင် တခုသော လက်ကတီးကြားဖြင့် အဝတ်ကိုသွင်းပြီးလျှင် အစွန်း ၂ ဖက်ကို ပခုံးစွန်း ၂ ဖက်၌ ထား၍ တခုသောအစွန်းကို ကျော၌ ကျန်အစွန်းတခုကို ရင်ဘတ်၌ တွဲလျားချကာ ရမ်းခြင်းဟူသော "ပုဏ္ဏားတို့၏ ရမ်းခြင်း"၊

(၉) ပခုံးတဖက်ကို ခြုံခြင်းအားဖြင့် ရမ်းထားအပ်သော လက်ဝဲလက်မောင်းကို ဖွင့်၍ သင်္ကန်းကို ပခုံးစွန်း၌ထားကာ ရမ်းခြင်း ဟူသော "သံဃာအစဉ်ကို ပြုသော ရဟန်းတို့၏ ရမ်းခြင်း" ဤကား ရဟန်းတို့နှင့် မလျော်သော ရမ်းခြင်းများ ဖြစ်ပါသည်။

ဤသို့စသော လူတို့၏ ရမ်းနည်းမျိုးဖြင့် မရမ်းမူ၍ ကောင်းစွာဖုံးလွှမ်းကာ သင်္ကန်းရုံရန် ပညတ်သော သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၌ကဲ့သို့ ငမ်းဖက် ကျောဖက်၌ တပေါင်းတည်းပြုကာ တွဲလျားကျသာသော သင်္ကန်းထောင့်စွန်း ၂ ဖက်ကို အညီအညွတ်ပြုပြီးလျှင် သင်္ကန်းကို ခေါက်လိပ်၍သော်၎င်း၊ မခေါက်လိပ်မူ၍ သော်၎င်း၊ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍သော်၎င်း၊ မဖုံးလွှမ်းမူ၍သော်၎င်း ရမ်းသင့်ပါ

သည်။ ဤသို့ ကိုယ်ရုံသက်နှုန်းကို ရမ်းသောပုဂ္ဂိုလ်တို့အား သာ ဤသိက္ခာပုဒ်က ဘုရားရှင် ရည်ရွယ်တော်မူရင်းအကျိုးကို ပြည့်ဝစေနိုင်ပါသည်။

## အဖိုးတန် ကမ္ဗလာခြုံထည် ဥပမာ

ဖခင် မင်းတရားကြီးက အခြားသော ဆင်းရဲသား မင်းချင်း ယောကျ်ားများထက် အထူး သာလွန်တင့်တယ် စေရန် ဆောင်နှင်း ပေးသနားအပ်သော မင်းတို့နှင့်သာ ထိုက်၍ အဖိုးများစွာထိုက်သော ကမ္ဗလာခြုံထည်ကို အောက် ထက် ပြောင်းပြန်ဖြစ်နေသည်ကိုမျှ မသိပဲ ဖောက်ပြန် ချွတ်ယွင်းစွာ ဝတ်ရုံမိ၍ မင်းရင်ပြင်ဝယ် များစွာသော လူတို့၏ ပြက်ရယ်လှောင်ပြောင်ခြင်းကို ခံရသဖြင့် အရှက် ရသော မင်းသားအတွက် အဘိသိက်ခံပြီး ထိုဖခင်မင်းတရား ကြီးသည် အဘယ်အရာ ပြုနိုင်ပါတော့မည်နည်း။

> "ငါသည် အိမ်၌နေသူ လူတို့၏ အသွင်အပြင်မှ တပါး အခြားသော သွားလာ နေထိုင် စားသောက် ဟန် အသွင်အပြင်ကို ပြုအပ်၏ဟု ရှင်ရဟန်းသည် မပြတ်အောက်မေ့ ဆင်ခြင်ရာ၏"(အံ၊ ၃၊ ၃၂၅)—

ဟူသော ဘုရားရှင်၏ အဆုံး အမတော်ကို မအောက်မေ့ မဆင်ခြင်စေနိုင်သည့် ပြင်းစွာတွေဝေသော ကိလေသမာရ် ၏ သတ္တဝါ တို့ကို အထူးတွေဝေအောင် ပြုနိုင်ခြင်းသည် ကြောက်မက်ဖွယ်ရာကောင်းပါပေစွ။ ဝသဝတ္တိမာရ်နတ်မင်း၏ အသင်းအပင်းဖြစ်သော ကိလေသမာရ်၏ ဘုရားရှင် တပည့်

သားတို့ကို အရှက်ရအောင် ပြုနိုင်ခြင်းသည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

ဤသို့သော အရာမျိုး၌ အခြား တစုံ တယောက်သော ပုဂ္ဂိုလ်တို့အား မကဲ့ရဲ့ မရှုတ်ချမူ၍ "မကောင်းမှုကို ကဲ့ရဲ့လေ့ ရှိသော သူတော်ကောင်းတို့သည် မကောင်းမှုကိုသာ ကဲ့ရဲ့၍ ပုဂ္ဂိုလ်ကို မကဲ့ရဲ့သကဲ့သို့" လျှောက်တင်ခဲ့ပြီး မကောင်းမှု အကုသိုလ်ကိုသာ ကဲ့ရဲ့ရှုတ်ချသင့်ကြပါသည်။

ယင်းကဲ့သို့ ကဲ့ရဲ့ရှုတ်ချပြီးလျှင် "အာနန္ဒာ၊ သာရိပုတြာ သည် ဆိုဆုံးမတတ်၏၊ စကားကို သည်းခံတတ်၏" ဟူသော အရှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသော ဘုရားရှင် စကားတော်ကိုလည်း အောက်မေ့ဆင်ခြင်၍ လျှောက်တင် ခဲ့ပြီး မအပ်သောနည်းဖြင့် မသင့်မလျော် ဝတ်ရုံနေကြသည့် မိမိတာဝန်ဖြစ်သော တပည့်များကိုရင်း ဆိုဆုံးမလွယ်သည့် သိတင်းသုံးဖော် တို့ကိုရင်း အထူးသွန်သင် ပြသ ပြီးလျှင် "နှိပ်ကွပ် ဆုံးမလေ့ရှိသော ပညာရှိကို (မှီဝဲရာ၏) စသော ဘုရားရှင် စကားတော်ကို အဆပ်ထပ် ဆင်ခြင်ကာ (ဆုံးမ စကားကို)မနာယူပဲ မသင့်မလျော် ဝတ်ရုံနေကြသော မိမိ၏ အနီးနေ တပည့်များကို တရားနှင့်အညီ ဒဏ်ပေးခြင်းအမှုဖြင့် နှိပ်ကွပ်သင့်ကြပါသည်။

"ဆုံးမရာ၏၊ ကြိုတင်ဆုံးမရာ၏၊ မကောင်းသော
အပြုအမူမှလည်း တားမြစ်ရာ၏၊ 'ထိုသို့သော သူကို

> သူတော်ကောင်းတို့သည် ချစ်ခင်နှစ်သက်၏၊ မသူတော်တို့အား မချစ်ခင် မနှစ်သက်ပေ၊" (ဓမ္မ-ခု ၁ ၂၄)။

ဟူသော ဘုရားရှင် အဆုံး အမတော် ကိုလည်း အပန်ဖန် အောက်မေ့ပြီးလျှင် ( ဝတ်ရုံနည်း ) နိဿယည်းကို မရရှိ၍ မသင့်မလျော် ဝတ်ရုံနေကြသည့် အခြားသော သဒ္ဒါ ပဗ္ဗဇိတ သီတင်းသုံးဖော် သူတော်ကောင်းတို့အား သနားကြင်နာမှုကို အစွဲပြု၍ ဆုံးမပဲ့ပြင် သွန်သင်သင့်ကြပါသည်။

မိမိတို့ကိုယ်တိုင်လည်း—

> "ရှေးဦးစွာကပင် မိမိ ကိုယ်ကိုယ် သင့်လျော်သော အကျင့်၌ တည်စေရာ၏။ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏၊ ပညာရှိသည် သူတပါး၏ ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ" (ဓမ္မ-ခု ၁ ၃၇။)—

ဟူသော မဟာကရုဏာတော်သခင် ဘုရားရှင်၏ အဆုံးအမတော်ကို ကောင်းစွာ နှလုံးထားပြီးလျှင် အခြား ပုဂ္ဂိုလ်တို့အား ဆုံးမသွန်သင်တတ်သော ဩဝါဒါစရိယ နာယကပုဂ္ဂိုလ်များ ဖြစ်သင့်ကြပါသည်။

တပည့်တော်တို့၏ ချစ်ခင်လေးစားအပ်သော မမြင်ဘူးသေးသည့် မိတ်ဆွေ၊ ဆရာသမား၊ မြင်ဖူးပြီး မိတ်ဆွေ၊ ဆရာသမားများဖြစ်ကြသော သတိပညာနှင့်ပြည့်စုံ၍ ဟိရီဩတ္တပ္ပ ကြီးမားတော်မူကြသော (ဝိနယ) ကုက္ကုစ္စက သိက္ခာကာမ သီတင်းသုံးဖော် အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့ထက် ကြီးကုန်၊ တပည့်တော်တို့အောက် ငယ်ကုန်သော သိရိလက်ာနေထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော

အရှင်မြတ်တို့သည် ပရိသတ်အလယ်တွင် မိမိ၏မလျော်သော ဝတ်ရုံမှုဖြင့် အရှက်မရစေခြင်းငှါလည်းကောင်း၊ မကောင်းမှု အညစ်အကြေး မလိမ်းကပ်စေခြင်းငှါလည်းကောင်း၊ အထူးသန့်ရှင်းစင်ကြယ်စေခြင်းငှါလည်းကောင်း၊ မိမိအပေါ်၌ မိမိတပည့်သားတို့ အလွန်ချစ်ခင်မြတ်နိုး ပူဇော်လေးစားစေခြင်းငှါလည်းကောင်း၊ မကြည်ညိုသေးသော လူတို့ ကြည်ညိုစေခြင်းငှါလည်းကောင်း၊ ကြည်ညိုပြီးအချို့ ပုဂ္ဂိုလ်တို့ အကြည်ညို မပျက်စေခြင်းငှါလည်းကောင်း၊ အခါ ခပ်သိမ်း ကောင်းစွာ ဝတ်ရုံတော်မူကြ၍ တခါတရံမျှ မသင့်လျော်သော ဝတ်ရုံမှုကို မပြုမိအောင် အထူးသတိပြုတော် မူကြပါကုန်ဘုရား။

## သက်န်းရုံရန်ပညတ်သော သိက္ခာပုဒ်နှစ်ပါး

မြို့တွင်း ရွာတွင်းသို့ သင်္ကန်းရုံ၍ဝင်ရန် ပညတ်ထားသော သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ၂-ပါးသည်လည်း ရဟန်းတို့၏ ကိုးကွယ်ရာကိုပြုရန် ဘုရားရှင် ပညတ် ထားပါသော်လည်း သဒ္ဓါပဗ္ဗဇိတဖြစ်လျက် ဆရာကောင်းတို့၏ သင်ပြမှုကို မခံရသဖြင့် ဩဝါဒမရရှိသော ပုဂ္ဂိုလ်အချို့အတွက် ကိုးကွယ်ရာမရအောင် ပြုသကဲ့သို့ ထင်ရပါသည်။ ဤသိက္ခာပုဒ် ၂-ပါးတွင် ပဌမ သိက္ခာပုဒ်သည် ;မလိုက်နာမပြုကျင့်သော ပုဂ္ဂိုလ်တို့အတွက် လျှောက်တင်ခဲ့ပြီး ဘေးကြီး ၅-မျိုးတို့မှလွတ်မြောက်စေလျက် ဘုရားရှင် ရည်ရွယ်တော်မူရင်း အကျိုးကို ပြည့်စေခြင်းငှါ မစွမ်းနိုင်ပါ။

ထင်ရှားအောင် လျှောက်ထားပါမည်၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ(နှာ၊ ၂၇၉။)၌-

"ကောင်းစွာ ဖုံးလွှမ်းလျက် ဟူသော စကား၏ အနက်အဓိပ္ပါယ်ကား ကောင်းစွာ ဖုံးလွှမ်းလျက် အနားပတ်သီး (ကမ္ဗတ်သီး)ကို စွပ်၍ အလျားအနားပတ်စွန်းဖြင့် လည်ကိုဖုံးလွှမ်းကာ အစွန်း ၂ ဖက်ကို ညီအောင်ပြု၍ ခေါက်လိပ်ကာ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်းပြီး ရွာတွင်း၌ သွားအံ့ဟူ၍ ဖြစ်၏။ ထိုသို့မပြုပဲ ပုဆစ်ကိုသော်၎င်း၊ ရင်ကိုသော်၎င်း ဖွင့်၍သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟူ၍၎င်း—

ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၆၂) ၌ (ဤလက်ာသာသနဝိသုဒ္ဓိကထာ၌ သာရတ္ထဒီပနီ-ဟု ကျမ်းညွှန်းလွဲသွားပါသည်။)

"ကောင်းစွာ ဖုံးလွှမ်းလျက်-ဟူသည် ဦးခေါင်းနှင့်တကွ ခြုံလျက်သွားရာသည် မဟုတ်၊ စင်စစ်သော်ကား အနားပတ်သီးကိုစွပ်၍ အလျားအနားပတ်ဖြင့် လည်ကိုဖုံးလွှမ်းကာ အစွန်း ၂-ဖက်ကို ညီအောင်ပြု၍ ခေါက်လိပ်ပြီးလျှင် လက်ကောက်ဝတ် တိုင်အောင် ဖုံးလွှမ်း၍ ရွာတွင်း၌ သွားရာ၏" ဟူ၍၎င်း—

ဝိမတိ ဝိနောဒနီဋီကာ(ဒု၊ နှာ-၆၁)၌—

"အနားပတ်သီးကိုစွပ်၍ ဤသို့စသည်ဖြင့် (အဋ္ဌကထာဆရာ) မိန့်ဆိုအပ်သောကြောင့် စေတနာနှင့်တကွ စေ့ဆော်၍ လည်ကို၎င်း၊ လက်ကောက်ဝတ်ကို၎င်း မဖုံးလွှမ်းသော ရဟန်းအား(ဒုက္ကဋ်)အာပတ်သင့်၏၊ ဤ၌လည်း ပရိမဏ္ဍလသိက္ခာပုဒ်နှင့် ဆက်ဆံသောကြောင့် ပုဆစ်အဝန်းမှအောက် လက် ၄-သစ်

မျှချ၍ (ထွေထက်)ရှည်လျားစွာ မကျစေဘဲ အဝန်းညီစွာ ရုံသင့်၏”ဟူ၍ရှင်း—

“ထိုင်ခြင်းနှင့်စပ်သော သိက္ခာပုဒ်တို့၌သော တည်းခိုနေခြင်းငှါ ရွာတွင်း၌ ကပ်ရောက်ပြီးသော ရဟန်းအား”ဟု အာပတ်မသင့်ခြင်း (အနာပတ္တိ)ကို ဟောတော်မူသောကြောင့် တည်းခိုနေခြင်းငှါ ရွာတွင်းသို့ ကပ်ရောက်ဆဲသော ရဟန်းသည်လည်း ကောင်းစွာ ဖုံးလွှမ်းကာ ရုံခြင်းစသော အလုံးစုံကို မပျက်စေပဲ သွားရာ၏၊ မှန်၏၊ ‘တည်းခိုနေခြင်းငှါ ကပ်ရောက်ပြီး’ဟု အတိတ်ကာလဖြင့် ဟော၍ ‘ကပ်ရောက်ဆဲ’ ဟု ပစ္စုပ္ပန်ကာလဖြင့် မဟောပေ”ဟူ၍ရှင်း—

ဤသို့သာသော (အဋ္ဌကထာ၊ ဋီကာ) ပါဠ်အားလျော်စွာ တိတ္ထိတို့၏နေရာ၊ ပရိဗိုဇ်တို့၏ အာရာမ်၊ မြို့တွင်း ရွာတွင်း၊ ကျောင်းတိုက် စသောအရပ်, ရွာတွင်း မဟုတ်သော နေရာများကို ချန်ထား၍ ရွာတွင်း၌ သင်္ကန်းခရုံပဲ ရင်၊ လည်၊ လက်ကောက်ဝတ်တို့ကိုဖွင့်၍ အနားပတ်သီးမတပ်ပဲ၊ “ဤသို့သော အရာ၌ ဘုရားရှင်သည် ငါတို့၏ကိုယ်ကို ပြခြင်းငှါ ပညတ်အပ်သော သိက္ခာပုဒ်ရှိ၏”ဟူ၍မျှ မအောက်မေ့မူ၍ အမှတ်မထား ဟူးဟူးငြားငြားသွားလျက် သီလနှင့် မပြည့်စုံသော တခါတရံမျှ ထိုအာပတ်ကို နောင်အခါ စောင့်စည်းလိုသောစိတ်ဖြင့် ဒေသနာမကြား၊ အလဇ္ဇီသဘောနှင့်လည်း မကင်းသော အမြဲတမ်း သတိလွှတ်ကင်း နေသော ရဟန်းတို့အတွက် ဤသိက္ခာပုဒ်သည် ဘေးကြီး ၅-မျိုးမှ

လွတ်မြောက်စေကာ ဘုရားရှင် ရည်ရွယ်တော်မူရင်းအကျိုးကို မပြည့်ဝစေနိုင်ပါ။

## ချပ်ဝတ် ဥပမာ

ဖခင် မင်းတရားကြီးက ဖွဲ့စည်း ဝတ်ဆင်ရန် ပေးသနားအပ်သော ချပ်ဝတ်(စစ်ဝတ်)ကို မဖွဲ့စည်းမဝတ်ဆင်ပဲ စစ်ပွဲသို့ဝင်၍ တပါးစစ်သည်တို့၏ လက်နက်ဖြင့် ဖောက်ထွင်းထိုးခုတ်ခံရသဖြင့် ငိုကြွေးမြည်တမ်းနေသော မလိမ္မာသည့်မင်းသားငယ်အား အဆိုပါချပ်ဝတ်ဖြင့် အဘယ်အကျိုး ရှိပါမည်နည်း၊ ရေမြေ့ရှင် ဖခင် မင်းတရားကြီး သည်လည်း အဘယ်အရာပြုနိုင်ပါတော့မည်နည်း။

> "သီလနှင့်ပြည့်စုံသူတို့ဖြစ်ကြလော့၊ ပါတိမောက္ခသံဝရသီလဖြင့် စောင့်စည်း နေထိုင်ကြလော့၊ အကျုမြူသဖွယ် သေးငယ်သော အပြစ်တို့၌ ဘေးဘျမ်းဟုရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည် စွဲမြဲ ကျင့်သုံးကြလော့(မ၊၁။၃၉။ အံ၊၁၊၃၂၁။ ဣတိဝုတ်။၂၇၄)—

ဟူသော ဘုရားရှင့် အဆုံးအမတော်၌ မရှိမသေပြုတတ်သော မောဟရှေ့သွားရှိသည့် အဟိရိက အနောတ္တပ္ပ ကိလေသမာရ်၏ သတ္တဝါတို့ အကျိုးမဲ့ကို ပြုတတ်သည့် အဖြစ်သည်ကြောက်မက်ဖွယ်ရာကောင်းပါပေစွ။ ဝသဝတ္တီမာရ်နတ်မင်း၏ဘုရားရှင် တပည့်သား တို့ကိုပင် မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်းသည် အံ့သြဖွယ်ရာ ကောင်းပါပေစွ။

## သင်္ကန်းရုံရန် ပညတ်သော ဒုတိယသိက္ခာပုဒ်

ဤ သိက္ခာပုဒ်သည်လည်း မလိုက်နာသော ပုဂ္ဂိုလ်တို့အား ဘေးကြီး ၅-မျိုးမှ လွတ်မြောက်စေလျက် နတ်ရွာ မဂ် ဖိုလ် အကျိုးငှါ ကိုးကွယ်ဆည်းပူးရန် မစွမ်းနိုင်ပါ။ ကင်္ခါဝိတရဏီ အဋ္ဌကထာ (နှာ-၂၇၉)၌—

"လည်ချိုင့်မှစ၍ ဦးခေါင်းကိုရင်း၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားတို့ကိုရင်း ဖွင့်၍ ကြွင်းသော ကိုယ်ကို ဖုံးလွှမ်းလျက် ထိုင်နေသော ရဟန်းသည် ကောင်းစွာ ဖုံးလွှမ်းကာ သင်္ကန်းရုံသည် မည်၏"ဟူ၍ ရင်း—

ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၆၂)၌ (စာကိုယ်၌ သာရတ္ထ ဒီပနီ'ဟု အညွှန်း ချွတ်၏)။

"တည်းခိုနေခြင်းငှါ ကပ်ရောက်ပြီးသော ရဟန်း အား ဟူသည် နေခြင်းအကျိုးငှါ ကပ်ရောက်ပြီး၍ ညဉ့်၌ဖြစ်စေ၊ နေ့၌ဖြစ်စေ ကိုယ်ကိုဖွင့်လျက် ထိုင်နေ သော ရဟန်းအား အာပတ်မသင့်"ဟူ၍ရင်း—

ဝိမတိဝိနောဒနီ ဋီကာ (ဒု၊နှာ-၆၁) ၌—

"ကေစိဆရာတို့က ဤသို့ ဆိုကြ၏၊ တပါးသော ရဟန်း နေခြင်းငှါ သိမ်းယူမှု ပြုပြီးနောက် ထိုရဟန်းမှ တပါး အခြား ရဟန်းတို့လည်း အလိုရှိသလို သွား လာခြင်းငှါ အပ်၏၊ ဤသို့ ဆိုကြ၏၊ အပရေဆရာ တို့ကား "အိမ်ရှင် ဒါယကာတို့က အရှင်ဘုရားတို့ ထိုင်နေသမျှ ဤအိမ်ကို အရှင်ဘုရားတို့အား လှူပါ

၏ ဟုဆို၍ လှူပြီးနောက် အခြားနေလိုသောရဟန်း တို့လည်း ရှေးတွင်း ကျောင်းဥကွဲသို့ အလိုရှိသလို သွားလာ ထိုင်နေခြင်းငှါ အပ်၏”ဟု ဆိုကြ၏၊ ယင်း သို့သော စကားမျိုး (ပါဠိ၊ အဋ္ဌကထာတို့၌) မရှိ သောကြောင့်ရင်း၊ ပေးခြင်း လက္ခဏာ မပါသော ကြောင့်ရင်း ထိုမျှဖြင့် ကျောင်းအဖြစ်သို့ မရောက် သောကြောင့်ရင်း ထိုစကား အားလုံးကို မမှတ်အပ်၊ ပေးခြင်းမည်သည် ပေးအပ်သောဝတ္ထုကို စွန့်ခြင်း လက္ခဏာ ရှိသောကြောင့် “အရှင်ဘုရားတို့ ထိုင်နေ သမျှ ဤအိမ်ကို အရှင်ဘုရားအား လှူပါ၏” ဟု ဆိုသော်လည်း တခဏမျှ ပေးခြင်းသာ ဖြစ်၏”ဟူ၍ ရင်း—

“ကိုယ်ကို ဖွင့်၍ ထိုင်နေသော ရဟန်းအား (အာပတ်မသင့်) ဟူသော စကားကို ကျောင်းဥကွဲသို့ တဖက်ရှုတင်ခြင်း (ရမ်းခြင်း)ကို ရည်၍ (အဋ္ဌကထာ ဆရာ) ဆိုအပ်၏၊ “တည်းခိုနေခြင်းငှါ ကပ်ရောက် ပြီးသော” ဟု ဆိုသောကြောင့် နေလိုခြင်း မရှိပဲ တရားဟောခြင်း၊ ပရိတ်ရွတ်ခြင်း စသော အကျိုးငှါ အလွန်ကြာမြင့်စွာ ထိုင်နေသော်လည်း ရှာ၍ ပြုအပ် သော ကျင့်ဝတ်အားလုံးကို ပြုကျင့်လျက်သာ ထိုင် နေရာ၏” ဟူ၍ရင်း—

ဤသို့ လာသော (အဋ္ဌကထာ၊ ဋီကာ) ပါဌ်အားလျော်စွာ ညဉ့်အိပ်နေခြင်းငှါ ကပ်ရောက်ပြီးသော ပုဂ္ဂိုလ်ကိုချန်ထား၍ (အခြားသော) ညဉ့်အိပ်နေရန် ကပ်ရောက်ပြီး ရဟန်းထံ

သွား၍ တခဏမျှ အာလာပ သလ္လာပစကား ပြောသော ရဟန်း၊ တနေ့လုံး အချိန်ကုန်စေ၍ အလွန် ကြာမြင့်စွာ နေသော ရဟန်း၊ တခဏမျှ (အလှူခံချိန်) အိမ်ဖြင့် ဖိတ်မံခံရသော ရဟန်း၊ ညဥ့်အိပ်နေခြင်းငှါ ကပ်ရောက်ပြီး ရဟန်းထံ ထိုင်နေသော ရဟန်း၊ ဤရဟန်းအားလုံး လည်ချိုင့်မှစ၍ ဦးခေါင်းကိုရင်း၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားကိုရင်း၊ ခြေသလုံး ကြွက်သားမှစ၍ ကြွင်း ခန္ဓာကိုယ်ကိုရင်း ဖွင့်၍ ထိုင်နေလျှင် သိက္ခာပုဒ် ကျူးလွန်၍ ဒုက္ကဋ်အာပတ် သင့်ပါသည်။

ယင်းသို့ ဒုက္ကဋ်အာပတ် သင့်လျက် ထိုအာပတ်ကို နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် တခါတရံမျှ ဒေသနာ မကြားမူ၍ လဇ္ဇီသူတော်ကောင်း တို့၏ တရားကို မရပဲ၊ အာပတ်နှင့်တကွ သေမင်းခံတွင်းသို့ ဝင်ကာ အပါယ်သို့ ရှေးရှူ သွားသော ရဟန်းတို့အား ဤသိက္ခာပုဒ်က လျှောက်တင်ခဲ့ပြီး ဘေးကြီးတို့မှ လွတ်မြောက်စေလျက် နတ်ရွာ မဂ် ဖိုလ်အကျိုး ငှါ ကိုးကွယ်ရာပြုရန် မစွမ်းနိုင်ပါ။

## အဖိုးတန် ထီးဥပမာ

ဖခင်ဖြစ်သော ပုဂ္ဂိုလ်က ဆောင်းမိုးရန်အတွက် ကြီးမား ကောင်းမွန်၍ အဖိုးများစွာထိုက်တန်သော ထီးကို မဆောင်း မိုးပဲ လွင်ပြင်ဝယ် နေပူမိုးပေါက်တို့၏ နှိပ်စက်ခြင်းကို ခံနေသော သားမိုက်အတွက် အဆိုပါ ထီးကြီးသည် အဖိုးထိုက် အဖိုးတန် မဟုတ်တော့ပါ။ ပေးကမ်းချီးမြှင့်သူ ဖခင်သည်လည်း အဘယ်အရာ ပြုနိုင်ပါတော့မည်နည်း။

ကြီးစွာသောထီးသည် မိုးအခါ၌ ဆောင်းမိုးသူကို စောင့်ရှောက်သကဲ့သို့ တရားသည် တရားကျင့်သူကို စင်စစ် စောင့်ရှောက်၏၊ တရားကျင့်သူသည် မကောင်းသောလားရာ 'ဒုဂ္ဂတိ'ဘဝသို့ မလားရောက်ရ၊ ဤကား ကောင်းစွာ ကျင့်အပ်သောတရား၏ အကျိုးအာနိသင်တည်း" (ဇာ၊၁။ ၂၁၅။ နေတ္တိ။၇။)—

ဟူသော ဘုရားရှင့် အဆုံးအမတော်ကို မအောက်မေ့နိုင်အောင် ဖုံးလွှမ်းတတ်သည့် မောဟဖြစ်ရှသွားရှိသော သိက္ခာပုဒ်လွန်ကျူးကြောင်း အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာမာရ်၏ ရဟန်းတို့ကို လွှမ်းမိုးနှိပ်စက်ခြင်းသည် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ ဝသဝတ္တီ မာရ်နတ်မင်း၏ ဘုရားရှင်တပည့်သား ရဟန်းများအား တရားအန္တရာယ် (ဓမ္မန္တရာယ်) ပြုရန် အခွင့်ရနေခြင်းသည် အံ့ဩဖွယ်ရာ ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

ဤသို့သော အရာ၌ မကောင်းမှုကို ကဲ့ရဲ့ရှုတ်ချသူ သူတော်ကောင်းတို့သာ ဖြစ်ကြပြီးလျှင် သိက္ခာပုဒ်လွန်ကျူးသော ထိုပုဂ္ဂိုလ်တို့အား—

"သူတပါး အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့ဘတ်သူအား အာသဝတရား တို့သည် တိုးပွါးကုန်၏။ ထိုသူသည် အာသဝကုန်ခြင်းမှ ဝေးကွာ၏" (ဓမ္မ-ခု ၁-၅၀။)—

ဟူသော ဘုရားရှင့် အဆုံးအမတော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်၍ ကဲ့ရဲ့လိုသောစိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချမှု မပြုသင့်ကြပါ။

"မြင်ကုန်၊ ကြားကုန်သော ရဟန်းတို့က ပြောဆို ဆုံးမကြရမည်၊ မပြောဆိုသော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်၏" ဟူသော ဘုရားရှင့် အာဏာတော်နှင့် ထိုက်သည့် အဆုံးအမတော်ကို ကောင်းစွာ နှလုံးသွင်းပြီးလျှင် အလဇ္ဇီအမှုဖြင့် အမြဲတမ်း လိမ်းကျံ ညစ်နွမ်းနေသော မိမိစကားကို လိုက်နာမည့် သီဟင်းသုံးဖော်တို့အား သနားကြင်နာမှု 'ကရုဏာ'ကို အစွဲပြု၍ ပြောဆို ဆုံးမသင့်ကြပါသည်။

"ဥပါလိ သူတပါးကို စွပ်စွဲလိုသော 'စောဒက' ရဟန်းသည် ၅-ပါးသော တရားတို့၌ တည်၍ သူတပါးကို စွပ်စွဲအပ်၏။ အဘယ် ၅-ပါးတို့၌ တည်၍ စွပ်စွဲအပ်သနည်း။ သင့်လျော်သောအခါ၌ ဆိုအံ့၊ မသင့်လျော်သောအခါ၌ မဆိုအံ့။ဟုတ်မှန်သော ဝတ္ထုဖြင့် ဆိုအံ့၊ မဟုတ်မှန်သော ဝတ္ထုဖြင့် မဆိုအံ့။ သိမ်မွေ့နူးညံ့သော စကားဖြင့် ဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မဆိုအံ့။ အကျိုးနှင့် စပ်သောစကားဖြင့် ဆိုအံ့၊ အကျိုးနှင့် မစပ်သော စကားဖြင့် မဆိုအံ့။ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ဆိုအံ့၊ ဒေါသနှင့် ယှဉ်သောစိတ်ဖြင့် မဆိုအံ့။ ဤ ၅-ပါးတို့၌ တည်၍ စွပ်စွဲအပ်၏" (ဝိ၊ ၅။ ၃၃၀။)

ဤသို့လာသော ဘုရားရှင် အဆုံးအမတော်ကိုလည်း အဖန်ဖန် အောက်မေ့ပြီးလျှင် ဆုံးမအပ်သောပုဂ္ဂိုလ်၏ မိမိစကားကို ရိုသေကျိုးနွံစွာ လိုက်နာပြုကျင့်နိုင်မည့် အချိန်ကာလ၊ အရပ်ဌာနတို့၌ ဟုတ်မှန်သောအကြောင်းဝတ္ထု အကျိုးစီးပွါး

နှင့်စပ်၍ သိမ်မွေ့နူးညံ့သောစကားဖြင့် မေတ္တာစိတ်ထားကာ ဆုံးမသင့်ကြပါသည်။

သံရိလက်ာ၌ သီတင်းသုံးနေကြသော တပည့်တော်တို့၏ မမြင်ဘူးသေးသော ချစ်မိတ်ဆွေ၊ မြင်ဘူးပြီး ချစ်မိတ်ဆွေ ဖြစ်ကြသည့် ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့ဘုရား၊ သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြ၍ သံသရာဘေးကို မြော်တွေး သိမြင်တော်မူကြသော လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ အရှင်ကောင်း အရှင်မြတ်တို့သည် မိမိတို့ကိုယ်တိုင် ဆုံးမ သွန်သင်တတ်သော ဩဝါဒက ဆရာများ ဖြစ်ကြပြီးလျှင် အခြားပုဂ္ဂိုလ်တို့၏ နှိပ်ကွပ်ဆုံးမ ကဲ့ရဲ့အပ်သူများ မဖြစ်စေမူ၍ လျောက်တင်ခဲ့ပြီး သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် လွန်ကျူးမှု အဖြစ်ဖြင့် တခါတရံမျှ မလိမ်းကပ်စေခြင်းငှါရင်း မိမိ အခြံ အရံ ပရိသတ်နှင့်တကွ အခါခပ်သိမ်း ဘေးကြီး ၅ မျိုးတို့မှ လွတ်မြောက်စေခြင်းငှါရင်း အထူး သတိပြုတော်မူကြပါကုန် ဘုရား။

## မျက်လှာချကာ သွားလာနေထိုင်ရန် သိက္ခာပုဒ်

မြို့တွင်း ရွာတွင်း ၄-တောင်ခန့်မျှ ကြည့်လျက် မျက်လှာ ချကာ သွားလာနေထိုင်ရန် ပညတ်ထားသော ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-ပါးသည်လည်း မိမိ တပည့်သား ရဟန်းတို့ကို မကြည်ညိုသေးသော လူပုဂ္ဂိုလ်တို့ ကြည်ညိုစေရန်နှင့် ကြည်ညိုပြီး လူပုဂ္ဂိုလ်တို့ အတိုင်းထက်အလွန် ကြည်ညိုလေးစား အားထား မှီခိုစေရန် ဘုရားရှင် ပညတ် ထားပါသော်လည်း (ကိလေသ) မာရ်၏ အလိုသို့လိုက်သည့် ဂုဏ်ခြေနည်းသူ အချို့ သော ပုဂ္ဂိုလ်တို့အား ကြည်ညိုလေးစား အားထားမှီခိုမှု မဖြ

ရန် ပညတ်ထားသကဲ့သို့ ထင်ရပါသည်။ (ဥပမာဆိုသော်) ကောက် ၃-မျိုးကို ဖြစ်ပွါးစေနိုင်သည့် အရည်သည်းထန်သော မိုးကြီးသည် မိမိကို မှီခိုလျက် အသက်မွေးသူ တောင်သူ လယ်သမားတို့၏ အားထားမှီခိုရာကို ပြုရန်ဖြစ်သော်လည်း မိုးရေဖြင့် သေဘေး ဆိုက်ရောက်ကြသည့် ပိုး ရွ ခြပုန်း တို့အတွက် အားထားမှီခိုရာမရအောင် ပြုသကဲ့သို့ ဖြစ်ပါသည်။

ဤ သြက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-ပါးသည် သိက္ခာပုဒ် လွန်ကျူးသော ရှင်ရဟန်းတို့အား ၅-မျိုးသော ဘေးကြီးတို့မှ လွတ်မြောက်စေ၍ရင်း၊ မကြည်ညိုသေးသောပုဂ္ဂိုလ်တို့ ကြည်ညိုသာစေရန်နှင့် ကြည်ညိုပြီး အချို့ပုဂ္ဂိုလ်တို့ အကြည်ညို မပျက်စေရန် စောင့်ရှောက်၍ရင်း ကိုးကွယ်ရာ ပြုခြင်းငှါ မစွမ်းနိုင်ပါ။

ပါစိတ်ပါဠိတော် (နှာ-၂၄၂) ၌—

"မရှိသေမှုကို စွဲ၍ ထိုထို အရပ်၌ ကြည့်လျက် သွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟူ၍ရင်း—

ကင်္ခါ ဝိတရဏီအဋ္ဌကထာ (နှာ-၂၇၉) ၌—

"မျက်လွှာချ၍ဟူသည်— အောက်၌ ချထားအပ်သော မျက်လွှာရှိသည် ဖြစ်၍ (မိမိ) ရှေ့၌ ထမ်းပိုး တပြန် (၄-တောင်) အတိုင်းအရှည်ရှိသော မြေအဖို့ကို ကြည့်လျက် (သွားအံ့)။ တခုသောအရပ်၌ ရပ်၍ ဆင် မြင်းစသော ဘေးရန် (ရှိ) မရှိကို ကြည့်ခြင်းငှါ အပ်၏" ဟူ၍ရင်း

ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၆၃) ၌—

"ထမ်းပိုးတပြန်မျှ ကြည့်လျက်ဟူရာ၌-ထမ်းပိုး၌ ကာ-ထားသည့် လိမ်မ ယဉ်ကျေးသော အာ ဇာနည် မြင်းသည် ထမ်းပိုးတပြန်မျှလောက်သော (မိမိ)ရှေ့၌ ၄ တောင် အတိုင်းအရှည်ရှိသော မြေအဖို့ကို ကြည့်ရှု၏၊ ဤရဟန်းသည်လည်း ဤ ၄-တောင်မျှလောက်သာ ကြည့်လျက် သွားသင့်၏၊ မရိုသေမှုကို အစွဲပြု၍ ထိုထို ဤဤ လှည့်လည်ကြည့်ရှုသူသည်-ဆင်ထိုအရပ် မျက်နှာကိုသော်၎င်း၊ မြင်းကိုသော်၎င်း၊ ရထား လမ်းကိုသော်၎င်း၊ ... ပ်သော အိမ်ကိုသော်၎င်း ကြည့်ရှု လျက်သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟူ၍၎င်း—

"ထိုင်နေသော ရဟန်းသည်လည်း မျက်လှာချ လျက်သာ ထိုင်နေရာ၏" ဟူ၍၎င်း—

ဝိမတိဝိနောဒနီဋီကာ (ဒု၊ နှာ-၆၁-၂) ၌—

"၄-တောင် အတိုင်းအရှည်ရှိသော စကားကို လက်သမား၏ အတောင် (ကိုက်တောင်) ကို ရည်ရွယ်၍ (အဋ္ဌကထာဆရာ) မိန့်ဆိုအပ်၏" ဟူ၍၎င်း—

"ဤ (ဒုတိယ သုပ္ပဋိစ္ဆန္န) သိက္ခာပုဒ်၌သာ 'ညွှတ် အိပ်တည်းခိုနေရခြင်းငှါ ကပ်ရောက်ပြီးသောရဟန်း အား အာပတ်မသင့်' ဟု ဟောတော်မူ၍ ထိုင်နေ ခြင်းနှင့်စပ်သော ၆-ခုမြောက် (သုသံဝုတ ဒုတိယ) သိက္ခာပုဒ်၊ ၈-ခုမြောက် (ဩက္ခိတ္တစက္ခု ဒုတိယ)

> သိက္ခာပုဒ်တို့၌ မဟာသောကြောင့် ညဉ့်အိပ်တည်းခိုနေခြင်းငှါ ကပ်ရောက်ပြီးသော ရဟန်းသည် ကောင်းစွာ ကုဋေကို စောင့်စည်းလျက် မျက်လွှာချကာ နေရာ၏။ ဟူ့ကြောင့်ပင် မာတိကာအဋ္ဌကထာ (ကင်္ခါ) ၌လည်း ဤိုယုသံဝုတ၊ ဩကိ္ခတ္တစက္ခု သိက္ခာပုဒ်တို့၌ အထူး မမိန့်ဆိုဘဲ ဤ (ဒုတိယ သုပ္ပဋိစ္ဆန္န) သိက္ခာပုဒ်၌သာ " ညဉ့်အိပ် တည်းခိုနေခြင်းငှါ ကပ်ရောက်ပြီးသော ရဟန်းအားကား အာပတ် မသင့်" ဟု မိန့်ဆိုပြီ" ဟူ၍ရင်း—

ဤသို့လာသော(ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ)ပါဌ်အားလျော်စွာ ဆင်၊ မြင်း၊ ခိုးသူတို့ လိုက်လာခြင်း စသော အန္တရာယ်မရှိပဲ ပကတိရိုးရာအခါ၌ အယုတ်ဆုံးအားဖြင့် ရွာတွင်း၌ ညဉ့်အိပ် တည်းခိုနေခြင်းငှါ ကပ်ရောက်ဆဲသော ရဟန်း၊ တည်းခိုနေ ထိုင်သော ရဟန်းတို့အားသော်လည်း ၄-တောင် အတိုင်း အရှည်ရှိသော မြေအဖို့ထက် ကျော်လွန်သော မြေပြင်ကို ဖြစ်စေ၊ ၄-တောင်အတွင်း မြေပြင်မှ အထက် ၄-တောင် ကျော်လွန်သော ကောင်းကင်ကို ဖြစ်စေ ကြည့်ရှုကာ သွားလာ ထိုင်နေလျှင် သိက္ခာပုဒ် လွန်ကျူးတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

လျှောက်တင်ခဲ့ပြီး အလင်္ကာအမှု၌ သံဝေဂ ရရှိ၍ နေ့ဝင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် တခါတရံမျှ ဒေသနာ မကြားပဲ အလင်္ကာရား လက်ကိုင်ထားသော ပုဂ္ဂိုလ်တို့သည် ဖော်ပြပါ အလင်္ကာအမှုနှင့်တကွ သေမင်းခံတွင်းသို့ ဝင်ပြီးလျှင် ရောက်စေသော အပါယ် ၄-ဘုံသို့ သွားရောက်ကြရပါသည်

နဂါး ဂဠုန်စသော တိရစ္ဆာန်တို့၏ကိုယ်ယာကိုပင် ပြုတတ်သော ဘုရားရှင် သာသနာတော်သည် သာသနာတော်ကို မှီ၍ ကြီးစွာသော ဘေးဒဏ် အနှိပ်စက်ခံရသော လျှောက်တင်ခဲ့ပြီး ပုဂ္ဂိုလ်တို့၏ ကိုယ်ယာကို ပြုခြင်းငှါကား မစွမ်းဆောင်နိုင်ပါ၊ မှန်ပါသည်၊ ရွာတွင်း၌ တောမျောက်တို့ကဲ့သို့ ထိုထို ကျွံ၍ လှည့်လည်ကြည့်ရှုလျက် မငြိမ်မသက် သွားလာနေလေ့ရှိသော အဆိုပါ ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် အခြားသော သိက္ခာပုဒ်တို့၌လည်း ရှိသေလေးစားမှု မပြုကြတော့ပါ၊ အခါခပ်သိမ်း မာရ်မင်း၏ အလိုသို့ လိုက်ပါ၍သာ နေကြပါသည်။

လျှောက်ဆိုရာပါ ပုဂ္ဂိုလ်တို့သည် သိက္ခာသုံးပါး လိုလားသောစိတ် မရှိကြသည့်အပြင် မထိန်းသိမ်း မစောင့်ရှောက်ပေါက်လွှတ်ပဲစား ရွှေရှား ပျံလွင့်သောစိတ် ရှိကြပါသည်။ မနှိပ်ကွပ် မသွန်သင်အပ်သော တောမျောက်ကဲ့သို့ လျှပ်ပေါ်လော်လည် မဟည်ကြည်သောစိတ် ရှိကြပြီး ဆုံးမ သွန်သင်မှု မခံရသော မိုက်မဲသူ လူငယ်တို့၏ စိတ်မျိုးလည်း ရှိကြပါသည်။ လူတို့၏ အသွင်အပြင်ကို မစွန့်လွှတ်ကြမူ၍ ရဟန်းတို့၏ အသွင်အပြင် ရဟန်းတို့၏ ကူးခြေကို မပြင်ဆင် မရရှိကြဘဲ မိမိ၏ အတုမဲ့သခင် ဘုရားရှင်ကပညတ်သား အဖြစ်သို့ ရောက်နေသည်ကိုမျှ အမှတ်ရသောစိတ်မျိုးလည်း မရှိကြပါ။ ဆရာကောင်း ဆရာမြတ်တို့က အဖန်ဖန် ဆုံးမအပ်ပါသော်လည်း တောမျောက်တို့ကဲ့သို့ စကူးခြေကိုလည်း မစောင့်စည်း၊ ငါ ရဟန်းဟူသော အမှတ်(သမဏသညာ)ကိုလည်း မရရှိကြပါ။ သီတင်းသုံးဖော် သူတော်သူမြတ်တို့က အဖန်ဖန် တိုက်တွန်း

နှိုးဆော် ကဲ့ရဲ့ ရှုတ်ချ အပ်ပါသော်လည်း တင်ပါသည်တို့ကဲ့သို့ ဟိရိ ဩတ္တပ္ပကိုလည်း မရှိကြပါ။ ကျောက်ထီးအလား လေးစားအပ်သည့် ဆရာတော်တို့ အဆုံးအမကို ခံရပြီးလျှင် ထိုဆရာမြတ်တို့ အထံ၌ အဖန်ဖန် သူတော်ကောင်းတရား နာကြားရပါသော်လည်း မုဆိုးတို့ကဲ့သို့ သံသရာဘေးကို မတွေ့မမြင်ကြပါ။ သိက္ခာပုဒ်လွန်ကျူးမှုဘေးကို မတွေ့မမြင်ကြ၍ (ထိုသို့သော) အလဇ္ဇီဖြစ်ကြောင်း ကောင်းမှုမှ မရှောင်ကြဉ်ကြသော အလဇ္ဇီပုဂ္ဂိုလ်တို့အား ယင်းတို့၏ ဥပါသကာ လူဒကာ ဒကာမတို့ကလည်း ပြစ်မှားစိတ်ဆိုး၍ အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချ မကောင်းသတင်း လွှင့်တတ်ကြပါသည်။ (သိက္ခာသုံးပါးလိုလားသည့်) အနီးနေတပည့်တို့က ပြစ်မှားစိတ်ဆိုးလျက် သဒ္ဓါတရားပျက်ပြီးလျှင် ချစ်ခင်ကြည်ညိုမှုကင်းကာ ယင်း အလဇ္ဇီဆရာသမားတို့ကို စွန့်လွှတ်၍ အရပ်တပါးသို့ ဖဲသွားတတ်ကြပါသည်။ သိက္ခာသုံးပါးလိုလားသော ဆရာသမားတို့ကလည်း အလဇ္ဇီဖြစ်သော မိမိအား နှင်ထုတ်စွန့်ပစ်တတ်ကြပါသည်။ သို့မဟုတ် ထိုဆရာသမားတို့က အလဇ္ဇီဖြစ်သောမိမိကို စွန့်ပစ်၍ အရပ်တပါးသို့ ဖဲသွားတတ်ကြပါသည်။ သူတော်ကောင်းတရား ရိုသေလေးစားသော ဆွေမျိုးတို့ကလည်း အကြည်ညိုကင်းမဲ့ပြီး ကဲ့ရဲ့ရှုတ်ချကာ အလေးဂရုမပြုကြတော့ပါ။ အခြားပုဂ္ဂိုလ်တို့ကား အဘယ်မှာ ဆိုဖွယ်ရှိပါတော့အံ့နည်း။

ထို့ကြောင့်ပင် (ဩက္ကိတ္တစက္ခု) သိက္ခာပုဒ် ၂-ပါးသည် ဘုန်းတော်ကြီးမားသော ဘုရားရှင်က အလုံးစုံသော ရှင်ရဟန်းတို့၏ ကိုးကွယ်ရာပြုရန် ပညတ်ထားပါသော်လည်း

ဘုရားရှင်၏ရန်သူ အသင်းဝင် မာရ်နတ်ဂိုဏ်းသား ရဟန်းများ အတွက် ချောက်တင်ခဲ့ပြီး ဘေးကြီး ၅-မျိုးတို့မှ လွတ်မြောက်စေကာ နတ်ရွာမဂ်ဖိုလ်အကျိုးငှါ ကိုးကွယ်ရာပြုရန် မစွမ်းနိုင်တော့ပါ။

## ဖခင်ပေးသော လက်နက် ဥပမာ

ဖခင်ဖြစ်သောပုဂ္ဂိုလ်က ရန်သူတို့ကို နှိပ်ကွပ်ဖျက်ဆီးရန် ကောင်းစွာပေးထားသော လက်နက်ကို ဖျက်ဆီးပြီး ဖခင်၏ ရန်သူတို့ထံ (လက်နက်မဲ့) ကပ်ရောက်သဖြင့် ရန်သူတို့နှိပ်စက်မှုကိုခံရ၍ ဘေးဘေးထိရောက်နေသော သားမိုက်အတွက် ထိုလက်နက်သည် အဘယ်အကျိုးရှိပါမည်နည်း၊ လက်နက် အရှင် ထိုဖခင်သည်သည်း အဘယ်အရာ ပြုနိုင်ပါတော့အံ့ နည်း။

"သီလမရှိ သမာဓိမတည်ပဲ အနှစ်တရာပတ်လုံး အသက်ရှင်နေရခြင်းထက် သီလနှင့်ပြည့်စုံ၍ ဈာမထ ဝိပဿနာ ရှုနေသောသူ၏ တရက်မျှအသက်ရှင်နေရ ခြင်းသည်မြတ်၏" (ဓမ္မ ၃၊၁-၂၉။) ဟူ၍၎င်း၊

"စန္ဒကူး အနံ့သည်၎င်း တောင်ဇလပ်ပန်း၊ အနံ့သည်၎င်း ကြာညိုပန်းအနံ့သည်၎င်း မြတ်လေးပန်း အနံ့သည်၎င်း ရှိ၏။ ယင်းပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်၏" (ဓမ္မ-၃၊၁-၂၁။) ဟူ၍၎င်း—

ဤသို့ ဘုရားရှင် ညွှန်ပြအပ်သော သီလပျက်စီးခြင်းအပြစ်၊ သီလပြည့်စုံခြင်းအကျိုးတို့ကို မအောက်မေ့နိုင်အောင် ဖုံး

လွှမ်းတတ်သော မောဟ ကိလေသာစစ်ဗိုလ်ချုပ်လျှင် ရှေ့သွားခေါင်းဆောင်ရှိသည့် အဟိရိက အနောတ္တပ္ပ ပြဋ္ဌာန်းသော တောမျောက်ကဲ့သို့ လျှပ်ပေါ်လော်လည် မတည်ကြည်သည့် စိတ်ကို ဖြစ်စေတတ်သော တဏှာကိလေသမာရ် စစ်သည်အပေါင်း၏ ဘုရားရှင်တပည့်သားတို့ ရှုံးနိမ့်အောင် အတိုင်းထက်အလွန် အားထုတ်နိုင်ခြင်းသည် အံ့ဩဖွယ် ကြောက်မက်ဖွယ် ကောင်းပ်ပေစွ။

## တိုက်တွန်းခြင်း

ဤသို့လျှင် လျှောက်ထင်ခဲ့ပြီးသောအရာတို့၌ မကောင်းမှုကို ကဲ့ရဲ့လေရှိသောသူတို့သာဖြစ်ကြလျက် ကောင်းမှုတို့ကိုသာ ကဲ့ရဲ့ကြပြီးလျှင် စက္ခုန္ဒြေမစောင့်စည်းပဲ သိက္ခာပုဒ်လွန်ကျူးကြသော အခါ်ပါ ပုဂ္ဂိုလ်တို့ကို တခါတရံမျှ မကဲ့ရဲ့ကြမူ၍ ဂဠုန်သုတ်ခံရသော နဂါးငယ်တို့ကဲ့သို့ရင်း၊ ခြင်္သေ့ခံတွင်း ဝင်ရောက်ရသော သားကောင်ငယ်တို့ကဲ့သို့ရင်း အလင်္ကာဖြစ်ကြောင်း မကောင်းမှုကိလေသာ လွှမ်းမိုးနှိပ်စက်ခံရသော ထိုအလဇ္ဇီ ပုဂ္ဂိုလ်တို့အပေါ် သနားကြင်နာမှု 'ကရုဏာ'ကိုဖြစ်ပွါးစေသင့်ကြပါသည်။ ယင်းသို့ ဖြစ်စေပြီးလျှင် နဂါးသည် ဂဠုန်သုတ်ခံရသော မိမိအဆွေခင်ပွန်းနဂါးတို့ကို မြင်၍ ထိုဂဠုန်ဘေးမှ အလွန်ကြောက်ရွံ့သဖြင့် အဝေးမှပင် အရပ်တပါးသို့ လျင်မြန်စွာ ထွက်ပြေး တိမ်းရှောင်သကဲ့သို့ရင်း၊ ချမ်းသာစွာ အသက်ရှင်လိုသော သားသမင်သည် ခြင်္သေ့ကိုက်ခဲ ညှဉ်းဆဲခံရသော မိမိအဆွေခင်ပွန်း သားသမင်တို့ကို မြင်ရ၍ ထိုခြင်္သေ့ဘေးမှ အလွန်ကြောက်ရွံ့သဖြင့် အဝေးမှပင် လျင်မြန်စွာ ထွက်ပြေး

တိမ်းရှောင်သကဲ့သို့ရှင်း (တို့အတူ) အလဇ္ဇီ ဖြစ်ကြောင်း မကောင်းမှုကိလေသာတို့ကို အထူးကြောက်ရွံ့သင့်ကြပါသည်။ ယင်းသို့ ကြောက်ရွံ့ကြပြီးလျှင် သိက္ခာပုဒ်လွန်ကျူးကြောင်း ကိလေသာခြသေ့မင်း ဖမ်းဆီးညှဉ်းဆဲခြင်းခံကြရသော၊ မိုက်မဲတွေဝေသူ လူတို့ကဲ့သို့ နှသောဂူနေ့ရှိကြသော၊ သားသမင်တို့ကဲ့ တုန်လှုပ်သောစိတ်ရှိကြသော တောမျောက်တို့ကဲ့သို့ လျှပ်ပေါ်လော်လည် မတည်ကြည်စိတ်ရှိကြသော အဆိုပါ အလဇ္ဇီပုဂ္ဂိုလ်တို့ကို တွေ့မြင်သိရှိကြ၍ ထိတ်လန့်မှု 'သံဝေဂ'ရကြပြီးလျှင် ယင်းအလဇ္ဇီပုဂ္ဂိုလ်တို့အပေါ် အထူးသဖြင့် သနားကြင်နာမှု 'ကရုဏာ'ကို ဖြစ်ပွါးစေသင့်ကြပါသည်။

သီရိလင်္ကာ၌ သီတင်းသုံးနေတော်မူကြသော တပည့်တော်တို့၏ မြင့်ဖူးမြိုး ချစ်မိတ်ဆွေ မမြင်ဖူးသေးသော ချစ်မိတ်ဆွေဖြစ်တော်မူကြသည့် ထေရ်ကြီးထေရ်ငယ် ရဟန်းလတ် ရဟန်းငယ် အသွယ်သွယ်သော အရှင်မြတ်တို့ဘုရား၊ သိက္ခာပုဒ်လွန်ကျူးခြင်းအေး၊ သံသရာဘေးကို မျှော်တွေးသိမြင်တော်မူကြ၍ သတိပညာနှင့် ပြည့်စုံတော်မူကြသော လဇ္ဇီ ပုဂ္ဂိုလ်စစ် သိက္ခာကာမ အရှင်ကောင်း အရှင်မြတ်အားလုံးတို့သည် "ငါတို့သည် အဆိုပါ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်အောင် နေထိုင်ကြမည်"ဟု စိတ်ကို ဆောက်တည်ပြီးလျှင် "အာဇာနည် သိန္ဓောမြင်းသည် တိရစ္ဆာန်ဖြစ်သော်လည်း အမြဲတမ်း ဂူနေ့ကို စောင့်စည်းလျက် မိမိရှေ့မှောက် ထမ်းပိုး တပြန်မျှလောက်သာ အရင်ကိုသာ ကြည့်ရှု၍ မျက်လွှာချလျက် သွားခြင်းငှါ နှမ်းနိုင်တုံဘိ၏၊ ငါတို့ကား

ဘုရားရှင် တပည့်သား ရဟန်းများ ဖြစ်ပါလျက် အဘယ့်ကြောင့် ယိုအားဇာနည်သိမ်ရွာမြင်းကဲ့သို့ မစွမ်း နိုင်ပဲ ရှိကုန်အံ့နည်း” ဟု နှလုံးသွင်း ဆင်မြင်ကာ အခါခပ်သိမ်း သိက္ခာပုဒ်လွန်ကျူးကြောင်း ကိလေသာအားမှ ကင်းဝေးအောင် သတိပြုတော်မူကြပါကုန်ဟု အရှင်ဘုရား။

## လက်ခြေစောင့်စည်းမှု သိက္ခာပုဒ်စသည်ကိုလည်း မရှိသေးကြခြင်း

ဤအတူ ကာယနှုတ်စောင့်စည်းရန် ပညတ်သော သုသံဝုတသိက္ခာပုဒ်၊ အသံ တိုးတိုးဆက်သော ပြောဆိုရန် ပညတ်သော အပ္ပသဒ္ဒသိက္ခာပုဒ်၊ ပြုံးစွာ မရယ်ရန် ပညတ်သော ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် စသော အခြား သေခိယသိက္ခာပုဒ်တို့ကို၎င်း၊ ထင်ရှားရှိသော ရဟန်းအား ပန်ပြော၍ ရွာတွင်းဝင်ရန် ပညတ်သော ဂါမပ္ပဝေသနသိက္ခာပုဒ်၊ နေ့အခါ တံခါးပိတ်၍ ကိန်းစက်(အိပ်)ရန် ပညတ်သော ဒိဝါသေယျသိက္ခာပုဒ်၊ လူသာမဏေနှင့်အတူ ခုညဥ့်ထက်အလွန် မကျိန်းစက်ရန် ပညတ်သော သဟသေယျသိက္ခာပုဒ်တို့ကို၎င်း ဘုရားရှင်သည် မိမိတပည့်သား ရဟန်းများ၏ ကိုးကွယ်ရာပြုခြင်းငှါ ပညတ်တော်မူပါသည်။ ယင်းသို့ ဖြစ်ပါသော်လည်း အချို့အချို့သော ပုဂ္ဂိုလ်တို့သည် အစ ပဌမက ကာမဂုဏ်တို့၌ အပြစ်ကို၎င်း၊ ကာမဂုဏ်မှ ထွက်မြောက်မှု၌ အကျိုးကို၎င်း သိမြင်ကာ သဒ္ဓါတရားဖြင့် ရှင်ရဟန်းပြုလာကြပါသော်လည်း သူတော်သူမြတ်တို့အထံမှ သူတော်ကောင်းတရား မကြားနာရခြင်းကြောင့်၎င်း၊ လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ သီလဝန္တမထေရ်မြတ်တို့နှင့် ကင်းကွာနေရခြင်းကြောင့်၎င်း (သိက္ခာပုဒ်တော်

ကို) မရှိသေပဲ အမှတ်မဲ့ ဟူးဟူးငြားငြား သွားလာနေထိုင်ကြပါသည်။ အဆိုပါ ပုဂ္ဂိုလ်တို့သည် မကောင်းမှုဦးညွှတ်ကိုင်းသည့် ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းနေထိုင်ကြရ၍ သဒ္ဒါတရားကို ဖျက်ဆီးကာ မြို့ရွာအတွင်း၌လည်း ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ ပြုကျင့် နေထိုင်ကြပါသည်။ လက်ခြေကို ကစားလျက် ဂူခြေကို မစောင့်စည်းခြင်း၊ ၁၂-ဆောင်ကျော် အရပ်၌ တည်ရှိသောသူတို့ ကြားလောက်အောင် ကျယ်လောင်သောအသံကို ပြုခြင်း၊ ပြင်းစွာ ရယ်ခြင်း စသော ဖောက်ပြန်သောအမူအရာကိုပြုခြင်း၊ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ နေလွဲအခါ ရွာတွင်းသို့ ဝင်ခြင်း၊ ချောင်းဖြစ်စေ ကျောင်း၌ဖြစ်စေ နေ့အခါ ကျိန်းစက်နေပါလျက် ဆုံငယ်၊ အထက်ကျင်းငယ် ပါရှိ၍ လှည့်လည်နိုင်သော တံခါးရွက်ကို မပိတ်မူ၍၎င်း "ထိုသူ ပိတ်လိမ့်မည်" စသည်ဖြင့် နှလုံးမသွင်းမူ၍ အမှတ်မဲ့ ကျိန်းစက်ခြင်း၊ ညဉ့်အခါ လူသာမဏေတို့နှင့် အတူ ၂-ညဉ့် ၃-ညဉ့်ထက်ပိုလွန် အိပ်ခြင်း၊ ဤသို့သော သိက္ခာပုဒ် လွန်ကျူးမှုကို ပြုကျင့် နေထိုင်ကြပါသည်။ ထိုပြင်—

"(အသားထက်) ရှည်သော လက်သည်း ခြေသည်းတို့ကို၎င်း (၂-လတာကာလ၊ လက် ၂-သစ် ပမာဏထက်) ရှည်ကြာ ပိုလွန်းသော ဆံပင်တို့ကို သော်၎င်း (အသားထက်) ရှည်သော နှာခေါင်းမွေး တို့ကို၎င်း မဆောင်မထားရာ"—

ဟူသော ခုဒ္ဒသိက္ခာ (၄၂) ပါဠ်အားလျော်စွာ ထိုသို့ သဘောရှိသည့် ဝိနည်းအကျင့်ကို နှလုံးမပြုဘဲ လက်ချောင်း

ဖျား ခြေချောင်းဖျား နှာခေါင်းဖျား အသားထက်ရှည်သော လက်သည်း ခြေသည်း နှာခေါင်းမွေးတို့ကိုငင်း၊ လက် ၂-သစ် ထက် ရှည်သော ဆံပင်တို့ကိုငင်း မလှီးဖြတ် မရိတ်ပယ်ပဲ အခြားသော အလေးဂရုပြုသင့်သည့် အရာတို့ကိုလည်း အလေးဂရုမပြုမူ၍ သိက္ခာပုဒ်လွန်ကျူးကြောင်း ကိလေသာ အားဖြင့် ထိနှိပ်စက် ၎င်းကြရပြီးလျှင် ညစ်နွမ်းခြင်းသို့ရောက်ကာ ဆရာသမားတို့၏ ဆုံးမကမြစ်မှုကိုလဲ မခံရပဲ မိမိတို့ အလိုရှိတိုင်း ပြုမူနေထိုင်ကြပါသည်။

## သာသနာဖျက်ပုဂ္ဂိုလ်များ-ကိုးကွယ်ရာမရသောပုဂ္ဂိုလ်များ

အဆိုပါ ပုဂ္ဂိုလ်တို့အား လျှောက်တင်ခဲ့ပြီး သိက္ခာပုဒ်တို့က ကဲ့ရဲ့ရှုတ်ချခြင်းအားမှ လွတ်မြောက်စေခြင်းငှါငင်း၊ ရဟန်း တရား ပြည့်ဝစေခြင်းငှါငင်း ကိုးကွယ်ရာပြုရန် မစွမ်းဆောင် နိုင်ကြပါ။

"ဘုရားရှင့်တပည့်သား ဤရဟန်းများသည် ဘုရားရှင့် သာသနာတော်၌ ထူးမြတ်သော ရဟန်းတရားကိုကျင့်ကာ မိမိကိုးကွယ်ရာကို ရှာမှီးလို၍ သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြ သော်လည်း ကိုးကွယ်ရာပြုတတ်သည့် သိက္ခာပုဒ်တို့ကို မိမိတို့ ကိုယ်တိုင် ကျူးလွန်ဖျက်ဆီးနေကြ၏။ ဥပမာဆိုရသော် နွား ကျွဲ တိရစ္ဆာန်တို့သည် ပိုင်ရှင်ဖြစ်သူ လူတို့က စားရန် ကျွေး ထားသောမြက်တို့ကို ခြေတို့ဖြင့် နင်းကာ နင်းကာ မိမိမစား သင့် မစားထိုက်သော အရာဖြစ်အောင်ပြုကာ ဖျက်ဆီးကြ သကဲ့သို့ ဖြစ်၏" ဟူ၍ငင်း—

"ဘုရားရှင်တပည့်သား ဤရဟန်းများသည် ဘုရားရှင့်သာသနာတော်တွင်း၌ အနုဇာတသားသဖွယ် ဖြစ်နေကြသော်လည်း မိမိတို့၏ မှီခိုရာဖြစ်၍ စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် ဘုရားရှင့်သာသနာတော်ကို မိမိ၏ မကောင်းသော အကျင့်ဖြင့် ညှိုးနွမ်းအောင်ပြုကြ၏။ သစ်သား၌ ပေါက်ပွါးနေသော သစ်သားပိုးတို့သည် မိမိမှီခိုရာ သစ်သားကို ခဲစား၍ ဆွေးမြေ့ယိုယွင်းအောင် ဖျက်ဆီးကြသကဲ့သို့ ဖြစ်၏" ဟူ၍ ၎င်း—

"ဘုရားရှင်တပည့်သား ဤရဟန်းများသည် သတ္တဝါအားလုံးတို့ ကိုးကွယ်ရာပြုရန် ပညတ် တည်ထားအပ်သော ဘုရားရှင့်သာသနာတော်ကို သာသနာတွင်း၌ တည်နေပြီးလျှင် မိမိ၏ မကောင်းသော အကျင့်အမျိုးမျိုးဖြင့် အားနည်းအောင်ပြုလျက် ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကြပါဘိ၏။ လူဝတ်အများ ငါတို့မူကား ထိုရဟန်းတို့ကဲ့သို့ မစွမ်းနိုင်ကြကုန်၊ ဥပမာဆိုရသော် သားတို့သနင်း ခြင်္သေ့မင်း၏ကိုယ်၌ ပေါက်ပွားနေကြသော ပိုးကောင်တို့သည်သာ အထူးထူးသော နေရာ၌ မှီတွယ်နေကြပြီးလျှင် မိမိတို့၏ မှီရာ အရေ အသားစသည်တို့ကို ခဲစားကြလျက် ထိုခြင်္သေ့မင်းကို ညှဉ်းဆဲခြင်းငှါ စွမ်းနိုင်ကြ၍ အခြား သားသမင်တို့ကား မစွမ်းနိုင်ကြသကဲ့သို့ ဖြစ်၏" ဟူ၍ ၎င်း—

ဤသို့ အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြသောသူတို့ မကဲ့ရဲ့ မရှုတ်ချနိုင်ခြင်းငှါ၎င်း၊ (ထိုသို့သော) သိက္ခာပုဒ် ဖြည့်ကျင့်ခြင်းဖြင့် ရအပ်သော နှလုံးသာယာခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း ငြိမ်းအေးခြင်း ချမ်းသာခြင်း တည်ကြည်ခြင်း ဟုတ်မှန်

စွာသိခြင်းစသော မြောက်မြားစွာသော ရဟန်းကရားထူး တို့ကို ပြည့်ဝခြင်းငှါရင်း ကိုးကွယ်ရ ပြုရန် မမှန်းနိုင်ကြပါ။

## ကောင်းမြတ်သော ခဲဖွယ် ဘောဇဉ် ဥပမာ

ဖခင်ကြောစ်မင်းက မိဝဲသုံးဆောင်ရန် ချီးမြောက်ပေး သနားအပ်သော အထူးထူး ကောင်မြတ်သော အရသာရှိ သည့် အချိုးမျိုးသော စားသောက်ဖွယ် ခဲဖွယ် ဘောဇဉ်ကို လျှာရင်း၌ပေါက်သော အနာကြီး ဖိစီးနှိပ်စက်ခံရ၍ မိဝဲသုံး ဆောင်ရန် မစွမ်းနိုင်ရှာပဲ အိုးကာမှာပင် သေပွဲဝင်ရတော့မည့် မင်းသားငယ်အတွက် အဆိုပါ စားကောင်း သောက်ဖွယ် သည် အဘယ်အကျိုး ရှိပါတော့မည်နည်း၊ ထိုဖခင် ကောရာဇ် မင်းသည်လည်း အဘယ်အရာ တတ်နိုင်ပါတော့မည်နည်း။

"အာနန္ဒာ သိလသည် နှလုံးသာယာခြင်း အကျိုး အာနိသင်ရှိ၏။ နှလုံးသာယာခြင်းသည် ဝမ်းမြောက် ခြင်း အကျိုးရှိ၏၊ ဝမ်းမြောက်ခြင်းသည် နှစ်သက် ခြင်း အကျိုးရှိ၏၊ နှစ်သက်ခြင်းသည် ငြိမ်းအေးခြင်း အကျိုးရှိ၏။ ငြိမ်းအေးခြင်းသည် ချမ်းသာခြင်း အကျိုးရှိ၏။ ချမ်းသာခြင်းသည် တည်ကြည်ခြင်း အကျိုးရှိ၏။ တည်ကြည်ခြင်းသည် ဟုတ်မှန်စွာသိခြင်း အကျိုးရှိ၏။ ဟုတ်မှန်စွာ သိခြင်းသည် ငြီးငွေ့ခြင်း အကျိုးရှိ၏။ ငြီးငွေ့ခြင်းသည် တပ်မက်မှုကင်းခြင်း အကျိုးရှိ၏။ တပ်မက်မှုကင်းခြင်းသည် လွတ်မြောက် ခြင်း အကျိုးရှိ၏။ လွတ်မြောက်ခြင်းသည် လွတ်

မြောက်မှုကို ဆင်ခြင်သော 'ပစ္စဝေက္ခဏာဉာဏ်' အကျိုးရှိ၏" (အံ၊ ၃။ ၂၅၀။ ၅၁၆) —

ဟူ၍ ဘုရားရှင် ညွှန်ပြအပ်သော သီလ၏ မြောက်မြားစွာသော အကျိုးအာနိသင်ကို မဆင်ခြင် မအောက်မေ့နိုင်အောင် ဖုံးလွှမ်းတတ်သည့် မောဟ စစ်ဗိုလ်ချုပ်လျှင် ရှေ့သွား ခေါင်းဆောင်ရှိသော အဟိရိက၊ အနောတ္တပ္ပ အစရှိသော ကိလေသမာရ် စစ်သည်အပေါင်း၏ အမျိုးမျိုးသော ဘုံဘဝ၌ အစဉ်လိုက်၍ ဘုရားရှင်တပည့်သား စစ်သည်များအား ဖျက်ဆီးရန် တည်ရှိနေခြင်းသည် အံ့သြဖွယ် ကောင်းပါပေစွ။ ပုထုဇဉ်သတ္တဝါတို့၏ ပုထုဇဉ်အဖြစ်သည်ကား ကြောက်မက်ဖွယ်ရာ ကောင်းပါပေစွ။

လျှောက်တင်ခြင်းငှါ သင့်လှပါသည်၊ အဆိုပါ ကိလေသာတို့ကြောင့် ထိုကိလေသာကိုဖြစ်ပွါးစေကြသည့်ပုထုဇဉ်ရဟန်းများသည် အတုမဲ့ ခင် ဘုရားရှင် ပေးသနားတော်မူအပ်သည့် အတုမဲ့ ဆုလာဘ်ဖြစ်သော မိမိ၏ကိုးကွယ်ရာ သိက္ခာပုဒ်တော်တို့ကို ချိုးဖောက်ကျူးလွန်ကာ ကိုးကွယ်ရာမရှိသူတို့အတွက် ကိုးကွယ်ရာပြုရန် ဘုရားရှင် ပညတ်တည်ထားအပ်သော (ကိုးကွယ်ရာ ထားရာ) သာသနာတော်ကို မှီနေထိုင်ရပါလျက် ကိုးကွယ်ရာမရရှိပဲ ကိုးကွယ်ရာမဲ့ကို ပြုတတ်သည့် သိက္ခာပုဒ်လွန်ကျူးမှု အကုသိုလ်တို့ကိုသာ ရရှိကြကာ ကိုးကွယ်ရာမဲ့သူ မိစ္ဆာဒိဋ္ဌိများနှင့် တူပါသည်တို့၏ လားရောက်ရာ အပါယ်ဘုံတွင်ဖြစ်ကြပြီး အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်နေကြပါပေသည်။ ဥပမာဆိုရသော် ပုရွက်ဆိတ်တို့သည် လူတို့၏ချမ်းသာကိုပြုတတ်သည့် ချိုမြိန်လှစွာသော

တင်လဲရည် (သကာရည်)၌ မိမိ၏ မိုက်မဲတွေဝေမှုအပြစ်ကြောင့် မကောင်းသော ကျရောက်ခြင်းဖြင့် ကျရောက်ကာ ထိုတင်လဲရည်အတွင်း နစ်မြုပ်ကြပြီးလျှင် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်နေကြသကဲ့သို့ ဖြစ်ပါသည်။

## တိုက်တွန်းခြင်း

ဤသို့လျှင် လျှောက်တင်ခဲ့ပြီးသော အရာတို့၌လည်း မကောင်းမှုကို ကဲ့ရဲ့လေ့ရှိသော သူတော်ကောင်းတို့သာ ဖြစ်ကြပြီးလျှင် မကောင်းမှုတို့ကိုသာ ကဲ့ရဲ့ရှုတ်ချ၍ မကောင်းမှုပြုသူ(အလဇ္ဇီပုဂ္ဂိုလ်)တို့ အပေါ်၌ အထူးသဖြင့် သနားခြင်း 'ကရုဏာ' ကို ဖြစ်စေကာ ဓမ္မသံဝေဂ ရယူသင့်ကြပါသည်။

ဤကမ္ဘာလောကဝယ် လှိုင်းတံပိုးအဟုန်၊ ငါးကြမ်းဘေးစသည်ဖြင့် ယုံမှားဖွယ် ကြောက်မက်ဖွယ် ဘေးဘျမ်းရှိသည့် မဟာသမုဒ္ဒ(ပင်လယ်)ကြီးအတွင်း၌ ဘေးကင်းရာ တဖက်ကမ်းသို့ ကူးမြောက်တက်လှမ်းလိုကြသော သင်္ဘောဦးစီး မာလိန်မှူးကြီးတို့သည် မေ့မေ့လျော့လျော့နေသဖြင့် သမုဒ္ဒရာကြီးအတွင်း နစ်မြုပ်ပျက်စီးနေကြရှာသော အခြားသင်္ဘောသားတို့ကို မျက်မှောက်မှာပင်မြင်တွေ့ရ၍ ထိုသင်္ဘောသားတို့အပေါ် သနားခြင်း 'ကရုဏာ' ကို ဖြစ်စေကာ မိမိတို့ကိုယ်တိုင်လည်း ကြောက်ရွံ့ထိတ်လန့်ကြ၍ "ဤသင်္ဘောသားများ နစ်မြုပ် ပျက်စီးကြသကဲ့သို့ ငါတို့ မနစ်မြုပ်မပျက်စီးအောင် ပြုကုန်အံ့"ဟု အထူးအားဖြင့် သတိတရားလက်ကိုင်ထားကာ လုံ့လကြိုးကုတ် အားထုတ်ပြီးလျှင်သမုဒ္ဒရာကြီးကို ကူးမြောက်ကြပါသည်။

သီရိလင်္ကာ၌ သီတင်းသုံးနေတော်မူကြသော ရဟန်းငယ် ရဟန်းလတ်နှင့်တကွ ထေရ်ငယ် ထေရ်ကြီး အသီးသီးသော အရှင်မြတ်တို့ဘုရား လျှောက်တင်ခဲ့ပြီးသော ဥပမာအတူ တပည့်တော်တို့၏ ချစ်အပ်သော မိတ်ဆွေ ချစ်အပ်သော ဆရာသမား ချစ်အပ်သောတပည့် ဖြစ်တော်မူကြသော လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ အမျိုးကောင်းသား အရှင် ဘုရားတို့သည် သဒ္ဓါတရား နည်းပါး၍ သိက္ခာပုဒ် လွန်ကျူး ပြီး အလဇ္ဇီ ဒုဿီလ အဖြစ်သို့ ရောက်ကာ ဘုရားရှင်သာသနာ တော်၌ အကျိုးမဲ့ ပျက်စီ နေကြသော အခြားပုဂ္ဂိုလ်တို့ကို တွေ့မြင်ရ၍ "ထိုပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်အောင် ငါတို့ နေထိုင် ကြကုန်အံ့"ဟု လုံ့လပြုကာ တခါတရံမျှ ဖော်ပြခဲ့ပြီးသော အလဇ္ဇီအမှုတို့ဖြင့် မညစ်ညူးပဲ အထူး စင်ကြယ်သန့်ရှင်း အောင် သတိတရား အမြဲ လက်ကိုင်ထားလျက် ကောင်းစွာ ကျင့်ကြံတော်မူနိုင်ကြပါစေသတည်း။

## ရွှေ ငွေ ကိုင်ခံမှု သိက္ခာပုဒ် စသည်ကိုလည်း မရှိသောကြခြင်း

ရွှေ ငွေကို သာယာကိုင်ခံခြင်း၊ မအပ်သော တောင်းခြင်း၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊ မအပ်သော ရှာမှီးခြင်း၊ ထိုရှာမှီးမှုကြောင့် ဖြစ်ပေါ်လာကြသော ပစ္စည်း ကို မှီဝဲသုံးဆောင်ခြင်း၊ ဤအမှုတို့နှင့်စပ်သော သိက္ခာပုဒ်တို့ သည်လည်း မိမိ တပည့်သား ရဟန်းများ၏ ကိုးကွယ်ရာ ပြုရန် ဘုရားရှင် ပညတ်ထားအပ်ပါသော်လည်း (သိက္ခာပုဒ် လွန်ကျူးသူ) အချို့ပုဂ္ဂိုလ်တို့အတွက် ကိုးကွယ်ရာမရှိအောင်

ပညတ်ထားသကဲ့သို့ ကျင့်ကြရပါသည်။ ထင်ရှားအောင် ပြောကြားပါမည်။ အနုပ္ပဒါသိက္ခာပုဒ်တို့သည် လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်တို့အတွက်သာ ၅-မျိုးသော အားကြီးတို့မှ လွတ်မြောက်စေသျက် နတ်ရွာ မဂ်ဖိုလ်အကျိုးငှါ ကိုးကွယ်ပြုရန် စွမ်းနိုင်ကြပါသည်၊ မလိုက်နာသော ပုဂ္ဂိုလ်တို့အတွက် (ကိုးကွယ်ရာပြုရန်) မစွမ်းနိုင်ကြပါ။ ဝိနည်းမဟာဝါပါဠိတော် (နှာ-၃၄၂)၌—

"ရဟန်းတို့ အလုံးဘုဲသော ပရိယာယ်ဖြင့် ရွှေငွေကို သာယာကိုင်ခံအပ် ရှာမှီးအပ်၏ဟု ငါဘုရားဟောတော်မမူ" ဟူရှိငြင်း

ပါရာဇိက ကဏ္ဍအဋ္ဌကထာ (ဒု၊ နှာ-၂၇၀)နှင့် ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၁၇၅)တို့၌—

"ဤ ရွှေ ငွေသည် အရှင်ဘုရားအတွက် ဖြစ်ပါစေဟု ပြောကြားရာ အကယ်၍ စိတ်ဖြင့် သာယာအံ့၊ ကိုယ်ခံလိုအံ့၊ ကိုယ်နှုတ် ၂-ပါးတွင် တပါးပါးဖြင့် "ဤ ရွှေငွေ မအပ်" ဟု ပယ်လျှင် အာပတ်မသင့်၊ ကိုယ်နှုတ်တို့ဖြင့် မပယ်သော်လည်း စင်ကြယ်သော စိတ်ရှိပြီး "ဤ ရွှေငွေသည် ငါတို့အား မအပ်" ဟု မသာယာလျှင် အာပတ်မသင့်၊ မှန်၏၊ ဒွါရ ၃ ပါးတွင် တပါးပါးဖြင့် ပယ်မြစ်လျှင် ပယ်ပြီး ဖြစ်တော့၏၊ ကိုယ်နှုတ်တို့ဖြင့် မပယ်ဘဲ စိတ်ဖြင့် (အကယ်၍) သာယာနေပါမူ ကိုယ်နှုတ်တို့ဖြင့် ပြုသင့်သော ပယ်မြစ်မှုကို မပြုခြင်းကြောင့် အကိရိယ သမုဋ္ဌာန်

ရှိသော ကာယ ဝစီ ၂-ဒွါရ သင့်သည့် အာပတ်သို့ ရောက်၏" ဟူ၍ငှင်း—

"စောင့်ရှောက်အပ် လုံခြုံစေအပ်သော အရာ၌ သာလျှင် တောင်းခြင်းကို ဆိုအပ်၏။ ထိုတောင်းခြင်းသည် သက်နိုး ဆွမ်း ပစ္စည်း ၂-ပါးတို့၌ အချင်းခပ်သိမ်း မတောင်းအပ်၊ ကျောင်းပစ္စည်း၌မူကား 'ဆောင်ခဲ့လော့၊ ငါ့အား ပေးလော့' ဟူ၍ တောင်းခြင်းသာ မအပ်၊ ပရိယာယ်ပြောခြင်း၊ အရိပ်ပြခြင်း၊ နိမိတ်ပြုခြင်း ၃-ပါးတို့ကား အပ်ကုန်၏။ ဆေးပစ္စည်း၌ တောင်းခြင်းသည်လည်း အပ်၏။ ပရိယာယ်ပြောခြင်း စသည်တို့ကား ဆိုဖွယ်မရှိ (အပ်သည်သာ)" (ဝိ၊ ဋ္ဌ၊ ၂။ ၁၅၀၁)ဟူ၍ငှင်း—

"ရွှေငွေကို ကိုင်ခံသော ရဟန်းအား တစုံတခုသော ပရိယာယ်ဖြင့် ထိုရွှေငွေဖြင့်ဖြစ်သော ပစ္စည်းကို သုံးဆောင်ခြင်းသည် မအပ်သကဲ့သို့ (ဒိဋ္ဌိသန္တာန်၌) ထင်ရှားမရှိသော စျာန် မဂ် ဖိုလ်တရားကို ချီးမြှောက်ပြောဆိုမှု ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးမှု အံ့ဖွယ်သရဲကို ဖြစ်စေမှု စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းတို့သည် ထိုမှုကို ပြုသောရဟန်းအားငှင်း၊ အခြားရဟန်းတို့အားငှင်း မအပ်ကုန်" (ဝိ၊ ဋ္ဌ၊ ၂။ ၂၉၂)ဟူ၍ငှင်း—

"ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးမှု(ကုလဒူသန) ၈-မျိုးတို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်း ၄-ပါးတို့သည် သီတင်းသုံးဖော် ၅-ယောက်တို့အား

မအပ်ကုန်။ (မိမိသန္တာန်၌) ထင်ရှားမရှိသော ဈာန်မဂ် ဖိုလ်တရားကို ဝါကြွားပြောဆိုမှု၊ ရွှေငွေကို ဖလှယ်မှု စသည်တို့ကြောင့် ဖြစ်သော ပစ္စည်းတို့နှင့် အလားတူကုန်၏” (ဝိ၊ ဋ္ဌ၊ ၂။ ၂၁၁)ဟူရင်း –

“ငြိမ်းခစအပ်ပြီးသော ပဗ္ဗာဇနိယ ကံရှိသော ရဟန်းသည်လည်း ကုလဒူသနအမှု ပြုဘူးသော ဒါယကာတို့ထံမှ ပစ္စည်း ၄-ပါးတို့ကို မခံယူအပ်ကုန်။ ရဟန္တာအဖြစ်သို့ ရောက်သော်လည်း မခံယူအပ်ကုန်၊ (ယင်း ပစ္စည်း ၄ ပါးတို့)မအပ်သည်သာ ဖြစ်ကုန်၏” (ဝိ၊ ဋ္ဌ၊ ၂။ ၂၀၇။) ဟူ၍ရင်း—

ဤသို့ မိန့်ဆိုအပ်သော ပါဠိတော် အဋ္ဌကထာ စကားနှင့် လျော်ညီစွာ စိတ်နှင့်တကွ ကာယဒွါရဖြင့် ဖြစ်စေ၊ ဝစီဒွါရဖြင့် ဖြစ်စေ၊ ၂-ပါလုံးဖြင့် ဖြစ်စေ ရွှေငွေကို မခံယူသင့်ကြပါ။ (ယင်းသို့ မခံယူကြပဲ)“အလိုရှိသောပစ္စည်းဖြင့် အမိန့်ရှိတော်မူပါ”ဟုရင်း၊ “ပစ္စည်း ၄-ပါးဖြင့် ဘုရားတပည့်တော် ဖိတ်မန်ပါ၏” ဟုရင်း၊ ဤသို့စသော အပ်စပ်သော ဖိတ်နည်းဖြင့် မဖိတ်သူ ဆွေမျိုးမဟုတ်သော်သူ လူဒါယကာတို့အထံ ဆွမ်းသက်နိုးနှင့်စပ်သော ပစ္စည်း(၂-ပါး)ကို အကြောင်းပြု၍ မပြုအပ် မပြုကောင်းသော ပရိယာယ်ပြောခြင်း၊ အရိပ်ပြခြင်း၊ နိမိတ်ပြုခြင်း၊ တောင်းခြင်းအမှုတို့ကို မပြုသင့်ကြပါ။ ကျောင်းအိပ်ရာ နေရာ ပစ္စည်းကို အကြောင်းပြု၍ကား တောင်းခြင်းမျှကိုသာ မပြုသင့်ပါ။ (ကြွင်း ၃-မျိုးကိုကား ပြုနိုင်ပါသည်။)

"သစ်သားကိုရင်း၊ ဝါးကိုရင်း၊ သစ်သီးကိုရင်း၊ ပန်းပွင့်ကိုရင်း၊ လိမ်းသပ်ဖွယ် ကသယ်မှုန့်ကိုရင်း၊ ရေချိုး ကသယ်မှုန့်ကိုရင်း၊ မျက်နှာသစ်ရေကိုရင်း၊ မြေညက် ဒန်ပူ စသည်ကိုရင်း ဒါယကာတို့အား ချီး မြှောက်သောအားဖြင့် မပေးရာ" (ခုဒ္ဒသိက္ခာ ၂၀၉) ဟူရှိရင်း–

"ရဟန္တာ ပုဂ္ဂိုလ်တို့အား လာဘ်၌ လိုလားမှုမရှိ သောကြောင့် ဒါယကာတို့အား ချီးမြှောက်သော် လည်း အသက်မွေးမှု မပျက်ဟု အချို့ဆရာတို့က ဆိုကြ၏၊ ထိုစကား မသင့်၊ အဘယ့်ကြောင့်နည်း ရဟန္တာပုဂ္ဂိုလ်တို့အားလည်း အသက်မွေးမှု ပျက်စီး ခြင်း (အာဇီဝဝိပတ္တိ)ကြောင့် ဖြစ်သော ဆွမ်းစသည် ကို ရှောင်ကြဉ်အပ်သော ကြောင့်တည်း။ မှန်၏။ တရားစစ်သူကြီး အရှင်သာရိပုတြာ သည် အသက်ကို စွန့်ရစေကာမူ အသက်မွေးမှုကို မဖျက်ဆီးရာဟု မိန့် ဆိုအပ်ပြီ" (ဝိမတိ၊ ၁။ ၃၄၉၊ ၃၅၀။) ဟူရှိရင်း—

ဤသို့လာသော အဋ္ဌကထာ ဋီကာစကားနှင့် လျော်ညီစွာ သစ်သား၊ ဝါး၊ အသီး အပွင့် အစရှိသည့် အလုံးစုံသော ပေးကမ်းဖွယ် ဝတ္ထုတို့ဖြင့် လာဘ်ကိုလိုလားမှု (အာသာ) ရှိသော်ရင်း၊ မရှိသော်ရင်း ဘုရားရှင် ခွင့်မပြုအပ်သည့် လူ ဒါယကာတို့ကို မချီးမြှောက် မပေးကမ်းသင့်ကြပါ။

ဤမှတပါးသော မဟာနိဒ္ဒေသ ပါဠိတော် (နှာ ၁၇၂) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ၊ နှာ ၂၂-၂၉) ဝိနည်းဋီကာ (သာ ရတ္ထ၊ ၃၊ ၃၇။) တို့၌လာသော ရဟန်းတို့နှင့် မလျော်သည့်

လူဒါယကာတို့နှင့် ဆက်ဆံဆောဆနေ့ာမှု၊ မှားယွင်း ဖောက်ပြန်သော အသက်မွေးမှုတို့ကိုလည်း မပြုသင့်ကြပါ။

ယင်း မပြုသင့်သော ဇမှုတို့ကား—

(၁) လူဒါယကာတို့ကို မြင်လျှင်မြင်ခြင်း "လာလှည့်ပါ ကောင်းသော လာခြင်းပါ"ဟု ပြောဆိုခြင်း။

(၂) အပြုံးရွှေသွားရှိသော စကားကို ပြောဆိုခြင်း။

(၃) (လူတို့ပြောဆိုမိ) ရှေးဦးစွာ ပြောဆိုခြင်း။

(၄) ချစ်ခင်ဖွယ်ရာ ပြောဆိုလေ့ရှိခြင်း။

(၅) ပြောလွယ် ဆိုလွယ်ခြင်း။

(၆) လူဒါယကာတို့ကို မြှောက်ပင့်ပြောဆိုခြင်း။

(၇) ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး မမှန်များသော စကားကို ပြောဆိုခြင်း။

(၈) ကလေးသူငယ်တို့ကို ချီပွေ့ချော့မြှူခြင်း။

(၉) သလုံးမြင်းခေါင်းတို့ဖြင့် အစေအပါးခံခြင်း။

(၁၀) ဆေးကုခြင်း၊

(၁၁) လူဒါယကာတို့၏ အမှုကို ပြုခြင်း၊

(၁၂) တမန်အဖြစ်ဖြင့် သွားခြင်း၊

(၁၃) တစုံတခုပို့ရန် အစေအပါးအဖြစ်ဖြင့် သွားခြင်း၊

(၁၄) မြေကြွန်အတတ်၊

(၁၅) အင်္ဂဝိဇ္ဇာအတတ်၊

(၁၆) နက္ခတ်အတတ် သင်ပေးခြင်း၊

(၁၇) မန္တန်စုတ်ခြင်း၊

(၁၈) အံ့ဘွယ်သရဲကို ဖြစ်စေခြင်း၊

(၁၉) မြှောက်ပင့် ပြောဆိုခြင်း၊

(၂၀) အံ့ဩစေခြင်း၊

(၂၁) လိုအပ်သောဝတ္ထု၏ အနီးအပါး ရစ်သီ ပြောဆိုခြင်း။

(၂၂) ဣရိယာပုထ်ကို ကောင်းစွာ တည်စေခြင်း (ဟန်လုပ်ခြင်း၊ ကိုက်ထုတ်ခြင်း) စသည်ဖြင့် မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ချီးမွမ်း ပြောဆိုခြင်း၊

(၂၃) မေးသဖြင့် ပြောဆိုခြင်း၊

(၂၄) ရှေးဦးစ၍ လာဘ်နှင့်စပ်သော စကားကို ပြောဆိုခြင်း၊

(၂၅) လွန်စွာ အဖန်ဖန် ပြောဆိုခြင်း၊

(၂၆) မြှောက်မြှောက်ပင့်ပင့် ပြောဆိုခြင်း၊

(၂၇) ချီးချီးမြှောက်မြှောက် သာသာယာယာ ပြောဆိုခြင်း၊

(၂၈) ဒါယကာတို့ ကျေးဇူးဂုဏ်ကို မြှောက်ပင့် ပြောဆိုခြင်း၊

(၂၉) အဖန်တလဲလဲ မြောက်ပင့် ပြောဆိုခြင်း၊

(၃၀) အဖန်တလဲလဲ ချစ်ဖွယ်သာယာ ပြောဆိုခြင်း၊

(၃၁) ရစ်ပတ်ခြင်း၊

(၃၂) ထက်ဝန်းကျင် ရစ်ပတ်ခြင်း၊

(၃၃) ကွဲရှဲခြင်း၊

(၃၄) ရွှတ်ချခြင်း၊

(၃၅) သူတပါး ကျောက်ကုန်းသားကို ခြစ်၍ စားခြင်း၊

(မျက်မှောက်၌ ချိုချိုသာသာပြော၍ မျက်ကွယ်၌ ကျေးဇူးမဲ့ကို ပြောခြင်း)

(၃၆) မင်း, မင်းအမတ် စသူတို့နှင့် အတူတကွ ဝမ်းနည်းလေ့ ဝမ်းမြောက်လေ့ ရှိခြင်း၊

ဤသို့ စသည်တို့ကား ရဟန်းများ မပြုသင့်သော အမှုတို့တည်း။

ဖော်ပြပါ ရဟန်းတို့နှင့် မလျော်သောအမှုတို့ကို မပြုမူ၍ ကိုးကွယ်ရာ ဘုရားရှင်နှင့် ထိုဘုရားရှင်၏ အလိုတော်ကို သိသော တပည့်သာဝက အဋ္ဌကထာ ဋီကာ ဆရာတို့၏ ကိုးကွယ်ရာရအောင် ကောင်းစွာညွှန်ကြား မိန့်ဆိုထားသော လမ်းကောင်းလမ်းမှန်ကို အစဉ်လိုက်ကာ ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့အတွက်သာ လျှောက်တင်ခဲ့ပြီး သိက္ခာပုဒ်တော်တို့က ကိုးကွယ်ရာပြုရန် စွမ်းဆောင်နိုင်ကြပါသည်၊ မလိုက်နာ မပြုကျင့်သော ပုဂ္ဂိုလ်တို့အတွက် မစွမ်းနိုင်ကြပါ။

## သားရဲသစ်ကျား အစာဖြစ်ရသော သားမိုက် ဥပမာ

သားရဲသစ်ကျား စသည်တို့နှင့် ရောပြွမ်းနေ၍ ကြောက်မက်ဖွယ် ဘေးဘျမ်းရှိသော တောအုပ်ကြီးအတွင်း၌ ဖခင်နှင့်ညီတော် နောင်တော်တို့က ဘေးကင်းစေရန် ညွှန်အပ်သောဘေးမဲ့လမ်းကို မလိုက်မူ၍ သားရဲသစ်ကျားတို့ ကိုက်ခဲ စားသောက်ခံရသော သားမိုက်အတွက် ညွှန်ပြအပ်သော လမ်းကောင်း လမ်းမှန်သည် အဘယ်အကျိုး ရှိပါအံ့နည်း။ ထိုဖခင်နှင့် ညီတော် နောင်တော် တို့သည်လည်း အဘယ်အရာပြုနိုင်ပါတော့မည်နည်း။

> "မိဖတို့၏ စကားကိုလည်း မနာယူ၊ တရားကိုလည်း မစောင့်ကြသော လူ့သလေ့ာ့လျှည်း ပညာနည်းသော သူပျင်းတို့ကား၊ စင်စစ် မွေးဖွားလာသူများ မဟုတ်ကုန်"။

ထိုကြောင့် ရှေးသူဟောင်းတို့က ဤသို့ မိန့်ဆိုကြပါသည်။

> "မွေးသော မယားသည် မြတ်၏၊ မာမိငမ်းတိုက်တို့၌ (သား၏) တည်နေခြင်းသည် မြတ်၏၊ ပညာမဲ့သော သားသည် ရုပ်ဆင်း ဥစ္စာပေါင်းများနှင့် ပြည့်စုံသော်လည်း မမြတ်သည်သာတည်း"။

> "မွေးဖွားလာသော သားကြောင့် အမျိုးအနွယ်သည် မြင့်တက် ကြီးပွါးခြင်းသို့ ရောက်၏၊ ထို သားသည်(ချီးမွမ်းထိုက်သဖြင့်) စင်စစ် မွေးဖွားလာသောသား မည်၏၊ မှန်၏၊ တပြောင်းပြန်ပြန် ကျင်လည်

နေသော သံသရာကြီးအတွင်း၌ အဘယ်မည်သော သူသည်မူလည်း သေပြီးသည့်နောက် မဖြစ်ပွါး မပေါ် ပေါက်ပဲ ရှိပါမည်နည်း။” (ဟိတောပဒေသ၊ ကထာ- ရမ္ဘ၊ ၁၄-ဂါထာ)

## ရွှေငွေ ကိုင်ခံမှု သိက္ခာပုဒ်

သာသနာ့ဝန်ထမ်း ရှင်ရဟန်း အားလုံးသည် မြင့်မြတ်သော ဘုရားရှင်၏ မြင့်မြတ်သော သာသနာဝယ် မြင့်မြတ်သော အကျိုးတရားတို့ကို ရရှိအောင် ရှာမှီးခြင်းငှါ ကာမဂုဏ် ခံစားသူ လူ့ဘဝ၌ရှိသည့် မြောက်မြားစွာသော စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ အထွေထွေဘို့ကို စွန့်လွှတ်ပြီးလျှင် မင်းဘေး စသည် နှိပ်စက်ခြင်း မခံရပဲ ယုံကြည်မှု ‘သဒ္ဓါတရား’ သက်သက်ဖြင့် ရှင်ရဟန်း ပြုလာသူများ ဖြစ်ကြပါသည်။ ယင်းသို့ဖြစ်ပါလျက် ဆရာသမားတို့၏ ဆုံးမသွန်သင်မှုကို မခံရပဲ မာရ်နတ်၏ လှည့်ပတ်မှုကိုသာ ခံရ၍ သဒ္ဓါ သီလ ၂-ပါးလုံးကို ဖျက်ဆီးကာ မိမိအား ငံ့လင့် စောင့်ဆိုင်းနေသော သံသရာဘေးကို မတွေး မမြင်နိုင်ဲတော့ဘဲ တံငါသည်တို့ကဲ့သို့ ဖောက်ပြန်မှားယွင်းသော အသက်မွေးမှု(မိစ္ဆာဇီဝ)ဖြင့် အသက်မွေးလို၍ လှူဒါယကာတို့ထံမှ ရွှေငွေကို ကိုယ်တိုင်ကိုင်ခံခြင်း၊ သူတပါးအား ကိုင်ခံစေခြင်း၊ အနီးအပါး၌ ချထား လှူဒါန်းသည်ကို သာယာခြင်း အမှုတခုခုကို ပြုလုပ်ပါလျှင် အားထုတ်မှု ‘ပယောဂ’ တိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ ရလာတိုင်း ရလာတိုင်း စွန့်ခြင်း ဝိနည်းကံ ရှိသည့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

ထို့နောက်တဖန် မအပ်စပ်သော အဆိုပါ ရွှေငွေဖြင့် အပ်-မအပ်သော ဝတ္ထု ဘဏ္ဍာ တစုံတရာကို အပ်စပ်သော သုံးနှုန်းမှု 'ကပ္ပိယ ဝေါဟာရဖြင့် ဖြစ်စေ မအပ်စပ်သော သုံးနှုန်းမှု 'အကပ္ပိယ ဝေါဟာရ' ဖြင့် ဖြစ်စေ ဝယ်ယူရာ၌ အားထုတ်မှု 'ပယောဂ' တိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ ရလာသောအခါ၌လည်း ထိုက်သင့်သလို ဒုက္ကဋ်အာပတ်သော်၎င်း နိဿဂ္ဂိ ပါစိတ်အာပတ်သော်၎င်း ဒုက္ကဋ်အာပတ်နှင့် နိဿဂ္ဂိ ပါစိတ်အာပတ်သော်၎င်း သင့်ရောက်ပါသည်။ ယင်းသို့ မအပ်စပ်သော ရွှေငွေဖြင့် လဲလှယ်ဝယ်ယူသားသော အသုံးအဆောင် ဝတ္ထုဘဏ္ဍာကို အဖန်ဖန် သုံးစွဲရာ၌လည်း သုံးစွဲတိုင်း သုံးစွဲတိုင်း ဒုက္ကဋ်အာပတ် သင့်ပြန်ပါသည်။

ဤသို့လျှင် (ရွှေ ငွေ နှင့် စပ်သည့်) များစွာသော အကြောင်းဝတ္ထုတို့ကြောင့် အာပတ်သင့်နေသော အဆိုပါ ရဟန်းအား တနေ့တည်းမှာပင် အတိုင်းအရှည် မရှိသည့် အာပတ်ပေါင်း များစွာတို့က လွှမ်းမိုးနှိပ်စက်နေကြပါသည်။ ယင်းသို့ လွှမ်းမိုးနှိပ်စက်နေသည်ကို မိုက်မဲတွေဝေသော ထိုရဟန်းသည် တခါဘရံမျှ "ယခု ငါ့အား တနေ့တည်းမှာပင် ဤမျှ များပြားလှသော အာပတ်တို့က လွှမ်းမိုး နှိပ်စက်နေကြပေသည်"ဟူ၍ မသိမြင် မဆင်ခြင်တော့ပါ။ အနာရောဂါ စွဲကပ်နေသော ယောကျ်ားသည် မိမိကိုယ်တွင် စွဲကပ်နေသည့် မြောက်မြားစွာသော အနာတို့၏ နှိပ်စက်ဒဏ်ကို ခံရသဖြင့် သတိလွှတ်ကင်း မိန်းမော တွေဝေခြင်းသို့ ရောက်ကာ "ယခု ငါသည် ဤအနာတို့ နှိပ်စက်သဖြင့် ဆေးကုမရပဲ မကြာခင်

မှာပင် သေပွဲဝင်ရတော့မည်”ဟု မသိမြင် မဆင်ခြင်နိုင် သကဲ့သို့ ဖြစ်ပါသည်။

လျှောက်တင်ခဲ့သည့်အတိုင်း နေ့စဉ် နေ့စဉ် များစွာသော အာပတ်တို့၏ နှိပ်စက်မှုကို ခံရပါလျက် တခါတရံမျှ နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် ဒေသနာလည်း မကြားအခါခပ်သိမ်း လဇ္ဇီသူမွန်တို့၏ တရားလည်း မရရှိပဲ ထိုအလဇ္ဇီအမူနှင့်တကွ သေမင်း ခံဘွင်းဟူသော တံခါးဝဖြင့် ဝင်၍ယမမင်း၏ နိုင်ငံ ယမမင်း၏မြို့တော် ယမမင်း၏ နန်းတော်အတွင်း ယမမင်း၏ ငရဲအိုးကင်းသို့ ကပ်ရောက်ရသော အဆိုပါ အလဇ္ဇီရဟန်းအတွက်–

“အကြင် ရဟန်းသည် ရွှေ ငွေကို ကိုယ်တိုင်မူလည်း ခံယူအံ့၊ သူတပါးကိုမူလည်း ခံယူစေအံ့၊ အနီးအပါး ချထား လှူဒါန်းအပ်သော ရွှေ ငွေကိုမူလည်း သာယာအံ့၊ ထိုရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်သင့်၏”—

(ဝိ၊၁။၃၄၅။)

ဤသို့ ဘုရားရှင် ပညတ်တော်မူအပ်သော ဝိနည်းဓမ္မက္ခန္ဓာတော်သည် ဤသိက္ခာပုဒ် ပညတ်ရာ၌ ဘုရားရှင် ရည်ရွယ်တော်မူအပ်သော အကျိုးကို ပြည့်စုံစေခြင်းငှါ မစွမ်းနိုင်တော့ပါ။

လျှောက်ထားဖွယ် အကြောင်းတပါးကို ဆက်လက်လျှောက်ထားပါဦးမည်၊ ဝဇိရဗုဒ္ဓိဋီကာ (နှာ–၂၄၇–၈) ၌–

"စိတ်ဖြင့် မအပ်သည်ကို လိုလားလျက်ပင် နှုတ်ဖြင့် အပ်သည်ကို ပြောဆိုညွှန်ပြသော ရဟန်း၏ "ငါ့အား သက်န်းလှူကြလော့"ဟု ပြောဆိုမှုသည် မအပ်။ ရလာသည်ရှိသော် ရွှေ ငွေ ကိုင်ခံမှု 'ရူပိယ ပဋိဂ္ဂဟဏ' သိက္ခာပုဒ်ဖြင့် အာပတ်သင့်၏။.... "ရဟန်းတို့ တစုံတခုသော ပရိယာယ်ဖြင့် ရွှေ ငွေကို သာယာအပ်၊ ရှာမှီးအပ်၏ဟု ငါဘုရား ဟောတော်မမူ"ဟူ၍ အကြွင်းမရှိ ဟောတော်မူအပ်သော ကြောင့် အမြွက်ထောင်ခြင်းငှါ မစွမ်းနိုင်"—

ဟု မိန့်ဆိုအပ်သော စကားကို ထောက်ထား၍ ပရိယာယ် ဆင်ကာ အမည်တပါးဖြင့် ခေါ်ဝေါ်သုံးနှုန်း၍ ရွှေ ငွေကို သုံးဆောင်ခြင်း၌ စင်စစ် အပြစ်မကင်းသည်ကို သိသင့်ပါသည်။ သို့ပါလျက် အချို့သော ပုဂ္ဂိုလ်သည် ထိုအပြစ်ကို မသိမြင်မူ၍ သိက္ခာပုဒ်တော်ကို ရှိသေလေးစားမှုမပြုတော့ပါ။ ယင်းသို့မပြုဘဲ—

"ရဟန်းတို့ တစုံတခုသော ပရိယာယ်ဖြင့် ရွှေငွေကို သာယာအပ် ရှာမှီးအပ်၏ ဟု ငါဘုရားဟောတော်မမူ" (ဝိ၊ ၃။ ၃၄၂။)

ဟူသော ပညတ်တော်ကို ကျူးလွန်ကျော်နင်းကာ ပရိယာယ် အားဖြင့် ရွှေငွေကို သုံးစွဲလို၍ မိမိအလုပ်အကျွေး ကပ္ပိယ ကာရကတို့ကို ကြိုတင်အသိ ပေးပြီးလျှင် အသပြာ (အနာမာသဝတ္ထု)ကို "ဆွမ်းဆန်" ဟူသော အမည်တပါးဖြင့် ခေါ်ဝေါ် သုံးကာ အသပြာဝတ္ထုကို ရည်ရွယ်လျက်ပင် "ငါ့အား ဤမျှသော ဆွမ်းဆန်ဖြင့် သက်န်းကပ္ပိပေးပါ" ဟုရင်း၊ ငါ့အား

“ဤမျှသော ဆွမ်းဆန်ကို လှူပါ” ဟုရင်း၊ “ဤမျှသော ဆွမ်းဆန်ကို ငါ့လက်၌ထားခဲ့ပါ “ဟုရင်း၊ “ဤမျှသော ဆွမ်းဆန်ကို ငါ့အလိုရှိ၏” ဟုရင်း ရွှေငွေကိုခံယူမှု၊ စီမံမှုတခုခု ကိုပြု၍ အဆိုပါရွှေငွေဖြင့် တစုံတရာ ပစ္စည်း ဘဏ္ဍာကို လဲလှယ် သုံးစွဲရာပါသည်။ ကပ္ပိယကာရက ကမူလည်း အသပြာကို ယူဆောင်လာပြီး မိမိရှေ့မှောက်၌ချကာ “ဤမျှ သော ဆွမ်းဆန်ကို တပည့်တော်လှူပါ၏”ဟုရင်း၊ ဤမျှသော ဆွမ်းဆန်တော်ကို ခံယူတော်မူပါ” ဟုရင်း၊ မျက်ကွယ်၌ထား သော အသပြာကို ရည်ရွယ်ကာ “ဤမည်သောအရပ်၌ ဤမျှ လောက်သော ဆွမ်းဆန်တော်ရှိပါသည်။ ထိုဆွမ်းဆန်တော် ကို အရှင်ဘုရား ယူတော်မူပါ” ဟုရင်း ဆို၍ လှူအပ်သော ရွှေငွေကို ခံယူပြီးလျှင် အခြားသော အသုံးအဆောင် ‘ပရိက္ခ ရာ’ ကို လဲလှယ် သုံးဆောင်ရာပါသည်၊ ထိုသို့သဘောရှိသည့် (အလဇ္ဇီ) ပုဂ္ဂိုလ်မျိုးအား “ရဟန်းတို့ တစုံတခုသော ပရိ ယာယ်ဖြင့် ရွှေငွေကို သာယာအပ် ရှာမှီးအပ်၏ ဟု ငါဘုရား ဟောတော်မမူ” ဟူသော ပညတ်တော် မူအပ်သော ဝိနည်း မမှက္ခန္ဓာတော်သည် ရွှေငွေ ကိုင်ခံမှုကြောင့် အာပတ်သင့် ခြင်းမှ လွတ်မြောက်စေကာ နတ်ရွာ မဂ်ဖိုလ် အကျိုးငှါ ကိုးကွယ်ရာပြုရန် မစွမ်းနိုင်တော့ပါ။

## ရှားမီးခဲကို စားမျိုသည့်ပမာ

ဖခင်ဖြစ်သော ပုဂ္ဂိုလ်ကား သနား ကြင်နာသောစိတ်ဖြင့် ဝင်းဝင်း ပြောင်ပြောင် တောက်လောင်နေသော ရှားမီးခဲကို တွေ့မြင်၍ မိမိ၏ ချစ်စွာသော သားအား မလောင်ကျွမ်းစေ ရန် “ချစ်သား ဖယ်လော့၊ ချစ်သား ဖယ်လော့၊ မီးခဲကို တစုံ

တခုသော ပရိယာယ်ဖြင့် ယူ၍ မမျိုလင့်” ဟု တားမြစ်ပါသော်လည်း ဖခင်၏စကားကို မနာယူပဲ အဆိပ်ပါ ရှားမီးခဲကို “ဝက်သားတုံး”ဟု အမည်ပေးပြီး “ငါ့အား ဝက်သားတုံးကို ပေးလော့၊ ဝက်သားကို ငါစားမည်” ဟု ပရိယာယ် အမည်တပါးဖြင့်ခေါ်ကာ ထိုရှားမီးခဲကို စားမျိုပြီးလျှင် မိမိသည်ပင် မိမိ၏ နှလုံးသားကို ရှို့မြိုက်၍ လျှင်မြန်စွာ သေဆုံးသော သားမိုက်အတွက် သနားကြင်နာသူ ဖခင်သည် ဘာကိုမျှ တတ်နိုင်ပါတော့မည်နည်း။

## အဓိပ္ပါယ်များကို မှတ်ယူ ကျင့်သုံးခြင်း

ပါရာဇိကဏ် အဋ္ဌကထာ (ဒု၊ နှာ-၂၇၁)၌ ဤသို့ မိန့်ဆိုပါသည်။

> “ထိုစွန့်အပ်ပြီးသော ရွှေငွေ (အနာမာသဝတ္ထု) ဖြင့် တူးဖော်စေအပ်သော ရေကန်မှထွက်သောရေကို သောက်ခြင်း သုံးခြင်းငှါ မအပ်။ ကန်တွင်း၌ ရေမရှိလျှင်ကား အခြားလောင်းဇည့်သော ရေသည်ရင်း၊ စီးဝင်လာသော ရေသည်ရင်း အပ်၏”။

ထိုစကားရပ်ဝယ် အောက်၌—

> “အပ်သော ဝတ္ထုကို ပြောဆိုအပ်၏”(ဝိ၊၁၊၃၃၆။ ဝိ၊ဋ။၂။၂၇၁)

စသည်ဖြင့် လာသော စကားတော်ကိုရင်း

မာတိကာ အဋ္ဌကထာ (ကခါ။၁၇၆)၌—

"ဤ ရွှေငွေ (အနာမာသဝတ္ထု)ဖြင့် အဘယ်ကို ဆောင်ယူခဲ့ရပါမည်နည်း"ဟု မေးသောသူအား "ဤမည်သော ဝတ္ထုကို ဆောင်ခဲ့"ဟု မဆိုပဲ "ထောပတ် စသည့် ရဟန်းတို့နှင့် အပ်စပ်သော ဝတ္ထုကို ပြောဆိုအပ်၏"

ဟု လာသော စကားတော်ကိုရင်း ထောက်ထား၍ ဤသို့ ဟုတ်မှန်သော အနက်အဓိပ္ပါယ်ကို သိသင့်ပါသည်။

"ထို ဝတ္ထုဖြင့် ဟူသည် သံဃာ့အလယ်၌ မစွန့်အပ်သော ဝတ္ထုကို ကြဉ်ဖယ်၍ အခြား စွန့်အပ်သော ဝတ္ထုဖြင့်သာလျှင်" ဟုရင်း၊ "တူးဖော်စေအပ်သော ရေကန်၌ ဟူသော စကားဖြင့် 'အဘယ်ကို ဆောင်ယူခဲ့ရပါမည်နည်း'ဟု ကပ္ပိယကာရကတို့က မေးသဖြင့် သံဃာက 'ရဟန်းတို့အတွက် ရေကန်ကို ရဖို့သင့်၏' ဟု ဆို၍ အပ်စပ်သော စကားမျှကို ပြောဆို၍ ပရိယာယ်အားဖြင့် တူးဖော်စေအပ်သော ရေကန်၌"ဟုရင်း ဟုတ်မှန်သော အနက်အဓိပ္ပါယ်ကို သိသင့်ပါသည်။

အချို့သော ပုဂ္ဂိုလ်သည် ဖော်ပြပါ အနက်အဓိပ္ပါယ်ကို မသိပဲ "သက်သက် ရဟန်းက ခံယူသွားပြီးလျှင် သံဃာ အလယ်၌ မစွန့်အပ်သေးသော အနာမာသ (ရွှေငွေ)ဝတ္ထုဖြင့် တူးဖော်စေအပ်သော ရေကန်၌" ဟုရင်း၊ "စွန့်အပ်သော (အနာမာသ) ဝတ္ထုဖြင့်သာ ကပ္ပိယကာရကတို့က မမေးမြန်းပဲ သံဃာက ကိုယ်တိုင်သက်သက် တူးဖော်စေအပ်သော ရေကန်၌"ဟုရင်း၊ ကပ္ပိယကာရကတို့က မေးမြန်းဆဲ၌လည်း "ရေကန်လှူလော့၊ ရေကန်ကို ကပ္ပိ(ဝယ်ယူ)လော့" ဟူသော တိုက်ရိုက် စကားမျိုးဖြင့် တူးဖော်စေအပ်သော ရေကန်၌

ဟုရင်း ဤသို့ မှားယွင်းဖောက်ပြန်သော အနက်အဓိပ္ပါယ်ကို မှတ်ယူပါသည်။

ယင်းသို့ မှတ်ယူပြီးလျှင် "ရဟန်းကိုယ်တိုင် ခံယူသား သောရွှေငွေဖြင့်ကပ္ပိယကာရကတို့အား တူးဖော်စေအပ်သော ရေကန်၌လည်း ထွက်လာသောရေသည်သာလျှင် မအပ်၊ ထိုမှတပါးသော မိုးရေ၊ စီးဝင်လာသော ရေသည်ကား အပ်၏" ဟု မှတ်ထင်ကာ ထိုနည်းဖြင့် ကိုယ်တိုင်မှုလည်း ပြုကျင့်ရပါသည်။ သူတပါးကိုမူလည်း ပြုကျင့် စေရပါသည်။ အခြားသော ရဟန်းတို့ ထိုနည်းဖြင့် တူးဖော်စေအပ်သော ရေကန်၌ရှိသော ရေကို ကိုယ်တိုင်မှုလည်း သုံးဆောင်ရပါသည်။ သူတပါးကိုမူလည်း သုံးဆောင်စေရပါသည်။

ဤသို့ မိမိသူတပါး ၂-ဦးသား၏ အကျိုးစီးပွါးမဲ့ကို ပြုကျင့်ကာ ဘုရားရှင်သာသနာတော်၌ အဆိပ်မျိုးစေ့၊ အဆိပ်အမြစ်ရင်းကို စိုက်ပျိုးသကဲ့သို့ မှားယွင်း ဖောက်ပြန်စွာ မှတ်ယူထားသော ရဟန်းအား "အပ်စပ်သော ဝတ္တုကို ပြောဆိုအပ်၏။ (ဝိ၊ ၁၊ ၃၄၆။ ဝိ၊ ၄၊ ၂။ ၂၇၁)" စသည်ဖြင့် ရဟန်းတို့၏ ကိုးကွယ်ရာကိုပြုရန် ရဟန်းတို့ဘုရင် ဘုရားရှင်၏ အလိုတော်ကိုသိသော အဋ္ဌကထာဆရာ ညွှန်ပြအပ်သည့် ဝိနည်းအဆုံးအဖြတ် စကားအစဉ်သည် ရွှေငွေလဲလှယ်မှုစသော အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ ရှေးသွားရှိသည့် ကိလေသမာရ်၏ လှည့်ပတ်ခြင်းဘေးမှ လွတ်မြောက်စေကောကောင်းစွာသန့်ရှင်းစင်ကြယ်ခြင်းငှါ ကိုးကွယ်ရာပြုရန် မစွမ်းနိုင်တော့ပါ။

## လမ်းကောက် လမ်းမှား လိုက်သွားသူ ပမာ

နောင်တော် ဖြစ်သူက သနား ကြင်နာသော စိတ်ဖြင့် အန္တရာယ်လွတ်ကင်း ရန်ဘေးရှင်းအောင် ညွှန်ပြအပ်သည့် လမ်းကောင်းလမ်းမှန်ကို မလိုက်ဘဲ အခြားသော လမ်းကောက် လမ်းမှားဖြင့် သွားမိ၍ တောအုပ်အတွင်း၌ သားရဲ သစ်ကျားတို့ ကိုက်ခဲ စားသောက်မှုကို ခံရကာ အကျိုးမဲ့ ပျက်စီးရှာသော ညီငယ်မိုက်အတွက် နောင်တော် ညွှန်ပြအပ်သည့် လမ်းကောင်း လမ်းမှန်သည် အဘယ်အကျိုးရှိပါတော့မည်နည်း၊ အဆိုပါ နောင်တော်သည်လည်း အဘယ်အရာ ပြုနိုင်ပါတော့မည်နည်း။ ပြင်းစွာ တွေဝေသော မောဟကိလေသမာရ်သည် ဘုရားရှင် တပည့် သား ရဟန်းများကိုသော်လည်း လမ်းကောက် လမ်းမှားသို့ လိုက်သွားစေနိုင်ပါဘိသည်။

ယင်း မောဟကိလေသမာရ်၏ သတ္တဝါတို့ကို လမ်းကောက် လမ်းမှားသို့ လိုက်သွားစေနိုင်ခြင်းသည် အံ့ဩဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။

တဏှာကိလေသမာရ်သည် တဏှာကင်းစင်သော ဘုရားရှင်၏ တပည့်သားတို့ကိုသော်လည်း ရွှေငွေလဲလှယ်မှုကြောင့် ဖြစ်ပေါ်လာသည့် အဆိုပါ အာမိသတ္တုအပေါ်၌ ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့ တပ်မက်စေနိုင်ပါဘိ၏။ ထို့ကြောင့် တဏှာကိလေသမာရ်၏ သတ္တဝါတို့ကို (ကာမဂုဏ်)အာမိသ၌ တပ်မက်စေနိုင်ခြင်းသည် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ မာရ် ၅-ပါး အောင်မြင်သည့် ဘုရားရှင်၏ တပည့်သား ရဟန်းများသည်သော်လည်း ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့

ရွှေငွေကို ကိုင်ခံခြင်း လဲလှယ်ခြင်းအမှုကို ဖြစ်စေတတ်သည့် တဏှာစသော ကိလေသာတို့ကို ပွါးစေလျက် အတုမရှိ မြင့်မြတ်သော အရိယာမဂ်၏ အန္တရာယ်ကိုပြုကာ မာရ်နတ် မင်း၏ အလိုသို့ အစဉ်လိုက်ပါနေကြပါဘိ၏။ ထို့ကြောင့် ဝသဝတ္တိမာရ်နတ်မင်း၏ သတ္တဝါတို့ကို မိမိအလိုသို့ လိုက်ပါစေ နိုင်ခြင်းသည် အံ့သြဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။

အတုမဲ့ ရတနာကိုပေးတတ်သော ဘုရားရှင့် တပည့်သား ရဟန်းများသည်သော်လည်း အတုမဲ့ရတနာကို ပေးတတ်သူ ဘုရားရှင် ချီးမြှင့်အပ်သော အတုမရှိသည့် စောင့်စည်းမှု အဓိသီလရတနာတို့ကို(ပင်) စွန့်လွှတ်ကာ ရွှေငွေကို ကိုင်ခံမှု လဲလှယ်မှုတို့၌ မက်မောတွယ်တာခြင်း၏အစွမ်းဖြင့် ပျော်မွေ့ နေကြပါဘိ၏။ ရွှေငွေရတနာတို့၏(လောကီ)ရတနာဖြစ်နေ ခြင်းသည် အံ့သြဖွယ်ကောင်းပါပေစွ။

ကိလေသာ၏ အာရုံကာမဂုဏ်တို့၏ အစွမ်းကြောင့် အတု မရှိ စင်ကြယ်သော ဘုရားရှင့်တပည့်သား ရဟန်းများသည် သော်လည်း ရွှေငွေကိုကိုင်ခံမှု လဲလှယ်မှုပြုကာ ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့ များစွာသော ကိလေသာ အညစ် အကြေးတို့ဖြင့် ရောထွေး ညစ်နွမ်းနေကြပါဘိ၏။ ကိလေ သာ၏အာရုံ ကာမဂုဏ်တရားတို့၏ ကိလေသာအာရုံ ဖြစ်နေ ခြင်းသည် အံ့သြဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။

အကုသိုလ်တရားတို့သည် အတုမရှိ လိမ္မာသော ဘုရား ရှင့်တပည့်သား ရဟန်းများကိုသော်လည်း မျက်မှောက် သံသရာ ၂-ဖြာသော ချမ်းသာကိုဖြစ်စေနိုင်သည့် စောင့် စည်းမှု ‘အဓိသီလ’တို့ကို စွန့်လွှတ်စေကာ မျက်မှောက်သံသရာ

၂-ဖြာသော ဆင်းရဲကို ဖြစ်စေတတ်သည့် ရွှေငွေ ကိုင်ခံမှု၊ လဲလှယ်မှုစသည်ကိုပြုလုပ်စေလျက် မလိမ်မာသည်၏အဖြစ်သို့ ရောက်စေနိုင်ပါဘိ၏။ ထို အကုသိုလ်တရားတို့၏ ဘတ္တာဝါတို့ကို မလိမ်မာသည့်အဖြစ်သို့ ရောက်စေနိုင်ခြင်းသည် အံ့ဩဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။

## တိုက်တွန်းခြင်း

ဤသို့လျှင် လျှောက်တင်ခဲ့ပြီးသော အရာဌာနမျိုး၌ ပညာမရှိသေးသူများ ပညာရှိဖြစ်ခြင်းငှါလည်း ပညာရှိပြီးသူတို့ အတိုင်းလက်အလွန် ပညာရှိဖြစ်ခြင်းငှါလည်း အထူးသဖြင့် မကောင်းမှုကို ကဲ့ရဲ့ခြင်း စသော သဘောကို ပညာရှိသူတော်ကောင်းတို့ ပြုသင့် ပြုထိုက်လှပါသည်။ ဆက်လက် လျှောက်တင်ပါဦးမည်။ ဖော်ပြပါ စကားရပ်၌ 'ပညာရှိအဖြစ်'ဟူသည် လျှောက်တင်ခဲ့ပြီး ဘေးကြီး ၅ မျိုး မရှိခြင်း ဖြစ်ပါသည်။ အလွန်ပညာရှိအဖြစ်ဟူသည် အထူးသဖြင့် ထို ဘေးကြီး ၅-မျိုးမှ အလွန်ဝေးကွာခြင်း ဖြစ်ပါသည်။ မှန်ပါသည်။ လျှောက်တင်ခဲ့ပြီး ဘေးကြီး ၅-မျိုးကို လွန်မြောက်နိုင်သည့် ပုဂ္ဂိုလ်ကိုသာ အဆိုပါ ပညာရှိဟူ၍ ဆိုရပါသည်။ ထို့ကြောင့် ပင် ဘုရားရှင်က—

"စကားများစွာ ပြောဆိုကာမျှဖြင့် ပညာရှိမဖြစ်၊
ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသောသူကို
ပညာရှိ ဟူ၍ ဆိုအပ်၏" (ဓမ္မ ခု-၁-၅၀။)—

ဟု ဟောတော်မူပါသည်။ ပညာရှိမဟုတ်သေးသောသူလည်း ပညာမဲ့သူ လူမိုက်သာလျှင် ဖြစ်ပါသည်။ မှန်ပါသည်၊

လောက၌ ပညာရှိသူတော်ကောင်း ပညာမဲ့သူမိုက် ဟူ၍ ပုဂ္ဂိုလ် ၂-မျိုး၊ ၂-စားသာ ရှိပါသည်။ ထို့ကြောင့် ဘုရားရှင်က—

“ဗာလာ စမ္မာ ပဏ္ဍိတာ ခမ္မာ”(အဘိ၊ဓ။ ၁၃။)

ဟု ဟောတော်မူပါသည်။

ထို့ကြောင့် သီရိသက်ဘ၌ သီတင်းသုံးနေတော်မူကြသည့် ၂-ဖက်သော အသင်းဝင် တော်ရကြီး လောင်ယော် အရှင်မြတ်တို့သည် အဌကထာနှင့်တကွ ပိဋကသုံးပုံကို တတ်သိ လိမ်မာသော ကျမ်းတတ်ကဝိ ပညာရှိ ဖြစ်သည်အားလျော်စွာ ပညာမဲ့သူမိုက်မျိုး မဖြစ်အောင် သတိပြုတော်မူကြပါကုန် ဘုရား။

## အမြဲအာပတ်သင့်ခြင်း

လျှောက်ထားဖွယ် ရှိပါသေးသည်။ အချို့သော ပုဂ္ဂိုလ်သည် ဝဋ္ဋသင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သည့် ဘုရားရှင့်သာသနာတော်၌ ( ဝဋ္ဋဆင်းရဲမှ ) လွတ်မြောက်ရန် အလို့ငှါ ရှင်ရဟန်းပြုလာခဲ့သော သူတော်ကောင်းဖြစ်ပါလျက် ယုတ်မာသော မိတ်ဆွေ ရှေ့ဆောင်ပုဂ္ဂိုလ်တို့က အမျိုးမျိုးသော နည်းဖြင့် ယုတ်မာသူအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးသဖြင့် ယုတ်မာသူ ဖြစ်လာပြီးလျှင် လျှောက်တင်ခဲ့ပြီးခဲ့သော သစ်သားပေးမှု၊ ဝါးပေးမှု စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါ တရားကို ဖျက်ဆီးကာ မိမိဖျက်ဆီးထားသော ဒါယကာတို့၏ လုပ်ကျွေးမှုကို ခံယူလျက် တောမြိုင်အတွင်းနေ သစ်ကျား

သားရဲတို့ကဲ့သို့ မှားယွင်းဖောက်ပြန်သော အသက်မွေးမှုဖြင့် အသက်မွေးနေရပါသည်။ ယင်းသို့ အသက် မွေးနေသော ပုဂ္ဂိုလ်၏ ဆွမ်း သင်္ကန်း ကျောင်း ဆေးဝါး ၄-ပါး တို့သည် ဝိနည်း ဓမ္မတော်နှင့် မညီလျော်ကြပါ။ နေ့စဉ် နေ့တိုင်း မှီဝဲသုံးဆောင်သော ရဟန်းအသား သင်္ကန်းကို ကိုယ်မှ ခွါ၍ ဝတ်တိုင်း ဝတ်တိုင်း၊ ဆွမ်း၌ အလုပ်တိုင်း အလုပ်တိုင်း၊ ကျောင်း၌ တက်တိုင်း ဆင်းတိုင်း သွား-ရပ်-ထိုင်-လျောင်း တိုင်း မပြတ်မလပ် အထပ်ထပ် အာပတ်သင့်ရောက်နေပါသည်။

## လဇ္ဇီဖြစ်မှု အတိုင်းအရှည်

ယင်းသို့ အထပ်ထပ် အာပတ်သင့်နေသော အလဇ္ဇီပုဂ္ဂိုလ်သည် ထိုအာပတ်တို့ကိုနောင်အခါစောင့်စည်းလိုသောစိတ်ဖြင့် တခါတရံမျှ မသုတ်သင် မကုစားပဲနေပါသည်။ ဤသို့သော အလဇ္ဇီပုဂ္ဂိုလ်မျိုးသည် နေ့စဉ်နေ့တိုင်း သင့်ရောက်နေသော အာပတ်ဘို့ကို ဒေသနာ မပြကြားသော်လည်း-

"တဖန် ဤသို့ မပြုအံ့တော့ ဟု စိတ်ဖြစ်သည် ရှိသော် လဇ္ဇီ ပုဂ္ဂိုလ်မည်၏"(ဝိမတိ၊၁၊၃၄၂-စသည်)-

ဟူသောဝိနည်းဋီကာစကားနှင့်အညီ "တဖန် ဤသို့မပြုတော့အံ့"ဟု နောင်အခါစောင့်စည်းလိုမှုမဖြစ်သမျှ ကာလပတ်လုံး အလဇ္ဇီ အဖြစ်မှ မလွတ်မြောက်နိုင်သည်သာ ဖြစ်ပါသည်။

နောင်အခါ စောင့်စည်း လိုသောစိတ်ဖြင့် ဒေသနာ ပြောကြားရာ၌လည်း မအပ်သောကျောင်း၌နေလျက် မအပ် သော သင်္ကန်းကို ဝတ်ရုံခြင်းကြောင့် သင့်ရောက်သော

အာပတ်ကို ထိုကျောင်း၌နေ၍ ထိုသင်္ကန်းကိုသာ ဝတ်ရုံကာ ဒေသနာ ပြောကြားသောရဟန်းအား ရှေးက သင့်ရောက်သော အာပတ်စင်ကြယ်သည်မူလည်းဖြစ်စေ မစင်ကြယ်သည်မူလည်းဖြစ်စေ ထိုခဏမှာပင် ထိုနေရာမှထကာ တဖက်သော ခြေလှမ်းကို ချသည်မှစ၍ (ထို) ကျောင်းကို အမိုပြု၍ သင့်သော အာပတ်များ ရေအယဉ်ကဲ့သို့ လှမ်းမိုး ဖိစီးလာကြပါသည်။ မအပ်သောသင်္ကန်းကို ကိုယ်မှ ခွါ၍ ပြုပြင်ဝတ်ရုံရာ၌လည်း ထိုနည်းတူစွာပင် ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း လှမ်းမိုး ဖိစီးကြပါသည်။

ထို့ကြောင့် အဆိုပါ အလဇ္ဇီပုဂ္ဂိုလ်သည် နောင်အခါ စောင့်စည်းလိုသောစိတ်ဖြင့် ဒေသနာပြောကြားသော်လည်း တနေ့ မှာတွင်း၌ တနာရီကြာ အချိန်မျှ နာမကာယ၏ စင်ကြယ်မှု (ကိလေသာ) အနာကင်းမှုကို မရရှိနိုင်တော့ပါ။ ဝမ်းသွေးသွန်မှုရောဂါ နှိပ်စက်သဖြင့် မပြတ်ဝမ်းသွေးသွန်နေသော ယောကျ်ားသည် ရေဆေးခြင်းအမှုပြုသော်လည်း ခန္ဓာကိုယ်ရူပကာယ၏ စင်ကြယ်မှု အနာကင်းမှုကို မရနိုင်သကဲ့သို့ ဖြစ်ပါသည်။

## မိမိကိုယ်ကို မိမိ စိစစ်ဆုံးမခြင်း

ဤသို့ အာပတ် အထပ်ထပ်သင့်နေသော အလဇ္ဇီပုဂ္ဂိုလ်ကို နာမကာယ မကျန်းမာပါပဲလျက် 'စင်ကြယ်သော ပုဂ္ဂိုလ်'ဟု ခေါ်ရပါမူ အို သူတော်ကောင်း ကြံပါ၊ဆိုမ်းပါ၊ ဖော်ပြခဲ့ပြီး အတိုင်း၊ဝမ်းသွေးသွန်သောရောဂါရှိ၍ မပြတ် ဝမ်းသွေးသွန်နေသောပုဂ္ဂိုလ်သည် ရေဆေးသော်လည်း အဘယ်သို့သဘော

ရှိမည်နည်း၊ အမြဲတမ်း ရှုပကာယ စင်ကြယ်သူဖြစ်မည်လော၊ မစင်ကြယ်သူ ဖြစ်မည်လော။

ဆရာသခင် ဘုရားရှင်၌သော်မှ "ဆရာဘုရား"ဟု အမှတ်မထားပဲ ဆရာဘုရား ပညတ်ထားသော သိက္ခာပုဒ်တော်များကို ချိုးဖျက်ကာ မှားယွင်းဖောက်ပြန်စွာ အသက်မွေးမှုဖြင့် မိမိကိုယ်ကို မွေးမြူနေသော ပုဂ္ဂိုလ်ကို 'ရှုးသွပ်သူမဟုတ်' ဟု ဆိုရပါမူ အို သူတော်ကောင်း ကြွပါ၊ ဆိုစမ်းပါ၊ ဤလောက၌ စားကောင်း သောက်ဖွယ်ကို မစားသောက်ပဲ ဘီလူးဖမ်းစားခံရ၍ မစင်ကိုစားနေသည့် ဆေးကုမရနိုင်သော သူရူးသည် အဘယ်သို့ သဘောရှိပါမည်နည်း။

အို သူတော်ကောင်း စင်စစ်သော်ကား ဤလောက၌ ဝက်သား အစရှိသည့် ချိုမြိန်ကောင်းမြတ်သော အဖိုးထိုက် အဖိုးတန် စားကောင်းသောက်ဖွယ် အမျိုးမျိုးကိုသာ စွမ်းအားရှိသမျှ ရှာမှီး စီရင်ကာ စားသောက် နေကြသူတို့ အလယ်၌နေ၍ (အများ၏) ချစ်ခင်မှုကို ခံရသောသူ တယောက်သည် မိမိအစွမ်းအားလျော်စွာ ဖြစ်ပေါ်လာသော အဖိုးတန် စားကောင်းသောက်ဖွယ်ကို စွန့်ပယ်ပြီး ရှာနှောက်ဖေးရှိ မစင်ကိုသာ ရှာမှီးလျက် အခြားလူတို့အား မရှက်ကြောက်မှု၍ မရှုံမရွာ ငမ်းမြောက်ငမ်းသာ စားသောက်နေပါလျှင် ထိုသူသည် အဘယ်သို့ သဘောရှိသူ ဖြစ်ပါမည်နည်း။ သူရူးပင်ဖြစ်မည်လော၊ လူကောင်းပင် ဖြစ်ပါမည်လော။

ထိုသို့သောသူကို "သူရူး"ဟု ဆိုသင့်ပါမူ အို သူတော်ကောင်း ကြွပါ၊ ဆိုစမ်းပါ၊ ယခုအခါ အထူးသဖြင့် အတုမဲ့

အမြိုက်သုခကို ပေးရာ ဘုရားရှင့် သာသနာတော်၌ အဆို ပါ အမြိုက်သုခကို ပေးတော်မူတတ်သည့် ဘုရားရှင့် ကိုယ် တော်မြတ် ချီးမြှင့်ပေးသနားအပ်သည့်အဓိသီလ စောင့်စည်း ခြင်း၊ ဓုတင်ကျင့်ခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ (ကိလေသာ) ခေါင်းပါးခြင်း၊ အလိုနည်းခြင်း၊ သမထဝိပဿနာ ဘာဝနာ ပွါးများခြင်းစသောရဟန်းတရား၊ အမြိုက်သုခစားသောက် ဖွယ်များကို စားသောက် သုံးဆောင်နေကြသူ ဘုရားရှင့် တပည့်သား ရဟန်းများ အလယ်တွင်နေရပါလျက် ထိုသို့ သော ရဟန်းတရား အမြိုက်သုခများကို စွန့်ပယ်ကာ မစင် ဘင်ပုပ်မှာ စက်ဆုပ်ရွံရှာဖွယ် စက်ဆုပ်ရွံရှာဖွယ် ဘုရားရှင် စွန့်ပယ်စေအပ် သော ရွှေ ငွေကို ကိုင်၍ဖြစ်စေ မအပ်သော အသုံးအနှုန်း ဖြင့် ဝီရင်၍ဖြစ်စေ၊ အမျိုးမျိုးသော မအပ်မရာ ပစ္စည်းရှာမှု ဖြင့် ရှာမှီး၍ဖြစ်စေ ဖြစ်ပေါ်လာသော တရားသဖြင့် ရအပ် သော ပစ္စည်းမဟုတ်၍ မစင်ဘင်ပုပ်နှင့်တူသော အကျိုးမဲ့ကို ပြုတတ်သောကြောင့် မစင်ဘင်ပုပ်ထက် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော ပစ္စည်း ၄-ပါးကို သုံးဆောင်မှီဝဲနေသော အသင်သည် အဘယ်သို့သောပုဂ္ဂိုလ်မျိုး ဖြစ်ပါမည်နည်း။

ရွှေ ငွေကို ကိုင်ခြင်း လဲလှယ်ခြင်း မအပ်မရာ တောင်းခံ ခြင်း အရိပ်နိမိတ်ပြုခြင်း ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီး ခြင်း မလျော်သော (ပစ္စည်း) ရှာမှီးခြင်းဖြင့် မုဆိုး စသည်တို့ ကဲ့သို့ မှားယွင်းဖောက်ပြန်သော အသက်မွေးမှုဖြင့် အမြဲတမ်း အသက်မွေးနေပါလျက် တနေ့တရက် တနာရီမျှ စင်ကြယ် ခြင်းကို မရပဲ အမြဲညစ်နွမ်းနေသဖြင့် အထူးယုတ်မာသူအဖြစ် သို့ ရောက်နေပါလျက်-မစွန့်လွှတ်အပ်သော အလဇ္ဇီအမှုနှင့်

တကွ သေခင်းခံတွင်းသို့ ကေန်ဝင်ရမည်ဖြစ်ပါလျက် သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို "နတ်ရွာမဂ်ဖိုလ်ကို ရနိုင်၏" ဟု ဆိုသင့်ပါမူ-အို သူတော်ကောင်း ကြွပါ ဆိုလှည့်ပါ။

ကဿပဘုရားရှင်သာသနာ ဆုတ်ယုတ်ချိန်အခါက ငယ်ကုန်၊ အလွန်ငယ်ကုန်သော (ခုဒ္ဒါနုခုဒ္ဒက) သိက္ခာပုဒ်တို့ကိုသာ ကျူးလွန်ကြသည့် ယုတ်မာသော ရဟန်း ရဟန်းမစသည်တို့သည် ထိုဘဝမှ စုတေ၍ ငရဲစသည်၌ အနှစ်သိန်းပေါင်းများစွာ ကျက်ကြရပါမည်။ ထိုငရဲစသည်မှ စုတေ၍ ဂိဇ္ဈကုဋ်တောင်၌ ဖောက်ပြန်ပျက်စီးနေသော အတ္တဘောဖြင့် ပြိတ္တာများဖြစ်လာပြီး ဝင်းဝင်းပြောင်ပြောင် တောက်လောင်နေသော သံသပိတ်၊ သံသင်္ကန်းတို့ကို ဝတ်ရုံလျက် အလွန်ဆင်းရဲ ပင်ပန်းကြသဖြင့် ငိုကြွေးမြည်တမ်းကာ ထိုကြီးစွာသော ဆင်းရဲဒုက္ခမှ ယနေ့တိုင် မလွတ်နိုင်ကြပဲ အကျိုးမဲ့ ပျက်စီးနေကြပါသည်။ ယင်း ပျက်စီးခြင်းကား အဘယ်အကြောင်းကြောင့်ပါနည်း။

အချို့သောပုဂ္ဂိုလ်သည်ကား ကိုးကွယ်ရာမရှိသူတို့၏ ကိုးကွယ်ရာသခင် ဘုရားရှင်၌သော်လည်း "ကိုးကွယ်ရာ" ဟု အမှတ်မပြုပဲ မိမိ၏ ကိုကွယ်ရာအလိုငှါ ဘုရားရှင် ပညတ်တော်မူအပ်သော ကိုးကွယ်ရာ သိက္ခာပုဒ်တော်တို့ကို ချိုးဖောက်လွန်ကျူးကာ ထိုသိက္ခာပုဒ်တို့ကို အမြဲပြု၍ အကျိုးမဲ့ကိုပြုတတ်သည့် သိက္ခာပုဒ်လွန်ကျူးမှု အကုသိုလ်တို့ကိုသာ ရရှိနေပါသည်။ ဤမှတပါးသော ကုသိုလ်ကောင်းမှုတို့ကိုမူ မရရှိပါ။ အခါခပ်သိမ်း အာဗွီဒုဿီလဖြစ်၍ ညစ်နွမ်းသူ အဖြစ်သို့ရောက်ကာ အပါယ်တံခါး ကောင်းစွာ ဖွင့်ထားပြီးလျှင်

နတ်ရွာ မဂ် ဖိုလ်တံခါးကိုကား ပိတ်ထားပါသည်။ ဘုရားရှင်သည်၎င်း၊ ဘုရားရှင့် အလိုတော်ကိုသိသော တပည့်သာဝက များသည်၎င်း ပေးထားအပ်သော ရွှေ ငွေ ကိုင်ခံမှု၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးမှု စသည့်ကြောင့်ဖြစ်သည့် (နာမကာယ) အနာရောဂါ ငြိမ်းအေးမှုကို ဖြစ်စေတတ်သော ကုစားမှုနည်းလမ်းဖြင့် မကုစားလိုသည့် ထိုပုဂ္ဂိုလ်မျိုးကို "သူရူးမဟုတ်" ဟု ဆိုသင့်ပါမူ-အို သူတော်ကောင်း ကြွပါ၊ ဆိုလှည့်ပါ။

ဖခင်ဆေးဆရာကြီး၌သော်မှ (ရံဖန်ရံခါ) "ဖခင်" ဟု၎င်း "ဆေးဆရာကြီး" ဟု၎င်း အသိအမှတ်မပြုဘဲ ထိုဖခင်ဆေးဆရာကြီး အဖန်ဖန် တားမြစ်ထားသော အဆိပ်သီးတို့ကို စားသုံးပြီးလျှင် အူသိမ်၊ အူမ-ပြတ်တောက်၍ နှလုံးသားကွဲပေါက်ကာ သေခြင်းသို့ ရှေးရှုရောက်နေပါလျက် သနားကြင်နာသော စိတ်ဖြင့် ဖခင်ဆေးဆရာကြီး ပေးအပ်သော ဆေးစွမ်းကောင်းကို မသောက်သုံးသော သည်းခြေရူးသားသည် အဘယ်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါမည်နည်း။

ဤသို့လျှင် သျှောက်တင်ခဲ့ပြီးသော အရာတို့၌ မိမိကိုယ်ကို မိမိ စိစစ်ဆုံးမပြီးလျှင် ကောင်းစွာ နှလုံးသွင်းကာ ထိတ်လန့်မှု "သံဝေဂ" ကို ရယူသင့်ကြပါသည်။ ယင်းသို့ ရယူပြီးလျှင် ရွှေ ငွေကို ကိုင်ခံခြင်း၊ လဲလှယ်ခြင်း မပြုသင့်သောတောင်းခြင်း၊ ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊ မလျော်သော (ပစ္စည်းလေးပါး) ရှာမှီးခြင်း၊ မှားယွင်းဖောက်ပြန်သော အသက်မွေးခြင်းဟူသော အနာဆိုးကြီးတို့မှ ကောင်းစွာ

ထမြောက် ကင်းပျောက်စေရန် လျင်မြန်စွာ ကုစားသင့်ကြပါသည်။

## ကုစားပုံ နည်းလမ်း

ကုစားပုံနည်းလမ်းကို ဆက်လက် လျှောက်ထားပါမည်၊ သံသရာဘေးကို ကြောက်၍ ကုစားလိုသော ရဟန်းသည် အဋ္ဌကထာ၌လာသော နည်းဖြင့်သာ ကုစားသင့်ပါသည်။ ပါရာဇိကကဏ် အဋ္ဌကထာ၌—

"ဤ ရွှေ ငွေမှဖြစ်သော ပစ္စည်းသည် ရွှေ ငွေ ကိုင်ခံသော ရဟန်းအား မအပ်သကဲ့သို့ ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးမှု အံ့ဖွယ်သရဲကို ဖြစ်စေမှုစသည်တို့ကြောင့် ဖြစ်သော ပစ္စည်းတို့သည်လည်း ထိုအမှုပြုသော ရဟန်းအားငင်း၊ အခြားရဟန်းအားငင်း မအပ်ကုန်၊ မိမိ၌ မထင်ရှားမရှိသောဈာန် မဂ်ဖိုလ်ကို ဝါကြွား ပြောဆိုခြင်း၊ ရွှေ ငွေ လဲလှယ်ခြင်းတို့ကြောင့် ဖြစ်သော ပစ္စည်းနှင့် အလားတူကုန်၏" (ဝိ၊ ၄၊ ၂။ ၂၇၂။) ဟူ၍ငင်း—

"ငြိမ်းစေအပ်ပြီးသော ပဗ္ဗာဇနီယကံရှိသော ရဟန်းသည်လည်း သဒ္ဓါတရားကို ဖျက်ဆီးခြင်း အမှုအပြုခံရသော ဒါယကာတို့ထံမှ ပစ္စည်း ၄-ပါးကို မခံယူအပ်၊ ရဟန္တာအဖြစ်သို့ ရောက်သော်လည်း မခံယူအပ်၊ ခံယူလျှင် ထိုပစ္စည်းမအပ်သည်သာဖြစ်၏။ "အဘယ့်ကြောင့် မခံယူပါသနည်း" ဟုမေး၍ "ရှေးက ဤသို့ ငါပြုဖူးသောကြောင့်" ဟု ဖြေဆိုရာ "ထို

အကြောင်းကြောင့် လှူသည်မဟုတ်ပါ၊ ယခု သီလနှင့် ပြည့်စုံသောကြောင့် လှူပါသည်”ဟု ဆိုလျှင် အပ်၏။ (ဝိ၊ ၂။ ၂၁၁။)ဟူ၍ရှင်း—

မိန့်ဆိုပါသည်။

ဤ၌ “ရွှေငွေမှုဖြစ်သော ပစ္စည်းသည်” စသော စကားဖြင့် ရွှေငွေကို ကိုင်ခံခြင်း၊ လဲလှယ်ခြင်း မပြုအပ်သော တောင်းခံခြင်း၊ ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊ မလျော်သော ရှာမှီးခြင်း အမှုတို့ကြောင့်ဖြစ်သော ပစ္စည်းတို့၏ မအပ်သည့်အဖြစ်ကို ဆိုသော အဋ္ဌကထာ ဆရာသည် ဖော်ပြပါနည်းဖြင့် ရအပ်သော ပစ္စည်းဟောင်း၌ ငဲ့ကွက်မှု မရှိပဲ မစင်ကဲ့သို့ မှတ်ယူ၍ စွန့်လွှတ်ပြီးလျှင် မိမိ၏ မှားယွင်းသော အသက်မွေးမှု သန့်ရှင်းစင်ကြယ်အောင် ပြုသင့်၏ဟု ပစ္စည်းဟောင်းကြောင့် မညစ်နွမ်းစေရန် ကုစားနည်းကို ပြပါသည်။ ထို့နောက်တဖန် “အဘယ့် ကြောင့် ခံယူပါသနည်း” စသော စကားဖြင့် အသစ်ရအပ်သော ပစ္စည်းတို့ကြောင့် မညစ်နွမ်းအောင် ကုစားနည်းကို ပြပါသည်။

ထို့ကြောင့် သံဃာတော်များကို ကြောက်၍ သိက္ခာသုံးပါး လိုလားသော အရှင်မြတ်တို့သည် ပုထုဇဉ်တို့၏ စိတ်လျင်မြန်ပုံ သဘောအားဖြင့် စေ့ငြိပါ မှားယွင်းဖောက်ပြန်သော အသက်မွေးမှု၌ မိမိသည်ပါ၊ မိမိ ကုက္ကုစ္စ ဝိသယ မကင်းကြပါလျှင် တရားနှင့် မလျော်သည့်အဖြစ်၌ ယုံမှားဖွယ်ရှိသော အသုံးအဆောင် ပစ္စည်းဟူသမျှကို မငဲ့မကွက် စွန့်ပစ်သင့်ကြပါသည်။ ယင်းသို့စွန့်ပစ်၍ တဖန်ပြန်လည် ရရှိသော်လည်း—

"ရဟန်းကိုယ်တိုင် ရွှေငွေကို အလှူခံ၍ ယင်း ရွှေငွေဖြင့် သံကိုဝယ်ပြီး ပြုလုပ်သော သပိတ်သည် ခိုးသူစသည်တို့ လုယက်ပြီး တဖန်ပြန်၍ ရအပ်သော် လည်း (ထိုသပိတ်ဟု)သိသော တစုံတယောက်သော ရဟန်းအားလည်း မအပ်" (ဝိမတိ၊ ၁။ ၃၄၅။)—

ဟူသော ဝိမတိ ဝိနောဒနီဋီကာ စကားကို ထောက်ထား၍ "ဤ ပစ္စည်းတို့ကား ရှေးက ငါစွန့်အပ်ပြီးသော အသုံး အဆောင်များ ဖြစ်၏"ဟု သိအပ်သော အသုံးအဆောင်တို့ကို မစင်ကဲ့သို့ အဝေးမှ ရှောင်ကြဉ်ကာ ထိုအသုံးအဆောင်တို့မှ တဖန် ပြန်၍ ရအပ်သော ပစ္စည်းအသုံးအဆောင် အသစ်တို့ ကြောင့် မညစ်နွမ်းစေရန် အဌကထာ၌ ညွှန်ပြအပ်သော နည်းဖြင့် သုတ်သင် ကုစားသင့်ပါသည်။

ကုစားပုံမှာ—သဒ္ဓါတရား ဖျက်ဆီးမှု မလျော်သော ရွာ မှီးမှု ပြုဖူးသော ဒါယကာတို့၏ ပစ္စည်းလေးပါးတို့ကို မခံ ယူပဲ ထိုဒါယကာတို့က "အဘယ့်ကြောင့် မခံယူပါသနည်း" ဟု မေးမြန်းသောအခါ "ရှေးက သင်တို့အပေါ် ဤသို့ ငါ ပြုဖူးသောကြောင့်"ဟု မိမိပြုဖူးသော အမှုကို ထင်ရှားပြရ ပါမည်။ ထိုအခါ "ရှေးကပြုဖူးသော အကြောင်းကြောင့် တပည့်တော်တို့ လှူဒါန်းသည် မဟုတ်ပါ၊ ယခု သီလနှင့် ပြည့်စုံသောကြောင့်သာ လှူပါသည်"ဟုရင်း "တပည့်တော် တို့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ လှူပါသည်"ဟုရင်း၊ လျှောက်ထားသော ဒါယကာတို့၏ ပစ္စည်းကိုသာ ခံယူသုံးစွဲ ပြီးလျှင် မိမိ၏ မှားယွင်း ဖောက်ပြန်သော အသက်မွေးမှု

စင်ကြယ်စေရန် အလူ ကောင်းမွန်စွာ သုတ်သင် ကုစားသင့် ပါသည်။

## တိုက်တွန်းခြင်း

ဤသို့ လျှောက်တင်ခဲ့ပြီးသော နည်းကို ကောင်းစွာ မှတ်သား စဉ်းစားဆင်ခြင်၍ –

> "မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်သည်။ သူ တပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာ ဖြစ်အံ့ နည်း" (ဓမ္မ-ခု-၁၃၇)

ဟူသော ဘုရားရှင်စကားတော်ကို အဖန်ဖန် အောက်မေ့ပြီး လျှင် ဗုဒ္ဓဘာသာဝင် အားလုံး၏ အကြီးအမှူး ဦးစီးပဓာန ဖြစ်သော သံဃာတော်(သာသနာပိုင်)နှင့် ဗုဒ္ဓဘာသာဝင် ရေ မြေရှင် ဘုရင်မင်းမြတ်တို့နှင့် ကင်းကွာနေသော ဤသိရီ လင်္ကာ၌ နှိပ်ကွပ်ဆုံးမလေ့ ရှိသော အခြားပညာရှိပုဂ္ဂိုလ်တို့၏ အဆုံးအမကို မရကြသော်လည်း မိမိကိုယ်ကို မိမိ တိုက်တွန်း နှိုးဆော်လျက် မိမိအပြစ်ကို မိမိကိုယ်တိုင် ရှာသင့်ကြပါသည်။ အပြစ်ရှာ၍ ကောင်းစွာ တွေ့မြင်သောအခါ လျှောက်တင် ခဲ့ပြီးသောနည်းဖြင့် ကုစားသုတ်သင်၍ အခါခပ်သိမ်း သန့် ရှင်း စင်ကြယ်အောင် သတိပြုသင့်ကြပါသည်။

ခရီးရှည် သွားသော ယောကျ်ားတယောက်သည် သတိ မေ့လျော့ခြင်းကြောင့် အဆောတလျင်လမ်းမှချော်လဲ၍ မစင် ညွန်တွင်းသို့ လဲကျနစ်မြုပ်သွားရာ ထိုမစင်တွင်းမှ ထွက် မြောက်ရန် မိမိအားကိုးစရာ အခြားလူသားတို့ကို မတွေ့မြင် ရကား ထိုမစင်ညွန်တွင်းမှ ထွက်မြောက်ရန် မိမိကိုယ်တိုင်

တအားကုန် ကြိုးပမ်း၍ ဘေးကင်းရာသို့ ဆိုက်ရောက်ကာ မိမိသည်သာ မိမိ၏ကိုးစားရာကို ပြုပါသည်။ သိရိလက်ာဒွဲ သိတင်းသုံးနေကြသော ထေရ်ကြီး ထေရ်ငယ် ရဟန်းလတ် ရဟန်းငယ် အရှင်မြတ်တို့ဘုရား၊ ဤဥပမာအတူပင် လျောက်ဘင်ခဲ့ပြီးသောနည်းဖြင့် မိမိကိုယ်ဘိုင် ကုစား၍ အခါခပ်သိမ်း ခင်ကြယ်အောင် သတိပြုကာ မိမိသည်သာ မိမိ၏ကိုးစားရာ ပြုတော်မူကြပါကုန် အရှင်မြတ်တို့ဘုရား။

## အစိပ္ပါယ်မှားကို မှတ်ယူကျင့်သုံးခြင်း

"စောင့်စည်းမှု၌ မတည်ခြင်းကိုသာ ကံပြုခြင်း၏ အကြောင်းအဖြစ်ဖြင့် ဆိုအပ်၏၊ မှန်၏၊ မယဉ်ကျေးသောသူကို (ယဉ်ကျေးအောင်) ဆုံးမရန် တဇ္ဇနီယစသော ကံတို့ကို ခွင့်ပြုတော်မူ၏။"

ဟူသော ဝိမတိဝိနောဒနီဋီကာ(ဒု၊နှာ-၂၁၃) စကားကိုရင်း –

"သာရိပုတ္တာ၊ မောဂ္ဂလ္လာန်တို့ သွားချေကြ၊ (ကိဋ္ဌာဂီရိနေ) ထိုရဟန်းတို့တွင် သင်တို့စကားကို မလိုက်နာသော ရဟန်းတို့အား နှင်ထုတ်မှု 'ပဗ္ဗာဇနီယကံ' ပြုချေကြ၊ လိုက်နာသော ရဟန်းတို့ကိုကား ဆုံးမချေကြ၊ ....သာရိပုတ္တာ၊ မောဂ္ဂလ္လာန်တို့သည် (ထို ကိဋ္ဌာဂီရိ) အရပ်သို့သွား၍ ဆုံးမသွန်သင်ကြပြီ၊ အချို့ရဟန်းတို့ အဆုံးအမကို ခံယူကျင့်သုံး၍ အချို့ရဟန်းတို့ လူထွက်ကြပြီ၊ အချို့ရဟန်းတို့ကား ပဗ္ဗာဇနီယကံ အပြုခံကြရပြီ"–

ဟု လာသော ဓမ္မပဒအဋ္ဌကထာ (ပ၊ နှာ-၃၄၉) စကားကို ရင်း ထောက်သား၍ "ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းများ နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် ကောင်းစွာ ကျင့်ကြ၍ လဇ္ဇီသူမှန်တို့၏ တရားကိုရကာ ပဗ္ဗာဇနီယကံ အပြုမခံရသော်လည်း အဋ္ဌကထာ၌ ညွှန်ပြအပ်သော မိစ္ဆာဇီဝ ကုစားနည်းဖြင့် ကုစားကြပါလျှင် ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးမှု 'ကုလဒူသန' များယှင်းသော အသက်မွေးမှု 'မိစ္ဆာဇီဝ' မှ လွတ်မြောက်နိုင်သည်ဟူသော အနက်အဓိပ္ပါယ်မှန်ကို သိသင့်ပါသည်။

သို့ပါလျက် အချို့သော ပုဂ္ဂိုလ်တို့သည် ဖော်ပြပါအနက်အဓိပ္ပါယ်ကို မသိမူ၍ "ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသောရဟန်းများ နောင်အခါ စောင့်စည်းလိုသော စိတ်ဖြင့် ကောင်းစွာကျင့်ကြ၍ လဇ္ဇီသူမှန်တို့၏ တရားကိုရသော်လည်း ပဗ္ဗာဇနီယကံ အပြုခံရမှသာ ပြဆိုအပ်ပြီးသော ကုစားနည်းဖြင့် ကုစားလျှင် ကုလဒူသန၊ မိစ္ဆာဇီဝ မကောင်းမှုမှ လွတ်မြောက်နိုင်သည်။ ပဗ္ဗာဇနီယကံ အပြုမခံရသော ရဟန်းတို့သည် ပြဆိုအပ်ပြီးသော ကုစားနည်းဖြင့် ကုစားကြသော်လည်း ကုလဒူသန မိစ္ဆာဇီဝ မကောင်းမှုမှ မလွတ်မြောက်စေနိုင်"ဟု (လွဲမှားစွာ) မှတ်ထင်နေပါသည်။

ထိုသို့ မှတ်ထင်ပြီးလျှင် မိမိအား ပဗ္ဗာဇနီယကံ ပြုစေခြင်းငှါ သံဃာတော်ကို မိမိကိုယ်တိုင် တောင်းပန်ရန် ဝန်လေးသောကြောင့်ရင်း ရှက်သောကြောင့်ရင်း ပဗ္ဗာဇနီယကံ ပြုမည့်သံဃာတော်ကို မတောင်းပန်ပဲ အဋ္ဌကထာ၌ ညွှန်ပြအပ်သော ကုစားနည်းဖြင့်လည်း မကုစားမူ၍ မိမိအပေါ်

မိစ္ဆာဒိဋ္ဌိ အမှုဖြင့် ကုက္ကုစ္စသံသယ မကင်းသော်လည်း ကိုးကွယ်ရာသခင် ဘုရားရှင် သာသနာတော်၌ မိမိအတွက် ကိုးကွယ်ရာ မရှာတော့ပဲ အဆိုပါ မိစ္ဆာဒိဋ္ဌိ မကောင်းမှုဖြင့် ရှုပ်ထွေးရောပွမ်း အပါယ်လမ်းသို့ ရွေ့ရှုကာ ဟူးဟူးဗြောဗြော နေထိုင်ပါတော့မည်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးအားလည်း အဌကထာ၌ "အဘယ့် ကြောင့် မခံယူပါသနည်း" စသည်ဖြင့် မိန့်ဆိုအပ်သော မိစ္ဆာ ဒိဋ္ဌိ ကုစားနည်းကို ဖော်ပြသည့် ဝိနည်းတရား အဆုံးအဖြတ် စကားအစဉ်သည် ဘေးကြီး ၅-မျိုးမှ လွတ်မြောက်စေရန် မစွမ်းနိုင်တော့ပါ။

## အသောက်ခက်သည့် ဆေးပမာ

နောင်တော်ဖြစ်သည့် ဆေးဆရာကြီးက သနားကြင်နာ သောစိတ်ဖြင့် ပြောဆိုညွှန်ပြအပ်သော အသောက်လွယ်သည့် ဆေးကိုပင် "အသောက်ခက်သောဆေး"ဟု မှတ်ထင်ကာ ကောင်းစွာ မသောက်သောကြောင့် ထိုရောဂါဖြင့် သေဆုံး တော့မည့် (ညီငယ်) သူနာမိုက်အား ထိုဆေးသည် အဘယ် အကျိုးရှိပါမည်နည်း၊ နောင်တော် ဆေးဆရာကြီးသည်လည်း အဘယ်အရာ တတ်နိုင်ပါတော့မည်နည်း။

အဝိဇ္ဇာ ကိလေသမာရ်၏ သတ္တဝါတို့ကို လမ်းကောက် လမ်းမှားသို့ လိုက်သွားစေနိုင်ခြင်းသည် အံ့ဩဖွယ် ကြောက် မက်ဖွယ် ကောင်းပါပေစွ။ မှန်ပါသည်၊ ထို အဝိဇ္ဇာ ကိလေသ မာရ်၏ အာနုဘော်ကြောင့် မိန်းမောတွေဝေကာ ဖော်ပြပါ အလဇ္ဇီပုဂ္ဂိုလ်သည် အဌကထာ၌ ညွှန်ပြအပ်သော မိစ္ဆာဒိဋ္ဌိ

ကုစားနည်းခေါ် အလွန်ဖြောင့်မှန်သော ဝိနည်း အကျင့် လမ်းစဉ်သို့ ကောင်းစွာ လိုက်ခြင်းငှါ မစွမ်းနိုင်ခြင်း ဖြစ်ပါသည်။

## တိုက်တွန်းခြင်း

လျှောက်ဟင်ခဲ့ပြီးသော အနာမျိုး၌ မကောင်းမှု၏ အပြစ်ကိုသာ အဖန်ဖန် အောက်မေ့၍ မကောင်းမှုကိုသာ ကဲ့ရဲ့ပြီးလျှင် ထိုမကောင်းမှု၏ အနှိပ်စက်ဒဏ် ခံရသော ပုဂ္ဂိုလ်တို့ကို တခါတရံမျှ မကဲ့ရဲ့ကြပဲ မေတ္တာ ကရုဏာကိုသာ ပွါးများကာ "ဤပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်အောင် ငါတို့ နေထိုင်ကြမည်"ဟု သတိပြုသင့်ကြပါသည်။ သိရိလင်္ကာ၌ သီဟင်းသုံးဝေ့မှုကြသော အရှင်ကောင်း အရှင်မြတ်တို့ ဘုရား၊ အရှင်မြတ်တို့သည် ယင်းသို့ သတိပြုကြပြီးလျှင် မိစ္ဆာဇီဝ အညစ်အကြေးဖြင့် မညစ်ထေး မလိမ်းကပ်စေပဲ အလွန် သန့်ရှင်းစင်ကြယ်စေရန် အထူးသဖြင့် လုံ့လပြုတော်မူကြ ပါကုန်ဘုရား။

## ဆေးလိပ်သောက်မှုသိက္ခာပုဒ်ကို မရှိသေးခြင်း

မဟာဝါခန္ဓက၌ လာသော အခိုးသောက်ရှုမှု (ဆေးလိပ်သောက်မှု) နှင့် စပ်သော သိက္ခာပုဒ်သည်လည်း ဘုရားရှင်ကမိမိတပည့်သား ရဟန်းများအား မကြည်ညိုသေးသော လူပုဂ္ဂိုလ်တို့ ကြည်ညိုစေရန်နှင့် ကြည်ညိုပြီး အချို့ပုဂ္ဂိုလ်တို့ အကြည်ညိုမပျက်စေရန် ကိုးကွယ်ရာပြုခြင်းငှါ ပညတ်ထားသောသိက္ခာပုဒ်ဖြစ်ပါသည်။သို့ပါသော်လည်းသဒ္ဓါတရားဖြင့် ရဟန်းပြုလာသူလည်းမဟုတ်၊ ဆရာသမားတို့၏ နည်းနာနိဿ

ယ ကိုလည်း၊ မရရှိသော အချို့ ပုဂ္ဂိုလ်တို့အတွက် မကြည်ညို သေးသူတို့ မကြည်ညိုစေရန်နှင့် ကြည်ညိုပြီးသူ အချို့တို့ အကြည်ညို ပျက်စေရန် ပညတ်ထားသကဲ့သို့ ထင်ရပါသည်။

ထင်ရှားအောင် လျှောက်ထားပါမည်။ ဤ အခိုးသောက် ရှူမှု 'ဓူမပါန' သိက္ခာပုဒ်သည်—

"ရဟန်းတို့ နှာဖျားသော ရဟန်းအား(ဆေးလိပ် အခိုးကို သောက်ရှူခြင်းငှါ ခွင့်ပြုတော်မူ၏" (ဝိ၊၃။ ၂၉၆)—

ဟူသော ဘုရားရှင် ပညတ်တော်အားလျော်စွာ နှာဖျားမှု ဟူသော အကြောင်းမရှိပဲ နံနက်၌ဖြစ်စေ နေလွဲအခါ၌ဖြစ်စေ (ဆေးလိပ်) အခိုးသောက်ရှူသော ရှင်ရဟန်းတို့အား မကြည် ညိုသေးသူတို့ ကြည်ညိုစေရန်နှင့် ကြည်ညိုပြီးသူ အချို့တို့ အကြည်ညိုမပျက်စေရန် ကိုးကွယ်ရာပြုခြင်းငှါ မစွမ်းနိုင်ပါ။

ဆေးလိပ်သောက်သောရှင်ရဟန်းတို့အား လူပုဂ္ဂိုလ်တို့က ဤသို့ ကဲ့ရဲ့ရှုတ်ချတတ်ကြပါသည်။ "ရဟန္တာတို့၏ အလံတံခွန် ဖြစ်သည့် သင်္ကန်းကို ဆင်မြန်းထားသော ဤဘုရားရှင် တပည့်သား ရဟန်းများသည် ကာမဂုဏ်ခံစားသူ လူတို့၏ အပူဇော်ကိုခံယူနေကြသော်လည်း ကာမဂုဏ်ခံစားသူ လူဝတ် ကြောင်တို့ကဲ့သို့ ရဟန်းတို့နှင့် မလျော်သော ရဟန်းတို့၏ ဥစ္စာလည်း မဟုတ်သော (ဆေးလိပ်) အခိုးသောက်ရှူမှုကို ပြုကြပါဘိ၏" ဤသို့ ကဲ့ရဲ့ရှုတ်ချတတ်ကြပါသည်။

## ဝမ်းလျှောဆေး ဥပမာ

ဖခင် ဆေးဆရာကြီးက သလိပ် သည်းခြေ လေ-ဟူသော (တြိဒေါသ) အပြစ်သုံးပါး ပြောသောအခါ (ဝမ်းချုပ်သော အခါ) သောက်သုံးရန် ပေးအပ်သော ဝမ်းလျှောဆေးကို သောက်သုံး၍ အကြိမ်များစွာ ဝမ်းလျှောကာ သေခြင်း ဆင်းရဲဘေး၊ သေလုမျှောပါးဆင်းရဲဘေး အမျိုးမျိုးနှိပ်စက် ခံရသော သားမိုက်အတွက် ထိုဝမ်းလျှောဆေးသည် အား ကိုးရာမဲ့ကို ပြုဘတ်ပါသည်။ အဆိုပါ ဖခင် ဆေးဆရာကြီး သည်လည်း အဘယ်အရာ တတ်နိုင်ပါတော့မည်နည်း။

ဆေးလိပ်သောက်မှု အရသာ၌ ဟပ်မက်သော တဏှာ (ကိလေသမာရ်) ၏ သတ္တဝါတို့ကို ပြင်းစွာ တွေဝေအောင် ပြုနိုင်ခြင်းသည် ကြောက်မက်ဖွယ်ရာ ကောင်းပါပေစွ။ မှန်ပါ သည်၊ ယင်းတဏှာ၏ ပြင်းစွာတွေဝေအောင် ပြုမှုကို ခံရ သော ဘုရားရှင် တပည့်သား ရဟန်းများသည် ကျန်းမာသူ များ ဖြစ်ကြပါလျက် မကျန်းမာသူအားသာ ခွင့်ပြုထား သော ဆေးလိပ်သောက်ခြင်း အမှုကို ရဟန်းတို့ဥစ္စာ မဟုတ် သည့် မအပ်သောအမှုကိုပင် "အပ်၏" ဟု မှတ်ထင်ကာ အပြစ် မမြင်ကြပါ။ ထို့ကြောင့် အရှက်အကြောက် မရှိကြ တော့ပဲ ဘုရားရှင်၏ ပညတ်တော်ကို ချိုးဖောက်ကာ မိမိ၏ အသရေ မရှိသူ-အရှက် မရှိသူ အဖြစ်ကို ပြတတ်သော ကာမ ဂုဏ် ခံစားသူ လူတို့ကဲ့သို့ ဆေးလိပ်သောက်ခြင်းအမှုကို ဖြူဝံ့ ကြပါသည်။

## တိုက်တွန်းခြင်း

ဤသို့ လျှောက်တင်ခဲ့သော အရာတို့၌လည်း မကောင်းမှုတို့၏ အပြစ်ကိုသာ ရှု၍ မကောင်းမှုတို့ကိုသာ ကဲ့ရဲ့ကြပြီးလျှင် ထိုမကောင်းမှုနှိပ်စက်သဖြင့် ညစ်နွမ်းနေသော အခြားပုဂ္ဂိုလ်တို့ကိုမူ မကဲ့ရဲ့ကြပဲ စမ္မသံဝေဂကိုသာ ရယူကာ "ဤပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်စေအောင် ငါတို့ နေထိုင်ကြမည်" ဟု လိုလပြုသင့်ကြပါသည်။ ယင်းသို့ လိုလပြုကြပြီးလျှင် အခါခပ်သိမ်း ဆေးလိပ်သောက်မှု အပြစ်တည်းဟူသော အညစ်အကြေးဖြင့် မညစ်နွမ်းကြပဲ အလွန်အကျူး သန့်ရှင်း စင်ကြယ်အောင် အထူး သတိပြုတော်မူကြပါကုန် သီရိလင်္ကာနေ့ လင်္ဗီ-ကုက္ကုစ္စက သိက္ခာကာမ အရှင်ကောင်း အရှင်မြတ်တို့ဘုရား။

ဤသို့လျှင် ကျန်းမာသောရဟန်းတို့၏ နေလှဲ ကွမ်းစားမှုစသော သိက္ခာပုဒ်လွန်ကျူးမှု အကြောင်းအရာကို ဤလင်္ကာသာသန ဝိသုဒ္ဓိကထာ၌ တပည့်တော်တို့ ညွှန်ပြခဲ့ပြီးပါပြီ။ အဆိုပါ နေလှဲ ကွမ်းစားခြင်း စသော မအပ်သောအမှုအားလုံးကို များသောအားဖြင့် ပုထုဇဉ် ရဟန်းများသည် ကျောက်ထီးအလား လေးစားအပ်သော မိမိ ဆရာသမားတို့ကဲ့သို့ ဗုဒ္ဓဘာသာဝင် ရေမြွေရှင် ဘုရင်မင်းမြတ်နှင့် သာသနာတော်၏ အကြီးအမှူး ဦးစီး ပမာန သံဃထေရ် (သံဃရာဇာ) တို့ကဲ့သို့ အတင်းအကြပ် တားမြစ်ထားပါလျက် လုံခြုံအောင် မစောင့်ရှောက်နိုင်ကြပါ။

သီရိလင်္ကာ၌ကား ဤသို့သဘောရှိသည့် သာသနာပြု ဘုရင်မင်းမြတ်နှင့် သံဃထေရ်တို့ကင်းကွာနေမှုကြောင့် အချို့

ပုဂ္ဂိုလ်တို့သည် လျှောက်တင်ခဲ့ပြီး သိက္ခာပုဒ် လွန်ကျူးမှုကို မိမိ ကိုးကွယ်ရာကို မိမိ ဖျက်ဆီးလျက် ဆုတ်ယုတ်ပျက်စီးနေကြပါသည်။ ဤသည်ကား သီရိလင်္ကာ၌ သာသနာပြုဘုရင်မင်းမြတ်နှင့် သံဃထေရ်တို့ ကင်းကွာနေမှုကို အစွဲပြု၍ သီရိလင်္ကာသာသနာ၏ အားနည်းပုံကို ဖော်ပြသော စကားရပ်တည်း။

## အချင်းချင်း ကွဲပြားမှုအပြစ်

ယခုလျှောက်တင်မည့် စကားရပ်သည်ကား ဤစာတမ်း၌ သီရိလင်္ကာ သာသနာတွင်းဝယ် အချင်းချင်း ကွဲပြားမှုကို စွဲ၍ အားနည်းပုံကို ဖော်ပြသော စကားရပ် ဖြစ်ပါသည်။ ထင်ရှားအောင် လျှောက်ထားပါမည်။ ဤသီရိလင်္ကာနေ ရဟန်းတော်များသည် အရင်းမူလမှ ဆင်းသက်လာသော အနွယ်ကို အမှီပြု၍ မြန်မာ့အနွယ်ဝင် ဥပါလိအနွယ်ဝင်ဟု နိကာယဝင်အမျိုးအဖြစ်ဖြင့် ရှေးအခါကပင် ကွဲပြားလာခဲ့ကြပါသည်။

## မြန်မာအနွယ်ဝင်တို့ အချင်းချင်း ကွဲပြားခြင်း

မြန်မာအနွယ်ဝင် ရဟန်းများသည်လည်း တခုသော မြစ်အတွင်းရှိ ဥပုသ်အိမ် ဥဒကုက္ခေပ သိမ်တန်ဆောင်းတခုကို အမှီပြုကာ ငြင်းခုံကြလျက် ဤသိမ်တန်ဆောင်းသည် ဂါမခေတ် (ရွာနယ်)နှင့် ရောယှက် ဆက်စပ်၏ဟု အယူရှိသော ပုဂ္ဂိုလ်, မရောယှက် မဆက်စပ်ဟု အယူရှိသော ပုဂ္ဂိုလ်ဟူ၍ ၂-မျိုး ၂-စား ကွဲပြားကြပါသည်။ ထိုရဟန်းတို့၏ ငြင်းခုံကွဲပြားပုံမှာ ဤသို့ဖြစ်ပါသည်။ ဤသိမ် တန်ဆောင်းသည်

ဂါမခေတ်မှ စ၍ တည်ဆောက်လာပြီး မြစ်တွင်း၌ဝင်သော တံတား၏အနီး ဥဒကုက္ခေပ (ရေတပက်) အပိုင်းအခြား အတွင်း၌ တည်နေသောကြောင့် ဤသိမ်တန်ဆောင်း၌ ကံပြုသော ရဟန်းတို့အား ဂါမသိမ် (ရွာနယ်အပိုင်းအခြား) နှင့် ရောယှက် ဆက်စပ်မှုအဖြစ်ကို ပြုရာရောက်၏ဟု တဖက် ပုဂ္ဂိုလ်တို့က ပြောကြပါသည်။ အခြားတဖက် ပုဂ္ဂိုလ်တို့ကမူ 'ရောယှက်ဆက်စပ်မှု အဖြစ်ကို ပြုရာမရောက်'ဟု ဆန့်ကျင် ပြောဆိုကြပါသည်။

တဖန် ရောယှက် ဆက်စပ်၏ဟု အယူရှိသော "သင်္ကရ-ဝါဒီ"တို့သည်လည်း မိမိပဏ္ဍင်းဖြစ် မဖြစ်၌ ကုက္ကုစ္စ သံသယ မကင်းကြသော ရဟန်းတို့အား တဖန် သိက္ခာထပ်ခြင်း အမှုကို ငဲ့၍ ခိုင်မြဲအောင် ပြုသင့်၏ဟု အယူရှိသော "ဒဠှီ-ကမ္မဝါဒီ"နှင့် ခိုင်မြဲအောင် မပြုသင့်ဟု အယူရှိသော "အဒဠှီ-ကမ္မဝါဒီ"ဟု နှစ်မျိုးနှစ်စား ကွဲပြားပြန်ပါသည်။ ဒဠှီကမ္မဝါဒီ ပုဂ္ဂိုလ်အချို့သည်လည်း တစုံတခုသော ဝိနည်းအကျင့်ကို မှီ၍ အချင်းချင်း တူသော သဘောရှိသူ "သဘာဂ"များ မဟုတ်ကြပဲ အမျိုးမျိုး အစု ကွဲပြားကြပြန်ပါသည်။

ဤသို့ ဖော်ပြခဲ့ပြီးသည့်အတိုင်း သီရိလင်္ကာနေ အရှင် မြတ်တို့သည် အမျိုးမျိုးသော နိကာယဝင်များ ဖြစ်ကြပြီး လျှင် သတိ ပညာနှင့် ပြည့်စုံသော သူတော်သူမြတ်များ ဖြစ်ကြပါလျက် အချင်းချင်း မေတ္တာတရား မပြန့်မပွါး ကြတော့ပါ။ အချင်းချင်း ချစ်ခင်သောမျက်လုံးဖြင့် ရှင်ပြုံး စွာ ကြည့်ရှုကြပြီး နို့ရည်နှင့်ရေ ရောနှောထားဘိသကဲ့သို့ တသားတည်း ညီညွတ်ကာ ခိုင်မြဲသောမိတ်ဆွေ သီဘင်းသုံး

ဖော်များ အဖြစ်ဖြင့် မနေထိုင်ကြတော့ပါ။ ခိုင်မြဲသော မိတ်ဆွေများအဖြစ်ဖြင့် မနေကြရံသာမက ထိုအရှင်မြတ်တို့သည် သတိ ပညာနှင့်ပြည့်စုံကြပါလျက် တခါထရံ အချို့သော နေရာ၌ သတိမေ့လျော့သူများဖြစ်ပြီး ပုထုဇဉ်သဘောကို မလွန်မြောက်နိုင်သောကြောင့် ပုထုဇဉ်သတ္တ ပုထုဇဉ် အညစ်အကြေးကို ထင်ရှားပြကြပါသည်။ ပုထုဇဉ်သတ္တ ပုထုဇဉ်အညစ်အကြေးကို ကြာရှည်စွာ ဖုံးထားခြင်းငှါ မစွမ်းနိုင်ကြပါ။ ဖွူးဖွူးရောင်နေသော သူ့သကောင်သည် ခေါင်း(သေတ္တာ)၌ ထည့်သွင်း၍ ဆီ, ပျားရည်, တင်လဲတို့ဖြင့် ထုံမွမ်းထားသော်လည်း အချိန်ကာလ ကြာမြင့်သောအခါ မိမိ၏ အပုပ်နံ့သတ္တ ထင်ရှားပြသကဲ့သို့ ဖြစ်ပါသည်။

## ကဲ့ရဲ့မှုသိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း

သတိလွတ်ကင်းပညာဉာဏ်ဖျင်းသော အချို့ပုဂ္ဂိုလ်တို့သည် ကား တစုံတခုသော ဆီ, ပျားရည်, တင်လဲဖြင့် ထုံမွမ်းမထားသော သူသေကဲ့သို့ အမြဲမပြတ် မိမိ မိမိ၏ ပုထုဇဉ်သတ္တဟု အပ်သော ကိလေသာအပုပ်နံ့ကို ထင်ရှားပြပြီးလျှင် –

> "သူတပါးအပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ်
> ကဲ့ရဲ့တတ်သူအား အာသဝတရားတို့ တိုးပွါးကုန်၏၊
> ထိုသူသည် အာသဝကုန်ခြင်းမှ ဝေးကွာ၏" (ဓမ္မ။ ၅၀)

ဟူသော ဘုရားရှင့်အဆုံးအမတော်ကို အောက်မေ့ဆင်ခြင်ရန် မစွမ်းနိုင်ကြပဲ အခြားနိကာယဝင် ရဟန်းသာမဏေတို့၏ ကျေးဇူးမဲ့ အကျော်စောမှုကို ပြုလို၍ ထိုအခြားနိကာယဝင် ပုဂ္ဂိုလ်တို့ကို မထီမဲ့မြင် ပြုကြပါသည်။ အယုတ်အားဖြင့် ကြည့်

ကြ၊ သိကြပါသည်။ မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း ကဲ့ရဲ့ရှုတ်ချကြပါသည်။ "အခြားနိကာယဝင် ဤမည်သောပုဂ္ဂိုလ်များသည် ဤမျှလောက် အားနည်းသူများ ဖြစ်ကြလိမ့်မည်" ဟု ထိုထိုမြို့ရွာ စသည်တို့၌ ကျေးဇူးမဲ့ကို ပြုကြပါသည်။

"(ကမ္မဝါစာဖြင့်) မသမုတ်အပ်သော ပုဂ္ဂိုလ်၏ ကျေးဇူးမဲ့ကို တစုံတယောက်သော ပုဂ္ဂိုလ်အထံ၌ ကဲ့ရဲ့သော ရဟန်းအားရင်း သမုတ်အပ်သည်မူလည်း ဖြစ်သော မသမုတ် အပ်သည်မူလည်း ဖြစ်သော လူသာမဏေ၏ ကျေးဇူးမဲ့ကို တစုံတယောက်သော သူ၏အထံ၌ ကဲ့ရဲ့သောရဟန်းအားရင်း ဒုက္ကဋ်အာပတ် သင့်သည်သာလျှင် ဖြစ်၏" (ကင်္ခါ၊ ၂၀၀)——

ဤသို့လာသော အဋ္ဌကထာစကားနှင့် လျော်ညီစွာ ကဲ့ရဲ့ခြင်းကြောင့် သင့်သောဒုက္ကဋ်အာပတ်တို့၏ အဖန်ဖန် နှိပ်စက်မှုကို ခံရပါလျက် "မိမိ၏ အကျိုးမဲ့ကိုပြုတတ်သော အလဇ္ဇီဖြစ်ကြောင်း ဤမကောင်းမှုကို ဤအချိန်မှစ၍ ရှောင်ကြဉ်အံ့" ဟု သတိမပြုပဲ အဖန်ဖန် အာပတ်ကျူးလွန်ပြီးလျှင် သူတော်သူမြတ်တို့ အပေါ်၌သော်လည်း ပြစ်မှားသောစိတ်ဖြင့် အဖန်ဖန် မကောင်းမှုကို ဆည်းပူးပြုလုပ်နေကြသော မိမိကိုယ်ကို မိမိ ဖျက်ဆီးနေကြသည့် သတိလွတ်ကင်း ပညာညာဏ်ဖျင်းသော ပုဂ္ဂိုလ်တို့အား–

"ကဲ့ရဲ့ခြင်းကြောင့်ရင်း၊ ကျေးဇူးမဲ့ကို ဆိုလျက် အမျက်ထွက်ခြင်း ညှဉ်းဆဲခြင်းကြောင့်ရင်း ပါစိတ် အာပတ်သင့်၏" (ဝိ၊ ၂။ ၃၆)——

ဟူသော ဝိနည်းဓမ္မက္ခန္ဓာတော်သည် သနားကြင်နာသောစိတ်ဖြင့် မိမိတပည့် သားရဟန်းများ၏ ကိုးကွယ်ရာပြုခြင်းငှါ ဘုရားရှင် ပညတ်ထားပါသော်လည်း လျှောက်တင်ခဲ့ပြီးသော ဘေးကြီး၅-မျိုးတို့မှ လွတ်မြောက်စေ၍ မျက်မှောက်သံသရာ ၂-ဖြာလုံး၌ ချမ်းသာအောင် ကိုးကွယ်ရာပြုခြင်းငှါ မစွမ်းနိုင်တော့ပါ။

## အပြောခက်သော သားမိုက်ပမာ

ပညာရှင်ဖခင်ကြီးက သနားကြင်နာသောစိတ်ဖြင့် အခြားပုဂ္ဂိုလ်တို့ကို မကဲ့ရဲ့ မရှုတ်ချမိအောင် တားမြစ်ဆုံးမထားပါလျက် ဖခင်စကားကို မနာယူပဲ အခြားပုဂ္ဂိုလ်တို့ကို အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချသောကြောင့် အခြားပုဂ္ဂိုလ်တို့၏ တုံ့ပြန်ညှဉ်းဆဲ ဖျက်ဆီးခြင်းကိုခံရ၍ ငိုကြွေးမြည်တမ်းနေသော သားမိုက်အတွက် ဖခင့်စကားသည် အဘယ်အကျိုးရှိပါမည်နည်း၊ ထိုပညာရှင် ဖခင်ကြီးသည်လည်း အဘယ်အရာ တတ်နိုင်ပါတော့မည်နည်း။

> "မျက်ကွယ်၌ အပြစ်မပြောရာ၊ မျက်မှောက်၌ ရှုတ်ချထိပါးသော စကားကို မဆိုရာ၊ မဆော မလျင်သော ပြောဆိုရာ၏။ အလျင်စလို မပြောဆိုရာ" (မ၊ ၃။ ၂၄၃။)။

ဤသို့လာသော သုတ္တတိတေရ်၏ အဆုံးအမ စကားနှင့်ကိလေသာ ဂင်းကြောင်း အကျင့်ကောင်းကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာရှေ့သွားရှိသည့် ဣဿာ, မစ္ဆရိယ ကိလေသာမာရ်၏ သတ္တဝါတို့ကို ကိုးကွယ်ရာမရအောင် ပြုနိုင်ခြင်း

သည် အံ့ဩဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ မှန်ပါသည်။ ယင်း ကိလေသမာရ်၏ အစွမ်းကြောင့် ထိုပုဂ္ဂိုလ်တို့သည် မိမိ၏ကိုးကွယ်ရာမဲ့ကို ပြုတတ်သည့် အဆိုပါမကောင်းမှုတို့ကို ဆည်းပူးကြပြီးလျှင် သံသရာတလျှောက်လုံး၌ များစွာသောနည်းတို့ဖြင့် အဆုံးမရှိသော ဆင်းရဲဒုက္ခကို ခံစားကြရပါလိမ့်မည်။

## တုံ့ပြန်ကဲ့ရဲ့ခြင်း

တဖက်ပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ ရှုတ်ချခြင်းကိုခံရသော အခြားတဖက်ပုဂ္ဂိုလ်တို့သည်လည်း ရှေးဦးစွာ ကဲ့ရဲ့ ရှုတ်ချသူတို့၏ စကားကို ကြားရ၍ ထိုပုဂ္ဂိုလ်တို့အပေါ် ပြစ်မှား စိတ်ဆိုး ရန်ငြိုးဖွဲ့ကြပါသည်။ ယင်းသို့ ရန်ငြိုးဖွဲ့ပြီးလျှင် သူကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'၊ ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း 'ပဠာသ'၊ ထောင်လွှားခြင်း 'မာန'၊ အလွန်ထောင်လွှားခြင်း 'အတိမာန' တရားယုတ်တို့ကို ဖြစ်ပွါးအောင် ပြုလုပ်ကြလျက် ရှေးဦးစွာကဲ့ရဲ့သူတို့နည်းတူ တုံ့ပြန်ကဲ့ရဲ့ ရှုတ်ချသောကြောင့် များစွာသော အာပတ်တို့ နှိပ်စက်ခံရသဖြင့် အလဇ္ဇီပုဂ္ဂိုလ်များ ဖြစ်ကာ ပျက်စီး ဆုတ်ယုတ်ကြပါသည်။

## ခွေးရူးပမာ

ခွေးရူးအကိုက်ခံရသော ခွေးတို့သည် ထိုခွေးရူးကဲ့သို့ ရူးသွပ်ကြပြီးလျှင် သေဆုံးပျက်စီးကြသကဲ့သို့ ဖြစ်ပါသည်။

"အကြင် ပုဂ္ဂိုလ်သည် (မိမိအပေါ်၌) အမျက်ထွက်သူကို တုံ့ပြန် အမျက် ထွက်၏၊ ထို တုံ့ပြန်

> အမျက်ထွက်သော ပုဂ္ဂိုလ် အားသာလျှင် ထိုအမျက်ထွက်မှုကြောင့် သာလွန်၍ ယုတ်မာသောပုဂ္ဂိုလ် မည်၏။ အမျက်ထွက်သူကို တုံပြန်၍ အမျက် မထွက်သော ပုဂ္ဂိုလ်သည် စစ်မြေပြင်၌ အောင်နိုင်သည် မည်၏။ (ထေရ။ ၂၀၀။)

ဤသို့လာသော တရားအရသာ မခံစားနိုင်အောင် ပြုတတ်သည့် အဝိဇ္ဇာ ရှေ့သွားခေါင်းဆောင်ရှိသော အမျက်ထွက်မှု 'ကောဓ'၊ ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'၊ ကိလေသမာရ်၏ သတ္တဝါတို့ကို ဖျက်ဆီးတတ်သည့်အဖြစ်သည် အံ့သြဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ အဘယ့်ကြောင့်ဆိုသော် ယင်းကိလေသမာရ်သည် ဤသို့သဘောရှိသော ကျမ်းဂန်တတ်သိ ပညာရှိဖြစ်သည့် ဘုရားရှင့် တပည့်သား ရဟန်းများကိုပင် မလိမ္မာသော သူငယ်မိုက်တို့ကဲ့သို့ တခြားပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့မှုကို သည်းမခံစေပဲ ပညာနည်းသည့် အဖြစ်သို့ ရောက်စေကာ လွန်စွာဖျက်ဆီးနိုင်သောကြောင့် ဖြစ်ပါသည်။

## နှုတ်လုံထိန်းမှု သိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း

ဆက်လက် လျှောက်တင်ပါမည်။ ၂-ဖက်သော နိကာယဝင်ဖြစ်သည့် အဆိုပါ ပုဂ္ဂိုလ်တို့သည် လျှောက်တင်ခဲ့သည့်အတိုင်း အချင်းချင်း ကဲ့ရဲ့ရှုတ်ချကြလျက် ရံဖန်ရံခါ ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့ကြပြီးလျှင် (အချင်းချင်း) နှုတ်လုံထိန်းမှုကိုလည်း ပြုကြပါသည်။ "ဤပုဂ္ဂိုလ်တို့သည် ယုတ်မာသော အလို၊ ကြီးသောအလိုရှိကြသည့်ပြင် နှမြောဝန်တိုခြင်းသည်း ရှိကြ၏။ မာန်မာနကြီး၍ မာယာ သာဌေယျ ဖိစီးခံရပြီး

အလွန်ကောက်ကျစ် စဉ်းလဲကြ၏။ ယုတ်မာသော သဘောရှိသည့် တွေ့ဝေမိုက်မဲသော အလဇ္ဇီ ပုဂ္ဂိုလ်များသာ ဖြစ်၏ ဟု အချင်းချင်း နှုတ်လှုံ့ထိုးကြပါသည်။

နှုတ်လှုံ့ထိုးခံရသော ပုဂ္ဂိုလ်ဘို့သည် ယင်းသို့ နှုတ်လှုံ့ထိုးသည့်အတိုင်း ဟုတ်မှန်သည်မူလည်း ဖြစ်စေ မဟုတ်မှန်သည်မူလည်း ဖြစ်စေ၊ နှုတ်လှုံ့ထိုးသည့် ၂-ဖက် နိကာယဝင် ပုဂ္ဂိုလ်တို့အတွက်ကား—

"နှုတ်လှုံ့ ထိုးခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။" (ဝိ၊ ၂။ ဝ။)—

ဟူသော ဝိနည်းဓမ္မက္ခန္ဓာတော်သည် ရဟန်းတို့၏ ကိုးကွယ်ရာကို ပြုခြင်းငှါ ပညတ်ထားပါသော်လည်း လျှောက်တင်ခဲ့ပြီး ဘေးကြီး ၅-မျိုးမှ လွတ်မြောက်စေကာ ပစ္စုပ္ပန် သံသရာ ၂-ဖြာလုံး၌ ချမ်းသာစွာနေရန် ကိုးကွယ်ရာပြုခြင်းငှါ မစွမ်းနိုင်ပါ။

"(အမျိုး) ဇာတ်၊ အမည်၊ အနွယ်၊ အလုပ်၊ အတတ်ပညာ၊ အနာ၊ အသွင်အပြင်၊ ကိလေသာ၊ အာပတ်၊ ဆဲရေးဟူသော စကား ဆဲရေးကြောင်း 'အက္ကောသဝတ္ထု' ၁၀-ပါးတို့တွင် ဟုတ်မှန်သည်မူလည်းဖြစ်သော မဟုတ်မှန်သည် မူလည်း ဖြစ်သော တပါးပါးသော အက္ကောသဝတ္ထုဖြင့် ပါရာဇိကအာပတ်သို့ ရောက်သည်မူလည်း ဖြစ်သော မရောက်သည်မူလည်းဖြစ်သော တစုံတယောက်သော ရဟန်းကို တစုံတခုသော နှုတ် အမူအရာဖြင့် သော်ရင်း၊ လက်

ချောင်း ထိုးပြခြင်းဖြင့် မသင်္ဂဟ အခြားသူ ကဲ့သို့ မညွှန်ပြပဲ ဆဲရေး စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏" (ကခါ။ ၁၉၀-၁။)—

ဤသို့လာသော အဋ္ဌကထာ စကားနှင့်အညီ နှုတ်လှန်ထိုး သော ရဟန်းများ နှုတ်လှန်ထိုးမှုကြောင့် ပါစိတ်အာပတ်သင့် ကြပါသည်။

## ဖခင်စကား မလိုက်နာသော သားမိုက်ပမာ

ဖခင်က သနားကြင်နာသောစိတ်ဖြင့် အတန်တန် တား မြစ် ဆုံးမ ထားပါလျက် ဖခင်စကားကို မျက်ကွယ်ပြု၍ အချင်းချင်း လက်ဝှေ့သတ်ကာ အသူတရာနက်သော နရက် ချောက်၌ ကျရောက် သေဆုံးသော သားမိုက် သားပျက်တို့ အတွက် ဖခင်၏ဆုံးမစကားသည် အဘယ် အကျိုးရှိပါမည် နည်း၊ ထိုဖခင်သည်လည်း အဘယ်အရာ တတ်နိုင်ပါတော့ အံ့နည်း။

"အမျက် ထွက်သော သူကို မေတ္တာတရားဖြင့် အောင်ရာ၏။ မကောင်းသော သဘောရှိသောသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏၊ နှမြော ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏" (ဓမ္မ။ ၄၆။)—

ဤသို့လာသော ဘုရားရှင် ပေးသနားတော်မူအပ်သည့် ရန် အောင်ကြောင်း လက်နက်ကိုကိုင်စွဲခြင်းငှါ မစွမ်းနိုင်အောင်

ပြုတတ်သည့် ဒေါသ ရှေ့သွားရှိသော အဟိရိက အနောတ္တပ္ပ ကိလေသမာရ်၏ သတ္တုဒါတို့ အကျိုးမဲ့ ပျက်စီးအောင် ပြုနိုင်ခြင်းသည် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ မှန်ပါသည်၊ ယင်း ကိလေသမာရ်သည် ဤသို့သဘောရှိသည့် ဘုရားရှင့်တပည့်သား ရဟန်းများကိုပင် မိုက်မဲသော ကလေးသူငယ်တို့ကဲ့သို့ရင်း၊ မိန်းမတို့ကဲ့သို့ရင်း အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်စေလျက် မျက်နှာမလှ အရှက်ရစေကာ ကျေးဇူးမဲ့ အကျော်စောမဲ့ အခြံရံမဲ့အောင်ပြု၍ အခြားသိတင်းသုံးဖော် သူတော်ကောင်းတို့နှင့် လူဒါယကာ အလယ်၌ အရှိန်အစော်မဲ့အောင် အရှက်ရစေနိုင်ပါဘိသည်။

## တိုင်ပင်စကားကို ချောင်းမြောင်းနားထောင်မှု သိက္ခာပုဒ်ကို မရှိသေးခြင်း

အချင်းချင်း အပြစ်ရှာကာ အမြဲတမ်း စိတ်၏ ကြောင့်တံသင်း ထိုးဆွခြင်းခံရပြီး ပျက်စီးသော စိတ်ရှိနေကြသော ၂-ဖက်အသင်းဝင် ရဟန်းများသည်လည်း ရံဖန်ရံခါ 'ဤရဟန်းတို့သည် ဤသို့သော အချိန်အခါ၌ အဘယ်အခြင်းအရာဖြင့် ငါ့ကို ပြောဆိုကြသနည်း' ဟု အပြစ်ရှာရန် အခြားရဟန်းတို့ အနီးအပါးသို့ သွားရောက်ကာ ထိုရဟန်းတို့ စကားကို ကြားလောက်ရာအရပ်၌ တည်နေတတ်ကြပါသည်။ မိမိအနီးအပါးသို့လာ၍ မိမိကို မမြင်သဖြင့် ဆိတ်ငြိမ်ရာအရပ်ဟု အမှတ်ပြုကာ ပြောဆိုတိုင်ပင်နေသော ရဟန်းတို့၏ စကားကို နားထောင်လို၍ အသံမပြု ချောင်းမဟန့်ပဲ ဆိတ်ဆိတ်မူလည်း နေတတ်ကြပါသည်။ မိမိရှေ့မှ သွားကြသော ရဟန်းတို့၏ စကားကို နားထောင်လို၍ အလျင်အမြန်မူလည်း လိုက်သွား

တတ်ကြပါသည်။ မိမိနောက်မှလာသော ရဟန်းတို့၏ စကားကို နားထောင်လို၍ ဖြည်းဖြည်းသွားကာ ပြန်ဆုတ်မှုလည်း ပြန်ဆုတ်တတ်ကြပါသည်။

"နားထောင်အံ့ဟု ကြံ၍ စွပ်စွဲ (စောဒနာ) လို
သောကြောင့် ထိုကြားလောက်ရာအရပ်သို့ သွား
သော ရဟန်းအား ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း
ဒုက္ကဋ်အာပတ်သင့်၏။ အဆောတလျင် လိုက်သွား
ခြင်း၊ နောက်ပြန်ဆုတ် (ချန်ရစ်) ခြင်း၌လည်း ဤ
နည်းအတူသာလျှင် ဖြစ်၏။ အကြင်အရပ်၌ တည်
သောရဟန်းသည် ကြားနိုင်၏။ ထိုအရပ်၌တည်သော
ရဟန်းအား ပါစိတ်အာပတ်သင့်၏" (ကင်္ခါ။ ၂၅၅။)

ဤသို့လာသော (အဋ္ဌကထာ) စကားနှင့်အညီစွာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဖော်ပြပါ ဒုက္ကဋ်၊ ပါစိတ်အာပတ်တို့ နှိပ်စက်ခံရသော ရဟန်းအား—

"အကြင်ရဟန်းသည် ခိုက်ရန်ဖြစ်ကြသော ငြင်းခုံ
ကြသော ဆန့်ကျင်ဖက်စကားကို ပြောဆိုကြသော
ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီး
အရပ်၌ "ဤရဟန်းတို့ ပြောဆိုမည့် စကားကို
နားထောင်အံ့" ဟု ထို နားထောင်လိုခြင်းကိုသာ
အကြောင်းပြု၍ အခြားအကြောင်း မရှိပဲ တည်နေ
ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏"
(ဝိ၊ ၂၊ ၁၉၇။)—

ဟု ရဟန်းတို့၏ ကိုးကွယ်ရာ ဆရာသခင် ဘုရားရှင် ပညတ်တော်မူအပ်သော ရဟန်းတို့၏ ကိုးကွယ်ရာကို မှုတတ်သည့်

ဝိနည်း မမွကျွန္တာတော်လည်း လျှောက်တင်ခဲ့ပြီးသော သေး ကြီး ၅ မျိုးမှ လွတ်မြောက်စေကာ ပစ္စုပ္ပန်၊ သံသရာ ၂-ဖြာ လုံး၌ အာသဝေါကင်းကွာ ရဟန္တာဖြစ်အောင် ကိုးကွယ်ရာ ပူဇော်ခြင်းငှါ မစွမ်းနိုင်ပါ။

## မြေဟောက်ရှာသော သားမိုက်ပမာ

ဖခင်က သနားကြင်နာသောစိတ်ဖြင့် အဘန်ဂန် တား မြစ်ထားပါလျက် မြေဟောက်ရှာကို၍ ညည်းဆဲသတ်ဖြတ်လို သမြင့် ညဥ့်အခါ သေးဘျမ်းရှိသော သေသာအုပ်အတွင်း ခြုံကြားသို့ ကပ်ရောက်ခြင်းကြောင့် မြေဟောက်ကိုက်ခံရ၍ သေသေးထိရောက်သော သားမိုက်အတွက် ဖခင်၏ ဆုံးမ စကားသည် အဘယ်အကျိုး ရှိပါမည်နည်း။ ထိုဖခင်သည် လည်း အဘယ်အရာ တတ်နိုင်ပါတော့အံ့နည်း။

> "မျက်စိအမြင်နှင့် ပြည့်စုံသော်လည်း သူကန်း ကဲ့သို့ ဖြစ်ရာ၏။ နားအကြားနှင့် ပြည့်စုံသော်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏။ ပညာရှိသော်လည်း သူအကဲ့သို့ ဖြစ်ရာ၏။ အားအစွမ်းနှင့် ပြည့်စုံသော် လည်း အားနည်းသူကဲ့သို့ ဖြစ်ရာ၏" (သေရ။ ၂၉၅)

စသော အတုမရှိ သေးမဲ့ကို ပေးတတ်သော ဘုရားရှင် အဆုံး အမတော်ကို မအောက်မေ့နိုင်အောင် ဖုံးလွှမ်းတတ်သည့် အဝိဇ္ဇာလျှင် အကြီးအမှူးရှိသည့် အဟိရိက အနောတ္တပ္ပ တို့အား အဖန်ဖန် အားပေးတတ်သော ဣဿာ မစ္ဆရိယ စသည်တို့အား ထောက်ပံ့တတ်သည့် အမျက်ထွက်ခြင်း 'ကောဓ'၊ ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ' ဟူသော ဒေါသကိလေ-

သမာရ်၏ သတ္တဝါတို့အား မိမိကိုယ်တိုင် မိမိဘေးကို ရှာမှီးအောင် ပြုနိုင်ခြင်းသည် အံ့ဩဖွယ် ကောင်းပါပေစွ၊ မှန်ပါသည်– အဆိုပါ ဒေါသကိလေသမာရ်၏ အနှမ်းကြောင့်ပင် ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏တပည့်သား ရဟန်းများ ဖြစ်ပါလျက် ရဟန်းဟူသော အမှတ်သညာကို မဖြစ်စေမူ၍ မိုက်မဲသော သူငယ်ကဲ့သို့ရင်း သေသောက်ကြူးတို့ကဲ့သို့ရင်း သူတော်သူမြတ်တို့အပေါ်၌ အရှက်အကြောက် မထားကြတော့ပဲ အခြားပုဂ္ဂိုလ်တို့၏ အပြစ်ကိုသာ ရှာမှီး နေကြပါသည်။ ယင်းသို့ ရှာမှီးပြီးလျှင် မိမိကိုယ် ပကတိအားဖြင့် ဘေးမရှိသူများ ဖြစ်ကြပါလျက် ဘေးကို ရှာမှီးပြီးလျှင် မိမိ ရှာမှီးသောဘေး၏ အနှိပ်စက်ကိုခံကာ ပျက်စီးကြရပါသည်။

## ချောပစ် ကုန်းတိုက်မှု သိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း

နှစ်ဖက်သော နိကာယဝင် ထိုအရှင်တို့သည် အချင်းချင်း ကျေးဇူး မဲ့ အကျော်စောမဲ့ အကျိုးစီးပွါးမဲ့ကို ပြုလိုကြသဖြင့် အခြား နိကာယဝင်ပုဂ္ဂိုလ်တို့ အချင်းချင်း ကွဲပြားပြီး အားနည်းစေရန် ထိုထိုအရပ်သို့ လှည့်လည်ကာ ထိုထိုပုဂ္ဂိုလ်တို့၏ စကားကို နားထောင်ပြီးလျှင် ရဟန်းတို့အထံမှသော်ရင်း၊ လူ သာမဏေတို့အထံမှသော်ရင်း ကြားနာခဲ့၍ ရဟန်း၏အထံ၌ သော်ရင်း၊ လူ သာမဏေ၏အထံ၌သော်ရင်း အချင်းချင်းကွဲ ပြားစေလိုခြင်း၊ မိမိအား ချစ်ခင်စေလိုခြင်းဖြင့် ကုန်းတိုက် စကားကို ပြောကြားကြပါသည်။

"အမျိုးဇာတ်ဂုဏ်သော ဆဲရေးကြောင်းဝတ္ထုတို့ဖြင့် (အခြား) ရဟန်းကို ဆဲရေးသော ရဟန်း၏စကားကို

ကြား၍ ရဟန်း၏ ချစ်ခင်မှုကို ခံလိုသောကြောင့်ရင်း၊ ကွဲပြားစေလိုသောကြောင့်သော်ရင်း ဆဲရေး ခံရသော ရဟန်း၏အထံသို့ ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ ပို့ဆောင် (ပြောဆို) လျှင် ကုန်းတိုက်မှု ပြုသော စကားကြောင့် ပါစိတ်အာပတ် သင့်၏" ဟူ၍ ၎င်း–

"ဆိုအပ်ပြီးသောနည်းဖြင့် အခြားသူကဲ့သို့ ညွှန်ပြ (ပြောဆို)ခြင်းဖြင့် ဆဲရေးသောရဟန်း၏ စကားကို ပို့ဆောင်ခြင်းကြောင့်ရင်း၊ ပါဠိတော်မှ အလွတ်ဖြစ်သည့် ( သင် သူခိုးပဲ·စသော ) ဆဲရေး စကားကို ပို့ဆောင်ခြင်းကြောင့်သော်ရင်း ဒုက္ကဋ်အာပတ် သင့်၏" ဟူ၍ရင်း–

ဤသို့လာသော အဋ္ဌကထာ (ကခါ။ ၁၉၁) စကား အားလျော်စွာ အဆိုပါ ပါစိတ်ဒုက္ကဋ်အာပတ်တို့ အနှိပ်စက်ခံရပြီးငြိမ့်၊ သူတပါး နှစ်ဦးသားတို့၏ ကွဲပြားခြင်းကို ပြုသော ဘုရားရှင့် တပည့်သားပျက် ရဟန်းများအတွက်––

" ရဟန်းတို့ကို ချောပစ် ကုန်းတိုက်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" (ဝိ၊ ၂။ ၁၉။)–

ဟူသော ဝိနည်းမဟ္ကန္ဒာတော်သည် မိမိတပည့်သား ရဟန်းများ မျက်မှောက်သံသရာ ၂·ဖြာလုံး၌ အာသဝတရား ပယ်ရှား စွန့်ပစ်ရန် ဘုရားရှင် ပညတ်ထားပါသော်လည်း ထိုအာသဝတရားကို ပယ်ရှား စွန့်ပစ်ကာ ကိုးကွယ်ရာ ပြုခြင်းငှါ မစွမ်းနိုင်ပါ။ မှန်ပါသည်။ အဘယ်မည်သော တရားသည်

မိမိ ကိုးကွယ်ရာကို ဖျက်ဆီးသောသူ၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့နည်း။

"မကောင်းသဖြင့်ကိုင်အပ်သောသမန်းမြက်သည် လက်ကိုသာ ရှဘိသကဲ့သို့ မကောင်းသဖြင့် သုံးသပ်သော ရဟန်းအဖြစ်သည် ငရဲသို့ ဆွဲငင်တတ်၏"–

"လျော့လျော့ ပြုအပ်သော အလုံးစုံသော ကံသည်၎င်း၊ ညစ်နွမ်းသော အကျင့်သည်၎င်း၊ ယုံမှားဖွယ်သော အကျင့်မြတ်သည်၎င်း ထိုအလုံးစုံသည် အကျိုး မများနိုင်" (သံ၊ ၁။ ၄၇။)–

ဤသို့လာသော ဘုရားရှင့် အဆုံးအမတော်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ စစ်ဗိုလ်ချုပ်လျှင် ရှေ့သွား ခေါင်းဆောင်ရှိသည့် ဝန်တိုမှု 'မစ္ဆေရ' သူ့ကျေးဇူးကို ချေဖျက်မှု 'မက္ခ' ဂုဏ်တုဂုဏ်ပြိုင်ပြုမှု 'ပလာသ' စသော များစွာသော ကိလေသမာရ်စစ်သည် အပေါင်း၏ ဘုရားရှင့် တပည့် သားတို့ကို အမျိုးမျိုး လွှမ်းမိုးနှိပ်စက်နိုင်ခြင်းသည် အံ့ဩဖွယ် ကြောက်မက်ဖွယ် ကောင်းပါပေစွ။

ထို ကိလေသမာရ်၏ နှိပ်စက်မှုကို ခံရသော အဆိုပါ ပုဂ္ဂိုလ်တို့သည် ဘုရားရှင့် တပည့်သားများ ဖြစ်ကြပါလျက် ယော်ပြုပါ ဘုရားရှင့်အဆုံးအမတော်ကို မဆင်ခြင်မှု၍ "ဘုရားရှင် တပည့်သားများ ပြုကျင့်ရမည့် ရဟန်းတရားထူးများ ရှိကြပေသည်" ဟူ၍မျှ အမှတ်မပြုကြပဲ ပျက်စီးနေသော သူငယ်မိုက်တို့ကဲ့သို့ ဘုရားရှင့်တပည့်သားတို့အား အချင်းချင်း ဆဲပြားမှုဘေးဖြင့် သင်းခွဲဖျက်ဆီးရန် အဖန်ဖန် အားထုတ်

နေကြပါသည်။ ယင်းသို့ အားထုတ်ကြပြီးလျှင် မိမိထံ ရောက်လာမည့် သံသာရဘေးကို မတွေး မမြော်ကြပဲ မိမိ၏ ရဟန်းအဖြစ်ကို မကောင်းသဖြင့် သုံးသပ်၍ ကိုးကွယ် အားထားရာ သာသနာတော်ကို အမှီပြုနေရပါလျက် ကိုးကွယ်ရာ မရရှိကြပါ။ အကျိုးမဲ့ ပြုတတ်သည့် မကောင်းမှုတို့ကိုသာ ရရှိကြ၍ တံငါသည်တို့ကဲ့သို့ များစွာသော မကောင်းမှုတို့ကို ဖြစ်ပွါးစေကာ ငရဲသို့သာ ရှေးရှုလျက် ဟူးဟူးငြားငြား မေ့လျော့မှု 'ပမာဒ' တရားဖြင့်နေခြင်းငှါ စွမ်းနိုင်ကြပါပေသည်။

## မဟုတ်မမှန်ပြောဆိုမှု သိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း

နှစ်ဖက် နိကာယသင်ပုဂ္ဂိုလ်တို့သည် အချင်းချင်း ငြင်းခုံမှု ဖြစ်၍ စိတ်၏ ခြောင့်တံသင်းအလား ဒေါသ ဖြစ်ပွါးကြပြီးလျှင် အခြား နိကာယဝင်တို့ အဟုတ်း၌ ဖော်ပြပါ အတိုင်း အချင်းချင်း ကွဲပြားကာ အားနည်းစေရန် ကုန်းတိုက်မှုပြုကြ ပြီးနောက် အခြား သီတင်းသုံး ဖော်တို့၏ စွပ်စွဲမှုကို ခံရသော အခါ ထိုကုန်းတိုက်မှုအာပါ်ကို ဖုံးလွှမ်းလို၍ မဟုတ်မမှန်သော စကားကိုလည်း ပြောဆိုပါသည်။ ဝန်ခံပြီးရှိလည်း ပယ်မြစ် ကြပါသည်။ ပယ်မြစ်ပြီး၍လည်း ဝန်ခံကြပါသည်။

ဤသို့ မဟုတ်မမှန်ပြောဆိုကြလျက် မလိမ်မာသူ လူတို့ ကဲ့သို့ မိမိအဖြစ်ကို ဖုံးလွှမ်းကြသော—

> "သိလျက် မဟုတ်မမှန်သောစကားကို ပြောဆို ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏" (ဝိ၊ ၂။ ၂။)—

ဟူသော ပညတ်တော်ကိုကျူးလွန်၍ ပါစိတ်အာပတ် အနိုပ် စက်ခံရသော အဆိုပါ ရဟန်းတို့အား ဖော်ပြခဲ့ပြီး ဝိနည်း

ပညတ် ဓမ္မက္ခန္ဓာမြဘ်သည် ကိုးကွယ်ရာပြုရန် မစွမ်းနိုင်ပါ။ ထို့နည်း ဓမ္မက္ခန္ဓာတော်သည် အနှစ်ငါးထောင် ကာလပတ်လုံး မိမိတပည့်သား ရဟန်းများ၏ ကိုးကွယ်ရာပြုရန် ဘုရားရှင် ထားအပ်ပါသော်လည်း ယခုအခါ ထိုအနှစ်ငါးထောင်၏ ထက်ဝက်ကာလသို့ မရောက်သေးပါပဲလျက် လျှောက်တင်ခဲ့ပြီးဘေးကြီး ၅-မျိုးမှလွတ်မြောက်စေသော နတ်ရွာ မဂ်ဖိုလ် အကျိုးငှါ ကိုးကွယ်ရာပြုရန် မစွမ်းနိုင်တော့ပါ။

"မိမိကိုးကွယ်ရာကို ဖျက်ဆီးသူတို့အား အခါခပ်သိမ်း ကိုးကွယ်ရာမရှိ၊ အဘယ်နည်းသော တရားသည် မိမိကိုးကွယ်ရာကို ဖျက်ဆီးသူတို့၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့နည်း။"

## ရုန့်ရင်းသောအာပတ်ကို ပြောဆိုမှုသိက္ခာပုဒ်ကို မျက်ကွယ်ပြုခြင်း

လျှောက်တင်ခဲ့ပြီး ပုဂ္ဂိုလ်တို့သည် အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ကြလျက် ပျက်စီးသောစိတ်၊ ပြစ်မှားသောစိတ် ရှိကြပြီးလျှင် အကျိုးစီးပွားမဲ့ကို လိုလားကာ အခါခပ်သိမ်း အခြားနိကာယဝင် ပုဂ္ဂိုလ်တို့၏ ဟုတ်မှန်သည်မှုလည်း ဖြစ်သော မဟုတ်မှန်သည်မှုလည်း ဖြစ်သော အပြစ်ကြီးငယ်ကို မိမိ အလုပ်အကျွေး ဒါယကာတို့အား ပြောကြားတတ်ကြပါသည်။ "ဤပုဂ္ဂိုလ်တို့သည် ဤသို့သော လွန်ကျူးမှုကို ပြုကျင့်ကြ၏၊ ဤသို့သော မကောင်းမှုကို ပြုကျင့်ကြလျက် ဤသို့သော အာပတ်သို့ ရောက်ကြ၏" ဤသို့ ပြောကြားကြပါသည်။

"(ရဟန်း၏) သံဃာဒိသိသ်မှ ကြွင်းသော ၆-ပါးသော အာပတ်စုကို ပြောဆိုသောရဟန်းနှင့် သာမဏေ၏ (ပါဏာတိပါတ စသော)ရှေ့သိက္ခာပုဒ် ၅-ပါးကို လွန်ကျူးခြင်း ဟူသော ရှုန့်ရင်းသော လွန်ကျူးမှုကိုရင်း၊ ဤမှတပါးသော မရှုန့်ရင်းသော လွန်ကျူးမှုကိုရင်း ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်သာဖြစ်၏"(ကခ်ါ။၁၉၆)ဟူ၍ရင်း၊

"ဤရဟန်းသည် သုက်ကိုလွှတ်စေ၍ သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့စသောနည်းဖြင့် အကြောင်း 'ဝတ္ထု' နှင့်တကွ အာပတ်ကို ဆက်စပ်၍ ပြောသော ရဟန်းအား ပါစိတ် အာပတ် သင့်၏" (ကခ်ါ။ ၁၉၅)ဟူ၍ရင်း—

ဤသို့လာသော အဋ္ဌကထာစကားနှင့် လျှော်ညီစွာ ဖော်ပြပါ ဒုက္ကဋ်၊ ပါစိတ် အာပတ်တို့ အနှိပ်စက်ခံရသော ထိုပုဂ္ဂိုလ်တို့အား—

"အကြင်ရဟန်းသည် (အခြားရဟန်း၏) ရှုန့်ရင်းကြမ်းတမ်းသော သံဃာဒိသိသ် အာပတ်ကို လူ သာမဏေအား ပြောဆိုငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏" (ဝိ၊ ၂။ ၄၇)။—

ဟူသော ဝိနည်း ဓမ္မက္ခန္ဓာတော်သည် ရဟန်းတို့၏ ကိုးကွယ်ရာပုဂ္ဂိုလ်ရန် ဘုရားရှင် ပညတ်ထားပါသော်လည်း လျောက်တင်ခဲ့ပြီး ဘေးကြီး ၅-မျိုးမှလွတ်စေကာ နတ်ရွာမဂ်ဖိုလ် အကျိုးငှါ ကိုးကွယ်ရာပုဂ္ဂိုလ်ရန် မစွမ်းနိုင်ပါ။ အဘယ့်ကြောင့်ပါနည်း

အခြားပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးမဲ့ကို ပြုသောသူအား စီးပွါးချမ်းသာ မရှိနိုင်သည်သာ ဖြစ်ပါသည်။

"သူတပါးအား ဆင်းရဲခြင်းကို ဖြစ်စေလျက် မိမိချမ်းသာကို အလိုရှိသောသူသည် ရန်နှင့် ရန်ချင်းရောနှောသည် ဖြစ်ရကား ရန်မှ မလွတ်မြောက်နိုင်" (ဓမ္မ။ ၅၅။) –

ဤသို့လာသော ဘုရားရှင်၏ တရားအရသာကို မခံစားနိုင်အောင် ပြုတတ်သည့် အဝိဇ္ဇာရှေ့သွားရှိသော ဒေါသကိလေသမာန်၏ သတ္တဝါတို့၏ဆင်းရဲကို ပြုနိုင်ခြင်းသည် အံ့သြဖွယ်ကြောက်မက်ဖွယ်ကောင်းပါပေစွ၊ မှန်ပါသည်။ ယင်းဒေါသကိလေသမာန်ရသည် ဤသို့သဘောရှိသည့် ဘုရားရှင်တပည့်သား ရဟန်းများကိုပင် ဒေါသဖျက်ဆီးအပ်သော လူလင်မိုက်တို့ကဲ့သို့ အခြားသူတို့ အကျိုးစီးပွါးမဲ့အောင် အားထုတ်မှုကို ပြုစေလျက် မိမိ၏ အကျိုးစီးပွါးမဲ့ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ပါသည်။

## လူဒါယကာတို့က အမျိုးမျိုးကဲ့ရဲ့ကြခြင်း

အသီးသီးသော မိမိတို့၏ ဆရာသမားများထံမှ အခြားရဟန်းတို့၏ ဟုတ်မှန်သည်မှုလည်း ဖြစ်သော မဟုတ်မှန်သည်မှုလည်းဖြစ်သော အပြစ်နှင့် စပ်သည့်စကားကို ကြားနာရသော လူဒါယကာတို့ကလည်း အခြားရဟန်းတို့ အပေါ်၌ သဒ္ဓါတရား ပျက်ပြားပြီး ပြစ်မှားသောစိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချကြပါသည်။ "ဤပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏ တပည့်သားရဟန်းများဖြစ်ပါလျက် ဤသို့သဘောရှိသည့် ယုတ်မာသော

လွန်ကျူးမှုကို ပြုကျင့်ကြ၏။ ဤပုဂ္ဂိုလ်တို့သည် ယုတ်မာသော သဘောရှိသည့် အလဇ္ဇီပုဂ္ဂိုလ်တို့ဖြစ်၏”ဟု အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြပါသည်။

၂-ဖက် နိကာယဝင် ရဟန်းတို့၏ အချင်းချင်း ကုန်းတိုက်သော စကားကိုရှင်း ကဲ့ရဲ့သော စကားကိုရှင်း ကြားရ၍ ထိုထိုသိက္ခာပုဒ် လွန်ကျူးမှုကိုလည်း တွေ့မြင်ကြားသိရသော လူပုဂ္ဂိုလ်တို့ကလည်း အဆိုပါရဟန်းတို့အား ပြစ်မှားစိတ်ဆိုး ပြီး အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြပါသည်။ ယင်းတို့၏ ကဲ့ရဲ့ပုံမှာ ဤသို့ဖြစ်ပါသည်။

ဘုရားရှင့် တပည့်သား ဤရဟန်းများသည် သာသနာတော်၌နေ၍ သာသနာတော်ကို အမှီပြုကာ အသက်မွေးကြပါလျက် ဘုရားရှင့် အဆုံးအမတော်ကို မနာယူပဲ သိက္ခာပုဒ် လွန်ကျူးခြင်း အချင်းချင်းအား ကုန်းတိုက်ခြင်းအမှုကို ပြု၍ မိမိ၏ ကိုးကွယ်ရာ ဘုရားရှင့် သာသနာတော်ကို ဖျက်ဆီးနေကြ၏။ တောမျောက်တို့သည် မိမိမှီခိုရာ တောကို ဖျက်ဆီးကြသကဲ့သို့ရှင်း ကြွက်တို့သည် မိမိနေရာ အိမ်ကို ဖျက်ဆီးကြသကဲ့သို့ရှင်း ဖြစ်၏။ ဟူ၍ရှင်း–

“ဘုရားရှင့် တပည့်သား ဤရဟန်းများသည် ဘုရားရှင့် သာသနာတော်၌ မိမိ၏ ကိုးကွယ်ရာကို ရှာမှီ လို၍ ရဟန်းပြုလာသူများ ဖြစ်ကြပါလျက် ဘုရားရှင် ပညတ်တော်မူသည့် မိမိကိုးကွယ်ရာ သိက္ခာပုဒ်တော်တို့ကို ရိုသေလေးစားခြင်းမရှိကြကုန်ပဲ မိမိကိုးကွယ်ရာ မဟုတ်သည့်ယုတ်မာသော အကုသိုလ် အမှုတို့ကိုသာ ဆည်းပူးအားထုတ်နေကြ၏။ မလိမ္မာသူ ယောကျ်ားအချို့သည် သရက်သီးကို စားလို၍ တောအုပ်

တွင်းသို့ဝင်ကာ မိမိသေဘေးကို ပြုတတ်သည့် အဆိပ်သီးတို့ကို ဆွတ်ကာ ဆွတ်ကာ စားကြသကဲ့သို့ ဖြစ်၏”ဟူ၍ရင်း–

“ဘုရားရှင် တပည့်သား ဤရဟန်းများသည် အတုမဲ့ သာသနာ၌ နေ၍ အတုမဲ့သခင် ဘုရားရှင် ပေးသနားတော်မူအပ်သော အတုမဲ့ တရားရတနာတို့ကို ဆည်းပူးရန် ရဟန်းပြုလာသူများ ဖြစ်ကြပါလျက် မာရ်မင်း၏ လှည့်ပတ်မှုကို ခံရ၍ သဒ္ဓါပျက်ပြား သတိလွင့်ပါးပြီးလျှင် တည်ကြည်မှု မရှိသူများ ဖြစ်ကြ၏။ ဝီရိယနည်း၍ အရှက်အကြောက်ကင်းပြီး ပညာအဆင်ခြင်လည်းမရှိကြ၊ ယင်းသို့ဖြစ်ပြီးလျှင် မိမိဆည်းပူးရမည့် တရားတို့ကိုလည်း မဆည်းပူးပဲ ဖြည့်ကျင့်ရမည့် သိက္ခာပုဒ်တို့ကိုလည်း ချိုးဖောက် ဖျက်ဆီးကာ အတုမဲ့ ကုသိုလ်တရားတို့၌ ဝန်ချအားလျက် ဆုတ်နစ်သောစိတ် ရှိနေကြ၏။ ကာမဂုဏ်ခံစားသူ လူဝတ်ကြောင်တို့ကဲ့သို့ လောကအာမိသကိုသာ တောင့်တရှာမှီးလျက် လာဘ်ပူဇော်သကာ အကျော်အစောကိုသာ ငဲ့ကွက် နေထိုင်ကြပေ၏။ လှေသူကြီး တယောက်သည် မိမိ၏ စည်းစိမ်ဥစ္စာစုကို တိုးပွါးစေလို၍ နိုင်ငံရပ်ခြား တိုင်းတပါးသို့ လှေဖြင့်သွားကာ ကြီးစွာသော လှို့သဖြင့် ရောင်းဝယ် ဖောက်ကားမှုကို ပြုလျက် စီးပွါးဥစ္စာကို ဆည်းပူးလိုသော်လည်း မိမိရှေးကောင်းမှုကံ နှိပ်စက်သဖြင့် လှေပါနစ်မြုပ်ပြီး ထိုလှေကို ထုတ်ဆောင်နိုင်ရန် မစွမ်းနိုင်၍ လှေကိုစွန့်ပစ်ကာ ကိုယ်လွတ်ရုန်းလျက် ကမ်းတဖက်သို့ ရောက်သွားလေသည်။ အဆိုပါ လှေသူကြီးသည် အလွန်စိုးရိမ်ကြောင့်ကြပြီး ဆင်းရဲပူပန်ကာ အဖန်ဖန် နှလုံးမသာယာမှု နှိပ်စက်သဖြင့် စိတ်ဓာတ်လွင့်ပါးကာ ရူးသွပ်သူ ဖြစ်

သွားပြီးလျှင် အခြားသော စီးပွါးဥစ္စာ ရှာမှီးရန် လိုလားမှု၊ အားထုတ်မှု မရှိတော့ပဲ နွားချေးခြောက်တို့ကို ကောက်ကာ ကောက်ကာ သူ့ရှုး၏ အမှုတို့ကိုသာ ပြုနေသကဲ့သို့ ဖြစ်၏” ဟူ၍ရှင်း–

“ဘုရားရှင့်တပည့်သား ဤရဟန်းများသည် အတုမဲ့ ဆေးဆရာကြီးဖြစ်သော ဘုရားရှင်၏ သာသနာတော်၌ နေကာ မိမိ၏ ကိလေသာ ကဗ္ဗန္ဓနာကို ကုသားရန် ရဟန်းပြုလာသူများ ဖြစ်ကြပါလျက် မာရ်မင်း၏ လှည့်ပတ်မှုကို ခံရ၍ မှားယွင်း ဖောက်ပြန်သော အကြံအစည်ကို ကြံစည်ကာ ကုသိုလ် ဆန္ဒ ကင်းပပြီး အတုမဲ့ ဆေးသမား ဘုရားရှင် ပေးသနားအပ်သည့် သုတ္တော်ကောင်းတရား အတုမဲ့ ဆေးဝါးတို့ကို သောက်သုံးရန် အလိုမရှိကြ။ မိမိ၏ အကျိုးမဲ့ကို ပြုတတ်သည့် သိက္ခာပုဒ်လွန်ကျူးကြောင်း မကောင်းမှုတို့ကိုသာ တိုးပွါးစေပြီးလျှင် လာဘ်ပူဇော်သကာ အကျော်အစောတို့ကိုသာ တောင့်တလျက် မိမိ၏ ကိလေသာ အနာရောဂါတို့ တိုးပွါးစေရန် အဖန်ဖန် အားထုတ်နေကြပေ၏။ မကျန်းမာနေသော သူယောင်မိုက်သည် မိမိဖခင် ဆေးဆရာကြီး ပေးထားသော ဆေးစွမ်းကောင်းတို့ကို မသောက်သုံးပဲ ဆေးဆရာကြီး တားမြစ်အပ်သော သေဘေးကိုပြုတတ်သည့် မသင့်သော ခဲဖွယ်ဘောဇဉ်တို့ကို ကိုက်ခဲ စားသောက်နေသကဲ့သို့ ဖြစ်၏”ဟူ၍ရှင်း–

“ဘုရားရှင့်တပည့်သား ဤရဟန်းများသည် ဘုရားရှင့် သာသနာတော်၌ နေကာ ဘုရားရှင့် တပည့်သားအဖြစ် ခံယူထားကြပါလျက် ဘုရားရှင် ပေးသနားတော်မူအပ်သည့်

တရားအမွေတို့ကို မခံယူပဲ မိမိအကျိုးမဲ့ကို ပြုတတ်သော ဘုရားရှင် စက်ဆုပ်တော်မူသည့် လာဘ်ပူဇော်သကာစသော အာမိသတို့ကိုသာ တောင့်တရှာမှီးနေကြ၏။ စကြဝတေး မင်း၏ သားတော် မင်းသားဖြစ်ပါလျက် ပျံလွင့်သော စိတ် ရှိ၍ ဖခင်၏ အမွေအနှစ်ဖြစ်သော မင်းစည်းစိမ် ခံစားရန် မကြံရှယ်ပဲ ဒုန်းစဏ္ဍာလတို့၏ ဥစ္စာဖြစ်သော တရွာမှ တရွာ၊ တအိမ်မှ တအိမ်သို့ လှည့်လည်၍ တောင်းရောခွက်ဖြင့် တောင်းရမ်းမှု ပြုကာ ဟူးဟူးပြောပြော နေထိုင်သကဲ့သို့ ဖြစ်၏'' ဟူ၍လည်း—

''ဘုရားရှင့် တပည့်သား ဤရဟန်းများသည် ဘုရားရှင် သာသနာတော်၌ နေ၍ ဘုရားရှင် ပေးသနားအပ်သော လာဘ်ပူဇော်သကာ အာမိသတို့ကိုသာ သုံးဆောင်ခံစားပြီး ဘုရားရှင့်အလုပ်ဖြစ်သည့် ကျမ်းဂန် သင်ယူပို့ချမှု တာဝန်နှင့် ဝိပဿနာ အားထုတ်မှု တာဝန်တို့ကို အားမထုတ်ကြပဲ အချင်းချင်း ခိုက်ရန် ငြင်းခုံပြုခြင်း အပြစ်ရှာကာ ကဲ့ရဲ့ရှုတ် ချခြင်း သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း ဂုဏ်တုဂုဏ်ပြိုင် ပြုခြင်း မာန်ထောင်ခြင်း ခက်ထန်ခြင်း စောင်းမြောင်းချုတ် ချယ်ခြင်း အမှုတို့ကို ပြုလျက် ငြူစူခြင်း၊ ဝန်တိုခြင်း၊ အမျက် ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း၊ မကောင်းမှု အကုသိုလ်တို့၏ အလိုသို့ လိုက်ပါနေထိုင်ကြ၏။ စေတီပုထိုး အရံတွင်း၌ နေ၍ စေတီတော်ကို ကြည်ညိုသူ လူတို့၏ ပူဇော်ထားသော စေတီ တော် လာဘ်သပ္ပကာကို အမှီပြုကာ အချင်းချင်း ခိုက်ရန် ငြင်းခုံမှု ပြုနေကြသော စေတီတော်စောင့် 'ဂေါပက' တို့ ကဲ့သို့ ဖြစ်၏'' ဟူ၍လည်း—

"ဘုရားရှင့် တပည့်သား ဤရဟန်းများသည် ဘုရားရှင်၏ အမွေ ဓနစ်ဖြစ်သည့် လာဘ်ပူဇော်သကာ အာမိသ တို့ကို သုံးဆောင်ကာ ဘုရားရှင့် သာသနာတော်၌ နေကြပါလျက် မိမိ၏ အကျိုးမဲ့ကို ပြုတတ်သော ဘုရားရှင့် ရန်သူဖြစ်သည့် မာရ်စစ်သည်တို့ကို တိုက်ခိုက်ဖျက်ဆီးခြင်းငှါ အားမထုတ်ပဲ အချင်းချင်း ခိုက်ရန်ငြင်းခုံမှုကိုသာ ပြုကြလျက် ဘုရားရှင့် ရန်သူ မာရ်စစ်သည်တို့ကို အားပေးအားမြှောက် ပြုနေကြ၏။ ဤလောက၌ တဦးသော ရေမြေ့ရှင် ဘုရင်မင်းမြတ် စေလွှတ်အပ်သည့် မိုက်မဲသော စစ်ဗိုလ်ချုပ် ခေါင်းဆောင်သော စစ်သည်တော်များသည် အချင်းချင်း စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း အမှုတို့ကိုပြု၍ တဖက်ရန်သူမင်း၏ စစ်သည်ဘို့ကို တိုက်ခိုက်ရန် အားမထုတ်ပဲ မိမိတို့ အချင်းချင်း အုပ်စုဖွဲ့ကာ တိုက်ခိုက်ရန်သာ အားထုတ်ကြလျက် တဖက်ရန်သူမင်း၏ စစ်သည်တို့ကို အားပေး အားမြှောက် ပြုနေကြသကဲ့သို့ ဖြစ်၏''ဟူ၍၎င်း—

"ရှေးအခါကမူ ဘုရားရှင့် တပည့်သား ရဟန်းများသည် သမထဘာဝနာကိုသော်၎င်း၊ ဝိပဿနာဘာဝနာကိုသော်၎င်း ပွါးများ အားထုတ်ကြလျက် ဘုရားရှင် ပေးသနားအပ်သည့် ဘရားလက်နက်ဖြင့် မိမိတို့သန္တာန်၌ မပြတ် လွှမ်းမိုးနေသော ပစ္စုပ္ပန် တမလွန် နှစ်တန်သောလောက၌ အကျိုးမဲ့ကို ပြုတတ်သော ကိလေသာရန်သူတို့ကိုတိုက်ခိုက်ရန်အားထုတ်ကြပေ၏။ ယခုအခါ၌ကား ဘုရားရှင့် တပည့်သား ရဟန်းများသည် အချင်းချင်း ခိုက်ရန်ငြင်းခုံမှုကိုသာဖြစ်စေကြလျက် ဘုရားရှင် ပေးသနားအပ်သည့် လာဘ် ပူဇော်သကာ အာမိသလက်နက်

ဖြင့် မိမိတို့၏ ဆန့်ကျင်ဖက် ရန်သူဖြစ်သည့် သူတော်ကောင်း သူယုတ်မာ အမျိုးမျိုးသော ပုဂ္ဂိုလ်တို့ကိုသာ ဖျက်ဆီးရန် အားထုတ်နေကြပေ၏။ ပျက်စီးနေသော သားမိုက်ဘိုသည် ဖခင်၏စကားကို မလိုက်နာပဲ မိမိဘို၏ ဖခင်ကို မျက်ကွယ် ပြုလျက် အချင်းချင်း လက်ဝှေ့ထိုး နေကြသကဲ့သို့ ဖြစ်၏" ဟူ၍ရှင်း–

"ရှေးအခါက ဘုရားရှင် တပည့်သား ရဟန်းများသည် မိမိထံ ရောက်လာသော လူဒါယကာတို့အား တရားစကား ဟောကြားဆုံးမ၍ မကြည်ညိုသေးသူတို့ ကြည်ညိုလာစေရန် နှင့် ကြည်ညိုပြီးသူတို့ အတိုင်းထက်အလွန် ကြည်ညိုစေရန် မိမိ၏ ကိုးကွယ်ရာ ဘုရားရှင် သာသနာတော်ကို ထွန်းလင်း တောက်ပစေကြပေ၏။ ယခုအခါ၌သော်ကား ဘုရားရှင် တပည့်သား ရဟန်းများသည် အသီးသီးသော နိကာယဝင် အုပ်စုဝင်များ ဖြစ်ကြကာ အချင်းချင်း ပြစ်မှား စိတ်ဆိုး ရန်ငြိုးဖွဲ့ကြပြီး မိမိတို့ထံ ရောက်လာသော လူဒါယကာတို့ အား ငြင်းခုံကွဲပြား ခိုက်ရန်စကားကို ပြောကြားကာ မိမိနှင့် သဘောမတူသော (ဝိသဘာဂ) ပုဂ္ဂိုလ်တို့၏ ဟုတ်မှန်သည် မှုလည်းဖြစ်သော မဟုတ်မှန်သည်မှုလည်း ဖြစ်သော အပြစ် ကြီးငယ်ကို ပြောဆိုနေကြ၏။ အခြား နိကာယဝင်ရဟန်းတို့ အပေါ်၌ မိမိကို ကိုးကွယ်သော ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးလျက် မကြည်ညိုသေးသောလူတို့ မကြည်ညိုစေရန်နှင့် ကြည်ညိုပြီးအချို့ပုဂ္ဂိုလ်တို့ အကြည်ညိုပျက်စေရန် အားထုတ် နေကြ၏" ဟူ၍ရှင်း–

"ရှေးအခါက ဘုရားရှင်တပည့်သား ရဟန်းများသည် မိမိတို့၏ အလုပ်အကျွေး ဥပါသကာတို့ကို တရားစကား ဟောကြား ဆုံးမလျက် အခြားသော သီတင်းသုံးဖော် သူတော်ကောင်း တို့၏ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကို စင်ကြယ်သောစိတ်ထားဖြင့် အကြောင်းအားလျော်စွာ အခါ အားလျော်စွာပြောပြ၍ ထေရ န ဝမဇ္ဈိမဖြစ်သော သီတင်းသုံး ဖော် သူတော်ကောင်း ရဟန်းတို့အပေါ်၌ သဒ္ဓါတရားတိုးပွါး စေကြပေ၏။ ဘုရားရှင့် သာသနာတော်၌ အထူး သက်ဝင် ယုံကြည်သော သဒ္ဓါတရားကို ဖြစ်စေပြီး ရတနာသုံးပါးဝယ် မတုန်လှုပ်သည့် သဒ္ဓါတရား၌ တည်စေကာ များစွာသော ကောင်းမှုတို့ကို တိုးပွါးစေလျက် နတ်ရွာမဂ်ဖိုလ် အကျိုးငှါ ချီးမြှောက် ထောက်ပံ့၍ ထို ဥပါသကာတို့၏ ကိုးကွယ်ရာ ဖြစ် ကြပေ၏။ အရှင်သာရိပုတ္တရာ စသော လက်ထက်တော်ဖွား ပုဂ္ဂိုလ်များနှင့် အရှင် မဟာမဟိန္ဒ စသော နှောင်းခေတ်ဖွား ပုဂ္ဂိုလ်များ ကဲ့သို့ ဖြစ်ကြပေ၏။ ယခုအခါ၌ကား ဘုရားရှင့် တပည့်သား အချို့သော ရဟန်းများသည် အချင်းချင်း ငြင်းခုံ ကွဲပြားကြပြီး အသီးသီးသော နိကာယဝင်များ ဖြစ်ကာ အခြား နိကာယဝင် ရဟန်းတို့၏ ဟုတ်မှန်သည် မှုလည်းဖြစ်သော မဟုတ်မှန်သည်မှုလည်း ဖြစ်သော အပြစ် ကြီးငယ်ကို မိမိ အလုပ်အကျွေး ဥပါသကာတို့အား ပြော ကြား၍ အခြားနိကာယဝင် ပုဂ္ဂိုလ်တို့အပေါ်၌ စိတ်ဓာတ် ပျက်ပြားစေကြပေ၏။ ယင်းသို့ ပျက်ပြားစေပြီးလျှင် ကွဲရှဲ ရှုတ်ချ ဆဲရေးအောင် တိုက်တွန်းကြလျက် များစွာသော မကောင်းမှုတို့ တိုးပွါးပြီး အပါယ်သို့လားစေကာ ဒေဝဒတ်,

ကောကာလိက ကပိလစသော ပုဂ္ဂိုလ်တို့ကဲ့သို့ ဖျက်ဆီးနေကြပေ၏" ဟူ၍ငင်း အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ရှုတ်ချကြပါသည်။

## တုံ့ပြန် ကဲ့ရဲ့ခြင်း

ဖော်ပြပါ လူပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ရှုတ်ချသော စကားကို ကြား၍ အချို့သော လူပုဂ္ဂိုလ်တို့ကလည်း စတင်ကဲ့ရဲ့သော သူတို့အား အမျက်ထွက်၍ ဤသို့ တုံ့ပြန်ကာ ကဲ့ရဲ့ ရှုတ်ချကြပြန်ပါသည်။ "ဤလူဘို့သည် မိုက်မဲတွေဝေ ပျက်စီးနေသော လူမိုက်တို့သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် – ဤလူများသည် မိမိကိုယ်တိုင် ကာမဂုဏ်ခံစားသူ လူဝတ်ကြောင်များဖြစ်၍ ယုတ်ညံ့သော ရွာသူရွာသား ပုထုဇဉ်များ၏ ဥစ္စာ ကာမဂုဏ်တို့ကိုအမြဲခံစားနေကြလျက် အခါခပ်သိမ်း ရာဂဖြင့် တပ်စွဲ ဒေါသဖြင့် ပြစ်မှား မောဟဖြင့် တွေဝေပြီး အမြဲတမ်း အညစ်အကြေး လိမ်းကပ်နေသူများ ဖြစ်ပါလျက် မိမိကိုယ်ကို ပညာရှိမှတ်ထင် စိတ်ကြီးဝင်ကာ အတုမရှိသော ဘုရားရှင်၏ တပည့်သား အကြားအမြင်များသည့် ပညာရှိသူတော်ကောင်း ရဟန်းတို့ကိုပင် ကဲ့ရဲ့ရှုတ်ချစရာ ပုဂ္ဂိုလ်များဟု မှတ်မှားထင်မြင်နေကြ၏။ မိုက်မဲသော ခွေးတိရစ္ဆာန်တို့သည် မိမိ၏ အတိုင်းအရှည် 'ပမာဏကို မသိပဲ ထီးဖြူဆောင်းကာ ဆင်ကျောက်ကုန်းပေါ်၌နေသော မင်းသားတို့ကို ဟောင်နေကြသကဲ့သို့ ဖြစ်၏" ဤသို့ ကဲ့ရဲ့ရှုတ်ချကြပါသည်။

ဤသို့ ရည်ရွယ်စောင်းမြောင်း မကောင်းပြောဆိုခံရသော လူဘို့ကလည်း စောင်းမြောင်းကဲ့ရဲ့သူတို့၏ စကားကိုကြား၍ အမျက်ထွက်ပြီးလျှင် တုံ့ပြန်ကာ ကဲ့ရဲ့ရှုတ်ချကြပြန်ပါသည်။

"ဤလူများကား သူတပါးတို့က သွန်သင်ပြသ သိစေရမည့် မိုက်မဲတွေဝေသော လူဖျင်း လူအ လူ့ဗာလတို့သာတည်း။ ဤလူတို့သည် ဘုရားရှင်၏ ဥပါသကာ ဒါယကာများ ဖြစ်ကြပါလျက် ဘုရားရှင်သာသနာတော်၏ အစီးအပွါး ဟုတ် မဟုတ်ကို မသိကြပဲ ကြောင့်ကြမဲ့ နေထိုင်ကြ၏။ မိုက်မဲတွေဝေသည့်အလျောက် လှူဒါန်းပေးကမ်းသောအခါ၌—

> "အကြင်ပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏။ ထိုပုဂ္ဂိုလ်၌သာ စိစစ်ရွေးချယ်၍ အလှူကို ပေးလှူအပ်၏" (ပေတ။၁၆၀)။

ဤသို့သော တရားဒေသနာတော်ကို ကောင်းစွာ မဆင်ခြင်မူ၍ အလှူခံပုဂ္ဂိုလ်တို့၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းအဖြစ်ကို မသိကြပဲ ဟူးဟူးဟြားဟြား ပေးလှူကြ၏။ သီလသန္တိဖြစ်သော သူတော်ကောင်း မထေရ်မြတ်တို့ကို မျက်နှာလွှဲ၍ မိမိတို့ကိုးကွယ်သည့် နိကာယဝင်ဖြစ်ပြီး အိမ်သို့ကပ်သော မိမိဆရာသမား ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်များကိုသာ ရွေးချယ်စိစစ်ကာ လှူဒါန်းကြပေ၏။ သင်္ကြာ ပုဒ် လွန်ကျူး၍ ယုတ်မာသော သဘောရှိသည့် ဤသို့သော အလဇ္ဇီပုဂ္ဂိုလ်များကိုပင် လှူဒါန်းအပ်၊ ချီးမြှောက်အပ်သော ပုဂ္ဂိုလ်များဟု အမှတ်ပြုကြကုန်ဘိ၏။ ဤသို့သော လူတို့၏ အလှူဒါနသည် ကြီးမြတ်သော အကျိုးအာနိသင် ရှိနိုင်သည်သာဖြစ်၏၊ "မလိမ္မာ မကျွမ်းကျင်သော လယ်သမားတို့၏ လယ်မြေကောင်း ဟုတ် မဟုတ်ကို မသိပဲ လယ်မြေကောင်းကို ယယ်ထား၍ လယ်မြေညံ့၌ စိုက်ပျိုးအပ်သော ကောက်မျိုးစေ့

သည် အောင်မြင်များပြားသော အသီးအနှံကို မဖြစ်စေနိုင်သကဲ့သို့ ဖြစ်၏" ဟူ၍ရင်း—

"ဤလူတို့၏ အလှူဒါနက ကြီးမြတ်သော အကျိုးအာနိသင်ကို မပေးရှိသော မဟုတ်သေး၊ ကေသရာခြင်္သေ့မင်း၏ ကိုယ်၌ ပေါက်ပွားနေသော ပိုးကောင်တို့ကဲ့သို့ မိမိမိရာ သာသနာကို ဖျက်ဆီးနေကြသည့် သာသနာတော်၏ အမှိုက်သရိုက် ဖြစ်သော ရဟန်းယုတ် ရဟန်းပျက်တို့အား ချီးမြှောက် ထောက်ပံ့နေကြသော ဤလူတို့သည်ပင် 'အလဇ္ဇီပက္ခ'များ ဖြစ်နေကြ၏၊ ထို့ကြောင့် မှဆိုး၏ တောလိုက်ခွေးတို့ကဲ့သို့ အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် အလိုသဟဲတူမျှကာ ဘုရားရှင်သာသနာတော် ဆုတ်ယုတ်ပျက်စီးရန် အားထုတ်ကြလျက် များစွာသော မကောင်းမှုတို့ကို တိုးပွါးစေကြပါ၏" ဟူ၍ရင်း တို့ ပြန်ကာ ကွဲရှဲကြပါသည်။

## အဆက်ဆက် ကွဲပြားခြင်း

ဤသို့လျှင် ဖော်ပြပါ လူပုဂ္ဂိုလ်တို့သည် အချင်းချင်း ကွဲရှဲရှုတ်ချကြပြီးလျှင် ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့ကာ ဆဲရေးရေရွတ်ကြပါသည်။ အသီးသီးသော မိမိတို့၏ ဆရာသမား ဒုဿီလပုဂ္ဂိုလ်များကိုပင် 'သီလဝန္တ'ဟု အမှတ်ပြုကာ ဂုဏ်ကျေးဇူးကို ချီးမွမ်းဖော်ပြ မြှောက်ပင့်ကြပါသည်။ အခြားသော နိကာယဝင် သီလဝန္တ ရဟန်းကောင်း ရဟန်းမြတ်တို့ကိုမူ 'ဒုဿီလ'ဟု အမှတ်ပြုကာ အမျိုးမျိုး ကွဲရှဲရှုတ်ချကြလျက် မိမိဆရာသမားတို့ထံ အခြားနိကာယဝင် ရဟန်းတို့၏ ဟုတ်မှန်သည်မှုလည်းဖြစ်သော မဟုတ်မှန်သည်မှုလည်း

ဖြစ်သော အပြစ်ကြီးငယ်ကို ပြောပြကာ ချောပစ်ကုန်းတိုက်ကြပါသည်၊ သူတော်သူမြတ်ဖြစ်သော ထေရ်ကြီး ထေရ်ငယ် ရဟန်းလတ် ရဟန်းငယ်တို့အပေါ်၌လည်း ပြစ်မှားစိတ်ဆိုးကြပြီး များစွာသော မကောင်းမှုတို့ကို ပွါးစေလျက် စင်စစ်ကိုးကွယ်ရာကို ပြုတော်သည့် ဘုရားရှင်သာသနာတော်ကို အမှီပြု၍ ကြီးစွာသော ကောင်းမှုတို့ကို ရနိုင်ကာ အကျိုးမဲ့ပျက်စီးခြင်းသို့ ရှေးကာလည်း ရောက်ခဲ့ နောင်လည်း ရောက်လတ္တံ့ ယခုလည်း ရောက်ကြဆဲ ဖြစ်ပါသည်။

လျှောက်ထားခဲ့ပြီးသည့်အတိုင်း ဤသီရိလင်္ကာ၌ ဥဒကုက္ခေပသိမ်၏ ဂါမသိမ်နှင့် ရောယှက် မရောယှက် ငြင်းခုံကြရာမှ အစပြု၍ အချင်းချင်း ခိုက်ရန်ဖြစ်ပွား ငြင်းခုံကွဲပြားကြသော ပုဂ္ဂိုလ်အချို့ကို အမှီပြု၍ လူ ရှင် ရဟန်း အားလုံးတို့သည်လည်း အသီးသီး ၂-မျိုး ၃-မျိုး ကွဲပြားသည့် နိကာယဝင်များဖြစ်ကာ အချင်းချင်း ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့ကြပြီး ကွဲရှဲရှုတ်ချကြပါသည်။ သူတော်သူမြတ်ဖြစ်သည့် သီလဝန္တ ထေရ်ကြီး ထေရ်ငယ်တို့အပေါ်၌လည်း ပြစ်မှားစိတ်ဆိုး၍ အမျိုးမျိုးသော မကောင်းမှုတို့ကို ပွါးစေလျက် ဆုတ်ယုတ်ပျက်စီးကြပါသည်။

ဤသီရိလင်္ကာ၌ ခိုက်ရန်ဖြစ်ပွါး ငြင်းခုံကွဲပြားကြသော ပုဂ္ဂိုလ်အချို့ကိုမှီ၍ ရဟန်း ရှင် လူ ပြည်သူအားလုံးတို့သာ ကွဲပြားကြသည် မဟုတ်သေး၊ နတ်တို့သည်လည်း ၂-စု ၃-စု ဖြစ်ကာ ကွဲပြားကြပါသည်။ နတ်တို့ဘွင်လည်း လူတို့၏ ကိုယ်စောင့်နတ်တို့သည် မိမိစောင့်ရှောက်အပ်သော လူတို့၏ အလိုအကြိုက်သို့လိုက်၍ အချင်းချင်း ငြင်းခုံကွဲပြား အများ

ဒေါသ ဖြစ်ပွါးကြပြီး လူတို့ကဲ့သို့ ၂-စု ၃-စု ဖြစ်ကာ ကွဲပြား ကြပါသည်။ ထို့နောက် ယင်းကိုယ်စောင့်နတ်တို့၏ စကားကို ကြား၍ ဘူမစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်တို့သည်လည်း မိမိ ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်တို့၏ အလိုအကြိုက် စရိုက် အဇ္ဈာသယ အားလျော်စွာ အသီးသီး အစုကွဲ၍ ခိုက်ရန် ငြင်းခုံပြုကြပြီးလျှင် များစွာသော မကောင်းမှုတို့ကို တိုးပွါး စေကာ ကွဲပြားကြပါသည်။ ထို့နောက် အာကာသစိုးနတ် တို့၏စကားကို အဆင့်ဆင့်ကြား၍ စာတုမဟာရာဇ် နတ်မှ အစ အကနိဋ္ဌဗြဟ္မာပြည် တိုင်အောင် ၂-စု ၃-စု ဖြစ်ကာ ကွဲပြား ကြပါသည်။ ဝိနည်းမဟာဝါ ကောသမ္ဗကခန္ဓက၌ လာသော ကွဲပြားမှုမျိုးကဲ့သို့ ဖြစ်ပါသည်။

ဤကား ဤလက်ာသာသန ဝိသုဒ္ဓိကထာ၌ အမျိုးမျိုး ကွဲပြားသော နိကာယဝင် ပုဂ္ဂိုလ်တို့အဖြစ်ကို စွဲ၍ သိန်းလက်ာ သာသနာ အားနည်းခြင်းသို့ရောက်ပုံကို ဖော်ပြသော စကား ရပ်တည်း။

## တောင်းပန်စကား

ဤလက်ာသာသန ဝိသုဒ္ဓိကထာ၌ ယခု ဆိုလတ္တံ့သည် ကား အမျိုးမျိုး ကွဲပြားသော နိကာယဝင် ရဟန်းများ ညီညွတ်စေရန် တရားဓမ္မ ဟောပြလျက် ဝိနိစ္ဆယအင်နှင်းကာ တောင်းပန် တိုက်တွန်းသော စကားရပ်တည်း။

အဘယ်သို့ တောင်းပန် လိုပါသနည်း ထင်ရှားအောင် လျှောက်ထားပါမည်၊ သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သောအရှင်မြတ်ဘို့သည် ရဟန်းများ အချင်းချင်း

ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက် ပြောဆိုခြင်း အမှုကိုပြုလျက် အသီးသီး ကွဲပြားသော နိကာယဝင်များ ဖြစ်ခြင်းကို အစွဲပြု၍ နတ်နှင့်တကွ ရဟန်းရှင်လူ သတ္တဝါ များစွာတို့၏သန္တာန်၌ ဖြစ်ပွါးပေါ်ပေါက်လာသော အပြစ်ကို ရှုကာ အဖန်ဖန် စဉ်းစားဆင်ခြင်သင့်ပါသည်။

သူတော်သူမြတ်များဟု သမုတ်ထားသော ဘုရားရှင် တပည့်သား ငါတို့ကဲ့သို့သော ရဟန်းများကို အစွဲပြု၍ ငါတို့ကို မှီခိုအားထား ကြည်ညိုလေးစား နေကြသော ငါ၏ အလုပ် အကျွေး နတ်ဒါယကာတို့သည် အဘယ့်ကြောင့် များစွာသော မကောင်းမှုတို့ကို ပွါးစေကုန်အံ့နည်း။ နတ်နှင့် တကွသော လူတို့သည် ငါတို့ကို မှီခိုအားထား ကြည်ညို လေးစားသူ အလုပ်အကျွေးများ ဖြစ်ကြပါလျက် ငါတို့ကို အမှီပြုကာ (အကြောင်းပြု၍) အချင်းချင်း ခိုက်ရန်ဖြစ်ကြ ငြင်းခုံကြ ဆန့်ကျင်ဘက် ပြောဆိုကြပြီး ထေရ နဝ မဇ္ဈိမ ရဟန်းတို့ အပေါ်၌ ပြစ်မှားသောစိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချလျက် များစွာ သော မကောင်းမှုတို့ကို ပွါးစေကာ အပါယ်သို့ လားရောက် ကြပါမူ မသင့်မလျော်သည်သာတည်း၊ အမျိုးကောင်းသား တို့သည် သံသရာ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ရန် အိမ်ရာတည်ထောင်သည့်လူ့ဘောင်မှ ခွါရှောင် ထွက်မြောက် ၍ အိမ်ရာမထောင်သော သာသနာ့ဘောင်သို့ ဝင်ရောက် လာသော ရှင်ရဟန်းများ ဖြစ်ပါလျက် ရည်ရွယ်ရင်း သံသရာ ဝဋ္ဋဒုက္ခမှ ထွက်မြောက်ရန် အားမထုတ်ပဲ အချင်းချင်း ခိုက်ရန် ဖြစ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက် ပြောခြင်း အမှုကိုပြု၍ များစွာသော မကောင်းမှုတို့ကို ပွါးစေကာ ငါတို့၏ နောက်

လိုက်နောက်ပါ လူနတ်တို့နှင့်တကွ အပါယ်သို့ကျရောက်ကြ ပါမူ အမှန်ပင် မသင့်လျော်ချေ၊ ဤသို့ နှလုံးသွင်း ဆင်ခြင် သင့်ပါသည်။

"မကောင်းမှုတို့ကို ပြုသော သူမိုက်သည် ထိုသို့ ပြုသောအခါ၌မသိ၊ ပညာမဲ့သောသူသည် မိမိပြုသော မကောင်းမှုတို့ကြောင့် မီးလောင်ခံရသူကဲ့သို့ ပူပန် ရ၏" (ဓမ္မ။၁၃၇။)-

ဟု ဟောတော်မူအပ်သော စကားတော်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင် သတိနှင့်ယှဉ်လျက် သံဃာကွဲပြားခြင်း ငှါရင်း, သံဃာ၌ (ကွဲပြားရန်) အရေးအကြောင်း ထင်ခြင်း ငှါရင်း အားထုတ်ခြင်း၏ ကြီးလေးသော အပြစ်ရှိသည်၏ အပြစ်ကို နှလုံးသွင်းကာ တခါတရံမျှ သံဃာကွဲပြားခြင်း အရေးအကြောင်း ထင်ခြင်းကို ဖြစ်စေတတ်သည့် ခိုက်ရန် ဖြစ်ခြင်း, ငြင်းခုံခြင်း, ဆန့်ကျင်ပြောဆိုခြင်း, စကားများခြင်း အမှုကို မဖြစ်စေသင့်ပါ။

"သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်၏။ စိတ်ဓာတ် ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏" (ဓမ္မ။၁၉၂။)-

ဟု ဟောတော်မူအပ်သော စကားတော်ကို နှလုံးသွင်း ဆင်ခြင်ကာ သံဃာ၏ ကောင်း၏ ဝန်ခံခြင်းငှါ, သံဃာ၏ ချမ်းသာခြင်း အကျိုးငှါ သီရိလင်္ကာနေ ရဟန်းတော်တို့၏ ညီညွတ်ခြင်းကို တောင့်တလျက် ထိုညီညွတ်ခြင်း အကျိုးငှါ အားထုတ်မှုကို ပြုသင့်ပါသည်။

"အမျက် ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏၊ မကောင်းသော သဘောရှိသူကို ကောင်းသောသဘောဖြင့်အောင်ရာ၏" (ဓမ္မ။၄၆၈)-

ဟု ဟောတော်မူအပ်သော စကားတော်ကို အဖန်ဖန် ဆင်ခြင်ကာ မိမိအား စိတ်ဆိုးသောပုဂ္ဂိုလ်၊ မကောင်းသော သဘောရှိသော ပုဂ္ဂိုလ်တို့ကို အောင်နိုင်ခြင်းငှါ တခါတရံမျှ ထိုပုဂ္ဂိုလ်တို့အား အမျက်မထွက်သင့်၊ မိမိကိုယ်ကို မကောင်းသော သဘောရှိသည့် အဖြစ်သို့ မရောက်စေသင့်ပါ။

"သူတပါးတို့၏ မလျော်သော အပြစ် အနာအဆာကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု မပြုကို မကြည့်ရှုရာ၊ မိမိ၏ကောင်းမှု မကောင်းမှု ပြု-မပြုကိုသာကြည့်ရှုရာ၏။" (ဓမ္မ။၂၀။)

ဟုဟောတော်မူအပ်သော စကားတော်အားလျော်စွာ အခြားသူတို့၏ ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်ကို မကြည့်ရှုမူ၍ မိမိ၏ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်ကိုသာ အမြဲကြည့်ရှု ဆင်ခြင်လျက် ထိုသို့ သဘောရှိသည့် အပြစ်မျိုးဖြင့် မိမိကိုယ်ကို မညှိုးနွမ်းစေသင့်ပါ။

"ဤလောက၌ သူမိုက်ဘိုသည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ထိုသို့ မသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် မပြေငြိမ်းကုန်၊ ဤလောက၌ ပညာရှိတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသို့ သိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းကုန်၏။" (ဓမ္မ။ ၁၄။)

ဟူ၍ ဟောတော်မူအပ်သော စကားတော်ကို အလွန် သက်ဝင် ကြည်ညိုပြီးလျှင် ထိုစကားတော်နှင့် လျော်ညီစွာ ခိုက်ရန်ငြင်းခုံမှုတို့ အခါခပ်သိမ်း ကင်းငြိမ်းစေရန် ဤသို့ ဆင်ခြင် သင့်ပါသည်။

"ယခုအခါ ငါတို့သည် အချင်းချင်း ခိုက်ရန် ငြင်းခုံမှု ဆန့်ကျင်ပြောဆိုမှုတို့ကို ပြုလျက်သာလျှင် ယနေ့သော်၎င်း နက်ဖြန်သော်၎င်း သံဘက်သော်၎င်း အမှတ်မရှိ တစုံတခုသော နေ့ရက်အတွင်း မကြာမြင့်မီမှာပင် ကုစား၍ မရနိုင်သည့် တစုံတခုသော ရောဂါနှိပ်စက်ခံပြီး ဒုက္ခဝေဒနာပြင်းစွာ ခံစားရသော သူနာအဖြစ်ဖြင့် သေမင်းခံတွင်းသို့ ဝင်ကြရပေလိမ့်မည်။ သားကောင်တို့သည် မိမိတို့အချင်းချင်း နှိပ်စက်ညှဉ်းဆဲ ကိုက်ခဲကြလျက် သားတို့သနင်း ခြင်္သေ့မင်း၏ ခံတွင်းသို့ ဝင်ကြရသကဲ့သို့၎င်း ကြွက်တို့သည် အချင်းချင်း ကိုက်ခဲကြလျက်သာ ကြောင်၏ခံတွင်းသို့ ဝင်ကြရသကဲ့သို့၎င်း ဖြစ်ခြင်း၏" ဤသို့ ဉာဏ်ဖြင့် သက်ဝင်ကာ စဉ်းစား ဆင်ခြင်သင့်ပါသည်။

"ဤလောက၌ သတ္တဝါသည် ကောင်းမှု မကောင်းမှု အကြင် ၂-မျိုးကို ပြု၏။ ထိုကောင်းမှု မကောင်းမှုသည်သာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏။ ထိုဥစ္စာကိုသာလျှင် ယူ၍သွား၏။" (သံ၊ ၁။ ၇၂။) ဟူ၍၎င်း—

"ကုသိုလ် အကုသိုလ် တရားဖြင့် ၂-ပါးသော တရားတို့သည် တူမျှသော အကျိုးရှိကြသည်မဟုတ်၊ အကုသိုလ်တရားသည် ငရဲသို့ဆောင်တတ်၏။ ကုသိုလ်

တရားသည် ကောင်းသောလားရာ သုဂတိ ဘဝသို့ ရောက်စေတတ်၏။" (ထေရ။ ၂၇၂။ ဧ၁၊ ၁။ ၃၅၇။)
ဟူ၍ရှင်း—

ဟောတော်မူအပ်သော စကားတော်နှင့် လျော်ညီစွာ "ငါတို့ ဆည်းပူး ပြုလုပ်အပ်သော မကောင်းမှု အကုသိုလ် တို့က အပါယ် လေးဘုံတို့၌ ငါတို့ကို ဧကန် ပစ်ချလိမ့်မည်" ဟု ကောင်းစွာ နှလုံးသွင်းကာ သံဝေဂပွါးပြီးလျှင် အပါယ်၌ ဖြစ်စေတတ်သည့် ယင်းမကောင်းမှုတို့မှ လွတ်မြောက်ရန်အထူး သတိပြုသင့်ကြပါသည်။

ယင်းသို့ သတိပြုပြီးလျှင် အခါခပ်သိမ်း မိမိကိုအကြောင်း ပြု၍ ဘုရားရှင်သာသနာတော်၌ သံဃာကွဲပြားခြင်း, သံဃာ ကွဲပြားရန် အရေးအကြောင်း ထင်ခြင်းတို့ မပေါ်ပေါက်စေရန် ခိုက်ရန်ပြုခြင်း ငြင်းခုံခြင်း, ဆန့်ကျင်ဘက်ပြောခြင်း, စကား များခြင်း, သံဃာ၌အဓိကရုဏ်းဖြစ်အောင် ပြုခြင်းတို့ကို တခါ တခုမျှ မဖြစ်စေကြပဲ စင်စစ်အားဖြင့် မိမိ သူတပါး နှစ်ဦးသား တို့၏ အကျိုးမဲ့ကို ပြုတတ်သည့် သံဃာကွဲပြားခြင်း,ကွဲပြားရန် အရေးအကြောင်း ထင်ခြင်း၏ အကြောင်းရင်း ဖြစ်သည့် မြဲမြံစွာ စွဲယူခြင်း (အာဒါနဂ္ဂါဟ)၊ မစွန့်လွှတ်နိုင်ခြင်း(ဒုပ္ပဋိနိဿဂ္ဂ)ဟူသော အထူးယုတ်ညံ့သည့် အမှု ၂-မျိုးကို နှင်ထုတ် ပယ်ဖျောက်သင့်ပါသည်။

သီရိလင်္ကာ၌ သီတင်းသုံးနေတော်မူကြသော ဥပါလိနွယ် ဝင် မြန်မာနွယ်ဝင် ထေရ်ကြီးထေရ်ငယ် အရှင်မြတ်တို့ဘုရား ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ် ရောယှက်မှုရှိ မရှိ အယူဝါဒ ကွဲပြား၍ သိက္ခာထပ်ခြင်း 'ဒဠှီကမ္မ' အမှု ပြုသင့် မပြုသင့်အယူ

ဝါဒလည်း ရှိတော်မူကြသော တပည့်တော်တို့၏ချစ်စွာသော မမြင်ဖူးသေးသည့်မိတ်ဆွေ မြင်ဖူးပြီးမိတ်ဆွေ ဆရာသမား အရှင်မြတ်များသည် သာသနာတော် တိုးတက် ပြန့်ပွါးစည်ကားခြင်း အကျိုးငှါရင်း သံဃာ ညီညွတ်ခြင်းအကျိုးငှါရင်း မြောက်မြားစွာသော အခြားသီတင်းသုံးဖော် လဇ္ဇီ ကုက္ကုစ္စက သူတော် သူမြတ်များနှင့် မဆန့်ကျင်အောင် ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါကုန်ဘုရား။

## အဘယ်သို့ ကျင့်ရမည်နည်း

ဖော်ပြခဲ့ပြီးသော သံဃာ ညီညွတ်ခြင်းကို အလိုရှိတော်မူကြသော သီရိလင်္ကာ အရှင်မြတ်တို့သည် ခိုက်ရန်ပြုခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက်ပြောခြင်းအားမပြု ကြပဲ ဘုရားတပည့်တော် လျှောက်ထား တောင်းပန်သည့်အတိုင်း အစဉ်လိုက်ကာ ပြုကျင့်တော် မူလိုကြသော ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် ဤသို့ပြုကျင့်သင့်ပါသည်။

ဤနေရာ၌ ဥပါလိနွယ်ဝင် ထေရ်အရှင်တို့၏ အရင်းမူလကို ရှာကြည့်ပါမူ မြန်မာနွယ်ဝင် ရဟန်းများမှ သီးခြားနိကာယဝင်များ အဖြစ် တွေ့မြင် ရပါသည်။ ယင်းသို့ သီးခြား ဖြစ်ပါသော်လည်း အဆိုပါ ဥပါလိနွယ်ဝင် မြန်မာနွယ်ဝင် ရဟန်းများ၏ ဆရာစဉ်ဆက် ဆင်းသက်လာသော အနွယ်ကိုသာ အမှီပြု၍ ကွဲပြားခြင်း ဖြစ်ပါသည်။ တစုံတခုသော ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းကို အမှီပြု၍ ကွဲပြားခြင်း မဟုတ်ပါ။ ထို့ကြောင့် ဥပါလိနွယ်ဝင် ရဟန်းတော်များ၏ မြန်မာနွယ်ဝင် ရဟန်းများနှင့်အတူ သံဃာ ညီညွတ်ခြင်းငှါ တစုံဘာရာ လျှောက်ထားဖွယ်ရာ မရှိပါ။

သို့ပါသော်လည်း ၂-ဖက်နိကာယဝင် ထေရ်အရှင်တို့၊ ဤသို့ နှလုံးပြုတော်မူကြပါရန် အနူးအညွတ် တောင်းပန်ပါသည်။

"ဆရာစဉ်ဆက် ဆင်းသက်လာသော အနွယ်ကို အမှီပြု၍ ငါတို့၏ သီးခြား နိကာယဝင်များအဖြစ် တွေ့မြင်ရသော်လည်း ငါတို့အားလုံးသည် ဘုရားရှင်၏ တပည့်သားများ အဖြစ်ဖြင့် အဖတူ ညီနောင်များ ဖြစ်ကြ၏။ သာကီနွယ်နွား ရှင်ရဟန်းများ အဖြစ်ဖြင့် အနွယ်တူ နိကာယတူများသာ ဖြစ်၏" ဤသို့ နှလုံးပြုသင့်ပါသည်။

ယင်းသို့ နှလုံးပြုကြပြီးလျှင် တဦးအပေါ်တဦး အမြဲမပြတ် မေတ္တာစိတ်ဓာတ်ကို ဖြစ်စေကာ အသီးသီးသော အသီးသီးသော အရှင်မြတ်တို့၏ အလိုအကြိုက်စရိုက် အဇ္ဈာသယ အယူအဆအားလျော်စွာ ဝိနည်းကျင့်စဉ်အားဖြင့် အချင်းချင်း တစုံတရာ ကွဲပြားဆန့်ကျင်မှု ရှိသော်လည်း အရေးမပါ အရာမရောက် မပြောပလောက်သော အကြောင်းကို စွဲ၍ "ဤသည်သာ သင့်၏၊ ဤသည်ကား မသင့်" ဟု ခိုက်ရန်ပြုခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက်ပြောခြင်းအမှု ပြုနေကြပါလျှင် အရှင်မြတ်တို့ အချင်းချင်း ပြစ်မှားစိတ်ဆိုးရန်ငြိုးဖွဲ့ကြပြီး အကုသိုလ်တရားတို့ များစွာ တိုးပွါးကြပါလိမ့်မည်။ အရှင်ဘုရားတို့ကို အတုလိုက်ကာ ဖော်ပြခဲ့ပြီးသော နည်းအတိုင်း များစွာသော ကိုင်းသားပြည်သူ လူရှင်ရဟန်းတို့သည်း အချင်းချင်း ခိုက်ရန်ဖြစ်ပွါး ပြစ်မှားစိတ်ဆိုး၍ ရန်ငြိုးဖွဲ့ခြင်း မာန်ထောင်ခြင်း ကွဲရှဲရှုတ်ချခြင်းအမှု ပြုကြပြီးလျှင် တဦးကိုတဦး အကြောင်းပြုကာ များစွာသော မကောင်းမှုတို့ တိုးပွါးကြပါလိမ့်မည်။

ထို့ကြောင့် မပြောပလောက်သည့် အနည်းငယ်သော အရာဌာနမျိုး၌ တစုံတခု ဆန့်ကျင်ပြောဆိုမှု မပြုကြပဲ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက် ပြောခြင်း သံသယကွဲပြားခြင်း ကွဲပြားရန် အရေးအကြောင်း ထင်ခြင်းတို့ မဖြစ်ပေါ်နိုင်သောနည်းဖြင့် ပြုကျင့်ကြ၍ အခါ ခပ်သိမ်း (မာန) တံခွန်မထူ ကိလေသာမြူမထ အကုသိုလ်နှံ့ မထွက်စေဘဲ ဒေါသခိုးကို ငြိမ်းသတ်ကာ တခါတရံ ဒေါသခိုး မထမှု၍ အချင်းချင်း ချမ်းသာလိုလား အကျိုးစီးပွါး ရှာမှီးသူများသာ ဖြစ်သင့်ကြပါသည်။

ဥပါလိနွယ်ဝင် မြန်မာနွယ်ဝင် ဖြစ်တော်မူကြသော တပည့် တော်တို့၏ ချစ်စွာသော မြင်ဖူးပြီး မိတ်ဆွေ မမြင်ဖူးသေး သော မိတ်ဆွေဖြစ်သည့် သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော အရှင်မြတ်တို့ဘုရား အရှင်မြတ်တို့သည် ဖြောင့်မတ်ခြင်း နူးညံ့ခြင်း သည်းခံခြင်း သနားခြင်း ဂုဏ်နှင့် ပြည့်စုံကြပြီး အချင်းချင်း ကြည်ညိုပုံအခြင်းအရာကို ပြကာ အမြဲတမ်း ချစ်စွာသော မျက်လုံးဖြင့် ရှင်ပွှင်းစွာ ကြည့်ရှုကြလျက် နို့ ရည်နှင့် ရေ ရောနှောနေသကဲ့သို့ ခိုက်ရန် မပွါး အမျက်မထားကြပဲ ကောင်းစွာ ကျင့်ကြံတော်မူကြ ပါကုန်ဘုရား။

## မြန်မာနွယ်ဝင်အတွင်း ငြင်းခုံမှုဖြစ်ခြင်း

လျှောက်တင်ခဲ့ပြီးသည့်အတိုင်း ဥပါလိနွယ်ဝင် ထေရ် အရှင်တို့နှင့်အတူ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း မပြုပဲ ညီညွတ်အောင် ကောင်းစွာ ကျင့်ကြံနေထိုင်ကြသော မြန်မာနွယ်ဝင် ထေရ်အရှင်တို့အား မိမိတို့ မြန်မာနွယ်ဝင်

အတွင်း၌ပင် ဖော်ပြပါ နည်းဖြင့် တခုသောမြစ်အတွင်း ဥဒကုက္ခေပ သိမ်တန်ဆောင်းတခုကို စွဲ၍ အချင်းချင်း ငြင်းခုံကြပြီးလျှင် ယခုအခါ ရောယှက်၏ဟု အယူရှိသော 'သက်ရဝါဒီ'ဂိုဏ်းနှင့် မရောယှက်ဟု အယူရှိသော 'ယသက်ရဝါဒီဂိုဏ်း' ဟူ၍ ၂-မျိုးသော နိကာယဂိုဏ်းဝင်များ ဖြစ်သွားကြပါသည်။

ထိုနိကာယဝင် ၂-မျိုးတို့ဘွင် "ဤသို့သဘောရှိသော (ယခုဆောက်လုပ်ထားသည့်) သိမ်တန်ဆောင်းသည် ရွာနယ် (ဂါမခေတ်)မှ စတင် တည်ဆောက်လာ၍ မြစ်အတွင်း စိုက်ဆောက်တည်ရှိနေသော သစ်သားတံတား၏အနီး ရေတဖက် (ဥဒကုက္ခေပ) အတွင်း၌ တည်ရှိနေသောကြောင့် ဂါမသိမ်(ရွာနယ်အပိုင်းအခြား)နှင့်ရောယှက်မှုကို ပြု၏ဟုဍင်း၊ မပြု၏ဟုဍင်း" "ထိုသိမ်တန်ဆောင်း၌ ရှေးက ပဉ္စင်းအဖြစ် ရထားကြသောပုဂ္ဂိုလ်များ ပဉ္စင်းဖြစ်၏ဟုဍင်း၊ မဖြစ်၏ဟုဍင်း" ဤသို့ ဆန့်ကျင်ဘက် ပြောကာ ငြင်းခုံကြပါသည်။

ဤသို့ ၂-မျိုးသော နိကာယဝင်များ ဖြစ်လာကြသောကြောင့် ဤ လင်္ကာသာသန ဝိသုဒ္ဓိကထာ အောက်ပိုင်း၌ ပြဆိုခဲ့ပြီးသည့်အတိုင်း များစွာသော တိုင်းသားပြည်သူ လူရှင်ရဟန်းတို့သည် မိမိဖက်မှ ရှုံးနိမ့်မှုကို မလိုသားကြပဲ ခိုက်ရန်ငြင်းခုံမှုပြုကာ မိမိတို့ဖက်က အောင်နိုင်ကြောင်း နည်းလမ်းကောင်းကိုသာ ရှာကြံတောင့်တကြသျက် အမြဲတမ်း တဦးအပေါ်တဦး စိတ်၏ ခြောင့်တံသင်းအလား ဒေါသဖြစ်ပွါး ပြစ်မှားနေထိုင်ကြပါသည်။

သာသနာပိုင် သံဃထေရ်နှင့် ဗုဒ္ဓဘာသာဝင် ဘုရင်မင်းတို့ ထင်းကွာနေသော ဤသီရိလင်္ကာဝယ် ဖော်ပြပါ ကွဲပြား

ခြင်း၏အကြောင်းကို မေ့ဝိနယနှင့်အညီ ဆုံးဖြတ်၍"အသင်တို့ ဤအဆုံးအဖြတ်၌သာ တည်ကြည်ရမည်။ ငြင်းခုံမှုမပြုရ၊ အကယ်၍ အသင်တို့ ဤအဆုံးအဖြတ်၌ မတည်ကြပါလျှင် ဤသို့သောဒဏ်ကို ပြုရလိမ့်မည်"ဟု လွှမ်းမိုးနှိပ်ကွပ် ပြောဆိုတတ်သော အာဏာထားခြင်းငှါထိုက်၍ အာဏာဖြန့်ဝေနိုင်သော အဆုံးအဖြတ် ပေးစွမ်းနိုင်သည့် ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကိုလည်း မရရှိပါ။

ဤသို့သော အရာဌာန၌ အာဏာထားခြင်းငှါ ထိုက်သော ဖော်ပြပြီး ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို အပထား၍ တစ်ဘယောက်သော ပုဂ္ဂိုလ်တို့က "အသင်တို့ ဤတရားနှင့် ညီသော အဆုံးအဖြတ်၌ တည်ကြရမည်"ဟုဆို၍ တရားနှင့်ညီသော အဆုံးအဖြတ်ကို ပေးသော်လည်း သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် အရှင်မြတ်တို့သည် တူမျှသော စိတ်ဆန္ဒရှိကာ ကောင်းစွာ ကျင့်ကြံကောင်း ကျင့်ကြံရပါသည်။ ယင်းသို့ တစ်ဘယောက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအဖြတ်၌တည်ကာ ကောင်းစွာ ကျင့်ကြံခြင်းသည်လည်း အလွန်ရနိုင်ခဲသော အရာဖြစ်ပါသည်။

ဤသို့ခဲယဉ်းသော အရာဌာနဖြစ်သော်လည်း ဆိုဆုံးမလွယ်၍ နှိမ့်ချသော ကိုယ်စိတ်ရှိသည့် သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် ထေရ်အရှင်တို့သည် ဇမ္ဗူဒိပ်ကျွန်းသားထေရ်ရှင်များဖြစ်သော တပည့်တော်တို့၏ ဤသီရိလင်္ကာ(ကျွန်း)သို့ ရောက်လာသော ယခုနှစ် တန်ခူးလဆုတ် (ပက္ခ) ဂ-ရက်ဥပုသ်နေ့၌ ဝါလုကာတိဋ္ဌ မည်သောရွာအနီး တည်သော အုန်းခြံအတွင်း ၂-ဖက်သော နိကာယဝင် အရှင်မြတ်တို့ စည်းဝေးရာ ညဉ့်အချိန်၌ ဂုဏ်တော်များ အချင်း

ချင်း ငြင်းခုံခြင်း၊ ဆန့်ကျင်ဘက်ပြောခြင်း၏အပြစ်နှင့် မငြင်းခုံခြင်း၊ သည်းခံခြင်း၊ သနားခြင်း စသည်၏အကျိုးကိုပြပြီး တရားစကား ဟောကြားကာ အသီးသီးကွဲပြားသော နိကာယဝင် အရှင်မြတ်တို့ ညီညွတ်အောင် ကျင့်နည်းကို (တပည့်တော်တို့) ညွှန်ပြခဲ့ပါပြီ၊ ထိုကျင့်ကြံနည်းကို အလိုဆန္ဒ တူမျှကြကာ သံဃာ့အလယ်တွင် ဝန်ခံခဲ့ကြပါပြီ။

ထို့ကြောင့် ၂-ဖက် နိကာယဝင် အရှင်မြတ်တို့သည် ရှေးက မိမိတို့ဝန်ခံခဲ့သည့်အတိုင်း ပြုကျင့်၍ သာသနာမှု ကိစ္စအဝဝကို ဆောင်ရွက်ကာ "ပြောသည့်အတိုင်း ပြုကျင့်ခြင်း" ဟူသောဂုဏ်ကို ထိန်းသိမ်း လိုကြပါလျှင် ဤသိရိလင်္ကာ၌ တခုသောမြစ်အတွင်း အရှင်မြတ်တို့ ငြင်းခုံရာဌာနဖြစ်သော ဥဒကုက္ခေပ သိမ်တန်ဆောင်းဝယ် ပဥ္စင်းအဖြစ်ကိုရကြသော အသက်ရဝါဒီ အရှင်မြတ်တို့သည်၎င်း၊ ထိုဥဒကုက္ခေပသိမ် အတွင်း ပဥ္စင်းဖြစ်လာသောပုဂ္ဂိုလ်တို့ကို ဂဏပူရက (ဂိုဏ်းပြည့်) ပြု၍ အခြားသိမ်၌ ပဥ္စင်းအဖြစ်ကိုရကြသော အရှင်မြတ်တို့သည်၎င်း အဆိုပါ အရှင်မြတ်အားလုံးတို့သည် ရှေးအခါက တပည့်တော်တို့ "သီမာသင်္ကရဝိနိစ္ဆယ" မည်သော ကျမ်းကို ရေးသား စီရင်ကာ အရှင်မြတ်တို့အား ညွှန်ပြခဲ့သည့်အတိုင်း ဋီကာဆရာတော်ကြီး ၃-ပါးတို့၏ အလိုသို့လိုက်ကာ ပြုသင့်ကြပါသည်။

ဋီကာဆရာတော်ကြီး ၃-ပါးတို့၏ အလိုဟူသည်မှာ—

"အလေးနှင့် အခေပါ့ဘွင် အလေး၌တည်ရာ၏။ ဤကား ဝိနည်း၏ အမှတ် 'လက္ခဏာ' တည်း" (ဝိ၊ ဋ္ဌ၊ ၁။ ၂၇၆။ ဝိ၊ ဋ္ဌ၊ ၃။ ၂၉။ ဝိ၊ သင်္ဂဟ။ ၇၉။)-

ဟူသော အဋ္ဌကထာစကားနှင့်ရှင်း "ဓမ္မပါဒ်ပုဂ္ဂိုလ်များရာသို့ လိုက်၍ပြုရခြင်း" ဟူသော (အဓိကရဏသမထ) ဝိနည်းနှင့်ရှင်း လျော်ညီသော ဝိနည်းအရာ လိမ်မာသည့် သိရှိလက်ာနေ ထေရ်အရှင်တို့နှင့် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ရှင်များ လေးစားနှစ်သက်အပ်သည့် လေးသောအရာဌာနပင် ဖြစ်ပါသည်။

များစွာသော ရှေးဝိနည်းကျမ်းဂန်တို့နှင့်ရှင်း ဇမ္ဗူဒိပ်ကျွန်းနေ အကြားအမြင်များသော ဝိနည်းဓိုရ် မဟာထေရ်မြတ် ပူဇော်အပ်သော မြောက်မြားစွာသော သဒ္ဒေသကထာတို့နှင့်ရှင်း ဆန့်ကျင်သော ဂဏ္ဌိပဒကျမ်းဆရာတို့၏ အလိုဖြစ်သည့် ပေါ့သော အရာဌာနသို့လည်း မလိုက်သင့်ကြပါ။

ဘုရားရှင်သာသနာတော်၌ မိမိ၏ ကိုးကွယ်ရာကို ရှာမှီးရန် ရဟန်းပြုလာကြသည် အားလျော်စွာ ဘေးဘျမ်းများ ရောပြွမ်းနေသော သံသာရာလမ်းခရီး၌ များစွာသော ဘေးတို့မှ လွတ်မြောက်ရန် မိမိကိုးကွယ်ရာကို ရှာမှီးရာနှင့် အစီးအပွါးကို ပြုလုပ်ရာဌာနမျိုး၌ အဆိုပါ ပေါ့လျော့သော စကားမျိုးဖြင့် အမြွက် မထောင်သင့်ကြပါ၊ ယုံကြည်မှုဖြင့် ရဟန်းပြုသာသော ရဟန်းယူးရဟန်းမြတ်၏ အသွင်ကို ထင်ရှား ပြသင့်ကြပါသည်။

ယောကျ်ား သာမန်တို့ အောင်မြင်ရန် မစွမ်းနိုင်သော အကျွေဘိနိ စစ်တပ်ကြီးကို ချမ်းသာလွယ်ကူစွာ အောင်မြင်နိုင်သော ကုသမင်းမြတ်နှင့် အလားတူသည့် အာဇာနည် ယောကျ်ားထူး ယောကျ်ားမြတ်ကဲ့သို့ မိမိသန္တာန်မှ ပယ်ခွါရန် မစွမ်းသာသည့် မြဲစွာစွဲယူမှုနှင့် စွန့်လွတ်နိုင်ခဲ့မှု ဟူသော

မာရ်မင်း၏ စစ်သည်အပေါင်းကို လျင်မြန်စွာ ပယ်ခွါတိုက် ထုတ်သင့်ကြပါသည်။ မြဲစွာမစွဲယူမှုနှင့် စွန့်လွှတ်လှူယ်ကူမှု ဟူသော သူတော်ကောင်းတို့၏ ဂုဏ်မွန်ကင်းဖြင့် သီရိလင်္ကာ ကျွန်း၊ ဇမ္ဗူဒိပ်ကျွန်းတို့၌ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်း တောက်ပစေသင့်ကြပါသည်။

နှိမ့်ချခြင်း၊ မထောင်လွှားခြင်း၊ သည်းခံခြင်း၊ သနားခြင်း စသော ရဟန်းထူး ရဟန်းမြတ်တို့၏ နှစ်သက်ဖွယ်ရန်ဖြင့် သီရိလင်္ကာကျွန်း၊ ဇမ္ဗူဒိပ်ကျွန်းတို့၌ သင်းပျံ့မွှေးကြိုင် လှိုင်စေပြီးလျှင် ဆိုဆုံးမလွယ်ခြင်း ဟူသော အထူးပညာရှိသူ တို့၏ ဂုဏ်တံခွန်ကို သီရိလင်္ကာနှင့် ဇမ္ဗူဒိပ်ကျွန်းနေ ထေရ် အရှင်တို့ အစဉ်မပြတ်ကြည့်ရှုရန် အလွန်မြင့်မားစွာ လွှင့်ထူ ထားသင့်ကြပါသည်။

"ငါ၏ တပည့်စဉ်ဆက်ဖြစ်သော နှောင်လာ နောက်သား အသင်တို့သည် တစုံတခုသော ငြင်းခုံရာဌာန၌ ငြင်းခုံမှုကို ဘေးဘျမ်းအဖြစ်ဖြင့်၎င်း မငြင်းခုံမှုကို ဘေးကင်းရာအဖြစ် ဖြင့်၎င်း ရှုမြင်ကြပြီးလျှင် မြဲစွာမစွဲယူမှု၊ စွန့်လွှတ်လှူယ်မှု၊ နှိမ့်ချမှု၊ မထောင်လွှားမှု၊ ဆုံးမလွယ်မှုဟူသော ဂုဏ်နှင့် ပြည့်စုံသူများအဖြစ်ဖြင့် ငါကဲ့သို့သောပုဂ္ဂိုလ်များ ဖြစ်ရစ်ကြ" ဟုသာသနာကွယ်သည့်တိုင်အောင် မိမိ၏ တပည့်စဉ်ဆက် တို့အား နည်းပေးသမ်းပြသကဲ့သို့ ပြုကျင့်ကြပြီးလျှင် ဤ သီရိလင်္ကာ၌ အလွန်ကြာမြင့်စွာသော အခါက ဖြစ်ပေါ် ခဲ့သော ငြင်းခုံကွဲပြားမှုဘေး၏ အကြောင်းရင်းကို အထူးသူ တော်ကောင်း၏ အဖြစ်ဟူသော မိမိ၏ ဂုဏ်ဓားလက်နက် ဖြင့် ဖြတ်တောက်ပယ်ရှင်း သင့်ကြပါသည်။

ငြင်းခုံမှုဘေး လွှမ်းမိုးနှိပ်စက်ခံရရှာသော တိုင်းသားပြည်သူ လူရှင်ရဟန်းများ ငြင်းခုံကွဲပြားမှု မဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ဘေးမဲ့အလှူ (အဘယဒါန) ကို ပေးလှူကာ အလုံးစုံသော သူတော်သူမြတ်တို့ကို တခုတည်းသော ကောသာဟာလဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်အောင် ကောင်းချီးနှုမော် သာဓုခေါ်စေသင့်ကြပါသည်။

သီရိလင်္ကာသာသနာ၏ အတိုင်းထက်အလွန် ထွန်းလင်းတောက်ပခြင်း၏ အကြောင်းကို ပြီးစေကာ အသင့်အားဖြင့် နှလုံးသွင်းပြီးလျှင် "မိမိသိက္ခာဉ် ကုက္ကုစ္စ သံသယ ပယ်ဖျောက်ရန် (တဖန်) သိက္ခာထပ်ခြင်းသည်သာ ငါတို့အတွက် အသင့်လျော်ဆုံးဖြစ်၏" ဟု အလွန်အမင်းဝမ်းမြောက်ကာ "တပည့်တော်တို့ (တဖန်) သိက္ခာထပ်ပါကုန်အံ့၊ ယခုအခါ ဇမ္ဗူဒိပ်မှကြွလာသော သံဃာတော်အပေါင်းသည် အစဉ်သနားမှုကို အစွဲပြု၍ တပည့်တော်တို့ကို (တဖန်) သိက္ခာထပ်ပေးတော်မူပါ" ဟု တောင်းပန် လျှောက်ထားပြီးလျှင် သိက္ခာထပ်တော်မူကြပါကုန်။

## တပည့်တော်တို့၏ ဝန်ခံချက်

ဤသို့ အရှင်ဘုရားတို့၏ တောင်းပန်ခြင်းခံရသော ဇမ္ဗူဒိပ်ကျွန်းဖွား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များသည် မိမိတို့အစွမ်းသတ္တိ အားလျော်စွာ အားထုတ်ကြလျက် ဘုရားရှင်၏ သာသနာမှုကိစ္စကို မပျင်းရိ မငြီးမငွေ့ကြပဲ ဆိုဆုံးမလွယ်သည့် သူတော်ကောင်းများဖြစ်သော သဒ္ဓါ ပဗ္ဗဇိတ အရှင်မြတ်တို့ကို အထူးယုံကြည် ချစ်ခင်လေးစားကြပြီး ညီညွတ်ဝမ်းမြောက်ကြကာ အရှင်ဘုရားတို့ တောင်းပန်အပ်သော

သိက္ခာထပ်မှုကိစ္စကို ကောင်းစွာ အောင်မြင်ပြီးမြောက်အောင် ချီးမြှောက်အားထုတ်ကြပါကုန်အံ့ဘုရား။ ယင်းသို့ အားထုတ်ခြင်းသည်လည်း အရှင်ဘုရားတို့အား ချီးမြှောက်ခြင်းငှါလည်းကောင်း၊ ရဟန်းအချင်းချင်း ညီညွတ်ကြ၍ သီရိလင်္ကာသာသနာ အထူးသန့်ရှင်း ထွန်းလင်းတောက်ပခြင်းငှါလည်းကောင်း ရည်ရွယ်သောကြောင့် ဖြစ်ပါသည်။

## နောက်ထပ် ဥပဇ္ဈာယ် ယူစေခြင်း

သိက္ခာထပ်သော အရှင်မြတ်တို့၏ ရှေးအခါ မူလသိက္ခာတင်စဉ်က ထို မူလဥပသမ္ပဒကံသည် ပြည့်စုံမှု 'သမ္ပတ္တိ' အားလုံး ရရှိပါလျှင် မူလခံယူသော ပဉ္စင်းအဖြစ်နှင့် ပဌမဥပဇ္ဈာယ်သည်သာ ဖြစ်သင့်ပါသည်။ မူလဥပသမ္ပဒကံသည် အကယ်၍ ပြည့်စုံမှု မရှိပါလျှင် ထိုအရှင်မြတ်တို့သည် ပဉ္စင်းဟု သမုတ်ခံရသော်လည်း ပဉ္စင်းအစစ် မဖြစ်ကြပါ။ ယင်းသို့ မဖြစ်ပါလျှင် ထိုအရှင်တို့၏ သာမဏေသီလသည်လည်း အနှစ်များစွာ ကြာမြင့်သောကာလကို လွန်မြောက်၍ မုသာဝါဒစသော သိက္ခာပုဒ် တစုံတရာ ကျိုးပေါက်ရာပါသည်။ သိက္ခာပုဒ် ကျိုးပေါက်လျှင် ထိုအရှင်တို့သည် ရှေးကယူခဲ့သော ဥပဇ္ဈာယ်ဆရာမှ ကင်းကွာနေကြပါမည်။ ထို့ကြောင့် (တဖန်) သိက္ခာထပ်လိုကြသော အရှင်မြတ်အားလုံးသည် မိမိ၏လည်းကောင်း၊ ကာရကသံဃာတော်၏လည်းကောင်း၊ အထူးအားဖြင့် ကုက္ကုစ္စသံသယ ပယ်ဖျောက်ရန် နောက်ထပ်တဖန် ဥပဇ္ဈာယ်ယူ၍သာ သိက္ခာထပ်သင့်ကြပါသည်။

## တပည့်တော်တို့၏ တောင့်တချက်

ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းဖွား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များက ကြီးစွာသောလုံ့လဖြင့် (တဖန်) သိက္ခာ ထပ်ပေးအပ်သော အသက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များ သည် အခြားသော သက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များနှင့် အတူ အချင်းချင်း ညီညွတ်ဝမ်းမြောက်ကြလျက် အတူတကွ ကံကြီး ကံငယ်ပြုမှု၊ ပါတိမောက်ပြမှု ပြုလုပ်ကြကာ အယူ ဝါဒတူများသည့် တခုတည်းသော နိကာယဝင်များ အဖြစ်ဖြင့် နေထိုင်တော်မူကြပါကုန်။ သက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များ ကလည်း သိက္ခာထပ်သည့် အသက်ရဝါဒီဂိုဏ်းသား ထေရ်ရှင် များနှင့်အတူ ညီညွတ် ဝမ်းမြောက်ကြကုန်လျက် အတူတကွ ကံကြီး ကံငယ်ပြုမှု ပါတိမောက်ပြမှု ပြုလုပ်ကြကာ အယူဝါဒ တူများသည့် တခုတည်းသော နိကာယဝင်များအဖြစ်ဖြင့် နေ ထိုင်တော်မူကြပါကုန်။ ဤအချိန်မှစ၍ "သက်ရဝါဒီ" "အသက်ရဝါဒီ" ဟု ခေါ်ဝေါ်မှုမျှ မပြုကြရန် တောင်းပန် ပါသည်။

စင်စစ်သော်ကား – ရှေးအခါက အောက်၌ဆိုခဲ့ပြီး ဥဒ- ကုက္ခေပ သိမ်တန်ဆောင်း၌ ပဉ္စင်းအဖြစ်ကို ရသောပုဂ္ဂိုလ်၊ ထိုဥဒကုက္ခေပ သိမ်တန်ဆောင်း၌ ပဉ္စင်းဖြစ်လာသော အရှင် တို့ကို ဂဏပူရက ပြု၍ အခြားသိမ်၌ ပဉ္စင်းအဖြစ်ကိုရသော ပုဂ္ဂိုလ်တို့သည် တဖန် သိက္ခာထပ်သော်လည်း သီတင်းကြီး အစဉ်အတိုင်း ထေရ်စဉ်ဝါလိုက် အားဖြင့် သံဃာ့လာဘ်ကို ခံယူရာအခါ စသည်၌–

"ရဟန်းတို့၏ အစဉ်အားဖြင့် ကောက်ကျစ်သော (မမှန်ကန်သော) ဝါတို့ကို ရေတွက်၍ သီတင်းကြီး အစဉ် အတိုင်း သံဃာ့လာဘ်ကို ခံယူသော ရဟန်းအား ဘဏ္ဍာ၏ တန်ဘိုးဖြင့် ဆုံးဖြတ်အပ်၏" (ဝိ၊ဋ္ဌ၊၃၊ ၃၀၂)-

ဟူသော အဋ္ဌကထာစကားကို ဆင်ခြင်စဉ်းစား၍ အလေး ထား၍ လေးသောအရာ၌သာ တည်ကာ ပြဆိုပြီးသည့်အတိုင်း ဘဏ္ဍာ၏တန်ဘိုးဖြင့် ဆုံးဖြတ်ခံရခြင်း စသော အပြစ်ဘေးမှ အထူး ကင်းဝေးအောင် ကျင့်ကြံနည်းဖြင့်သာ ကျင့်ကြံကြပြီး မိမိသည်သာ မိမိ၏ကိုးကွယ်ရာ ပြုတော်မူကြပါကုန်။

မိမိသိက္ခာ ခိုင်မြဲပါလျက် ထိုသိက္ခာ၌ ကုက္ကုစ္စသံသယ မကင်း၍ တဖန် သိက္ခာထပ်သော ထိုပုဂ္ဂိုလ်တို့သည်လည်း သိက္ခာ ထပ်ပြီးနောက် သိက္ခာသစ်ကိုသာ ယူ၍ ရဟန်းဝါကို ရေတွက်တော်မူကြပါကုန်။

အချို့ ပုဂ္ဂိုလ်တို့သည် မိမိသိက္ခာ၌ ကုက္ကုစ္စ သံသယကင်း ပြီး အခြားပုဂ္ဂိုလ်တို့၏ စွပ်စွဲ'စောဒနာ'မှု မခံရသော်လည်း ပဋ္ဌင်းဖြစ်ကြောင်း ပြည့်စုံမှု ၅-ပါး၏ အလွန်ရခဲသော အဖြစ် ကို နှလုံးပြု၍ တခါတရံ၌ မပြောပလောက်သည့် ယုံမှား သံသယကို ပယ်ဖျောက်ရန် လေးသောအရာ၌ တည်လျက် (တဖန်) သိက္ခာထပ်မှု ပြုကြပါသည်။ ထိုပုဂ္ဂိုလ်တို့ သိက္ခာ ထပ်ပြီးနောက် ဈေးသိက္ခာ (ယခင်ဝါ)ကို ယူသော်လည်း အခြားပုဂ္ဂိုလ်တို့က မစွပ်စွဲသင့်ပါ။

သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ် အားလုံးတို့သည် တစုံတခုသော အရာဌာနၞ သော်လည်း အခြားပုဂ္ဂိုလ်တို့အပေါ် အပြစ်တင်၍ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း၊ဆန့်ကျင်ဘက် ပြောခြင်းအမှုကို ပြုကာ နောက်ထပ် သံဃာကွဲပြားခြင်းငှါရင်း, ကွဲပြားရန် အရေးအကြောင်းထင်ခြင်းငှါရင်း အားထုတ်တော်မမူကြပါ ကုန်လင့်။ မှန်ပါသည်။ ရဟန်းတို့အချင်းချင်း ၂-မျိုး ၃-မျိုး စသည် ကွဲပြားနိုင်သော အရာဌာနတို့၌ အစကပင် မနှိပ်ကွပ်၍ ပျက်စီးသော စိတ်ရှိသော အချို့ရဟန်းတို့၏ အချင်းချင်းအပေါ် ဟုတ်မှန်သည်မှုလည်း ဖြစ်သော မဟုတ်မှန်သည်မှုလည်း ဖြစ်သော အပြစ် တစုံတရာတင်ကာ ကဲ့ရဲ့ရှုတ်ချ၍ မပြေပလောက်သည့် အသေးအဖွဲ့ ကိစ္စမျိုးမှ အစပြုကာ များစွာသော ရဟန်းတို့ အချင်းချင်း ခိုက်ရန်ငြင်းခုံမှု ဖြစ်တတ်ပါသည်။ ထိုအခါ ကြီးစွာသော သာသနာပျက်စီးကြောင်း ဘေးရန်ပေါ်ပေါက်ပြီး ကွဲပြား ပျက်စီးပါတော့သည်။

အကြောင်းတမျိုးကား – မိမိအပေါ် အခြားသီတင်းသုံးဖော်တို့က တင်သည့် အနည်းငယ်သော အပြစ်ကိုသော်လည်း သည်းမခံနိုင်သော ရဟန်းအချို့၏ အခြား သီတင်းသုံးဖော်တို့အား ပြစ်မှားစိတ်ဆိုးကာ ကဲ့ရဲ့မှုကြောင့် တစထက်တစ သာလွန်ကြီးမားသော ခိုက်ရန်ဖြစ်မှု ငြင်းခုံမှု စသည် ဖြစ်ပွါးပြီး အကျိုးမဲ့ကို ပြုတတ်သည့် အပြစ် ကြီးမားသော အမှုများ ပေါ်ပေါက်လာတတ်ကြပါသည်။ ဝိနည်းမဟာဝါ ကောသမ္ဗကခန္ဓက ၌လာသော ရဟန်းတို့၏ ငြင်းခုံမှုကဲ့သို့ သာသနာတော်ဝယ် ငြိမ်းသတ်၍ မရနိုင်လောက်အောင်

ကြီးမားသော ရဟန္တာထေရ်ကြီးတို့သော်မှ ငြိမ်းသတ်ခြင်းငှါ မစွမ်းရာသည့် ပျက်စီးကြောင်း ဘေးရန် ပေါ်ပေါက်တတ်ပါသည်။ ထို့ကြောင့်ပင် ဤသို့သော အရာဌာနၥ-

"သူတပါးတို့၏ အပြစ်ကို မြင်လွယ်၏။ မိမိ၏ အပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုသူသည် ဖွဲကိုလှင့်သကဲ့သို့ သူတပါးတို့၏ အပြစ်ကို လွှင့်၏။ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို(သစ်ခက်စသည်ဖြင့်) ဖုံးလွှမ်းသကဲ့သို့ မိမိ၏ အပြစ်ကိုမူကား ဖုံးလွှမ်း၏" (ဓမ္မ။၄၉။)—

ဟူသော ဘုရားရှင်၏ ချိုမြိန်သာယာသော တရားဒေသနာတော်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ပြီးလျှင် ကဲ့ရဲ့လိုမှု ဟူသော ပညာတု ပညာယောင်ဖြစ်သည့် သူတပါးအပြစ်ကို ရှုမြင်တတ်သော ဒေါသရှေ့သွားရှိသည့် အကုသိုလ်စိတ်ဖြင့် လွယ်ကူစွာ မြင်နိုင်သော သူတပါးအပြစ်ကို အနည်းငယ်မျှ သော်လည်း မရှုသင့်ပါ။ အလွန်မြင်နိုင်ခဲ၍ ကောင်းမှု မကောင်းမှု ပြု-မပြု အပြစ်ကို ဆင်ခြင်တတ်သော ဝီမံသန ပညာရှေ့သွားရှိသည့် ကုသိုလ်စိတ်ဖြင့်သာ မြင်နိုင်သော မိမိ အပြစ်ကိုသာ ရှုသင့်ပါသည်။ ယင်းသို့ ရှုပြီးလျှင် ဤသို့ သဘောရှိသည့် မိမိအပြစ် မိမိအညစ်အကြေးကို စင်ကြယ်ရန်သာ အားထုတ်ပြီးလျှင် သူတပါး အပြစ်ကို ရှုမြင်လေ့ရှိခြင်း၌ အပြစ်များသည့်အဖြစ်ကို ဆင်ခြင်သင့်ပါသည်။

## သာရဲးသစ်ကျား အစာဖြစ်သော လူမိုက်ပမာ

မိုက်မဲတွေဝေသော ယောကျ်ား တယောက်သည် မိမိကို ကိုက်ခဲစားသောက်ရန် ချဉ်းကပ်လာသော ခြသေ့ သစ် ကျား စသော တစုံတခုသော သားရဲကိုမမြင်ပဲ မိမိကိုဟောင်နေသည့် တောခွေး အိမ်ခွေးတို့ကို ညှဉ်းဆဲပုတ်ခတ်ရန် အားထုတ်လျက် မိမိကိုယ်တိုင် ခြသေ့ သစ် ကျား အစာအဖြစ်သို့ ရောက်သွားရလေသည်။ ဤအတူပင် ဤသတ္တလောကတခုလုံး မိမိအား ငံ့လင့် စောင့်ဆိုင်းနေသော အလွန် ကြောက်မက်ဖွယ် ကောင်းသည့် အပါယ်ဘေးကို မတွေးမမြင် မဆင်ခြင်မူ၍ အခြား သူမိုက်တို့က မိမိအပေါ် တင်အပ်သော အပြစ် အနည်းငယ်ကိုပင် သည်းမခံပဲ အပြစ်တင်သူတို့အား အမျက် ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း ကဲ့ရဲ့ရှုတ်ချခြင်း အမှုကိုသာပြုလျက် အပြစ်တင်သူတို့နှင့်အတူ အချင်းချင်း ခိုက်ရန်ငြင်းခုံမှု ပြုနေ ပါသည်။

ထိုပုဂ္ဂိုလ်တို့၏ အပြစ်ကိုရှာကာ ၎င်းတို့ အကျိုးစီးပွါး ဖြစ်စေရန် အားထုတ်နေစဉ်မှာပင် ကုစား၍ မရနိုင်သော အနာရောဂါ တစုံတရာနှိပ်စက်လာသဖြင့် ဆင်းရဲငြိုငြင်ကာ ငိုကြွေးမြည်တမ်းလျက် မိမိ၏ သားမယားနှင့် အခြားသော ကာမဂုဏ် စည်းစိမ်ဥစ္စာတို့နှင့် ကွေကွင်းရမည့်အရေး စိုးရိမ် ပူဆွေးလျက် မျက်ရည်စက်လက် ထွက်စေပြီး အလွန်ကြောက် ရွံ့ထိတ်လန့်နေပါသည်။ သေရာညောင်စောင်း၌ ပက်လက် လျောင်းကာ တုန်လှုပ် ချောက်ချား သတိလွင့်ပါးပြီး သေ မင်းခံတွင်းသို့ ဝင်ရောက်လျက် အပါယ် ၄-ပါး လားရောက်၍

အထပ်ထပ် ပျက်စီးခြင်-သို့ ရှေးကလည်း ရောက်ခဲ့၊ နောင်လည်း ရောက်လတ္တံ့၊ ယခုလည်း ရောက်ဆဲဖြစ်ပါသည်။

## သင်္ဘောပျက်သည့် မာလိန်မှူးပမာ

သမုဒ္ဒရာတဖက်ကမ်းသို့ သင်္ဘောဖြင့် ကူးခပ်နေစဉ် မိုက်မဲတွေဝေသော မာလိန်မှူးသည် သမုဒ္ဒရာအတွင်း လေပြင်းမုန်တိုင်းတိုက်ခတ်၍ အလွန်ကြီးမားသော လှိုင်းတံပိုး အဟုန်လွှမ်းမိုးဖိစီးမှု ခံနေရပါသော်လည်း မိမိသင်္ဘော မနစ်မြုပ်ရန် အားမထုတ်ပဲ အခြားမာလိန်မှူးတို့၏သင်္ဘောကိုသာ ထိုမှ ဤမှ လှည့်လည်ကြည့်ရှုလျက် ထိုမာလိန်မှူးတို့အား ဆဲရေး ရေရွတ်ကာ (မိမိသင်္ဘောသားတို့ကို) စိစဉ် ညွှန်ကြားနေစဉ်မှာပင် သမုဒ္ဒရာရေယာဉ်အတွင်း သင်္ဘောပါ နစ်မြုပ်ပြီး မိမိစီးပွါးဉစ္စာနှင့်တကွ ဆုံးရှုံး ပျက်စီးရရှာ လေသည်။

ထိုအတူပင် လျှောက်တင်ခဲ့ပြီး ပုဂ္ဂိုလ်တို့သည် အပါယ်ဆင်းရဲနှင့်တကွ ဇာတိ ဇရာစသော ဝဋ္ဋဒုက္ခတို့နှင့် ရောပြွမ်းနေ၍ ကြောက်မက်ဖွယ် ဘေးဘျမ်းရှိသည့် သံသရာပြင်ကျယ် သမုဒ္ဒရာ ပင်လယ်ကြီးအတွင်း ဘဝများစွာ ကျင်လည်ကြစဉ် မိမိတို့၏ အကျိုးမဲ့ကို ပြုတတ်သည့် နေ့စဉ်နေ့တိုင်း မိမိတို့သန္တာန်၌ ဖြစ်ပွါးကာ မပြတ်နှိပ်စက်နေသော ရန်ရှင်းကြမ်းတမ်းသည့် ကာမဝိတက်စသည်တို့ကိုရင်း—

"သေးငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကြကုန်လော့" (အံ၊ ၁။ ၃၂၁။)—

ဟူသော ဘုရားရှင့် အဆုံးအမတော်ကို ရိုသေလေးစားမှုမပြု ပဲ လျောက်တင်ခဲ့ပြီး အပြစ်တို့၌ ဘေးဟု ရှုလေ့မရှိခြင်း၊ ကောင်းစွာ စောင့်ရှောက်အပ်သော စိတ်မရှိခြင်း၊ ကုန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်း၊ဘောဇဉ်၌ အတိုင်းအရှည်မသိခြင်း၊ မစင်ကြယ်သော အသက်မွေးမှုရှိခြင်း စသော မိမိအပြစ်တို့ကို ၎င်း ဖုံးလွှမ်းကာ သူတပါးတို့၏ အနည်းငယ်မျှသော အပြစ် ကိုပင် တစိမ့်စိမ့်ရှု၍ ၎င်းပုဂ္ဂိုလ်တို့အား ပြစ်မှားစိတ်ဆိုးပြီး အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြပါသည်။

စင်စစ် မိမိ၏ ကိုးကွယ်ရာကို ပြုတတ်၍ အားထုတ်သင့် သော ကုသိုလ်ကောင်းမှု အစုစုတို့ကိုမူ အားမထုတ်ကြပဲ မေ့မေ့လျော့လျော့နေကာ သေမင်းခံတွင်းသို့ ဝင်လျက် အပါယ် ၄-ပါးသို့ လားရောက်ရပြီး အကျိုးမဲ့ ပျက်စီးခြင်း သို့ ရှေးကလည်း ရောက်ခဲ့၊ နောင်လည်း ရောက်လတ္တံ့၊ ယခု လည်း ရောက်နေကြပေသည်။ ဤသို့ဆင်ခြင်စဉ်းစား သံဝေဂ ပွါးများပြီးလျှင် "ငါသည် ဤပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်စေအံ့" ဟု သတိပြုကာ သဒ္ဓါ ပညာတို့ တိုးပွါးအောင် ကြိုးစားသင့်ကြ ပါသည်။

## မမေ့လျော့သည့် ပညာရှိပမာ

လိမ်မာ ကျွမ်းကျင်၍ မျက်စိ အမြင်နှင့် ပြည့်စုံသော ယောကျာ်း တယောက်သည် သားရဲ သစ် ကျား စသည်တို့ ဖြင့် ရောပြွမ်းနေ၍ ကြောက်မက်ဖွယ် ဘေးဘျမ်း ရှိသည့် 'ဝိဋ္ဋျာ' မည်သော တောအုပ်ကြီးအတွင်း တယောက်တည်း ခရီးရှည် သွားနေပါသည်။ ထိုယောကျာ်းသည် တောအုပ်

ကြီး အတွင်း၌ မိမိကို ကိုက်ခဲစားသောက်ရန် လိုက်လာသော ခြင်္သေ့ သစ် ကျားတို့ကို လွန်စွာ ကြောက်ရွံ့သဖြင့် အလွန် လျင်မြန်စွာ ပြေးသွားကာ လမ်းခရီးအကြား တစုံတခုသော အရပ်ဝယ် မိမိမျက်မှောက်၌ တည်လျက် မိမိကို ဟောင်နေသော တောခွေး အိမ်ခွေးတို့ကိုရင်း ဆဲရေးရေရွတ်နေသော အလွန်မိုက်မဲသည့် ကလေးသူငယ်တို့ကိုရင်း တွေ့မြင် သိရှိပါသည်။ သို့ပါသော်လည်း မပြောပလောက်သည့် ထိုဆန့်ကျင်ဘက်တို့ကို တစေ့တစောင်း စောင်းမြောင်းကြည့်ရှု မပြုမလုပ်ပဲ မိမိသည် မျက်စိမကွယ်သော်လည်း ကွယ်သကဲ့သို့ နားမပင်းသော်လည်း ပင်းသကဲ့သို့ အားရှိသော်လည်း အားမရှိသကဲ့သို့ ထိုအိမ်ခွေး တောခွေး ကလေး သူငယ်တို့၏ အပြစ်ကို မရေတွက်မူ၍ ခြင်္သေ့ သစ်ကျားတို့၏ အစာအဖြစ်မှ လွတ်မြောက်ရန်သာ အားထုတ်လျက် လက်ဖျစ် တတွက် မျက်စိတမှိတ်မှ မမေ့မလျော့ မဆုတ်မနစ် ဆက်လက် ပြေးသွားပါသည်။ မိမိပြေးသွားရမည့် လမ်းမှ အခြားသော အရပ်ကို အနည်းငယ်မျှ စောင်းမြောင်းကြည့်ရှုခြင်း မဝံ့သည်ဖြစ်၍ မိမိပြေးရာလမ်းကိုသာ ကောင်းစွာစေ့ငု ကြည့်ရှုလျက် အလွန်လျင်မြန်စွာ ပြေးသွား၍ ခြင်္သေ့ သစ်ကျားတို့၏အစာ အဖြစ်မှ လွတ်မြောက်ကာ အလိုရှိအပ်သော ဘေးကင်းရာ အရပ်သို့ ဆိုက်ရောက်သွားပါသည်။

ဖော်ပြပါ ဥပမာအတူ ရှေးအခါက ထွန်းပေါ် ပေါက်ဖွားတော် မူခဲ့ကြသော သံသရာဘေးကို ရှုကြည့် သိမြင်တော်မူကြသည့် ဘုရားရှင့်တပည့်သား လဇ္ဇီ ပေသလ သိက္ခာကာမ မထေရ်ကောင်း မထေရ်မြတ်များသည် အခြားပုဂ္ဂိုလ်တို့၏

မိမိအပေါ် ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်ကင်း ခြင်းကို မရှုကြည့် မစီစစ်ပဲ ၎င်းပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ရှုတ် ချမှုကိုလည်း မပြုကြပါ၊ အခြား ပုဂ္ဂိုလ်တို့အား ပြစ်မှား စိတ်ဆိုး အမျိုးမျိုး ကဲ့ရဲ့ ခြင်းမှ ရှောင်ရှား၍ မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်ကို စိစစ် ကြည့်ရှု ကာ မိမိကိုသာ ကဲ့ရဲ့နှိပ်ကွပ် အထပ်ထပ်ဆုံးမပြီး မိမိသန္တာန် ၌ ထကြွဆောင်းကျန်းနေသော ကာမဝိတက် စသည်တို့ကို ၃၂-ဖြာသော ခန္ဓာအစု၌ ရှုမှတ်မှု 'ကာယဂတာသတိ' ဖြင့် သော်၎င်း၊ ထွက်သက်ဝင်သက်၌ ရှုမှတ်မှု 'အာနာပါနဿတိ' ဖြင့်သော်၎င်း၊ သေခြင်းတရား၌ ရှုမှတ်မှု 'မရဏဿတိ' ဖြင့်သော်၎င်း ပယ်ခွါစွန့်ပစ်တော်မူကြပါသည်။ မိမိသူတပါး ၂-ဦးသားတို့၏ အကျိုးမဲ့ကို ပြုတတ်သည့် ဤမှတပါးသော မကောင်းမှု အပြစ်တို့ကိုလည်း ပယ်ခွါ စွန့်ပစ်တော်မူကြပါ သည်။

ထိုအပြစ်တို့ကား —

(၁) ကုသိုလ်တရားတို့၌ ပျင်းရိခြင်း၊

(၂) ပရိယတ် ပဋိပတ်တာဝန် ပယ်ချထားခြင်း၊

(၃) ဆုတ်နစ်သော စိတ်ရှိခြင်း၊

(၄) အကုသိုလ်တရားတို့၌ ရှေ့ဆောင်သော စိတ်ရှိခြင်း၊

(၅) သတိကင်းလွတ်ခြင်း၊

(၆) ပညာဆင်ခြင်ကင်းခြင်း၊

(၇) ပျံ့လွင့်သော စိတ်ရှိခြင်း၊

(၈) တောမျောက်ကဲ့သို့မတည်ကြည်သောစိတ်ရှိခြင်း၊
(၉) မိုးကြိုးစက် ဥပမာဖြင့် ဘုရားရှင် အပြစ်ပြထားသည့် မိမိအကျိုးမဲ့ကို ပြုတတ်သော လာဘ်ပူဇော်သကာ အကျော်အစောတို့၌ ညွှတ်အခါ တောမုဆိုး၏ မီးရှူးရောင်ကို တပ်မက်သော တောသားသမင်ကဲ့သို့ တပ်မက်သောစိတ်ရှိခြင်း၊
(၁၀) မော်ကြွားသောစိတ်ရှိခြင်း၊
(၁၁) ယုတ်မာသောအလိုရှိခြင်း၊
(၁၂) ကြီးသောအလိုရှိခြင်း၊
(၁၃) လွန်ကဲသောအလိုရှိခြင်း၊
(၁၄) ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊
(၁၅) နှုတ်ဖြင့် မအပ်မရာတောင်းခြင်း၊
(၁၆) နိမိတ်ပြခြင်း၊
(၁၇) ပရိယာယ်ဆိုခြင်း၊
(၁၈) အရိပ်ပြခြင်း၊
(၁၉) ရွှေငွေကို ကိုင်ခံခြင်း၊
(၂၀) ရွှေငွေကို လဲလှယ်ခြင်း၊
(၂၁) ဆေးကုခြင်း၊
(၂၂) တမန်အဖြစ်ဖြင့်သွားခြင်း၊
(၂၃) အစေအပါးအဖြစ်ဖြင့်သွားခြင်း၊
(၂၄) လူတို့၏အမှုကိုပြုခြင်း၊
(၂၅) အံ့ဖွယ်သရဲကိုဖြစ်စေခြင်း၊

(၂၆) အံ့သြစေခြင်း၊

(၂၇) မြှောက်ပင့်ပြောဆိုခြင်း၊

(၂၈) အလိုရှိသောဝတ္ထု၏အနီး၌ ရစ်သီပြောဆိုခြင်း၊

(ဒါယကာတို့၏ သဒ္ဓါတရားကိုဖျက်ဆီးခြင်းမှသည် ရစ်သီပြောဆိုခြင်း တိုင်အောင်တို့ကား ကြောင် ကျား သတ္တဝါတို့၏ အသက်မွေးခြင်းကဲ့သို့ မှားယွင်းသော အသက်မွေးခြင်း ဖြစ်ပါသည်။)

(၂၉) ဣန္ဒြိယာပုထ် ၄-ပါးတို့၌ သတိပဋ္ဌာန်ကင်းသော စိတ်ရှိခြင်း၊

(၃၀) ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်း၊

(၃၁) ဘောဇဉ်၌ အတိုင်းအရှည် မသိခြင်း၊

(၃၂) စကားပြောဆိုမှု၌ မေ့လျော့ခြင်း၊

(၃၃) အိပ်မှု၌ မေ့လျော့ခြင်း၊

(၃၄) (နဝကမ္မ)အလုပ်၌ မေ့လျော့ခြင်း၊

(၃၅) ပစ္စည်းလေးပါး ပေါများအောင် အားထုတ်ခြင်း၊

(၃၆) တုန့်လှုပ်သောစိတ်ရှိခြင်း၊

(၃၇) ရောပြွမ်းရှုပ်ထွေးသောစကားရှိခြင်း၊

(၃၈) ဆဲရေး ရေရွတ်ခြင်း၊

(၃၉) နှုတ်ကြမ်းခြင်း၊

(၄၀) ကိုယ်ဖြင့် ကြမ်းတမ်းရိုင်းပြခြင်း၊

(၄၁) နှုတ်ဖြင့် ကြမ်းတမ်းရိုင်းပြခြင်း၊

(၄၂) ကိုယ်ဖြင့် လျှပ်ပေါ်ခြင်း၊
(၄၃) နှုတ်ဖြင့် လျှပ်ပေါ်ခြင်း၊
(၄၄) မစောင့်စည်းသော စိတ်ရှိခြင်း၊
(၄၅) ခိုက်ရန်ဖြစ်ခြင်း၊
(၄၆) ငြင်းခုံခြင်း၊
(၄၇) ဆန့်ကျင်ဖက်ပြောခြင်း၊
(၄၈) စကားများခြင်း၊
(၄၉) သံဃာ၌ အဓိကရုဏ်းဖြစ်အောင်ပြုခြင်း၊
(၅၀) ယုတ်မာသော အဆွေခင်ပွန်းရှိခြင်း၊
(၅၁) ယုတ်မာသောသူ၌ ညွတ်ကိုင်းခြင်း၊
(၅၂) လူမိုက်ကို မှီဝဲခြင်း၊
(၅၃) သီတင်းသုံးဖော် သူတော်ကောင်းတို့၌ ပြစ်မှား
စိတ်ဆိုးခြင်း၊
(၅၄) ရန်ငြိုးဖွဲ့ခြင်း၊
(၅၅) သူ့ကျေးဇူးကို ချေဖျက်ခြင်း၊
(၅၆) ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း၊
(၅၇) ခက်ထန်ခြင်း၊
(၅၈) စောင်းမြောင်း ခြုတ်ခြယ်ခြင်း၊
(၅၉) ထောင်လွှားခြင်း၊
(၆၀) အလွန်ထောင်လွှားခြင်း၊
(၆၁) ငြူစူခြင်း၊

(၆၂) ဝန်တိုခြင်း၊
(၆၃) လှည့်ပတ်ခြင်း၊
(၆၄) စဉ်းလဲခြင်း၊

ဤသို့ စသည်ဖြင့် မကောင်းမှုအကုသိုလ် အပြစ်တို့သည် များလှပါသည်။

ရှေး မထေရ်မြတ်တို့သည် ဖော်ပြပါ မကောင်းမှု အပြစ်တို့ကို ပယ်ခွါ စွန့်ပစ်တော်မူကြ၍ အမျိုးကောင်းသားများ သာသနာတော်တွင်းဝင်ရန် ရည်ရွယ်ရင်းဖြစ်သည့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အကျိုးငှါသာလျှင် နေ့ညမစဲ အမြဲတမ်း အားထုတ်တော်မူကြလျက် ကြောက်ဖွယ်ခပန်းဘေးတို့ဖြင့် ရောပြွမ်းနေသော အလွန်ကူးမြောက်နိုင်ခဲသည့် သံသရာပြင်ကျယ် သမုဒ္ဒရာပင်လယ်ကြီးကို ကူးမြောက်ကြပြီးလျှင် အလွန်အေးချမ်း သာယာသည့် အမတာကြငှန်းနိဗ္ဗာန်ဌေါ် ဘေးမဲ့နန်းသို့ ဆိုက်ရောက်စံမြန်းခဲ့ကြလေပြီ။

အဝိဇ္ဇာဖြင့် မိုက်မဲတွေဝေ သူကန်းများဖြစ်နေသည့် ငါတို့မူကား ထိုရှေးမထေရ်မြတ်တို့ကဲ့သို့ မဟုတ်ကြပဲ ခြသေ့သစ်ကျားတို့ကို မရှုမမြင်မူ၍ မိမိကို ဟောင်နေသည့် တောခွေး အိမ်ခွေးတို့နှင့် ဆဲရေးနေသည့် သူငယ်မိုက်တို့ကိုသာ ပုတ်ခတ်ညှဉ်းဆဲရန် အားထုတ်နေစဉ် ခြသေ့၊ သစ် ကျားတို့၏ အစာအဖြစ်သို့ ရောက်သွားရသော ယောကျ်ား မိုက်ကဲ့သို့ မိမိအား ငံ့လင့်စောင့်ဆိုင်းနေသော သံသရာဘေးကို မတွေ့မမြင်မူ၍ မိမိအကျိုးမဲ့ကို ပြုတတ်သည့် မကောင်းမှု အပြစ်တို့ကို မဆင်ခြင်ပဲ သူတပါးအပြစ်တို့ကိုသာ ရှာဖွေကြည့်ရှု

နေကြပါသည်။ သူတပါးတို့အား ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့ကာ အပြစ်ရှာပြီးလျှင် မိုက်မှားတွေဝေ သတ်ကင်းလွှတ်နေကြလျက် များစွာသော ဆင်းရဲဒုက္ခတို့နှင့် ရောပြွမ်းနေသည့် သံသာရာရေယဉ်မှ မကူးခပ် မထွက်မြောက်နိုင်ကြသေးပါတကား။

ဤသို့ အသင့်အားဖြင့် နှလုံးသွင်း ဆင်ခြင်ကာ ဓမ္မသံဝေဂ ရယူကြပြီးလျှင် သူတပါးအပြစ်တို့ကို တခါတရံမျှ မရှုမဆင်ခြင်ကြပဲ မိမိတို့၏ အကျိုးမဲ့ကို ပြုတတ်သော ဖော်ပြုပြီး အပြစ်တို့ကိုသာ အဖန်ဖန် ဆင်ခြင်ကြည့်ရှုကာ ထိုအပြစ်တို့ကို ပိုင်းခြားသိမြင် အစဥ်ပယ်စွန့်ခြင်းငှါ လုံ့လပြုလျက် မိမိအားထုတ်ရမည့် ရဟန်းတရားတို့ကိုသာ ကြိုးစားအားထုတ်သင့်ကြပါသည်။

မြန်မာပြည် အမရပူရအနွယ်ဝင် ဖြစ်တော်မူကြသော သီရိလင်္ကာနေ သက်ရဝါဒီဂိုဏ်းသား အသက်ရဝါဒီဂိုဏ်းသား ထေရ်ကြီး ထေရ်ငယ် အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ၏ ချစ်လှစွာသော မြင်ဖူးပြီး မိတ်ဆွေ မမြင်ဖူးသေးသော မိတ်ဆွေ ဆရာသမား အရှင်မြတ်များသည် အချင်းချင်း ညီညွတ်ဝမ်းမြောက်ကြကုန်လျက် နို့ ရေနှင့် ရေ ရောနှောနေသကဲ့သို့ တပေါင်းတည်းဖြစ်ကာ အတူတကွ ကံကြီးကံငယ်ပြုခြင်း ပါတိမောက်ပြခြင်းအမှု ပြုတော်မူကြ၍ တူမျှသော အယူဝါဒရှိသည့် တခုတည်းသော နိကာယဝင်များ ဖြစ်ကာ အခါခပ်သိမ်း ရန်မရှိ စိုးရိမ်ကြောင့်ကြ မရှိ ဆင်းရဲဒုက္ခ မရှိကြပဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြပါစေဘုရား။

## သိက္ခာထပ်မှုလိုလားသော အရှင်တို့အား လျှောက်ထားခြင်း

ဤသို့လျှင် သက်ရဝါဒီဂိုဏ်းသား အသက်ရဝါဒီဂိုဏ်းသား ထေရ်အရှင်များသည် "သက်ရဝါဒီ အသက်ရဝါဒီ" ဟု ခေါ်ဝေါ်မှုမျှ မပြုကြပဲ အမြဲတမ်း တူမျှသော အယူဝါဒ ရှိကြသည့် တခုတည်းသော နိကာယဝင်အဖြစ်ဖြင့် တပေါင်းတည်း ဖြစ်သွားကြသော်လည်း သက်ရဝါဒီဂိုဏ်းသား အရှင်မြတ်များ အတွင်းမှာပင် အချို့သော ထေရ်ကြီး ထေရ်ငယ်တို့သည် ခိုင်မြဲအောင်ပြုသင့်၏ဟု အယူရှိသော 'ဒဠှီကမ္မဝါဒီ' နှင့် ခိုင်မြဲအောင် မပြုသင့်ဟု အယူရှိသော 'အဒဠှီကမ္မဝါဒီ'ဟု သမုတ်ကာ ၂-မျိုးသော နိကာယဝင်များကဲ့သို့ ဖြစ်နေကြပါသည်။

ထိုအရှင်မြတ်တို့သည် အောက်၌ လျှောက်တင်ခဲ့ပြီးသော ဥဒကုက္ခေပ သိမ်တန်ဆောင်းသည် ဂါမသိမ်နှင့် ရောယှက်မှုအပြစ်ကိုပြု၏ဟု သက်ရဝါဒီဂိုဏ်းသားများ အဖြစ်ဖြင့်သော တပေါင်းတည်းဖြစ်၍ ထိုသိမ်တန်ဆောင်း၌ ပဉ္စင်းအဖြစ် ရသော ပုဂ္ဂိုလ်တို့နှင့် အခြားသိမ်ဝယ် ပဉ္စင်းအဖြစ်ကို ရသော်လည်း တစုံတခုသော ပြည့်စုံမှု 'သမ္ပတ္တိ'၌ ယုံမှားသံသယရှိ၍ မိမိ ပဉ္စင်းဖြစ်-မဖြစ် သံသယမကင်းသော အရှင်မြတ်တို့၏ သံသယကို ပယ်ဖျောက်ခြင်းငှါ (တဖန်) သိက္ခာထပ်မှုကို အစွဲပြု၍ "ဤသိက္ခာထပ်မှုသည် ဘုရားရှင် ခွင့်ပြုအပ်သော အမှုဖြစ်၏"ဟုရင်း "မဖြစ်၏"ဟုရင်း ငြင်းခုံကာ ၂-မျိုးသော နိကာယဝင်များကဲ့သို့ ဖြစ်နေကြပါသည်။

ယင်းသို့ဖြစ်သောကြောင့် အဒဋ္ဌိကမ္မဝါဒီ ထေရ်အရှင်တို့အား တပည့်တော်များ လျှောက်ထားသင့်သောအရာ ဆိုက်ရောက်လာပါသည်။ အရှင်မြတ်တို့ဘုရား ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော အရှင်မြတ်တို့သည် ဘုရား တပည့်တော်အား ခွင့်ပေးတော်မူကြပါကုန်၊ ဘုရားတပည့်တော်၏ စကားကို နားဆင်နှလုံးသွင်းတော်မူကြပါကုန်။

## ခွင့်ပြုချက်နှင့်လျော်သော ဝိနည်းကံ

အရှင်မြတ်တို့ဘုရား၊ မိမိသိက္ခာ၌ ကုက္ကုစ္စ သံသယမကင်းကြသော ရဟန်းတို့၏ ဤသို့သောသိက္ခာထပ်မှုအရာ၌ လဇ္ဇီ-ကုက္ကုစ္စကဖြစ်၍ အကြားအမြင် များတော်မူကြသော ဘုရား တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း မြန်မာပြည်ဖွား ပညာရှင် မထေရ်များအား အနည်းငယ်မျှ ယုံမှားသံသယ မရှိပါ။ မိမိအား သံဃာက ပဉ္စင်းခံပေးစဉ်အခါက ပဉ္စင်းခံရာ၌ ဧကန် ရှိရမည့် ပြည့်စုံမှု 'သမ္ပတ္တိ ၅-ပါးတွင် တပါးပါး၌ ယုံမှား သံသယရှိ၍ မိမိသိက္ခာအပေါ် ကုက္ကုစ္စမကင်းသောကြောင့် (တဖန်) သိက္ခာထပ်လိုသော ပုဂ္ဂိုလ်တို့သည်လည်း အလိုရှိတိုင်း သိက္ခာထပ်ကြပါသည်။ မိမိအား သံဃာက ပဉ္စင်းခံပေးစဉ်အခါ၌ တစုံတရာ ဖောက်ပြန်ချွတ်ယွင်းမှု မတွေ့ရသော်လည်း ပဉ္စင်းခံရာ၌ ရှိရမည့် ပြည့်စုံမှု ၅-ပါးတို့၏ ပြုနိုင်ခဲ့သည့် အဖြစ်ကို ဆင်ခြင်၍ မိမိသိက္ခာ၌ သံသယရှိကာ သိက္ခာထပ်လိုသော ပုဂ္ဂိုလ်တို့သည်လည်း အလိုရှိတိုင်း သိက္ခာထပ်ကြပါသည်။ မှန်ပါသည်။ ယခုအခါ ဤသို့သော သိက္ခာထပ်မှုအရာမျိုး၌ ဇမ္ဗူဒိပ်ကျွန်းဖွား မြန်မာပြည်သား ထေရ်ရှင်အားလုံးတို့သည် "ထိုထိုအရာ၌ ဘုရားရှင်ခွင့်ပြု

ချက်နှင့် လျော်သောကြောင့် ဤသိက္ခာထပ်မှုကို ပြုကျင့် အပ်၏”ဟု အယူဝါဒမခြား တသားတည်း ဖြစ်ကြပါသည်။ ထို့ကြောင့်ပင် ဘုရားရှင်က ဤသို့ ဟောတော်မူခြင်း ဖြစ်ပါ သည်။

“ရဟန်းတို့ သင်တို့အား အကြောင်းဝတ္ထုကို ‘ဤ ဝတ္ထုသည် အပ်၏’ဟု ငါဘုရား ခွင့်ပြု၏၊ ရဟန်းတို့ ထိုဝတ္ထုသည် အပ်သည်ကိုလျော်စေအံ့၊ မအပ်သည်ကို ပယ်မြစ်အံ့၊ ထိုဝတ္ထုသည် အပ်၏”။ (ဝိ ၃။၃၇၉။)

ထင်ရှားအောင် လျှောက်ထားပါမည်၊ ဤသို့သော အရာ မျိုး၌လည်း လဇ္ဇီကုက္ကုစ္စက သိက္ခာကာမ ဖြစ်ကြသည့် အချို့ သော အမျိုးကောင်းသားများသည် မိမိအား သံဃာက ပဥ္စင်းခံပေးစဉ်အခါ၌ ပဥ္စင်းခံရာတွင် ရှိရမည့် ပြည့်စုံမှု ၅ ပါး တွင် တပါးပါး၌ ယုံမှားရှိသဖြင့် မိမိ၏ ပဥ္စင်းဖြစ် မဖြစ်၌ ကုက္ကုစ္စ မကင်းကြပဲ အမြဲ နှလုံးပူပန်လျက် နတ်ရွာမဂ်ဖိုလ်၏ အန္တရာယ်ကိုဖြစ်စေကာ မနေကောင်းမနေကြပါလိမ့်မည်။ သံဃာ တော်အား သိက္ခာထပ်ပေးရန် တောင်းပန်ကြသော ထို အမျိုးကောင်းသားတို့အား အကယ်၍ သံဃာက သိက္ခာ ထပ်မပေးပါလျှင် ထိုအမျိုးကောင်းသားတို့သည် စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် ဘုရားရှင့်သာသနာတော်၌ ကိုးကွယ်ရာမရပဲ ရှိကြပါလိမ့်မည်။ ယင်းသို့ဖြစ်လျှင် စင်စစ် ကိုးကွယ်ရာကို ပြုတတ်သော ဘုရားရှင့် သာသနာတော်သည် လည်း ကုက္ကုစ္စမကင်းသော ရဟန်းတို့၏ ကိုးကွယ်ရာကို မပြုသကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ဤသို့ဖြစ်ခြင်းကား မသင့် လျော်ပါ၊ အရှင်မြတ်တို့ဘုရား ထို့ကြောင့်ပင် မိမိသိက္ခာ၌

ကုက္ကုစ္စ မကင်းကြသော ရဟန်းတို့၏ ဤသို့သော သိက္ခာထပ်မှုသည် လျှောက်တင်ခဲ့ပြီးသော အကြောင်းကို အစွဲပြု၍ ဘုရားရှင် ခွင့်ပြုအပ်သော ဝိနည်းကံနှင့် လျော်ကန်သည်မှာ အလွန်ထင်ရှားလှပါသည်။

အရှင်မြတ်တို့ဘုရား ထိုအကြောင်းကြောင့်ပင် သံဃာ ညီညွတ်ရန် ဆောင်ရွက်တော်မူကြသော အရှင်မြတ်တို့အား ဘုရားတပည့်တော် တောင်းပန် လျှောက်ထားပါသည်။ သူတော်သူမြတ်များ ဖြစ်သော အရှင်ဘုရားတို့သည် ဤသို့သော အရာမျိုး၌ မပြောပလောက်သည့် ကုက္ကုစ္စကို ပယ်ဖျောက်တော်မူကာ သိက္ခာထပ်သင့်၏ဟု အယူရှိသော ဒဠှီကမ္မဝါဒီအရှင်တို့နှင့် တူမျှသော အယူဝါဒရှိသည့် တခုတည်းသော နိကာယဝင်များ ဖြစ်တော်မူကြပါကုန်။ အရှင်မြတ်တို့သည် ကုက္ကုစ္စ မဖြစ်သင့်သည့် မပြောပလောက်သော ဤအရာမျိုး၌ ကုက္ကုစ္စဖြစ်ကာ ကွဲပြားသော အယူဝါဒရှိသည့် အသီးအခြားသော နိကာယဝင်များ မဖြစ်ကြပါကုန်လင့်။ အရှင်မြတ်တို့ဘုရား၊ အကြောင်းတမျိုးကား– ဒဠှီကမ္မဝါဒီနှင့် အဒဠှီကမ္မဝါဒီ ဖြစ်ကြသော အရှင်မြတ်တို့သည် တပည့်တော်တို့၏ မြန်မာပြည်မှ ဆင်းသက်လာသော အမရပူရအနွယ်ဝင် နိကာယဝင်များသာ ဖြစ်ကြပါသည်။ ထို့ကြောင့် အမရပူရ အနွယ်ဝင် အရှင်မြတ်အားလုံးတို့သည် ဇမ္ဗူဒိပ်ကျွန်းဖွား အမရပူရ အနွယ်ဝင်ဖြစ်သော တပည့်တော်များနှင့် တူမျှသော အယူရှိသည့် တခုတည်းသော နိကာယဝင်များ ဖြစ်တော်မူကြပါကုန်။ ဤအတူပင် ၂-ကြိမ်မြောက်လည်း၊ ၃-ကြိမ်

မြောက်ငင်း တပည့်တော်များ ရှိသေလေးစားစွာ လျှောက်ထားတောင်းပန်ပါကုန်၏။

အရှင်မြတ်ဘုရား၊ တပည့်တော်များ နောက်တမျိုး လျှောက်ထားလိုသည်မှာ–တပည့်တော်များ ရှိသေစွာ ပန်ကြားလျှောက်ထားအပ်သော အရှင်မြတ်တို့သည် ဤသိက္ခာထပ်သော အရာ၌ ရှေးကကဲ့သို့ပင် ယခုလည်း ကုက္ကုစ္စမကောင်းနိုင်ကြပဲ သံဃာည်ညွှတ်ရန် မကွဲမပြား တသားတည်းသော အယူဝါဒ၌ တည်ခြင်းငှါ မစွမ်းနိုင်ကြပါလျှင် အရှင်မြတ်တို့အား အထူးသဖြင့် ကုက္ကုစ္စ သံသယကင်းစေခြင်းငှါ သဘာဝယုတ္တိနှင့် ကျမ်းဂန်သာကေကို တပည့်တော်များ တင်ပြလျှောက်ထားပါမည်။ ထိုသဘာဝ အာဂမယုတ္တိ သာကေကို အရှင်မြတ်တို့ ကြားနာသိရှိကြသည်ရှိသော် ကုက္ကုစ္စကင်းကွာလျက် နှစ်သက်ကြည်ဖြူ လက်ခံတော်မူကြပြီးလျှင် အချင်းချင်း မကွဲပြားသော အယူဝါဒရှိသည့် တခုတည်းသော နိကာယဝင်များအဖြစ်ဖြင့် ညီညွတ်တော် မူကြပါလိမ့်မည်။ အခါခပ်သိမ်း ချစ်စွာသော မျက်လုံးဖြင့် ရှင်ပြုံးစွာ ကြည့်ရှုကြလျက် နှစ်သက်ကြည်သာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြကာ ညီညွတ်ဝမ်းသာ ဖြစ်တော်မူကြပါလိမ့်မည်။ ဤသို့ ဘုရားတပည့်တော် ထင်မြင်ယူဆပါသည်။

သဘာဝ အာဂမ ယုတ္တိသာကေကို ကြားနာရပါလျက် ရှေးကကဲ့သို့ပင် ကုက္ကုစ္စ မကောင်းနိုင်ကြပါလျှင် အရှင်ဘုရားများ နှစ်သက်ကြည်ဖြူ လက်ခံတော်မူသည့် အတိုင်းသာ ပြုကျင့်တော်မူကြပါကုန်။ ဤအကြောင်းကို အမှီပြု၍ အရှင်မြတ်တို့သည် တကြိမ်တခါမျှ ဤသိမ်ရိလက်ာသို့ ရောက်ရှိလာသော

ဇမ္ဗူဒိပ်ကျွန်းဖွား တပည့်တော်များနှင့်လည်း ငြင်းခုံမှုကို မပြုကြပါကုန်လင့်။ တပည့်တော်များကလည်း အရှင်မြတ်တို့နှင့် တစုံတခုသော ငြင်းခုံမှုကို မပြုပါကုန်အံ့။ ယခုအခါ ဤသီရိလင်္ကာသို့ တကြိမ်တခါမျှ ရောက်ရှိလာသော ဇမ္ဗူဒိပ်ကျွန်းဖွား တပည့်တော်များသည် တကြိမ်တခါမျှ တွေ့မြင်ရ၍ ချစ်စွာသော မိတ်ဆွေများဖြစ်သည့် သီရိလင်္ကာကျွန်းဖွား အရှင်မြတ်များနှင့် အခိုက်မျှသော်ရင်း စကားတခွန်းမျှသော်ရင်း ဆန့်ကျင်ပြောဆိုရန်လိုလည်း မလိုသားကြပါကုန်။

စင်စစ်သော်ကား–အရှင်မြတ်တို့သည် ဘုရားတပည့်တော် တင်သွင်း လျှောက်ဆိုအပ်သော သဘာဝ အာဂမ ယုတ္တိသာဓကကို ကြားနာသိမြင်ကြသည်ရှိသော် မိမိ၏ ကုက္ကုစ္စကို ပယ်ဖျောက်ကာ အခြားသော ဒက္ခိဏမ္ဗဝါဒီ အရှင်မြတ်တို့နှင့်အတူ မကွဲပြားသော ဒယ္ဗုဝါဒ မကွဲပြားသော နိကာယရှိကြပြီးလျှင် ညီညွတ်ဝမ်းသာ မငြင်းခုံပဲ ရှိတန်ရာ၏။ ဤသို့အောက်မေ့ မှတ်ထင်ပါသဖြင့် အရှင်မြတ်တို့ကို ရိုသေစွာ အခွင့်တောင်းပြီး ဤသို့ လျှောက်တင်ရပါသည်။ အရှင်မြတ်တို့ ဘုရား တပည့်တော်အား အခွင့် ပေးတော်မူကြပါကုန်၊ သည်းခံတော် မူကြပါကုန်ဘုရား။

## သဘာဝယုတ္တိအကြောင်း

## (ပဋ္ဌင်းသောင်း၏ ကုက္ကုစ္စ)

သိက္ခာသုံးပါးလိုလား၍ ဝိနယကုက္ကုစ္စကြီးသော အမျိုးကောင်းသားများသည် သာသနာတော်ဝယ် ရဟန်းပြုလာကြသော်လည်း တရံတခါ အချို့သော ပုဂ္ဂိုလ်များ ဤသို့ ကုက္ကုစ္စမကင်း ဖြစ်တတ်ကြပါသည်။ အဘယ်သို့ ဖြစ်တတ်

ကြသနည်းဟူမူ—သာသနာတော် ဆုတ်ယုတ်ချိန် ယခုအခါ၌ ဝိနည်းမကျွမ်းကျင်၍ မလိမ္မာ မစွမ်းဆောင်နိုင်သော အချို့ ရဟန်းတော်များ ကြီးစွာသော လုံ့လဖြင့် ပဉ္စင်းခံမှု 'ဥပသမ္ပဒ' စသော ဝိနည်းကံကို ပြုကြသော်လည်း ဉတ်ကမ္မဝါစာ ဖတ်ရာ၌ အက္ခရာကျပေါက်ခြင်း (အက္ခရာစု) ပုဒ်ကျပေါက်ခြင်း မှားယွင်းရွတ်ဖတ်ခြင်း တခုခုပြု၍ ကမ္မဝါစာ ပြည့်စုံမှု ချွတ်ယွင်းရာ၏။ ပဉ္စင်းခံရာ၌ ကမ္မဝါစာ ပြည့်စုံမှု ရှိပါသော်လည်း အက္ခရာကျပေါက်ခြင်း စသော အပြစ်မကင်းသည့် ဉတ်ကမ္မဝါစာဖြင့် သမုတ်၍သော်၎င်း၊ သိမ်ပျက် ၁၁-လုံးကို မလွန်မြောက်နိုင်၍သော်၎င်း ပျက်စီးနေသော သိမ်များလည်း ရှိရာ၏။ သိမ်မပျက်စီးပဲ ပြည့်စုံမှုရှိသော်လည်း (အခြား) သိမ်ပျက်၌သော်၎င်း အက္ခရာကျပေါက်ခြင်း စသော အပြစ်မကင်းသည့် ကမ္မဝါစာတို့ဖြင့်သော်၎င်း၊ (အင်္ဂါ) မပြည့်စုံသည့် ပရိသတ်၌သော်၎င်း ပဉ္စင်းအဖြစ်ကို ရလာသော ပဉ္စင်းအစစ်မဟုတ်သည့် ကံပြုပုဂ္ဂိုလ် 'ကာရက ပရိသတ်' လည်း ရှိရာ၏။ ဤ ပျက်စီးမှုတို့တွင် တခုခုသော ပျက်စီးမှုကို မလွန်မြောက်ပဲ အကယ်၍ ငါသည် ပဉ္စင်းအဖြစ်ကို ရလာပါလျှင် ပဉ္စင်းဟု သမုတ်ခံရသော်လည်း ပဉ္စင်းအစစ် မဖြစ်ရာ၊ ဤသို့ ကုက္ကစ္စ မကင်း ဖြစ်ကတ်ကြပါသည်။

လျှောက်တင်ခဲ့သည့်အတိုင်း ကုက္ကုစ္စ မကင်းသော အမျိုးကောင်းသားတို့သည် အမြဲ နှလုံးပူပန်မှု ရှိကြ၍ စိတ်တည်ကြည်မှု မရပဲ နတ်ရွာမဂ်ဖိုလ်၏ အန္တရာယ်ကို ဖြစ်စေကာ နေကြပါလိမ့်မည်။ ကုက္ကုစ္စ ဖြစ်သင့်သောအရာမျိုး၌ ကုက္ကုစ္စ ဖြစ်ကြသော အဆိုပါ အမျိုးကောင်းသားတို့ ကုက္ကုစ္စ ပယ်

ဖျောက်ရန် ထိုသို့သော ကုက္ကုစ္စအနာမျိုးကို ငြိမ်းပျောက်စေခြင်းငှါ ဘုရားရှင့်အလိုတော်ကို သိတော်မူကြသော အင္ဂကထာ ဆရာမြတ်တို့ ပေးအပ်သော ကုစားနည်းဖြင့် ကုစားစေကာ ယုံမှားမှု (ကုက္ကုစ္စ) အနာကို ငြိမ်းပျောက်စေသင့်ပါသည်။ ငြိမ်းပျောက်စေမည့် ထိုဆေးကား အဘယ်ပါနည်း၊ အဆိုပါ အမျိုးကောင်းသားများ ကုက္ကုစ္စ ငြိမ်းပျောက်သည့်တိုင်အောင် ထို အမျိုးသားကောင်းတို့အား (တဖန်) သိက္ခာထပ်ပေးခြင်းပင် ဖြစ်ပါသည်။

## ကုက္ကုစ္စ ပယ်ဖျောက်ပုံအစီအစဉ်

ထိုသို့ သိက္ခာထပ်ရာ၌ ယုံမှားရှိသော ပုဂ္ဂိုလ်တို့က ဥတ်ကမ္မဝါစာ ရွတ်ဖတ်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဥတ် ကမ္မဝါဖတ်ပုံကိုစွဲ၍ ကုက္ကုစ္စ မကင်းကြပါလျှင် သံဃာက "ငါတို့တရားနှင့်လျော်သော ကံကို ပြီးစေအပ်ပြီ" ဟု သန္နိဋ္ဌာန်ကျပြုထားသော်သည်း ကုက္ကုစ္စမကင်းသောပုဂ္ဂိုလ်တို့၏ ကိုးကွယ်ရာကိုပြုခြင်းငှါရင်း ထိုကံပြုရာသိမ်မှာပင် ထိုကမ္မဝါ ဆရာကိုဖြစ်စေ၊ အခြား ကမ္မဝါ ဆရာကိုဖြစ်စေ တဖန် ဥတ်ကမ္မဝါစာတို့ကို ကောင်းမွန်သေချာစွာ ရွတ်ဖတ်စေလျက် အက္ခရာကျပေါက်ခြင်း ပုဒ်ကျပေါက်ခြင်း မှားယွင်းရွတ်ဖတ်ခြင်း အပြစ်မဖြစ်စေပဲ အထပ်ထပ် ရွတ်ဖတ်စေကာ သိက္ခာထပ်မှု ပြုသင့်ပါသည်။ ဤနည်းမှတပါး အခြားသောနည်းဖြင့် အဆိုပ ကုက္ကုစ္စ မကင်းသည့် ပုဂ္ဂိုလ်များ ကိုးကွယ်ရာရနိုင်ကြမည် မဟုတ်ပါ။

အကယ်၍ သိမ်ကို အစွဲပြုကာ ကုက္ကုစ္စ မကင်းကြပါလျှင် အခြားသိမ်သို့ ပင့်ဆောင်၍ သိက္ခာထပ်ပေးသင့်ပါသည်။ ပရိသတ်ကိုစွဲ၍ ကုက္ကုစ္စ မကင်းကြပါလျှင် ထိုသိမ်မှာပင် အခြားပရိသတ်ဖြင့်သော်၎င်း ပဥ္စင်းအဖြစ်၌ ယုံမှားဖွယ် မရှိသည့် အခြားပုဂ္ဂိုလ်တို့ကို ဂဏပူရကပြု၍သော်၎င်း သိက္ခာထပ်မှု ပြုသင့်ပါသည်။

ရှေးအခါ ပဌမ ပဥ္စင်းခံစဉ်က မိမိအသက် ၂၀-ပြည့် မပြည့် ယုံမှားရှိကာ ကုက္ကုစ္စမကင်း ဖြစ်နေ၍ အခြားအကြောင်းဖြင့် ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်ပါလျှင် ယင်းကုက္ကုစ္စကို ပယ်ဖျောက်ရန် ထိုပုဂ္ဂိုလ်အား သိက္ခာထပ်ပေးသင့်ပါသည်။ ဤနည်းမှတပါး အခြားနည်းလမ်းဖြင့် ထိုပုဂ္ဂိုလ်တို့ ကိုးကွယ်ရာ ရနိုင်ကြမည် မဟုတ်ပါ။

## သံဃာတော်၏ ကုက္ကုစ္စ

ပဥ္စင်းလောင်းတို့ကိုယ်တိုင် မိမိကို အစွဲပြု၍ ကုက္ကုစ္စ မကင်းမှုကြောင့်သာ ထိုပဥ္စင်းလောင်းတို့အား သိက္ခာထပ်ပေးရသည် မဟုတ်သေး၊ ထိုပဥ္စင်းလောင်းနှင့် သာသနာတော်၏ အကျိုးစီးပွါးကို လိုလားသော အခြားပုဂ္ဂိုလ်တို့၏ ကုက္ကုစ္စ မကင်းမှုကြောင့်လည်း သိက္ခာထပ်ပေးရပါသည်။ ပဥ္စင်းခံစဉ်အခါ ထို သံဃာ့ပရိသတ်၌ ပါဝင်သည့် ၁-ပါး ၂-ပါး ၃-ပါး စသည် တစုံတယောက်သော ပုဂ္ဂိုလ်ကဖြစ်စေ၊ သံဃာ (အားလုံး) ကဖြစ်စေ ကမ္မဝါဆရာ ကမ္မဝါ ရွတ်ဖတ်စဉ် ကမ္မဝါစာအတွင်း၌ အက္ခရာကျပေါက်မှု ပုဒ်ကျပေါက်မှု မှားယွင်းရွတ်ဖတ်မှု တခုခုသောအပြစ်ကို မှတ်သား၍ ထိုမှားယွင်းမှု၌

ယုံမှားရှိသဖြင့် သံဃာအားဖြစ်စေ၊ ထိုကမ္မဝါဆရာအား ဖြစ်စေ ပြောကြားပါလျှင် ထိုပုဂ္ဂိုလ်၏ သံသယကို ပယ်ဖျောက်ရန် သံဃာတော်က ထိုကမ္မဝါ ဆရာကိုဖြစ်စေ အခြား ကမ္မဝါဆရာကိုဖြစ်စေ အက္ခရာကျပေါက်မှု ပုဒ်ကျပေါက်မှု မှားယွင်းရွတ်ဖတ်မှု မဖြစ်စေပဲ အထပ်ထပ် ရွတ်ဖတ်စေကာ ထိုပုဂ္ဂိုလ်တို့၏ သံသယကို ပယ်ဖျောက်သင့်ပါသည်။

ဤသို့ ယုံမှားသံသယကို မပယ်ဖျောက်ပါလျှင် "ထိုပဉ္စင်းလောင်း ကောင်းစွာ ပဉ္စင်းဖြစ်၏" ဟူ၍ရင်း မဖြစ် ဟူ၍ရင်း အဆိုပါပုဂ္ဂိုလ်တို့ အချင်းချင်း ငြင်းခုံကြပြီး သံဃာ၌ အဓိကရုဏ်းမှု ပွားကြပါလိမ့်မည်။ ထို့ကြောင့် သံဃာညီညွတ်ခြင်းကို ငဲ့ခြင်းငှါရင်း, အလေးဂရုပြုခြင်းငှါရင်း ထိုပုဂ္ဂိုလ်တို့၏ သံသယကို ပယ်ဖျောက်သင့်သည်သာဟု သန္နိဋ္ဌာန်ကျ မှတ်သင့်ပါသည်။

## ကမ္မဝါဆရာ၏ ကုက္ကုစ္စ

ပဉ္စင်းလောင်းနှင့် သံဃာက ယုံမှားသံသယ မရှိသော်လည်း ထိုကမ္မဝါဆရာ ဝိနည်းမိုရ် ပုဂ္ဂိုလ်သည်ပင် အက္ခရာကျပေါက်မှု, ပုဒ်ကျပေါက်မှု မှားယွင်းရွတ်ဖတ်မှု မိမိကမ္မဝါစာ ရွတ်ဖတ်ပုံ အခြင်းအရာ တစုံတရာသော အပြစ်ကို နောက်မှ ယုံမှားကာ ကုက္ကုစ္စမကင်းပဲ ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ ယင်းသို့ ဖြစ်ပါလျှင် ပဉ္စင်းလောင်းနှင့် သံဃာက မဆင်ခြင် မမှတ်သားပဲ "ငါတို့ တရားနှင့် လျော်သော ကံကို ပြီးစေအပ်ပြီ" ဟု သန္နိဋ္ဌာန် ပြုထားသော်လည်း ပရိသတ် ထသွားပြီးမှ ဖြစ်စေ၊ ထို့နောက် ကာလအတန်ကြာမှ ဖြစ်စေ ဝိနည်း

ခိုရ်ပုဂ္ဂိုလ်သည် ထိုဥပသမ္ပဒကံ ပြည့်စုံ စင်ကြယ်စေရန် (တဖန်) သံဃာအား လျှောက်ထားကာ ကမ္မဝါစာ ရွတ်ဖတ်စေပြီးလျှင် စင်ကြယ်ပြည့်ဝအောင် သိက္ခာထပ် ပေးသင့်ပါသည်။ ဤသို့ မပြုသော်လည်း ထိုပုဂ္ဂိုလ် ပဥ္စင်းအစစ်ဖြစ်လျှင် ကောင်းပါ၏။ မဖြစ်လျှင်ကား ထိုပုဂ္ဂိုလ်သည် မိမိပဥ္စင်း အစစ် မဟုတ်သည်၏ အဖြစ်ကို မသိ၍ ခိုးယူပေါင်းသင်းမှု 'ထေယျသံဝါသက'နှင့် နုတ်ရှာမင်ပိုလ်၏ အန္တရာယ်ကို မဖြစ်စေသောကြောင့် အပြစ်ကင်းသကဲ့သို့ ဖြစ်ပါသည်။

သို့သော်သည်း ထိုပဥ္စင်း အတုဖြစ်သော ပုဂ္ဂိုလ်သည် အသပြာ (ကျပ်ဒင်္ဂါး) တို့ အလယ်၌ အသပြာတုကဲ့သို့ သာသနာ့တော်ဝယ် အဖိုးမတန်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။ မှန်ပါသည်။ ထိုပဥ္စင်းအတုကို အမှီပြု၍ ဘုရားရှင် သာသနာတော်ဝယ် အခြားသော ဥပသမ္ပဒကံသည် မတည်နိုင် မအောင်မြင်နိုင်ပါ။ သိမ်သမုတ်ကံ ဥပုသ် ပဝါရဏာကံ မတည်နိုင် မပြီးမြောက်နိုင်ပါ။ ထိုပဥ္စင်းတုသည် အခြား ရဟန်းတို့၏ ပရိဝါသ် မာနတ် စသော ကံတို့၌လည်း ဂဏပူရက မျှမဖြစ်တော့ပါ၊ ဤသို့ဆိုလျှင် ထိုပဥ္စင်းတုသည် ဘုရားရှင်၏ သာသနာ့ဝန်ကို ထမ်းဆောင်နေသော်လည်း သာသနာ၏ အန္တရာယ်ကိုသာ ပြုရာရောက်၏ဟု မှတ်ယူသင့်ပါသည်။

ထို့ကြောင့် ဤအရာမျိုး၌ သံဃာသည်၎င်း ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည်၎င်း ပဥ္စင်းလောင်းသည်၎င်း အထူးသဖြင့် သတိ သမ္ပဇညတရား ရှေ့ထားသင့်ပါသည်။ အလွန် အလေးပြုသင့်သော ဤအရာမျိုး၌ တခါတရံမျှ မေ့လျော့ ပေါ့ဆမှုကို မပြုသင့်ပါ။

## ကျွမ်းကျင်သော အခြား ဝိနည်းဓိုရ်ကြောင့် ကုက္ကုစ္စ ဖြစ်ခြင်း

ဥပသမ္ပဒ ကံဆောင်သော ပရိသတ်၌ ကမ္မဝါဆရာသည် ရင်း, သံဃာသည်ရင်း, ပဉ္စင်းလောင်းသည့်ရင်း မလိမ်မာ မကျွမ်းကျင်၍ ကမ္မဝါဆရာ၏ ကမ္မဝါရွတ်ဖတ်ပုံကို ကောင်းစွာ နားထောင် သော်လည်း ဉတ်ကမ္မဝါစာတို့၌ အက္ခရာကျ ပေါက်မှု၊ ပုဒ်ကျပေါက်မှု၊ မှားယွင်းရွတ်ဖတ်မှု အပြစ်တစုံတရာ မသိမြင်သဖြင့် "ငါတို့ တရားနှင့်လျော်သော ကံကို ပြီးစေ အပ်ပြီ" ဟု ဆုံးဖြတ်ကာ စိုးစဉ်းမျှ ယုံမှားသံသယမရှိပဲ နေ ရာပါသည်။ ထိုမှနောက်၌ ကျမ်းဂန် ဗဟုသုတ ကြွယ်ဝ၍ လိမ်မာကျွမ်းကျင်သော သိက္ခာကာမဝိနည်းဓိုရ် မဟာထေရ် မြတ်သည် ကံဆောင်နေစဉ် အတွင်း၌သော်ရင်း၊ ကံဆောင် ပြီး ပရိသတ် မထမီသော်ရင်း၊ ထပြီးကာစ၌သော်ရင်း၊ ထိုနေ့ ၌သော်ရင်း၊ နောက်နေ့၌သော်ရင်း၊ ထိုနောက် ကာလ အတန်ကြာမှသော်ရင်း လာရောက်၍ ကံဆောင်ရဟန်းတို့နှင့် ကမ္မဝါဆရာတို့အား "အဘယ်ပုံ ကမ္မဝါဖတ်သနည်း" ဟု မေး ကာ အလုံးစုံမှတ်သားပြီးလျှင် "အသင်တို့ ကမ္မဝါ ဖတ်ပုံ ချွတ်ယွင်း၏။ ဤသို့ ကမ္မဝါ ဖတ်ပုံဖြင့် ကံမမြောက်၊ ဤကံ ဖြင့် ပဉ္စင်းခံသောပုဂ္ဂိုလ်တို့လည်း ပဉ္စင်းမဖြစ်" ဟု ပြောဆို ကောင်း ပြောဆိုရာပါသည်။

ထိုဝိနည်းဓိုရ်၏ ပြောဆိုမှုကို အစွဲပြု၍ ကံဆောင်ရာတွင် စည်းဝေးပါဝင်သော သံဃာသည်ရင်း၊ ကမ္မဝါဆရာသည်ရင်း "ငါတို့ ပြုခဲ့သောကံသည် အောင်မြင်သလော၊ မအောင်မြင် သလော" ဟု ယုံမှားသကာဖြစ်ပါလိမ့်မည်၊ ပဉ္စင်းလောင်း

သည်လည်း ထိုအကြောင်းကို ကြား၍ "ယခု ငါသည် ပဥ္စင်းဟု သမုတ်ခံရသော်လည်း ပဥ္စင်းအစစ် ဖြစ်လေသလော" ဟု ယုံမှားသက်ာ ဖြစ်ပါလိမ့်မည်။ ယင်းသို့ဖြစ်လျှင် ထို ပဥ္စင်းလောင်း ပဥ္စင်းအစစ် ဖြစ်စေရန်နှင့် သာသနာတော်ကို ချီးမြှောက်ရန် နောက်ထပ်တဖန် သံဃာစည်းဝေးစေပြီး စည်းဝေးညီညွတ်သော သံဃာက ထို ကမ္မဝါစာရာဟောင်းကို ဖြစ်စေ၊ အခြား ကမ္မဝါဆရာကို ဖြစ်စေ တဖန် ဥတ်ကမ္မဝါစာကို ကောင်းစွာ ရွတ်ဖတ်စေပြီး အက္ခရာကျပေါက်ခြင်း ကမ္မဝါရွတ်ဖတ်မှု အပြစ်အားလုံးမှ လွတ်မြောက်စေကာ ကောင်းစွာ စင်ကြယ် ပြည့်စုံအောင် သိက္ခာထပ် ပေးသင့်ပါသည်။

ဤနည်းမှတပါး အခြားနည်းဖြင့် ပဥ္စင်းအစစ်မဖြစ်သော ပုဂ္ဂိုလ်သည် ကိုးကွယ်ရာ မရနိုင်ပါ။ ရှေးကဆိုခဲ့ပြီးသည့် အတိုင်း သာသနာတော်အကျိုးလည်း ဆုတ်ယုတ်နိုင်ပါသည်။ ထို ပဥ္စင်းလောင်းသည်လည်း မိမိ၏ ပဥ္စင်းအဖြစ်၌ ကုက္ကုစ္စ မကင်းပါပဲလျက် အလေးဂရုမပြုမူ၍ အခြားသော အလုပ်အကျွေး လှူဒါယကာတို့ ရှေ့မှောက်၌ အရှက်အကြောက်ကို ငဲ့ပြီးလျှင် မရှက်သင့်သောအရာ၌ ရှက်၍ ရှက်သင့်သောအရာ၌ မရှက်ပဲ အရပ်တပါးသို့ တိမ်းရှောင်သွားကာ မိမိအမှုကို ဖုံးကွယ်နေထိုင်မှုလည်း နေထိုင်ရာပါသည်။ ယင်းသို့ဖြစ်လျှင် "ဤပုဂ္ဂိုလ်သည် ခိုးယူပေါင်းသင်းသူ ထေယျသံဝါသက ဖြစ်လေသလော" ဟု အခြားသိမြင်သောပုဂ္ဂိုလ်တို့၏ ယုံမှားမှုကို ခံရပါလိမ့်မည်။

ထို့ကြောင့် ယခုအခါ ဤသို့သော အရာမျိုး၌ ၅-ပါး သောပြည့်စုံမှု၏ လွယ်ကူစွာ မပြုနိုင်သည့်အဖြစ်ကို နှလုံးသွင်း ဆင်ခြင်၍ ပဉ္စင်းလောင်းဖြစ်သော ပုဂ္ဂိုလ်သည် မိမိအကျိုး မဲ့ကို ပြုတတ်သည့် ကုက္ကုစ္စ ဖြစ်သင့်သောအရာ၌ မျက်စိ အမြင်နှင့် ပြည့်စုံသူဖြစ်ပါလျက် .မျက်စိကို စုံလုံးမှိတ်ကာ အဆိပ်ကိုစားသူကဲ့သို့ ကုက္ကုစ္စ ဖြစ်သင့်သော အမှုကိုလည်း ကုက္ကုစ္စမဖြစ်အောင် မကြံသင့်ပါ။ လိမ္မာပါးနပ်သူ ပညာရှိ ဖြစ်ပါလျက် သူအ-ကဲ့သို့ မဖြစ်သင့်၊ အမြွက်လည်း မထောင် သင့်ပါ၊ မရှက်သင့်သောအရာ၌ မရှက်မူ၍ ရှက်သင့်သောအရာ၌သာ ရှက်ကာ မိမိ သူတပါး၊ ၂-ဦးသားတို့၏ မိမိအပေါ် အထူးသဖြင့် ကုက္ကုစ္စကင်းအောင် အကြိမ်ကြိမ် အဖန်ဖန် သိက္ခာထပ်သင့်ပါသည်။

## ဆရာဥပဇ္ဈာယ်တို့၏ တာဝန်

ဤသို့သောအရာမျိုး၌ လိမ္မာ ကျွမ်းကျင်သော ပဉ္စင်းလောင်း မိမိသိက္ခာ၌ ယုံမှားသကာ မရှိပါသော်လည်း ဆရာဥပဇ္ဈာယ်ဖြစ်သော ပုဂ္ဂိုလ်တို့က မိမိကိုယ်တိုင် အထူးသဖြင့် အလေးဂရုပြုကာ ပဉ္စင်းလောင်းနှင့် အခြား သီတင်းသုံးဖော် ယုံမှားသံသယ ကင်းအောင် ဥတ်ကမ္မဝါစာကို အကြိမ်ကြိမ် ရွတ်ဖတ်စေ၍ရင်း အခြားသိမ်သို့ ခေါ်ဆောင်၍ရင်း သိက္ခာ ထပ်ပေးသင့်ပါသည်။ ယင်းသို့ မပြုကြပါလျှင် သာသနာတော် ဆုတ်ယုတ်ချိန် ယခုအခါ သာသနာတော် ဆုတ်ယုတ်ရာအရပ်၌ ပဉ္စင်းခံရာတွင် ပြည့်စုံရမည့် သမ္ပတ္တိ ၅-ပါးတို့ အလွန်ရခဲသောကြောင့် တစုံတခုသော ပျက်စီးမှုကို အမှီပြု၍ ပဉ္စင်းခံသောပုဂ္ဂိုလ်များ ပဉ္စင်းအစစ်မဖြစ်ကြပဲ

ဘုရားရှင်ကိုယ်တော်မြတ် ၄-သချေ့နှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ဆင်းရဲငြိုငြင်စွာ ရှာမှီး တည်ထောင်အပ်သော သတ္တဝါအားလုံးတို့၏ စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် ရဟန်း ပဋ္ဌင်းအဖြစ်ဟူသော သာသနာတော်ကို လျင်မြန်စွာ ကွယ်စေရာ ရောက်ပါလိမ့်မည်။ (ရွှေစစ်မဟုတ်သည့် ရွှေတု ရွှေယောင် ကုလားရွှေတို့သည် ရွှေဟု သမုတ်အပ်သော်လည်း အဖိုးမတန်သကဲ့သို့) အသွင်ကိုသာ ဆောင်နေ၍ အဖိုး မတန်သော ရဟန်းတု ရဟန်းယောင်များသာ ဖြစ်နေကြပါ လိမ့်မည်။

## တိုက်တွန်းခြင်း

ရဟန်းများ၏ ရှေ့သွားခေါင်းဆောင်ဖြစ်၍ အဆုံးအမ ပေးတတ် တရားဟောတတ်, အယူဝါဒ ပြုတော်မူတတ်ကုန် သော ဂဏထိပ်တင် တပါးသူတို့၏ ကိုးကွယ်အရှင်ဖြစ်တော် မူကြကုန်သော သူတော်ကောင်းတရားကို ထွန်းပြ၍ သူတော် အကျင့်၌ သက်ရောက်တော်မူကြကုန်သော၊ လမ်းကောင်း လမ်းမှန်၌ ကျွမ်းကျင်လိမ္မာ၍ များစွာသောလူတို့၏ ရှေ့သွား ဆရာကောင်း ဆရာမြတ်များ ဖြစ်တော်မူကြသော၊ အမြဲ သာသနာ့ဝန်ကို ဆောင်၍ သံသရာ ဘေးကို မြော်တွေး ရှုမြင်တော် မူကြသော၊ ဖြောင့်မတ်ခြင်း, နူးညံ့ခြင်း, သည်းခံခြင်း, သနားခြင်း ဂုဏ်နှင့် ပြည့်စုံ၍ သတိပညာ ကြီးမားတော် မူကြကုန်သော၊ ဘုရား ရှင်၏ သားတော် မကိုဋ်, သီရိလင်္ကာ သာသနာ၏တံခွန်, များစွာသော လူတို့၏ မှန်ကူ, ဗုဒ္ဓဥပါသကာ ဒါယကာတို့၏ကြေးမုံ, သူတော်ကောင်း တို့၏ မှန်ကင်း ဖြစ်တော်မူကြသော သီရိလင်္ကာကျွန်းဖွား

အရှင်မြတ်တို့ဘုရား၊ လဇ္ဇီကုက္ကုစ္စ သိက္ခာကာမ ဖြစ်တော်မူကြ၍ သာသနာတော်၏ အစီးအပွါးကို လိုလားတော်မူကြသော အရှင်ဘုရားတို့သည် လျှောက်တင်ခဲ့ပြီးသော အကြောင်းကြောင့် ဘုရားရှင် သာသနာတော်၏အရင်းမူလဖြစ်၍ အလွန်အလေးပြုသင့်သော ပဥ္စင်းလောင်းတို့အား သိက္ခာထပ်ပေးသည့် ဤအရာ၌ရင်း၊ သိမ်သမုတ်သော အရာ၌ရင်း အထူးသဖြင့် သတိပြုတော်မူကြပါကုန်၊ အလေးဂရုပြုတော်မူကြပါကုန်၊ ဖြောင့်ဖြောင့်မတ်မတ် ကြသွားတော်မူကြပါကုန်ဘုရား။

ဤသည်ကား မိမိသိက္ခာ၌ ကုက္ကုစ္စ မကင်းကြသော ရဟန်းတို့အား တဖန် သိက္ခာထပ်ပေးမှု (ပုနောပသမ္ပဒကံ) ဘုရားရှင် ထားတော်မူအပ်သော မဟာပဒေသ ၄-ပါးတို့တွင် ခွင့်ပြုချက်နှင့် လျော်သော သဘာဝယုတ္တိအကြောင်းတည်း။

## ကျမ်းဂန်ယုတ္တိအကြောင်း

ယခုလျှောက်တင် လတ္တံ့သည်ကား ဘုရားရှင်၏ တပည့်သား အများတို့တွင် ဖခင်ဘုရား၏ ကိုယ်တော်စားဖြစ်သော ဘုရားရှင်အလိုတော်ကိုသိ၍ ကိုးကွယ်ရာပြုတတ်သော အဋ္ဌကထာဆရာမြတ်သည် အားလုံးသော ဘုရားရှင် တပည့်သားတို့၏ ကိုးကွယ်ရာပြုခြင်းငှါ ကောင်းစွာ ထားအပ်သော ကျမ်းဂန်၌လာ၍ မတုန်လှုပ် မရွေ့ရှားသော အကြောင်းပြစကားပါတည်း။

ပါစိတျာဒိအဋ္ဌကထာ(နှာ-၁၃၆)၌ ဤသို့ မိန့်ဆိုထားပါသည်။

"အသက် ၂၀-မပြည့်သော ပုဂ္ဂိုလ်ကို အသက် ၂၀-ပြည့်၏ဟု မှတ်ထင်၍ ပဥ္စင်းခံပေးသော ပုဂ္ဂိုလ်

အား အာပတ်မသင့်ဟူ၍ ပဋ္ဌင်းခံပေးသော ပုဂ္ဂိုလ်အား အာပတ်မသင့်သော်လည်း ပဋ္ဌင်းလောင်းကား ပဋ္ဌင်းမဖြစ်၊ ထိုပဋ္ဌင်းမဖြစ်သူသည် ၁၀-ဝါရသောအခါ (ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာပြုလုပ်၍) အခြားပဋ္ဌင်းလောင်းကို ပဋ္ဌင်းခံပေးလျှင် ထိုပုဂ္ဂိုလ်ကိုလွှတ်၍ (၅-ပါး) ဂိုဏ်းပြည့်ပါက ကောင်းစွာ ပဋ္ဌင်းဖြစ်၏။ ထိုပဋ္ဌင်းမဖြစ်ခဲ့သူသည်လည်း ပဋ္ဌင်းမဖြစ်မှန်း မသိသမျှကာလပတ်လုံး နတ်ရွာနိဗ္ဗာန်၏ အန္တရာယ်မဖြစ်၊ ပဋ္ဌင်းမဖြစ်မှန်းသိလျှင်ကား တဖန် ပဋ္ဌင်းခံသင့်၏”။

ပရိဝါ အဋ္ဌကထာ (နှာ-၂၄၃-၄) ၌ အခြားသော စကားကိုလည်း မိန့်ဆိုထားပါသည်။

“အကယ်၍ အက္ခရာကျပေါက်မှု၊ ပုဒ်ကျပေါက်မှု၊ မှားယွင်း ရွတ်ဖတ်မှု တခုခုဖြစ်လျှင် ထိုအပြစ်ကို အဖန်ဖန် အကာပ်ထပ် ရွတ်ဖတ်ခြင်းငှါ အပ်၏။ ဤအထပ်ထပ် ရွတ်ဖတ်ခြင်းသည် မပျက်သော ကံ၌ ခိုင်မြဲအောင်ပြုမှု ဖြစ်၏။ ပျက်သော ကံ၌ ကောင်းသော ကံဖြစ်၍ တည်၏”။

ဤစကားရပ်တို့ဖြင့် အဘယ်ကို ပြပါသနည်း။

ထင်ရှားအောင် ဖြေဆိုပါမည်၊ ဖော်ပြပါ စကား ၂-ရပ်တွင် ပဌမစကားရပ်ဖြင့် ပဋ္ဌင်းခံစဉ်အခါ ပဋ္ဌင်းလောင်း၏ အသက် ၂၀-မပြည့်မှုကြောင့် ထိုပဋ္ဌင်းလောင်းဟူသော ဝတ္ထုပျက်စီးမှုကိုစွဲ၍ (တဖန်) သိက္ခာထပ်ပေးနည်းကို ပြပါသည်။ ထိုဝတ္ထုပျက်စီးမှုကို တိုက်ရိုက်ပြသဖြင့် “အခြား ပျက်စီးမှု

၄-ပါးတို့၌သည်း ယင်းပျက်စီးမှုတို့ကို သုတ်သင်၍ ထိုနည်းတူစွာပင် သိက္ခာထပ်မှု ပြုအပ်၏”ဟူသော အနက်အဓိပ္ပါယ်ကို ထို ပဌမစကားရပ်ဖြင့်ပင် ပြပြီး ဖြစ်ပါသည်၊ အဘယ့်ကြောင့် ဆိုသော် အဆိုပါ ပျက်စီးမှုတို့၏ ကံပျက်ခြင်းဟူသော သာမညအားဖြင့် တူသော လက္ခဏာရှိသောကြောင့်ပါတည်း။ မှန်ပါသည်။ ပျက်စီးမှုအားလုံးတို့သည် ကံကို ပျက်စီးစေတတ်သည်သာ ဖြစ်ပါသည်။

ဒုတိယစကားရပ်ဖြင့် ဉတ္တိဒုတိယကံ၌ ခိုင်မြဲအောင်ပြုမှု ‘ဒဠှီကမ္မ’ပြုသင့်သောနည်းကို ပြပါသည်။ ထိုသို့ပြခြင်းကြောင့် ထိုမှ ကြွင်းသော ဉတ္တိစတုတ္ထကံ စသည်တို့၌လည်း ဒဠှီကမ္မပြုသင့်ကြောင်း ယင်း ဒုတိယစကားရပ်ဖြင့်ပင် ပြပြီး ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထို ဉတ္တိဒုတိယ၊ ဉတ္တိစတုတ္ထကံ စသည်တို့ သိထိလ ဓနိတ စသည် ပြည့်စုံမှုကို အလိုရှိအပ်သည်၏ အဖြစ်ဟူသော သာမညအားဖြင့် တူသော လက္ခဏာရှိသောကြောင့် ဖြစ်ပါသည်။ မှန်ပါသည်။ ကမ္မဝါစာ အားလုံးတို့၌ သိထိလ၊ ဓနိတ၊ ဌာန်၊ ကရိုဏ်း စသည် ပြည့်စုံမှု အလိုရှိအပ်သည်သာ ဖြစ်ပါသည်။

## နည်းတမျိုး

ဖော်ပြပါနည်းမှ တပါးသော နည်းကို လျှောက်တင်ပါဦးမည်။ ပဌမစကားရပ်ဖြင့် “ပဋ္ဌင်းလောင်း ဟူသော ဝတ္ထုပျက်စီးမှုအရာ၌ ကံဆောင် ရဟန်းတို့က ‘ငါတို့ တရားနှင့်ညီလျော်သော ကံကို ပြီးစေအပ်ပြီ’ဟု ဆုံးဖြတ်ထားသော်လည်း ထိုကံပြုစဉ်အတွင်း၌ရင်း, ပရိသတ် ထသွားစဉ်၌ရင်း

ထို့နောက် ကာလတပါး၌ရင်း (ဤသို့၊ လာလတ္တံ့ ၉၉-တတိယပိုဒ် ကြည့်၍ ပြန်)။ ပရိသတ်ထသွားမှုရင်း ဝတ္ထုဖြစ်သော ပဉ္စင်းလောင်းက မိမိပဉ္စင်း မဟုတ်ကြောင်းသိလျှင် တဖန် သိက္ခာ ယူရမည်သာဖြစ်၏။ သံဃာကလည်း ထို ပဉ္စင်းလောင်းအား တဖန် သိက္ခာပေးရမည်သာ ဖြစ်၏' ဟူသော အနက်အဓိပ္ပါယ်ကို ပြပါသည်။

ယင်းသို့ ပြခြင်းကြောင့် "အခြားပျက်စီးမှုတို့၌လည်း တစုံတရာ ပေါက်ပြန် ပျက်စီးခြင်းကို သိသောအခါ၌ ကံဆောင် ရဟန်းတို့က 'ငါတို့ တရားနှင့် လျော်သော ကံကို ပြီးစေအပ်ပြီ' ဟု ဆုံးဖြတ်ချက် ချထားကြသော်လည်း ထိုကံ ပြုစဉ် အတွင်း၌ရင်း ပရိသတ် ထသွားမှုရင်း ထိုပျက်စီးမှုတို့ကို သုတ်သင်၍ တဖန် သိက္ခာပေးမှုကို ပြုအပ်၏" ဟူသော အနက်အဓိပ္ပါယ်ကို ပဌမ စကားရပ်ဖြင့်ပင် ပြပြီး ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ပျက်စီးမှုအားလုံးတို့ ကံပျက်သည်အဖြစ်ဟူသော (တူညီမှု) သာမညအားဖြင့် တူသော လက္ခဏာ ရှိသောကြောင့် ဖြစ်ပါသည်။

ဒုတိယ စကားရပ်ဖြင့်ကား "ဉတ္တိဒုတိယကံဝယ် ဉတ်ကမ္မဝါစာဆရာတို့၌ 'ငါတို့၏ ဤကံသည် တရားနှင့်မညီ' ဟု ဧကန် မသိပဲ 'တရားနှင့် ညီသလော၊ မညီသလော' ဟု ယုံမှားသင်္ကာဖြစ်ခြင်းမျှဖြင့်လည်း ထိုယုံမှား သင်္ကာပယ်ဖျောက်ရန် ခိုင်မြဲအောင်ပြုမှု 'ဒဠှီကမ္မ' ကို အဖန်ဖန်ပြုအပ်၏" ဟူသော အနက်အဓိပ္ပါယ်ကို ဖော်ပြပါသည်။ ထိုသို့ ပြခြင်းကြောင့် "အခြားဉတ္တိစတုတ္ထကံ စသော အရာတို့၌လည်း ထို့အတူပင် 'ငါတို့၏ဤကံသည် တရားနှင့်လျော်သလော မလျော်သလော'

ဟု ယုံမှားသက်ာ ဖြစ်ကာမျှဖြင့် ထို ယုံမှားသက်ာကို ပယ်ဖျောက်ရန် ခိုင်မြဲအောင်ပြုမှုကို အဖန်ဖန်ပြုအပ်၏” ဟူသော အနက်အဓိပ္ပါယ်ကို ထို ဒုတိယ စကားရပ်ဖြင့်ပင် ပြပြီး ဖြစ်ပါသည်။ အကြောင်းကား–ထိုကံတို့၏ တရားနှင့် လျော် မလျော်သည့် အဖြစ်၌ ယုံမှားသက်ာရှိကာမျှဖြင့်လည်း မပြီးစေထိုက်သည့် အဖြစ်ဟူသော (တူညီမှု) သာမညအားဖြင့်တူသော လက္ခဏာရှိသောကြောင့် ပါတည်း၊ မှန်ပါသည်၊ ‘ဤကံသည် တရားနှင့်လျော်သလော၊ မလျော်သလော’ ဟု ကံ ဆောင်ရဟန်းစသည်တို့၏ ယုံမှားသက်ာဟူသော ဝိနယကုက္ကုစ္စ မကင်းသမျှ ကံအားလုံးတို့ကို မပြီးစေသင့်ပါ။

ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်များ ယုံမှားသက်ာ မကင်းသမျှ ဝိနည်းကံ အားလုံးတို့၌လည်း အထပ်ထပ် အခါခါ ကမ္မဝါစာ ရွတ်ဖတ်သင့်ပါသည်။ ယင်းသို့ ရွတ်ဖတ်ခြင်းကိုလည်း ထိုကံ ပြုနေစဉ်ခဏ၌ရင်း ထိုကံပြုပြီးသည့် အခြားမဲ့၌ရင်း ထို့မှနောက်ကာလတပါး၌ရင်း ပြုသင့်သည်သာ ဖြစ်ပါသည်။ ဤအရာ၌ ရဟန်းတို့ ရှေးကံပြုစဉ် အခါက ငါတို့၏ကံသည် တရားနှင့်လျော်၏ ဟု ပြီးစေခြင်း မပြီးစေခြင်း (ဆုံးဖြတ်ခြင်း) မဆုံးဖြတ်ခြင်းမှာ အတိုင်းအရှည် ‘ပမာဏ’ မဟုတ်ပါ၊ ထိုကံ၏ တရားနှင့် လျော်သည့်အဖြစ်၊ မလျော်သည့် အဖြစ်သည်သာ ပမာဏဟု မှတ်သင့်ပါသည်။ မှန်ပါသည်၊ ဤသို့သော အရာမျိုးတို့၌ တနေရာဝယ် ပြုအပ်သော လက္ခဏာကို အခြားနေရာ၌လည်း လက္ခဏာဟာရ နေတ္တိနည်းဖြင့် ယူသင့်ပါသည်။

## လက္ခဏာဟာရ နေတ္တိနည်း

လက္ခဏာဟာရ နေတ္တိနည်းဟူသည်မှာ "သုတ်၌ လာသော တရားနှင့်လက္ခဏာ (ကိစ္စ၊ ဟေတု၊ ဖလ စသည်) တူသော မဟောအပ်သော တရားတို့သည်လည်း ဟောအပ်ပြီး မည်ကုန်၏" (နေတ္တိ။ ၃။ ပေဋကောပဒေသ။ ၂၃၀၊) ဤသို့ စသောနည်းဖြင့် အရှင်မဟာကစ္စည်းထေရ် ညွှန်ပြအပ်သော နည်းဖြစ်ပါသည်။ ထို့ကြောင့်ပင် သာရတ္ထဒီပနီဋီကာ ပက္ကန္တဝိနိစ္ဆယနှင့် အာဏတ္တိ ဝိနိစ္ဆယ အရာတို့၌ ဤသို့ မိန့်ဆိုထားပါသည်။

> "ဆရာမှ မိန္နာ'နိဿယည်း 'ငြိမ်းခြင်း စသည်တို့၌ ဆရာသည် ဖဲသွား၏ဟူရာဝယ် ဖဲသွား၏ ဟူသည် အရပ်တပါးသို့သွား၏ စသည်ဖြင့် ဥပဇ္ဈာယ်ဖဲသွားရာ၌ ဆိုခဲ့ပြီးသော အဆုံးအဖြတ်ကို ထို၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် (ဆရာကိုဆိုသော) ဤအရာ၌လည်း သိသင့်၏၊ ထို့ကြောင့် ထိုနည်းကိုမဆိုပဲ 'တစုံတယောက်သော ဆရာသည် ပန်ပြော၍ ဖဲသွား၏' စသည်ဖြင့် အခြားနည်းကိုသာ အားထုတ် (မိန့်ဆို) အပ်ပြီ၊ ဤ၌ ဆိုအပ်သော နည်းကိုလည်း ဥပဇ္ဈာယ် ဆရာ ဖဲသွားရာ၌လည်း ဆောင်ယူသိအပ်သည်သာတည်း။ မှန်၏၊ ဤသို့သော အရာတို့၌ တနေရာ၌ ပြအပ်သော လက္ခဏာကို အခြား နေရာ၌လည်း မှတ်သားအပ်၏"။ (သာရတ္ထ၊ ၃၊ ၂၃၉၊)

ထို့ကြောင့် ဤ၌လည်း နည်းအမြွက်ကို ပေးခြင်း နည်းအမြွက်ကိုပြခြင်း နည်းကိုညွှန်ခြင်း၏ အစွမ်းဖြင့် မိန့်ဆိုအပ်

သော လျှောက်ဆိုခဲ့ပြီး အဋ္ဌကထာ စကား ၂-ရပ်ကို ထောက်ထား၍ အလုံးစုံသော ဝိနည်းကံတို့၌လည်း ကေန် ပျက်စီးမှုကို သိကုန်သော်ငင်း၊ ယုံမှားရှိကုန်သော်ငင်း ထိုကံပြုနေစဉ် ခဏ၌ဖြစ်စေ၊ ထိုကံပြုပြီးသည့် အခြားမဲ့၌ဖြစ်စေ ထို့နောက် ကာလကပါး၌ဖြစ်စေ ထိုပျက်စီးမှုတို့ကို သုတ်သင်ကာ ယုံမှားသကာမရှိလောက်အောင် တဖန် သိက္ခာ တင်ပေးမှု ခိုင်မြဲအောင်ပြုမှုကို ပြုသင့်သာဟု ကေန် သံမှတ်သင့်ပါသည်။

## သိက္ခာထပ်မှုနှင့် ခိုင်မြဲအောင်ပြုမှု

ဤနေရာ၌ သိက္ခာထပ်ပေးမှုနှင့် ခိုင်မြဲအောင်ပြုမှု အဘယ်သို့ ထူးသနည်းဟု တစုံတယောက်၏ မေးမြန်းမှု ရှိကောင်းရှိပါမည်၊ အဖြေကား သိက္ခာထပ်ပေးမှုသည် ပဉ္စင်းခံမှုတခုနှင့်သာ ဆိုင်၏၊ ခိုင်မြဲအောင်ပြုမှု 'ဒဠှိကမ္မ' ကား ဝိနည်းကံအားလုံးနှင့်လည်း ဆိုင်ပါသည်။ ဆက်လက်လျှောက်ထားပါမည်။ ကံဆောင်ရဟန်းတို့၏ မိမိ၊ သူတပါး ၂-ဦးသားတို့ ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါရင်း၊ လှုပ်ချောက်ချားလိုသော ပုဂ္ဂိုလ်တို့ ချောက်ချားခွင့်မရခြင်းငှါရင်း အထပ်ထပ် အခါခါ ပြုခြင်းကိုပင် ဤနေရာ၌ ခိုင်မြဲအောင်ပြုမှု 'ဒဠှိကမ္မ'ဟု ဆိုပါသည်။ လျှော့လျှည်း (ရှော့ရဲ)စွာ ပဉ္စင်း ဖြစ်လာသော ပုဂ္ဂိုလ်၏ အလွန်ခိုင်မြဲစွာ ပဉ္စင်းအဖြစ်သို့ရောက်ခြင်းကို ခိုင်မြဲအောင်ပြုမှုဟု မဆိုပါ။ အကြောင်းကား-ထိုသို့လျှော့လျှည်းရာမှ ခိုင်မြဲအောင်ပြုခြင်း သဘောမျိုးသည် တခါတရံမျှ မရှိသောကြောင့်ဖြစ်ပါသည်။ မှန်ပါသည်၊ ဘုရားရှင်ကောင်းစွာ ပညတ်တော်မူအပ်သော ရဟန်းများ ကောင်းမွန် မှန်ကန်စွာ

ရွှတ်ဖတ်အပ်သည့် ဥတ်ကမ္မဝါစာဖြင့် တကြိမ်တခါမျှ သံဃာကပေးအပ်သော ပဉ္စင်းဖြစ်ကြောင်း သိက္ခာသည် မည်သည့်နည်းနှင့်မျှ လှုပ်ရှားမယိုင် မြဲခိုင်စွာ တည်နေပါသည်။ ထိုပဉ္စင်းအဖြစ်သည် မူလ(ပဌမ) ကပင် အကြွင်းမရှိ အထူး ခိုင်မြဲနေသောကြောင့် အဖန်ဖန် အထပ်ထပ် ပေးအပ်သော်လည်း သာလွန်းခိုင်မြဲသည်ဟူ၍ မရှိတော့ပါ၊ သိကြားလက်နက် ဝရဇိန်မိုးကြိုးစက် တကြိမ်တခါကျရုံမျှပင် မြေစိုင်ခဲကို မုန့်မုန့်ညက်ညက် ဖျက်ခွဲဖြိုခွင်းသကဲ့သို့ရင်း မဂ်စိတ် တကြိမ်ဖြစ်ကာမျှလည်း မိမိပယ်သင့်သော ကိလေသာကို အကြွင်းမဲ့ ပယ်ရှားဖျက်ဆီးသကဲ့သို့ရင်း ဖြစ်ပါသည်။

ဤသို့မယူပဲ အခြားသော နည်းဖြင့် အခိပ္ပါယ် ယူဆပါလျှင် အလိုမရှိအပ် မသင့်မြတ်သော အနက်အဓိပ္ပါယ် အဖြစ်ဒေါသရောက်ပါလိမ့်မည်။ရောက်နိုင်ပုံမှာ "၅-ပါးသော ပြည့်စုံခြင်း 'သမ္ပတ္တိ'တို့နှင့် ပြည့်စုံ၍ တကြိမ်တခါမျှ သိက္ခာယူ(တင်)သော ပုဂ္ဂိုလ်၏ ပဉ္စင်းဖြစ်ကြောင်း သိက္ခာသည် အောက်ထစ်ဆုံးအားဖြင့် အလွန် လျော့လျည်းစွာဟည်၏။ ၂-ကြိမ် သိက္ခာယူသောပုဂ္ဂိုလ်အား တကြိမ်မျှ သိက္ခာယူသော ပုဂ္ဂိုလ်၏ သိက္ခာထက် သာလွန် ခိုင်မြဲသော်လည်း ၃-ကြိမ်ယူသော ပုဂ္ဂိုလ်၏ သိက္ခာအောက် သာလွန်လျော့လျည်းစွာ သိက္ခာတည်၏။ ထိုနည်းတူစွာ ၃-ကြိမ်သိက္ခာယူသော ပုဂ္ဂိုလ်အား ၂-ကြိမ်ယူသော ပုဂ္ဂိုလ်၏ သိက္ခာထက် သာလွန် ခိုင်မြဲသော်လည်း ၄-ကြိမ်ယူသော ပုဂ္ဂိုလ်၏ သိက္ခာအောက် သာလွန် လျော့လျည်းစွာသာ သိက္ခာတည်၏' ဤသို့စသော အနက်သဘောသည် ရောက်ပါလိမ့်မည်။

ယင်းသို့ဖြစ်လျှင် ဤသို့သော အနက်သဘောသည်လည်း ရောက်လာပါလိမ့်ဦးမည်။ "ရှေးအခါ ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က အချို့အချို့ ပဋ္ဌင်းလောင်းတို့အား တစုံ တခုသော ပြည့်စုံမှု 'သမ္မတ္တိ' မချွတ်ယွင်းသည့် အဖြစ်ကို ကောန်သိတော်မူကြ၍ ကျွမ်းကျင်လိမ္မာ စွမ်းဆောင်တော် မူနိုင်ကြသည့် အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်တို့ သည် တကြိမ်တခါမျှသာ သိက္ခာ တင်ပေးကြ၏။ အထပ် ထပ် မပေးကြ၊ ရဟန္တာပုဂ္ဂိုလ် အားလုံးတို့သည်လည်း မိမိ သိက္ခာ၌ စိုးစဉ်းမျှ ယုံမှားသံသာမရှိကြ၍ တကြိမ်တခါမျှသာ သိက္ခာယူကြ၏၊ အထပ်ထပ် မယူကြ၊ ထိုရဟန္တာတို့သည်လည်း ယခုအခါ ပုထုဇဉ်ရဟန်းတို့ထံ ၂-ကြိမ် ၃-ကြိမ် ၄-ကြိမ် သိက္ခာ ယူကြသော ပုထုဇဉ်ရဟန်းတို့အောက် အထူးလျော့လျည်းစွာ ပဋ္ဌင်းအဖြစ်သို့ ရောက်၏" ဤသို့သော အနက်အဓိပ္ပါယ် ရောက်လာပါလိမ့်မည်၊ ထိုအနက် အဓိပ္ပါယ်သည် လုံးဝ မသင့်လျော်ပါ။

## သိမ်သမုတ်ကံဖြင့် ထင်ရှားအောင် ဆောင်ပြခြင်း

ထို့အတူပင်သိမ်သမုတ်ကံအရာ၌လည်း ဤအနက်အဓိပ္ပါယ် မျိုး ရောက်လာပါလိမ့်ဦးမည်၊ "ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်က ယောဇနာပြိုဟ်အနီး ၁၈-ရပ်သော ကျောင်းတိုက်ကြီး တို့ကို တပေါင်းတည်းပြု၍ တသိမ်တည်းအဖြစ်ဖြင့် အရှင် သာရိပုတြာထေရ် တကြိမ်မျှသမုတ်အပ်သော မဟာသိမ် ထက်လည်း ယခုအခါ များစွာသော ပုထုဇဉ်ရဟန်းတို့ သိမ်သက်-မသက် မသိ၍ ယုံမှားသံသယရှိသဖြင့် ထိုယုံမှား သံသယကို ပယ်ဖျောက်ရန် ဥတ်ကမ္မဝါစာတို့ကို အထပ်ထပ်

ရှတ်ဖတ်ကာ ထိုခဏမှာပင် ၅-ကြိမ်၊ ၇-ကြိမ်၊ ၉ ကြိမ်-တိုင်အောင် သမုတ်အပ်သောသိမ်တို့သည်သာ သာလွန်ခိုင်မြဲစွာ သိမ်အဖြစ်သို့ရောက်ကြ၏” ဤသို့သော အနက်အဓိပ္ပါယ်မျိုး ရောက်လာနိုင်ပါသည်။ ထိုအနက်အဓိပ္ပါယ်သည်လည်း လုံးဝ မသင့်လျော်ပါ၊ မှန်ပါသည်၊ ဤသိမ်ဟူသည်မှာ ဘုရားရှင် ပညတ်တော်မူသည့်အတိုင်း ကောင်းစွာ ရှတ်ဖတ်အပ်သော ကမ္မဝါစာဖြင့် သံဃာက သမုတ်ပါလျှင် တကြိမ်မျှဖြင့်ပင် လှုပ်ရှားမယိုင် အထူးခိုင်မြဲစွာ အောက်မဟာပထဝီမြေကြီး ဆုံးသည့်တိုင်အောင် သိမ်ရာမြေရှိသမျှ သက်ရောက်ပါသည်။ အကြိမ်ကြိမ် အထပ်ထပ် သမုတ်အပ်သော်လည်း ပို၍ခိုင် မြဲစွာ သက်ရောက်သည် မဟုတ်ပါ။ အကြောင်းကား ထိုသိမ် သည် တကြိမ်တည်းဖြင့်ပင် အကြွင်းမဲ့ အသွတ်အထိပ်ရောက် အထူးခိုင်မြဲစွာ သက်ရောက်သောကြောင့် ဖြစ်ပါသည်။

အကြောင်း တမျိုးကား-အဆိုပါ သိမ်ကို အထပ်ထပ် သမုတ်အပ်သော်လည်း သမုတ်ခြင်း ကြိယာပင် မဖြစ်ပါ။ တကြိမ်မျှ မိုးကြိုးပစ်သဖြင့် အသက်ကုန်ကာ ကွယ်လွန်ရှာ သော သူသေကောင်အား အထပ်ထပ်မိုးကြိုးပစ်သော်လည်း အထပ်ထပ် သေခြင်းကြိယာ မဖြစ်သကဲ့သို့ပါတည်း။ ထိုသိမ် ကို အထပ်ထပ် သမုတ်အပ်သော်လည်း အထပ်ထပ် သမုတ် ခြင်းကြိယာ မဖြစ်သကဲ့သို့ပင် အထပ်ထပ်သမုတ်အပ်သော ထိုသိမ်သည်လည်း ပဌမ (တကြိမ်)သမုတ်အပ်သော သိမ်ထက် အထူးခိုင်မြဲစွာ သက်ရောက်၏ဟုဆိုခြင်းငှါ မထိုက်ပါ။

နောက်အကြောင်းတမျိုးကား-ဆရာစဉ်ဆက် ဆင်းသက် လာကြသော ခေါင်းဆောင်ရှေ့သွား ထေရ်ကြီး ထေရ်ငယ်

အများတို့သည် သိမ်သစ် သမုတ်လိုသောအခါ ရှေးသိမ်ဟောင်းရာကိုင်း၊ သိမ်သစ် သက်-မသက်ကိုင်း သိနိုင်ခဲသောကြောင့် အလုံးစုံ ယုံမှားဖွယ် မရှိအောင် ရှေးသိမ်ဟောင်းဟု ယုံမှားလောက်သောအရာ၌ ယုံမှားသံသယဖြင့် သိမ်နုတ်ကမ္မဝါစာကို အထပ်ထပ် ရွတ်ဖတ်၍ ဤသို့သော သိမ်နုတ်ကံကို အဖန်ဖန် ပြုကြပါသည်။ ထို့နောက် အခြားသော သိမ်ပျက်တို့ကို လွန်မြောက်စေရန် အထူးအားထုတ်၍ ၄-ပါးအစရှိ(စတုဝဂ်)သံဃာထက်ကျော်လွန်များပြားသော ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းတို့နှင့်အတူ ရှေးကပင် ကမ္မဝါစာရွတ်ဖတ်မှု၌ လေ့လာ သင်ယူဖူး၍ ကျွမ်းကျင်လိမ္မာသော ပုဂ္ဂိုလ်တို့ကို အထူးရွေးချယ်ကာ မိမိ သူတပါး ပုဂ္ဂိုလ်အားလုံး ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါလည်း ချောက်ချားလိုသောပုဂ္ဂိုလ်များ ချောက်ချားခွင့် မရစေခြင်းငှါလည်း ဉတ်ကမ္မဝါစာတို့ကို အထပ်ထပ်ရွတ်ဖတ်စေကြပါသည်။ ယင်းသို့ ရွတ်ဖတ်ပြီးနောက် ထိုခဏမှာပင် ၅-ကြိမ် ၇-ကြိမ် ၉-ကြိမ် အကြိမ်များစွာ ၂-စု ၃-စု ရှိသော ရဟန်းတို့ကို အထပ်ထပ် ရွတ်ဖတ်စေ၍ အထူးလေးစား သတိထားကာ သာသနာတော်၏ စင်စစ် အရင်းမူလဖြစ်သည့် သိမ်သမုတ်ကံကို ပြုတော်မူကြပါသည်။

အဆိုပါ သိမ်သမုတ်ကံကိုလည်း လျှောက်တင်ခဲ့သည့်အတိုင်း မိမိ သူတပါး ပုဂ္ဂိုလ်အားလုံး ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါလည်း၊ ချောက်ချားလိုသောပုဂ္ဂိုလ်များချောက်ချားခွင့် မရစေခြင်းငှါလည်း ဤသို့ အထပ်ထပ် အခါခါ ပြုလုပ်ကြခြင်း ဖြစ်ပါသည်၊ ထိုထို ရှေးကံသက် သာလွန်နိုင်မြဲစွာ သိမ်သက်

ရောက်ခြင်းငှါ ပြုလုပ်ကြသည် မဟုတ်ပါ၊ ထိုအတူပင် ပဥ္စင်းခံမှု 'ဉပသမ္ပဒကံ'၌လည်း ဉတ်ကမ္မဝါစာတို့ကို အထပ်ထပ် ရွတ်ဖတ်စေ၍ ထိုသိမ်၌ရင်း၊အခြားသိမ်၌ရင်း အကြိမ်များစွာ ပဥ္စင်းခံပေးကြသော ထေရ်အရှင်တို့သည် မိမိ သူတပါး ပုဂ္ဂိုလ်အားလုံး၏ရင်း ပဥ္စင်းလောင်း၏ရင်း ကုက္ကုစ္စ ပယ် ဖျောက်ရန်နှင့်ချောက်ချားလိုသောပုဂ္ဂိုလ်များ ချောက်ချားခွင့် မရစေရန် အကြိမ်များစွာ ပဥ္စင်းခံပေးကြပါသည်။ အဖန်ဖန် ပဥ္စင်းအဖြစ်သို့ရောက်စေခြင်းငှါ ခံပေးကြသည် မဟုတ်ပါ။ မှန်ပါသည်။ အဖန်ဖန် ပဥ္စင်းခံပေးသော သံဃာအားလည်း ကောင်းမွန်မှန်ကန်စွာ ရွတ်ဖတ်အပ်သော ကမ္မဝါစာဖြင့် တကြိမ်သာ ပဥ္စင်းခံပေးမှု ကြိယာဖြစ်ပါသည်။ဒုတိယ တတိယ အကြိမ် စသည်၌ (ပဥ္စင်းခံပေးမှု ကြိယာ)မဖြစ် တော့ပါ။

ဤအတူ အကြိမ်များစွာ အဖန်ဖန် သိက္ခာယူကြသော ပုဂ္ဂိုလ်တို့အားလည်း ပဌမအကြိမ်၌သာ သံဃာ၏ကောင်းစွာ ရွတ်ဖတ်အပ်သော ကမ္မဝါစာဖြင့် တကြိမ်သာ ပဥ္စင်းခံမှု ကြိယာ ဖြစ်ပါသည်။ ဒုတိယ တတိယအကြိမ် စသည်တို့၌ မဖြစ်တော့ပါ၊ ထိုကြောင့်ပင် ပဥ္စင်းခံမှု ကြိယာ မည်သည် ပဥ္စင်း မဟုတ်သော ပုဂ္ဂိုလ်ကိုသာ အမှီပြု၍ ဖြစ်ပါသည်။ ပဥ္စင်းဖြစ်ပြီး ပုဂ္ဂိုလ်ကို အမှီပြု၍ မဖြစ်ပါ၊ ရှင်ပြုခြင်း ကြိယာသည် လူဝတ်ကြောင်ဖြစ်သော ရှင်လောင်းကိုသာ အမှီပြု ဖြစ်ပြီး ရှင်သာမဏေဖြစ်ပြီးသူကို အမှီပြု မဖြစ်သကဲ့သို့ ပါတည်း။

## သိက္ခာထပ်မှုသည် ကြီးပွါးကြောင်း မင်္ဂလာ

ဤသို့ အဖန်ဖန် သိက္ခာယူ( တင် )သော ပုဂ္ဂိုလ်အား အဖန်ဖန် ပဥ္စင်းခံခြင်း ကြိယာ မဖြစ်သကဲ့သို့ အဖန်ဖန် သိက္ခာယူသော ပုဂ္ဂိုလ်တို့သည်လည်း အဖန်ဖန် သိက္ခာရကြသည် မဟုတ်၊ ထို့အတူပင် အဖန်ဖန် သိက္ခာမရသော ပုဂ္ဂိုလ်တို့သည်လည်း အဖန်ဖန် ကြီးပွါးကြောင်း မင်္ဂလာကို ရကြသည်ဟူ၍ မဆိုနိုင်ပါ။ ယင်းသို့ မဆိုနိုင်သော်လည်း အဖန်ဖန် သိက္ခာ ယူသော ပုဂ္ဂိုလ်တို့သည် မိမိ သူတပါး ပုဂ္ဂိုလ် အားလုံး၏ အထူးသဖြင့် မိမိအပေါ် ကုက္ကုစ္စပယ်ဖျောက်ခြင်း ချောက်ချားလိုသော ပုဂ္ဂိုလ်တို့ ချောက်ချားခွင့် မရခြင်း စသော များစွာသော ကြီးပွါးကြောင်း 'မင်္ဂလာ'ကို ရကြပါသည်။ သိက္ခာကာမ ဝိနယ ကုက္ကုစ္စက ဖြစ်သော မိမိ တပည့်များ အထူးအားဖြင့် ယုံကြည်ကိုးစား မြတ်နိုးပူဇော်မှု ခံရခြင်းဟူသော မင်္ဂလာကိုလည်း ရကြပါသည်။

မှန်ပါသည်၊ "ငါတို့ ဆရာသည် ဤသို့ သဘောရှိသည့် ဥပဇ္ဈာယ်ဆရာ့ထံ၌ ဤသို့ သဘောရှိသည့် ကမ္မဝါစာဆရာတို့၏ ချီးမြှောက်မှုကိုခံရ၍ ဤသို့ သဘောရှိသည့်သိမ်၌ ဤသို့ သဘောရှိသော ယုံမှားဖွယ်မရှိသည့် ပရိသတ်ဝယ် ၂-ကြိမ် ၃-ကြိမ်မျှ သိက္ခာယူတော်မူ၏၊ ငါတို့ဆရာသည် တစုံတခုသော ပျက်စီးမှု(အကြောင်းချို့တဲ့မှု)ကြောင့် ပဌမအကြိမ်၌ ပဥ္စင်းအစစ် အကယ်၍ မဖြစ်စေကာမူ ဒုတိယအကြိမ်၌ အကြောင်းမချို့ပဲ ပဥ္စင်းအစစ် ဖြစ်ပေလိမ့်မည်။ ဒုတိယ အကြိမ်၌ အကြောင်းချို့၍ ပဥ္စင်းအစစ် မဖြစ်စေကာမူ တတိယအကြိမ်၌ အကြောင်းမချို့ပဲ ပဥ္စင်းအစစ် ဖြစ်ပေလိမ့်မည်။ ဤအကြိမ်

များစွာတို့တွင် တကြိမ်ကြိမ်၌ အကြောင်းမချုပ် ပဥ္စင်းအစစ် ကောင် ဖြစ်ခဲ့ပေလိမ့်မည်” ဤသို့ နှလုံးသွင်း ဆင်ခြင်ကာ သိက္ခာကာမ ဝိနယကုက္ကုစ္စကဖြစ်သော တပည့်တို့က မိမိ ဆရာ ဥပဇ္ဈာယ်တို့၏ ရဟန်းသိက္ခာ၌ ကုက္ကုစ္စကင်းပြီး အထူး ယုံကြည်လေးစားမြတ်နိုးပူဇော်ကြပါသည်။

ထို့ထက်အလွန်သည်း အဆိုပါ တပည့်တို့သည် ဤသို့ ဆင်ခြင်စဉ်းစား ဝမ်းမြောက်ရွှင်ယန်းပြီးလျှင် သာသနာ တော်၌ အလွန် မွေ့လျော်ကြပါလိမ့်မည်၊ အဘယ်သို့ မွေ့လျော်ကြမည်နည်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆုတ် ယုတ်လာပြီး အားနည်းချိန် ယခုအခါ၌ အချို့ပုဂ္ဂိုလ်တို့သည် သာသနာ့တော် အထူးဆုတ်ယုတ်ရာအရပ်၌ ဟူးဟူးငြားငြား (မထင်ရှား)သော ဆရာဥပဇ္ဈာယ်တို့၏ အချီးအမြောက်ကို ခံ၍ ဟူးဟူးငြားငြားသော ပရိသတ်၊ ဟူးဟူးငြားငြားသော သိမ်၌ ဟူးဟူးငြားငြား (ဖြစ်ကတတ်ဆန်း) ကမ္မဝါဖတ်မှုဖြင့် ပဥ္စင်းခံလျက် ပဥ္စင်းမဖြစ်ပဲလည်း ရှိကြပေလိမ့်မည်။ ထို ပုဂ္ဂိုလ်တို့သည် မိမိသိက္ခာ၌ မိမိကိုယ်တိုင် ကုက္ကုစ္စကင်းသဖြင့် နတ်ရွာနိဗ္ဗာန်၏ အန္တရာယ်သို့ မရောက်သော်လည်း ဘုရားရှင့် သာသနာတော်ဝယ် အခြား ပုဂ္ဂိုလ်တို့၏ သီလသုတ်သင်မှု စသော ဝိနည်းကံတို့၌ ဂိုဏ်းပြည့် “ဂဏပူရက”အဖြစ်မျှ အရေအတွက် မဝင်ကြပဲ အသပြာ (ကျပ်ဒင်္ဂါး) တို့အလယ် အသပြာ ငွေတုတို့ကဲ့သို့ရင်း နွားတို့အလယ် နွားနောက် (တောနွား) တို့ကဲ့သို့ရင်း ရဟန်းတို့အလယ် ရဟန်းအသွင် ဆောင်သည့် ရှင်ယောင်များသာ ဖြစ်လျက် အဖိုးထိုက် အဖိုးတန် ပုဂ္ဂိုလ်များ မဟုတ်ပဲ ဖြစ်နေကြပေလိမ့်မည်။ ဤ

ပုဂ္ဂိုလ်တို့သည် တရံတခါ အချို့နေရာ၌ မိမိကို ဂိုဏ်းပြည့် "ဂဏပူရက" ပြု၍ အခြား ပုဂ္ဂိုလ်တို့ကို အရေအတွက် ပိုလွန်အောင် မသွတ်သွင်းပဲ ဝိနည်းကံပြုသော ရဟန်းတို့၏ ဂံကို ပျက်စေကာ သာသနာ့ အန္တရာယ်ကိုလည်း ပြုနေကြပေလိမ့်မည်။

ဘယ်နည်းနှင့်မျှ ယုံမှားဖွယ်မရှိသော ဆရာ၊ ဥပဇ္ဈာယ်တို့က ပဥ္စင်း အဖြစ်သို့ ရောက်အောင် ချီးမြှောက်အပ်သော ငါတို့သည် မိမိသိက္ခာ၌ အမြဲတမ်း ကုဏ္ဍုစွကင်းပြီး ဘုရားရှင်သာသနာတော်ဝန်ကို ထမ်းဆောင်နိုင်ပေ၏။ ဝိနည်းကံအားလုံးတို့ကိုလည်း ပြီးစီးအောင် ဆောင်ရွက်နိုင်လျက် သာသနာတော်နှင့် စပ်သည့် များစွာသော ကောင်းမှုတို့ကို တိုးပွါးစေကာ နေထိုင်နိုင်ကြပေ၏။ ထို့ကြောင့် ကောင်းမှုပါရမီအလီလီပြုထားသည့် ငါတို့သည်ကား ဘုရားရှင်သာသနာတော်၌ အဖိုးထိုက် အဖိုးတန် ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်တို့အဖြစ်ဖြင့် နေထိုင်နိုင်ကြပေသည်တကား၊ ဤသို့ ဆင်ခြင်စဉ်းစားကာ မွေ့လျော်ကြပါလိမ့်မည်။

## သိက္ခာ မထပ်မှုသည် မကြီးပွါးခြင်း အကြောင်း

အချို့ ပုဂ္ဂိုလ်တို့သည်ကား နည်း ဥပဒေသ ကောင်းကို မရရှိကြသဖြင့် ပဥ္စင်းအဖြစ်၏ ခဲယဉ်းစွာ ပြုလုပ်ရယူအပ်သည့် အဖြစ်ကိုလည်း နှလုံးမသွင်းမိ မိမိ ပဥ္စင်းအစစ် ဖြစ်မဖြစ်၌ ယုံမှားရှိသင့် မရှိသင့်ကိုမျှ မသိမြင်ကြပဲ မထင်မရှားသော သိမ် မထင်မရှားသောပရိသတ်၌ မထင်မရှားသော ဆရာ ဥပဇ္ဈာယ်များက ချီးမြှောက်ကာ ဖြစ်ကတတ်ဆန်း နည်းလမ်း

ဖြင့် ပဋ္ဌင်းခံသားသူများ ဖြစ်ပါသည်။ တခါတရံမျှ မိမိ သိက္ခာ၌ ကုက္ကုစ္စ သံသယမပြုကြပဲ သိက္ခာထပ်မှုကိုလည်း မပြုလုပ်မူ၍ ထေရ်ငယ် ထေရ်ကြီးအဖြစ်သို့ အဆင့်ဆင့် ရောက်လာကြပြန်ပါသည်။ ထို့နောက် မိမိတပည့် ပဋ္ဌင်း လောင်း တို့ကိုလည်း ဖြစ်ကတတ်ဆန်း ပဋ္ဌင်းခံပေးလျက် ပရိသတ်မွေး၍ ဂိုဏ်းဂဏ ဖွဲ့စည်းတိုးပွါးစေကာ ကြာမြင့်လှစွာ နေထိုင်လာကြပါသည်။

ဤသို့ ကြာမြင့်လှစွာ ဖြစ်ကတတ်ဆန်း နေထိုင်လာသော ပုဂ္ဂိုလ်တို့အား ကောင်းမှုပါရမီ အလီလီပြုခဲ့ဖူး၍ ဉာဏသမ္ဘာ ပညာအဆောက်အဦ ရှိသည့် ပဏ္ဍိတဇာတ် သိက္ခာကာမ တပည့်ကောင်း တပည့်မြတ်များလည်း ရံဖန်ရံခါ ထွန်းကား ကောင်း ထွန်းကားကြပါလိမ့်မည်။

ထိုသို့သဘောရှိသည့် အမျိုးကောင်းသား မိမိတပည့် ကောင်း တပည့်မြတ်များလည်း ရံဖန်ရံခါ ဤသို့သော စိတ် အကြံမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်ပါလိမ့်မည်။ "ယခုအခါ ဘုရားရှင့်သာသနာတော်သည် အကြောင်း အမျိုးမျိုးကြောင့် အထူးဆုတ်ယုတ်လာကာ လဆုတ်ပက္ခ ကောင်းကင် လ ကဲ့သို့၎င်း၊ နွေလအခါ (တဖက်ဆည်) ကန် တွင်းရှိ ရေကဲ့သို့၎င်း ဆုတ်ယုတ်လျော့ပါးနေပေ၏။ ဘုရားရှင့် တပည့်သား ရဟန်းများသည်လည်း ကြာမြင့်စွာသော ကာလက ဆရာဘုရား နိဗ္ဗာန်လားခဲ့၍ အဖမဲ့ ကြီးပွါးလာ ရသော သားတို့ကဲ့သို့ မာရ်မင်း၏ ကျော့ကွင်းဖြင့် ချုပ်နှောင် ဖမ်းဆီးခံရပြီး အလိုရှိတိုင်း ပြုမူနှိပ်စက်ခံရလျက် ရာဂဖြင့် တပ်စွဲ၊ ဒေါသဖြင့်ပြစ်မှား၊ မောဟဖြင့်တွေဝေကာ ဝိနည်း

သိက္ခာပုဒ်၌ လေးစားမှု၊ ယုံမှားမှုရှိသော သိက္ခာသုံးပါး မလိုလားသည့် ပုဂ္ဂိုလ်များကဲ့သို့ ထင်ရပေ၏။ ပဉ္စင်းခံ သိမ် သမုတ် စသော ဝိနည်းကံတို့၌လည်း ဝိနည်းတရား နှင့် လျော်ညီစွာ ဖြစ်အောင် အထူး ကြောင့်ကြမစိုက်ကြဘဲ ဖြစ်ကတတ်ဆန်း ပြုလုပ်တတ်သော ပုဂ္ဂိုလ်တို့သာ များနေ သကဲ့သို့ ထင်ရပေ၏။ ထို့ကြောင့် ယခုအခါ သာသနာတော် ဆုတ်ယုတ်နေသည့် ဤသို့သောအရပ်မျိုး၌ ပဉ္စင်းခံရာဝယ် ရှိရမည့် ပြည့်စုံမှု ၅ ပါး၏ အလွန်ရခဲ ပြုနိုင်ခဲသကဲ့သို့ ထင်ရ ပေ၏။ ငါတို့ဆရာ ဥပဇ္ဈာယ်များလည်း ဤသို့ ယုံမှားဖွယ် ကောင်းသည့် ပရိသတ်နှင့် ရောပြွမ်းနေသော အရပ်၌ ယုံမှား ဖွယ် ကောင်းသည့် ဤသို့သော ပုဂ္ဂိုလ်တို့က ပဉ္စင်းခံပေး၍ တကြိမ်တခါမျှသာ သိက္ခာယူ(တင်) ကြ၏။ ဤသို့ သဘော ရှိသည့် သာသနာတော် ဆုတ်ယုတ်ရာ အရပ်မျိုး၌ တကြိမ် တခါမျှ သိက္ခာတင်ကြသော ငါ့ဆရာ၊ ဥပဇ္ဈာယ်များ၏ ပဉ္စင်း သိက္ခာသည် စင်ကြယ်လေသလော၊ မစင်ကြယ်လေသလော၊ ငါတို့သည် ယခုအခါ ဘုရားရှင် သာသနာတော်၌ နေကာ သာသနာ့ဝန်ကို ထမ်းဆောင်နေကြသော်လည်း ဧကန် ပဉ္စင်း အစစ်ဖြစ်ကြပါ၏လော၊ မဖြစ်ကြလေသလော၊ မှန်၏၊ ငါတို့သည် ပဉ္စင်းသိက္ခာ၌ ယုံမှားဖွယ်ရှိသည့်ဆရာ၊ဥပဇ္ဈာယ်တို့ က မထင်မရှား သိမ်၊ မထင်မရှား ပရိသတ်၊ ဖြစ်ကတတ်ဆန်း ကမ္မဝါဖတ်မှု၊ ပဉ္စင်းခံပေး၍ ဖြစ်ကတတ်ဆန်း ပဉ္စင်းအဖြစ်သို့ ရောက်လာကြရပေ၏။” ဤသို့သော စိတ်အကြံမျိုး ဖြစ်ပေါ် ကောင်း ဖြစ်ပေါ်ကြပါလိမ့်မည်။

ယင်းသို့ စဉ်းစားဆင်ခြင်မိကြသော အဆိုပါအမျိုးကောင်းသား တပည့်များသည် မိမိနှင့် မိမိဆရာ ဥပဇ္ဈာယ် ပုဂ္ဂိုလ်တို့၏ ပဋိညာဉ်ဝင်သိက္ခာ၌ ကုက္ကုစ္စမကင်းကြပဲ ဆင်းရဲပူပန်နေကြသော်လည်း ဤသို့သော အကြောင်းကို မိမိဆရာ ဥပဇ္ဈာယ်တို့အား လျှောက်ထားရန် မဝံ့ကြ၍ သဒ္ဓါနည်း၍ မေတ္တာကျဲသော စိတ်ရှိသည့် ကျေးဇူးမသိတတ်သူများကဲ့သို့ (မဖြစ်ရာ) မြတ်နိုးပူဇော်မှု မပြုပဲ နေကြပါလိမ့်မည်။ ထိုဆရာ ဥပဇ္ဈာယ်တို့ကို မငဲ့မကွက် စွန့်ပစ်ကာ အရပ်တပါးသို့မူလည်း ဖဲသွားကြပါလိမ့်မည်။ ဤသို့ ဖြစ်လျှင်ကား ထိုဆရာ ဥပဇ္ဈာယ်တို့အဖို့ မကြီးပွါးကြောင်း မကောင်းသော အမင်္ဂလာ ဖြစ်ပါတော့သည်။

## ဝိနည်းလေးစားသူတို့၏ အလေ့အကျင့်

အချို့ ပုဂ္ဂိုလ်တို့သည်ကား မိမိသိက္ခာ၌ တစုံတခုသော အကြောင်း ချွတ်ယွင်းမှု မတွေ့ရ၍ အထူး ယုံမှားမှု မရှိသော်လည်း ၂-ကြိမ်၊ ၃-ကြိမ်မျှ သိက္ခာ တင်တော်မူကြပါသည်။ "ဤသည်ကား စင်စစ် သာသနာတော်၏ အရင်းမူလ ဖြစ်၍ အထူး အလေးဂရု ပြုရမည့် အရာဌာန ဖြစ်၏၊ ငါသည် တစုံတခုသော အကြောင်းကြောင့် ပျက်စီးမှု တစုံတရာဖြင့်အကြောင်းချို့တဲ့ကာ ပဋိညာဉ်အစစ်မဖြစ်ပါလျှင် ငါနှင့်အခြား အတိတင်းသုံးဖော်တို့၏ အကျိုးစီးပွါး ပျက်စီးလိမ့်မည်။ ငါ့ကို မှီခို၍ ကြည်ညို ကိုးကွယ် ဆည်းကပ်နေကြသော ငါ့တပည့်တို့သည်ရင်း၊ အစဉ်အဆက်မှ ဆင်းသက်လာသော ပုဂ္ဂိုလ်တို့သည်ရင်း ပဋိညာဉ်အစစ် မဖြစ်ကြပေရာ၊ ဤသို့ဖြစ်လျှင် သတ္တဝါအားလုံးတို့၏ စင်စစ် ကိုးကွယ်ရာကို ဖြိုတတ်သည့်

အတုမဲ့သခင် ဘုရားရှင် သာသနာတော်၏ အရင်းမူလသည် ငါ့ကို အမှီပြု၍ကာ အလွန် လျင်မြန်စွာ ကင်းပြတ်တော့မည်” ဤသို့ နှလုံးပြု၍ မိမိ သူတပါး ၂-ဦးသားတို့၏ မိမိအပေါ် အထူးသဖြင့် ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါရင်း၊ ချောက်ချား လိုသော ပုဂ္ဂိုလ်တို့၏ ချောက်ချားခွင့် မရခြင်းငှါရင်း နောင် အခါ တပည့်ကြီးငယ် အဆက်ဆက်တို့ အကျိုးစီးပွါး အလို့ငှါ ရင်း, ယုံမှားဖွယ်မရှိသည့် ထိုသိမ်၌ဖြစ်စေ၊ ထိုထို အရပ် တပါးသို့ သွားပြီး ယုံမှားဖွယ်မရှိသည့် အခြားအခြားသော သိမ်တို့၌ ယုံမှားဖွယ်မရှိသည့် ဆရာဥပဇ္ဈာယ်တို့ အထံ ယုံမှား ဖွယ်မရှိသည့် ၅-ပါးထက် ကျော်လွန်သော ပရိသတ်၌ ၂-ကြိမ် ၃-ကြိမ် သိက္ခာတင်မှု ပြုကြပါလိမ့်မည်။

မိမိစကားကို လိုက်နာသည့် အခြားပုဂ္ဂိုလ်တို့ကိုလည်း အထူးသတိထား၍ အလေးဂရု ပြုခြင်းငှါ တိုက်တွန်းကြပါ လိမ့်မည်။ မိမိတပည့် စသော ပုဂ္ဂိုလ်တို့အားလည်း ဤ အရာမျိုး၌ အထူးသတိထား၍ လေးစားခြင်းငှါ အဖန်ဖန် ဩဝါဒ ပေးကြပါလိမ့်မည်။ မိမိကိုယ်တိုင်လည်း မိမိတပည့် စသော ပုဂ္ဂိုလ်တို့၏ ပဋ္ဌင်းဖြစ်ကြောင်း သိက္ခာ၌ အထူးသဖြင့် ကုက္ကုစ္စ ပယ်ဖျောက်ခြင်းငှါ လုံ့လပြုပြီး ၂-ကြိမ် ၃-ကြိမ်မျှ သိက္ခာတင်ပေးမှု ပြုကြပါလိမ့်မည်။ မိမိ သူတပါး ပုဂ္ဂိုလ် အားလုံး၏ အကျိုးစီးပွါး အလို့ငှါ ကျင့်၍ သာသနာတော် အလွန်တိုးပွါး စည်ကားခြင်းကို လိုလားကြသော ဤသို့ သဘောရှိသည့် ဝိနယ ဂရုက သိက္ခာကာမ အရှင်မြတ်တို့အား တခါတရံမျှ လျှောက်ဆိုခဲ့ပြီးသည့် မကြီးပွါးကြောင်း

မကောင်းမှု အမင်္ဂလာ မဖြစ်နိုင်တော့ပါ။ ဘုရားရှင်သည် ဤသို့သော ပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍—

"ရဟန်းတို့ အမျိုး၌ သူတော်ကောင်းတယောက် ဖြစ်ထွန်း ပေါ်ပေါက်သည်ရှိသော် များစွာသော လူအပေါင်း၏ အကျိုးရှိရန် အစီးအပွါးရှိရန် ချမ်းသာရန် ဖြစ်၏"(အံ၊၂။၄၀)။

ဤသို့ ဟောတော်မူပါသည်။

ထို့ကြောင့် ဤသို့သော သဘောကိုလည်း နှလုံးသွင်း ဆင်ခြင်ကာ တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း မြန်မာပြည်၌ နေထိုင်ကြသော ဝိနယကုက္ကုစ္စက သိက္ခာကာမ ထေရ်ကြီး ထေရ်ငယ်တို့သည် များသောအားဖြင့် မိမိပဉ္စင်းဖြစ်ကြောင်း သိက္ခာ၌ မိမိ သူတပါး ပုဂ္ဂိုလ်အားလုံး အထူး ကုက္ကုစ္စကင်း ခြင်းငှါလည်း, တစုံတယောက်သော ချောက်ချားလိုသူ ပုဂ္ဂိုလ်တို့၏ ချောက်ချားခွင့် မရခြင်းငှါလည်း, ထိုသိမ်၌ ဖြစ်စေ အခြား ၂-လုံး ၃-လုံးသော သိမ်တို့၌ဖြစ်စေ ၂-ကြိမ် ၃ ကြိမ် မျှ ရှေးကလည်း သိက္ခာတင်ခဲ့, နောင်လည်း သိက္ခာတင်လတ္တံ့၊ ယခုလည်း သိက္ခာတင်ကြဆဲ ဖြစ်ပါသည်။ အားလုံးသော ပုဂ္ဂိုလ်တို့ကလည်း "ဤကံသည် တရားနှင့် လျော်သလော၊ မလျော်သလော" ဟု တွေးတောယုံမှားမှု မရှိကြပါ။

လျှောက်တင်ခဲ့ပြီးသော အကြောင်းကြောင့် ဤ သိက္ခာ ထပ်မှုအရာ၌ ဇမ္ဗူဒိပ်ကျွန်းဖွား မြန်မာပြည်နေ သိက္ခာကာမ ထေရ်ကြီး ထေရ်ငယ် အရှင်များကဲ့သို့ သီရိလင်္ကာကျွန်းဖွား သိက္ခာကာမ ထေရ်ကြီးထေရ်ငယ် အရှင်များသည်လည်း ပြု

ကျင့်တော် မူကြပါကုန်။ ဘုရားရှင်သာသနာတော် အရှည် ခန့်၍ တည်တံ့ခြင်း အကြောင်းဖြစ်သော ကုက္ကုစ္စ မပြုသင့် သည့်ဤအရာမျိုး၌ အနည်းငယ်မျှ ကုက္ကုစ္စမပြုကြပါကုန်လင့်။ ဤသို့ ကုက္ကုစ္စ မပြုကြပါလျှင် အရှင်မြတ်တို့သည် အမြဲတမ်း အချင်းချင်း ခိုက်ရန်ငြင်းခုံမှု မရှိကြ၍ စိတ်၏ ငြောင့်တံသင်း အလား အမျက်ဒေါသ မပွါးကြဘဲ ညီညွတ် ဝမ်းသာ အချင်းချင်း အကျိုးစီးပွါး လိုလား တောင့်တကြလျက် ချစ်စွာသော မျက်လုံးဖြင့် ရှင်ပြုံးစွာ ကြည့်ရှုကြပြီး နို့ရည်နှင့် ရေ ရောနှောနေသကဲ့သို့ ဖြစ်ကာ အခါခပ်သိမ်း စိုးရိမ် ကြောင့်ကြ ဗျာပါဒမရှိ ဘေးရန်ကင်းကွာ နေထိုင်နိုင်ကြ ပါလိမ့်မည်။ ကိုယ်စိတ်ရွှင်လန်း ချမ်းချမ်းသာသာ ရဟန်း တရား အားထုတ်ခွင့် ရကြပြီး သာသနာတော်သို့ ဝင်ရောက် ရာ၌ ရည်ရွယ်ရင်းဖြစ်သည့် သံသရာမှ ထွက်မြောက်ခြင်း အကျိုးငှါ အလွန် လျင်မြန်စွာ ဖြည့်ကျင့်နိုင်ကြပါ လိမ့်မည်။

## ဝိနယဒုက္ကဋ်အာပတ်ဖြင့် စွပ်စွဲ စောဒနာခြင်း

ဤအရာ၌ တစုံတယောက်သော ပုဂ္ဂိုလ်၏ စောဒနာမှု ရှိကောင်း ရှိရာပါသည်။ "တဖန် သိက္ခာတင်ခြင်းနှင့် ခိုင်မြဲ အောင် ပြုခြင်း 'ဒဠှီကမ္မ' ၂-ပါးသည်လည်း အနက်အဓိပ္ပါယ် အားဖြင့် တဖန်ထပ်၍ ပဉ္စင်းခံပေးခြင်းသာလျှင် ဖြစ်၏။ ယင်းတဖန် ပဉ္စင်းခံပေးခြင်းကိုလည်း မဖြစ်သေးသောပုဂ္ဂိုလ် ကို အစွဲပြု၍သာ ဘုရားရှင်ခွင့်ပြုတော်မူသည်။ ပဉ္စင်းဖြစ် ပြီးသောပုဂ္ဂိုလ်ကို အစွဲပြု၍ ခွင့်ပြုတော်မူသည် မဟုတ်။ ထို့ကြောင့် သံဃာက ပဉ္စင်းခံပေးသော ပုဂ္ဂိုလ်သည် ပဋမ အကြိမ်ကပင် အကြောင်းမချွတ်မဲ့ ပဉ္စင်းအစစ် ဖြစ်ခဲ့ပါလျှင်

ထိုသံဃာသည် ရဟန်းကိုပင် အဖန်ဖန် ပဥ္စင်းခံပေးရာ ရောက်၏၊ ပဥ္စင်းလောင်းကို ပဥ္စင်း ခံပေးရာမရောက်။ ဤသို့ ဖြစ်လျှင် ရဟန်းကိုပင် အဖန်ဖန် ပဥ္စင်းခံပေးသော ထိုသံဃာ အား ဘုရားရှင် ခွင့်မပြုအပ်သော ကံကို ပြုသောကြောင့် ဝိနည်းတော်ကို လွန်ကျူးခြင်းဖြင့် သင့်သည့် ဒုက္ကဋ်အာပတ် သင့်ရောက်ပေမည်” ဤသို့ စောဒနာမှုရှိရာ ပါသည်။

## ဖြေဆိုချက်

ထိုစောဒနာစကားကို ဖြေကြားပါမည်၊ ထိုပဥ္စင်းလောင်း သည် ပဌမအကြိမ်ကပင် အကြောင်းမစုံတရာ ချွတ်ယွင်းမှု မရှိပဲ ပဥ္စင်းအစစ်ဖြစ်ခဲ့ပါလျှင် ပဥ္စင်းဖြစ်ပြီးသော ပုဂ္ဂိုလ် ကို သံဃာက ပဥ္စင်းခံပေးသော်လည်း နောက်ထပ် ပဥ္စင်းခံ ပေးသည် မမည်ပါ။ အဘယ်ကြောင့်ဆိုသော် ပဌမအကြိမ် ပုတ်ခတ်ခြင်းဖြင့်သာ အသက်ကုန်ပြီးသော လူသေကောင်ကို ‘အသက်ရှိ၏’ ဟူသောအမှတ်ဖြင့် ပုတ်ခတ်နေသော်လည်း အဖန်ဖန်ပုတ်ခတ်ခြင်း ကြိယာ မဖြစ်သကဲ့သို့ လျှောက်တင်ခဲ့ ပြီးသည့်အတိုင်း ပဥ္စင်း မဟုတ်သူကို အစွဲပြုသာ ပဥ္စင်းခံခြင်း ကြိယာဖြစ်၍ ပဥ္စင်းဖြစ်ပြီးသောရဟန်းကို အစွဲပြုကာ ပဥ္စင်း ခံခြင်း ကြိယာမဖြစ်သောကြောင့် ပါသည်။ ထို့ကြောင့် နောက်ထပ် ပဥ္စင်းခံပေးသည် မမည်ဟု မှတ်သင့်ပါသည်။ ပဥ္စင်းအစစ် ဖြစ်ပြီးသောသူ တဖန် ပဥ္စင်းခံသော်လည်း နောက်ထပ် ပဥ္စင်းအသစ် မဖြစ်တော့သကဲ့သို့ နောက်ထပ် ပဥ္စင်းခံပေးသော သံဃာသည်လည်း ရဟန်းကို တဖန်ထပ်၍ ပဥ္စင်းခံပေးရာ မရောက်ပါ။ ထို့ကြောင့် သံဃာအား တစုံ တခုသော ဒုက္ကဋ်အာပတ်မသင့်ဟု မှတ်ယူသင့်ပါသည်။

## ချွတ်ယွင်း ပြောဆိုမှု အာပတ်ဖြင့် စောဒနာခြင်း

လျှောက်တင်ခဲ့ပြီး သံဃာသည် ပဌမအကြိမ်ကပင် ပဥ္စင်းအစစ်ဖြစ်ပြီးသော ပုဂ္ဂိုလ်ကို တဖန် ပဥ္စင်းခံ (သိမ်ထပ်) ပေးသော်လည်း နောက်ထပ် ပဥ္စင်းခံပေးရာ မရောက်ပါလျှင် ဥပသမ္ပဒ ကမ္မဝါစာကို ရွတ်ဖတ်သောအခါ၌ "သံဃာသည် ပဥ္စင်းလောင်းနာဂကို ပဥ္စင်းခံပေးရာ၏" ဟုရင်း "ပဥ္စင်းခံပေး၏" ဟုရင်း ဤသို့ ရွတ်ဖတ်သော ကမ္မဝါစာဆရာအားရင်း ထိုဆရာကို ခွင့်ပေးသော သံဃာအားရင်း ပဥ္စင်းခံမှုကြိယာ ထင်ရှားမရှိသောကြောင့် မရှိသည်ကို ရှိသကဲ့သို့ပြု၍ ရွတ်ဖတ်ရကား ချွတ်ယွင်းဖောက်ပြန် ပြောဆိုမှုကြောင့် သင့်သည့် ဝိသံဝါဒန အာပတ်သို့ ရောက်ရာ၏၊ ဤသို့မှုလည်း စောဒနာတန်ရာပါသည်။

## ဖြေဆိုချက်

ချွတ်ယွင်းစေလိုမှု ရှေးရှုပြုသော စိတ်မရှိသောကြောင့် ထိုအာပတ် မသင့်ပါ။ ထင်ရှားအောင် ဖြေဆိုပါမည်။ ထိုနောက်ထပ် ပဥ္စင်းခံပေးမှုကံပြုစဉ်အခါ ကမ္မဝါဆရာအားရင်း သံဃာအားရင်း အခြား ပုဂ္ဂိုလ်တို့ကို မဟုတ်မှန်သည်ကို ဟုတ်မှန်သကဲ့သို့ သိစေခြင်းငှါ ချွတ်ယွင်းစေလိုသောစိတ် မရှိပါ။ အကြောင်းတမျိုးကား-ပဥ္စင်းခံသော ပုဂ္ဂိုလ် ပဌမအကြိမ်က အကြောင်း တစုံတရာချွတ်ယွင်း၍ "ပဥ္စင်းအစစ်မဖြစ်ခဲ့ပါလျှင် ငါတို့အားထုတ်ပြုအပ်သော ဤကံဖြင့် ပဥ္စင်းအစစ်ဖြစ်ပါစေ" ဟူသော ကုသိုလ်ဆန္ဒပြင်းသန်းသည့်စိတ်သာ ဖြစ်ပါသည်၊ သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုမှု၌ သမ္ပဇာနမုသာဝါဒအရာ၌ "ကုသိုလ်စိတ်ဖြင့် အာပတ်မသင့်"

ဟူသော ဤစကားလည်း ယုဂန္ဓိုရ်တောင်စွန်း၌ တက်ထွန်းသည့် နေမင်းအလား အလွန်ပင် ထင်ရှားလှပါသည်။

ဤသို့မဟုတ်ပဲ ဝိသံဝါဒနအာပတ်သင့်ပါလျှင် သိမ်သစ်ကိုဖွဲ့ (သမုတ်)လို၍ သိမ်ဟောင်းမရှိသော်လည်း ထိုသို့သောရွာ နိဂုံးမြေအရပ်၌ "သိမ်ဟောင်း ရှိရာ၏" ဟူသော ယုံမှားသင်္ကာမျှဖြင့် အကြိမ်ကြိမ် သိမ်နုတ်ကမ္မဝါ ရွတ်ဖတ်သော ပုဂ္ဂိုလ်တို့အား "အကြင်သိမ်ကို သံဃာသည် သမုတ်အပ်ပြီ" ဟု ရွတ်ဆိုစဉ်အခါ၌ရင်း "ထိုသိမ်ကို နုတ်၏" ဟု ရွတ်ဆိုစဉ်အခါ၌ရင်း ဤသို့စသော မဟုတ်မှန်သည့်အရာတို့၌ ချွတ်ယွင်းပြောဆိုမှု အာပတ်များစွာတို့ သင့်ရောက်ကုန်ရာပါသည်။

ယင်းသို့ဖြစ်လျှင် သာသနာ့ဝန်ဆောင် ရှင်ရဟန်းတို့၏ ဥသျှောင်ဖြစ်သည့် ခေါင်းဆောင်ရွှေသွား ရှေးဆရာတော်မဟာထေရ်မြတ်များသည် သိမ်သစ် သမုတ်သည့်နေရာဝယ် သိမ်ဟောင်းရှိ-မရှိ ယုံမှားခြင်းမျှဖြင့် အကြိမ်ကြိမ် အထပ်ထပ်သိမ်နုတ်ခြင်းငှါ ဤသို့သော သိမ်နုတ်နည်းကို မထားခဲ့တန်ရာပါ။ ရှေးဆရာစဉ်ဆက်မှ ဆင်းသက်လာသော အဆိုပါ သိမ်နုတ်နည်းသည်လည်း ဇမ္ဗူဒိပ်ကျွန်းမြေပြင်ဝယ် သာသနာတည်စ အရင်းမူလမှစ၍ ယခုတိုင်အောင်ပင် နက္ခတ်တို့ လမ်းခရီး ကောင်းကင်ကြီးအတွင်း လမင်းစန္ဒာကဲ့သို့ ဝိနည်းဋီကာ ကျမ်းကြီးတို့၌ရင်း၊ ထိုထိုအရပ် ရဟန်းတော်များ သိမ်သစ်ဖွဲ့ရာ၌ရင်း အလွန်တရာ ထင်ရှားလှပါသည်။

ထို့ကြောင့် သိမ်သစ် သမုတ်မည့် နေရာ၌ သိမ်ဟောင်းအပေါ် ယုံမှားသင်္ကာ ရှိကာမျှဖြင့် ယုံမှားအပ်သည့် သိမ်

ယောင်းကို နှုတ်ပစ်ခြင်းငှါ ရှေးဆရာမြတ်တို့ထားအပ်သော သိမ်နုတ်နည်းကို ထောက်ထား၍လည်း "ယခုအခါ ရဟန်းတို့၏ ပဥ္စင်းဖြစ်ကြောင်းသိက္ခာ၌ ယုံမှားသံသယရှိကာမျှဖြင့် တဖန် သိက္ခာတင်ပေးမှုသည် ရဟန်းတော်များ ကေန်ပြုရမည့် သာသနာတော်ကြာမြင့်စွာ တည်ခြင်း၏ စင်စစ် အကြောင်းရင်းဖြစ်၏"ဟု အမှန်ပင် ယုံကြည်သင့်ပါသည်။

## အမည်ကိုစွဲ၍ စောဒနာခြင်း

ဤနေရာ၌ ဤသို့မှုလည်း စောဒနာဟန်ရှာပါသည်။ ထို ပဥ္စင်းလောင်းသည် ပဥ္စင်းဟု သမုတ်ခံရသော်လည်း တစုံ တခုသော အကြောင်းချို့တဲ့မှုကြောင့် ပဥ္စင်းအစစ် မဖြစ် ခဲ့လျှင် ပဥ္စင်းခံရာ၌ သံဃာက မှည့်ခေါ်အပ်သော အမည်ကို ယူ၍ အခြားရဟန်းများနှင့် လူပုဂ္ဂိုလ်တို့က ရဟန်းဟူသော အမှတ်ဖြင့် နာဂဟုရင်း၊ တိဿဟုရင်း ခေါ်ကြပါမည်။ ထို နာဂ၊ တိဿ ဟူသော အမည်သည် ရဟန်းဟူသောအမှတ်ဖြင့် ခေါ်အပ်သောကြောင့် ရဟန်း၏အမည်သာ ဖြစ်၏။ လူ သာမဏေ၏ အမည်မဟုတ်။ ထို့ကြောင့် သံဃာက ရဟန်း ဟူသော အမှတ်ဖြင့် မှည့်ခေါ်ထားသော အမည်ဟောင်းကို ယူ၍ ထိုပုဂ္ဂိုလ်ကိုပဥ္စင်းခံပေးပါလျှင် ရဟန်း၏အမည်ဖြင့်သာ ပဥ္စင်းခံပေးသောကြောင့် ထိုပုဂ္ဂိုလ် ပဥ္စင်းအစစ် မဖြစ်နိုင်၊ ဤသို့မှုလည်း စောဒနာရှာပါသည်။

## စောဒနာကို ဖြေဆိုခြင်း

ဤ စောဒကပုဂ္ဂိုလ်၏ စကားကို ဤသို့ သူစောဒနာတိုင်း မမှတ်သင့်ပါ။ ထင်ရှားအောင် ဖြေဆိုပါမည်၊ ပဥ္စင်းလောင်း

လောင်းသည် ပဌမအကြိမ်၌ အကြောင်းတစုံတရာ ချွတ်ယွင်းမှုကြောင့် ပဥ္စင်းအစစ် မဖြစ်သကဲ့သို့ ပဥ္စင်းမဟုတ်သော ပုဂ္ဂိုလ်ကိုစွဲ၍ ခေါ်အပ်သော ထိုအမည်သည်လည်း ပဥ္စင်းမဟုတ်သူ၏ အမည်သာ ဖြစ်ပါသည်။ အခြားသော ပဥ္စင်းအစစ်၏ အမည်မဟုတ်ပါ။ ထိုအမည်သည် ပဥ္စင်းမဟုတ်သူ၏ အမည်ဖြစ်သကဲ့သို့ ထိုအမည်ကိုယူ၍(ခေါ်၍)ပဥ္စင်းခံပေးရာ၌ သံဃာသည် ပဥ္စင်းမဟုတ်သူ၏ အမည်ဖြင့်ပင် ထိုပဥ္စင်းမဟုတ်သူကို ပဥ္စင်းခံပေးရာရောက်ပါသည်။ပဥ္စင်း၏အမည်ဖြင့် ပဥ္စင်းခံပေးရာ မရောက်ပါ၊ ပဥ္စင်းမဟုတ်သူကို ပဥ္စင်းမဟုတ်သူ၏ အမည်ဖြင့်သာ ပဥ္စင်းခံပေးရာရောက်သောကြောင့် ထိုပဥ္စင်းမဟုတ်သူသည် ပဥ္စင်းအစစ် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဖော်ပြပါ စောဒနာစကားသည် အခွင့်မရှိသည်သာ ဖြစ်၏ဟု မှတ်ယူသင့်ပါသည်။

တနည်းကား—မိမိ ပဥ္စင်းဖြစ်ကြောင်း သိက္ခာ၌ အထူးကုက္ကုစ္စပယ်ဖျောက်နိုင်ရန် တဖန် သိက္ခာတင်လိုသော အရှင်မြတ် အားလုံးတို့၏ ပကတိအမည်ကိုသာ ခေါ်၍ ယင်းအမည်ဖြင့်ပင် သံဃာက တဖန် သိက္ခာတင်ပေးလျှင်လည်း အပြစ်ကင်း၍ ကောင်းသောအမှုပင် ဖြစ်ပါသည်။

အကယ်၍ ကမ္မဝါစာအုပ် ရေးသားတင်အပ်သည့် နာဂစသော အမည်ဖြင့်ပင် သိက္ခာတင်ပေးလိုပါလျှင် ကမ္မဝါစာအုပ်၌ လာသည့် နာဂ စသော အမည်သည်တပါး၊ တဖန် သိက္ခာတင်သော ပုဂ္ဂိုလ်တို့၏ ရေဝတ စသော အမည်သည် တခြား ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့်—

"ပဥ္စင်းလောင်း၏ ကိုယ်ပိုင်အမည်ကို ပယ်၍ အခြားအမည်ဖြင့် ကမ္မဝါဖတ်လျှင် ကံပျက်၏။ ထို ပဥ္စင်းလောင်း ပဥ္စင်းအစစ် မဖြစ်၊ အဘယ်ကြောင့်နည်း၊ ကိုသိမ်၌တည်သော အခြားပဥ္စင်းမဟုတ်သူ တစ်ယောက်ကဲ့သို့ နာမည်ခေါ်အပ်သော ပုဂ္ဂိုလ်၏ ထိုသိမ်၌ မရှိခြင်းကြောင့်၎င်း၊ ထို(ကိုယ်ပိုင်)အမည်ကို ကမ္မဝါစာ၌ မဖတ်အပ်သောကြောင့်၎င်း ဖြစ်၏။ ထို့ကြောင့် ပဥ္စင်းလောင်း၏ ပကတိအမည်ဟောင်းကို လဲလှယ်၍ နာဂ စသော အမည်သစ်ဖြင့် ကမ္မဝါ ဖတ်လိုလျှင် ထိုဖတ်လိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ကြိုတင်၍ ပဥ္စင်းလောင်းကို နာဂ စသော အမည်ဖြင့် နည့်ခေါ် ပြီးလျှင် ဆုံးမာရ် အခါ ပဥ္စင်း အဖြစ်၌ အန္တရာယ်ပြုတတ်သော အပြစ်တို့ကို မေးမြန်းသော အခါ၌လည်း ပဥ္စင်းလောင်းအား၎င်း၊ သံဃာအား၎င်း ထင်ရှားအောင် ပြောပြ၍ နာဂ စသော အမည်ဖြင့် ကမ္မဝါ ဖတ်သင့်၏" (ဝိမတိ၊ ၂။ ၃၀.) –

ဟူသော ဝိမတိဋီကာစကားနှင့်လျော်ညီစွာ သိက္ခာတင်လိုသော ပုဂ္ဂိုလ်တို့အား တဖန် သိက္ခာတင်ပေးရာအခါ၌လည်း ရှေးအခါ အစပဌမ ပဥ္စင်းခံစဉ်ကကဲ့သို့ ပကတိအမည်ဟောင်းကို စွန့်စေ၍ ကမ္မဝါစာ၌လာသော အမည်ဖြင့် အမည်သစ် မှည့်ကာ ကမ္မဝါဖတ်ပြီး သိက္ခာထပ်ပေးသင့်ပါသည်။

အဘယ်သို့ ပေးရမည်နည်း၊ ထင်ရှားအောင် လျှောက်ထားပါမည်။ သံဃာက ရေဝတ အမည်ရှိသောပုဂ္ဂိုလ်အား

တဖန် သိက္ခာတင်ပေးလိုနေသောအခါ ထိုပုဂ္ဂိုလ်အား ရှေးဦး ကပင် ကမ္မဝါစာရွတ်ဖတ်မည့် ရဟန်းက ဤသို့ ပြောထားသင့် ပါသည်။ "ငါ့ရှင် နားထောင်လော့၊ သင့်အား တဖန် သိက္ခာ တင်ပေးလိုသော သံဃာက ကမ္မဝါစာ၌လာသည့် နာဂ အမည်ဖြင့် တင်ပေးလို၏။ ထို့ကြောင့် သင်သည် ယခုအခါ သင်၏ ရေဝတ ဟူသော အမည်ဟောင်းကို စွန့်လော့၊ ငါတို့က နာဂ ဟူသော အမည်ဖြင့် အမည်သစ် မှည့်ကုန်၏၊ ငါ့ရှင် သင်သည် ယခုအခါ မိမိအမည်ကို "ငါ နာဂ" ဟု မှတ်လော့" ဤသို့ ပြောထားသင့်ပါသည်။

ဤသို့ ရှေးဦးစွာ သိက္ခာတင်မည့် ပုဂ္ဂိုလ်အား နာဂအမည် မှည့်၍ 'ကောင်းပါပြီဘုရား' ဟု ဆိုစေပြီး နောက်သံဃာအား လျှောက်ထားသင့်ပါသည်။ "အရှင်မြတ်ဘုရား၊ တပည့် တော်သည် တဖန်သိက္ခာတင်လိုသော ဤပုဂ္ဂိုလ်ကို ကမ္မဝါ စာ ရွတ်ဖတ် လွယ်ကူစေခြင်းငှါ ပကတိ အမည်ဟောင်းကို စွန့်စေပြီး နာဂဟူသော အမည်သစ်ကို မှည့်ပါသည်။ တပည့် တော်သည် ထို နာဂအမည်ဖြင့် ကမ္မဝါစာ ရွတ်ဖတ်ပါမည်။ ယခုအခါ ကံပြု သံဃာတော် အပေါင်းသည် ဤပုဂ္ဂိုလ်ကို "နာဂမည်သောပုဂ္ဂိုလ်" ဟု မှတ်တော်မူပါ" ဤသို့ လျှောက် ထားသင့်ပါသည်။

ယင်းသို့ ပဋ္ဌင်းလောင်းအားရင်း, ကံပြု သံဃာအားရင်း, ရှေးဦးစွာ ပြောကြားပြီးမှ တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း မြန်မာပြည်၌ သီတင်းသုံး နေကြသော အကြားအမြင်များ သည့် သိက္ခာကာမ ဝိနယဂရုက ထေရ်ကြီးထေရ်ငယ်တို့သည် တဖန် သိက္ခာတင်ပေးမှုကို ရှေးကလည်းပြုခဲ့, နောင်လည်း

ပြုလတ္တံ့ ယခုလည်း ပြုနေကြဆဲ ဖြစ်ပါသည်။ ထို့ကြောင့် တဖန် သိက္ခာတင်လိုသော ပုဂ္ဂိုလ်တို့အား သိက္ခာတင်ပေးလို ကြသည့် သီရိလင်္ကာနေ အရှင်မြတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းနေ ထေရ်အရှင်တို့ကဲ့သို့ ပြုတော်မူကြပါကုန် ဘုရား။

## တောင်းပန် တိုက်တွန်းခြင်း

ဤသို့လျှင် ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ်ကျွန်းဖွား ဆေရ်ကြီးထေရ်ငယ် တပည့်တော်များသည် ချစ်စွာသော မြင်ဖူးပြီးမိတ်ဆွေ မမြင်ဖူးသေးသည့် မိတ်ဆွေဖြစ်ကြသော သီရိလင်္ကာကျွန်းနေ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့အား ချီးမြှောက်ခြင်းငှါလည်း, သီရိလင်္ကာ သာသနာကို ထောက်ပံ့ခြင်းငှါလည်း မိမိခန္ဓာကိုယ်၌ အမြဲ ကိုက်ခဲ နာကျင်နေသော အနာ ရောဂါကို မရေတွက်ပဲ သာသနာတော် သန့်ရှင်း စင်ကြယ်မှုကို ဖော်ပြသည့် ဤ သန္ဒေသကထာကျမ်းကို ရေးစီရင်ခဲ့ပါပြီ။

သီရိလင်္ကာနေ အချို့ပုဂ္ဂိုလ်တို့၏ သတိ မေ့လျော့ခြင်း ကြောင့်၎င်း, မသိခြင်းကြောင့်၎င်း, အလေးဂရု မပြုခြင်း ကြောင့်၎င်း, လွန်ကျူးအပ္ပဋာနဖြစ်သည့် နာဖျားမှုအကြောင်း မရှိပဲ နေလဲ့ ကမ်းစားမှုအပြစ်ကို ပြခြင်း စသည် ပါရှိသော သဒ္ဒါတရားနှင့် ပြည့်ဝသည့် အမျိုးကောင်းသားတို့အား သတိ သံဝေဂဖြစ်စေနိုင်သော နား၌ ချမ်းသာ ချိုမြိန်သာယာသော ဝိနည်း အဆုံးအဖြတ် စကားဖြင့် တန်းဆာဆင်၍ ဒဠှီကမ္မ ပြုသင့် မပြုသင့် ငြင်းခုံရာ ဌာနကိုလည်း သဘာဝ ယုတ္တိနှင့် ကျမ်းဂန် အာဂမယုတ္တိကို ပြကာ တရားနှင့်အညီ, ဝိနည်းနှင့် အလျော် ဆုံးဖြတ်ခဲ့ပါပြီ။

စိတ်နှလုံးကို တိုးပွါးစေနိုင်သည့် အမျိုးမျိုးသော အစေ့အစပ် ပြောဆိုမှု 'ပဋိသန္ထာရ' စကားနှင့်တကွ အကြောင်းအမျိုးမျိုးပြကာ အရှင်မြတ်တို့ကို အမျိုးမျိုး အစားစား အထူးအားဖြင့် နှစ်သက်စေခဲ့ပါပြီ။ အသီးသီးသော နိကာယဝင်များ ဖြစ်သည့် ထေရ်ကြီးထေရ်ငယ် အရှင်မြတ်တို့ အပေါ် ချိန်ခွင်ဖြင့် ချိန်သကဲ့သို့ရင်း, ချင်ခွက်ဖြင့် ချင်သကဲ့သို့ရင်း အညီအမျှ ချစ်ခြင်းမေတ္တာကို ဖြစ်စေကာ ယင်း မေတ္တာတရားကို အဖန်ဖန် ပွါးစေခဲ့ပါပြီ။

ထိုသို့ ပွါးစေပြီးလျှင် အရှင်မြတ်တို့ အချင်းချင်း ညီညွတ်ခြင်းကိုရင်း, သီရိလင်္ကာသာသနာ အထူးကြီးပွါး စည်ကားခြင်းကိုရင်း မြော်လင့်တောင့်တချက် စင်ကြယ်သောစိတ်, မနောက်ကျုသောစိတ်, နှိမ့်ချသောစိတ်, မတောင်လွှားသောစိတ်, အလွန်ရှိသေသောစိတ်, ခြေသုတ်အလား ညွတ်တွားသောစိတ်ရှိသော တပည့်တော်တို့သည် တပည့်တော်များထက် အသက်သိက္ခာ အထူးကြီးမားတော် မူကြသော မဟာထေရ်မြတ်တို့၏ ခြေတော်အစုံ ကြာပဒုံတို့ကို တပည့်တော် တို့၏ ထိပ်ထက်၌ ထင်ထား၍ လက်အုပ်ချီကာ အလွန် ရိုသေစွာ လျှောက်ထား တောင်းပန်ပါသည်။

အောက်၌ လျှောက်ထားခဲ့သော ဥဒကုက္ခေပ သိမ်တန်ဆောင်း၌ ပဉ္စင်းဖြစ်လာသော ပုဂ္ဂိုလ်တို့နှင့် ထိုပုဂ္ဂိုလ်တို့ကိုပင် ဂဏပူရကပြု၍ အခြားသိမ်၌ ပဉ္စင်းဖြစ်လာကြသော အရှင်မြတ်တို့၏ ပဉ္စင်း ဖြစ်-မဖြစ်၌ မယုံမှားခြင်း ဖြင့်ရင်း, ဒဠှီကမ္မဝါဒီ အရှင်မြတ်တို့၏ ခိုင်မြဲအောင်ပြုခြင်း 'ဒဠှီကမ္မ' ပြုသင့်-မပြုသင့်အချက်၌ အခါခပ်သိမ်း ကုက္ကုစ္စ မဖြစ်ခြင်းငှါ

ရှင်း, သီရိလင်္ကာနေ အရှင်မြတ်အားလုံးတို့ ငြင်းခုံမှုဘေး ကင်းဝေး လွတ်မြောက် တဖက်ကမ်းသို့ ရောက်ခြင်းငှါရှင်း ယခုအခါ ဤ သီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ် ကျွန်းဖွား ထေရ်ကြီးထေရ်ငယ် တပည့်တော်များက အလွန် ရှိသေစွာ လျှောက်ထား တောင်းပန်ပါသည်။ တပည့်တော်တို့ ရည်ရွယ်မှန်းထား လျှောက်ကြားသည့်အတိုင်း ဖြစ်စေခြင်းငှါ သီရိလင်္ကာနေ အရှင်မြတ်တို့သည် နှလုံးပြုတော်မူကြပါကုန်၊ လိုက်နာပြုကျင့်တော်မူကြပါကုန်။

ဤသို့ တပည့်တော်များ အကြိမ်ကြိမ် အဖန်ဖန် ပန်ကြား လျှောက်ထားအပ်သော အရှင်မြတ်တို့သည် မိမိ အကျိုး စီးပွါး အလို့ငှါရှင်း, တပည့်တော်များအပေါ် သနားခြင်းကို အစွဲပြု၍ရှင်း လျှောက်ထားသည့်အတိုင်း ဖြစ်အောင် ပြုကျင့် လျက် သံဃာ ညီညွတ်ခြင်း၏ အကြောင်းအလုံးစုံကို ပြည့်စုံ စေကာ သင့်လျော်သော အချိန်အခါ သင့်လျော်သောနေ့ သင့်လျော်သော အရပ်၌ တခုသော သိမ်တန်ဆောင်းအတွင်း ဝယ် သီရိလင်္ကာနေ အသီးသီးသော နိကာယဝင်များဖြစ်သည့် ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်အားလုံး တပေါင်းတည်း စည်းဝေးတော် မူကြပါကုန်။ ယင်းသို့ စည်းဝေးကြပြီးလျှင် ယခုအခါ သီရိလင်္ကာသို့ ရောက်လာကြသော ထေရ်ကြီး ထေရ်ငယ်တပည့်တော်များနှင့် အတူတကွ ကံပြုမှု ပါတိမောက် ပြမှု ပြုကြလျက် တပေါင်းတည်း သာမဂ္ဂီ ဥပုသ်ပြုကြပါကုန်စို့ အရှင်မြတ်တို့ဘုရား။

ယင်းသို့ ဖြစ်ပြီးလျှင် ကြာမြင့်စွာသော ကာလက သီရိလင်္ကာနေ လူ ရှင် ရဟန်း အားလုံးတို့၏ အဓိကရုဏ်းကို

ဖြစ်ပွါးစေပြီး အမြဲတမ်း မချမ်းသာမှု အကျိုးစီးပွါးပျက်စီးမှုကို ပြုတတ်သည့် မာရ်နတ်ယုတ်ကို နည်းမျိုးစုံဖြင့် ရှုံးနိမ့်စေကာ မာရ်နတ် ရှုံးရကြောင်း ကောင်းမြတ်သော ပွဲတင်သံကို ၃-ကြိမ် ၃-ခါ ကြွေးကြော်တော်မူကြပါကုန်။ ထို့နောက် တရားသဘင် အောင်ပွဲဆင်တော်မူကြလျက် အောင်ပွဲသဘင်သို့ လာရောက်ကြသည့် သူတော်စင် လူပုဂ္ဂိုလ် အားလုံးတို့ကိုလည်း တခဲနက်သော သာဓုခေါ်မှု ကြွေးကြော်သံကို ကြွေးကြော်စေတော်မူကြပါကုန်။

သာသနာတော် ကြီးပွါးမှုကို လိုလား၍ ဂိုဏ်းအသီးသီး၏ ဦးစီးနာယကဖြစ်တော်မူကြသော အခါခပ်သိမ်း သာသနာ့ဝန်ကို ဆောင်လျက် များစွာသောလူ ရှင် ရဟန်းတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူကြသော ရှေးဆရာမြတ်တို့၏အနွယ်ကို စောင့်ရှောက်၍ သီရိလင်္ကာ သာသနာ၏ တံခွန် သီရိလင်္ကာကျွန်း၏ မှန်ကင်း ဖြစ်တော်မူကြသော—

> "သေးငယ်သော သိက္ခာပုဒ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်လော့" (အံ၊၁၊၃၂၀)—

ဟူသော ဘုရားရှင်အဆုံးအမတော်ကို ကောင်းစွာ ခံယူလေ့ရှိကြသော သံသရာဘေးကိုမြင်တော်မူကြသည့် သီရိလင်္ကာနေ ဝိနယ ကုက္ကုစ္စ သိက္ခာကာမ အရှင်ကောင်း အရှင်မြတ်တို့သည် အခါခပ်သိမ်း အချင်းချင်းအပေါ် မေတ္တာစိတ်ကို အထူးဖြန့်တော်မူကြပါကုန်။

မျက်မှောက် မျက်ကွယ် ၂-ပါးလုံး၌ အချင်းချင်း၏ ဂုဏ်သတင်းကို ပြောဆိုကြ၍ အမြဲတမ်း ငြူစူမှု ဝန်တိုမှု

ထောင်လွှားမှု မရှိကြပဲ အချင်းချင်း၏ အကျိုးစီးပွါးကို လိုလားတော်မူကြပါကုန်။ အသီးသီးသော မိမိတို့၏တပည့် တပန်း လူရှင်ရဟန်းတို့နှင့်အတူ သီဠိလင်္ကာနေ ပုဂ္ဂိုလ် အားလုံး နို့ ရည်နှင့်ရေ ရောနှောနေသကဲ့သို့ရင်း၊ ဂင်္ဂါရေနှင့် ယမုံနာရေ နှီးနှောစေသကဲ့သို့ရင်း အယူဝါဒ တူမျှသည့် မကွဲမပြား တသားတည်းသော နိကာယဝင်များ ဖြစ်တော်မူ ကြပါကုန်။

ယင်းသို့ ဖြစ်ကြပါလျှင် ညီညွတ်ဝမ်းသာ အချင်းချင်း ချစ်ခင်သော မျက်လုံးဖြင့် ရှင်ပြုံးစွာ ကြည့်ရှုကြပြီး အခါ ခပ်သိမ်း ကိုယ်စိတ် ၂-ဖြာ ချမ်းသာ အေးမြ ဘေးမခပဲ အသို့ရှိသလို ရဟန်းတရား ကြိုးစားအားထုတ် ကြလျက် မိမိတို့ ရည်သန်ချက် နိဗ္ဗာန် အကျိုးကို လျင်မြန်စွာ ပြည့်ဖြိုး စေနိုင်ကြပါလိမ့်မည်။

နိဂုံး

ဤသည်ကား ဤသီဟိုဠ်လင်္ကာသာသန ဝိသုဒ္ဓိကထာ၌ အမျိုး မျိုး ကွဲပြားသည့် နိကာယဝင်များဖြစ်သော သီဠိလင်္ကာနေ ရဟန်းတို့ အချင်းချင်း ညီညွတ်ခြင်းငှါရင်း၊ သီဟိုဠ်လင်္ကာ သာသနာ ထွန်းလင်းစေခြင်းငှါရင်း များစွာသော ဝိနည်း အကျင့်နှင့် စပ်သော စကား၊ ချိုမြိန်သာယာသော စေ့စပ်မှု 'ပဋိသန္ထာရ' စကားတို့ဖြင့် တန်ဆာဆင်၍ အကျယ်အားဖြင့် ဖွင့်ဆိုရေးသားအပ်သော သီဟိုဠ်လင်္ကာသာသနာ သန့်ရှင်းမှုကို ဖော်ပြအပ်သည့် စကားရပ်တည်း။

ဘာနေ့သကထာအကျယ် ဤတွင်ရွေ့ ပြီး၏။

# သန္ဒေသကထာ အကျဉ်း

ဤလင်္ကာသာသန ဝိသုဒ္ဓိကထာ၌ ယခုလျှောက်ထားမည့် စကားအစဉ်ကား အမျိုးမျိုးသော ကွဲပြားသော နိကာယဝင် များ ဖြစ်သည့် သီရိလင်္ကာနေ ရဟန်းတို့ အချင်းချင်း ညီညွတ်ခြင်းငှါရင်း၊ သီရိလင်္ကာသာသနာ ကောင်းစွာ ထွန်းလင်း တောက်ပ စေခြင်းငှါရင်း လျှောက်ဆိုခဲ့ပြီး စကားအားလုံးကို စုရုံးပြီးလျှင် လိုရင်းပဓာန ဗျင်္ဂတ္ထ အဓိပ္ပါယ်ကို ဖော်ပြ၍ လွယ်ကူစွာ မှတ်ခြင်း သိခြင်းအကျိုးငှါ အကျဉ်းချုပ်အားဖြင့် လျှောက်ဆိုအပ်သော သီရိလင်္ကာ သာသနာ စင်ကြယ်ကြောင်းကို ဖော်ပြသည့် သန္ဒေသစကား ရပ် ဖြစ်ပါသည်။

အရှင်မြတ်တို့ဘုရား၊ သီရိလင်္ကာနေ ထေရ်ကြီးထေရ်ငယ် အသွယ်သွယ်သော အရှင်မြတ်တို့သည် တပည့်တော်များအား ခွင့်ပေးသနားတော်မူကြပါကုန်၊ တပည့်တော်၏ စကားကို နားဆင် နှလုံးသွင်းတော်မူကြပါကုန်ဘုရား။

## ရောယှက် မရောယှက် ငြင်းခုံမှု

အရှင်မြတ်တို့ဘုရား၊ သီရိလင်္ကာနေ အရှင်မြတ်တို့၏ ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ် ရောယှက် မရောယှက် ငြင်းခုံမှုကို အမှီပြု၍ ကြီးစွာသော သာသနာပျက်စီးကြောင်း ဝိဝါဒါဓိကရုဏ်းဘေး ဖြစ်ပေါ်ခဲ့ပါပြီ။ ထိုငြင်းခုံမှု ဝိဝါဒါဓိကရုဏ်းကို အစွဲပြု၍ များစွာသော လူရှင် ရဟန်းတို့ အသီးအသီး

ကွဲပြားကြပြီးလျှင် ရေယူကဲ့၏ဟု အယူရှိသော 'သက်ရ ဝါဒီ'ဂိုဏ်း၊ မရေယူကဲ့ဟု အယူရှိသော 'အသက်ရဝါဒီ' ဂိုဏ်း ဟု ၂-စု ၂-ဂိုဏ်း ဖြစ်နေပါသည်။

## ငြင်းခုံမှု ကျယ်ပြန့်လာပုံ

ဖော်ပြပါ ဂိုဏ်း ၂-ခုမှ မလိမ်မာသူ လူမိုက်အချို့သည် အကြောင်း ဟုတ်သည် မဟုတ်သည်ကို မသိမမြင်ပဲ အကြား အမြင်များသော ရဟန်းတို့၏ အရာဖြစ်သည့် သာသနာတော် တည်းဟူသော တောအုပ်ကြီးအတွင်း မိမိတို့ကိုယ်တိုင် မမြင် စမ်းတန်း အကန်းမျှဖြစ်လျက် ဝိနည်းလမ်းကို မြင်ယောင် သိယောင်ပြု၍ နေကြ၏။ ယင်းသို့ပြုလျက် အကြားအမြင် များသော ရဟန်းတို့ကိုပင် တွေဝေအောင် ပြုတတ်သည့် ဝိနည်း လမ်းကြောင်းသို့ သက်ရောက်ကာ "ဤသည်ကို ဆိုသင့်၏၊ ဤသည်ကို မဆိုသင့်" ဟု မစူးစမ်း မဆင်ခြင်ကြပဲ မိမိသူတပါးပုဂ္ဂိုလ်အားလုံး၏ အကျိုးမဲ့ကို ပြုတတ်၍ အကျိုး စီးပွါးမဲ့နှင့် စပ်သော စကားကိုလည်း ပြောဆိုနေကြပါသည်။

အသီးသီးသော မိမိတို့၏ဆရာသမား ချစ်ကျွမ်းဝင်သူ မိတ်ဆွေ သား မြေး မြစ်နှင့် ထေရ်ကြီး ထေရ်ငယ် ရဟန်း လတ် ရဟန်းငယ် သာမဏေတို့ ပြောဆိုသော စကားအမျိုး မျိုးကို ကိုယ်တိုင်ကြား၍ရင်း၊ တဆင့်ကြား၍ရင်း ဟုတ် မဟုတ် မှန်မမှန်ကို မဝေဖန်ပဲ အလုံးစုံမှတ်သားကာ ထိုထိုအသင်း အပင်းနှင့် မိမိဆရာသမား၏ ဆန့်ကျင်ဘက်ဖြစ်သော သူတော် စင် သီလဝန္တပုဂ္ဂိုလ်တို့ အပေါ်၌သော်လည်း မိမိစိတ်ကို

ဖျက်ဆီးလျက် ၎င်းပုဂ္ဂိုလ်တို့အား ပြစ်မှားစိတ်ဆိုး၍ အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချဆဲရေး ရေရွတ်နေကြပါသည်။ မိုက်မဲသော ခွေးတိရစ္ဆာန်တို့သည် သူမြတ် သူယုတ် ရဟန်း ပုဏ္ဏား ဟူ၍မျှ မမှတ်သားပဲ မိမိသခင်အိမ်သို့ လာတိုင်း လာတိုင်းသော လူတို့ကို ဟောင်ကြသကဲ့သို့ ဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်တို့သည် တဖက်ဂိုဏ်းဝင် သူတော်စင် သီလဝန္တပုဂ္ဂိုလ်တို့၏ ချိုမြိန်သာယာ၍ ဆန်းကြယ်နက်နဲသော တရားကိုလည်း နာခြင်းငှါ အလိုမရှိသည့်ပြင် နာကြားလင့်၏ဟူ၍မျှ အမှတ်မပြုကြပါ၊ အလွန် မိုက်မဲသောခွေးတိရစ္ဆာန်တို့သည် လူမိန်းမတို့၏ နို့ရည်ကိုမသော်မှ သောက်ကောင်း၏ဟု မမှတ်မသိကြသကဲ့သို့ ဖြစ်ပါသည်။

အချို့အရပ်၌ သူတော်စင် သီလဝန္တ ပုဂ္ဂိုလ်တို့၏ တရားကို ကိုယ်တိုင်နာရ တဆင့်ကြားရသော်လည်း ထိုတရားကို မယုံကြည်ကြ သဒ္ဓါနှင့် ယှဉ်သောစိတ်ကို မဖြစ်ပွါးစေကြပါ။ ကျွဲ နွား သတ္တဝါတို့သည် လူတို့တိုက်ကျွေးအပ်သော စတုမဓု စားသောက်ဖွယ်ကို စားသောက်ရသော်လည်း မိမိကိုယ်ကို မနှစ်သက်စေနိုင်ကြသကဲ့သို့ ဖြစ်ပါသည်။ သာသနာတော်ပ တိတ္ထိတို့သည် ဘုရားရှင်၌ မဖူးမျှော်လိုကြ မကြည်ညိုကြသကဲ့သို့ တရံတခါ အချို့အရပ်၌ အချို့ပုဂ္ဂိုလ်တို့သည် သီလဝန္တ သူတော်မြတ်တို့ကိုပင် မဖူးမြင်လိုကြ၊ ဖူးမြင်ရသော်လည်း မကြည်ညိုကြပါ။

တရံတခါ အချို့အရပ်၌ အချို့ပုဂ္ဂိုလ်တို့သည် မိမိဆရာစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော သူတော်စင် သီလဝန္တ

ပုဂ္ဂိုလ်တို့ကိုပင် "သူတော်မဟုတ် သူယုတ်မာ ဒုဿီလများ" ဟု မှတ်မှား၍ အယုတ်အားဖြင့် အောက်ချကြည့်ရှုကြပါသည်။ ယင်းသို့မှတ်မှား ကြည့်ရှုကြပြီးလျှင် ၎င်း သီလဝန္တ ပုဂ္ဂိုလ်တို့ကို ဆဲရေးခြင်းငှါလည်း အလိုရှိကြပါသည်။ မိုက်မဲသောကလေးသူငယ်တို့သည် မိဖတို့၏ရန်သူဖြစ်သော လူတို့ကို တွေ့မြင်၍ ရန်ငြိုးဖွဲ့ကာ ဆဲရေးလိုကြသကဲ့သို့ ဖြစ်ပါသည်။

အချို့အရပ်၌ကား သီလဝန္တ သူတော်သူမြတ်တို့၏ ဟုတ်မဟုတ်သောအပြစ်ကို မှတ်သား၍ ထိုထိုအရပ်၌ထင်ရှားအောင် ပြုကာ ကောလာဟလ ဖြစ်စေကြပါသည်။ ယင်း သီလဝန္တ ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးမဲ့ဖြစ်အောင် လာဘ် လာဘ နေရာ အာဝါသမရရှိအောင် အားထုတ်ကြပါသည်။ အသီးသီးသော မိမိတို့၏ ဆရာသမားများထံ တဖက်ဂိုဏ်းဝင် သူတော်စင်တို့၏ ဟုတ်မဟုတ်သော အပြစ်ကို ပြောဆိုနေကြပါသည်။ရဟန်းတို့ အချင်းချင်း ကွဲပြားအောင်လည်း ကုန်းတိုက်ကြပါသည်။

၂-ဖက်ဂိုဏ်းဝင် မလိမ်မာသူ အဆိုပါ လူဒါယကာတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်း, ဆန့်ကျင်ဘက်ပြောခြင်းသို့ ရောက်နေကြသော မိမိဆရာသမား သာသနာဝန်ထမ်း ရဟန်းများကို အမှီပြု၍ မိမိ၏ စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ဆုတ်ယုတ်စေလျက် အကျိုးမဲ့ကို ပြုတတ်သည့် များစွာသော မကောင်းမှုတို့ကိုသာ တိုးပွါးစေကာ ဤဘဝမှ စုတေ၍ အပါယ် ၄-ပါးသို့ လားရောက်ကြရပါသည်။ ဤသို့ သီရိလင်္ကာ သာသနာကို အမှီပြု၍ အကျိုးမဲ့ ပျက်စီးခြင်းသို့

ရှေးကလည်း ရောက်ခဲ့, နောင်လည်း ရောက်လတ္တံ့, ယခု လည်း ရောက်နေဆဲ ဖြစ်ပါသည်။

လူပေါင်းများစွာ ရောပြွမ်းနေသော ရွာကြီး တရွာ၌ မီးလောင်ကျွမ်းသောအခါ မီးဘေး ဝိုင်းခံရသော မျက်မမြင် သူကန်းတို့သည် မီးဘေးကို ကြောက်ရွံ့ ထိတ်လန့်ကြသော်လည်း မိမိပြေးလမ်းကို မသိမမြင်သောကြောင့် လမ်းမှားဖြင့် ပြေးကာ မီးလောင်ရာသို့ ရောက်ပြီး မီးပုံကို နင်းမိကြရှာပါသည်။ ဘေးမဲ့ရာအရပ်သို့ ပြေးခြင်းငှါ မစွမ်းနိုင်ကြပဲ မီးဘေး နှိပ်စက်ခံရပြီး မီးပုံကြီး အတွင်း၌ သနားစဖွယ် အမျိုးမျိုး ငိုကြွေးမြည်တမ်းလျက် သေကြေပျက်စီးကြသကဲ့သို့ ဖြစ်ပါသည်။

အချို့သော လူရှင်ရဟန်းတို့သည် တပါးသော ဂိုဏ်းဝင်ပုဂ္ဂိုလ်များ၏ မကောင်းသဖြင့် ပြောဆိုအပ်သော စကားကိုရင်း, ဆဲရေးစကားကိုရင်း ကိုယ်တိုင်ကြား ဟဆင့်ကြားဖြင့် ဒေါသဖြစ်ပွါး နှလုံးမသာယာမှု နှိပ်စက်ခံရာရပြီး ငြင်းခုံမှု 'ဝိဝါဒ'ဘေး၏ ကြီးစွာသော အပြစ်ကို သိမြင်၍ ထိုဝိဝါဒ ဘေးမှ ကြောက်ရွံ့စက်ဆုပ်ကာ အခါခပ်သိမ်း လွတ်မြောက်လိုကြပါသည်။ သို့ပါသော်လည်း ဝိဝါဒဘေး ငြိမ်းအေးခြင်း၏ အကြောင်းဟုတ် မဟုတ်ကို မသိမမြင်ကြပဲ ဝိဝါဒဘေး တိုးပွါးရန် ကေန်အကြောင်းရင်းဖြစ်သည့် မပြောဆိုသင့်သော စကားကို ပြောကာ ပြောကာ ခိုက်ရန်ငြင်းခုံမှု ပြုနေကြပါသည်။ ယင်းသို့ ပြုကြပြီးလျှင် ဝိဝါဒါဓိကရုဏ်း၏ ဆုံးကမ်း မထင် အလွန်ပင် ကျယ်ပွါးသော စကားကို အဖန်ဖန် ပြော

ဆိုလျက် ၂-ဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးမဲ့နှင့် စပ်၍ အကျိုးစီးပွါးမဲ့ ပြုတတ်သည့် စကားကို ပြောကာ ပြောကာ ဝိဝါဒါဓိကရုဏ်း တိုးပွါးအောင် ပြုလုပ်နေကြပါသည်။

လူဦးရေ များစွာနေပြွမ်းနေသော ရွာကြီး၌ မီးလောင်သောအခါ အသွန်မိုက်မဲသော အချို့ ကလေးသူငယ်တို့သည် မီးဘေး ငြိမ်းသတ်ရန် အားထုတ် လုံ့လပမ်းကြသော်လည်း မီးဘေး တိုးပွါးအောင်သာ အားထုတ် လုံ့လပမ်းကြသကဲ့သို့ ထိုထိုရပ်ကွက်၌ မီးလောင်အိမ်တို့ကို လေညာမှနေ၍ အမှိုက်ဖြင့် ဖုံးကာ ဖုံးကာ အမှိုက်တို့ကို လေဖြင့် ကြဲကာ ကြဲကာ မီးကိုသာ တိုးပွါးစေကြသကဲ့သို့ ဖြစ်ပါသည်။

ပညာမဲ့သော အချို့ သူယုတ်မာတို့ကား ဝိဝါဒဘေး ငြိမ်းအေး မငြိမ်းအေး နှလုံးမသွင်းကြပဲ မိမိတို့က တဖက် ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့အပေါ် လွှမ်းမိုး အောင်မြင်နိုင်သည့် နည်းလမ်း အမျိုးမျိုးဖြင့် အားထုတ်ကြလျက် မပြောသင့်သော စကားကိုလည်း ပြောဆို၊ မကြံသင့်သောအရာကိုလည်း ကြံစည်နေကြပါသည်။ မိမိတို့၏ ရတ္တညူ နာယက သံဃာ့ဖခင် ပညာရှင် မဟာထေရ်ကြီးတို့၏ စကားကိုသော်မှ မလိုက်နာကြပဲ မိမိဒေါသစရိုက်အားလျော်စွာ ခိုက်ရန် ငြင်းခုံမှု ပြုလျက် အဓိကရုဏ်းကိုသာ တိုးပွါးစေကြပါသည်။

ရွာမီးလောင်သောအခါ လူကြီး မိဘတို့စကားကို နားမထောင်သော သားမိုက် သားပျက်တို့သည် အိမ်ပိုင်ရှင် မိဘတို့၏ စကားကို မနာယူ မီးဘေး ငြိမ်းခြင်းအကြောင်းကို

လည်း မပြုလုပ် မကြံစည်မှု၍ မီးငြိမ်းသတ်ရန် အားထုတ်နေသည့် လူကြီး မိဖတို့နှင့် ငြင်းခုံရေရွတ်ကြပြီး မီးလောင်နေသည့် အိမ်ကိုပင် တောက်လောင်နေသော မီးတုတ်ဖြင့် ရိုက်ကာ ရိုက်ကာ ချွန်းချိတ်ဖြင့်လည်း မီးကျည်တို့ကို ထိုးဆွကာ ထိုးဆွကာ မီးကိုသာ ပွါးအောင် ပြုလုပ်နေကြသကဲ့သို့ ဖြစ်ပါသည်။

အရှည်မမြင် ပညာရှင်လည်းမဟုတ်သည့် အချို့ မသူတော်တို့ကား ရှေ့အစွန်းကိုလည်း မစဉ်းစား ဝိဝါဒဘေး အေးငြိမ်းခြင်းကိုလည်း မလိုလားပဲ သက်သက် ခိုက်ရန်ငြင်းခုံမှုကိုသာ ပြုကြလျက် သံသာ၌ အဓိကရုဏ်းဖြစ်အောင် ဖန်တီးကာ ၂-ဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ထံ ကုန်းတိုက်သော စကားကို ပို့ဆောင်နေကြပါသည်။ အချင်းချင်း နှုတ်လုံ့ထိုးလျက် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်ဘက် ပြောခြင်းသို့ ရောက်နေကြသော အခြားဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ကို မြင်ရ၍ ဝမ်းမြောက် ရွှင်လန်းကာ ရန်ကိုပွါးစေပြီး အဓိကရုဏ်းကြီးအောင် ဖန်တီးနေကြပါသည်။ အဆိုပါ ရွာကြီး၌ မီးလောင်သောအခါ ရွာတွင်းဝယ် အိမ်မဲ့ ယာမဲ့ ဖြစ်သည့် ဆင်းရဲသား သေသောက်ကြူး လူမိုက်လူဆိုးတို့သည် ထိုမှ ဤမှ ရောက်လာကြပြီး မီးဘေးမှ တိမ်းရှောင်ပြေးလွှားနေကြသော ဥစ္စာရှင်တို့၏ ဥစ္စာကို လုယက်၍ အရက်သေစာ သောက်စားပြီး ရယ်မောပြောဆိုကြလျက် မီးဘေးမငြိမ်းရန် အားထုတ်နေကြသကဲ့သို့ ဖြစ်ပါသည်။

မကောင်းမှုကို ဖုံးထား၍ ယုံမှားဖွယ် အကျင့်ရှိသော ကိုယ်ကျင့်ကင်းသည့် ပုဂ္ဂိုလ်ဖျင်းအချို့ကား မိမိ၏ မကောင်းမှု

မသမာမှုအကျင့်ကို ဖုံးလွှမ်းခြင်း၊ မိမိအပေါ် အခြားပုဂ္ဂိုလ်တို့ မစွပ်စွဲခြင်းငှါ တရံတခါမျှ သံဃာညီညွတ်ခြင်းကို မလိုလား လားကြပါ။ အဓိကရုဏ်း ကြမ်းတမ်း ပြင်းထန်ကြောင်း နည်းလမ်းကိုသာ အစွမ်းသတ္တိရှိသမျှ အားသုတ်ကာ အဓိ-ကရုဏ်း တိုးပွါးအောင် ပြုလုပ်နေကြပါသည်။ ဖော်ပြပါ ရွာကြီး မီးလောင်သောအခါ ထိုထိုအိမ်၌ လုယက်ဖောက်ထွင်းသည့် ညဉ့်ငှက်သူခိုးတို့သည် မိမိခိုးမှုမပေါ်အောင် အဆိုပါ မီးဘေး မငြိမ်းအေးစေရန် အားထုတ်နေကြသကဲ့သို့ ဖြစ်ပါသည်။

အယူဝါဒ ကွဲပြားနေသည့် ပုဂ္ဂိုလ်အချို့တို့ကား ခိုက်ရန် ငြင်းခုံမှု ဆန့်ကျင်ပြောဆိုမှု ပြုနေကြသော ၂-ဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးမဲ့ကို လိုလားကာ ၂-ဖက်ဂိုဏ်းဝင် တို့၏ အဓိကရုဏ်း မငြိမ်းစေမည့် အလုပ်ကိုသာ အားထုတ်နေကြပါသည်။ ချင်းချင်းထံ ကုန်းတိုက်စကားကို သယ်ဆောင်ကာ ဤသူထံမှ ကြား၍ ထိုသူထံ၌၊ ထိုသူထံမှကြား၍ ဤသူထံ၌ ပြောကြားလျက် ၂-ဖက်ဂိုဏ်းဝင်တို့၏ အကျိုးစီးပွါးမဲ့အောင် အဓိကရုဏ်းကြီးရေး အားပေးနေကြပါသည်။ ရွာမီးလောင်သောအခါ ရွာကျီး တောကျီး သိန်းငှက်တို့သည် ကောင်းကင်ဖြင့် ပျံတက်၍ ဝမ်းမြောက်ဝမ်းသာ ထိုမှ ဤမှ ပျံသွားကြပြီး မီးဘေးကြောင့် ထွက်ပြေးကြသော ဖွတ် ကြွက် စသည်တို့ကို ထိုးသုတ်စားသောက်ခြင်းငှါ အားထုတ်နေကြသကဲ့သို့ငှင်း၊ သေသောက်ကြူး ဿစားသမား မြာပွေသူ လူရှုပ် လူပွေ ရွာသားများသည် သူတပါးတို့၏ ဥစ္စာကိုလိုချင်၍ ထက်ဝန်းကျင် ထိုထိုဤဤ ပြေးလွှား တိမ်းရှောင်နေကြသော

မီးဘေးဒုက္ခသည်တို့၏ ဥစ္စာကို လုယူရန် အားထုတ်လျက် မီးဘေးမသင့်သော အိမ်ကိုလည်း မီးဖြင့် ရှို့ကာ ရှို့ကာ မီးဘေးတိုးပွါးအောင် ပြုလုပ်နေကြသကဲ့သို့ရင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် မဟုတ်သော သာသနာပ ပုဂ္ဂိုလ်အချို့တို့ကလည်း ဗုဒ္ဓဘာသာဝင်ဖြစ်သည့် ဘုရားရှင်တပည့်သား လူရှင် ရဟန်းတို့၏ အကျိုးစီးပွါးမဲ့ကို လိုလားကြ၍ အချင်းခပ်သိမ်း ဗုဒ္ဓဘာသာ သမ္မာအယူ ကွယ်ပကာင်းပျောက်ခြင်းကို တောင့်တကြလျက် ဗုဒ္ဓဘာသာ သမ္မာအယူ ကွယ်ပပျက်စီးခြင်း အကျိုးငှါသာ ကြံစည်အားထုတ်ကြပြီးလျှင် ၂-ဖက်ဂိုဏ်းဝင် ဗုဒ္ဓဘာသာဝင် အချင်းချင်း အထူး ဆန့်ကျင်ကွဲပြားမည့် အလုပ်ကိုပြုလုပ်၊ စကားကိုပြောဆိုကာ အစွမ်းသတ္တိရှိသမျှ အဓိကရုဏ်းတိုးပွါးအောင် ဆောင်ရွက်နေကြပါသည်။ ရွာမီးလောင်သောအခါ တောအုပ်ကြီးအတွင်း ဂိုဏ်းဖွဲ့နေသော တရားတစောင်အစုရှိသည့် ခိုးသားဓားပြတို့သည် လာရောက်ကာ မီးလောင်သောရွာ၏ ထက်ဝန်းကျင်မှဝိုင်း၍ မီးဘေးကြောင့် ထိမှုကျ၍မှ ထွက်ပြေးလာကြသော လူတို့၏ ဥစ္စာကို လုယူရန်နှင့် မီးဘေး မငြိမ်းအေးရန် အားထုတ်နေကြသကဲ့သို့ ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်တို့သည်ကား ပကတိအားဖြင့် သူတော်သူမြတ်များ ဖြစ်ကြပါလျက် အလွန်ကြာမြင့်စွာသေသကာလက ပေါ်ပေါက်ခဲ့သော ဝိဝါဒဘေးကို အမှီပြု၍ မသူတော်အချို့ဆောင်ပို့ပြောကြားအပ်သော ကုန်းတိုက်စကားကို အခါခါကြားရသောကြောင့် အလွန်ကြာရှည်စွာ သည်းမခံနိုင်ကြပဲ တဖက်ဂိုဏ်းဝင် သီတင်းသုံးဖော် သူတော်ကောင်းတို့ အပေါ်

ဦ်သော်လည်း ပြစ်မှား စိတ်ဆိုး ရန်ငြိုးဖွဲ့နေကြပါသည်။ ချွတ်ယွင်းဖောက်ပြန် မမှန်မကန် ပြောဆိုတတ်သည့် အခြား လူရှင်ရဟန်းတို့၏ စကားကို အဖန်ဖန်ကြားရ၍ ပြစ်မှားစိတ် ဆိုး နှလုံးမသာမှု လွှမ်းမိုးခံရပြီး မိမိတို့၏ သည်းခံခြင်း သနား ခြင်းစသော သူတော်ကောင်းဂုဏ်ကို စွန့်ကာ သည်းမခံခြင်း မသနားခြင်းစသော မသူတော်ဂုဏ်ကိုသာ ထင်ရှားပြလျက် မိမိက ဘဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့အပေါ် လွှမ်းမိုးအောင်မြင် နိုင်မည့် အကြောင်းကို ရှာကြံ စကားကိုပြောဆိုကာ ဝိဝါဒ ဘေး ငြိမ်းအေးအောင် အားမထုတ်ပဲ အဓိကရုဏ်း တိုးပွါး အောင်သာ ပြုလုပ်နေကြပါသည်။ ရှာမီးလောင်သောအခါ ပညာရှိအမည်ခံ ရွာနေ လူကြီးအချို့တို့ မီးဘေးငြိမ်းအေး ကြောင်း နည်းလမ်းကို ကိုင်ပင်အားထုတ်နေကြစဉ် (အချင်း ချင်း) သဘောကွဲပြီး ဆန့်ကျင်ဘက် ဖြစ်ကာ ပြစ်မှားစိတ်ဆိုး ရန်ငြိုးဖွဲ့နေကြပါသည်။ မီးဘေးငြိမ်းသတ်ရန် အားမထုတ်ပဲ အချင်းချင်း လွှမ်းမိုးနိုင်စက်ရန်နှင့် မိမိကို စောင်နေသည့် ခွေး တို့ကို ညှဉ်းဆဲပုတ်ခတ်ရန်သာ အားထုတ်ကြပြီး (မီးဘေး ငြိမ်းရန် နည်းလမ်းကိုမှ မည်သို့မျှ ကြံစည်အားထုတ်မှု မပြု တော့ပဲ) မီးဘေး တိုးပွါးအောင်သာ ပြုလုပ်နေကြသကဲ့သို့ ဖြစ်ပါသည်။

အထူးသဖြင့် သည်းခံခြင်း သနားခြင်းစသောဂုဏ်နှင့် ပြည့်စုံသည့် အချို့ပုဂ္ဂိုလ်တို့သည်ကား မိမိသူတပါး ၂-ဦးသား တို့ အကျိုးစီးပွါးများရန် ကျင့်ကြံလေ့ရှိသည့် ပညာရှိ သူတော်ကောင်းကြီးများ ဖြစ်၍ စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း သော များစွာသော အကုသိုလ်တရားတို့ တိုးပွါးအောင်

ပြုလုပ်နေကြသော ၂-ဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ကြောင့် အမျိုးမျိုး စိုးရိမ်ပူပန်ကြလျက် မမှန်မကန်ပြောဆို၍ ငြင်းခုံခိုက်ရန်ဖြစ်နေကြသော ၂-ဖက်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့၏ မိမိအပေါ်တင်လာသည့် သည်းမခံနိုင်လောက်သော အပြစ်ကိုပင် သည်းခံတော်မူကြပါသည်။ အပြစ်ဟု ရေတွက်တော်မမူကြပါ၊ စန္ဒကူး နံ့သာတုံးသည် မိမိကို ကျောက်ပြင်၌ ပွတ်တိုက်သွေးနေသော ပုဂ္ဂိုလ်အပေါ်၌ပင် မကုန်မချင်း မိမိအနံ့ဖြင့် နှစ်သိမ့်စေသကဲ့သို့ မိမိအား ပြစ်မှား စိတ်ဆိုး အမျိုးမျိုးဆဲရေးနေသော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့ကိုပင် သည်းခံခြင်း ချစ်ခြင်း သနားခြင်းစသော သူတော်ကောင်းဂုဏ်တို့ဖြင့် နှစ်သိမ့်ရှင်လန်းစေပါသည်။ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့အား တရားစကား ဟောကြားဆုံးမ၍ ဝိဝါဒဘေး ငြိမ်းအေးခြင်း၏ အကြောင်း ဟုတ် မဟုတ်ကို ပြောကြားကာ အခါခပ်သိမ်း ဝိဝါဒဘေး ငြိမ်းအေးအောင် အားထုတ်နေကြပါသည်၊ သို့ပါသော်လည်း ငြိမ်းအေးအောင် မစွမ်းဆောင်နိုင်ကြပါ။ ရွာမီးလောင်သောအခါ မီးဘေးသိမ်းပွါးအောင် အားထုတ်နေသော သေသောက်ကြူးစသည့် များစွာသော လူမိုက်ဘို့အလယ် မီးဘေးငြိမ်းသတ်လိုသူ ယောကျ်ားအချို့သည် တအိုးပြည့် နှစ်အိုးပြည့် ရေမျှဖြင့် မီးဘေးငြိမ်းသတ်ရန် မစွမ်းနိုင်ကြသကဲ့သို့ ဖြစ်ပါသည်။

## အငြိမ်းခက်သော အဓိကရုဏ်း

အရှင်မြတ်တို့ဘုရား၊ လျှောက်တင်ခဲ့ပြီးသော အကြောင်းကြောင့်ပင် သိရိလင်္ကာနေ အရှင်မြတ်တို့၏ အလွန်ကြာမြင့်သော ကာလကပေါ်ပေါက်ခဲ့သော ဝိဝါဒဘေး ငြိမ်းအေး

အောင် အားထုတ်ခြင်းငှါ အလွန်ခဲယဉ်းသည်သာ ဖြစ်ပါသည်။ အလွန်ကြာမြင့်စွာသော ကာလက ခန္ဓာကိုယ်၌ ပေါက်၍ တကိုယ်လုံး ပြန့်နှံ့ပေါက်ကွဲနေသော အညစ်အကြေး တို့ဖြင့် ရောထွေးပြည့်နှက်နေသည့် အိုင်း အနာကြီးသည် ဟူးဟူးငြားငြား မပြောစားလောက်သော ဆေးဝါးခါတ်စာ ဖြင့် ငြိမ်းပျောက်အောင် ကုစားရန် အလွန်အမင်း ခဲယဉ်း သကဲ့သို့ ဖြစ်ပါသည်။

## တပည့်တော်တို့၏ ကြိုးပမ်းချက်

အရှင်မြတ်တို့ဘုရား ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် အသီးသီးကွဲပြားသော နိကာယဝင်များ ဖြစ်ကြသည့် သီရိ-လင်္ကာကျွန်းနေ အရှင်မြတ်တို့ အချင်းချင်း မကွဲမပြား တသားတည်း ညီညွတ်ခြင်းငှါလည်း မေတ္တာဖြင့် စေ့စပ်ဆက် သွယ်ခြင်းငှါလည်း ဤသီရိလင်္ကာကျွန်းသို့ ရောက်လာသည့် အချိန်မှစ၍ ယနေ့တိုင်အောင်ပင် အထပ်ထပ် လုံးပမ်း အား ထုတ်နေကြပါသည်။ ထင်ရှားအောင် လျှောက်တင်ပါမည်၊ မိမိထံ လာရောက်ကြသော လူရှင်ရဟန်း ပရိသတ်တို့အား သူတို့နှင့် သင့်လျော်သော တရားစကားကို ဟောကြားဆုံးမ လျက် နှိပ်သင့်သောအခါ၌ နှိပ်၍ မြှောက်သင့်သောအခါ၌ မြှောက်ကာ ထိတ်လန့်စေသင့်သောအခါ၌ ထိတ်လန့်စေ၍ ရွှင်လန်း သင့်သောအခါ၌ ရွှင်လန်းစေပါသည်။ သံဃာ၏ ကောင်းဟု ဝန်ခံခြင်း ချမ်းသာခြင်း ညီညွတ်ခြင်းငှါ အကြောင်းဟုတ်မဟုတ် အလုံးစုံကို ပြောကြား၍ အရှင်ဘုရား

တို့၏ တာဝန်ကို တပည့်တော်တို့၏ တာဝန်ကဲ့သို့ အမှတ်ပြု ကာ အားထုတ် နေကြပါသည်။

တပည့်တော်များသည် အသီးသီး ကွဲပြားသော နိကာယ ဝင်များဖြစ်သည့် သီရိလင်္ကာနေ အရှင်ဘုရားတို့ မကွဲမပြား တသားတည်း ညီညွတ်ခြင်းငှါ ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာမှ အားထုတ်ကြသည် မဟုတ်ပါ၊ ရှေးအခါ ဇမ္ဗူ ဒိပ်ကျွန်း (မြန်မာပြည်) ရတနာပုံ (မန္တလေး) မြို့တော်၌ နေစဉ်ကပင် အဖန်ဖန်အားထုတ်ခဲ့ကြပါသည်။ အရှင်ဘုရား တို့ကို အကြောင်းပြု၍ပင် နန်းတော်တွင်းသို့ ဝင်ကာ မင်း တရားကြီးထံသွား၍ မင်းတရားကြီးနှင့် အတူ အဖန်ဖန် အထပ်ထပ် အရှင်ဘုရားတို့၏ သီရိလင်္ကာ သာသနာကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါပြီ။

အသီးသီးကွဲပြားသော နိကာယဝင်များဖြစ်သည့် အရှင် ဘုရားတို့ မကွဲမပြား တသားတည်း ညီညွတ်ခြင်းငှါ နှုတ်ဖြင့် သာ မင်းတရားကြီးနှင့် ဆွေးနွေး တိုင်ပင်ခဲ့ကြသည် မဟုတ်၊ အရှင်ဘုရားတို့ အလေးဂရုပြုခြင်းငှါ အထူးထူး အပြားပြား များစွာသော ဝိနည်းကျမ်းဂန်တို့ကို ထက်အောက် ပြန်လှန် အဖန်ဖန်ကြည့်ရှု သုံးသပ်၍ အကြားအမြင်များသည့် ပညာ ရှင် ဖြစ်တော်မူကြသော "အဂ္ဂမဟာလင်္ကာရ" အစ ရှိသည့် ဆုဇဂုရု ဘွဲ့တံဆိပ်တော်ရ အခြားမထေရ်တို့နှင့်အတူ အကြိမ် ကြိမ် ဆွေးနွေးတိုင်ပင်ကာ "သီမာသင်္ကရ ဝိနိစ္ဆယ" မည်သော သန္ဒေသကထာ ကျမ်းစာကို ရေးသား စီရင်ခဲ့ပါပြီ။

ယင်းသို့ စီရင်ပြီးလျှင် ယခုကဲ့သို့ မိမိခန္ဓာကိုယ် အမြဲနာ ကျင် ကိုက်ခဲနေသည့် အနာရောဂါကို မရေတွက်ပဲ အရှင်

ဘုရားတို့ကို အကြောင်းပြု၍ပင် နန်းတော်တွင်းသို့ အကြိမ်ကြိမ် ဝင်ကာ မင်းတရားကြီးအား ပြောကြား တိုင်ပင်၍ အသစ်စက်စက်ဖြစ်သည့် ထိုသိမာသက်ရ ဝိနိစ္ဆယ ကျမ်းကို ပုံနှိပ်စက် ယန္တရားဖြင့် ပုံနှိပ်စေရန် အားထုတ်ခဲ့ပါပြီ။ လခဲ့ (၁၅-ရက်မျှ) ကိုနန်းတွင်းမှာပင နေ့ရော ညဉ့်ပါ နေ့ထိုင်လျက် အက္ခရာအပြစ် ပုဒ်အပြစ် ဝါကျအပြစ် လက်ရေးအပြစ် ပုံနှိပ်အပြစ်တို့ကို အထပ်ထပ် သုတ်သင် ပြင်ဆင်ကာ စာအုပ်ရေများစွာ ပုံနှိပ်စေပြီး သိရိလင်္ကာနေ ပဓာနငတရဲ ဖြစ်သည့် အရှင်ဘုရားတို့အား အသီးသီး လှူဒါန်းခဲ့ပါပြီ။

လှူဒါန်းပြီးနောက် သံဃာ ဖြစ်ပွါးစေနိုင်သည့် ချိုမြိန်သာယာ နားချမ်းသာသော များစွာသော တရားစကားဖြင့်လည်း အကြောင်းအမျိုးမျိုးပြ၍ ချီးမြှောက် ထောက်ပံ့ပြီး အသီးသီးသော နိကာယဝင်များ ဖြစ်သည့် သိရိလင်္ကာနေ အရှင်ဘုရားတို့ မကွဲမပြား တသားတည်း ညီညွတ်ကြစေရန် ကြီးစွာသော လုံ့လဖြင့် ကြိမ်ဖန်များစွာ ညီညွတ်ကြောင်း အလုပ်ကို အားထုတ်ခဲ့ကြပါပြီ။

ယခု အခါ၌ကား ဤသိရိလင်္ကာသို့ ရောက်လာသော တပည့်တော် တို့၏ လုံ့လပြုကာ အထွတ်အထိပ်ရောက် အထူးအားထုတ်ခြင်း ဖြစ်ပါသည်၊ ဤကား နောက်ဆုံးအားထုတ်ခြင်းပါတည်း။

## နောက်ဆုံးလျှောက်ထားချက်

သက်ရဝါဒီ အသက်ရဝါဒီဂိုဏ်းဝင် ထေရ်ကြီးထေရ်ငယ် အရှစ်မြတ်တို့အသည် တပည့်တော်များ အောက်၌ လျှောက်

ထားတောင်းပန်ခဲ့သည့်အတိုင်း နှစ်သက်ကြည်ဖြူ ဆန္ဒတူကြပြီး ယင်းသို့ ဆန္ဒတူသည့်အတိုင်း ပြုကျင့်၍ သံဃာ ညီညွတ်မှုကို ပြုလိုကြပါလျှင် "ယခုအခါ ဤသီရိလင်္ကာသို့ ကြွလာကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီးထေရ်ငယ် အရှင်ဘုရားတို့သည် သီရိလင်္ကာနေ တပည့်တော်တို့အား သနားမှုကို အစွဲပြု၍ သံဃာညီညွတ်အောင် အားထုတ် ချီးမြှောက်တော်မူကြပါကုန်"ဟု တပည့်တော်တို့အား တိုက်တွန်း ပြောကြားသင့်ကြပါသည်။ ယင်းသို့ တိုက်တွန်းပါလျှင် အရှင်ဘုရားတို့အား ချီးမြှောက်ခြင်းငှါရင်း၊ သီရိလင်္ကာသာသနာ ထွန်းလင်းတောက်ပစေခြင်းငှါရင်း ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီးထေရ်ငယ် တပည့်တော်များသည် မငြီးမငြူ မတွန့် မဆုတ် ဝမ်းမြောက်ဝမ်းသာ သာသနာပြု အလုပ်ကို အားထုတ်ကြပါကုန်အံ့ ဘုရား။

သီရိလင်္ကာနေ ၂-ဖက်သော သင်္ကရာဝါဒီ အသင်္ကရာဝါဒီ ဂိုဏ်းဝင် ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် တပည့်တော်များ လျှောက်ထား ညွှန်ပြသည့်အတိုင်း သံဃာ ညီညွတ်ကြောင်း နည်းလမ်းကို မနှစ်သက် မကြည်ဖြူကြ၍ သံဃာညီညွတ်အောင် မဆောင်ရွက်လိုကြပါလျှင် ယခုအခါ ဤသီရိလင်္ကာသို့ ရောက်နေကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များသည် သီတင်းဝါလကျွတ်သည်မှ စ၍ ဇမ္ဗူဒိပ် ( အိန္ဒိယပြည် )၌ တည်ရှိသည့် မဟာဗောဓိစေတီတော်ကို ဖူးမျှော်ခြင်းငှါ ထွက်သွားကြပါတော့မည်။ ထိုမဟာဗောဓိစေတီတော်ကိုအလိုရှိတိုင်း ပူဇော်

ပြီးနောက် မိမိတို့ကျွန်း မိမိတို့တိုင်းပြည် ရပ်ဌာန် ကျောင်းတိုက်အာရမ်သို့ အလွန်လျင်မြန်စွာ ပြန်သွားကြပါတော့မည် ဘုရား။

ဤသို့ တပည့်တော်များသည် မိမိတို့ကျွန်း မိမိတို့ တိုင်း-ပြည်ရပ်ဌာန် ကျောင်းတိုက်အာရမ်သို့ ပြန်သွားကြသော်လည်း တပည့်တော်များ အဖန်ဖန် လျှောက်ထားတောင်းပန်သည့်အတိုင်း မလိုက်နာကြသော သီရိလင်္ကာနေ အရှင်ဘုရားတို့အား တစုံတရာ ကဲ့ရဲ့ရှုတ်ချမှုကို ပြုကြမည် မဟုတ်ပါ။ ထိတ်လန့်မှု ခမ္ဘသံဝေဂကိုသာ ဖြစ်စေကာ မကောင်းမှုတို့၏ အပြစ်ကိုသာ ရှုကြပြီးလျှင် ဤသို့သော ကိလေသာဘေးမှ လျင်မြန်စွာ ကင်းဝေးလွတ်မြောက်လိုကြ၍ အရှင်ဘုရားတို့အပေါ် မေတ္တာတရားပွါးများကြလျက် ဆေးကု၍မရသေးသော ရောဂါသည် ချစ်မိတ်ဆွေများအပေါ် သနားခြင်းမျိုးကို ဖြစ်စေကာ ပြန်သွားကြပါမည်။

ထို့ပြင် ဤအချိန်မှစ၍ နောင်အခါ အဆက်ဆက်ဆုံး အသီးသီးကွဲပြားသော နိကာယဝင်များဖြစ်သည့် သီရိလင်္ကာနေ အရှင်ဘုရားတို့ကြောင့် တစုံတရာ ကြောင့်ကြ ဗျာပါရကို တခါတရံမျှ ပြုကြတော့မည် မဟုတ်ပါ။ စင်စစ်သော်ကား နောင်အခါ၌ ထိုသို့သော ကြောင့်ကြစိုက်မှု ဗျာပါရကို ထားဘိဦး၊ ရှေးအခါက အသီးသီးကွဲပြားသော နိကာယဝင်များဖြစ်သည့် သီရိလင်္ကာနေ အရှင်ဘုရားတို့ မကွဲမပြား တသားတည်း ညီညွတ်ခြင်းငှါ တပည့်တော်များ အားထုတ်ကြပါလျက် အလိုရှိတိုင်း မပြီးမြောက်သည့် များစွာသောအမှု

ကိစ္စ အဝဝတို့ကို အဖန်ဖန်အောက်မေ့ကာ တပည့်တော်တို့ သန္တာန်၌ ဤသို့ နောင်တပူပန်မှု ဖြစ်ပါလိမ့်မည်။

## တပည့်တော်တို့၏ နောင်တ

"ငါတို့ကား မိုက်မဲ၍ အသိဉာဏ်မရှိကြသော အကြောင်း ဟုတ် မဟုတ်ကို မသိမြင် မမှတ်သားနိုင်သည့် သာတ္တကာသမ္ဘဝဥ် ကင်းသူများဖြစ်ကြ၏၊ ယင်းငါတို့သည် ကုစား၍မရနိုင်သည့် ရောဂါသည်တို့ကဲ့သို့ ညီညွတ်အောင် ဆောင်ရွက်ရန် အလွန်ခဲယဉ်းသည့် အသီးသီး ကွဲပြားသော နိကာယဝင် ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ဇမ္ဗူဒိပ်ကျွန်း၌ရှင်း သီရိလင်္ကာကျွန်း၌ရှင်း နေကြပြီး အဖန်ဖန် အားထုတ်ပါသော်လည်း အကျိုးတစုံတရာ မပြီးစေနိုင်ခဲ့ကြ၊ မလိမ္မာသော ဆေးသမားသည် မိမိကုစားရမည့် ဝေဒနာသည်၏ အနာရောဂါသည် မိမိဆေးဖြင့် ပျောက်ကင်းမည် မပျောက်ကင်းမည်ကို မစူးစမ်းပဲ ကိုယ်တိုင်ဖော်စပ်ထားသော မိမိဆေးများကို ကုန်ခန်းစေကာ ကေန်သေရှာတော့မည့် ကံကုန်နေသူ ကုစားမရနိုင်သော ဝေဒနာရှင်တို့ကို ကြီးစွာသော လုံ့လဖြင့် ကုစားသကဲ့သို့ ဖြစ်၏"၊ ဤသို့နောင်တပူပန်မှု ဖြစ်ပါလိမ့်မည်၊ တပည့်တော်တို့သည် ဤသို့ အဖန်ဖန်အောက်မေ့ကာ နောင်တပူပန်မှုရှိကြပါသော်လည်း အရှင်ဘုရားတို့ကဲ့သို့သော အခြားကျွန်းသား ချစ်မိတ်ဆွေများကို စိုးစဉ်းမျှ ကဲ့ရဲ့ရှုတ်ချကြမည် မဟုတ်ပါ။ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိသူ ပုဂ္ဂိုလ်မြတ်တို့၏ ဆရာသခင် ဘုရားရှင် ချီးမွမ်းတော်မူသည်နှင့်လျော်ညီစွာ အရှင်ဘုရားတို့၏ ကိုယ်တွင်း၌ ကိန်းအောင်းနေသော ကိလေသာတို့ကိုသာ ကဲ့ရဲ့ရှုတ်ချကြပါမည်။

## ကိလေသာတို့ကို ကဲ့ရဲ့ပုံ

**အဘယ်သို့ ကဲ့ရဲ့ကြမည်နည်း၊**

"စိတ်၏အညစ်အကြေးဖြစ်သော စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း ထောင်လွှားခြင်း အလွန်ထောင်လွှားခြင်း စသော ကိလေသာတို့ကား အလွန်ယုတ်မာ၍ စင်စစ် စက်ဆုပ်ဖွယ်ကြောက်မက်ဖွယ်ကောင်းသည့် ကေန်အကျိုးမဲ့ကို ပြုတတ်သော တရားများဖြစ်၏။ ယင်းကိလေသာတို့၏ အစွမ်းကြောင့် သီရိလင်္ကာနေ ငါတို့၏ ချစ်မိတ်ဆွေ အရှင်များသည် သဒ္ဓါတရားဖြင့် ရဟန်းပြုလာသူ သူတော်သူမြတ်များ ဖြစ်ပါလျက် အချင်းချင်းကွဲပြား၍ ညီညွတ်အောင် အားထုတ်ဆောင်ရွက်ကြသော ငါတို့၏ စင်စစ်အကျိုးစီးပွါးနှင့် စပ်သော စကားကိုမျှ မလိုက်နာနိုင်ကြကုန်။ ယင်းကိလေသာတို့ကို မလွန်မြောက်နိုင်သေးသော ငါတို့သည်လည်း ကေန်ကြောက်မက်ဖွယ် ဘေးဘျမ်းတို့ဖြင့် ရောပြွမ်းနေသော သံသရာပြင်ကျယ် ရေပင်လယ်မှ ကူးတက်ရန် မစွမ်းနိုင်ကြပဲ ယခုအချိန်တိုင်အောင် ဆင်းရဲပင်ပန်းကာ နှစ်မြုပ်နေကြရပေ၏" ဟူ၍ရင်း–

"အကုသိုလ် နီဝရဏတရားတို့၏ ကုသိုလ်စျာန်မဂ်တရားများကို တားမြစ်နှောင့်ယှက်တတ်သည့်အဖြစ်သည် ကြောက်မက်ဖွယ်ကောင်းပါပေစွ၊ ယင်းနီဝရဏ တရားတို့သည် ငါ၏ချစ်လှစွာသောမိတ်ဆွေ သူငယ်ချင်းဖြစ်သည့် သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ် အရှင်ကောင်း အရှင်မြတ်တို့ကိုပင် အကျိုးစီးပွါးလိုလား၍ ယင်းအကျိုးစီးပွါး ပြုကျင့်ကြသည့်

ငါတို့ကဲ့သို့သော ချစ်မိတ်ဆွေများ၏ စင်စစ်အကျိုးစီးပွါးနှင့် စပ်သည့် သံဃာညီညွတ်ရန် အဖန်ဖန် လျှောက်ထားအပ်သော စကားကို မလိုက်နာခြင်းငှါလည်း ဝိဝါဒဘေးမှ မကင်းဝေး မလွတ်မြောက်ခြင်းငှါလည်း တားမြစ်နိုင်ကုန်သတိ၏။ ယင်းနိဝရဏတို့၏ တားမြစ်နှောင့်ယှက်မှုကို ခံရသော ငါတို့သည်လည်း ကေနိ်ဆင်းရဲဒုက္ခကို ပြုကုတ်၍ ယင်းဆင်းရဲဒုက္ခတို့နှင့် ရောပြွမ်းနေသည့် သံသရာညွန့်တွင်းမှ ယခုအချိန်တိုင်အောင် လွတ်မြောက်ရန် မစွမ်းနိုင်ကြကုန်” ဟုမြွက်၍ရင်း —

“အနုသယ ကိလေသာတို့၏ သတ္တဝါတို့၏သန္တာန်တွင်း၌ အမြဲကိန်းအောင်းနေခြင်းသည် ကြောက်မက်ဖွယ် ကောင်းပါပေစွ။ မှန်၏။ ဤအနုသယကိလေသာတို့သည် ငါတို့၏ ချစ်မိတ်ဆွေ သူတော်သူမြတ်တို့၏ သန္တာန်တွင်း၌ အမြဲ ကိန်းအောင်းနေကြပြီး ဇမ္ဗူဒိပ်ကျွန်းမှလာသည့် ငါတို့ကဲ့သို့သော ချစ်မိတ်ဆွေများက ဆန်းကြယ်နက်နဲသည့် အမျိုးမျိုးသော တရားစကား (ဓမ္မကထာ)၊ အထူးထူးသောနည်း ဥပါယ်တို့ဖြင့် ထွက်အောင် နှင်ထုတ်ကြပါသော်လည်း တခါတရံမျှ မထွက်ကြပေ။ အကျိုးစီးပွါးကို ပြုကျင့်သည့် ငါတို့ကဲ့သို့သော ချစ်မိတ်ဆွေများ၏ အကျိုးစီးပွါးနှင့်စပ်သော စကားကိုမျှ မျက်ကွယ်ပြုစေပြီး ငါတို့ချစ်မိတ်ဆွေများ သန္တာန်၌ အမြဲ ကိန်းအောင်းနေကြပေ၏။ ကြမ်းတမ်း ခက်ထန်သော ဘီလူးသည် တစုံတယောက်သော လူသား လုလင်ပျိုကို ပူးဝင်ဖမ်းစားကာ ရူးသွပ်အောင်ပြုပြီး ထို ရောဂါပျောက်ကင်းအောင် ကုစားရန်လာသော ကရုဏာကြီးမားသည့် ဆေးဆရာ၏စကားကို မနာယူစေ ဆေးကို မသောက်စေပဲ

ထို လုလင်ကိုယ်တွင်း၌ အမြဲ ပူးဝင်နိုပ်စက်နေသကဲ့သို့ဖြစ်၏” ဟူ၍ရင်း။

“ပုထုဇဉ်အဖြစ်၏ သတ္တဝါတို့ အကျိုးစီးပွါးမဲ့ကို ပြုနိုင်ခြင်းသည် ကြောက်မက်ဖွယ်ကောင်းပါပေစွ၊ မှန်၏၊ ယင်း ပုထုဇဉ် အဖြစ်ကို မလွန်မြောက်နိုင်ကြသေးသော ငါတို့ ချစ်မိတ်ဆွေ သီရိလင်္ကာနေ ၂-ဖက် ဂိုဏ်းဝင် ထေရ်ကြီး ထေရ်ငယ်အရှင်မြတ်တို့သည် ကြာမြင့်စွာသော ကာလက ငြင်းခုံကွဲပြားခဲ့ကြ၍ အချင်းချင်း ကဲ့ရဲ့ ရှုတ်ချကာ တခါ တရံမျှ မိမိရှုံးနိမ့်မှုကို မလိုလားကြပေ၊ ဝိဝါဒဘေး၏ အလွန် အပြစ်ကြီးသည့်အဖြစ်ကို မမြင်စွမ်းနိုင်ကြပဲ ဇမ္ဗူဒိပ်ကျွန်းမှ လာ၍ ကြိမ်ဖန်များစွာ ဝိဝါဒဘေး ငြိမ်းအေးရန် အားထုတ်ကြသော ငါတို့ကဲ့သို့သော ချစ်မိတ်ဆွေတို့၏ စင်စစ် သံဃာ ညီညွတ်ခြင်း၏ အကြောင်းဖြစ်၍ ကေန် အကျိုးစီးပွါးနှင့် စပ်သောစကားကိုမျှ မလိုက်နာနိုင်ကြကုန်။ ရောဂါရှင် လူနာ များသည် မိမိ၏ လူနာအဖြစ်ကို မလွန်မြောက်နိုင်ကြသော ကြောင့် မိဖ ဆွေမျိုးသားချင်း မိတ်ဆွေ သင်္ဂဟတို့က ပေး အပ်သော စားကောင်း သောက်ဖွယ် ခဲဘွယ်ဘောဇဉ်ကို သုံးဆောင် ခံစားခြင်းငှါ မစွမ်းနိုင်ကြသကဲ့သို့ ဖြစ်၏” ဟူ၍ရင်း—

ဤသို့ တပည့်တော်များသည် မကောင်းမှုတို့၏ အပြစ် ကိုသာ ရှု၍ မကောင်းမှုတို့ကိုသာ ကဲ့ရဲ့ရှုတ်ချကြပြီး ဓမ္မ သံဝေဂ ဖြစ်ပွါးစေကာ အခြားကျွန်းသား ချစ်မိတ်ဆွေ အရှင်ဘုရားတို့ကို မကဲ့ရဲ့ မရှုတ်ချကြပါ။ အရှင်ဘုရားတို့ အပေါ် မေတ္တာစိတ်ကိုသာ ဖြစ်ပွါးစေလျက် ဝါကျွတ်သော

အခါ အသွက်ဘရက်နေ့မှစ၍ မဟာပဗာဝတီစေတီတော်ကို ပူဇော်ရန် ထွက်သွားကြပြီး မိမိတို့ ကျွန်း မိမိတို့ တိုင်းပြည် ရပ်ဌာန် မိမိတို့ကျောင်းတိုက် အာရာမ်သို့ လျင်မြန်စွာ ပြန်သွားကြပါတော့မည်ဘုရား။

## အကယ်၍ လျှောက်ထားလျှင်

( အကြောင်းတမျိုးကား ) သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် ဇမ္ဗူ-ဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် တပည့်တော်တို့အား ဤသို့ လျှောက်ထားမူလည်း လျှောက်ထားရာပါသည်။

## လျှောက်ထားပုံ

အရှင်မြတ်တို့ဘုရား ယခုအခါ ဤသီရိလင်္ကာသို့ ကြွလာကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့က သီရိလင်္ကာသာသနာ ကောင်းစွာ ထွန်းလင်းခြင်း ငှါရင်း အသီးသီး ကွဲပြားသည့် နိကာယဝင်များ မကွဲမပြား တသားဘည်း ညီညွတ်ခြင်းငှါရင်း မိန့်ဆိုအပ်သော နာဖျားမှုအကြောင်းမရှိပဲ နေလဲ့ကွမ်းစားခြင်းစသော ဝိနည်းအကျင့်နှင့်စပ်သောစကား ခိုင်မြဲအောင်ပြုမှု 'ဒဠှီကမ္မ'အဆုံးအဖြတ်နှင့်စပ်သောစကား တဖန် သိက္ခာတင်မှု(သိက္ခာထပ်မှု)နှင့်စပ်သောစကား၊ အဆိုပါ စကားအားလုံးကို သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် ထေရ်ကြီး ထေရ်ငယ် တပည့်တော်တို့သည် နှစ်သက်ကြည်ဖြူ၍ ကောင်းမွန်ရှိသေစွာ လက်ခံကြပါသည်။ ယခုအခါ အရှင်ဘုရားတို့ ဆိုဆုံးမသည့်အတိုင်း

တပည့်တော်တို့ လိုက်နာကျင့်သုံးကြပါမည်။ ဤ လိုက်နာကျင့်သုံးရေး၌ တပည့်တော်တို့ ဝန်မလေးကြပါ။ အရှင်မြတ်တို့ဘုရား၊ စင်စစ်သော်ကား သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ်ဖြစ်သော တပည့်တော်တို့က ယခုအခါ ဤ သီရိလင်္ကာသို့ ကြွလာကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့အား ဤသို့ လျှောက်ထားဖွယ်ရှိပါသည်။

အဘယ်သို့ လျှောက်ထားမည်နည်း —

အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့၏ သီရိလင်္ကာ သာသနာသည် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော ဗုဒ္ဓဘာသာဝင် ဘုရင်မင်းမြတ်တို့၏ လက်မှလွတ်ပြီး ဗုဒ္ဓဘာသာဝင် မဟုတ်သူ သာသနာတော်ပ မိစ္ဆာဒိဋ္ဌိမင်းတို့၏ လက်တွင်းသို့ ရောက်ချိန်မှစ၍ ယနေ့တိုင်အောင် အခါ ခပ်သိမ်း အားနည်းနေပါသည်။ မိဖတို့လက်မှလွတ်၍ ရန်သူ လက်တွင်းသို့ ရောက်နေသော သားသမီးများ အားနည်းနေကြသကဲ့သို့ ဖြစ်ပါသည်။ အရှင်မြတ်တို့ဘုရား၊ ထို့ကြောင့် သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် ထေရ်ကြီး ထေရ်ငယ် တပည့်တော်တို့အားလုံးသည် ဇမ္ဗူဒိပ်ကျွန်း မြန်မာပြည် မန္တလေး ရတနာပုံမြို့တော်၌ မင်းပြုနေသော သဒ္ဓါတရား အလွန်ကောင်း၍ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့နေသော ဗုဒ္ဓဘာသာဝင် (မင်းတုန်း) မင်းတရားကြီးနှင့် သာသနာတော်၏ အကြီးအမှူးဦးစီးပဓာန မဟာထေရ်မြတ်

တို့၏ အကြားအမြင်များ၍ သိက္ခာသုံးပါး လိုလားသော ၁၀-ပါးတစု၊ ၂၀-ပါးတစုဖြစ်သည့် ထေရ်ကြီး ထေရ်ငယ် ရဟန်းတော်များကို ဤသီရိလင်္ကာသို့စေလွှတ်ကာ အသီးသီး ကွဲပြားသော နိကာယဝင် ရဟန်းတို့ ညီညွတ်စေရန်နှင့် သာသနာတော် အထူးထွန်းလင်းစေရန် သီရိလင်္ကာသာသနာ တော်အား ချီးမြှောက်မှုကို အတိုင်းသက်အလွန် အမြဲပင် မြှော်လင့်တောင့်တကြပါသည်။ ကမ္ဘာဦးအခါ အမိုက်မှောင် လွှမ်းမိုးခံရသော လူသားတို့သည် ထက်ဝန်းကျင် (ပတ်ပတ် လည်) အရပ်မျက်နှာတို့၌ အလင်းရောင် ပြုပေးမည့် နေနှင့် လကို မျှော်လင့်တောင့်တကြသကဲ့သို့ ဖြစ်ပါသည်။

အရှင်မြတ်တို့ဘုရား ဤကြောင့်ပင် ယခုအခါ သီရိလင်္ကာ သို့ ကြွလာကြသော ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီးထေရ်ငယ် အရှင်မြတ်တို့သည် သင့်လျော်သော အချိန်အခါ ဇမ္ဗူဒိပ် ကျွန်း မိမိတို့နိုင်ငံ (မြန်မာပြည်)သို့ ပြန်ကြွတော်မူကြ၍ မန္တလေး ရတနာပုံ မြို့တော်၌ မင်းပြုနေသော သဒ္ဓါတရား အလွန်ကောင်းသည့်(မင်းတုန်း)မင်းတရားကြီးနှင့် ဆွေးနွေး တိုင်ပင်တော်မူကြပြီးလျှင် မင်းတရားကြီး၏ အလိုတော်ဖြင့် ၁၀-ပါးတစု၊ ၂၀-ပါးတစု ဖြစ်သော ထေရ်ကြီး ထေရ်ငယ် တို့ကို စေလွှတ်ကာ ကွဲပြားသော နိကာယဝင်ဖြစ်သည့် တပည့်တော်တို့ ညီညွတ်စေရန်နှင့် သာသနာတော် အထူး ထွန်းလင်း တောက်ပစေရန် တပည့်တော်တို့၏ သီရိလင်္ကာ သာသနာကို ချီးမြှောက်တော်မူကြပါကုန်။ ယင်းသို့ ချီး

မြှောက်ကြပါလျှင် သီရိလင်္ကာနေ ၂-ဖက်သော နိကာယဝင် ထေရ်ကြီး ထေရ်ငယ် တပည့်တော်တို့သည် အထူး ဝမ်း မြှောက်ကြလျက် သဒ္ဓါတရားအသစ်ကို ဖြစ်စေကာ အသက် ထက်ဆုံး အကြားအမြင် များသော ဇမ္ဗူဒိပ်ကျွန်းသား မဟာထေရ်အရှင်မြတ်တို့ ချီးမြှောက်ဆုံးမအပ်သော အဆုံး အဖြတ်အားလုံးကို ကောင်းစွာ လက်ခံကျင့်သုံးကြပါမည်။ အရှင်မြတ်တို့ဘုရား ရှိသေစွာတောင်းပန်ပါကုန်၏။ ယခုအခါ ဤ သီရိလင်္ကာသို့ ကြွလာတော်မူကြသော ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် တပည့်တော်များ လျှောက် ထား တောင်းပန်သည့်အတိုင်း တပည့်တော်တို့ကို ချီးမြှောက် တော်မူကြပါကုန်ဘုရား။

ဤသို့ လျှောက်ထားကြပါလျှင် သီရိလင်္ကာနေ ၂-ဖက် သော နိကာယဝင် ထေရ်ကြီးထေရ်ငယ် အရှင်မြတ်တို့ အလို ဆန္ဒ တူညီစွာ လျှောက်ထားအပ်သော ယခုအခါ သီရိလင်္ကာ သို့ ရောက်လာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များသည် သီရိလင်္ကာနေ ၂-ဖက် နိကာယဝင် အရှင်မြတ်တို့ လျှောက်ထား တောင်းပန်သည့် အတိုင်း ပြုကျင့်ဆောင်ရွက်ကြပါမည်။

ထိုသို့ပြုကျင့်ရန် သီရိလင်္ကာနေ ၂ ဖက် နိကာယဝင် ပဓာန ထေရ်အရှင်မြတ်တို့၏ ဝန်ခံချက်ကို ယူကာ အလွန်လျင်မြန်စွာ ဇမ္ဗူဒိပ်ကျွန်း မိမိတို့ တိုင်းပြည်သို့ ပြန်၍ သင့်လျော် လျှောက်ပတ်သောအခါ မန္တလေး ရတနာပုံ မြို့တော်၌

မင်းပြုနေသော မင်းတရားကြီးနှင့် ဆွေးနွေးတိုင်ပင်ကြပါမည်။ ယင်းသို့ ဆွေးနွေးတိုင်ပင်ပြီး အရှင်ဘုရားတို့၏ ဝန်ခံချက်ကို မင်းတရားကြီးအား ပြလျက် သီရိလင်္ကာသာသနာကို ချီးမြှောက်ရန် အကြောင်းစုံ ပြောကြားတိုက်တွန်း၍ သဒ္ဓါတရား တိုးပွါးအောင် ပြုလုပ်ကြပါမည်။ ထို့နောက် အခွင့်အခါသင့်ပါလျှင် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များသည် မင်းတရားကြီးနှင့် အလိုဆန္ဒတူညီကြပြီး မင်းတရားကြီး အလိုတော်ဖြင့် ၁၀-ပါးတစု၊ ၂၀-ပါးတစု ဖြစ်သော အကြားအမြင်များသည့် သိက္ခာကာမ ထေရ်ကြီးထေရ်ငယ်များကို စေလွှတ်ကာ အသီးသီး ကွဲပြားသော နိကာယဝင်ဖြစ်သည့် အရှင်မြတ်တို့ ညီညွတ်စေရန်နှင့် သီရိလင်္ကာသာသနာ အထူး ထွန်းလင်းစေရန် ကြိုးပမ်းအားထုတ်ကြပါမည်။

ဤသို့ ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီးထေရ်ငယ် တပည့်တော်များက သန္ဒေသကထာ (သတင်းစာလွှာ) ပါး၍ လျှောက်ထားအပ်သော သီရိလင်္ကာနေ သက်ရဝါဒီ အသက်ရဝါဒီ ဒဋ္ဌကမ္မဝါဒီ အဒဋ္ဌကမ္မဝါဒီဂိုဏ်းသား အရှင်ဘုရားတို့သည် သီရိလင်္ကာနေ အရှင်မြတ်တို့ကို အကြောင်းပြု၍ ကြီးစွာသောလုံ့လဖြင့် သံဃာညီညွတ်ရန် အဖန်ဖန်အားထုတ်နေကြသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်တို့ကို သနားသောအားဖြင့် မိမိတို့ ပြုလုပ်ပြောဆိုလိုသည့်အတိုင်း တပည့်တော်များထံ လျင်မြန်စွာ အကြောင်းပြန်ကြားတော်မူကြပါကုန်ဘုရား။

## နိဂုံး

ဤသည်ကား ဤလင်္ကာသာသနဝိသုဒ္ဓိကထာ၌ ကိုးကွယ်ရာမဲ့သူတို့၏ ကိုးကွယ်ရာ ဆရာသခင် ဘုရားရှင် ခေမာနန်းသို့ စံမြန်းတော်မူသည်မှ စ၍ ဘုရားရှင့်သာသနာတော် ၂၄၂၂-နှစ်မြောက် ရောက်သောအခါ (မြန်မာ—၁၂၄၀) သီတင်းကျွတ်လဆန်း ၃-ရက် စနေနေ့၌ ဇမ္ဗူဒိပ်ကျွန်း အရှင်ဇာဂရထေရ်က သီရိလင်္ကာနေ အသီးသီးသော ဂဏနာယက ပမာနထေရ်တို့ထံ ပါးအပ်(ပို့အပ်)သော မေတ္တာနှင့် နှောသည့် သန္ဒေသ-ကထာ သတင်းစာလွှာတည်း။

သန္ဒေသကထာအကျဉ်း ဤတွင်ရွေ ပြီး၏။

# နောက်ထပ် ပို့အပ်သော သန္ဒေသကထာ

ယခုဖော်ပြမည့် စကားရပ်ကား ယခုအခါ ဤသီရိလင်္ကာသို့ ရောက်ရှိနေသော ဇမ္ဗူဒိပ်ကျွန်းသား ဇာဂရထေရ်က သီရိလင်္ကာနေ သင်္ကရဝါဒီ အသင်္ကရဝါဒီ ဒဠှီကမ္မဝါဒီ အဒဠှီကမ္မဝါဒီဖြစ်သည့် အသီးသီး ကွဲပြားသော နိကာယဝင် ပဓာနထေရ်တို့ထံ အသီးသီး ထပ်ဆင့်ပေးပို့အပ်သော သန္ဒေသကထာ သတင်းစာလွှာ ဖြစ်ပါသည်။

အရှင်မြတ်တို့ဘုရား၊ ယခုအခါ ဤသီရိလင်္ကာသို့ ရောက်ရှိနေသော တပည့်တော် ဇာဂရထေရ်သည် တပည့်တော်များထက် အသက်သိက္ခာ ကြီးရင့်သော သီရိလင်္ကာနေ အသီးသီးသော ဂဏနာယက ပဓာနထေရ်တို့၏ ခြေတော်တို့ကို ရှိခိုးဦးချပါသည်။ သာသနာ့ဝန်ဆောင် သာသနာတော်စောင့် သူတော် သူမြတ်များ ဖြစ်သည့် သီရိလင်္ကာနေ အသီးသီးသော ဂဏနာယက ပဓာနထေရ် အရှင်မြတ်တို့သည် တပည့်တော်အား ခွင့်ပေးသနားတော်မူကြပါကုန်။ တပည့်တော်၏ စကားကို နားဆင်တော်မူကြပါကုန်။

ယခုအခါ ဤသီရိလင်္ကာသို့ ရောက်နေသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော် ဇာဂရထေရ်သည် အသီးသီးကွဲပြားသော နိကာယဝင် ရဟန်းရှင်လူ ပြည်သူအများ ကြာမြင့်စွာသော ကာလမှစ၍ အချင်းချင်း ၂-စု၊ ၃-စု ကွဲပြားကာ မညီမညွတ် မနှီးနှောမိကြသည်ကို တွေ့မြင် သိရှိရ၍ “ဤသို့ သဘောရှိသည့် လဇ္ဇီကုက္ကုစ္စက သိက္ခာကာမ

သာသနဝန်ဆောင် ပဓာနထေရ် အရှင်ကောင်းအရှင်မြတ်တို့ အချင်းချင်း မေတ္တာဖြင့် ဖွဲ့စည်းမှု မပြုကြပဲ အသီးသီး ကွဲပြားနေခြင်းသည် စင်စစ် မသင့်လျော်သည်သာ ဖြစ်၏” ဟု အောက်မေ့ဆင်ခြင်ကာ အရှင်ဘုရားတို့ကို အကြောင်းပြုလျက် များစွာစိုးရိမ်မိပါသည်။ ယင်းသို့ စိုးရိမ်မိ၍—

“သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာကြောင်း ဖြစ်၏၊ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်း ဖြစ်၏။” (ဓမ္မပဒ။ ၄၂၊)

ဟူသော ဘုရားရှင် ညွှန်ပြအပ်သည့် သံဃာညီညွတ်ခြင်း၏ အကျိုးအာနိသင်ကို အဖန်ဖန်အောက်မေ့ပြီး အသီးသီး ကွဲပြားသော နိကာယဝင် ထေရ်အရှင်တို့ ညီညွတ်မှုကို လိုလား တောင့်တကြလျက် အရှင်မြတ်တို့အချင်းချင်း ညီညွတ်အောင် ပြုခြင်းငှါ ယခုအခါ ဤသန္ဒေသ ကထာကျမ်းကို ကြိုးပမ်းစီရင်ရပေသည်။ အရှင်မြတ်တို့ဘုရား တပည့်တော် ဇာဂရထေရ်သည် အရှင်မြတ်တို့ အကျိုးငှါ ကြီးစွာသော လုံ့လဖြင့် ဤကျမ်းစာကို ရေးသားဆဲမှာပင် ကြမ်းတမ်း ပြင်းထန် လေနာနှိပ်စက်မှုဒဏ်ကို ခံစားရပါသည်။

အရှင်မြတ်တို့ဘုရား အရှင်မြတ်တို့၏ ချစ်စွာသော မိတ်ဆွေ ချစ်စွာသော တပည့်ဖြစ်သည့် ဘုရားတပည့်တော် ဇာဂရထေရ်သည် ထိုသို့ ပြင်းထန်သော လေနာ နှိပ်စက်မှုဒဏ်ကို ခံစားရပါသော်လည်း အချင်းချင်း ကွဲပြားနေသော ချစ်စွာသောမိတ်ဆွေ ချစ်စွာသောဆရာသမား ထေရ်ကြီး ထေရ်ငယ် သူတော်စင် အရှင်မြတ်များအပေါ် သနားခြင်း

ကရုဏာ'ကို အစွဲပြု၍ ဤသို့ ပြင်းထန်သည့်လေနာကို မရေ
တွက်ပဲ မိမိကိုယ်၌ အမြဲထိုးဆွ ကိုက်ခဲနေသော ကိုယ်ဆင်းရဲ
နှင့် ကျမ်းဂန် ရေးသားမှုကြောင့် ဖြစ်သော ကိုယ်ဆင်းရဲကို
လျှော်ဖြင့် အာစောက်ကို ဟောက်ကာ သည်းခံ ရပါသည်။
ယင်းသို့ သည်းခံ၍ ဤသန္ဒေသကထာကျမ်းစာဖြင့် သီရိ-
လင်္ကာနေ ငါ၏ချစ်စွာသော မိတ်ဆွေဆရာသမား ထေရ်ရှင်
များသည် အချင်းချင်း ညီညွတ်ကြပေလိမ့်မည်။ သီရိလင်္ကာ
သာသနာသည်လည်း "အလွန် ထွန်းလင်းပေလိမ့်မည်" ဟု
အလွန်ဝမ်းမြောက်ပြီးလျှင် ပျော်ကာဆိုခဲ့သော ကိုယ်ဆင်းရဲ
မှုကို ဤသို့သော စိတ်ချမ်းသာမှုဖြင့် ဖုံးလွှမ်းလျက် စိတ်ချမ်း
သာမှု အရသာကို ခံစားကာ ရေးသားစီရင်ပါသည်။ ယခု
အခါ များစွာသော ဝိနည်း အကျင့်နှင့် စပ်သော စကား
တဖန် သိက္ခာတင်မှု 'ဒဠှီကမ္မ' အဆုံးအဖြတ်နှင့် စပ်သော
စကားတို့ဖြင့် တန်းဆာဆင်အပ်သော ဤကျမ်းကို ပြီးစေရ
ပါသည်။

ယခုအခါ ဘုရားတပည့်တော်သည် အဆိုပါ လေနာ
နှိပ်စက်ခံရသဖြင့် ပက်လက် လျောင်းစက်နေရသည့် ရောဂါ
ပြင်းထန်သူ လူနာကဲ့သို့ ဖြစ်နေပါသည်။ ယင်းသို့ ဖြစ်နေပါ
သော်လည်း ဝါကျွတ်ခါနီးအချိန်၌ ဤလေနာရောဂါအနည်း
ငယ်မျှ သက်သာခွင့်ရပါ၍ အရှင်မြတ်တို့၏ သာသနာမှုကိစ္စ
ကို ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ထိုဝါကျွတ်ခါနီးအချိန်
မှာပင် အရှင်မြတ်တို့၏ သာသနာမှုကိစ္စကို ဆောင်ရွက်ရပါ
သည်။

"လေနာရောဂါ သက်သာခွင့်မရ၍ ဝါကျွတ်ခါနီးသည့်တိုင်အောင် အရှင်မြတ်တို့၏ သာသနာမှုကိစ္စကို မဆောင်ရွက်နိုင်ပါလျှင် အသီးသီးသော ဂဏနာယက ပဓာနထေရ် အရှင်မြတ်တို့ မိန့်ဆိုသောစကားကို နာယူမှတ်သား စဉ်းစားဆင်ခြင်ပြီးလျှင် ဝါကျွတ်ချိန်မှစ၍ အလွန်လျှင်မြန်စွာ ဇမ္ဗူဒိပ်ကျွန်း မိမိနိုင်ငံ မိမိရပ်ဌာနသို့ပြန်ကာ မြန်မာနိုင်ငံ၌ မင်းပြုနေသည့် (မင်းဟုန်း) မင်းတရားကြီးနှင့် တိုင်ပင်ပြီးလျှင် အရှင်မြတ်တို့ လိုလားအပ်သော သာသနာမှုကိစ္စကို ဆောင်ရွက်အံ့"၊ ဤသို့ နှလုံးပြုပြီး အရှင်မြတ်တို့၏ နှစ်သက်လိုလားမှုကို သိလို၍ ယခုအခါ အသီးသီးသော ဂဏနာယက ပဓာနနာယက ပဓာနထေရ် အရှင်မြတ်တို့ထံ တမန်စေလွှတ်ရပါသည်။

## ရိုသေစွာတောင်းပန်ခြင်း

ဘုရားတပည့်တော်များ ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား။

အရပ်ဝေး၌ ဝါကပ်တော်မူကြသော အမြဲသာသနာ့ဝန်ကို ဆောင်တော်မူကြသည့် သီရိလင်္ကာနေ အသီးသီးသော ဂဏနာယက ပဓာနထေရ် အရှင်မြတ်တို့သည် ဝါကျွတ်ခါနီး အချိန် သီတင်းကျွတ်လဆန်း ၉-ရက်နေ့မှစ၍ မိမိကျောင်းတိုက်မှ ထွက်တော်မူခဲ့ကြ၍ တပည့်တော်တို့နေရာ ဝါလုကာ တိတ္ထရွာကျောင်းတိုက်သို့ ရောက်သောအခါ သီတင်းကျွတ်လဆန်း ၁၁-ရက်နေ့၌ ဖြစ်စေ၊ ၁၂-ရက်နေ့၌ဖြစ်စေ ဝါလုကာ တိတ္ထရွာ၏ ထက်ဝန်းကျင် ထိုထိုကျောင်းတိုက်၌ ဝါကပ်တော်မူကြသော အခြား ပဓာနထေရ် တို့နှင့်အတူ အားလုံး

တပေါင်းတည်း စည်းဝေးတော်မူကြပါကုန်၊ ယင်းသို့ စည်းဝေးကြပြီး ယခု ဘုရား တပည့်တော်များ ရေးသားပြုစုအပ်သော သန္ဓေသကထာ ကျမ်းကို အစအဆုံး အားလုံး ကြည့်ရှုရွှသော်ငင်း ဖတ်စေရှုသော်ငင်း ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို သိအောင် ပြုတော်မူကြပါကုန်။ သိတော်မူကြသောအခါ အရှင်မြတ်တို့ အကျိုးစီးပွါး အလို့ငှါ အရှင်မြတ်တို့ကိုပင် အကြောင်းပြု၍ ကြီးစွာသော လုံ့လဖြင့် သံဃာ ညီညွတ်အောင် အားထုတ်နေစဉ် အနာဂရေိုက်ါ နိုပ်စက်ခံရသူ ဘုရား တပည့်တော်များအား သနားခြင်းကို အစွဲပြု၍ သီရိလင်္ကာနေ အသီးသီးသော ဂဏနာယက ပဓာနထေရ် အရှင်မြတ်တို့သည် မိမိတို့ပြုလုပ်စေလို ပြောဆိုလိုသည့် အတိုင်း ပြောကြားမိန့်ဆိုတော် မူကြပါကုန်ဘုရား။

## သန္ဓေသကထာ၏ အကျိုး

### (က) ၂-ပက်ဂိုဏ်းဝင်တို့ အဆုံးအမကို လက်ခံကြခြင်း

ဤသို့ ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်က သနားကြင်နာသောစိတ်ဖြင့် သန္ဓေသကထာ ပါးလိုက်သောအခါ သီရိလင်္ကာနေ အမရပူရနိကာယဝင် ထေရ်ကြီး ထေရ်ငယ်တို့သည် အလွန်ကြည်လင် ရွှင်ပျသော စိတ်ရှိကြ၍ အရှင်ဇာဂရထေရ် နေထိုင်ရာ ဝါလုကာတိတ္ထရွာအနီး "ရာဇပက္ခ" အမတ်၏ အုန်းတော အာရာမ်သို့ လာ၍ အညီအညွတ် ဝမ်းမြောက် ဝမ်းသာ စည်းဝေးကြပါသည်။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်သည် သီရိလင်္ကာ၌ အမျိုးမျိုး ကွဲပြားနေကြသည့် ရဟန်းတို့ ညီညွတ်ရန်နှင့် သာသနာ့ အညစ်အကြေး ကင်းဝေးသန့်ရှင်းစေရန် ရေးသား စီရင်အ

သော "သာသနဝိသုဒ္ဓိ" မည်သော ကျမ်းကို အစအဆုံး အားလုံးကြည့်ရှု၍ရင်း၊ ဖတ်စေ၍ရင်း ဆိုလိုရင်း အဓိပ္ပါယ် သိပြီး နှစ်သက်ကြည်ဖြူ သဘောကျပါသည်။ အမရပူရနိကာ ယ အတွင်း၌ ရှေးက ဖြစ်ပေါ်ခဲ့သော ၂-စု-၃-စု ကွဲပြား သော နိကာယဝင်ရဟန်းတို့သည် တပေါင်းတည်းသော နိကာယဝင်များ ဖြစ်ရန် ညီညွတ်ဝမ်းသာစွာ တခုသော ဥဒကုက္ခေပသိမ်အတွင်း စည်းဝေးကာ သာမဂ္ဂီ ဥပုသ်ပြုကြပါ သည်။ သာသနဝိသုဒ္ဓိကျမ်း၌ အရှင်ဇာဂရထေရ် ညွှန်ပြအပ် သော နာဖျားမှုအကြောင်းမရှိပဲ နေလွှဲကွမ်းစား ရှောင်ကြဉ် မှုစသော အဆုံးအမအားလုံးကို လက်ခံပြီး အထူး ကောင်းမွန် စွာ ကျင့်ကြံအားထုတ်ကြပါပြီ။

## (ခ) ဂိုဏ်းကွဲပုဂ္ဂိုလ်တို့ တပေါင်းတည်း ကံပြုကြခြင်း

ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်သည် သီရိလင်္ကာ နေ အမရပူရအနွယ် ၂-မျိုး ၃-မျိုးသော နိကာယဝင်ရဟန်း တို့ကို တခုတည်းသော နိကာယအဖြစ်၌တည်စေပြီး ထိုနိကာ- ယဝင် ထေရ်အရှင်တို့၏ တပည့် ပဉ္စင်းလောင်း ၃၀-တို့ကို ထို (ဥဒကုက္ခေပ) သိမ်၌ပင် ထိုဆရာတို့၏အလိုအရ မိမိ (အရှင် ဇာဂရ)အထံ ဥပဇ္ဈာယ်ယူစေ၍ ဇမ္ဗူဒိပ်ကျွန်းသား မထေရ် ၅-ပါး သီရိလင်္ကာကျွန်းသား မထေရ် ၁၀-ပါး၊ ဤ ၁၅-ပါး အစုရှိသော သံဃာဖြင့် ပဉ္စင်းခံပေးခဲ့ပါပြီ။

## (ဂ) ပဉ္စင်းလောင်းနှင့် ယင်းတို့၏ဆရာများ ဝန်ခံကြခြင်း

ပဉ္စင်းမခံမီ ရှေးဦးစွာကပင် အမျိုးကောင်းသားများ သာသနာတော်သို့ ဝင်ရာ၌ ရည်ရွယ်ရင်းအကျိုးကို စင်စစ်

လျင်မြန်စွာ ပြည့်စေခြင်းငှါ ထိုသိမ်ဝန်းအတွင်း သံဃာ့ အလယ်၌ အဆိုပါ ပဥ္စင်းလောင်းတို့ကို ဤသို့ ကောင်းစွာ ဝန်ခံမှု ပြုစေခဲ့ပါပြီ။

ယခုဖော်ပြလတ္တံ့သည်ကား ထိုပဥ္စင်းလောင်းတို့၏ ဝန်ခံချက်တည်း။

အရှင်မြတ်တို့ဘုရား၊ သီရိလင်္ကာကျွန်းနေ ပဥ္စင်းလောင်း သာမဏေဖြစ်သည့် တပည့်တော်တို့သည် ပဥ္စင်းခံ 'ဥပသမ္ပဒ' ကံဆောင် ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့ထံ ဤသို့ဝန်ခံမှု ပြုကြပါသည်။

ပဥ္စင်းလောင်းဖြစ်သော တပည့်တော်တို့သည် ပဥ္စင်းဖြစ်သည်မှ စ၍ ရဟန်းအဖြစ်၌ တည်၍ အသက်ရှည်သမျှ ကာလ ပတ်လုံး -

"ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံကြကုန်လော့၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိကုန်သည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် စွဲမြဲကျင့်ကြကုန်လော့။ ဤနေရာ တို့၌ ပိတ်ထားသော တံခါးရှိသူများ ဖြစ်ကြလော့" (အံ၊၂၊၁၂၂) -

ဤသို့စသော အနုဂ္ဂဟိနသုတ်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ကြ၍ အထူးသဖြင့် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသူများ ဖြစ်ကြပါမည်။

အနည်းငယ်မျှလောက်သော စိတ်မပါပဲလည်း အာပတ် သင့်နိုင်သည့် အစိတ္တကသိက္ခာပုဒ် ဆပြစ်တို့၌ပင် ဘေးဟု ရှုလေ့ရှိကြပြီး ဆောက်တည်ကျင့်သုံးကြပါကုန်အံ့။

အခါခပ်သိမ်း လက်ကစားခြင်း ခြေကစားခြင်း ကိုယ်ကစားခြင်းကိုလဲ မဖြစ်စေပဲ စက္ခုစသော ဣန္ဒြေတို့ကို ကောင်းစွာ စောင့်စည်း၍ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံအောင် နေထိုင်ကြပါကုန်အံ့။

အဆောတလျင် ချွတ်ယွင်းကာ တစုံတခုသော အာပတ်၌ ကုက္ကုစ္စ မကင်းကြပါလျှင် အလွန်လျင်မြန်စွာ အချိန်မကုန်စေပဲ ကြီးလေးသော ဂရုကအာပတ်ကို ထမြောက်မှု 'ဝုဋ္ဌာနကံ'ဖြင့်၎င်း၊ ပေါ့ပါးသော 'လဟုက' အာပတ်ကို ပြောကြားမှု 'ဒေသနာကံ' ဖြင့်၎င်း ကုစား၍ မိမိကိုယ်ကို စင်ကြယ်အောင် ပြုပါကုန်အံ့။

အခါခပ်သိမ်း ကောင်းမွန်သေသပ်စွာ ဝတ်ရုံကြ၍ ပရိမဏ္ဍလ သိက္ခာပုဒ်ကို ကောင်းစွာ စောင့်ရှောက်ကြပါကုန်အံ့။

ရွာတွင်းသို့ ဝင်သောအခါ, ရွာတွင်း၌ နေသောအခါတို့၌ ထိုထိုဤဤ မကြည့်ရှုကြပဲ ထမ်းပိုးတပြန် (၄-တောင်)မျှသာ ကြည့်၍ ဩက္ခိတ္တစက္ခု သိက္ခာပုဒ်ကိုလည်း အထူးလုံခြုံအောင် စောင့်ရှောက်ကြပါကုန်အံ့။

ပြောပလောက်သော အကြောင်းကို ကြည့်၍ နေလှဲ့အခါ ကွမ်းစားခြင်း, အဖျော်ရည်သောက်ခြင်း, ဆေးလိပ်သောက်ခြင်း အမှု မပြုကြပါကုန်အံ့။

"သစ်သား ဝါး အသီးအပွင့် ကသယ်မှုန့် ရေချိုးကသယ်မှုန့် မျက်နှာသစ်ရေ မြေညက် ဒန်ပူ စသည်ကို

လှူဒါယကာ တို့အား ချီးမြှောက်ခြင်းဖြင့် မပေးရာ”
(ခုဒ္ဒသိက္ခာ။ ၂၀၉) –

ဟူသောစကားကို အဖန်ဖန် အောက်မေ့ဆင်ခြင်၍ ထိုသို့သော ပန်းပေးခြင်း စသည့် (ကုလဒူသန) အမှုတို့ကိုရှင်း၊ ဆေးကုခြင်း, တမန်မှုပြုခြင်း, စေခိုင်း၍သွားခြင်း, ရှေးဦး စ၍ ပြောခြင်း, အပြုံးကို ရွှေသွားပြုခြင်း, ပဲနောက်ဟင်း ကဲ့သို့ အမှန်နည်းပါး မမှန်များသော စကားကို ပြောခြင်း, ကလေးသူငယ်တို့ကို ချီပွေ့ချော့မြူခြင်း စသော (ရဟန်းတို့နှင့်) မလျော်သည့် လူတို့နှင့် နှီးနှော ဆက်ဆံခြင်း ဟူသော (အနေသန) အမှုတို့ကိုရှင်း မလွန်ကျူးပဲ အထူး သတိပြုကာ စောင့်ရှောက်ပါကုန်အံ့။

“ဤ ၈-ပါးသော ကုလဒူသန အမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းတို့သည် သီတင်းသုံးဖော် ၅-ယောက်တို့အား မအပ်ကုန်၊ မဟုတ်မမှန်သော ချွန် မင်္ဂ ဖိုလ်တရားတို့ကို ဝါကြွားပြောဆိုမှု, ရှေ့ငွေ့ လဲလှယ်မှု စသည် တို့ကြောင့် ဖြစ်ပေါ်လာသည့် ပစ္စည်းတို့နှင့် အလားတူကုန်၏” (ဝိ၊ဋ္ဌ၊ ၂။ ၂၁၁) –

ဟူသော အဋ္ဌကထာစကားကို အဖန်ဖန် အောက်မေ့၍ အခြား သီတင်းသုံးဖော် ၅-ယောက်တို့၏ ကုလဒူသန စသည် ကြောင့် ဖြစ်ပေါ်လာသည့် မအပ်သော ပစ္စည်းတို့ကိုလည်း မသုံးစွဲမူ၍ အခြားသူတို့၏ မစင်ဖြင့် မိမိကိုယ်ကို သုတ်လိမ်း သကဲ့သို့ အခြားပုဂ္ဂိုလ်တို့၏ မအပ်သော ပစ္စည်း၄-ပါးကြောင့် မိမိကိုယ်ကို အညစ်အကြေး မတင်စေပဲ သန့်ရှင်း စင်ကြယ် သော အသက်မွေးမှု ရှိသူများ ဖြစ်ပါကုန်အံ့။

ဘုရားရှင့် သာသနာတော်၌ အဓိကရုဏ်းမှု တစုံတခု ပေါ်ပေါက်လာသော်လည်း ငြင်းခုံမှု ခိုက်ရန်ပြုမှု မဖြစ်စေပဲ ထေရ နဝ မဇ္ဈိမ ရဟန်းတို့အပေါ်၌ အထူး ရိုသေတုပ်ဝပ် ကြပြီး ထိုပုဂ္ဂိုလ်တို့၏ စကားကို ကောင်းစွာ လိုက်နာပြုကျင့် ပါကုန်အံ့။

တနေ့ တရက် တနာရီလည်း မိမိထက် သိက္ခာကြီးသော ပုဂ္ဂိုလ်ကို အသက်ထက်ဆုံး (ထိုပုဂ္ဂိုလ်၏) ခြေ၌ (မိမိ) ဦးခေါင်းဖြင့် တုပ်ဝပ် အာလေးပြုလျှ ရှိခိုးလေ့ရှိသူများ ဖြစ် ပါကုန်အံ့။

ဆန်းကြယ်သော အဆင်းပုံသဏ္ဌာန်ရှိသော ထီးကိုရင်း, အဝတ်(ပုဆိုး) ပိုင်းဟု ဆိုအပ်သော လက်ကိုင်ပုဝါစသည်ကို ၎င်း, ရဟန်းတို့နှင့် မလျော်သော လူတို့၏ အသုံးအဆောင် မျိုးကိုရင်း မသုံးဆောင်ပါကုန်အံ့။

လဇ္ဇီ ကုက္ကုစ္စက ပုဂ္ဂိုလ်တို့ အလှန်အလေးပြုအပ်သော အရာဌာနဖြစ်သည့် ၅-ခဏ်း စသည်ဖြတ်၍ ချုပ်အပ်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ပါကုန်အံ့။ ထိုသို့ မချုပ်သော သင်္ကန်းကို မသုံးဆောင်ပါကုန်အံ့။

၁၀-ဝါအတွင်း၌ အာရာမ်ပိုင် (ကျောင်းထိုင်) အဖြစ်ဖြင့် မနေပဲ နိဿယည်းဆရာ (ကျောင်းထိုင်) အင်္ဂါအရာ၌လည်း သတိပြုပါကုန်အံ့။

၁၀-ဝါကျော်သော်လည်း—

"အဘိဓမ္မာ၌ ဆုံးမခြင်းငှါ (စွမ်းနိုင်၏) အလုံးစုံသော ဝိနည်း ပိဋကာ၌ ဆုံးမခြင်းငှါ (စွမ်းနိုင်၏)" (ဝိ၊ ၃။ ၉၂။ ဝိ၊ ၅။၃၁၄)။

ဤသို့လာသော နိဿယည်းဆရာအင်္ဂါကို နှလုံးပြု၍ ထိုအင်္ဂါနှင့် ပြည့်စုံမှသာ အာရာမ်ပိုင်အဖြစ်ဖြင့် နေလျက် ပရိသတ်မွေးမြူကာ ဘုရားရှင်သာသနာ ထွန်းလင်းတောက်ပစေရန် အစွမ်းသတ္တိရှိသမျှ အားထုတ်ကြပါကုန်အံ့။

သင်္ကန်းစသော ပစ္စည်း ၄-ပါးတို့ကို သုံးဆောင်သောအခါ၌လည်း ကြွေးယူသုံးဆောင်မှု 'ဣဏပရိဘောဂ' မဖြစ်စေရန် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ကြပါကုန်အံ့။

"ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ" ဤသို့ စသည်ဖြင့် သမထကမ္မဋ္ဌာန်းကိုရင်း၊ "ခန္ဓာ ၅-ပါးတို့သည် မမြဲသောတရား ဆင်းရဲသောတရား အစိုးမရ အတ္တမဟုတ်သောတရားတို့တည်း" ဤသို့စသော ဝိပဿနာ ကမ္မဋ္ဌာန်းကိုရင်း နေ့စဉ်နေ့တိုင်း အစွမ်းသတ္တိရှိသမျှ ပွါးများကာ နေပါကုန်အံ့။

ယခု ပဋ္ဌင်းဖြစ်ချိန်မှစကာ အကြောင်းညီညွတ်၍ စွမ်းနိုင်သမျှ ဝိနည်းတိစိဝရိက်ကိုရင်း, ဓုတင်တိစိဝရ်ကိုရင်း ဆောင်ကုန်ပါအံ့။

ဤလောကတ္တရာ တရားအားလျော်သော အကျင့်မြတ်ဖြင့် ဘုရားရှင်ကို ပူဇော်ပါကုန်၏။ တရားတော်ကို ပူဇော်ပါ

ကုန်၏။ သံဃာတော်ကို ပူဇော်ပါကုန်၏။ ဤအကျင့်မြတ်ဖြင့် အိုခြင်း သေခြင်းမှ မချွတ်ကေန် လွတ်မြောက်ရပါလိုကုန်၏။ (ဤကား ပဥ္စင်းလောင်းများ၏ ဝန်ခံချက်တည်း။)

ယခု ဖော်ပြလတ္တံ့သည်ကား ပဥ္စင်းလောင်းတို့၏ ဆရာသမားများ ဝန်ခံချက်ဖြစ်ပါသည်။

အရှင်မြတ်တို့ဘုရား ပဥ္စင်းလောင်းတို့၏ ဆရာသမားများဖြစ်သော တပည့်တော်တို့သည် ဤသို့ ဝန်ခံမှု ပြုကြပါကုန်၏။

"အရှင်မြတ်တို့ဘုရား ယခု ပဥ္စင်းလောင်းများ အရှင်ဘုရားတို့ထံ ဝန်ခံကြသည့်အတိုင်း လိုက်နာပြုကျင့်ရန် တပည့်တော်တို့ အစဉ်မစောင့်ရှောက်ကြပါမည်။ အဆုံးအမ ပေးကြပါမည်။ မိမိတို့ ဝန်ခံချက်အတိုင်း မလိုက်နာသောအခါ, မိမိတို့ ဝန်ခံချက်ကို ကျူးလွန်သောအခါ, အပြောအဆို ခက်သူများ ဖြစ်ပြီး နောင်အခါ စောင့်စည်းမှု၌ မတည်ကြသောအခါ ဤအခါမျိုးတို့၌ ထို ပဥ္စင်းလောင်းတို့၏ ဖောက်ပြန်မှုကို စာရွက်၌ ရေးသား၍ ဥပသမ္ပဒကံ ဆောင်ရွက်ကြသော ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့ထံ သတင်းစာလွှာ 'သန္ဒေသကထာ' ဖြင့် အကြောင်းကြား လျှောက်ထားကြပါမည် ဘုရား"။

(ဤကား ပဥ္စင်းလောင်းတို့၏ ဆရာသမားများဝန်ခံချက်တည်း။)

ဤကား ဤအရာ၌ ပဥ္စင်းလောင်းနှင့် ယင်းတို့၏ ဆရာများ ဝန်ခံချက်တည်း။

## (ဃ) ဆုံးမရန် အခွင့်ရခြင်း

ဤသို့ အရှင်ဇာဂရထေရ်သည် အမရပူရ အနွယ်ဝင် သီရိလင်္ကာကျွန်းဖွား ၂-စု ၃-စု သော နိကာယဝင် ရဟန်းများကို တခုတည်းသော နိကာယဝင်များ အဖြစ်သို့ ရောက်စေပြီးလျှင် ရဟန်းတို့နှင့် သင့်လျော်သော အဆုံးအမကို ပေး၍ (တစုံတခုသော) သာသနာ့ အညစ်အကြေးကို သုတ်သင်ကာ သီရိလင်္ကာသာသနာကို အထူးထွန်းလင်းစေခဲ့ပါပြီ။

ထိုနောက်တဖန် သီရိလင်္ကာ၌ အသီးသီးကွဲပြားသော နိကာယဝင် ရဟန်းတို့၏ အလုပ်အကျွေးဖြစ်သော လူဒါယကာတို့အားလည်း သနားကြင်နာသော စိတ်ဖြင့် ရဟန်းတို့၏ ငြင်းခုံမှု 'ဝိဝါဒါဓိကရုဏ်း' ကို အမှီပြု၍ ရဟန်းတို့အားရင်း လူပုဂ္ဂိုလ်အချင်းချင်းအားရင်း ဖြစ်များစိတ်ဆိုး အမျိုးမျိုး ကွဲရှကြပြီးလျှင် များစွာသော မကောင်းမှုတို မတိုးပွါးစေရန် အပါယ်တံခါးဝကို ပိတ်ဆို့ရန်နှင့် သတိတရား ဖြစ်ပွါးစေရန် ချိုမြိန်သာယာသော တရားဒေသနာပြု၍ ဤသို့ အဆုံးအမ ပေးခဲ့ပါပြီ။

ဤ ဖော်ပြလတ္တံ့ သည်ကား (သီရိလင်္ကာနေ) လူဒါယကာတို့အား အရှင်ဇာဂရထေရ်၏ ဆုံးမချက်တည်း။

အို ဒါယကာတို့ နားထောင်ကြကုန်လော့၊ နှလုံးသွင်းကြကုန်လော့၊ ယခုအခါ သင်တို့၏ သီရိလင်္ကာကျွန်း၌ များစွာသော ရဟန်းရှင်လူ ပြည်သူအများတို့ အမျိုးမျိုးကွဲပြားသော နိကာယဝင်များ ဖြစ်နေကြချေပြီ။

ဤသို့ ကွဲပြားရာ၌ များသောအားဖြင့် ဘုရားရှင်တပည့်သား ရဟန်းတော်များကား ပင်ကိုယ် သဒ္ဓါတရားကောင်း၍

သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြသော သတိ၊ ပညာကြီးမား၍ အရှက်အကြောက်များသူများ ဖြစ်ကြပေ၏၊ ဘုရားရှင် ဟောကြားအပ်သော ဓမ္မ ဝိနယကို အဖန်ဖန် နာယူမှတ်သားကြပြီး ဟောကြားအပ်သော ဓမ္မ ဝိနယကို အဖန်ဖန် နာယူမှတ်သား ဟောကြားပို့ချကာ ဘုရားရှင် ပေးသနားအပ်သော အဆိုပါ တရားလက်နက်ဖြင့် ဝိဝါဒဘေးကို အမြစ်ပြုဖြစ်ပွါးသည့် စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း စသော အကျိုးမဲ့ကို ပြုတတ်သည့် မကောင်းမှုတို့ကို ပယ်ခွါပြီး သတိတရား လက်ကိုင်ထားနိုင်ကြပေ၏။ ယင်းသို့ သတိတရား လက်ကိုင်ထားကာ ထို ဝိဝါဒဘေး အကြွင်းမဲ့ ငြိမ်းအေးရန် မစွမ်းနိုင်ကြသော်လည်း ဝိဝါဒဘေးကို အစွဲပြု၍ မိမိကိုယ်ကို အောက်ကျယုတ်ညံ့သော မသူတော်အဖြစ်သို့ မရောက်စေပဲ ဝိဝါဒဘေးကြီး အလယ်တွင် နေရလင့်ကစား မိမိအပေါ် ဝိဝါဒဘေး မလွှမ်းအောင် နေနိုင်ကြပေ၏။

ရွာကြီးတရွာ၌ မီးလောင်သောအခါ ခွန်အားသန်၍ မျက်စိကောင်းသော လူပုဂ္ဂိုလ်တို့သည် မီးဘေး အကြွင်းမဲ့ငြိမ်းအေးအောင် မစွမ်းဆောင်နိုင်ကြသော်လည်း မီးဘေးမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းဖြင့်ပြုလုပ်၍ မိမိကို မီးဘေးမလွှမ်းမိုးမနှိပ်စက်နိုင်အောင် စွမ်းဆောင်နိုင်ကြသကဲ့သို့ဖြစ်၏။

အချို့အချို့သော ရဟန်းတို့၏ အလုပ်အကျွေးဖြစ်သော လူပုဂ္ဂိုလ်တို့သည်ကား ဘုရားရှင် ပေးသနားတော်မူအပ်သော ဓမ္မ၊ ဝိနယလက်နက်နှင့် အလှန်ဝေးကွာ နေကြသဖြင့် အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို မသိနိုင်ကြပဲ မိမိဆရာသမားတို့ကြောင့် စိုးရိမ်ပူဆွေးကြပြီးလျှင် မခံပြောသ င့်

သော စကားမျိုးကိုလည်း ပြောဆိုကာ အချင်းချင်း ဆဲရေးရှုတ်ချ အမျိုးမျိုး ကဲ့ရဲ့ကြလျက် စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း စသော အကျိုးမဲ့ကို ပြုတတ်သည့် မကောင်းမှုတို့ကို တိုးပွါးစေကြပေ၏။ အခြားနိကာယဝင် ထေရ နဝ မဇ္ဈိမ ရဟန်းတို့ အပေါ်၌လည်း ပြစ်မှားစိတ်ဆိုးကြပြီး ထိုရဟန်းတို့၏ အပြစ်ကိုရှာကာ အမျိုးမျိုး အစားစား ဖွေးကံတတ်ရာရာ ကဲ့ရဲ့ရှုတ်ချနေကြပေ၏။ ထိုရဟန်းတို့ အကျိုးစီးပွါးမဲ့ လာဘ်လာဘမဲ့ အခြံအရံမဲ့အောင် အားထုတ်၍ သပိတ်မှောက်ကာထိုက်ပြီး မိမိကိုယ်ကို အောက်ကျ ယုတ်ညံ့သော မသူတော်အဖြစ်သို့ ရောက်စေကြပေ၏။ ထွန်းပွန် သံသရာ ၂-ဖြာလုံး၌ပင် မိမိတို့ စီးပွါးဥစ္စာ ချမ်းသာသုခ မရကြအောင် အားထုတ်နေထိုင်ကြလျက် များစွာသော မကောင်းမှုတို့ကို ပွါးစေကာ အပါယ် ၄-ပါးသို့ လားရောက်ကြရပေ၏။ ဤသို့ ခိုက်ရန် ငြင်းခုံမှုပြုနေကြသော မိမိဆရာသမား ရဟန်းများ၏ အသီးသီး နိကာယကွဲပြားမှုကို အမှီပြု၍ အကျိုးမဲ့ပျက်စီးခြင်းသို့ ရှေးကလည်း ရောက်ခဲ့ကြ၊ နောင်လည်း ရောက်ကြလတ္တံ့၊ ယခုလည်း ရောက်နေကြပေ၏။

ရှာကြီးတစ္ဆာ မီးလောင်နေသောအခါ မီးဘေးအဝိုင်းခံရသော အိမ်မင်းမစွမ်းသူ လူနာ အကျိုးအကန်းတို့နှင့် အခြားသော ပိုး ရှူ ခြပုန်း ကြွက် အိမ်မြှောင် စသော တိရစ္ဆာန်တို့သည် မီးဘေးလွတ်ရာ ထိုထို ဒေသ မပြေးနိုင်ကြပဲ မီးဘေး ညှဥ်းဆဲခံရပြီး မီးပုံကြီးအလယ်တွင် အမျိုးမျိုး ဆင်းရဲပင်ပန်း ညှိုးနွမ်းကာ ငိုကြွေးမြည်တမ်းကြလျက် သေကြေ ပျက်စီးကြရသကဲ့သို့ ဖြစ်ပေ၏။

"သူတပါးအပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့တတ်သူအား အာသဝတရားတို့သည် တိုးပွါးကုန်၏။ ထိုသူသည် အာသဝကုန်ခြင်းမှ ဝေးကွာ၏"
(ဓမ္မ၊ ၅၀။)—

ဟု ဘုရားရှင် ဟောတော်မူအပ်သော စကားတော်ကိုလည်း ဘုရားရှင့် တပည့်သားရဟန်းများသည် အဖန်ဖန် နာကြားလျက် အခြားသူတို့ကို ဟောကြားပို့ချပြီးလျှင် ထိုစကားတော်၏ အနက်အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင် ကောင်းစွာသိမြင်၍ သူတပါးတို့အပြစ်ကို ရှုလေ့ရှိခြင်းနှင့် ကဲ့ရဲ့လိုသော အမှတ်ရှိခြင်းတို့၏ အပြစ်ကို ဟုတ်မှန်တိုင်း သိမြင်ကြပေ၏။ ယင်းသို့ သိမြင်ကြ၍ အပါယ်စသည်ဘေးများ ရောပြွမ်းနေသော သံသရာတောအုပ်ကြီးအတွင်း ဘေးကင်းရာ မြို့တော်ကို ရည်ရော်မှန်းဆလျက် ဓမ္မဝိနယလမ်းခရီးကို ကျင့်ကြံပွါးများ အားသွင်လိုက်သွားနိုင်ကြပေ၏။ အခြားပုဂ္ဂိုလ်တို့က မိမိအပေါ်တင်အပ်သော အပြစ်နှင့် ကဲ့ရဲ့စကားကို မရေတွက်ကြပဲ မိမိအကျိုးမဲ့ကို ပြုတတ်သည့် စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်းစသော ကိလေသာဘေးတို့ကို အလွန်ကြောက်ရွံ့ကြပြီးလျှင် ထိုဘေးတို့မှ လွတ်မြောက်ရန် မိမိအားထုတ်ရမည့် ရဟန်းတရားတို့ကိုသာ အားထုတ်ကြလျက် ဝိဝါဒဘေးကြီး အလယ်တွင် နေကြရသော်လည်း မိမိကို မလွှမ်းမိုးအောင် နေနိုင်ကြပေ၏။

ဥပမာအားဖြင့် ထင်ရှားအောင်ပြရသော်-အသက်ရှည်ကြာ ချမ်းသာလိုသော ယောကျ်ားတယောက်သည် သားရဲသတ်ကျား ရောပြွမ်းနေသော တောအုပ်အတွင်း ခရီးရှည်

သွားနေစဉ် မိမိကို စားရန်လာနေကြသော ခြသေ့်သစ်ကျား တို့ကို တွေ့မြင်၍ ကြောက်ရွံ့ထိတ်လန့်ပြီး အလွန်လျင်မြန်စွာ ပြေးသွားလျက် လမ်းခရီးအကြား မိမိရှေ့မှောက်၌ တည်ကာ မိမိကိုဟောင်နေသော ခွေး မြေခွေးတို့ကို လျစ်လျူရှု၍ မပြောပလောက်သည့် ထိုအနိဋ္ဌာရုံတို့ကို မရေတွက်ပဲ ခြသေ့် သစ် ကျားအစာအဖြစ်မှ လွတ်မြောက်ရန် အားထုတ်ကာ အလွန့်အလွန် လျင်မြန်စွာ ပြေးသွားလွတ်မြောက် ဘေးကင်းရာ ရောက်သကဲ့သို့ ဖြစ်ပေ၏။

လူဝတ်ကြောင် ဒါယကာတို့သည်ကား ဘုရားရှင် ဟော ကြားအပ်သော ပြဆိုခဲ့ပြီး တရားတော်ကို တခါတရံမျှ မကြားနာရပဲ (တခါတရံ) ကြားနာရသော်လည်း အနက် အဓိပ္ပါယ်ကို မသိမြင်ကြပဲ အနည်းငယ် အနက်အဓိပ္ပါယ်ကို သိမြင်သော်လည်း ထိုတရားတော်နှင့် လျော်ညီစွာ နှလုံး မသွင်းနိုင်ကြပဲ ရာဂဖြင့်တပ်စွဲ ဒေါသဖြင့် ပြစ်မှား မောဟဖြင့် တွေဝေကာ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော စိတ် အညစ်အကြေး အပြစ်အနာတို့ကို မသိမမြင်ကြပေ။

ထို့ကြောင့် တပါးသော နိကာယဝင်ပုဂ္ဂိုလ်တို့၏ ဟုတ် မဟုတ်သော အပြစ်တို့ကို အဖန်ဖန်ရှာကာ ကဲ့ရဲ့ရှုတ်ချနေကြ ပေ၏။မိမိသူတပါး ၂-ဦးသားတို့၏ အကျိုးမဲ့ကို ပြုတတ်သော အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း သူ့ကျေးဇူးကို ချေဖျက်ခြင်း ဂုဏ်ပြိုင်ခြင်း ထောင်လွှားခြင်း အလွန် ထောင်လွှားခြင်း စသော ကိလေသာတို့ကိုသာ တိုးပွါးစေကြပြီးလျှင် မိမိ သူ တပါး ၂-ဦးသားလုံးကို ညှဉ်းဆဲဖျက်ဆီးနေကြပေ၏။ သာ သနာတော်၏ အန္တရာယ်ကို ပြုတတ်သည့် စကားကို ပြော

ကာ ပြောကာ များစွာသော မကောင်းမှုတို့ကို တိုးပွါးစေလျက် အပါယ်လေးပါး လားရောက်ကြရပြီး ဝိဝါဒဘေးသင့်ကာ ပျက်စီးကြရပေ၏။

အို ဒါယကာတို့ ထိုကြောင့်ပင် တိုက်တွန်းရပေ၏။ သင်တို့သည် ယခု ငါတို့ညွှန်ပြအပ်သော ဘုရားရှင့်တရားတော်ကို ကြည်ညိုသက်ဝင် သံဝေဂ ဖြစ်စေကြပြီးလျှင် သူတပါးတို့၏ အပြစ်ကို အဖန်ဖန် မရှုမိအောင် မကဲ့ရဲ့မရှုတ်ချမိအောင် စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း သူ့ကျေးဇူးကို ချေဖျက်ခြင်း ဂုဏ်ပြိုင်ခြင်း ထောင်လွှားခြင်း အလွန်ထောင်လွှားခြင်း ငြူစူခြင်း ဝန်တိုခြင်း ကိလေသာ အညစ်အကြေးတို့ကို ပယ်ခွါစွန့်ပစ်နိုင်အောင် သတိပြုကြကုန်။

ရဟန်းတို့၏ ငြင်းခုံမှုဘေးကြောင့် မိမိကိုယ်တိုင် မပျက်စီးအောင် လုံ့လပြုကြကုန်။ မိမိစိတ်ကို စောင့်ရှောက်ကြကုန်။ မိမိကိုယ်တိုင်သာ မိမိကိုယ်ကို ကောင်းစွာ ဆုံးမကြကုန်။ အခြားပုဂ္ဂိုလ်တို့၏ အပြစ်ကို အဖန်ဖန်ရှုကာ အပေါက်ရှာ၍ မိမိသူတပါး ၂-ဦးသားလုံးကို မဖျက်ဆီးကြကုန်လင့်။ ဤသို့ ငါတို့ အဆုံးအမ သြဝါဒ ပေးပေ၏။

"သူတပါးတို့၏ မသျှော်သော အပြစ် အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု-မပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှု ပြု-မပြုကိုသာ ကြည့်ရှုရာ၏" (ဓမ္မ၊ ၅၀။)——

ဟူ၍ ဘုရားရှင် ဟောတော်မူအပ်သော တရားဒေသနာတော်ကိုလည်း သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြသော ဘုရားရှင့် တပည့်သား ရဟန်းတော်များသည် အဖန်ဖန် နာယူ

မှတ်သား ဟောကြားကြလျက် အနက်အဓိပ္ပါယ်ကို ဆင်ခြင်ကာ ထိုတရားတော်နှင့် လျော်ညီစွာ နှလုံးသွင်း၍ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု-မပြုအပြစ်ကို မကြည့်ရှုပဲ မိမိ၏ ကောင်းမှု မကောင်းမှု ပြု-မပြု အပြစ်ကိုသာ ကြည့်ရှုဆင်ခြင်ကြပေ၏။ တဦးသော မာလိန်မှူးသည် 'သမုဒ္ဒရာ အလယ်လှိုင်းတံပိုးစသည် လွှမ်းမိုးနှိပ်စက်ခံရသော မိမိသင်္ဘောကိုသာ ကြည့်၍ သူတပါးတို့၏ သင်္ဘောကို မကြည့်ရှုပဲ မိမိသင်္ဘော လိုရာဆိပ်ကမ်းသို့ လျင်မြန်စွာ ဆိုက်ကပ်နိုင်မည့် နည်းလမ်းဖြင့် အားထုတ်ကြိုးပမ်းကာ သတိတရား လက်ကိုင်ထားပြီး မောင်းနှင်သကဲ့သို့ ဘုရားရှင်သား ရဟန်းတော်များသည် မိမိအားထုတ်ရမည့် ရဟန်းတရားတို့ကိုသာ အားထုတ်ကြိုးပမ်းပြီး ဝိဝါဒဘေးမသင့်ပဲ ကိုယ်စိတ် ၂-ဖြာ ချမ်းသာအောင် နှလုံးသားကာ နေထိုင်နိုင်ကြပေ၏။

လူဝတ်ကြောင် ဒါယကာတို့သည်ကား များသောအားဖြင့် ဘုရားရှင်ဟောကြားအပ်သော တရားတော်ကို မကြားနာ မသိမြင်ကြ၍ မိမိ၏ ကောင်းမှု မကောင်းမှု ပြု-မပြု အပြစ်ကို မကြည့်ရှုပဲ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု-မပြု အပြစ်ကိုသာ ကြည့်ရှုကြပေ၏။ ယင်းသို့ ကြည့်ရှုကြပြီး သူတပါးတို့အား ပြစ်မှားစိတ်ဆိုး အမျိုးမျိုး ကွဲရှဲရှုတ်ချကြလျက် များစွာသော မကောင်းမှုတို့ကို ပွါးစေကာ ရဟန်းတို့၏ ဝိဝါဒဘေး မိမိအပေါ် ကျရောက်လွှမ်းမိုးခံရပြီး ပျက်စီးကြရှာပေ၏။

အို ဒါယကာတို့ ထိကြောင်ပင် တိုက်တွန်းရပေ၏။ ယခုငါတို့ ဟောကြားပြဆိုအပ်သော ဘုရားရှင့် တရားတော်ကို

နှုတ်တက်အောင် လေ့ကျက်၍ အနက်အဓိပ္ပါယ်ကို ဆင်ခြင် သတိသံဝေဂ ဖြစ်စေကြပြီးလျှင် သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု-မပြုအပြစ်ကို မကြည့်ရှုမိရန် မိမိ၏ကောင်းမှု မကောင်းမှု ပြု-မပြု အပြစ်တို့ကိုသာ ကြည့်ရှုရန် ရဟန်းတို့၏ ဝိဝါဒဘေးဖြင့် မိမိအား ဘေးမသင့်စေပဲ ငြိမ်းအေးချမ်းသာ စေရန် အားထုတ်ကြကုန်လော့၊ သတိသမ္ပဇဉ်တရား ဆင်ခြင် ပွါးများကြကုန်လော့။

"ရဟန်းတို့ သည်းမခံခြင်း၏ အပြစ်တို့သည် ဤ ၅-မျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ-လူ အများ မနှစ်သက်၊ ရန်များ၏၊ အပြစ်များ၏၊ တွေ ဝေလျက်သေရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည် မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏"(အံ၊ ၂၊ ၂၂၂) ဟူ၍၎င်း–

"ရဟန်းတို့ အားတို့သည် ၈-မျိုးတို့တည်း။ အဘယ် ၈-မျိုးတို့နည်းဟူမူ-ရဟန်းတို့ ကလေးတို့သည် ငိုကြွေး မှု အားရှိကုန်၏၊ မိန်းမတို့သည် စိတ်ဆိုးမှု အားရှိ ကုန်၏၊ သူခိုးတို့သည် လက်နက်အားရှိကုန်၏။ မင်းတို့ သည် အစိုးရမှု အားရှိကုန်၏။ လူမိုက်တို့သည် ကဲ့ရဲ့မှု အားရှိကုန်၏။ ပညာရှိတို့သည် အကျိုး ဟုတ်-မဟုတ် ရှုမှု အားရှိကုန်၏။ အကြားအမြင် များသူတို့သည် ဆင်ခြင်သုံးသပ်မှု အားရှိကုန်၏။ ရဟန်း ပုဏ္ဏားတို့ သည် သည်းခံမှု အားရှိကုန်၏"(အံ၊၃၊၅၈) ဟူ၍၎င်း-

"အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူသည်သာ ထိုအမျက်ထွက်သော သူကို ပြန်၍အမျက်ထွက်ခြင်းကြောင့် ယုတ်မာ၏။ အမျက်မထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏" (သံ၊၁။၁၆၄) -

ဟူ၍ရင်း ဘုရားရှင် ဟောတော်မူအပ်သော အမျိုးမျိုးသော တရားတော်ကို ဘုရားရှင့် တပည့်သား ရဟန်းတော်များသည် အဖန်ဖန် နှလုံးသွင်းမှတ်သား ပြောကြားကြလျက် ဒေါနက် အဓိပ္ပါယ်ကို ဆင်ခြင်ကာ သည်းခံခြင်း၏ များမြတ်သော အကျိုးနှင့် သည်းမခံခြင်း၏ ကြီးမားသော အပြစ်တို့ကို အဖန်ဖန် ရှုနိုင်ကြပေသည်။ ဝိဝါဒဘေးကို အမှီပြု၍ နှုတ်လျှာ ကြမ်းတမ်း ရောပြွမ်းရှုပ်ထွေးသော စကားရှိသည့် ခိုက်ရန်ငြင်းခုံမှု ပြုတတ်သူ အခြားပုဂ္ဂိုလ်တို့၏ မှားယွင်း ဖောက်ပြန် မမှန်မကန် ပြောဆိုအပ်သော စကားအမျိုးမျိုးကို သည်းခံနိုင်ကြပေ၏။ နားမချမ်းသာစရာ ခက်ထန်ကြမ်းတမ်း သော စကားကို အမှီပြု၍ ပညာမဲ့သူ လူတို့ကဲ့သို့ မိမိကိုယ်ကို ယုတ်မာသူ မသူတော်အဖြစ်သို့ မရောက်စေကြပေ။

ကြံချောင်းသည် ဖြတ်တိုင်းဖြတ်တိုင်း မိမိကို သာယာ ချိုမြိန်စေသကဲ့သို့ရင်း, စန္ဒကူးသည် သွေးတိုင်း သွေးတိုင်း မိမိကို မွှေးကြိုင်စေသကဲ့သို့ရင်း, ရွှေသည် ကျိုချက်တိုင်း ကျို ချက်တိုင်း မိမိကို အရောင်အဆင်း ပြောင်ဝင်းစေသကဲ့သို့ ရင်း, ပတ္တမြားကျောက်သည် ပွတ်တိုင်း ပွတ်တိုင်း မိမိကို ထွန်းလင်း တောက်ပြောင် စေသကဲ့သို့ရင်း ထို့အတူပင်

ဘုရားရှင့် တပည့်သား ရဟန်းတော်များသည် မလိမ္မာသူ လူပျက်လူမိုက်တို့က မိမိကို ပြစ်မှားတိုင်း ပြစ်မှားတိုင်း မိမိ၏ သူတော်ကောင်းထက် သူတော်ကောင်း၊ ပညာရှိထက် ပညာရှိ အဖြစ်ကို ပေါ်လွင်အောင် ဖော်ပြ၍ အလွန် ကြည်ညိုဖွယ် ဂုဏ်ကို တိုးပွါးစေနိုင်ကြပေ၏။

အခြားသော သူတော်ကောင်း တို့၏ အုတ်အုတ် ကျက်ကျက် ဘခဲနက် ကောင်းချီးပြုသံကို ဖြစ်စေကာ ဘုရားရှင် သာသနာတော်၏ အံ့သြဖွယ်ကောင်းသည့်အဖြစ် အလွန် မြင့်မြတ်သည့် အဖြစ် သတ္တဝါတို့၏ စင်စစ် ကိုးကွယ်ရာ၏ အဖြစ် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်း အဖြစ်ကို အဆင့်ဆင့်ပြလျက် ဝိဝါဒဘေး လွှမ်းမိုး နှိပ်စက် ခံရသူ မိမိ သူတပါး သတ္တဝါအများ၏ အကျိုးစီးပွါး ချမ်းသာများအောင် ပြုစွမ်းနိုင်ကြပေ၏။

ဖော်ပြပြီး ရဟန်းတို့မှတပါး အခြားသော လူဒါယကာ တို့သည်ကား များသောအားဖြင့် ဆိုအပ်ခဲ့ပြီးသော တရားတော်မျိုးကို မကြားနာရ၍ ကြားနာရသော်လည်း အနက် အဓိပ္ပါယ်ကို ကောင်းစွာမသိကြ၍ အနည်းငယ်သိသော်လည်း ရာဂ ဒေါသ စသော ကိလေသာတို့ လွှမ်းမိုးနှိပ်စက်ခံရသဖြင့် တရားတော်နှင့် လျော်ညီစွာ နှလုံးမသွင်းနိုင်ကြ၍ သည်းခံခြင်း၏အကျိုး, သည်းမခံခြင်း၏ အပြစ်ကို မသိမြင်နိုင်ကြပဲ သူတပါးတို့က မိမိအပေါ် တင်ပြအပ်သော အပြစ်ကို အနည်းငယ်မျှ သည်းမခံနိုင်ကြပေ။ ထို့ကြောင့် စိတ်ဆိုးပြစ်မှား ဒေါမနဿပွါး၍ အခြား သူတော်ကောင်းတို့ကိုပင် ကဲ့ရဲ့ ရှုတ်ချ ဆဲရေးကြလျက် သာသနာတော်၏ အန္တရာယ်ကို

ပြုတတ်သည့် မပြောဆိုသင့်သော စကားတို့ကိုလည်း ပြောဆိုပြီးလျှင် သံသရာ၌ မိမိ၏ ကိုးကွယ်ရာကို ဖျက်ဆီးကာ ရဟန်းတို့၏ ဝိဝါဒါဝိကရုဏ်းကို အမှီပြုပြီး ပျက်စီးကြပေ၏။ အချင်းချင်း ဝေ့ခတ် ထိုးသတ်နေကြသော ကျွဲ ၂-ကောင်တို့ အလယ်၌ ရပ်တည်နေသည့် မိုက်မဲသော ကလေးသူငယ် ပိုးရွခြပုန်းတို့သည် ထို ကျွဲ ၂-ကောင် ဝေ့ခတ် နှင်းသတ်မှုကြောင့် သေကြေ ပျက်စီး ကြရသကဲ့သို့ ဖြစ်ပေ၏။

အို–ဒါယကာတို၊ ထို့ကြောင့်ပင် တိုက်တွန်းရပေ၏။ ယခု ငါတို့ ညွှန်ပြ မိန့်ဆိုအပ်သော ကိုးကွယ်ရာ မရှိသူတို့၏ ကိုးကွယ်ရာသခင် ဘုရားရှင် တရားတော်ကို နာယူမှတ်သား သဒ္ဓါပွါးကြလျက် မေ့သံဝေဂ ဖြစ်စေပြီး သည်းခံခြင်း၏ အကျိုး, သည်းမခံခြင်း၏ အပြစ်ကိုရှုကာ မိမိအပေါ် သူတပါးတို့က တင်အပ်သော အပြစ်ကို သည်းခံကြကုန်လော့၊ ရဟန်းတို့၏ ဝိဝါဒါဝိကရုဏ်းကြောင့် မိမိ မပျက်စီးစေရန် သတိ သမ္ပဇညတရား ပြုကျင့်ပွါးများကြကုန်လော့၊ အချင်းချင်း ထိုးဘာတ် ဝေ့ခတ် နှင်းသတ်မှုခံရ၍ သေကြေပျက်စီးကြသည့် မိုက်မဲသော ကလေးသူငယ် ပိုးရွခြပုန်းတို့ကဲ့သို့ မဖြစ်ကြစေကုန်လင့်။

> "ဤလောက၌ လူမိုက်တို့သည် ငါတို့ သေကြလိမ့်မည်ဟု မသိကြကုန်၊ ထို မသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် မပြေငြိမ်းနိုင်ကုန်၊ ဤလောက၌ ပညာရှိသူတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှု တို့သည် ပြေငြိမ်းကုန်၏"။ (ဓမ္မ။၁၄)

ဤသို့ဘုရားရှင် ဟောကြားတော်မူအပ်သောတရားတော်ကို ဘုရားရှင် တပည့်သား ရဟန်းတော်များသည် အဖန်ဖန် နာယူ မှတ်သား ဟောကြားကြလျက် အနက်အဓိပ္ပါယ်ကို သိမြင် ထိုတရားတော်နှင့် လျော်စွာ ဆင်ခြင်ကြပြီးလျှင် ငါတို့သည် ခိုက်ရန်ငြင်းခုံပြု၍ အချင်းချင်း (မိမိတို့ဖက်က) ရှုံးနိမ့်မှု မလိုလားကြပဲ မိမိတို့ဖက် အနိုင်ရ၍ တပါးသော အယူရှိသူ အခြားနိကာယဝင် ပုဂ္ဂိုလ်တို့ကို လွှမ်းမိုးအောင်မြင်နိုင်မည့် နည်းလမ်း ဥပါယ်ကိုသာ ရှာကြံ ပြောဆိုကြလျက် အခြားပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ ရှုတ်ချကြပြီး သေမင်းခံတွင်းသို့ ဝင်ကာ ဘေးများစွာ ရောပြွမ်း ကြောက်ခမန်းလိလိ (အဝီစိသော) ယမမင်းနိုင်ငံသို့ ဝင်စံဆိုက်ရောက် ရပေလိမ့်မည်။

(ဥပမာဆောင်ကား) ဟောအုပ်ကြီးအတွင်း ၂-ကောင်သော သားသမင်တို့သည် မိမိကို စားရန် လာနေကြသော ခြင်္သေ့ သစ် ကျားတို့ကို မမြင်ပဲ ကို ခြင်္သေ့ သစ်ကျားပို့ အနီးရှေ့မှောက်၌တည်ကာ အချင်းချင်း ကိုက်ခဲထိုးသတ်လျက်သာ နေကြ၍ ခြင်္သေ့ သစ်ကျား အစာများအဖြစ်သို့ ရောက်သွားကြသကဲ့သို့ရင်း၊ ကြွက် ၂-ကောင်တို့သည် တစုံတခုသော အာမိသကြောင့် အချင်းချင်း ကိုက်ခဲလျက်သာ နေကြသော ကြောင့် မိမိကို စားရန်လာသော ကြောင်၏ ခံတွင်းသို့ ဝင်ကြရသကဲ့သို့ရင်း ဖြစ်ပေ၏။ ထိုသို့ ဓမ္မသံဝေဂရရှိကြ၍ သာတိသမ္ပဇဉ် ဆင်ခြင်ပွါးများကြပြီး အချင်းချင်း ခိုက်ရန် ငြင်းခုံမှု ငြိမ်အေး ကင်းပျောက်စေရန် အလွန် လိုလားတော်သာကြလျက် အချင်းချင်းကို အကြောင်းပြု၍ ရှေးက

ဖြစ်ခဲ့ဘူးသော စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်းတို့ကိုလည်း ပယ်ခွါ ဖျောက်လွှင့်ကြပေ၏။ အချင်းချင်း မေတ္တာဖြင့်ဆက်စပ်ကာ ဝိဝါဒဘေးအလယ်တွင် နေကြရသော်လည်း ဝိဝါဒဘေး ကြောင့် မိမိ မပျက်စီးအောင် နေနိုင်ကြပေ၏။ မရဏာဿတိ ဘာဝနာဖြင့် ပွါးများ ထုံမွမ်းအပ်သော စိတ်ရှိသည့် ဤသို့ သော သူတော်မြတ်တို့ကို အဆိုပါ ဝိဝါဒဘေးတို့က ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ကြပေ။ တောအုပ်အတွင်း ရေကန် အလယ်၌ တည်နေသူ လူတို့ကို တောမီး မလောင်ကျွမ်းနိုင် သကဲ့သို့ ဖြစ်ပေ၏။

အဆိုပါ ရဟန်းတို့မှတပါး အခြားသော လူဒါယကာတို့ သည်ကား ပြဆိုခဲ့ပြီး တရားတော်ကို များသောအားဖြင့် မကြားနာရ၍ ကြားနာရသော်သည်း အနက် အဓိပ္ပါယ်ကို ကောင်းစွာ မသိကြ၍ အနည်းငယ် အနက် အဓိပ္ပါယ်ကို သိ သော်လည်း ထိုတရားတော်အတိုင်း မဆင်ခြင်နိုင်ကြ၍ တခါ တရံ ဆင်ခြင်နိုင်သော်လည်း မီးပုံကြီးအတွင်း ကျရောက်သည့် တလက်ဖက်မျှလောက်သော ရေကဲ့သို့ မိမိသန္တာန်တွင် မပြတ် လွှမ်းမိုးနေသည့် မှာဂစသော မီးပုံကြီးတို့အတွင်း တခါတရံမျှ ကျရောက် ဖြစ်ပေါ်လာသော ဤ မရဏာဿတိ ကမ္မဋ္ဌာန်းကို အလွန် လျင်မြန်စွာ ဖျက်ဆီးပယ်ဖျောက်၍ မိမိကို ငံ့လင့် စောင့်ဆိုင်းနေသည့် ဘေးခြင်းဘေးတို့ကို မရှုမြင် မဆင်ခြင် နိုင်ကြပေ။ ထို့ကြောင့် ရဟန်းတို့၏ ဝိဝါဒဘေးကို အမှီပြု၍ မိမိတို့ အချင်းချင်း စိတ်ဆိုးပြစ်မှားကာ ဖြစ်ပွါးစေအပ်သော အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသော မကောင်းမှုတို့ကို ပယ်ဖျောက်ရန် မစွမ်းနိုင်ကြပေ။ အသက်ထက်ဆုံး ရန်ငြိုး

ဖွဲ့ပြီး အချင်းချင်း ကွဲရှဲရှုတ်ချ ဆဲရေးကြလျက် အခြား နိကာယဝင် သူတော်စင် သီလဝန္တ ရဟန်းတို့ အပေါ်၌ပင် ပြစ်မှားစိတ်ဆိုးကြပြီး မိမိ၏ ကောင်းသော လားရာ သုဂတိ လမ်းကြောင်းကို ပိတ်ဆို့ မကောင်းသော လားရာ ဒုဂ္ဂတိ လမ်းကြောင်းကို ဖွင့်လှစ်နေကြပေ၏။ သူတော်စင် သတ္တဝါ အားလုံးတို့၏ စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် ဘုရားရှင့် သာသနာတော်ကို အမှီပြုကာ ကိုယ်တိုင် ပျက်စီးကြရှာ၏။ ပိုးရွတို့သည် ကောက်သုံးပါးကို ဖြစ်ပွါးစေ ပြည့်စုံစေတတ်၍ လူတို့၏ ကိုးကွယ်ရာကို ပြုတတ်သော သည်းထန်စွာ ရွာ သွန်းသည့် မိုးကြီးကို အမှီပြု၍ မိုးရေအတွင်း နစ်မြုပ်ကာ သေသေား ထိရောက်ကြရှာသကဲ့သို့ရင်း ပရွက်ဆိတ်တို့သည် လူတို့၏ချမ်းသာကို ပြုတတ်သည့် ချိုမြိန်လှသော တင်လဲရည် အတွင်း မကောင်းသော ကျရောက်ခြင်းဖြင့် ကျရောက်ကာ သေကြေ ပျက်စီးကြရှာသကဲ့သို့ရင်း ဖြစ်၏။

အို-ဒါယကာတို့ ထို့ကြောင့်ပင် ငါတိုက်တွန်းပေ၏။ သင်တို့သည် ဘုရားရှင့် သာသနာတော်ကို အမှီပြု၍ မိမိ ကိုယ်ကို မဖျက်ဆီးခြင်းငှါရင်း၊ အကျိုးမဲ့ မပျက်စီးခြင်းငှါ ရင်း သတိပြုကြကုန်လော့။ ကောက်သုံးမျိုးကို ဖြစ်ပွါးစေ တတ်၍ လူတို့၏ စင်စစ် အားထားမှီခိုရာကို ပြုတတ်သော အရည်ထန်သည်းသည့် မိုးကြီးကို အမှီပြု၍ရင်း၊ တင်လဲရည် ကို အမှီပြု၍ရင်း သေသေား ထိရောက်ကြသော ပိုးရွ, ခြပုန်း, ပရွက်ဆိတ်တို့ကဲ့သို့ မဖြစ်ကြ စေကုန်လင့်။ ဤသို့ သင်တို့ အား သနားခြင်းကို အစွဲပြု၍ ငါတို့ အဆုံးအမ ပေးပေ၏။

"သူတော်ကောင်းတို့သည် အကာယ်ပင် ငြင်းခုံကွဲပြားကြသော်လည်း တဖန် လျင်မြန်စွာ ဆက်ဆံ (မိတ်ဆွေဖြစ်)ကြကုန်၏။ မိုက်မဲသူ လူယုတ်တို့သည် မြေခွက်တို့ကဲ့သို့ ကွဲတတ်ကုန်၏။ ထိုမိုက်မဲသူ လူယုတ်တို့သည် ပြေငြိမ်းမှုကို မရရှိကြကုန်"။ (ဇာ၊၁၊၁၈၉)

ဤသို့ ဝိဝါဒနိဂ္ဂဟဇာတ် (ကသာပ-မန္ဒိယဇာတ်)၌ ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို ဘုရားရှင့် တပည့်သား သူတော်စင် ရဟန်းတော်များသည် အဖန်ဖန် နာယူ အနက်အဓိပ္ပါယ်ကို သိမြင်တော်မူကြ၍ ထိုတရားတော်နှင့်အညီ နှလုံးသွင်းဆင်ခြင်ကာ ဝိဝါဒအေးငြိမ်းကြောင့် အချင်းချင်း စိတ်ဆိုးပြစ်မှား အမှုအထင် ဖြစ်ပွါးကြသော်လည်း အချင်းချင်း လျင်မြန်စွာ တောင်းပန်၍ ဝိဝါဒအားအကြင်းမဲ့ မငြိမ်းအေးစေနိုင်သင့်ကစား ဝိဝါဒအေးကြောင့် မပျက်စီးဆောင် နေနိုင်ကြပေ၏။ မြေခွက်တို့သည် ပစ်တသာ ဆန့်ကျင်ဖက်အကြောင်းကြောင့် ပေါင်းနှမ်း ပွန်းပဲ့ကြသော်လည်း ပန်းထိမ်သည်တို့က ဆက်စပ် ပြုဆင်ပေးပါလျှင် လျင်မြန်လွယ်ကူစွာ ဆက်စပ်ကြသကဲ့သို့၊ အခြားသီတင်း သုံးဖော်တို့က တရားဟောပြ သတိရစေ၍ရင်း၊ မိမိအလိုလို သတိရကြ၍ရင်း သည်းခံခြင်း၏ အကျိုးနှင့် သည်းမခံခြင်း၏ အပြစ်တို့ကို ကောင်းစွာသိမြင် အဖန်ဖန် ဆင်ခြင်ကာ ပြန်လည် ဆက်စပ်ကြပေ၏။ တောအုပ်ကြီးအတွင်း တောမီး လောင်လာသော အခါ အတောင်ပံကောင်းသော ကျီး, သိန်း, လင်းတ စသည်

တို့သည် မိမိတို့အသိုက်မှ ထွက်၍ အလိုရှိသည့် ဘေးကင်းရာ အရပ်သို့ ပျံသွားကာ မီးဘေး မသင့်ရောက်အောင် စွမ်းဆောင်နိုင်ကြသကဲ့သို့ ဖြစ်၏။

ရဟန်းမှ တပါးသော လူဒါယကာတို့သည်ကား ပြဆိုခဲ့သောတရားတော်များကို များသောအားဖြင့် မကြားနာကြရ၍ ကြားနာရသော်လည်း အနက်အဓိပ္ပါယ်ကို မသိမြင်ကြ၍ သိမြင်သော်လည်း ထိုတရားတော်အတိုင်း ပြုကျင့်ခြင်းငှါ မစွမ်းနိုင်ကြ၍ ဝိပါဒဘေးကြောင့် အချင်းချင်း ညှဉ်းဆဲ ချုပ်ချယ်ကာ ဖြစ်ပွါးလာသော စိတ်ဆိုးခြင်း ရန်ငြိုးဖွဲ့ခြင်း စသည်တို့ကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်ကြပေ။ တကြိမ်ကွဲပြီးသော မြေအိုးသည် တဖန် ပကတိအတိုင်း ဖြစ်အောင် ပြုခြင်းငှါ မစွမ်းနိုင်သကဲ့သို့ သူတော်ကောင်းတို့က သွန်သင် ဆုံးမပါသော်လည်း သတိမရနိုင်ကြပေ။ ရန်ကို မစွန့်လွှတ်ပဲ အခါခပ်သိမ်း ရန်ငြိုးဖွဲ့ကာ ရှေးကကဲ့သို့ အချင်းချင်း ချစ်မိတ်ဆွေများအဖြစ် ပြုခြင်းငှါ မစွမ်းနိုင်ကြပေ။ တဦးအပေါ်တဦး ရန်ငြိုးဖွဲ့ကြောင်း မကောင်းသော စိတ်တို့ဖြင့် သေဘေးနှိပ်စက်ခံရပြီး ရဟန်းတို့၏ ဝိပါဒဘေးကြောင့် အပါယ်သို့ လားရောက်ကာ အကျိုးမဲ့ပျက်စီးကြရရှာ၏။ တောအုပ်၌ တောမီးလောင်သောအခါ ထိုထိုခြုံကြား မြက်ဖုတ်ကြား၌ နေကြသော အတောင်ပံ မရှိသည့် ပိုးရွ ခြပုန်း ပရွက်ဆိတ်စသည်တို့သည် မီးပုံကြီးအလယ် သေကြေပျက်စီး ကြရှာသကဲ့သို့ ဖြစ်၏။

အို ဒါယကာတို့ ထို့ကြောင့်ပင် ငါတိုက်တွန်းပေ၏။ သင်တို့သည် ယခုငါတို့ ပြဆိုခဲ့ပြီးသော ဘုရားရှင့်တရားတော်

ကို ကောင်းစွာနားကြား စဉ်းစား သိမြင်ကြပြီးလျှင် ရှေးက ဝိဝါဒ မဘားကြောင့် အချင်းချင်းစိတ်ဆိုးကာ ဖြစ်ပေါ်လာသော မိမိ သူတပါး ၂-ဦးသားတို့၏ အကျိုးမဲ့ကို ပြုတတ်သည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော ကိလေသာ အညစ်အကြေးတို့ကို ပယ်ဖျောက်ရန် မှတ်လှင့်ရန် အားထုတ်ကြကုန်လော့။ သတိ သမ္ပဇဉ်ညာတရား ဖြစ်ပွါးစေကြကုန်လော့။ ဘုရားရှင်၏ သူတော်စင် ဥပါသကာ တပည့်သားတော်ဖြစ်သော သင်တို့သည် ကျွမ်းကျင်လိမ္မာသော ပန်းထိမ်ဆရာက ကောင်းစွာ ဆက်စပ်ပေးအပ်သော ရွှေခွက်ကဲ့သို့ဖြစ်ကြကုန်လော့။ အချင်းချင်း အလွန်ကြာမြင့်စွာသော ကာလက ရန်ငြိုးဖွဲ့ခဲ့ကြပြီး ပန်းထိမ် (ပန်းရံ) ဆရာက မကောင်းသဖြင့် ဆက်စပ်ပေးအပ်သော မြေခွက် အကွဲ အပဲ့တို့ကဲ့သို့ မဖြစ်ကြစေကုန်လင့်။

ဇမ္ဗူရာဇ်ရွှေသည် သိင်္ဂနိက်ရွှေနှင့် ကောင်းစွာဆက်စပ်သကဲ့သို့ ဘုရားရှင်၏ တပည့်သားဝက ဥပါသကာများဖြစ်ကြသော သင်တို့သည် ဘုရားရှင်၏ တပည့်သားဝက ဥပါသကာများဖြစ်သော အခြား နိကာယဝင် ပုဂ္ဂိုလ်တို့နှင့် အချင်းချင်း ကောင်းစွာ ဆက်စပ်ကြကုန်လော့။

သင်တို့အပေါ်၌ သနားခြင်းကိုစွဲ၍ အဖန်ဖန် အဆုံးအမပေးသော အမြားကျွန်းဖွား ဇမ္ဗူဒိပ်သား ဖြစ်သည့် ငါတို့ကဲ့သို့သော ထေရ်ကြီး ထေရ်ငယ်တို့ကိုလည်း၊ သင်တို့အား အဖန်ဖန် အဆုံးအမပေးနေသည့် သင်တို့ဆရာ သီရိလင်္ကာနေ ထေရ်ကြီး ထေရ်ငယ်တို့ကိုလည်း အလေးဂရုပြုကြပြီးလျှင် မိမိတို့ကို ငဲ့လင့်စောင့်ဆိုင်းနေသော သေးသေး အပါယ်ဘေး

ကို အဖန်ဖန်အောက်မေ့လျက် ထိုဘေးမှ လွတ်မြောက်အောင် သတိပြုကြကုန်လော့။

အို- ဒါယကာတို့ သင်တို့သည် ယခုကပင် အချင်းချင်း တောင်းပန် (သည်းခံစေ) ပြီး မေတ္တာစိတ်ကိုဖြန့်၍ ဤမှ နောက်၌ သင်တို့ အားလုံး တပေါင်းတည်းဖြစ်ကြကုန်လော့။ ဆန္ဒတူမျှ ညီညွတ်ကြလျက် ရဟန်းသံဃာကို ရှိခိုးကြပြီး အခြား နိကာယဝင် ထေရ်ကြီး ထေရ်ငယ်တို့အပေါ် အထူး တောင်းပန်ကြကုန်လော့။ မိမိ၌ လောင်ကျွမ်း နေသော မီးလျှံကို အလွန် လျင်မြန်စွာ ငြိမ်းသတ်ကြ ကုန်လော့။ ဤသို့ ငြိမ်းသတ်ကြလျှင် သင်ဒါယကာတို့သည် ရှေးအခါက ပုထုဇဉ်အဖြစ်ဟူသော မိုက်မဲတွေဝေသည့်အလျောက် ထေရနဝ မဇ္ဈိမရဟန်းတို့အပေါ်၌ စိတ်ဆိုးပြစ်မှားကာ ဖြစ်ပွါးခဲ့သော အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း စသော အကုသိုလ်တရားတို့ အကျိုးပေးခွင့် မရကြစေကုန်လင့်။ ယခုအခါ သတိသံဝေဂ ရရှိပွါးကြလျက် မိမိပြစ်မှားမိခဲ့သော ရဟန်းတို့အား တောင်းပန်ခြင်း ရှိခိုးခြင်း ရိုသေလေးမြတ်တုပ်ဝပ်ခြင်း နှိမ့်ချခြင်း မထောင်လွှားခြင်း အစွမ်းဖြင့် ဖြစ်သော ကုသိုလ်တရားတို့ အကျိုးပေးခွင့် ရကြစေကုန်လော့။ အပါယ် တံခါးကို ကောင်းစွာ ပိတ်ထားပြီး နတ်ရွာသုဂတိ တံခါးကို ဖွင့်လှစ်ကာ အခါခပ်သိမ်း ဝမ်းမြောက်ဝမ်းသာ အချင်းချင်းအား ဒေါသမထား မေတ္တာတရားဖြင့် ဖွဲ့နှောင်ကြလျက် ထေရနဝ မဇ္ဈိမရဟန်းတို့အပေါ် ရိုသေ တုပ်ဝပ်ခြင်းစသော များစွာသော ကောင်းမှုတို့ကို ဖြစ်ပွါးစေကြကုန်လော့၊ ယင်းသို့ ပွါးများအားထုတ်ပြီးလျှင် ဘုရားရှင့် သာသနာတော်ကို အမှီ

ပြု၍ အလွန်လျင်မြန်စွာ အမတာကြွင်းနိဗ္ဗာန်နန်းသို့ ဝင်ရောက် စံမြန်းကြရပေလိမ့်မည်။ ဤသို့ သင်ဒါယကာတို့အား သနားခြင်းကို အစွဲပြု၍ ငါတို့ အဆုံးအမ ပေးခဲ့ပေ၏။

ဤသည်ကား ဇမ္ဗူဒိပ်ကျွန်းမှလာသော အရှင်ဇာဂရ ထေရ်က အခါခပ်သိမ်း ခိုက်ရန်ငြင်းခုံ ဖြစ်ပွါးနေသည့် သီရိလင်္ကာကျွန်းသား ၂-ဖက် နိကာယဝင် ဒါယကာတို့အား ဝိဝါဒဘေး ငြိမ်းအေးခြင်းငှါ ပေးသနားအပ်သည့် ချိုမြိန်သာယာသော အဆုံးအမ စကားရပ်တည်း။

ဤစကားအစဉ်ဖြင့် အရှင်ဇာဂရထေရ်၏ ပုံစီရင်အပ်သည့် သီရိလင်္ကာ သာသနာနှင့်စပ်သော စကား အကြောင်းမဲ့ ပြီးဆုံးခြင်းသို့ ရောက်ပြီ။

နောက်ထပ်ပို့အပ်သော သန္ဒေသကထာ ဤတွင်ရွှေပြီး၏။

## စွယ်တော်ဓာတ်ကို ပူဇော်ရန် ပန်ကြားလွှာ

# သန္ဒေသ ကထာ

ဤသန္ဒေသကထာကို အဘယ်ပုဂ္ဂိုလ် ပြုစီရင်သနည်းဟူ မူ

အရှင်ဇာဂရထေရ်သည် ဘုရားရှင် သာသနာတော် ၂၄၂၂-နှစ် တပို့တွဲလသို့ ရောက်သောအခါ သီရိလင်္ကာသို့ ကြွ၍ ဂါလုမြို့သို့ ဆိုက်ရောက်ပါသည်။ ထိုဂါလုမြို့မှ စ၍ သေခဏ္ဍသေလ မြို့တိုင်အောင် ( မိမိသံ ) လာတိုင်း လာတိုင်းသော ရဟန်းရှင်လူတို့ကို ထိုက်သည်အားလျော်စွာ တရားဓမ္မဟောပြော ဆုံးမပြီး ဖြေးဖြေးသက်သာ ကြွလျက် အစဉ်အားဖြင့် စွယ်တော်ဓာတ်ကိန်းဝပ်ရာ (ဌာပနာရာ) သေခဏ္ဍသေလမြို့သို့ ရောက်ပါသည်။ ထိုမြို့ဝယ် အထက်အထက်၌ သင်တိုင်း စွပ်ထားသည့် ရွှေစေတီဟူသော ရွှေကြုတ် ၇-ဆူတို့ဖြင့် လုံခြုံအောင် ဌာပနာထားသည့် စဉ်းငယ် နီသောအဆင်း ဖြူသောအဆင်း ရွှေအဆင်းဟူသော အဆင်း ၃-မျိုးတို့ဖြင့် တင့်တယ်သပ္ပါယ်၍ ကြည်ညိုဖွယ် အံ့သြဖွယ်ကောင်းသည့် ထိုစွယ်တော်ဓာတ်ကို ပူဇော်လို၍ စွယ်တော်ဓာတ် ကိန်းဝပ်ရာ ဓာတ်တော်တိုက်၌ စောင့်ရှောက်နေသော မဟာထေရ် ၂-ပါး၊ ပဓာနအမတ် တယောက်အားဖြင့် ၃-ယောက်သော ပုဂ္ဂိုလ်တို့အား စွယ်တော် ဓာတ်ကို ပူဇော်ရန် ပန်ကြားပါသည်။ အဆိုပါ ပုဂ္ဂိုလ် ၃-ယောက်တို့သည် အချင်းချင်း ဆွေးနွေးတိုင်ပင်ကြ၍

အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ပြုဆိုခဲ့ပြီး ရွှေကြုတ်မှ ဖွင့်ထုတ်ပင့်ဆောင်၍ ကောင်းစွာပူဇော်အပ်သော စွယ်တော်ဓာတ်ကို အဖိုးများစွာထိုက်၍ အလွန်ကောင်းမြတ်သော တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ရှိသည့် ထီးဖြူတော် ၈-လက်၊ မျက်နှာကြက်တော်ကြီး ၆-ခု၊ တံခွန် ကုက္ကား များစွာတို့ဖြင့် တန်းဆာဆင်အပ်သော ဆန် ၁ဝ-တင်းချက်ဆမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ခင်းကျင်းစီမံအပ်သည့် ဆွမ်းတော်ကြီး အလှူကို ပြုလုပ်ကာ အာရုမက များစွာသော ဆီမီး၊ ဆီမီးတိုင် (ဖယောင်းတိုင်) ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ များစွာသော ကောင်းမှုတို့ကို ပွါးစေခဲ့ပါပြီ။ ထို သေဓဏ္ဏသေလမြို့မှ ပြန်ကြွ၍ လမ်းခရီးအကြား ထိုထို မြို့ရွာ နိဂုံး ထိုထိုအရပ်တို့၌ လာလာသမျှသော ရဟန်း ရှင်လူတို့ကို သင့်လျော်သော တရားဓမ္မ ဟောပြဆုံးမပြီး ဖြေးဖြေးသက်သာ ကြွသွားကာ အစဉ်အတိုင်း ဝါလုကာတိတ္ထရွာသို့ ရောက်ပါသည်။ ထိုရွာ အနီး ရာဇပက္ခအမတ် စိုက်ပျိုး တည်ထောင်ထားသော အနှိုးတောဖြင့် နှလုံးမွေ့လျော်ဖွယ် အလွန်သင်တယ်သော တောင်၌ ထိုရာဇပက္ခအမတ် ဆောက်လုပ်အပ်သော ကျောင်းဝယ် ဝါကပ်လျက် လာလာသမျှ ရဟန်းရှင်လူတို့ကို သင့်လျော်သော တရားဓမ္မ ဟောပြဆုံးမ၍ သီရိလင်္ကာကျွန်းသား နှင့် ဇမ္ဗူဒိပ်ကျွန်းသား မိမိတပည့်ရဟန်းတို့ကို ကျမ်းဂန်ပို့ချပါသည်။ အသီးသီး ကွဲပြားသော နိကာယဝင် သီရိလင်္ကာကျွန်းသား ရဟန်းတော်များ ညီညွတ်ခြင်းငှါလည်း သီရိလင်္ကာ သာသနာ ကောင်းစွာထွန်းလင်း တောက်ပစေခြင်းငှါလည်း အားထုတ်ခဲ့ပါပြီ။ ထို အရှင်ဇာဂရထေရ်သည် ဤပန်ကြားလွှာ သန္ဒေသကထာကို ပြုစီရင်ခဲ့ပြီဟု မှတ်ရပါမည်။

## ပန်ကြားပုံ

"စွယ်တော်ခါတ်ကို ပူဇော်ရန် ပန်ကြား၍" ဟူသော ဆိုခဲ့ပြီး စကားရပ်၌ ဤဆိုလတ္တံ့သည်ကား ပန်ကြားပုံ အခြင်း အရာတည်း။

> ဤသိရိလင်္ကာ၌ (နေကြ၍) အလွန်ထူးကဲမြင့်မြတ်သည့် ကောင်းမှုရှင်မြဲကြသော ဘုရားရှင့်စွယ်တော်ဓာတ်ကို ကောင်းစွာ စောင့်ရှောက်နေကြသည့် ပဓာနအမတ်၊ မဟာဒထေရ် ၂-ပါး၊ ဤပုဂ္ဂိုလ် ၃-ဦးတို့အား အကျွန်ုပ် (ငါမထေရ်)၏ ကြီးမြတ်သော အမှာကိုစကားကို ယခု ပြောကြား သိစေပါသည်။ စွယ်တော်ဓာတ် ဆောင်ကြပ်နေကြသော ကောင်းမှုရှင် သိရီလင်္ကာကျွန်းသား အရှင်မြတ်တို့ဘုရာ ။

အရှင်မြတ်တို့အား လျှောက်ထားသိစေပါသည်၊ ဇမ္ဗူဒိပ်ကျွန်း (မြန်မာပြည်)၌ "ရွှေကျင်းဆရာတော်"ဟူ၍ မွေ့ရပ်နာမည်မှင့် ကျော်စောထင်ရှားပြီး "ဇာဂရ"ဟူ၍ ဆရာမြတ်တို့ မှည့်ခေါ်အပ်သော အမည်ရှိသည့် ဘုရားတပည့်တော်သည် ရှေးအခါက မြန်မာနိုင်ငံ ရတနာပုံ၏ နေပြည်တော်အနီး မန္တလေးတောင်၌ တောင်ဂူအတွင်း မင်းဆရာဖြစ်၍ တပည့်တပန်း များစွာတို့အား တရားဓမ္မ ဟောပြဆုံးမပြီး အစွမ်းသတ္တိရှိသမျှဂိုဏ်းသံဃာအားစာပေပို့ချကာ နေထိုင်ခဲ့ပါသည်။

ထိုသို့နေပြီးနောက် ရတနာပုံ နေပြည်တော်၌ မြို့ရွာနေဂါမဝါသီအဖြစ်မှ ငြီးငွေ့ရှိရှာ ရက်နိုးလှုပါ၍ ဂါမဝါသီအဖြစ်ကို စွန့်ပယ်ကာ မင်းနေပြည်တော်မှ အလွန်ဝေးသော

တယူဇနာ ၂-ယူဇနာရှိသော တောအရပ်၌ တောနေ'အရညဝါသီ'အဖြစ်ဖြင့် ၂-နှစ်မျှ အချိန်ကို ကုန်လွန်စေခဲ့ပါသည်။ ယခုအခါ ရတနာပုံမင်းနေပြည်တော်မှ ၁၇-ယူဇနာဝေးကွာသည့် အရပ်၌ "မင်းလှ"အမည်ရှိ ဆွမ်းခံရွာ (ဂေါစရဂါမ်) အနီး "နွားလံတောင်"အမည်ရှိ တောင်၌ "မဥ္ဇူသက" မည်သော ကျောင်းဝယ် ၂-ပါး ၃-ပါး (ရံခါ)ယှဉ်ထက် များသော တပည့်တို့နှင့်အတူ နေထိုင်လျက် ၂-နှစ်တာမျှ အချိန်ကုန်စေခဲ့ပါသည်။

ရတနာပုံ မင်းနေပြည်တော်၌ ဂါမဝါသီအဖြစ် စွန့်ပယ်၍ အရညဝါသီအဖြစ်ဖြင့် နေထိုင်ခဲ့သည်မှပြီး ဤသီရိလင်္ကာရှိ ဘုရားရှင် စွယ်တော်ခေါ်ကို ပူဇော်ရန်တောင့်တလျက် အဖန်ဖန် ကြံစည်စဉ်းစားကာ ဤသီရိလင်္ကာသို့လာရန် ကြိုးစားအားထုတ်ပါသည်။ သို့ပါသော်လည်း အကြောင်းချင့်မှုရှိ၍ အလိုဆန္ဒမပြည့်ဝပဲ ၄-နှစ်တာမျှအချိန်ကို လွန်မြောက်ခဲ့ရပါသည်။

ဤသို့ စွယ်တော်ခေါ်ကို ပူဇော်ရန် အကြောင်းရှာကြံပါသော်လည်း အခွင့်မရနိုင်၍ စွယ်တော်ခေါ်ကို အဖန်ဖန် အောက်မေ့(မှန်းဆ) တမ်းတလျက် တရံဘာခါ အချို့နေရာ၌ မျက်ရည်များပင် ယိုထွက်ခဲ့ပါသည်။ ဤသို့ စွယ်တော်ခေါ်ကို အလွန်ကြည်ညိုသော ဘုရားတပည့်တော်သည် "အဘယ်အခါ ဘုရားရှင်၏ စွယ်တော်ခေါ်ကို ကိုယ်တိုင်ဖူးမြင်ရပါမည်နည်း" ကြံစည်စဉ်းစားလျက် အကြောင်းရှာကာ တခါတရံမျှ (မသွားတော့ပါဘူးဟု) ဝန်မချပဲ

အကြောင်း ချီတဲ့မှုကြောင့်သာ ဤမျှလောက် ရှည်ကြာ လေးမြင့် အချိန်ဖင့်ခဲ့ရခြင်းဖြစ်ပါသည်။

ယခုအခါ တပည့်တော်သည် အထူး အားကောင်းသော လုံ့လဖြင့် စွယ်တော်ခေတ်ကို ပူဇော်ရန် အားထုတ်လျက် မဆုတ်မနစ် ကြံစည်စိတ်ကူးပြီး မင်းတရားထံ အဖန်ဖန် ပြောကြားပါသော်လည်း ဤသီရိလင်္ကာသို့ မသွားစေလို၍ စိုးရိမ်ကြောင့်ကြဖြစ်နေသည့် မင်းတရားကြီးကို နောက်ထပ် မပြောကြားတော့ပါ။ တပည့်တော် ဤသီရိလင်္ကာသို့ လာခြင်းကြောင့် (၁) အထူး စိုးရိမ်ကြောင့်ကြရှိ၍ မျက်ရည် စက်လက် ထွက်စေကာ အဖန်ဖန်တားမြစ်ကြသော ဆွေမျိုး သားချင်း အလုပ်အကျွေး ဒါယကာတို့နှင့် များစွာသော တပည့်တပန်း ရဟန်းငယ် ယောရင်ငယ် ထေရ်ကြီးတို့ကို အသိ မပေးပဲ ညဥ့်အချိန်မှာပင် ထိုတောကျောင်းမှ ထွက်လာပြီး လမ်းခရီးအကြား ဟံသာဝတီ (ရန်ကုန်)မြို့၌ ၁၅-ရက်မျှ နားနေပါသည်။

သွားရန်ကိစ္စအတွက် ထိုဟံသာဝတီမြို့မှ ဖိတ်မန်ကြသော ပဝါရိတ ကပ္ပိယကာရကတို့ကို စီမံ၍ အလိုရှိအပ်သော အကြောင်းကို ပြည့်စုံစေလျက် မီးသင်္ဘောကို တက်စီးပြီး မိမိကိုယ်၌ အမြဲနာကျင်နေသည့် (လေနာ) ရောဂါကို မရေတွက်မူ၍ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြမ်းတမ်းသော ငါးမိချောင်း စသည့် သားတို့ဖြင့် ရောပြွမ်းနေသော လှိုင်းကြီး ဝဲကြီးများ ရှိ၍ ကြောက်မက်ဖွယ်ကောင်းသည့် သမုဒ္ဒရာ (ပင်လယ်)ကြီးကို ကူးခဲ့ပါသည်။ ယင်းသို့ ကူးနေစဉ် မိစ္ဆာဒိဋ္ဌိ လူမျိုးစသော များစွာသော သင်္ဘောသား ခရီးသွားတို့ဖြင့်

အလွန်ကျဉ်းကျပ်မှု ဆင်းရဲဒုက္ခ နှိပ်စက်ခံရ၍ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမြဲဖြစ်ကာ သမုဒ္ဒရာအလယ်၌ တဖက်ကမ်းကို မမြင်ရပဲ ရက်ပေါင်း ၂၀-ပတ်လုံး နေ့စဉ်မပြတ် ကူးခပ် နေပါသည်။ သင်္ဘောပေါ်သို့ တက်ချိန်မှစ၍ ၂၅-ရက်မြောက် သော နေ့ကျမှ နောက်ပါ ရဟန်း ၄-ပါး ကပ္ပိယကာရက ၅-ယောက်တို့နှင့် အတူ အရှင်ဘုရားတို့ သီရိလင်္ကာကျွန်း ဂါလုမြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။

ဆိုက်ရောက်ပြီးနောက် ထိုဂါလုမြို့ တခုသော ဥယျာဉ်ခြံ၌ ၇-ရက်မျှ နားနေ၍ ခရီးပန်းမှုကြောင့်ဖြစ်သည့် ဆင်းရဲ ပင်ပန်းမှုနှင့် (ဝေဒနာ) ရောဂါကို အတန်ငယ် ငြိမ်းအေး (သက်သာ) စေခဲ့ပါသည်။ ထို့နောက် လျင်မြန်စွာ အရှင် ဘုရားတို့၏ သေခဏ္ဍသေလမြို့၌ ကောင်းစွာ ဌာပနာထား အပ်သော စွယ်တော်မြတ်ကို ပူဇော်ရန် လာလိုပါသော် လည်း လမ်းခရီးအကြား ထိုထိုမြို့ရွာတို့၌ နေကြသည့် သီရိ- လင်္ကာကျွန်းသား တရားနာလို ဩဝါဒခံလိုသော လူ ရှင် ရဟန်းတို့က အဖန်ဖန် တားမြစ်တောင်းပန်ကြ၍ ထိုပုဂ္ဂိုလ် တို့အား သနားကြင်နာမှုကြောင့်၎င်း, သာသနာတော် ထွန်း လင်း စေလိုသောကြောင့်၎င်း အစွမ်းသတ္တိရှိသမျှ တရားဓမ္မ ဟောပြဆုံးမပြီး ဖြေးဖြေးသက်သာ လာ၍ ကောလမ္ဗ (ကိုလမ္ဘို) မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။

အရှင်ဘုရားတို့၏ သေခဏ္ဍသေလမြို့၌ အရှင်ဘုရားတို့ စောင့်ရှောက်ကိုးကွယ်ထားသော ဘုရားရှင့်စွယ်တော်မြတ်ကို ပူဇော်ရန် ထိုစွယ်တော်မြတ်နှင့် ထိုက်တန်သော ဆန်းကြယ်၍ အဖိုးများစွာ ထိုက်တန်သည့် အမျိုးမျိုးသော ထီး တံခွန်

ကုက္ကားအစရှိသည့် များစွာသော ပူဇော်ဖွယ်ဝတ္ထုတို့ကို ဖိတ်မန်ထားသူ 'ပဝါရိတ' ဒါယကာတို့အား စီမံဆောင်ရွက်စေ၍ ထို ကောသမ္ဗမြို့မှာပင် တယောက်သော ဥပါသကာအမတ်၏ ဆိတ်ငြိမ်၍ မွေ့လျော်ဖွယ်ကောင်းသည့် ဥယျာဉ်ခြံ၌ လာလာသမျှ လူအများတို့အား သနားကြင်နာမှုကို အစွဲပြု၍ တရားဓမ္မ ဟောပြဆုံးမကာ ၇-ရက် ၈-ရက်မျှ ကြာခဲ့ပါသည်။ ထိုကောသမ္ဗမြို့မှ ထွက်၍ မီးရထားဖြင့် လာခဲ့ရာ ယခု အရှင်ဘုရားတို့ သီတင်းသုံးနေထိုင်ရာ သေခဏ္ဍာလမြို့သို့ ရောက်ခဲ့ပါသည်။

စွယ်တော်ဓာတ် စောင့်ကြပ်တော်မူကြသော အရှင်မြတ်တို့ဘုရား၊ တပည့်တော်၏စကားကို နားဆင်တော်မူကြပါကုန်။ ဇမ္ဗူဒိပ်ကျွန်း သီရိလင်္ကာကျွန်းတို့၌ နေထိုင်ကြသည့် အချို့သောလူတို့ အသက်ထက်ဆုံး တကြိမ်တခါမျှ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပူဇော်ရန် ရနိုင်ခဲသော ဘုရားရှင့်စွယ်တော်ဓာတ်ကို အရှင်မြတ်တို့သည် နေ့စဉ်နေ့တိုင်း အမျိုးမျိုးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ခြင်းငှါရင်း၊ ကြိမ်ဖန်များစွာ ကိုယ်တိုင်ဖူးမြင်ပြီး ပင့်ဆောင်၍ ဦးခေါင်းထက်၌ တည်စေကာ ရှိခိုးခြင်းငှါရင်း အခွင့်ရကြပါသည်။ ထို့ကြောင့် စွယ်တော်ဓာတ်ကို စောင့်ကြပ်တော်မူကြသည့် အရှင်မြတ်တို့သည် အထူး ဘုန်းကံကြီးမားတော်မူကြပါပေသည်။

တပည့်တော်တို့သည်ကား စွယ်တော်ဓာတ် စောင့်ကြပ်နေကြသည့် ဘုန်းကံကြီးမားသော အရှင်ဘုရားတို့ ကြိမ်ဖန်များစွာ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး ဦးခေါင်းထက်၌ ထားကာ ရှိခိုးပူဇော်အပ်သော စွယ်တော်ဓာတ်ကို အရှင်

ဘုရားတို့ကဲ့သို့ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး ဦးခေါင်း ထက်၌ ထားကာ ရှိခိုးပူဇော်ခြင်းငှါ ယနေ့တိုင်အောင် တကြိမ်တခါမျှ အခွင့်မရကြသေးပါ။ ထို့ကြောင့် ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် ဘုန်းကံနည်းပါးကြပါသည်ဘုရား။

ထို့ကြောင့် ၂ ရက် ၃ ရက်မျှ ဘုရားရှင့်စွယ်တော်ဓာတ်ကို ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး လက်ဖဝါးအပြင်၌ရင်း, ဦးခေါင်းထက်၌ရင်း တည်စေကာ နံ့သာရေတို့ဖြင့် သွန်း လောင်းသပ္ပါယ်၍ ဆန်းကြယ်လှသည့် ထီးဖြူဗိတာန် တံခွန် ကုက္ကား စသည်တို့ဖြင့်ရင်း ကောင်းစွာ စီမံပြုလုပ်ထားသဖြင့် အလွန်နှစ်သက် မြတ်နိုးဖွယ်ကောင်းသည့် မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်ရင်း ပူဇော်ခွင့်ကိုရခြင်းငှါ စွယ် တော်ဓာတ် စောင့်ကြပ်တော်မူကြသည့်ဘုန်းကံကြီးမားသော အရှင်ဘုရားတို့အား တပည့်တော်များ ရိုသေစွာ ပန်ကြား လျှောက်ထားပါသည်ဘုရား။

ဘုရားတပည့်တော် ရိုသေစွာ ပန်ကြားလျှောက်ထားပါ သည် အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ ဆရာသခင် ဘုရားရှင်၏ အလွန်အံ့ဩဖွယ်ကောင်းသည့် များစွာသော ဂုဏ်တို့ကို ဆောင်သော အလိုရှိအပ် ကောင်းမြတ်သော အကျိုးကို ပေးတော်မူတတ်သည့် စွယ်တော် ဓာတ်သည် ရောင်ခြည်အထောင် ထွန်းလင်းပြောင်သည့် နေဝိမာန်မှ နေနတ်သားကဲ့သို့ရင်း၊ လဝိမာန်မှ လနတ်သားကဲ့သို့ရင်း ရွှေငွေ စသည့် များစွာသော အဖိုးတန်ရတနာ အမျိုးမျိုး တို့ဖြင့် ဆန်းကြယ်ထွန်းလင်း ပြောင်ဝင်းနေပါသည်။ ထို

စွယ်တော်ဓာတ်သည် များစွာသော လူတို့၏နှစ်သက်ခြင်းကို ဖြစ်စေနိုင်သည့် အလွန် ကောင်းမြတ်သော ဓာတ်တော် ကြုတ်မှ တမဟုတ်(တခဏ)မျှ ကြွတော်မူ၍ သက်တော် ထင်ရှား မြတ်ဘုရားကဲ့သို့ ပြုသော ရောင်ခြည်တော်တို့ကို ဝန်းကျင်ပတ်လည် လွှတ်တော်မူကာ အတန်ငယ် ဒေသစာရီ ကြွချီတော်မူလျက် တပည့်တော်တို့၏ ထိပ်အက်၌ ကိန်းဝပ် တည်နေ စံပယ်တော်မူစေလိုပါသည်။ ထို့နောက် နံ့သာရေ တို့ဖြင့် သွန်းဖျန်းသပ္ပါယ်ကာ သဗ္ဗညုဘုရားရှင်၏ စံပယ် ခြင်းဖြင့် စံပယ်တော်မူ၍ ပရိသတ်အလယ်၌ ပြုသော ရောင် ခြည်တော်ဖြင့် တင့်တယ်တော်မူကာ များစွာသော လူတို့ကို အုတ်အုတ်ကျက်ကျက် တခဲနက် ကောင်းချီး ပြုစေလျက် အကြည်ညိုခံတော်မူစေလိုပါသည်။ ယင်းသို့ အကြည်ညိုခံ တော်မူအောင် စွယ်တော်ဓာတ် စောင့်ကြပ်တော်မူကြသော ဘုန်းကံကြီးမားသူ အရှင်မြတ်တို့က ဘုန်းကံနည်းပါးသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များအား သနားသော အားဖြင့် ပြုလုပ်စီမံတော်မူကြပါကုန်။

အရှင်မြတ်တို့အား တပည့်တော် ပန်ကြားလျှောက်ထား ခဲ့သည့်အတိုင်း ဘုန်းကံနည်းပါးသူ ဇမ္ဗူဒိပ်ကျွန်းသား တပည့် တော်များအား သနား စောင့်ရှောက် ချီးမြှောက်သော အားဖြင့် ခွင့်ပြုဆောင်ရွက်တော်မူကြပါကုန်။ ဤသို့ ခွင့်ပြု တော်မူကြပါလျှင် အရှင်မြတ်တို့အား ထိုထိုဘုံဘဝတို့၌ အထူး အားဖြင့် နတ်ရွာမဂ်ဖိုလ်အကျိုးငှါ အဖို့ဘာဂ ရရှိကြပါလိမ့် မည်။ ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များကလည်း မိမိတို့ အပေါ် များစွာ ကျေးဇူးပြုကြသည့် အရှင်မြတ်တို့၏ များ

စွာသော ကျေးဇူးတော်ကို အဖန်ဖန်အောက်မေ့ဝမ်းမြောက်ကာ အသက်ထက်ဆုံး ကျေးဇူးသိတတ်သူများ ဖြစ်ကြပါလိမ့်မည်။ အရှင်မြတ်တို့က တပည့်တော်များအပေါ် ပြုဘူးသော ကျေးဇူးတော်ကို အသက်ထက်ဆုံး မမေ့မပျောက်စေပဲ အရှင်မြတ်တို့ လိုလားအပ်သော သာသနာတော်နှင့် စပ်သည့် အမှုကြီးငယ်တို့ကို အရှင်မြတ်တို့၏ သိရှိသကာကျွန်း၌ရင်း၊ တပည့်တော်များ၏ ဇမ္ဗူဒိပ်ကျွန်း၌ရင်း အစွမ်းသတ္တိရှိသမျှ အားထုတ်ဆောင်ရွက်ကြပါမည်ဘုရား။

ဤသည်ကား ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်မှ စ၍ နှစ်ပေါင်း ၂၄၂၂-နှစ်မြောက် ကဆုန်လဆန်း ၈-ရက် ဥပုသ်နေ့၌ ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာသော "ရွှေကျောင်းဆရာတော်"က သိရိလင်္ကာ၌ စွယ်တော်ဓာတ် စောင့်ကြပ်နေသည့် ပဓာနအမတ်နှင့်တကွ ပဓာနမဟာထေရ်တို့ထံ စွယ်တော်ဓာတ် ပူဇော်ရန် ပို့အပ်သော ပန်ကြားလွှာ သန္ဒေသကထာတည်း။

စွယ်တော်ဓာတ်ကို ပူဇော်ရန် ပန်ကြားလွှာ သန္ဒေသကထာ ပြီးပါပြီ။

လင်္ကာသာသန ဝံသုဒ္ဒီကာယာ မြန်မာပြန် ဤတွင်ရွှေ ပြီး၏။

-

(၁၃၃၉-ခု၊ သီတင်းကျွတ်လဆုတ် ၁၄-ရက် နံနက် ၆-၁၁ နာရီအချိန် ပြီးသည်)။

# အလွှာ စာရွှာရှိသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဦးစီးဌာနမှ

မြန်မာပြန် အဘိဓမ္မာကျမ်းများကို ဖတ်ပါ


၁။ ဓမ္မသင်္ဂဏီ မြန်မာပြန်

၂။ ဝိဘင်း မြန်မာပြန်

၃။ ဓာတုကထာနှင့် ပုဂ္ဂလပညတ် မြန်မာပြန်

၄။ ကထာဝတ္ထု မြန်မာပြန် (ပ-ဒု)

၅။ မာတိကာ ဓာတုကထာ အရကောက်

၆။ ယမိုက်အရကောက်

၇။ ပဋ္ဌာန်းအရကောက် (ပ-ဒု)

၈။ ဋီကာကျော် မြန်မာပြန်

၉။ အဘိဓမ္မတ္ထသင်္ဂဟဒီပက (ပ—ဒု—တ)

၁၀။ ပရမတ္ထသရူပဘေဒနီ (ပ-ဒု)

၁၁။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ

၁၂။ ပရမတ္ထသံခိပ်ဋီကာ (ပ-ဒု)

၁၃။ ပရမတ္ထသံခိပ်နှင့်အဖြေ

၁၄။ မြို့ပြင်ကြီး သင်္ဂြိုဟ်အခိပ္ပါယ်ကောက်

၁၅။ မစိုးရိမ်မူလတန်း သင်္ဂြိုဟ်

၁၆။ သရုပ်ပြသင်္ဂြိုဟ်

၁၇။ အဘိဓမ္မာသမိုင်းချုပ်

၁၈။ အဘိဓမ္မာနေ့ အရေးတော်ပုံ